
တူဒေးစာအုပ်တိုက်

# ဖခင်ဘဝဇာတ်လမ်းစုံ

## (လူ့နှလုံးသားဝိညာဉ်၏ တကယ့်အလုပ်)

ဒေါက်တာကျော်စိန်



# BECOMING A FATHER

JOHN L.HART, Ph.D.

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မာတိကာ


| | | |
|---|---|---|
| | - ထုတ်ဝေသူအမှာ | |
| | - ဘာသာပြန်သူ | |
| | - ဘာသာပြန်သူ၏အမှာ | |
| | - နိဒါန်း | |
| | - ဖခင်ဘဝအဆင့်ဆင့် | ၃ |
| အပိုင်း(၁) | ဖခင်ဘဝနှင့်အခန်းကဏ္ဍများ | ၇ |
| | ၁။ ကလေးသည် လူကြီး၏ ဖခင်ဖြစ်သည် | ၈ |
| | ၂။ ဖခင်တစ်ယောက်ဖြစ်လာခြင်း | ၂၅ |
| | ၃။ လက်ခံခြင်းသို့မဟုတ် ငြင်းဆန်ခြင်း | ၅၈ |
| | ၄။ သံယောဇဉ်နှောင်ဖွဲ့မှု၊ ဆက်စပ်ပတ်သက်မှုနှင့် အနုသတ်မျဉ်းများ | ၉၃ |
| | ၅။ ပုဂ္ဂိုလ်ရေး/စာရိတ္တနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ဖွံ့ဖြိုးမှု | ၁၃၁ |
| အပိုင်း(၂) | ဖခင်ဘဝဇာတ်လမ်းများ | ၁၉၉ |
| | နိဒါန်း | ၂၀၀ |
| | အသည်းနှလုံးသားဝိညာဉ်တို့ ရှင်သန်ဖွံ့ဖြိုးခြင်း | ၂၀၁ |
| | ကျစ်ဆံမြီးကျစ်ပေးပါဖေဖေ | ၂၀၉ |
| | မီလီ၏ဖခင်ဘဝ | ၂၁၆ |
| | ကျွန်တော့်အဖေ | ၂၂၄ |
| | သဘော်ကျင်း | ၂၃၆ |
| | ချစ်မြတ်နိုးစွာအလုပ်လုပ်ပါ | ၂၄၂ |
| | ဘောလုံးကွင်းထဲမှရသောသင်ခန်းစာ | ၂၅၁ |
| | ပင်လယ်ကမ်းခြေမှာတစ်နေ့တာ | ၂၅၆ |
| | ကျွန်မ၏အကောင်းဆုံးမိတ်ဆွေဖေဖေ | ၂၆၁ |
| | အချစ်ဦး၏ အချစ်ရှုပုံပြင် | ၂၇၀ |
| | နောက်ဆုံးတော့လည်း သူငယ်ချင်းတွေလိုပါပဲလားအဖေရယ် | ၂၈၃ |
| | ကျွန်မတို့ဖေဖေ . . . ပါပါ | ၂၉၈ |

## ထုတ်ဝေသူအမှာ

သုံးပွင့်ဆိုင်လောကဟုခေါ်ဆိုရမည့် သားသမီးနှင့် အဖေ အမေ တို့သည် ဤလူ့ဘောင်လောကကြီးကို ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်ဟုဆိုနိုင်သည်။ ကျွန်ုပ်တို့၏ ကလေးများအတွက် ဖခင်သည် မလိုအပ်၊ အရေးမပါဟု ငြင်းဆန်ခဲ့သော် ပေါ်ထွက်လာမည့် အကျိုးသက်ရောက်မှုသည် လူ့အဖွဲ့အစည်းကြီး ပြိုကွဲခြင်းပင် ဖြစ်သည်။ ဖခင်ဘဝဟူသည် ကလေးမမွေးဖွားမီအချိန်၌ စိတ်ကူးအကြံအစည်တစ်ခုမျှသာဖြစ်သော်လည်း ကလေးမွေးဖွားပြီး အပြစ်ကင်းစင်ကြည်လင်သည့် ကလေးငယ်နှင့် ထိပ်တိုက်ရင်ဆိုင်ရသောအခါတွင် ဖခင်၏ မေတ္တာပန်းတို့ ပွင့်လန်းလာရမြဲသာ ဖြစ်သည်။ အမျိုးသားများ ဖခင်ကောင်းဘဝခံယူနိုင်ရေးကို ဤစာအုပ်က လမ်းညွှန်ပေးထားပါသည်။ စာပေသမိုင်းတစ်လျှောက်တွင် မိခင်အကြောင်း ညွှန်းဖွဲ့ထားသောစာများကို တွေ့ရှိနိုင်သော်လည်း ဖခင်အကြောင်း ဖွဲ့ဆိုမှုနည်းပါးလှပါသည်။ ဤကွက်လပ်ကို 'ဖခင်ဘဝ ဇာတ်လမ်းစုံ'ဖြင့် တူဒေးစာအုပ်တိုက်က ဖြည့်စွမ်းပေးလိုက်ခြင်းဖြစ်သည်။ ဤစာအုပ်သည် မူရင်း Becoming a Father ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ အနာဂတ်ကို ပိုင်စိုးမည့် ကလေးငယ်များအား မိခင်နှင့်အတူ ဖခင်များကပါ ဝိုင်းဝန်း ထိန်းသိမ်းပြုစုစောင့်ရှောက်ခြင်းဖြင့် အမျိုးသားတိုင်း ဖခင်ကောင်းတစ်ယောက်အဖြစ် ခံယူနိုင်ကြပါစေဟုဆန္ဒပြုလိုက်ပါသည်။

တူဒေးစာအုပ်တိုက်

## ဘာသာပြန်သူ



၁၉၃၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင်၊ အဖဦးစိန်ခိုင်၊ အမိ ဒေါ်သက်စုတို့မှ ပဲခူးမြို့တွင် မွေးဖွားသည်။ ၁၉၅၀ ပြည့်နှစ်တွင် ပဲခူးမြို့ အစိုးရအထက်တန်းကျောင်း မှ ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၅၂ ခုနှစ် ဥပစာ အထက်တန်းတွင် မြန်မာစာ အမှတ် အမြင့်ဆုံးဖြစ်၍ သာဒိုးအောင် ဆုချီးမြှင့်ခြင်းခံရသည်။ ၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၅၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှလည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် ပါရဂူဘွဲ့ (Ph.D.) ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကိုလံဗီယာတက္ကသိုလ်မှလည်းကောင်း ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် နည်းပြဆရာ၊ ၁၉၇၇ ခုနှစ်တွင် စိတ်ပညာပါမောက္ခ၊ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ၁၉၈၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ ၁၉၈၈ ခုနှစ်တွင် ပညာရေးဝန်ကြီးအဆင့်အထိ နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၇ ခုနှစ်မှစ၍ရှုမဝ၊ ငွေတာရီစသည့် မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးသားခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ဦးဖေချစ်(စိတ်ပညာ)နှင့်တွဲဖက်၍ **စိတ်ပညာရှုထောင့် အထွေထွေ** စာအုပ်ထုတ်ဝေခဲ့သည်။ ၁၉၇၃ တွင် **သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ** စာမူဖြင့် စာပေဗိမာန်သုတပဒေသာ (ဝိဇ္ဇာ) ပညာရပ်ပထမဆု၊ ၁၉၉၀ ပြည့်နှစ်တွင် **လူငယ်လမ်းညွှန်** စာမူဖြင့် လူငယ်စာပေပထမဆု၊ ၁၉၉၄ တွင် **ဇော်ဋီကာ** စာမူဖြင့် စာပဒေသာပထမဆု၊ ၁၉၉၇ တွင် **စိတ်ပညာသမိုင်းကျမ်း** ဖြင့် ပခုက္ကူဦးအုံးဖေ ကျမ်းစာမူပထမဆုတို့ရရှိခဲ့သည်။

၁၉၉၁ ခုနှစ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲတွင် ***တို့ချစ်သည့် တို့နိုင်ငံတော်*** စာမူဖြင့် ကျမ်းစာမူဒုတိယဆုရရှိခဲ့သည်။ ***စိတ်ပညာဆောင်းပါးပေါင်းချုပ်***ကို မြဝတီစာပေတိုက်မှလည်းကောင်း၊ ***စိတ်ပညာနှင့် ဆောင်းပါးအထွေထွေ***ကို ရာပြည့်တိုက်မှလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ***သင့်ရင်သွေးမိမိကိုယ်ကိုယ်မိမိယုံကြည်မှုပျိုးထောင်ရေး*** စာအုပ်ကို တူဒေးစာအုပ်တိုက်မှလည်းကောင်း ထုတ်ဝေခဲ့သည်။ အထွေထွေစိတ်ပညာ၊ ဆက်ဆံရေးစိတ်ပညာ၊ စိတ်ပညာဂိုဏ်းကွဲများ၊ အသုံးချစိတ်ပညာစသည့် တက္ကသိုလ်ကျောင်းသုံးစာအုပ်များကိုလည်း ရေးသားပြုစုခဲ့သည်။

အမည်ရင်းမှာ ဒေါက်တာကျော်စိန်ဖြစ်ပြီး အမှတ်၃၄ သီရိမင်္ဂလာလမ်း၊ ကုန်းမြင့်ရိပ်သာ၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။

■

## ဘာသာပြန်သူ၏အမှာ

TODAY အုပ်စုမှ ဒေါက်တာသာထွန်းဦးက JOHNL-HART, Ph.D. ရေးသားသော၊ BECOMING A FATHER ဆိုသည့် စာအုပ်တစ်အုပ်ကို ကျွန်တော်ဖတ်ဖို့ပေးသည်။ ဒေါက်တာဟာ့တ်သည် နယူးမက်ဆီကို၊ ဟိုက်လင်တက္ကသိုလ် NEW MAXICO HIGH-LAND UNIVERSITY မှ လူမှုဝန်ထမ်း ဘာသာရပ်တွဲဖက်ပါမောက္ခတစ်ဦးဖြစ်သည်။ **အမေ** အကြောင်း အရေးများနေသည့်အချိန်တွင် ဒေါက်တာဟာ့တ်က **အဖေ** အကြောင်းကို ရှုထောင့်အစုံစုံမှ တင်ပြသည်။ **သူ၏**စာအုပ်အစတွင် ယေရှုခရစ်**၏** ခမည်းတော်ယောသပ်**၏** အုပ်ဂူကိုစတင်တွေ့ရှိတူးဖော်ရာမှ ယောသပ်၏နေ့စဉ်မှတ်တမ်းပေါ်ထွက်လာပုံကို ပိပိရိရိ ရေးသားတင်ပြထားရာ ဇာတ်အဖွင့်မှာပင် စွဲလမ်းစရာကောင်းနေသည်။ (ယင်းဇာတ်လမ်းကိုဘာသာပြန်ဆိုရာတွင် လိုအပ်သည့် အထောက်အထားများကို ဆရာယုဒသန်၏ **သမ္မာကျမ်း** နှင့် ညှိနှိုင်း ပြန်ဆိုပါသည်။)

ဒေါက်တာဟတ်သည် ဖခင်တို့၏ ဂုဏ်ကျေးဇူးအနန္တကို ဖော်ပြသည့်စာတမ်းငယ်များကိုလည်း စုစည်းတင်ပြခဲ့သည်။

သားသမီးတို့၏ အဖေ့အပေါ် အမြင်အမျိုးမျိုးကို တင်ပြထားရာ ရှုထောင့်အားဖြင့်စုံလှပေသည်။

ကျွန်တော်သည်လည်း သမီးနှစ်ယောက်၊ သားတစ်ယောက်၏ ဖခင်ဖြစ်သည်။ ယခုအခါသူတို့အားလုံး အသက် ၄၀ ကျော်ကြပြီဖြစ်ရာ ကျွန်တော်သည် ဖခင်ဘဝသာမက ဘိုးဘိုးဘဝကို ပါ ခံယူလျက်ရှိနေပေပြီ။ ကျွန်တော့်သားသမီးတို့၏ ကျွန်တော့်အပေါ် သဘောထားသည်လည်း ဤစာအုပ်ပါသဘောထားအချို့နှင့် ခပ်ဆင်ဆင်ပင်ဖြစ်လိမ့်မည်ဟု ထင်မိပါသည်။

ဤစာအုပ်ကို သေသပ်ကျနစွာ ပုံနှိပ်ထုတ်ဝေပေးသော Today Publishing House Ltd. အား နိဝါတတရား ရှေ့ထား၍ ကျေးဇူးစကားဆိုအပ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ မိခင်တို့အကြောင်းသာ အဖွဲ့အနွဲ့ အရေးအသားများသော မြန်မာစာပေလောကတွင် ဖခင်ဖွဲ့ ဘာသာပြန် စာတစ်အုပ်ကို အားထုတ်၍ တင်ပြနိုင်သည့်အတွက် ကျွန်တော့်အဖို့ အဖေများဘက်မှ ရှေ့နေကောင်းတစ်ယောက်တော့ ဖြစ်တန်ကောင်းပါရဲ့ဟုသာ မဝံ့မရဲမျှော်လင့်မိပါသတည်း။

ဒေါက်တာကျော်စိန်

၂၄. ၁၀. ၂၀၀၀

# နိဒါန်း

ချစ်လှစွာသော စာဖတ်သူ. . . ဤစာအုပ်တွင် ပါသော 'ယောသပ်ကျမ်းစာ' (The Books Of Joseph) မှာ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။ ကျွန်တော်သည် 'သမ္မာကျမ်းစာ' ပါ ယောသပ်၏ ရုပ်ပုံလွှာကို ကြည်ညိုစိတ်၊ လေးစားရှိသေ အားကျစိတ်ဖြင့် ရေးသား ခြယ်မှုန်းခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ယင်းအကြောင်းအရာတို့မှာ ကျွန်တော်၏ စိတ်ကူးဉာဏ် ကွန့်မြူးမှုသက်သက် ဖြစ်သည်ဟု ဆိုပါရစေ။ ကျွန်တော်သည် တနင်္ဂနွေနေ့တိုင်း ဘုရားဝတ်ပြု ဆုတောင်းပြီးနောက် ကျမ်းစာတို့ကို ဖတ်ရှုကာ ဤစာကို ရေးသားခြင်း ဖြစ်ပါသည်။ ကျွန်တော့်အဖို့မူ သမာဓိကို ထူထောင်သော စိတ်လုပ်ငန်းတစ်ရပ်ဟု ယူဆပါသည်။ ဤရွေ့ ဤမျှ ရှေးကျ၍ ရိုသေလေးစားအပ်သော အကြောင်းရပ်တို့နှင့် ပတ်သက်သည့် ကျွန်တော်၏ အဓိပ္ပာယ်ဖွင့်ဆို တင်ပြချက်တို့ကို မရိုမသေ၊ မလေးမစား လုပ်သည်ဟု မထင်မြင်ကြစေလိုပါ။ ကျွန်တော့်၌ ရိုသေလေးစားမှု အပြည့်အဝ ရှိပါသည်။ ကျွန်တော်၏ အဓိက ရည်မှန်းချက်မှာ ကလေးများကို ပြုစုပျိုးထောင်ရာ၌ ဖခင်များ မည်သို့မည်ပုံ အရေးပါကြောင်းကို ဖော်ပြလိုခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်သည် ကဗျာဆရာ

တို့၏ စိတ်ကူးဉာဏ် ကွန့်ရက်ဖြန့်မှုနှင့် မြူးထူးပျော်ပါးကလောင်ကစားမှုထုံးကို နှလုံးမူ၍ ရေးသားသည် ဖြစ်ရာ '**ယောသပ်ကျမ်းစာ**' သည် ဘာသာရေးစာပေသဘောအရလည်းကောင်း၊ သမိုင်းကြောင်းအရလည်းကောင်း ပြီးပြည့်စုံမှု ရှိနိုင်လိမ့်မည် မဟုတ်ပါ။

ကျွန်တော်သည် ကဗျာဆရာတစ်ယောက်၊ တက္ကသိုလ်ပါမောက္ခတစ်ယောက်၊ ဗီယက်နမ်စစ်ပွဲပြန်တစ်ယောက် ဖြစ်ရုံမျှမက ကလေးများ၏ အဖေတစ်ယောက်လည်း ဖြစ်ပါသည်။ ကျွန်တော်သည် မိမိနှင့် ခေတ်ပြိုင် ဖခင်များ ဖတ်ရှုကာ မျှဝေ ခံစားနိုင်စေရန် ရည်သန်၍ ဤစာအုပ်ကို ရေးပါသည်။ ကျွန်တော်တို့၏ ဘဝတွင် တစ်ချိန်လုံးလိုလို ဖခင် လိုအပ်နေပါသည်။ ယခုထက်တိုင် ဖခင် လိုအပ်နေသော ကလေးပေါင်းများစွာ ရှိနေပါသည်။ ထို့ကြောင့် ယောသပ် (Joseph) နှင့် ယေရှု (Jesus) ပုံပြင်တွင် သင်နှင့် သင့်ကလေးတို့၏ အပြန်အလှန် ပြောဆိုသံများကို ကြားရလိမ့်မည်ဟု ကျွန်တော်ယုံကြည်မျှော်လင့်ထားပါသည်။

■

## ဖခင်ဘဝ အဆင့်ဆင့်

(၁) လက်ခံခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(၂) အခန်းကဏ္ဍကို လိုက်နာခြင်း (စောင့်ထိန်း ကာကွယ်ခြင်း) သို့မဟုတ် ပစ်ပယ်ခြင်း၊

(၃) သံယောဇဉ် နှောင်ဖွဲ့မှုနှင့် အနားသတ်မျဉ်းများ၊

(၄) ပုဂ္ဂိုလ်ရေး၊ စာရိတ္တနှင့် စိတ်ဓာတ်ပိုင်း ဉာဏ်ရည်များ ဆိုင်ရာ စိတ်လှုပ်ရှား လေ့ကျင့်ပေးမှု၊

(၅) ဖခင်ဘဝနှင့် ဦးဆောင် သင်ကြားပေးမှု၊

ဖခင်ဘဝ အဆင့်ဆင့်ကို ကျောက်သားအတိဖြင့် တည်ဆောက်အပ်သော လှေကားထစ်များအဖြစ် မကြည့်မြင်စေလိုပါ။ အားလုံးသော ဖွံ့ဖြိုးမှု အဆင့်ဆင့်မှာကဲ့သို့ပင် ဖခင်ဘဝဆိုသည်မှာလည်း တစ်ဆင့်ပြီးတစ်ဆင့် တက်သည့် သဘောမဟုတ်ဘဲ ကြောင်လိမ်လှေကားကဲ့သို့ ဝေ့ကာဝိုက်ကာ တက်ရသည့် လမ်းကြောင်းသဖွယ်သာ ဖြစ်ကြောင်း သိမြင်ထားသင့်ပါသည်။ တစ်စုံတစ်ဦးသည်

အဆင့် တစ်ဆင့်မှ တစ်ဆင့်သို့ တစ်ထစ်ချင်း သွားနိုင်သကဲ့သို့ နောက်ပြန် ဆင်းသွားခြင်းနှင့် အဆင့် နှစ်ဆင့်၊ သုံးဆင့် ကျော်တက်ခြင်းတို့လည်း ပြုနိုင်ပါသည်။ အချို့သော ပုဂ္ဂိုလ်များသည် တစ်ချိန်တည်းမှာပင် ခြားနားသော အဆင့် နှစ်ဆင့်၌ ရှိနေတတ်ကြပါသည်။

ဥပမာ- လူတစ်ယောက်သည် အဆင့် (၁) အမျိုးသမီးတစ်ယောက်နှင့် ရရှိထားသော ကလေးတစ်ဦး၏ ဖခင်အဖြစ် ငြင်းပယ်ခြင်း အဆင့် (၂) အခြား အမျိုးသမီးတစ်ယောက်နှင့် ရရှိထားသည့် ကလေးတစ်ဦး၏ ဖခင်ဘဝကို ဝန်ခံခြင်းဟူ၍ အဆင့်နှစ်ဆင့်လုံးတွင် တစ်ပြိုင်နက်တည်း ရှိနေတတ်ပါသည်။ မိသားစုတစ်စုတည်း အတွင်းမှာပင် လူတစ်ယောက်သည် ကလေးများနှင့် ပတ်သက်၍ ခြားနားသော ဖွံ့ဖြိုးမှု အဆင့်တွင်ရှိနေနိုင်ကြောင်းလည်း တွေ့ရပါသည်။ ဖခင်အမိကကျသော ကျွန်ုပ်တို့၏ လူ့ အဖွဲ့အစည်းတွင် သမီးအတော်များများနှင့် သား အချို့သည် ဖခင်၏ ပစ်ပယ်ခြင်းကို ခံရတတ်ပြီး၊ သူတို့၏ အခြား မွေးချင်းများနှင့်မူ ဖခင်၏ သံယောဇဉ်ကြိုး ပိုမိုခိုင်မြဲစွာ ဖွဲ့စည်းထားကြောင်း ကိုယ်တွေ့ကြုံနေရတတ်ပါသည်။

ယခုကဲ့သို့ ဖွံ့ဖြိုးမှု အဆင့်ဆင့် ခွဲခြား သတ်မှတ်လိုက်ခြင်းသည် ကျွန်ုပ်တို့အဖို့ ဖခင်ဘဝ၏ ခြားနားသော အဆင့်ဆင့်တွင် ရင်ဆိုင်ရမည့် စိတ်လှုပ်ရှားမှုဆိုင်ရာ၊ အပြုအမူဆိုင်ရာ၊ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ရေးရာဆိုင်ရာကိစ္စရပ်များအတွက် အလုပ်သဘော လမ်းညွှန်မှုများကို ပေးနိုင်လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် ဖခင်ဘဝ၏ တုံ့လှယ် ပြုမူတတ်သည့်သဘော၊ အပြန်ရှိ တုံ့ပြန်သည့် သဘောတို့ကို နားလည်ဖို့ လိုအပ်ပါသည်။ တစ်နည်းပြောရသော် ဖခင်ဘဝသည် သားသမီးတို့၏ ဘဝနှင့် တုံ့လှယ်ပြုမူကာ အပြန်အလှန် အကျိုးသက်ရောက်မှု ရှိသည်ဟု ဆိုလိုပါသည်။ မိမိ၏ သွေးသားရင်း အစစ်ဖြစ်မှုန်း သိပါ



လျက် သား သို့မဟုတ် သမီးအဖြစ် အသိအမှတ် မပြုသော ဖခင်သည် မကောင်းဆိုးဝါး အသည်းနှလုံးပိုင်ရှင် ဖြစ်ပါသည်။ ထိုသူ၏ နှလုံးသားသည် ဖခင်ဘဝကို မခံယူထိုက်သူ တစ်ဦး၏ နှလုံးသားသာ ဖြစ်နိုင်ပါသည်။ ဤစာအုပ်တွင် ပါရှိသည့် ယောသပ်၏ ပုံပြင်တွင် ဖခင် ဖြစ်ခြင်းသည် ကလေး၏ ဖွံ့ဖြိုးမှု အတွက်သာမက လူကြီး၏ ဖွံ့ဖြိုးမှု အတွက်ပါ အရေးပါကြောင်း တွေ့ရလိမ့်မည် ဖြစ်ပါသည်။ သားသမီးအဖြစ်ကို ငြင်းပယ်သူ၏ ရင်ထဲတွင် မောဟတရားတို့ ဖုံးလွှမ်းလျက် ရှိတတ်ပါသည်။ ထိုသူသည် အသိအမှတ်ပြုခြင်းကို ခံလို၍ ရင်သန် ဖွံ့ဖြိုးလိုသော သူ့ ရင်တွင်းရှိ အတ္တမှ အရာဝတ္ထုတစ်ခုကို ဖယ်ထုတ်ပစ်သောသူနှင့် တူပါသည်။ သံယောဇဉ် နှောင်ဖွဲ့မှု ကင်းမဲ့သူတစ်ဦးသည် သူ၏ ပုဂ္ဂလိက စွမ်းရည်များ ဖြစ်သည့် အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်တို့ လည်း ဖွံ့ဖြိုးလိမ့်မည် မဟုတ်ပါ။ သူ၏ နှလုံးသားဝိညာဉ်သည် တစ်နေ့တခြား ရေနည်းငါးသဖွယ်သာ ဖြစ်သွားပါလိမ့်မည်။

ဖခင်ဘဝ၏ အဆင့်အမှတ် (၅) သည် နှလုံးသားဝိညာဉ်တစ်ခုလုံးနှင့် သက်ဆိုင်သော ဖွံ့ဖြိုးမှုအဆင့် ဖြစ်ပါသည်။ ထိုအဆင့်ရှိ ပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းမှ ကလေးများအားလုံးကို စောင့်ရှောက်သည့်သဘော ရှိပါသည်။ သူသည် သူ့လုပ်ငန်း၊ သူ့ အသက်မွေးဝမ်းကျောင်းပညာနှင့် သူ၏ လက်မှု နှုတ်မှုဆိုင်ရာ ပညာရပ်အမျိုးမျိုးနှင့် ပတ်သက်၍ မျိုးဆက်သစ်တို့ကို မြေတောင်မြှောက်ပေးလိုသည့် ဆန္ဒရှိသူ ဖြစ်ပါသည်။ သူသည် ဖခင်ကောင်း တစ်ယောက်လည်း ဖြစ်ပါသည်။ ထို ဖခင်ဘဝ အဆင့်သို့ ရောက်ရှိရေးအတွက် ကျွန်ုပ်တို့အားလုံး ကြိုးစားဖို့ တာဝန်ရှိသကဲ့သို့ လူ့အဖွဲ့အစည်းတိုင်းကလည်း ယင်းကြိုးစားမှုကို အပြည့်အဝ အားပေးဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ယေရှု၏ ဖခင်ယောသပ်အား ကျွန်ုပ်တို့ ထားရှိရမည့်အဆင့်၊ စံများကို မီးရှူး

တန်ဆောင်သဖွယ် ညွှန်ပြခဲ့သည့် အတွက်လည်း ကျေးဇူးတင်ရမည် ဖြစ်ပါသည်။

■

# အပိုင်း (၁)

## ဖခင်ဘဝနှင့် အခန်းကဏ္ဍများ

[၁]

# ကလေးသည် လူကြီး၏ ဖခင်ဖြစ်သည်

ကလေးသည် လူကြီး၏ ဖခင်ဖြစ်သည်။

*ဝီလျံ ဝါ့စ်ဝါ့သ်*

## (၁)

မည်သည့်ရှုထောင့်ကပင်ကြည့်ကြည့် ပထမဦးဆုံးဖြစ်သော ခေတ်သစ်ဖခင်တစ်ဦးသည် သမိုင်းတွင် လျစ်လျူအရှုခံရဆုံးသော မိဘတစ်ဦး ဖြစ်ခဲ့ရသည်။ သူသည် သူ့ကလေးအရင်းမဟုတ်သူအား ပြုစု ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ သူ့ သားရင်းပမာ သဘောထား၍ အိမ်တစ်ဆောင် မီးတပြောင်ထားခဲ့သည်။ သူ့ကလေးသည် မွေးကင်းစကပင် ခိုကိုးရာမဲ့သူကလေးဖြစ်သည့်အလျောက်ယောသပ်သည် သူ တတ်သလောက်၊ မှတ်မိသလောက် လက်သမားပညာဖြင့် အိမ်ကလေး တစ်ဆောင် ဆောက်ပေးခဲ့သည်။ ကလေးအဖို့ ယောသပ်တစ်ဦးတည်းသာလျှင် အမိလည်း ဖြစ်၊ အဖလည်း ဖြစ်သည်။ ထို့ကြောင့် ယောသပ်သည် လိုအပ်သမျှ အရာရာကို လုပ်ဆောင်ကာ ကလေးကို အကာအကွယ်ပေး၍ ကျွေးမွေးပြုစုခဲ့သည်။

သူသည် ကလေးနှင့် ကစားသည်။ လောကတွင် လူ ဖြစ်ရခြင်း၏ သဘောနှင့် လူကောင်းတစ်ယောက် ဖြစ်ရခြင်း၏ အရေးပါမှု အကြောင်းကို တဖွဖွ သင်ပေးခဲ့သည်။ သူသည် ကလေးအား လူတော်လူကောင်းတစ်ယောက် ဖြစ်အောင် သွန်သင် မွေးမြူခဲ့သည်။ သူ တတ်သည့် လက်သမားပညာကိုလည်း သင်ပေးခဲ့သည်။ သူ ငါးမျှားသွားရာသို့လည်း ခေါ်သွားခဲ့သည်။ သို့သော် သူသည် သူ့ မယားပါသား၏ ကံကြမ္မာကို အဟန့်အတား ပြုရန်ကား မကြိုးစားခဲ့ပေ။ သက်သေ အထောက်အထား မည်မည်ရရ မရှိသော်လည်း ယောသပ်သည် သူ့သားကို ကယ်တင်ရန် မည်သို့မျှ မကြိုးစားဘဲ တုံ့ဏှိဘာဝေ နေခဲ့သည်ဟု ဆိုချင်သည်။ ယောသပ်သည် ရန်သူတို့နှင့် ယှဉ်ပြိုင် တိုက်ခိုက်၍ သူအလွန်ချစ်ခဲ့ရသော ထို လူငယ်အား ကယ်တင်လိုသည့် ဖခင်ဇာတိစိတ်ကိုပင် ချိုးနှိမ်ခဲ့သည်ဟု ယူဆနိုင်ပါသည်။

ယောသပ်သည် တစ်ချိန်လုံး ယေရှု၏ အနီးတွင် ရှိနေခဲ့သည်။ လက်ဝါးကပ်တိုင်ကို သံမယ်နတ်ဖြင့် တဒိုင်းဒိုင်း နှက်နေသည့် အသံ၊ နာကျင်လွန်းလှ၍ စူးစူးဝါးဝါး အော်လိုက်သည့် အသံတို့ကိုလည်း သူကြားနေရသည်။ သွေးအလိမ်းလိမ်း ကပ်ငြိသော ကိုယ်ခန္ဓာဖြင့် လက်ဝါးကပ်တိုင်တွင် ပြင်းစွာသော ဝေဒနာ ခံစားရင်း သေငယ်ဇောနှင့် မျှောနေသည့် ယေရှုအားလည်း သူ မြင်နေရသည်။ “အို ဖခင်. . . ဘာ့ကြောင့် ကျွန်တော့်ကို မကယ်တင်ဘဲ ပစ်ထားရတာလဲ” ဟု မေးနေသည့် ယေရှု၏ အသံကိုလည်း ယောသပ်ကြားယောင်နေမိသည်။ ယောသပ်သည် ထိုနေရာတွင် ရပ်ရင်း “အဖေဆိုတာ ငါ့ကို ပြောတာလား။ သူက ငါ့ကို တစ်ခုခု လုပ်ပေးစေချင်တာလား” ဟု စိတ်ထဲက ငိုကြွေးကာ မေးခွန်းတွေကို မိမိဘာသာ မေးနေမိသည်။ ယောသပ်အဖို့ ဘာမျှ မတတ်နိုင်။ ထိုနေရာတွင် တုံ့ဏှိဘာဝေ ရပ်၍သာ နေမိတော့သည်။ သူ့ကံကြမ္မာ၊ သူ့ နှလုံးသား



ဝိညာဉ်၏ စေခိုင်းချက်အရ သူသည် ဆိတ်ဆိတ်နေကာ ထိုနေရာတွင်သာ ရပ်လျက် ရှိသည်။ မတုန်မလှုပ် ရပ်လျက်သာ နေသည်။ မှန်ပေသည်။ ဤသည်ပင်လျှင် ယေရှု၏ သဘာဝ ဖခင် ဖြစ်သူ၏ နှလုံးသားဝိညာဉ် အစစ်အမှန် ဖြစ်သည်။ ဤသည်ပင် ယောသပ်ဟု အမည်တွင်သော လူတစ်ယောက်သည် ဖခင်ကောင်း တစ်ယောက် ဖြစ်ခြင်း တည်းဟူသော ဘဝလုပ်ငန်း တစ်ရပ်ကို သူ တတ်နိုင်သလောက် ကြိုးစား ထမ်းဆောင်လိုက်ခြင်း၏ ပြယုဂ်ဟု ဆိုနိုင်ပေသည်။

သင်သည်လည်း ဖခင်တစ်ယောက် ဖြစ်ခဲ့ပါက ယောသပ်ကဲ့သို့ပင် ကြေကွဲစွာ ခံစားမှုများ၊ အနစ်နာခံ စွန့်လွှတ်မှုများနှင့် ရင်ဆိုင် ရမည်သာ ဖြစ်သည်။ တစ်ချိန်ချိန်တွင် သင့် ရင်သွေးသည် သူ့ ကံကြမ္မာကို သူ ဖန်တီးသွားသဖြင့် သင် မည်သို့မျှ မတတ်နိုင်ဘဲ ယောသပ်ကဲ့သို့ပင် တုံ့ဏှိဘာဝေ ရပ်၍ နေရသည့် အလှည့်မျိုးနှင့်လည်း ကြုံတွေ့နိုင်သေးသည်။ ဤဖြစ်ရပ်တို့က သင့် နှလုံးသားဝိညာဉ်ကို ကြံ့ခိုင်စေပါလိမ့်မည်။ ထိုကလေးအား လူလားမြောက်သည် အထိ ဖခင်အဖြစ် စောင့်ရှောက် မွေးမြူနိုင်ခဲ့ခြင်းသည်ပင် သင်၏ ယောကျ်ားကောင်းတစ်ယောက် ဘဝကို ပီပီပြင်ပြင် ထင်ဟပ်ပေါ်လွင်စေသည်ဟု ဆိုရပါလိမ့်မည်။

ထိုလုပ်ရပ်သည် မွန်မြတ် သန့်စင်သော လုပ်ရပ်တစ်ခု ဖြစ်ပါသည်။ လူသားတစ်ယောက်အဖို့ ထိုလုပ်ရပ်သည် တကယ့် အရေးပါသည့် ပဓာန လုပ်ရပ်တစ်ခုပင် ဖြစ်ပါတော့သည်။

သို့သော် ယောသပ်နှင့် ယေရှုတို့ သားအဖ၏ ဘဝဇာတ်လမ်း အပြည့်အစုံကို မသိရသည်မှာ တစ်ဖူနာလှပါသည်။ ယေရှု၏ ကလေးဘဝ၊ လူငယ်ဘဝတို့တွင် ရေချိုးရာ၌လည်းကောင်း၊ ညစာစားရာ၌လည်းကောင်း မည်သို့မည်ပုံ ပျော်ရွှင်ကြည်နူး မြူးထူးရယ်မောနေကြမည်ကို ကျွန်ုပ်တို့ မသိကြရပါ။ ယေရှု လူငယ်ဘဝ

တွင် ယောသပ်က တူရိုက် သင်ပေးပုံ၊ ငါးများ သင်ပေးပုံ၊ ဘဝနေနည်း ထိုင်နည်းနှင့် ပတ်သက်၍ သင်ကြားပေးပုံတို့ အကြောင်းကို ကျွန်ုပ်တို့ မည်သို့မျှ မသိကြရပါ။ အနာဂတရဖြစ်၍သော်လည်းကောင်း၊ မကျေမနပ်ဖြစ်၍ သော်လည်းကောင်း ငိုကြွေးနေသူ ယေရှုလေးအား ယောသပ်က မည်သို့ မည်ပုံ ချော့မော့အားပေးသည့်အကြောင်း၊ စိုးရိမ်မှုတို့ကို ဖြေဖျောက်ရေးနှင့် အနိုင်ကျင့်သူကို ရင်ဆိုင်ယှဉ်ပြိုင်ရေးအတွက် ယောသပ်က ယေရှုအား မည်သို့ မည်ပုံ ကူညီသင်ကြားပေးသည့် အကြောင်းတို့ကိုလည်း ကျွန်ုပ်တို့ မသိကြရပါ။ ဤကိစ္စများ အားလုံးသည် လူတို့၏ နှလုံးသားဝိညာဉ်နှင့် ဆိုင်သော ကိစ္စရပ်များ ဖြစ်ပါသည်။ ဤစာအုပ်တွင် ယင်းကိစ္စ၊ ယင်းလုပ်ငန်းများအကြောင်းကို ဖော်ပြ၍မည်သို့ မည်ပုံ လုပ်ဆောင်သင့်ကြောင်း အကြံဉာဏ်ကောင်းများကို ဖော်ပြ ဆွေးနွေးထားပါသည်။

## ယောသပ်အနွယ်ဝင်များ

ကျွန်တော့်အမြင်အရမူ ၁၉၆၀ ပြည့်လွန် နောက်ပိုင်း ဆယ်စုနှစ်များတွင် ဖခင်တို့သည်လည်း ယောသပ် ပေးခဲ့သည့် သင်ခန်းစာမျိုးကို အမွေဆက်ခံသူများ ဖြစ်ကြောင်း တွေ့ရပါသည်။ ကျွန်ုပ်တို့သည် လူပိုများသာ ဖြစ်ကြသည်။ ကလေးမွေးမြူ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် အရေးမပါကြ။ ကလေးကြီးပြင်းလူလားမြောက်အောင် ပြုလုပ်ရေးတွင် ကျွန်ုပ်တို့သည် အမိက မကျလှ။ တစ်နည်းအားဖြင့် မိဘဘဝပန်းချီကားထဲတွင် ကျွန်ုပ်တို့ ဖခင်များအတွက် နေရာမရှိ။ မယ်တော်မာရိသာလျှင် အဓိက။ မာရိသာလျှင် ပန်းချီကားထဲတွင် ပါနေကျ။ မယ်တော်မာရိ၏ ရုပ်တုငယ်များကသာလျှင် စင်မြင့်ထက်တွင် နေရာယူနေကျဟု ဆိုရပါမည်။ ယောသပ်အဖို့မူ ပြည်းကို မောင်းနှင်ရန်နှင့် ထမင်းဆိုင်ထဲတွင်



မသပ်မရပ် အိပ်ရာကို ပြင်ပေးရန်သာ တာဝန်ရှိပါတော့သည်။ ကလေးများကို မွေးမြူ စောင့်ရှောက် ထိန်းသိမ်းရာတွင် ယခုခေတ် ဖခင်တို့အဖို့ အရေးပါသည့် အခန်းကဏ္ဍ မရှိခြင်းမှာလည်း ယနေ့ခေတ်၏ ပြယုဂ်၊ အလွမ်းဇာတ် တစ်ပုဒ်သာ ဖြစ်နေပါတော့သည်။

ဖခင်အရင်း ဖြစ်စေ၊ ပထွေး ဖြစ်စေ ဖခင်ဘဝသည် ယခုခေတ်သစ်တွင် အရေးပါမှု အနိမ့်ဆုံးအဆင့်သို့ ရောက်နေပေပြီ။ အဘယ့်ကြောင့်၊ ဤသို့ဖြစ်ရပါသနည်း။ ဤအကြောင်းကို နောက်ပိုင်းတွင် ဆွေးနွေး တင်ပြပါမည်။ သို့သော် ပထမပိုင်းတွင် ကျွန်ုပ်တို့သည် ယောသပ်၏ ဖခင်ဘဝ ပုံပြင်များကို ( သူ ပြောပြသည့်အတိုင်း) အလျှင်ဆုံး နားထောင်နိုင်ခွင့် ရှိပါက မည်မျှကောင်းလိုက်ပါမည်နည်း။

## နိဒါန်း

### နိုင်ငံတကာ သတင်းဖြန့်ချိရေး
### ကိုင်ရိုမြို့ (အီဂျစ်နိုင်ငံ) (အမြန်ဆုံး ဖြန့်ရမည့် သတင်း)
### သတ္တုသိုက်ရှာဖွေရေး အဖွဲ့တစ်ခုက
### မြေအောက်သချိုင်းတစ်ခုကို ရှာဖွေတွေ့ရှိခြင်း

အီဂျစ်နိုင်ငံ အမျိုးသားပြတိုက်က လျှို့ဝှက်ဆန်းကျယ်၍ လွန်စွာ ထူးခြားမည့် အလားအလာရှိသော တွေ့ရှိချက် တစ်ရပ်ကို ဖော်ထုတ်လိုက်ပါသည်။ သတ္တုသိုက်နှင့် ရေနံ ရှာဖွေရေး သုတေသနအဖွဲ့ တစ်ဖွဲ့က အလက်ဇန္ဒရီးယား Alexandria မြို့ အနီးတွင် ဖောက်ခွဲမှုများ ပြုလုပ်၍ တိုင်းတာကြည့်ရာ သူတို့၏ တုန်ခါမှုတိုင်းကိရိယာတွင် မြေအောက်သချိုင်းတစ်ခုဟု ယူဆရသည့် အဆောက်အအုံ တစ်ခုကို ဖော်ပြလျက်ရှိကြောင်း သတင်းပေးပို့ပါသည်။ ယခုအခါ ယင်းအဖွဲ့နှင့် လိုက်ပါသွားသော အမျိုးသားပြတိုက်မှ သုတေ

သန ပညာရှင် တစ်ဦးက ဖောက်ခွဲမှု အရပ်ရပ်ကို ခေတ္တ ဆိုင်းငံ့ထားရန် မေတ္တာရပ်ခံထားကြောင်းနှင့် ယင်းနေရာ တစ်ဝိုက်ကိုလည်း ပြတိုက်မှ သမိုင်းဝင် နေရာများ စူးစမ်းလေ့လာရေး အဖွဲ့တစ်ဖွဲ့ ရောက်မလာမီ အချိန်အတွင်း မည်သို့မျှ တူးဆွခြင်း မပြုလုပ်ဘဲ လုံခြုံစွာ စောင့်ထိန်းထားကြရန် အကြောင်းကြားထားကြောင်း သတင်း ရရှိပါသည်။

## ချိပ်တံဆိပ်တုံးပင် မကွာသေးဘဲ မူလအတိုင်း လုံခြုံ သပ်ရပ်စွာ ရှိနေခြင်း

နှစ်ရက်တိုင်တိုင် တူးဖော်ပြီးသည့် အခါတွင်ကား လှပစွာ ထွင်းထုထား၍ ချိပ်တံဆိပ်တုံးပင် မကွာသေးသော ဂူတစ်လုံးသည် ထည်ထည်ဝါဝါ ပေါ်ထွက်၍ လာပေသည်။ ယင်းဂူထဲတွင် လွန်စွာ အိုမင်းသည့် လူကြီးတစ်ဦး၏ ရုပ်အလောင်းပါသော ခေါင်းသေတ္တာကြီးတစ်လုံး ရှိသည်။ ထိုလူအိုကြီးမှာ ရိုးသားစွာ ဝတ်ဆင်ထားသည် ဖြစ်ရာ မင်းမျိုးမင်းနွယ်ထဲမှ မဟုတ်မှန်း သေချာပေသည်။ သို့သော် ခေါင်းသေတ္တာနှင့် ဂူသင်္ချိုင်းကို ရတနာကနုတ်ပန်းများ စီခြယ် မွမ်းမံ၍ ထားသည်မှာ အံ့မခန်း ရှိလှသည်ဖြစ်ရာ သာမန်လူတစ်ယောက်၏ သင်္ချိုင်းဂူကား ဖြစ်ဟန်မတူပေ။ ယင်းအချက်နှင့် ပတ်သက်၍ အထက်တန်း ရှေးဟောင်းသုတေနသ ပညာရှင်က သူ့တွင် သီးခြား ထင်မြင်ယူဆချက်လေး တစ်ခုရှိကြောင်း ပြောပါသည်။ အခြား အမည်မဖော်လိုသည့် ပုဂ္ဂိုလ်တစ်ဦးကလည်း ယင်း ခေါင်းသေတ္တာထဲတွင် ရှေး လက်ရေးစာမူများ ပါဝင်သည့် သားရေဖုံး စာအုပ် တစ်အုပ်လည်း တွေ့ရသည်ဟု ဆိုပါသည်။ ယင်းစာအုပ်သည် သူ့ခေတ် သူ့ကာလ၏ သမိုင်းတစ်စိတ်တစ်ပိုင်းကို ဖော်ပြနိုင်သည့် အထောက်အထားတစ်ခု ဖြစ်နိုင်သည်ဟုလည်း မှတ်ချက်ပြုကြပါသည်။ ယခုအချိန်တွင် စာနယ်ဇင်း ဆရာများနှင့် မီဒီယာ



လောကသားများသည် တူးဖော်သည့်နေရာသို့ အစုလိုက် အပြုံလိုက် ရောက်ရှိလာကြပြီ ဖြစ်ပါသည်။ ထို့ကြောင့် ဂူသင်္ချိုင်းကို ထိခိုက်မှု မရှိစေရန် သက်ဆိုင်ရာတို့က လုံခြုံရေး အပြည့်ချထားပြီး ဖြစ်ကြောင်းနှင့် ရှေးဟောင်း သုတေသနပညာရှင် အားလုံးနှင့် မူလ သတ္တုသိုက် အလုပ်သမားများ၊ တူးဖော်ရေး လုပ်သားများကိုလည်း လာရောက် ကြည့်ရှုကြသူတို့နှင့် ရောနှောမသွားစေရန် တသီးတခြား နေရာချထားပေးလျက် ရှိကြောင်း သတင်းရရှိပါသည်။

## အရေးကြီးသည့် တွေ့ရှိချက်

အမည်မဖော်လိုသော ရှေးဟောင်း သုတေသနပညာရှင် တစ်ဦးက "လူသေထည့်သော ခေါင်းတွင်း၌ လှပစွာ ပြုလုပ်ထားသည့် သစ်သားသေတ္တာငယ်ဖြင့် ထည့်သွင်းထားသော ရှေး လက်ရေးစာမူ လေးအုပ်ကို တွေ့ရသည်" ဟု ပြောပါသည်။ ယင်း လက်ရေးစာမူတို့မှာ ဂူသွင်းခံရသူ လူအိုကြီး မကွယ်လွန်မီက ရေးခဲ့သော မှတ်တမ်း ဖြစ်နိုင်သည်ဟု ယူဆပါသည်။ သူ့အမည်ကို မဖော်ပြစေလိုသော ရှေးဟောင်းသုတေသနပညာရှင် တစ်ဦးကမူ "ဤ တွေ့ရှိချက်မှာ မယုံကြည်နိုင်စရာ ဖြစ်တော့်ဖြစ်ခဲ တွေ့ရှိချက်တစ်ခု ဖြစ်ကြောင်း၊ ဂူနံရံနှင့် ခေါင်းသေတ္တာပေါ်တွင် ထွင်းထုထားသော စာများအရ ကွယ်လွန်သူ အဘိုးအိုမှာ နာဇရက်မြို့သား ယေရှု၏ ဖခင် ယောသပ် ဖြစ်ကြောင်း" ပြောပြပါသည်။

## ယောသပ်၏ ပထမ မှတ်တမ်းစာ

[ဘာသာပြန်သူ၏ မှတ်ချက်။ ။ ဤမှတ်တမ်းကို ဂရိ စကားလုံးများ၊ အာရမစ် စကားလုံးများဖြင့် သတိကြီးစွာ ထား၍ ရေးသားပုံရသည်။ စာအုပ်သည် ရောမဟန်ဖြင့် စီရင်ထားရာ တရက်တိတ် (Tractates) ခေါ် စာစောင်ငယ်များဖြင့် ဖွဲ့စည်း

ထားသည့် ကိုဒိုက် (Codice) ခေါ် ကျမ်းစာ ဖြစ်သည်။ ရေးသားထားပုံမှာ ပညာပိုင်း မဆန်လှဘဲ ပုဂ္ဂိုလ်ရေး အတွေ့အကြုံသဘော၊ နေ့စဉ်မှတ်တမ်းစာသဘော ဆောင်သည့် အရေးအသား ဖြစ်ကြောင်း တွေ့ရသည်။]

အလင်းရောင်သည် မှေးမှိန် ဖျော့တော့လာခဲ့ပြီ။ အရိပ်တို့သည်လည်း ထူထဲလာချေပြီ။ ကျွန်ုပ်၏ လက်ချောင်းများသည် ညောင်းညာလာခဲ့ပြီ။

ပန်းခြံထဲတွင်မူ စံပယ်ပန်းရနံ့ သင်းပျံ့လျက်ရှိသည်။ ကျွန်ုပ်သည် ငွေမီးအိမ်ကို ထွန်းညှိခဲ့ပြီး ဖြစ်သော်လည်း ကျွန်ုပ်၏ မျက်စိတို့မှာ မှုန်မှိုင်း ရီဝေ၍ စာရေးရန် အခက်တွေ့နေပါသည်။ ကျွန်ုပ်အဖို့ ပြောစရာ အနည်းငယ်မျှသာ ကျန်ပါတော့သည်။ ယင်းတို့ကို ပြောပြီးသည့် နောက်တွင်မူ ကျွန်ုပ်အဖို့ ဤ အဆုံးမရှိသော ဇာတ်လမ်းအတွက် တစ်ခန်း ရပ်သင့်ပြီဟု ယူဆမိပါသည်။

ကျွန်ုပ်သည် ဇာတ်လမ်း အပြည့်အစုံကို ကာလ အတန်ကြာကပင် ရေးသားပြီးစီးခဲ့ပြီ ဖြစ်သော်လည်း ဇာတ်လမ်းများ၏ အစအဖြစ် ယခု ဤစာကို ရေးသားနေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် ဇရာအိုကြီးတစ်ဦး ဖြစ်ပေရာ မကြာမီပင် မရဏမင်း၏ ခေါ်ဆောင်ခြင်းကို ခံရပါတော့မည်။ ကျွန်ုပ်အဖို့ နောက်ထပ် ရေးစရာလည်း ရှိတော့မည် မဟုတ်ပါ။

ကျွန်ုပ်၏ ဘဝသည် အချစ်၊ မိသားစု၊ မိတ်ဆွေများဖြင့် ဖွဲ့စည်းထားသည့် ပြည့်စုံ သာယာသောဘဝ ဖြစ်ခဲ့ပါသည်။ ဤအရာအားလုံးသည် သားတော်ယေရှုကို စောင့်ရှောက် မွေးမြူပေးမှုအတွက် ဘုရားသခင်က ကျွန်ုပ်ကို ချီးမြှင့်သော ဆုလာဘ်များဟု ကျွန်ုပ် ယုံကြည်ပါသည်။ ဤမှတ်စာတွင် ကျွန်ုပ် ရေးထားသည်တို့မှာလည်း ယခုအခါ နာဇရက်မြို့သား ယေရှုဟု အများ သိထားကြ



သည့် ပုဂ္ဂိုလ်က အဘိယာစက ပြုသောကြောင့် ရေးသားရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် သူ၏လူ့ဘဝဖခင် ဖြစ်ခဲ့သောကြောင့် ကျွန်ုပ်၏ဇာတ်လမ်းကို အပြည့်အစုံ ဖော်ထုတ် ပြောဆိုရန် သူက ပန်ကြားခြင်း ဖြစ်ပါသည်။

ယခု ကျွန်ုပ်သည် ဤမှတ်တမ်းစာအုပ်ငယ်များကို ထင်းရှူးမွှေး သေတ္တာတွင်းသို့ ထည့်သွင်းလိုက်ပါတော့မည်။ ဤသေတ္တာငယ်ကို လွန်လေပြီးသော နှစ်ပေါင်းများစွာက ယေရှုကိုယ်တိုင် လက်ဖြင့် လုပ်၍ ကျွန်ုပ်ကို လက်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ ထိုသေတ္တာငယ်ကို လက်ဖြင့်ထိမိတိုင်း ယေရှုငယ်စဉ် လက်သမားအတတ် သင်သည့် အချိန်က သူ၏သေးကွေး ပိန်လှီသော လက်ကလေး များကို ကျွန်ုပ် သတိရနေမိပါသည်။ ဤအကြောင်းရပ်များကို ကျွန်ုပ်၏ မှတ်တမ်းစာထဲတွင် တွေ့နိုင်ပါသည်။

(ဘာသာပြန်သူ၏ မှတ်ချက်။ ။ ပထမ ကိုဒိုက်ကျမ်း၏ ပထမဆုံး တရက်တိတ် စာတမ်းငယ်။ ဤစာရွက်များသည် နောက်ဆုံးမှ ရေးပုံရသည်။ စာရွက်များ ဟောင်းနွမ်း၍ လက်ရေး လက်သားလည်း ညှိဖျင်းသွားသည်။)

## ကျွန်ုပ် ဖခင်တစ်ယောက် ဖြစ်လာပုံဇာတ်လမ်း

ကျွန်ုပ်၏ အမာရွတ်များ၊ အပွန်းအပဲ့များဖြင့် ပြည့်နှက်နေသည့် ဤ လက်သမားတစ်ယောက်၏ လက်များဖြင့် စာရေးရသည်မှာ ကျွန်ုပ်အဖို့ အသစ်အဆန်း ဖြစ်နေပါသည်။ ကျွန်ုပ်သည် စကားလုံးလည်း မကြွယ်ဝ။ ကလောင်တံကိုလည်း ကိုင်နေကျ မဖြစ်သည့်အပြင် စာရွက်များကလည်း နူရွလွန်းလှသည်ဟု ထင်မိပါသည်။ ကလောင်တံများ၊ စာရွက်များသည် ကျွန်ုပ် ကိုင်တွယ်နေကျ သစ်တုံးသစ်စများလောက် ခိုင်ခံ့မှုမရှိကြပါ။ ကျွန်ုပ်၏ သားကလည်းတောင်းပန်၊ ကျွန်ုပ်၏ ဆရာကာလီ (Kahlil)

ကလည်း တိုက်တွန်းသောကြောင့်သာ ကျွန်ုပ်သည် ဤမှတ်တမ်းစာကို ရေးရပါတော့မည်။ ဆရာကာလီသည် အစစအရာရာ ကူညီပါသည်။ သို့သော် သုံးစွဲထားသော စကားလုံးများမှာ ကျွန်ုပ်၏ကိုယ်ပိုင်ဖြစ်ပြီး စာတမ်းပါ ဇာတ်လမ်းမှာလည်း ကျွန်ုပ် ဖခင်ဘဝရောက်ရှိပုံ ကိုယ်ပိုင်ဇာတ်လမ်းပင် ဖြစ်ပါတော့သည်။

ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် ဘုရားသခင် ချီးမြှင့်သည့် ကြီးကျယ် ခမ်းနားသော အိပ်မက်များ၏ လမ်းညွှန်မှု၊ ကောင်းချီးပေးမှုတို့ကို ခံယူခဲ့ရပါသည်။ ကျွန်ုပ်၏ဘဝ၊ ကျွန်ုပ်၏ ကံကြမ္မာကို ဖန်တီးသည့်အရာမှာ မြင့်မြတ်လှစွာသော အိပ်မက်များပင် ဖြစ်ပါသည်။ မာရီနှင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားတော်ဖြစ်သော ကျွန်ုပ်၏ရင်သွေးယေရှုကို မွေးမြူစောင့်ရှောက်ရခြင်းတည်းဟူသော တာဝန်ကို ထမ်းဆောင်ခဲ့ကြပါသည်။

## မာရီ

ကျွန်ုပ်သည် မာရီနှင့် စေ့စပ်ထားပါသည်။ မာရီမှာ ကျွန်ုပ်နှင့် တစ်ရွာတည်းနေ တစ်ရေတည်းသောက် ကျွန်ုပ်၏ ငယ်ချစ်ဦးပင် ဖြစ်ပါသည်။ ကလေးဘဝအရွယ် ငယ်စဉ်ကပင် မာရီသည် အခြားကလေးများနှင့် မတူ၊ တစ်မူထူးပါသည်။ သူမသည် လွတ်လပ်တက်ကြွစွာ အရာရာကို သိလိုစိတ် ပြင်းပြသည်။ သူမသည် အရာရာကို သိလိုသောကြောင့် သင်ယူလိုစိတ်လည်း မြင့်မားသည်။ သူမသည် မိန်းမသားပီပီ နူးညံ့ ချောမွေ့ပါ၏။ သို့သော် ဗဟုသုတလိုလားစိတ် ထက်သန်သောကြောင့် တစ်ခါတစ်ရံ သူမအဖို့ အခက်အခဲနှင့်ကြုံတွေ့ရတတ်သည်။ အကယ်၍သာ သူမသည် ယောကျ်ားကလေးတစ်ယောက်အဖြစ် မွေးဖွားခဲ့လျှင် တရားဟောဓမ္မကထိကဖြစ်မည်မှာ သေချာသည်။ ဖြတ်သန်းသွားလာနေသည့် လှည်းကုန်သည် ယာဉ်တန်းမှ တွေ့သမျှ ကုန်သည်တို့ကိုလည်း သူမသည်



မိတ်ဖွဲ့ကာ သိလိုသမျှ မေးမြန်းသည်။ သီချင်းသစ်များ၊ ကဗျာသစ်များနှင့် ဟိုး ဝေးလံခေါင်သီ ဒေသဆီမှ ထူးဆန်းထွေလာ ပုံပြင်များကိုလည်း သူမကြားနာ မှတ်သားသည်။ မည်သို့မည်ပုံ သင်ယူလိုက်မှန်းမသိ သူမသည် ကိန်းဂဏန်းတို့ဖြင့် ရေတွက်ရသည့် သင်္ချာအတတ်ကိုလည်း တတ်မြောက်သည်။ သူမသည် စကားပြောကောင်းသူ၊ စာရေးကျွမ်းကျင်သူ တစ်ယောက်လည်း ဖြစ်ပေရာ မိန်းကလေးများကို ရိုးရိုးအအများသာ ဖြစ်စေလိုသူများ၏ အလယ်ဝယ် သူမသည် အမြဲလိုလို အခက်အခဲဒုက္ခနှင့် ရင်ဆိုင်နေရသည်။ မည်သို့ပင်ဖြစ်စေ ရုပ်ရည်ချောမော လှပသူ ဖြစ်သောကြောင့် လူတိုင်းက သူမကို ဂရုပြုမိကြသည်။ သူမကို လိုချင်သူ အများအပြားရှိသော်လည်း သူမကမူ ကျွန်ုပ်အားသာလျှင် သူ့ ချစ်သူအဖြစ် ရွေးချယ်ခဲ့ပေသည်။

ကျွန်ုပ်၏ မိဘနှစ်ပါးသည် ကျွန်ုပ် ကလေးဘဝကပင် ကွယ်လွန်ခဲ့ကြပြီး ဖြစ်သည်။ သူတို့သည် မုန်တိုင်းမိ၊ သင်္ဘောပျက်၍ ပင်လယ်တွင် သေဆုံးခဲ့ကြသည်ဖြစ်ရာ ကျွန်ုပ်၏ ဦးရီးက ကျွန်ုပ်အား မွေးစားခဲ့သည်။ ကျွန်ုပ်၏ အထီးကျန် စိတ်ပျက် အားငယ်စရာဘဝတွင် တစ်ခုတည်းသော ဖြေသိမ့်စရာမှာ မာရီသာ ဖြစ်ပေသည်။ ကျွန်ုပ်တစ်ယောက်တည်း စိတ်ပျက်လက်ပျက် ထိုင်နေရာသို့ မကြာခဏ မာရီရောက်ရှိလာတတ်သည်။ ကျွန်ုပ်၏ ဘေးနားတွင် ထိုင်ကာ ကျွန်ုပ်၏ သောကကို စာနာမှုပြသည်။ ကျွန်ုပ်၏ မာရီအပေါ်ထားရှိသော ချစ်ခြင်းမေတ္တာသည် ထိုအချိန်လောက်ကပင် စတင်ခဲ့သည်ဟု ထင်ပါသည်။ ဤသို့ဖြင့် အရွယ်ရောက်လာကြသောအခါ ကျွန်ုပ်နှင့် မာရီတို့သည် တောင်ကုန်းမြင့်ကလေးများပေါ်တက်ကာ မွှေးပျံ့သော ပန်းရနံ့ကို သယ်ဆောင်လာသည့် လေကိုရှူရင်း ဟိုအဝေးမှ ပင်လယ်ပြင်ကို ငေးမောကာ ငွေကြယ်ပွင့်ကလေးများ လင်းလက်လာမည့် အချိန်ကို စောင့်မျှော်ကြသည်။

ကျွန်ုပ်၏ ဇာတ်လမ်းသည် ထိုအချိန်တွင် စတင်သည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့ မင်္ဂလာရက် မတိုင်မီ တစ်လအလို၊ တစ်ခုသော နွေဦးရာသီ၏ ညနေချမ်းတွင် ဖြစ်ပါသည်။ ကျွန်ုပ်နှင့် မာရီတို့သည် တောင်ကုန်းကလေးပေါ်တွင် ရပ်ကာ တရွေ့ရွေ့ ဝင်သွားသည့် နေလုံးနီနီကို ဝေးမောရင်း မကြာမီ ထွက်လာမည့် ဆန်းစသော်တာကို မျှော်နေကြပါသည်။ ထိုနေရာ၊ ထိုအချိန်၌ပင် မာရီသည် ကျွန်ုပ်၏ ရှေ့တည့်တည့် လာရပ်ကာ သူ့တွင် ကိုယ်ဝန်ရှိနေပြီဟု ပြောပါသည်။

ထိုအချိန်အထိ ကျွန်ုပ်သည် လက်သမား အတတ်ပညာ၌သာ စိတ်ကို နှစ်မြုပ်ထား၍ အခြား ဘာကိုမျှ စိတ်မဝင်စားသည့် တက်သစ်စ လူငယ်ကလေး တစ်ယောက် ဖြစ်ပါသည်။ သစ်သားကို ကျွမ်းကျင်စွာ ကိုင်တွယ် ပြုပြင်နိုင်မှုကိုသာ စိတ်ဝင်စားပါသည်။ မာရီကို ပိုင်ဆိုင်ရခြင်းသည် ကံကောင်းလေစွ ဟူသော ဂုဏ်ယူမှုဖြင့် ပြည့်လျှမ်းသည်။ ကျွန်ုပ်၏ လက်သမားအတတ်ပညာ ကျွမ်းကျင်မှုကြောင့် အခြားသူတို့ မနာလို မရှုဆိတ် ဖြစ်ကြသည်ကို ကျိတ်၍ ကြည်နူးမိသည်။ ကျွန်ုပ်၏ အားကို ကျွန်ုပ် ယုံသည်။ ကျွန်ုပ်၏ ချောမောလှပသော ဇနီးလောင်းအတွက်လည်း ကျွန်ုပ် ဂုဏ်ယူသည်။ ထိုအချိန်က ကျွန်ုပ်၏ ဘဝမှာ အခြားသူများ၏ အမြင်ပေါ်တွင် အခြေခံသောဘဝ ဖြစ်ခဲ့သည်။ အခြားသူတို့က လက်သမားအတတ် ကျွမ်းကျင်မှု၊ ဇနီးလောင်း၏ ချောမော လှပမှုတို့ကြောင့် ကျွန်ုပ်ကို ကံထူးလေစွဟု ဆိုကြပေရာ ကျွန်ုပ်ကလည်း သူတို့ဆိုသကဲ့သို့ပင် မိမိကိုယ်မိမိ ကံထူးသူတစ်ဦးဟု ထင်ခဲ့မိပါသည်။ တစ်နည်းဆိုရသော် ကျွန်ုပ်၏ ဘဝသည် အခြားသူများက ကျွန်ုပ်ကို မြင်သည့်အတိုင်း ကျွန်ုပ်က လိုက်မြင်သည့် ဘဝဟုပင် ဆိုရပါလိမ့်မည်။



"ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ" ဟု မာရီက ပြောလိုက်သောအချိန်တွင်မူ ကျွန်ုပ်၏ ဘဝသည် တစ်ဆစ်ချိုး ပြောင်းလဲသွားသည်ဟု ကျွန်ုပ် ထင်ပါသည်။ ထိုစကားလေး တစ်ခွန်းကပင် ကျွန်ုပ် မျှော်လင့်ချက် ကြီးမားစွာ ပြင်ဆင်ထားခဲ့သည့် စီမံချက်ကြီးတစ်ခုသည် ဗုန်းဗုန်းကျ ပြိုလဲခဲ့ပါသည်။ ကျွန်ုပ်သည် မတ်တတ်ရပ်လျက် သူမကို စိမ်းစိမ်းကြည့်နေမိသည်။ သူမ၏ မျက်နှာသည် အမြစ်ကင်းစင် ကြည်လင် ဝင်းပလျက်ရှိပြီး ကျွန်ုပ်အားတစ်ခုခု ပြောလိုသည့်ပုံ ဟန်ပေါ်နေပါသည်။ ကျွန်ုပ်သည် ချက်ချင်းဆိုသလို အကြည့်ကို ရုပ်သိမ်းကာ ရေပြင်ကျယ်ရှိရာ အဝေးဆီသို့ မျှော်ကြည့်လိုက်သည်။ ငှက်တစ်ကောင်သည် ရေထဲမှငါးကို သုတ်ရန် တောင်ပံစုံကို ရုပ်သိမ်း၍ ရေထဲသို့ ထိုးစိုက်ဆင်းသွားသဖြင့် ရေပန်းများ ဖွားဖွားထကာ ဝင်လုဆဲ နေရောင်ထဲတွင် ဘော်ငွေရောင် တလက်လက် တောက်ပသွားလေသည်။

## အမိုက်မှောင်

ထိုအချိန်က ကျွန်ုပ်၏ အပြုအမူအတွက် ကျွန်ုပ် မည်မျှ ဘဝင်မြင့်ခဲ့သည်ကို ပြန်မရေးပြနိုင်တော့ပါ။ ထိုအချိန်က ကျွန်ုပ်သည် လောကတွင် သူ့ကိုယ်သူမှတစ်ပါး အခြား အရေးကြီးသူ မရှိပြီဟူသော လူငယ်တို့၏ ထင်တစ်လုံး မာနဖြင့် ပြုမူခဲ့ပါသည်။ မာရီ၏ စကားကို ကြားရသည့်အခါ ပထမ ကျွန်ုပ် လုံးဝ မယုံကြည်နိုင်ခဲ့ပါ။ ထို့နောက် ကျွန်ုပ်လက်မှ မာရီကို လုယူသူအပေါ် မနာလိုဝန်တိုဖြစ်ကာ ဒေါသထွက်မိပါသည်။ ထို့နောက်တွင်ကား မင်္ဂလာဆောင်ခါနီးမှ အလစ်သုတ်ခံရလေခြင်းဟု ခံပြင်းရှက်စိတ် ပေါ်လာပါသည်။ သူမ ပြောလိုက်သည့် ဟန်ပန်လေသံကပင် ဒေါသထွက်ချင်စရာ ကောင်းလှပါသည်။ ထိုသို့ပြောပြီး သူမသည် အဘယ့်ကြောင့် ခပ်တည်တည် ရပ်နေနိုင်ပါသနည်း။ အကယ်ဆိုလျှင် လက်မထပ်ခင်

ဘယ်သူနှင့်မှန်းမသိ ကိုယ်ဝန်ရှိသည့်အတွက် သူမသည် ကျွန်တော့် ရှေ့မှောက်တွင် မျက်နှာအောက်ချ၍ ဒူးထောက် တောင်းပန်နေသင့်သည် မဟုတ်ပါလား။ ကျွန်ုပ်သည် တအား အော်ပစ်လိုက်သည်။ "ခွေးမ၊ ပြည့်တန်ဆာမ၊ မိန်းမရွှင်မ" စသည်ဖြင့် ညစ်ညမ်းစွာ ဆဲဆိုခဲ့ပါသည်။ ကျွန်ုပ် သူ့ကို လွန်စွာ စက်ဆုပ် ရွံရှာ မုန်းတီးခဲ့သည်။ ထို့ကြောင့် မျက်နှာကို တံတွေးနှင့် ထွေးသည်။ သူမ စိတ်ထိခိုက် ခံစားရသည်ကို ကျွန်ုပ်တွေ့မြင်လိုလှသည်။

ကျွန်ုပ်တို့ နှစ်ဦးသားသည် အလှတရားတို့နှင့် ပြည့်ဝသော တစ်နေရာတွင် အတူတူ ရပ်နေကြောင်း ကျွန်ုပ် သတိရလာသည်။ ဝင်လုဆဲ နေမင်းကြီးသည် တစ်လောကလုံးကို မင်နီရောင်ဖုံးလိုက်ရာ ဩကာသလောကကြီး တစ်ခုလုံးသည် အလျှံတညီးညီး တောက်လျက်နေသည်။ အလင်းရောင်သည် ကောင်းကင်မှ ဖြာဆင်းလာသည်ဟုလည်းကောင်း၊ ရေပြင်မှ ထိုးထွက်လာသည်ဟု လည်းကောင်း၊ မာရီ ကိုယ်မှ ပြန့်ထွက်လာသည်ဟု လည်းကောင်း ထင်ရပေသည်။ သို့သော် ကျွန်ုပ်သည် မာရီ မျက်နှာမှ ပေါ်ထွက်လာသည့် အလင်းရောင်ကိုမူ မုန်းတီးလှသည်။ သူမသည် မျက်ရည်လည်ရွှဲဖြင့် သူမအား နားလည်ပေးပါရန် တောင်းပန်နေသော်လည်း ကျွန်ုပ်သည် သူမ၏ အလှကိုလည်းကောင်း၊ သူမ၏နူးညံ့ ပျော့ပျောင်းမှုကို လည်းကောင်း ရွံမုန်းလျက် ရှိနေပါတော့သည်။

ကျွန်ုပ်၌ သူ တောင်းဆိုသော နားလည် ခွင့်လွှတ်မှု လုံးဝ မရှိပါ။ ကျွန်ုပ်သည် သူမကို ပြင်းထန်စွာ ရိုက်ချလိုက်သည်။ ထို့နောက် ဒူးထောက် လဲကျရာမှ တောင်းပန် တိုးလျှိုးသည့် မျက်နှာဖြင့် ကျွန်ုပ်ထံ လက်ကမ်းနေသော သူမအား ဖယ်ကြဉ်ခဲ့သည်။ ကျွန်ုပ်၌ နားလည်မှု အသိတရားဟူ၍ လုံးဝမရှိတော့ပါ။ ဒေါသထွက်ခြင်း၊ ခံပြင်းနာကျင်ခြင်းတို့သာ ရှိပါသည်။ ယခု ဤစာ ရေးနေချိန်တွင်မူ ကျွန်ုပ်သည် ထိုစဉ်က အပြုမှားကြောင့် အရှက်များ



ရရှိကာ မျက်ရည်တို့ ယိုစီးလျက်ရှိသည်ကို ကျွန်ုပ်ချစ်သော မာရီ မြင်စေချင်လှသည်။ ဤစာကို ရေးနေချိန်တွင်ပင် ကျွန်ုပ်၏ ရိုက်ချက်ကြောင့် ပါးစပ်မှ သွေးယိုစီးကာ မျက်ရည်လည်ရွှဲဖြင့် ကျွန်ုပ်အားဒူးထောက် တောင်းပန်နေသော မာရီ၏ ပုံသွင်ကို မြင်ယောင်နေမိပါသေးသည်။ ထိုအချိန်ကမူ ကျွန်ုပ်သည် မာရီကို တစ်ယောက်တည်း ပစ်ထားကာ ကျောခိုင်း၍ ထွက်ခွာလာခဲ့ပါသည်။

ကျွန်ုပ်သည် တောင်ကမူပေါ်မှ ဆင်းလာပါသည်။ ကျွန်ုပ်၏ အသည်းသည် ဟက်တက်ကွဲကာ သွေးချင်းချင်းနီလျက် ကျွန်ုပ်၏ မျက်နှာတွင် မျက်ရည်တို့ ဖြိုင်ဖြိုင်စီးကျလျက်၊ ကျွန်ုပ်၏ ရင်ထဲတွင် လူသတ်ချင်စိတ် ပေါ်ပေါက်လျက်၊ ကျွန်ုပ်သည် ရွာထဲရှိ အရက်ဆိုင်သို့ သွားကာ သူငယ်ချင်း အပေါင်းအသင်းများနှင့် မူးယစ်သောက်စား၍ အော်ဟစ်ဆဲဆိုကာ တွေ့ရာမြင်ရာ ပစ္စည်းတို့ကို ပစ်ပေါက်ဖျက်ဆီးချင်စိတ် ပေါ်ပေါက်လျက် ရှိသည်။ ကျွန်ုပ်သည် သူမကို အစိတ်စိတ် အမြွာမြွာဖြစ်စေအောင် ဖျက်ဆီးလိုက်ချင်သည်။ အမှန်တရားသည် ကျွန်ုပ်ဘက်မှာ ရှိနေသည်ဖြစ်ရာ မာရီကို အရှက်ခွဲ၍ ဖျက်ဆီးပစ်ရုံမက အဖေမပေါ်သည့် ကိုယ်ဝန်ကိုလည်း မမွေးခင် ဖျက်ချပစ်လိုက်ချင်သည်။ ကျွန်ုပ်သည် မိတ်ဆွေများကို ခေါ်ကာ ဤကိစ္စကို တရားဟောဆရာထံ သွား၍ တိုင်ကြားနိုင်သည်။ ဤနည်းဖြင့် သူမကို အရှက်တကွဲ အကျိုးနည်းစေရုံမက ဘဝပါ ပျက်သွားစေနိုင်မည်ဖြစ်သည်။ သူမသည် သန့်ရှင်းမှု မရှိ ညစ်ပတ်သူ ဖြစ်သည်။ အမျိုးမစစ်သည့် သန္ဓေသားကို လွယ်ထားသည်။ ယင်းသည် လူ့အဖွဲ့အစည်းအတွက် အမှိုက်သဖွယ်သာ ဖြစ်သည်။ တရားမျှတမှုရှိသော ကျွန်ုပ်၏ဦးလေးကလည်း သူမ သေသင့်သည်ဟု ပြောမှာ သေချာသည်။ ကျွန်ုပ်၏ ဘဝကို သူမ ဖျက်ဆီးပစ်ခဲ့သလို သူမ၏ ဘဝကိုလည်း ရွာသူရွာသားတို့ ပစ်ပေါက်သည့်

ခဲလုံးများက တစ်စစီ ဖျက်ဆီးပစ်လိမ့်မည်ကို ကျွန်ုပ် မြင်ယောင်နေမိသည်။ ဤသို့ဖြစ်အောင် ပြုလုပ်ရန်မှာ ကျွန်ုပ်၏ အခွင့်အရေးပင် ဖြစ်သည်။ ဤသို့ ပြုလုပ်လိုက်မှသာ ကျွန်ုပ်မိသားစု၏ ဂုဏ်နှင့် ကျွန်ုပ်၏ သိက္ခာတို့ကိုလည်း အဖတ်ဆယ်နိုင်လိမ့်မည် ဖြစ်သည်။

သူ့ကို ကျောက်ခဲများဖြင့် သေအောင် ပစ်ပေါက်ပြီးနောက် ခွေး၊ ကျီး၊ ကြွက်တို့ စားသောက်စေရန် ပစ်ထားလိုက်ခြင်းဖြင့် သူ့ခန္ဓာတစ်ခုလုံးနှင့် မိစ္ဆာစိတ်ဓာတ်သည်လည်း ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။ ထိုအချိန်တွင် ကျွန်ုပ်သည် အထိနာအောင် ဒဏ်ရာရထားသော်လည်း မှန်ကန်သူ တစ်ယောက်အဖြစ် အများက ရှုမြင်လက်ခံကြလိမ့်မည် ဖြစ်သည်။ ကျဆုံးသူမှာ ကျွန်ုပ် မဟုတ်ပေ။

ကျွန်ုပ်သည် တောင်ခြေသို့ လျှောဆင်းရင်း ကျောက်ခဲငယ်များကို ကောက်သွားသည်။ ထို့နောက် အော်ဟစ် ကျိန်ဆဲကာ တွေ့မြင်ရာရာကို ကျောက်ခဲငယ်များဖြင့် ပစ်ပေါက်နေမိသည်။ ကျွန်ုပ် ပစ်လိုက်သော ကျောက်ခဲငယ်များသည် ကျောက်တုံးကြီးကို ထိမှန်သည်။ ကျွန်ုပ် စိတ်ထဲတွင် ကျောက်တုံးကြီးသည် မာရီ ဖြစ်သွားလေ၏။ ကျွန်ုပ် ပစ်ပေါက်သည့် ကျောက်ခဲများကြောင့် မာရီသည် သေငယ်ဇောဖြင့် မြောနေသည်။ သို့သော် ဘာကြောင့်မှန်းမသိ၊ ကျွန်ုပ်သည် အရက်ဆိုင်သို့ မသွားဖြစ်ခဲ့ပါ။ ကျွန်ုပ်သည် အိမ်သို့သာ ပြန်ခဲ့ပါသည်။ အိမ်သို့ ရောက်သောအခါ အိပ်ရာလိပ်နှင့် ရေဘူးကိုယူ၍ တောင်တန်းများ ရှိရာသို့ ထွက်လာခဲ့ပါသတည်း။

■

[၂]

# ဖခင်တစ်ယောက် ဖြစ်လာခြင်း

## ဖခင်ဘဝအဆင့်ဆင့်

**ကြွက်သားတို့ကို ဆန့်ထုတ်လိုက်ရုံမျှဖြင့် ဖခင်ဘဝသို့ ရောက်သွားသည် မဟုတ်ပါ။ လွန်စွာ နက်နဲသည့် ပြောင်းလဲမှု ပုံစံဖြင့် မိသားစုနှင့် ယဉ်ကျေးမှု အတွင်းသို့ ဝင်ရောက်ခြင်းသည်သာ ဖခင်ဘဝ ဖြစ်ပါသည်။**

**သောမတ်စ်မိုး**

ရှေ့ပိုင်းက တင်ပြခဲ့သော ယောသပ်၏ ပုံပြင်သည် ဖခင်အားလုံး၏ ပုံပြင်သာ ဖြစ်သည်။ ယောသပ်၏ သင်ခန်းစာများသည် ကျွန်ုပ်တို့ အတွက် သင်ခန်းစာများဟုလည်း ဆိုနိုင်သည်။ လူကောင်း တစ်ယောက်၊ လင်ကောင်းတစ်ယောက်၊ ဖခင်ကောင်းတစ်ယောက် ဖြစ်ရေးသို့ ရှေးရှုသည့်ယောသပ်၏ နှလုံးသားဝိညာဉ်ဆိုင်ရာ လမ်းစဉ်သည် ကျွန်ုပ်တို့ ယောကျ်ားသားများ အားလုံးတို့၏ နှလုံးသားဝိညာဉ် ဖွံ့ဖြိုးရေးအတွက် လိုက်နာကျင့်သုံးရမည့် လမ်းစဉ်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဤတွင် ခေတ္တရပ်နားကာ ယောသပ်တင်ပြသည့် သူ့ပုံပြင်ကို သေသေချာချာ လေ့လာကြည့်ကြပါစို့။ သူ့စာကို အသေးစိတ်ဖတ်၍ သူ့ စကားလုံးများကို တစ်လုံးချင်း စိစစ်ကာ



ယောသပ်နှင့် သူ့ ပုံပြင်တို့ ဆက်စပ်ပုံကို လေ့လာနိုင်သည်။ ကျွန်ုပ်တို့သည် ထို့ထက်ပို၍ နက်ရှိုင်းစွာ လေ့လာပါက ကျွန်ုပ်တို့ ကိုယ်တိုင် ပုံပြင်ထဲသို့ ရောက်သွားနိုင်သည်။ မှန်ပါသည်။ ကျွန်ုပ်တို့ အားလုံးသည် ယောသပ်များ ဖြစ်ကြပါသည်။

အကယ်၍ ကျွန်ုပ်တို့သည် ယောသပ်၏ ပုံပြင်ကို တစ်စစီ စိတ်ဖြာကာ အနီးကပ် ကြည့်ရှု၍ အသေးစိတ် နက်ရှိုင်းစွာ လေ့လာခဲ့သော် ကျွန်ုပ်တို့ အားလုံးအား သူ ပြောချင်သည့်အကြောင်း အချက်တို့ကို ပို၍ ကြားနိုင်ပါလိမ့်မည်။

သဒ္ဓါတရား၊ ယုံကြည်မှု၊ စိတ်ဓာတ်နှင့် နှလုံးသားဝိညာဉ်တို့သည် မမြင်နိုင်သော၊ တိုင်းတာ၍ မရနိုင်သော၊ ထုတ်ဖော်၍ပင် မပြောနိုင်သော ကျွန်ုပ်တို့၏ ဘဝအစိတ်အပိုင်းများ ဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ ယင်းအကြောင်းရပ်တို့ကို ဘုရားရှိခိုးကျောင်း၌ ဓမ္မဆရာ တရားဟောရာတွင် လည်းကောင်း၊ တရားစာကို သံပြိုင်ရွတ်ဆိုရာတွင် လည်းကောင်း ကျွန်ုပ်တို့ ကြားနာကြရပါသည်။ မည်သို့ပင်ဖြစ်စေ ယင်းအကြောင်းရပ်တို့သည် ကျွန်ုပ်တို့ နေ့စဉ် ရင်ဆိုင်နေရသည့် ဘဝနှင့်မူ ပတ်သက်ခြင်း မရှိသယောင် အထင်ခံရတတ်ပါသည်။ ကလေးတစ်ယောက် မွေးဖွားလာသည့်အခါ၊ ကျွန်ုပ်တို့ ချစ်မြတ်နိုးသူတစ်ဦး အနိစ္စရောက်သည့်အခါ၊ ကြောက်စရာကောင်းသည့် မတော်တဆဖြစ်မှု တစ်ခုနှင့် ရင်ဆိုင် ကြုံတွေ့ရသည့်အခါ၊ သို့မဟုတ် ကြီးမားသည့် မတော်တဆဖြစ်မှု တစ်ခုခုမှ လွတ်မြောက်လာသည့် အခါတို့တွင်မှသာ ကျွန်ုပ်တို့သည် သဒ္ဓါ၊ ယုံကြည်မှု၊ စိတ်ဓာတ်၊ နှလုံးသားဝိညာဉ်စသည့် ကိစ္စရပ်များကို သတိရမိတတ်ကြပါသည်။ ထိုအခါမျိုးတွင်သာ ငါတို့သည် ဘုရားသခင်စီရင် ဖန်တီးထားသည့် လောကအတွင်းမှ လူသားများပါတကားဟု သတိရမိတတ်ကြသည်။ ကျွန်ုပ်တို့ဘာသာ ရွေးချယ်ခြင်း မဟုတ်ငြားလည်း ကျွန်ုပ်တို့သည် ဘုရားသခင် ဖန်ဆင်းသည့် ကမ္ဘာ

လောကအတွင်း၌ တစ်ချိန်လုံး နေထိုင်လာခဲ့ကြသည်။ ယင်းကဲ့သို့ ကျွန်ုပ်တို့သည် တစ်ချိန်လုံး အမေ့မေ့အလျော့လျော့ နေလာခဲ့ကြသည် ဖြစ်ရာ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ကံကြမ္မာ အပြောင်းအလဲဖြစ်ခြင်းစသည့် ဖြစ်ရပ်ကြီးများနှင့် ရင်ဆိုင်ရသည့် အခါတွင်မှ ဘုရားတမိတတ်ကြသည်။ ယေဘုယျအားဖြင့်မူ ကျွန်ုပ်တို့သည် မိမိဘာသာဖန်တီးထားသည်ဟု ယုံကြည်နေသော ကမ္ဘာလေးထဲတွင်သာ နေတတ်ကြပါသည်။ ကျွန်ုပ်တို့၏ နေ့စဉ်နေထိုင်မှုဘဝကို လေ့လာပါက ကျွန်ုပ်တို့သည် (ငါနှင့်ငါသာ) ငါတစ်ယောက်တည်း ဟူသော ကမ္ဘာလေးထဲ၌သာ နေလျက်ရှိကြောင်း တွေ့ရမည်ဖြစ်သည်။ ယင်း 'ငါလောက' သည် 'တစ်ကိုယ်တော်လောက' ဖြစ်ပါသည်။ ယင်းလောကသည် ယုတ္တိရှိရှိ တွေးခေါ်မှုများ၊ ဆင်ခြင်တုံတရားများ၊ နည်းပညာများဖြင့် ဖွဲ့စည်းထားသည့်လောက ဖြစ်ပါ၏။ ယင်းလောကသည် ဒြပ်ရှိသည့် တသီးတခြား ဖြစ်သော လောကဟုလည်း ဆိုနိုင်ပါ၏။ ယင်းလောကသည် တိုင်းတာမှု၊ တိကျမှု၊ စီမံခန့်ခွဲမှု၊ တည်ဆောက်မှုတို့ဖြင့် ဖွဲ့စည်းထားသော လောကလည်း ဖြစ်ပါ၏။ ယင်းလောကသည် လက်တွေ့ကျ၍ အလေးအနက် သဘောထားအပ်သော လောကလည်း ဖြစ်၏။ ယင်းတွင် ဟာသဓာတ်ခံ မပါဝင်။ ရွှင်လန်း တက်ကြွမှုမရှိ။ ယင်းလောကသည် နယူတန်၏ ရူပဗေဒနိယာမများအပေါ် အခြေခံသော ယန္တရားနည်းကျ လောကဖြစ်၏။ စကြဝဠာသည်လည်းကောင်း၊ လူသားတို့၏ ကိုယ်ခန္ဓာသည်လည်းကောင်း ယန္တရားများသာဖြစ်သည်။ နှလုံးသား၊ ဝိညာဉ်နှင့် စိတ်ဓာတ်တို့အတွက် နေရာမရှိ။

ယင်းသည်ပင် ခေတ်ပြိုင်ဖခင်တို့၏ လောက ဖြစ်သည်။ ရှစ်နာရီတိတိ အလုပ်ခွင်ရောက်၍ ၁၀ နာရီ တိတိတွင် အစည်းအဝေး ထိုင်ကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီး ပုံပြဇယား ရေးဆွဲ၍ အောက်ဆုံးမျဉ်းမှ အထက်ပိုင်း မည်သည့်အဆင့်တွင် မိမိ ရှိနေကြောင်း တိုင်းတာကြည့်ရသည့် လောကကြီး ဖြစ်၏။ ယင်းသည် သင့်အဖို့ ယုံကြည် စိတ်ချနိုင်သော တိကျသည့် လောကလည်းဖြစ်၏။ သင့်အဖို့ အားကိုးအားထား ပြုနိုင်သော တန်ဖိုးများနှင့် မျှော်လင့်ချက်များ ရှိသည့် လောကလည်း ဖြစ်၏။ တစ်ကိုယ်တော်လောကသည် မိမိအတွက် အမှတ်အများဆုံး ရအောင် လုပ်ရသည့် လောကဖြစ်သည်။ ယင်းအမှတ်တို့က သင် မည်သည့်အဆင့်၊ မည်သည့်နေရာတွင် ရှိနေကြောင်း ညွှန်ပြလိမ့်မည် ဖြစ်သည်။ ယင်းသည်ပင် လူတိုင်းကောင်းစွာနားလည်သဘောပေါက်သော လောကဖြစ်သည်။ ကျွန်ုပ်တို့၊ သင်တို့ အားလုံးသည် ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ အမှတ်များများရအောင် ကြိုးစားခဲ့ကြသည်ဖြစ်ရာ မည်သည့်အချိန်တွင် အဆုံးသတ်လိမ့်မည်ကိုကား မည်သူမျှ မသိကြပါ။

သူ့ဘာသာရပ်တွင် ထင်ရှားကျော်ကြားသော ပါမောက္ခတစ်ဦးက လွန်စွာ မြင့်မတ်ရှည်လျားသော လှေကားထစ်များကို တက်ရင်းက လှောင်သလိုလို၊ အတည်လိုလို ဤသို့ ပြောဖူးပါသည်။ "ကျွန်ုပ်ဟာ ဒီ လှေကားထစ်တွေကို တစ်ထစ်ပြီးတစ်ထစ် လှမ်းတက်ရင်း 'နေ့စဉ် နေ့တိုင်း ငါ တက်နိုင်သေးတယ် ဆိုတာကို ပြနေတာပဲ' လူ့ဘဝဆိုတာဘာလဲ၊ ဒီလိုပါပဲ။ တစ်နေ့ တစ်နေ့ ငါ စွမ်းဆောင်နိုင်သေးတယ်ဆိုတာကို သက်သေပြရင်း အချိန်ကုန်ခဲ့တာပါပဲ"

တစ်ကိုယ်တော် လောကတွင် လူတိုင်းသည် သူ ရသည့် အမှုကို သိကြသည်။ နည်းမျိုးစုံ သုံး၍ရမှတ်ကို တိုင်းတာနိုင်သည်။ လူတိုင်း၏ ခေါင်းထဲတွင် တိုင်းတာရေးကိရိယာ ပါသည်။ 'သူတို့ရရှိသည့် အမှတ်အပေါ် မူတည်၍ စိတ်ကြည်နူးခြင်း၊ စိတ်ညစ်ညူးခြင်း ဖြစ်ရသည်" ဟု ပြောစမှတ်ပြုကြသည်။

ယောသပ်အဖို့ အသက်ရှင် နေထိုင်ခဲ့ရသော အချိန်နှင့် နေရာသည် ယနေ့ခေတ်အချိန်အခါ၊ နေရာဒေသတို့နှင့်မတူပေ။ ယောသပ်ခေတ်က ဒုက္ခခံစားခြင်း၊ သေမင်းနှင့်ရင်ဆိုင်ခြင်းစသည်တို့နှင့် တရင်းတနှီးရှိကာ နေ့စဉ်နှင့်အမျှဘေးဘယာ ဝေးကွာပစေဖို့ ဘုရားထံ ရှိခိုးဆုတောင်းကြရသောကာလဖြစ်၏။ ယောသပ်၏ ခေတ်သည်ကံကြမ္မာနှင့် ဘုရားသခင်၏ လျှို့ဝှက် နက်နဲမှုကို နေ့စဉ် ယုံကြည်သတိရကိုးကွယ်တသကြသောခေတ်လည်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ယောသပ်နေထိုင်ရာလောကသည် လူ့လောက ဖြစ်သည့်အလျောက် လူသားပီပီ ရမှတ်မြင့်အောင် ကြိုးစားရသောလောကလည်းဖြစ်၏။ ယောသပ်ကိုယ်တိုင်ပင်တစ်ကိုယ်တော်လောကတွင် အချိန်ပိုင်းနေခဲ့ဖူးပေသည်။

ယောသပ်သည် တစ်ကိုယ်တော်လောကတွင် သူ ရရှိသည့် ရမှတ်တို့ကို ကြည်နူးစွာခံစားရင်း သူ၏ ဖခင်ဘဝဇာတ်လမ်းကို စတင်ခဲ့သည်။ သူသည် မကြာမီပင် သူ၏ငယ်ရည်းစားနှင့် လက်ထပ်တော့မည် ဖြစ်သည်။ သူသည် ငယ်ရွယ်ကျန်းမာသန်စွမ်း၍ အလုပ်အကိုင် ရှိသူတစ်ဦးဖြစ်၏။ သူသည် လက်သမားအတတ်ပညာ ကျွမ်းကျင်သည့်အလျောက် တက်လမ်းများစွာ ရှိသူတစ်ဦးဖြစ်သည်။ သူသည်ဘဝအတွက်မျှော်လင့်ချက်ကြီးကြီးထားပြီး စီမံကိန်းမြင့်မြင့်ကိုရေးဆွဲထားသည်။ သူ့ဘဝကို တောင်ကြီးလောက် မြင့်မောက်အောင် တည်ဆောက်လိုစိတ်ရှိသည်။ "ကျွန်ုပ်၏ ဇာတ်လမ်းသည် ထိုနေရာတွင်စတင်သည်" ဟု သူ ပြောခဲ့သည်ကို အမှတ်ရစေချင်ပါသည်။ ထိုနေရာမှာ တောင်ထိပ်ပေါ်ရှိ တစ်နေရာ ဖြစ်သည်။ ယင်း တောင်ထိပ်ပေါ်ရှိ တစ်နေရာတွင် မာရိက "ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ" ဟု ပြောလိုက်သည့် အချိန်မှစ၍ ယောသပ်၏ ဖခင်ဘဝသည်လည်း အစပြုပြီဟု ဆိုရပေမည်။



## ဖခင်ဘဝ အဆင့်ဆင့်

(၁) လက်ခံခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(၂) အခန်းကဏ္ဍကို လိုက်နာခြင်း (စောင့်ထိန်း ကာကွယ်ခြင်း) သို့မဟုတ် ပစ်ပယ်ခြင်း၊

(၃) သံယောဇဉ် နှောင်ဖွဲ့မှုနှင့် အနားသတ်မျဉ်းများ၊

(၄) ပုဂ္ဂိုလ်ရေး၊ စာရိတ္တနှင့် စိတ်ဓာတ်ပိုင်း ဉာဏ်ရည်များဆိုင်ရာ စိတ်လှုပ်ရှား လေ့ကျင့်ပေးမှု၊

(၅) ဖခင်ဘဝနှင့် ဦးဆောင် သင်ကြားပေးမှု၊

ယောသပ်၏ ဖခင်ဘဝသည် အဆင့် (၁) တွင် ငြင်းဆန်ခြင်းဖြင့် စတင်သည်ဟု ဆိုရမည် ဖြစ်သည်။ မာရိတွင် ကိုယ်ဝန်ရှိနေပြီဟူသော စကားကို ကြားသည်နှင့် တစ်ပြိုင်နက် သူ့ဘဝသည် အစစအရာရာတွင် ပြောင်းလဲသွားခဲ့သည်။ "ကိုယ်ဝန်ရှိသည် ဟူသောစကား လေးလုံးက ကျွန်ုပ် မျှော်မှန်းထားသည့် ဘဝကို အစိတ်စိတ်အမြွာမြွာ ဖြစ်သွားစေခဲ့သည်" ဟု ယောသပ်က ဆိုသည်။ ဖခင်ဘဝအစတွင် သူသည် လုံးဝလက်ခံလိုစိတ်မရှိခဲ့။ အသိအမှတ်ပင် မပြုလို။ ရုတ်တရက် မည်သည့် သတိပေးချက်မှ မပါဘဲ ယောသပ်၏ တစ်ကိုယ်တော်ဘဝမျှော်လင့်ချက်များ ဖျက်ဆီးခံလိုက်ရကာ တူနှစ်ကိုယ်လောကသို့ သူ့အား တွန်းပို့လိုက်သည်။ တူနှစ်ကိုယ် လောကမှာ ပေါင်းသင်းဆက်ဆံရေးလောက ဖြစ်သည်။ တစ်ချိန်တည်းမှာပင်(ကလေးပါဝင်သော) သုံးပွင့်ဆိုင်လောကအတွက်လည်း ပြင်ဆင်ရဦးမည်ဖြစ်သည်။ ယင်းလောကသည် ကံကြမ္မာနှင့် နှလုံးသားဝိညာဉ်တို့၏ အဆုံးအဖြတ်ကိုခံရမည့် လောကပင် ဖြစ်သည်။

## ယေရှုရှုလင်

သူမ၏ အမြင်တွင် နာဇရက်မြို့သား လက်သမားဆရာ ယောသပ်နှင့် သူ့ဇနီး မာရိတို့ကို တွေ့ရသည်။ မာရိက "တကယ်လို့ ရှင် ကျွန်မကို စွန့်ပစ်ခဲ့ရင် သတ်ပစ်လိုက်တာနဲ့ မတူပေဘူးလား" ဟု မေးသည်။ ထိုအခါ ယောသပ်က ဒေါသမုန်တိုင်း ပြင်းထန်စွာဖြင့် ဤသို့ ပြန်ပြောသည်။ "ငါက ဘာကြောင့်မို့ ပြည့်တန်ဆာမ၊ အမြှောင်မကို လက်ထပ်ရမှာလဲ" မာရိက "ရှင်ဟာ ရှင့်ရဲ့ ဖန်တီးရှင်ထက် ပိုပြီး သန့်ရှင်းတယ်လို့ ထင်သလား။ သူဟာ အပြစ် ဟူသမျှကို ခွင့်လွှတ်တတ်တယ်။ ပျောက်နေလျှင် ပြန်ခေါ်တတ်တယ်။ မုန်းနေရင်ပြန်ချစ်တတ်တယ်။ ကျွန်မဟာ ကျွန်မရဲ့ခင်ပွန်း ယောသပ်ကို ချစ်မြတ်နိုးပါတယ်။ သူ စိတ်ဆိုးလို့ မောင်းထုတ်တာဟာလည်း ခဏ တစ်ဖြုတ်ပါပဲ။ ဘုရားသခင်ရဲ့ အသံတော်မျိုး ကျွန်မ ခင်ပွန်းရဲ့ အသံထဲမှာ ကြားနေရတယ်။ သူ မုန်းနေတာဟာလည်း အခိုက် အတန့်သာပဲ ဖြစ်ပါတယ်။ ကျွန်မကို တစ်သက်လုံး မောင်းထုတ် ပစ်မှာ မဟုတ်ပါဘူး။ တကယ်လို့ ကျွန်မဟာ လုံးဝ သန့်စင်တဲ့သူ တစ်ယောက် ဖြစ်ခဲ့ရင် 'အပြစ်မှ ခွင့်လွှတ်ခံရခြင်း' ဆိုတဲ့ ချိုမြိန်တဲ့ ဘဝ အရသာကို ခံစားရမှာ မဟုတ်ပါ။ အကယ်၍ ကျွန်မသာ မြင့်မြတ်သူ တစ်ယောက် ဖြစ်ခဲ့ရင် ချစ်ခြင်းမေတ္တာကြောင့် ကျခဲ့ရတဲ့ မျက်ရည်တွေကို မြင်ရမှာ မဟုတ်ပါ။ ကျွန်မကို ချစ်လို့သာ မီးဟုန်းဟုန်းတောက်တဲ့ ဖားဖိုပမာ ယောသပ်မှာဒေါသမီးတွေ တလျှံလျှံ ဖြာခဲ့ရတယ်ဆိုတာ ကျွန်မကောင်းကောင်းသိပါတယ်" ဟုပြောသည်။

ကဗျာဆရာ- ဝီလျံဘလိတ်

တူနှစ်ကိုယ်လောကသည် တစ်ဦးနှင့် တစ်ဦး ဆက်နွယ် ပတ်သက်ရသည့် လောကဖြစ်ပေရာ ယင်းလောကကို ကျွန်ုပ်တို့ တစ်ဦးတည်း အမြဲတမ်း ထိန်းချုပ်နိုင်ရန် မစွမ်းသာပေ။ တူနှစ်ကိုယ်



လောကသည် စိတ်လှုပ်ရှားမှု၊ ခံစားမှုနှင့် စိတ်ပိုင်းဆိုင်ရာ လောက ဖြစ်သည်။ အတွင်းနှင့် အပြင်တို့၏ ဆက်နွယ်မှု၊ အပေါ်ယံအမြင်နှင့် ထိုးထွင်း သိမှုတို့၏ ဆက်နွယ်မှု၊ တွေးတော ဆင်ခြင်မှုနှင့် ပြုမူ လုပ်ဆောင်မှုတို့၏ ဆက်နွယ်မှု စသည့် ဆက်နွယ်မှုများ ပါဝင်သော လောက ဖြစ်သည်။ အချင်းချင်း ဆန့်ကျင်မှုများ၊ ပရိဒေဝသောက များဖြင့် ပြည့်ဝနေသော လောကလည်း ဖြစ်သည်။ ရုတ်တရက် ဆိုသလို အရာရာကို နှစ်မျိုးနှစ်ဖက် မြင်နိုင်စွမ်းသော ယင်းလောက ထဲသို့ ယောသပ်တစ်ယောက် နစ်မြုပ် ရောက်ရှိသွားခဲ့သည်။ ယင်း လောကတွင် အမြင်နှစ်မျိုး၊ တန်ဖိုး နှစ်စုံ၊ ဟာသဇာတ်ခံ နှစ်ခု စသည်ဖြင့် အစုံလိုက် ရှိတတ်သည်။ မည်သည့်ကားမျိုးကို ဝယ်မည် ဟူသော ကိစ္စ၊ အိမ်ထောင်ပရိဘောဂများကို မည်သို့မည်ပုံ နေရာ ချထားမည်ဟူသော ကိစ္စတို့တွင်လည်း အမြင်နှစ်မျိုး၊ ဆန္ဒနှစ်ခု ရှိနေတတ်၏။ ထို့ကြောင့် တူနှစ်ကိုယ်ဘဝဟူသည် တင်းအားများ၊ ပဋိပက္ခများဖြင့် ပြည့်ဝသော လောကဖြစ်၏ ဟူသော အဆိုမှာ ဧကန် မှန်သော သစ္စာစကား ဖြစ်ပေသည်။ အပြန်အလှန် ဆွဲဆောင်မှုနှင့် ဖို၊ မ ဇာတ်တို့သည် တင်းအားကို ဖန်တီးပေး၏။ တစ်ဦးနှင့် တစ်ဦး ဆက်နွယ်မှုကလည်း တင်းအားကို ဖြစ်ပေါ်စေ၏။ မည်သို့ပင် ဖြစ်စေ တစ်ဦးနှင့် တစ်ဦး ချစ်ခင် စုံမက် နှစ်သက်ပေါင်းဖက်ကြ သော ကျားနှင့် မတို့သည် ဤ အမှန်တရား သစ္စာစကားကို သတိ မထားမိတတ်ကြပေ။ ဤ အမှန်တရားကို အပြည့်အဝ သိရှိ နားလည်ရန်အတွက် တူနှစ်ကိုယ် ဘဝသက်တမ်း အတန်ကြာနေဖို့ လိုအပ်သည်။ ယောသပ်သည် ဘဝတစ်သက်တာ ကုန်ဆုံးသည် အထိ မနေရသေး။ သူ့ဘဝ၏ အစမျှသာ ရှိသေးသည်။

**အိမ်ထောင်ရေးဟူသည် ချစ်ရေးကြိုက်ရေး တစ်ခုမျှ သာ မဟုတ်။ ခံနိုင်ရည်ကို စမ်းသည့် ပွဲတစ်ခု ဖြစ် သည်။ ဘာသာရေး လေ့ကျင့်မှု၊ ဘာသာရေး**

မင်္ဂလာမှု တစ်ရပ်ဖြစ်၍ အခြား ဘဝတစ်ခုတွင် ပါဝင် ကျင်လည်ရသည့် ကျက်သရေဆောင်မှု တစ်ခုလည်း ဖြစ်သည်။

ယောသပ်သည် မာရိကို လက်ထပ်ရန် အဆင်သင့်မဖြစ်သေး။ သူသည် ဖခင်တစ်ယောက် ဖြစ်ရန်လည်း အသင့်မဖြစ်သေးပေ။ သူသည် သူ၏ ကံကြမ္မာကို ငြင်းဆန်ခဲ့သည်။ သူသည် သူ စိတ်ကူးယဉ်ထားသည့်ဘဝကိုသာ လိုချင်သည်။ သူ့အတွက် ဘုရားသခင်က ရွေးချယ်ပေးထားသည့်ဘဝကို မလိုချင်။ 'အမိုက်မှောင်' ဟု ခေါင်းစီးတပ်ကာ သူ ရေးထားသည့် စာပိုဒ်ထဲတွင် 'ပြန်လည်တွေးတောကြည့်သည့်အခါ သူ့ အပြုအမူကိုပင် သူ မကြိုက်နှစ်သက်ကြောင်း' ဖော်ပြထားပေသည်။ ယောသပ်သည် မာရိအား အပြစ်တင်သည်။ မာရိနှာကျင် ခံစားမှုကို သူ အလိုရှိသည်။ သူသည် အရာရာကို ငြင်းဆန်သည့် အဆင့်တွင် ရှိနေသည် ဖြစ်ရာ မာရိကိုလည်းမမြင်။ သူတို့နှစ်ဦးကို သိုင်းခြုံ ဝန်းရံထားသော အလင်းရောင်ကိုလည်းမမြင်။ သူ့အဖို့ အမိုက်မှောင် အတိဖုံးလျက် ရှိလေသည်။

## ဖခင်မဲ့မှု

လူအတော်များများသည် ဖခင်ဘဝကို ခံယူဖို့ရန် အချိန်အတန်ကြာသည့်တိုင် အဆင်သင့် မဖြစ်တတ်သေးကြောင်း တွေ့ရသည်။ လူအတော်များများသည် သူတို့၏ ကလေးများက သူတို့ကို ဖခင်အဖြစ် လိုအပ်နေသည် ဟူသော အချက်ကိုပင် ကောင်းစွာ သဘောမပေါက်ကြသေးပေ။ မိဘဘဝ စီမံကိန်း အမျိုးမျိုးသည်လည်း မိခင်ကိုသာ ဦးစားပေးကာ မိသားစုအတွက် ဖခင် ပြုရမည့်



လုပ်ငန်းဆောင်တာများ အကြောင်းကိုမူ အနည်းငယ်မျှသာ ဖော်ပြတတ်ကြသည်။ တတ်နိုင်သမျှ ဖခင်၏ အခန်းကဏ္ဍကို မေ့မှိန်ထားတတ်ကြသည်။ ဆေးရုံများနှင့် ရက်ကွက်တွင်း ဆေးခန်းများတွင် ကိုယ်ဝန်ဆောင် မိခင်လောင်းများအား မိခင်အခန်းကဏ္ဍကို တာဝန်ယူနိုင်ရေးအတွက် စိတ်ပိုင်းဆိုင်ရာ အထောက်အကူများ ပေးရုံသာမက မိခင်ဘဝ ကျွမ်းကျင်မှုများကို သင်ယူနိုင်ရေးအတွက် အခွင့်အလမ်းများစွာကို ဖွင့်ပေးလျက် ရှိကြသည်။ ဖခင်လောင်းတို့အတွက်မူ မည်သည့် အစီအစဉ်မျှမရှိ။ လုံးဝနတ္ထိ။ ဤသို့ ဖြစ်ရသည်မှာ အမေရိကန်ပြည်ထောင်စု တစ်ခုတည်းတွင်သာ မဟုတ်။ နော်ဝေနိုင်ငံနှင့် ဥရောပနိုင်ငံ အတော်များများတွင်လည်း ဤနည်းနှင်နှင်ပင် ဖြစ်သည်။ ဖခင်လောင်းများအား ပါးလိုက်သည့် အမှာစကား 'သူတို့ကို မိဘအဖြစ် သိပ် မျှော်လင့်ချက် မထားကြောင်းနှင့် ကလေးကို စောင့်ရှောက် ပြုစုပျိုးထောင်ရေး အတွက်လည်း ဘာမျှ မည်မည်ရရ လုပ်စရာမရှိကြောင်း' ဟူ၍သာ ဖြစ်ပေသည်။ မိဘအခန်းကဏ္ဍ ခံယူရေးနှင့် ကလေးကိုမွေးမြူ ပြုစုပျိုးထောင်မှု တာဝန်ယူရေး ကိစ္စရပ် အားလုံးကို မိခင်တစ်ဦးတည်း အပေါ်သို့သာ လွှဲအပ်ခဲ့ကြသည်။ လူ့အဖွဲ့အစည်း အတော်များများမှ လူအတော်များများသည် ယောက်ျားတို့၏အခန်းကဏ္ဍနှင့်ပတ်သက်၍ မိသားစုအတွက် စားဝတ်နေရေးတည်းဟူသော စီးပွားရေးပိုင်းဆိုင်ရာ အမိက တာဝန်ရှိသူများဟုသာ သတ်မှတ်ခဲ့ကြပေသည်။

မိသားစု၏ ရိုးရာလုပ်ငန်းတို့ကိုသာ ဆက်လက် လုပ်ကိုင်၍ အိမ်ထောင် ပြုကြွဲ၊ ပြတ်စဲကွာရှင်းမှုတို့ နည်းပါးလှသေးသည့် ထိုရှေးအချိန်ကမူ အထက်ပါ သတ်မှတ်ချက်သည် မည်သို့မျှ အကျိုးသက်ရောက်ခြင်း မရှိဟု ဆိုနိုင်ပါလိမ့်မည်။ သို့သော် ယနေ့အချိန်သည်ကား ယခင်နှင့်မတူ၊ တစ်မူ ထူးခြားခဲ့ပြီ။ အမေရိကန် ပြည်ထောင်စုအတွင်း ပြုလုပ်ထားသည့် လွှမ်းခြုံ လေ့လာမှုတစ်ခုအရ

သော် ဖခင်ငါးဦးအနက် တစ်ဦးသော ဖခင်သည် သူ့ကလေးကို မတွေ့ရသည်မှာ တစ်နှစ်ကျော်ပြီဟု သိရသည်။ ဆယ်ကျော်သက် အရွယ်တို့ကို လွှမ်းခြုံ လေ့လာမှုတစ်ခုအရလည်း ၅၂ ရာခိုင်နှုန်းသော ဆယ်ကျော်သက်ရွယ် ကလေးတို့သည် သူတို့ ဖခင်နှင့် မတွေ့ရသည်မှာ တစ်နှစ်ကျော်ပြီဟုလည်းကောင်း၊ ၁၆ ရာခိုင်နှုန်းသော ကလေးတို့သာ သူတို့ဖခင်နှင့် တစ်ပတ်လျှင် တစ်ကြိမ်ခန့် တွေ့ကြရသည်ဟု လည်းကောင်း သိရပေသည်။

မိဘတာဝန်ယူမှု၊ ကလေးမွေးမြူ ထိန်းသိမ်းမှုတို့နှင့် စပ်လျဉ်း၍ မိမိတို့ကိုယ်ကို လူပိုသက်သက် ဖြစ်သည်ဟု ယုံကြည်ကြသည့် အိမ်ထောင်ပျက်ခဲ့သူ အမျိုးသားအတော်များများသည် သူတို့၏ အိမ်ထောင်ရေးကိုသာမက သူတို့၏ ကလေးများကိုပါ စွန့်ပယ်ထားခဲ့သူများ ဖြစ်ကြောင်း တွေ့ရသည်။ သူတို့သည် ရုပ်ပိုင်းရော၊ စိတ်လှုပ်ရှားမှုပိုင်းအရပါ ကလေးတို့၏ ဘဝမှ လုံးဝစွန့်ခွာခဲ့ကြသူများ ဖြစ်ကြသည်။ ယင်းပြဿနာ၏ ကြီးမားမှုကို စာရင်းအင်းဇယားများအရ ထင်ရှားစွာ သိရသည်။ ၁၉၆၀ ပြည့်မှ ၁၉၉၀ ပြည့်အထိ ဆယ်စုနှစ်သုံးခုအတွင်း ဖခင်ရင်းနှင့် ခွဲခွာနေရသည့် ကလေး ရာခိုင်နှုန်းမှာ နှစ်ဆတိုးလာကြောင်း တွေ့ရသည်။ အတိအကျ ဖော်ပြရသော် ပထမ ဆယ်စုနှစ်အတွင်း ၁၇ ရာခိုင်နှုန်း ရှိရာမှ တတိယဆယ်စုနှစ်တွင် ၃၆ ရာခိုင်နှုန်းသို့ တိုးမြင့်လာသည်။ နှစ်ဆယ်ရာစုနှစ် အကုန်ပိုင်းလောက်တွင်မူ ၅၀ ရာခိုင်နှုန်းမျှသော ကလေးတို့သည် ဖခင်ရင်းတို့အား "မင်္ဂလာညပါ ဖေဖေ" ဟု နှုတ်ဆက်နိုင်ခွင့် မရှိဘဲ အိပ်ရာဝင်ကြရတော့မည် ဖြစ်သည်။

လူမှုရေးပညာရှင် ဒေးဗစ်ပိုပီနိုး **David Popenoe** က "ကျွန်တော်တို့ ခေတ်ကာလတွင် ဖခင်ဘဝ ကျဆုံးရခြင်းမှာ လွန်စွာ အခြေခံကျသည့် မျှော်လင့်မထားသော လူမှုရေးရေစီးကြောင်း တစ်ခုပင် ဖြစ်သည်" ဟု ဆိုကာ ဖခင်မဲ့မှုကြောင့် ကလေးများနှင့်



လူ့အဖွဲ့အစည်းအပေါ် သက်ရောက်သည့် ဆိုးကျိုးဆိုးပြစ်များ အကြောင်းကို လေ့လာမှု အထောက်အထား တသီတတန်းကြီး ဖော်ပြခဲ့ပေသည်။

ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် လည်းကောင်း၊ လူ့အဖွဲ့အစည်း အနေဖြင့်လည်းကောင်း ဖခင်ဘဝကို ငြင်းပယ်ခြင်းသည် ကျွန်တော်တို့ ကလေးများအပေါ် လွန်စွာ ကြီးမားသော အကျိုးသက်ရောက်မှု ရှိပါသည်။ ယောသပ်၏ ပုံပြင်တွင် ဖခင်ဘဝ ဝန်ခံခြင်းသည် စစ်မှန်၍ လိုအပ်သည်ဟူသော အချက်အရေးပါပုံကို ညွှန်ပြထားသည်။ ဘုရားသခင်သည် ဖခင်လိုအပ်နေသည့် ကလေးကို ပေးအပ်လိုက်သည်။ ပထမတွင် ယောသပ်သည် ယင်း အစစ်အမှန်တရားကို လက်မခံနိုင်ဘဲ ရှောင်ခွာ ထွက်ပြေးခဲ့သည်။ ယနေ့ခေတ် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းတွင် ယောသပ်လို လူစားအများကြီး ရှိနေသည်။ ကိုယ်ဝန်ကို အသိအမှတ်ပြုလိုက်ခြင်းသည် မိမိဘဝတွင်းသို့ ကလေးနှင့် မိခင်တို့ ပါဝင်လာမည်ဟူသော ဖခင်ဘဝ၏ ပထမအဆင့်ကို လက်ခံလိုက်ခြင်းပင် ဖြစ်သည်။ သို့သော်ယင်းကို ယောသပ်က လက်မခံနိုင်။ သင်နှင့် ဆက်စပ် ပတ်သက်သည့် အမျိုးသမီး တစ်ဦးထံမှ သူ့တွင် ကိုယ်ဝန်ရှိနေပြီဟူသော သတင်းကို ကြားရသည့် အခါတွင် သင့်ကိုယ်သင် မေးရမည့် မေးခွန်းတို့မှာ "ငါသည် သည် အမျိုးသမီးကို အသိအမှတ်ပြု၍ သည်ကိုယ်ဝန်ကိုလက်ခံကာ သည် ကလေးကို ငါ့သားအဖြစ် မှတ်ယူရမည်လား။ ငါသည် အမှန်တရား ကို လက်ခံနိုင်သလား။ ဖခင်ဘဝ တည်းဟူသော နှလုံးသားဝိညာဉ် ဆိုင်ရာ လမ်းစဉ်တွင် ပါဝင်သည့် အဆင့်များအတိုင်း ငါ လုပ်ဆောင် နိုင်ပါမည်လား"ဟူ၍ ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ယောသပ်၏ ပုံပြင်ကို ပြန်လှန်၍ ဖခင်ဘဝ ခံယူမှုနှင့် ပတ်သက်သည့် သူ၏ အဖြေများကို ရှာဖွေကြည့်ကြပါစို့။

## မည်းမှောင်သည့်လမ်း

ကျွန်ုပ်၏ စိတ်ထဲတွင် ကင်းမြီးကောက်များပါသည့် အိုးတစ်လုံး ရှိနေသည်ဟူသော ခံစားမှုမှတစ်ပါး (ထိုညက) မည်သည့်ဖြစ်ရပ်ကိုမျှ သတိမရတော့ပါ။ မာရီအကြောင်းကို စဉ်းစားလိုက်တိုင်း မီးခဲကို ကိုင်လိုက်ရသလို ပူပြင်း လောင်မြိုက်လှပါသည်။ ကျွန်ုပ်၏ စိတ်ထဲတွင် ဒေါသတည်းဟူသော အဆိပ်တို့ဖြင့် မွန်ထူလျက်ရှိသည်။ ကိုယ့်ကိုယ်ကိုယ်သနားသည့်စိတ်ကလည်း ကျွန်ုပ်ကို ထုထောင်းနှိပ်စက်လျက်ရှိသည်။ အရှေ့ဆီမှ အရုဏ်လာသည်အထိ ကျွန်ုပ်သည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိပါသည်။ ကျွန်ုပ်သည် မာရီ ခဲပေါက်ခံရသည်ကို မြင်လိုဇောဖြင့် ဒေါသ၏ စေခိုင်းချက်အတိုင်း ပြုမူရန် ကြံရွယ်၍ နှစ်ကြိမ်တိုင်တိုင် ရွာဆီသို့ ခြေဦးလှည့်မိသည်။ သို့သော် ကျွန်ုပ်သည် ရွာဆီသို့ မသွားဖြစ်ပါ။ ဆက်လက်၍သာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိပါသည်။

အရှေ့စွန်းက ပေါ်ထွန်းလာသော နေဝန်းသည် ကျွန်ုပ်အား အပူရှိန်ကိုသာပေး၍ အလင်းရောင်ကိုကား မပေးခဲ့ပါ။ ကျွန်ုပ်သည် အမှောင်ဖုံးသည့် စိတ်ဖြင့် ဆက်လက်လျှောက်နေမိသည်။ မိမိ ဘယ်ရောက်၍ ဘာဖြစ်နေသည်ကို သတိမမူမိအောင် ကျွန်ုပ်၌ မောဟအမှောင် ဖုံးလွှမ်းလျက် ရှိပါ၏။ မကြာမီပင် ကျွန်ုပ်သည် မိမိရှေ့က သွားနေသော လူတစ်စုအနားသို့ ချဉ်းကပ်မိပါသည်။ အကယ်၍သာ မောဟဖုံးမနေခဲ့လျှင် ကျွန်ုပ်သည် ထိုလူများ မည်သို့သော လူစားဖြစ်မှန်း ရိပ်မိကာ ရှောင်လွှဲသွားနိုင်မည် ဖြစ်သည်။ သို့သော် မောဟဖုံးနေသော ကျွန်ုပ်ကား ထိုသူတို့ ရှိရာသို့ တည့်တည့်ကြီး ဝင်တိုးမိပါသည်။ လာလာချင်း ဆောက်နှင့်ထွင်း ဆိုသကဲ့သို့ ထိုအုပ်စုထဲမှ လူတစ်ယောက်က ကျွန်ုပ်မှာပါသမျှကို တောင်းပါလေတော့သည်။ ကိုယ်ခန္ဓာထွားကျိုင်း၍ နှာခေါင်းကျိုးနေသည့် ကျောက်ပေါက်မာသက်သက်နှင့်လူက ကျွန်ုပ်၏လက်မှ အထုပ်ကို



အတင်းဆွဲယူလိုက်သည်။ ကျွန်ုပ်သည် လက်သမားတစ်ယောက်ဖြစ်သည်နှင့်အညီ တောင့်တင်း သန်မာသော လက်မောင်း၊ လက်ဖျံနှင့် လက်ချောင်းများရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဖျတ်ခနဲ ထိုလူကြီး၏ လက်ကိုဆွဲကာ လိမ်ချိုးလိုက်ပါသည်။ ထိုလူကြီး၏ ကျယ်လောင်စွာ အော်လိုက်သံနှင့်အတူ သူ့ တပည့်များ၏ ထိုးနှက်မှုတို့က ကျွန်ုပ် ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များပမာ ကျရောက်လာပါသည်။ ကျွန်ုပ်လည်း ဒေါသတကြီးဆဲရေး အော်ဟစ်ကာ မိမိအနားရှိ လူနှစ်ဦး၊ သုံးဦးတို့အား နှာနုကို ထိုးခြင်း၊ လက်ကို လိမ်ချိုးခြင်းဖြင့် ပြန်လည် တိုက်ခိုက်ပါသည်။ သို့သော် အများနှင့်တစ်ယောက်ဖြစ်ပေရာ နောက်ဆုံးတွင် ကျွန်ုပ်သာလျှင် အဝတ်ဗလာဖြင့် မသေရုံတမယ် ကျန်ရစ်ပါတော့သည်။ လူဆိုးများသည် မကြာခင် မြင့်တက်လာတော့မည့် ကန္တာရနေပူထဲတွင် ကျွန်ုပ် တမျှဉ်းမျှဉ်း အသက်ထွက်သွားလိမ့်မည်ဟု ယူဆကာ ကျွန်ုပ်အား ဤအတိုင်းပင် ပစ်ထားခဲ့ကြပါသည်။

## တောက်လောင်နေသည့် အလင်းရောင်

ကျွန်ုပ်သည် တစ်နေကုန် နေပူထဲတွင် လဲနေသည်။ နေမင်း၏ အပူရှိန်သည် ကျွန်ုပ်အား လောင်မြိုက်လျက် ရှိသည်။ ကျွန်ုပ်သည် ဝမ်းလျားထိုး၍ တရွေ့ရွေ့ သွားခဲ့ရာ ကျိုးပဲ့နေသည့် အရိုးများသည် ကျွန်ုပ် ခြေကို တရွတ်ဆွဲ၍ ပါလာသည်။ နေမင်း၏ အပူရှိန်နှင့် ရေငတ်မွတ်ခြင်းသည် ကျွန်ုပ်၏ ဇီဝိန်ကို မကြာမီ ခြွေတော့မည်ဟု ကျွန်ုပ်ခံစားမိသည်။ တစ်ကိုယ်လုံးလည်း မခံမရပ်နိုင်လောက်အောင်နာကျင်လျက်ရှိသည်။ ကျွန်ုပ်သည် ကယောင်ကတမ်း အော်ဟစ်ကာ ခြောက်သွေ့သော မျက်ရည်တို့ဖြင့် တရှိုက်မက်မက် ဖြစ်နေမိသည်။ ကျွန်ုပ်၏ လျှာမှာလည်း ထူပုစ်ရောင်ကိုင်းကာ ငါးခြောက်တစ်ပြားကို ပါးစပ်ထဲ ထည့်ထားသကဲ့သို့

ခံစားရသည်။ အကယ်၍ ဓားတစ်ချောင်းသာ ရှိခဲ့လျှင် ကျွန်ုပ်သည် မိမိ၏ လက်မောင်းသွေးကို ဖောက်သောက်မိပါလိမ့်မည်။

ကျွန်ုပ်၏ ဝိညာဉ်သည် မကြာမီပင် ကိုယ်မှ ခွာတော့မည်ဟု ခံစားရသည်။ ကိုက်ခဲ၊ နာကျင်၊ ပူလောင်မှုဒဏ်ကို မခံနိုင်သော ကျွန်ုပ်အဖို့ သေမင်းကိုသာ လက်ကမ်း ကြိုဆိုလိုပါတော့သည်။

ကျွန်ုပ်၏ မောဟကြောင့် ဖြစ်သော ဒေါသသည်ပင် ဤသေခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ကျွန်ုပ်သည် ဘုရားသခင် အမြန်ခေါ်ပါတော့ဟု ဆုတောင်းမိပါသည်။ ထိုအချိန်တွင် အလင်းရောင်တစ်ခုက ကျွန်ုပ်တစ်ကိုယ်လုံးကို လွှမ်းခြုံ လောင်မြိုက်သွားခဲ့သည်။

ကျွန်ုပ်၏ ကွဲနေသော နှုတ်ခမ်းနှင့် ရောင်အန်းနေသော လျှာပေါ်သို့ ရေတစ်ပေါက်ချင်း ကျဆင်းလာသည်ဟု ခံစားလိုက်ရသည်။ ရေသည် မျက်နှာပေါ်မှ လည်ပင်း၊ လည်ပင်းမှ ရင်ဘတ်သို့ ကျဆင်းလာသည်။ ရေ. . . ရေ. . . တစ်စက်ချင်း ကျဆင်းလာသော ရေများ။

အလက်ဇန္ဒရီးယားသို့ သွားသည့် လှည်းကုန်သည် အုပ်စုများသည် သူတို့သွားရာ ခရီးလမ်းဘေးမှ ကျွန်ုပ်အား တိရစ္ဆာန်သေတစ်ကောင်အဖြစ် သဘောထားကာ ဖြတ်ကျော်သွားကြသည်။ ကုလားအုတ်နှင့် ကုလားအုတ်မောင်းသမားများကလည်း ကျွန်ုပ်အား အသေကောင်သဖွယ် သဘောထားကာ ဖြတ်ကျော်သွားခဲ့ကြသည်။ သေငယ်ဇောနှင့် မြောနေသည့် ကြွက်တစ်ကောင်ကို မည်သူမျှ ဂရုမစိုက်သကဲ့သို့ ကျွန်ုပ်အားလည်း မည်သူမျှ ရပ်တန့်၍ ကူညီရန် မစဉ်းစားမိကြပေ။

ကျွန်ုပ်အား အကူအညီပေးရန် ရပ်တန့်လိုက်သော ပုဂ္ဂိုလ်ကား သာမန်လူသားတစ်ဦး မဖြစ်နိုင်ပါ။ ကျွန်ုပ် ပြန်လည် စဉ်းစားကြည့်ရာ ပထမဆုံး မှတ်မိသည့်အရာမှာ သူ၏အညိုဖျော့ရောင် မျက်လုံးများနှင့် အေးမြသည့် ရေကြည်အရသာပင် ဖြစ်ပါ၏။ သူ့အမည်မှာ ကာလီ Kahlil ဖြစ်သည်။ သူသည် အလက်ဇန္ဒရီးယားမြို့တော်မှ အချမ်းသာအကြွယ်ဝဆုံး ပုဂ္ဂိုလ်များစာရင်းတွင် ပါဝင်သူတစ်ဦး ဖြစ်သည်။ သူသည် သမားတော်တစ်ဦး၊ ကုန်သည် တစ်ယောက်၊ ခရီးသည်တစ်ဦး၊ ဆရာတစ်ဆူဖြစ်သည်။ သူသည် စိတ်ဓာတ်ခိုင်မာ၍ မေတ္တာတရား ပြည့်ဝသူလည်းဖြစ်သည်။ သူသည် ကျွန်ုပ်အား သေမင်းခံတွင်းမှ ကယ်တင်ကာ အလက်ဇန္ဒရီးယားမြို့တော်သို့ သူနှင့်အတူ ခေါ်လာခဲ့ပါသည်။ လမ်းခရီးတစ်လျှောက်တွင် သူသည် ကျွန်ုပ်၏ ကျိုးပဲ့နေသော အရိုးများကို ပြုပြင်ပေးကာ အနာတို့ကိုလည်း ဆေးထည့်ပေးခဲ့သည်။ ကျွန်ုပ်ပြောပြသည့် ဒုက္ခရောက် ဇာတ်လမ်းကိုလည်း အကြင်နာတရားဖြင့် နားထောင်သည်။ မာရီနှင့် ပတ်သက်၍မူ သူက စကားတစ်ခွန်းတည်းသာ ပြောခဲ့သည်ဟု မှတ်မိရာ ယင်းမှာ "မင်း သူ့ကို ချစ်တယ်လို့ ပြောတာ ငါ ကြားရတယ်" ဟူ၍ ဖြစ်ပါသတည်း။

ကျွန်ုပ်ကမူ ထိုကဲ့သို့ ပြောမိသည်ဟု မထင်မိပါ။ သို့သော် သူ့စကားတို့မှာ ကျွန်ုပ်၏ နားထဲတွင် စွဲကျန်ရစ်ခဲ့ပေသည်။

ကျွန်ုပ်တို့ အလက်ဇန္ဒရီးယား မြို့တော်သို့ နီးကပ်လာသည့် အခါ ဆရာကာလီက ဤသို့ ပြောပါသည်။ "ကျွန်ုပ်ရဲ့ ဥယျာဉ်ခြံမြေထဲမှာ အိမ်သေးသေးလေးတစ်လုံး ဆောက်ချင်တယ်။ ဘယ်ပုံဘယ်နည်း ဆောက်ရမယ်ဆိုတာ သင်ကပဲ ဦးဆောင် လမ်းညွှန်ပေးပါ။ ကျွန်ုပ် အဖိုးအခပေးပါ့မယ်" ကျွန်ုပ်အဖို့ကား မည်သို့ပြန်လည်တုံ့ပြန် ဖြေကြားရမည်ကိုပင် မစဉ်းစားတတ်တော့ပါ။

## ဒဏ်ရာဒဏ်ချက်တို့ ပျောက်ကင်းခြင်း

အလက်ဇန္ဒရီးယားမြို့တော်တွင် ယခု ကျွန်ုပ် စာရေးနေသည့် အိမ်ကလေးကို ဆရာကာလီနှင့် ကျွန်ုပ်တို့ ပူးပေါင်း ဆောက်လုပ်ခဲ့ကြသည်။ ဆရာကာလီနှင့် လက်သမားယောသပ်တို့ ရင်ပေါင်တန်း

၍ အလုပ်လုပ်ခဲ့ကြသည်။ ဆရာကာလီသည် လက်မ၊ လက်သည်းတို့၌ ထိခိုက်ဒဏ်ရာရလောက်အောင်သစ်များကို ထမ်းပိုး သယ်ဆောင်ပြုလုပ်ခဲ့သည်။ သစ်၏ အလှအပကိုလည်း သူ လေ့လာခဲ့သည်။ သစ်သား၏ အထူ အပါး၊ အကြမ်း အချော၊ စီဒါသစ်စတို့၏ သင်းပျံ့ပျံ့ မွှေးရနံ့တို့ကိုလည်း သူ ခံစား နားလည်ခဲ့သည်။ ကျွန်ုပ်တို့တွင် အကောင်းဆုံး သစ်သားများနှင့် အကောင်းဆုံး လက်သမားသုံး ကိရိယာတန်ဆာပလာများလည်း ရှိနေပေပြီ။ အလုပ် လုပ်ရင်းမှာပင် ရင်ထဲတွင် ကျိုးပဲ့ ပျက်စီးနေခဲ့သည့် အရာတို့ ပျောက်ကင်းချမ်းသာသွားကြောင်း ကျွန်ုပ် မှတ်မိနေပါသည်။ ကျွန်ုပ်၏ ဖခင်နှင့် ကျွန်ုပ်၏ ဦးလေးတို့သည် ကျွန်ုပ်အား တူကိုင်နည်း၊ လွှတိုက်နည်း၊ ရွှေပေါ်ထိုးနည်း၊ တံစဉ်းစားနည်း၊ ပဲခွပ်သုံးနည်းတို့ကို သင်ပြခဲ့ပုံကိုလည်း အမှတ်ရနေမိသည်။ သစ်သားဖြတ်နည်း၊ ကွေးနည်း၊ ပုံဖော်နည်း၊ ပန်းပုရုပ်လုံး ထုနည်းနှင့်တကွ ပြတင်းပေါင်ခွေနည်း၊ တံခါးမကြီး ပုံဖော်နည်း၊ စင်အဆင့်ဆင့် တည်ဆောက်နည်းတို့ကိုလည်း သူတို့ကပင် ကျွန်ုပ်အား သင်ကြားပေးခဲ့ပါသည်။

ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသား အလုပ် လုပ်ရင်း စကားစမြည် ပြောဖြစ်ကြသည်။ မကြာခဏ ဆိုသလို ကျွန်ုပ် ပြုလုပ်ထားသည့် ရက်မ၊ ထုပ်လျောက်ဒိုင်းမြား၊ ပြတင်းပေါင်၊ တံခါးမကြီးစသည်တို့အကြောင်း ပြောဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ မာရီအကြောင်း၊ မာရီနှင့် ကျွန်တော်တို့ အချင်းများပုံအကြောင်းတို့ကို ပြောဖြစ်သည်။ ယင်းကဲ့သို့ သူမအကြောင်းကို ပြောမိတိုင်း ရင်ထဲမှ ဝေဒနာသည် တဖြည်းဖြည်း သက်သာလာသည်။ သူမ၏ ချိုမြမြ အပြောနှင့် အပြုံးတို့ကိုလည်း ကြားယောင် မြင်ယောင်မိလာသည်။ ကျွန်ုပ်တို့ ဆယ်ကျော်သက်ဘဝ တစ်လျှောက်လုံး ငယ်ကျွမ်းဆွေများဖြစ်ခဲ့ကြပုံကိုလည်း သတိရတမ်းတမိသည်။ မှန်ပါသည်။ ကျွန်ုပ်သည် မာရီကို လွမ်းမောတသ သတိရနေမိပါပြီ။



ဆရာကာလီသည် ကျွန်ုပ်အဖို့ အစ်ကိုကြီးတစ်ဦးသဖွယ် ဖြစ်ပါသည်။ သူသည် လူတော်လူကောင်းတစ်ယောက် ဖြစ်ကာ ကျွန်ုပ်အားလည်း သူ၏ မိတ်ဆွေရင်းအဖြစ် တန်းတူထား၍ ဆက်ဆံသည်။ ကလျာဏမိတ္တကင်း၍ ဤလောကတွင် အဘယ်သူသည် ကြီးပွားနိုင်ပါအံ့နည်း။ ကလျာဏမိတ္တ (မိတ်ဆွေကောင်း) ဟူသည် အိမ်ထောင်တစ်ခု၏ အစိတ်အပိုင်းဟုလည်း ဆိုနိုင်သည်။ မိတ်ဆွေကောင်းသည် သင့်အကြောင်းကို အမှန်အတိုင်းသိ၍ သိသည့်အတိုင်း သင့်ကို ပြန်ပြောတတ်သူ ဖြစ်သည်။ လူတစ်ယောက်၏ အထီးကျန် ခံစားရမှုနှင့် ပူဆွေးသောက ရောက်မှုတို့ကို စစ်မှန်စွာ နားလည်၍ ကောင်းစွာ မျှဝေခံစားတတ်သူလည်း ဖြစ်သည်။ လူတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်သည်ကို ဖွင့်ဟ ဝန်ခံရန် တစ်ခါတလေ ရှက်ရွံ့တတ်ကြသည်။ သို့သော် သင့် နှလုံးသားထဲတွင် အခြားသူတစ်ယောက်ကို သိမ်းသွင်းမထားနိုင်ခဲ့သော် သင့်ဘဝသည် သေးသိမ်ညှိုးဖျော့သွားနိုင်ပေသည်။

အိမ်ကို လက်စသတ်မည့် နောက်ဆုံးနေ့ ညနေခင်းတွင် ကျွန်ုပ်တို့သည် သစ်သားပန်းပု ထွင်းထုထားသော စီဒါ တံခါးမကြီးကို တပ်ဆင်ကြသည်။ အဲဂုတ္တု ယစ်ရွှေရည်ကို သောက်သုံးရင်း ကျွန်ုပ်တို့ ဆရာတပည့် နှစ်ဦးသည် ပန်းခြံထဲတွင် လေညင်းခံနေကြသည်။ နေသည်ဝင်သွားပြီး ထူးဆန်းသော ကြယ်ကြီးတစ်လုံး ကောင်းကင်မှ ထွက်ပြူလာသည်။ ထိုကြယ်ကြီးမှ ကျွန်ုပ်တို့ တစ်သက်တာတွင် တစ်ခါမျှမမြင်ဘူးသော အလင်းရောင်များ ဖြာထွက်လာသည်။ ကျွန်ုပ်တို့ နှစ်ဦးသား တစ်ဦးကို တစ်ဦး အသိပေးသလိုလို ကြည့်မိကြသည်။ သို့သော် ဘာကို အသိပေးကြသည်ကိုမူ မသိကြ။

## ပထမ အိပ်မက်

ထိုညတွင် ကျွန်ုပ်သည် ပထမဆုံးအကြိမ် အကြီးကျယ်ဆုံးသော အိပ်မက်တစ်ခုကို မြင်မက်ပါသည်။ ကောင်းကင်မှ ကြယ်ကြီးသည် ရောင်စုံဖြာကာ မျက်စိကျိန်းမျှ လင်းလက် တောက်ပလျက်ရှိသည်။ ကျွန်ုပ် တစ်ကိုယ်လုံးပေါ်တွင် သွေးဝလျက်ရှိသောကင်းမြီးကောက်တို့ဖြင့် ဖုံးလွှမ်းကာ ပူပြင်းသည့် နေရှိန်ကြောင့်ကျွန်ုပ်၏ အရေပြားများ အက်ကွဲလျက်ရှိသည်။

ကျွန်ုပ်၏ လက်ထဲတွင် ကျောက်တုံးများကို ဆုပ်ကိုင်လျက်ကျွန်ုပ်၏ ရင်ထဲတွင် သတ်ဖြတ်ချင်သည့် စိတ်တို့ မွှန်းကျပ် ပြည့်သိပ်လျက်ရှိသည်။

ထို့နောက် ကျွန်ုပ်သည် မာရီနှင့် သူ့ နောက်ပါးမှာ ရပ်နေသော ကောင်းကင်တမန်တို့ကို မြင်ရသည်။

ကြည်လင်တောက်ပသော အလင်းရောင်တွင် ကျွန်ုပ်သည် မာရီ၏ မျက်နှာကိုလည်းကောင်း၊ မျက်လုံးများကိုလည်းကောင်း ထင်ရှားစွာ မြင်နေရပြီး သူမ ကျွန်ုပ်အပေါ် မည်မျှ ချစ်ခဲ့သည်ကိုလည်း သတိရနေမိသည်။

ကျွန်ုပ်၏ အသည်းနှလုံးကလည်း ကျွန်ုပ် မာရီကို မည်မျှချစ်ကြောင်း ခံစားရပါသည်။

ကျွန်ုပ်သည် လက်ထဲမှ ကျောက်တုံးများကို လွှတ်ချလိုက်သည်။

ပူလောင်နေသော ကျွန်ုပ်၏ ခန္ဓာကိုယ်ပေါ်မှ ကင်းမြီးကောက်များ လိမ့်ဆင်းသွားကြလေ၏။

ကျွန်ုပ်သည် ကြည်လင် အေးမြသော စမ်းချောင်းရှိရာသို့ သွားသကဲ့သို့ မာရီထံ ချဉ်းကပ်ခဲ့သည်။

ကျွန်ုပ်သည် သူမ ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်၏။

ကောင်းကင်တမန်နှင့် မာရီတို့သည် ကျွန်ုပ်၏ ပူလောင်နေသော ဦးခေါင်းနှင့် ကိုယ်ခန္ဓာပေါ်သို့ အေးမြသည့် ရေစင်တို့ကို သွန်းလောင်းချလိုက်ကြသည်။

သန့်ရှင်း မွှေးချိုသော ရေသည် ကျွန်ုပ်၏ တစ်ကိုယ်လုံး နေရာမလပ် စိုရွှဲ အေးမြစေခဲ့သည်။

ကောင်းကင်တမန်က "ဘုရားသခင်သည် မာရီနှင့် ကျွန်ုပ်တို့ထံ ကလေးတစ်ယောက်ကို စေလွှတ်လိုက်ကြောင်း၊ ထိုကလေးသည် အခြားကလေးများနည်းတူ ဖခင်တစ်ယောက် လိုအပ်ကြောင်း၊ ထိုကလေး အရွယ်ရောက်သည်အထိ မေတ္တာဖြင့် ဂရုတစိုက် ပြုစုစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ သို့မှသာ အရွယ်ရောက်သည့်အခါ သူ့ကံကြမ္မာ၏ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်နိုင်လိမ့်မည် ဖြစ်ကြောင်း" ပြောပြပါသည်။

ကျွန်ုပ်သည် ဒူးထောက်လျက်ကပင် မာရီနှင့် သူ လွယ်ထားရသည့် သန္ဓေသားကို ပွေ့ဖိုက်မိပါသည်။

ဤတွင် ကျွန်ုပ် ရုတ်တရက် လန့်နိုးလာပါသည်။ အဲဂုတ္တု၏ ညမှာ ခပ်နွေးနွေးပင် ရှိနေပါသည်။

ကျွန်ုပ်သည် လင်းလက် တောက်ပနေသော ကြယ်အသစ်ကြီးတစ်လုံးကို မြင်ရသည်။ ထိုအချိန်တွင် ကျွန်ုပ်သည် မျက်ရည်များ ယိုစီးလျက် တုန်တခိုက်ခိုက် ရှိနေခဲ့ပါသည်။

စံပယ်ရနံ့ သင်းပျံ့သော ဥယျာဉ်ထဲ၌ တစ်ညလုံး ကျွန်ုပ်ထိုင် နေခဲ့ပါသည်။ ထူးဆန်းသော ကြယ်ကြီးထံမှ အလင်းရောင်တို့သည် ကျွန်ုပ် တစ်ကိုယ်လုံး အပေါ်သို့ ဖြာဆင်းကျကာ ပတ်ဝန်းကျင်တစ်ခုလုံးကို ထိန်လင်းစေခဲ့သည်။

## အိမ်အပြန်ခရီး

အလက်ဇန္ဒရီးယား မြို့တော်မှ သဘော်ထွက်ခွာမည့် နံနက်ခင်းသည်ကား တောက်ပ ကြည်လင်လျက် ရှိသည်။

ဆောင်းဦးရာသီ၏ ကောင်းကင်ထက်မှ နေမင်းသည်ပင် အေးချမ်းသည့်အသွင်ကို ဆောင်နေသည်။

ကျွန်ုပ်သည် အလက်ဇန္ဒရီးယား မြို့တော်မှ ထွက်ခွာမည့် ဆရာကာလီ၏ သင်္ဘောတစ်စီးပေါ်တွင် ရှိနေပါသည်။

ကျွန်ုပ်သည် နှုတ်ဆက် ခွဲခွာရမည့် အရေးအတွက် ဝမ်းနည်းပူဆွေးလျက် ရှိပါသည်။ ကျွန်ုပ်၏ အသက်ကို ကယ်တင်ကာ ကျွန်ုပ်၏ စိတ်ဓာတ်ကို ပြန်လည် မြှင့်တင်ပေးခဲ့သော ထို အဆွေခင်ပွန်းကောင်းအား ကျွန်ုပ် အဘယ်မှာလျှင် နှုတ်ဆက်စကား ပြောကြားချင်ပါမည်နည်း။

ကျွန်ုပ်သည် ပညာရည်ဖြင့် ကြည်လင် ရွှန်းလက်နေသော ဆရာကာလီ၏ မျက်လုံးအစုံကို ကြည့်ရှုငေးမောကာ ထို အဆွေခင်ပွန်းကောင်းကို ဤတစ်သက်တာတွင် ပြန်မတွေ့ရတော့ပြီတကားဟု တွေးတောနေမိပါသည်။

သူသည် ကျွန်ုပ်အား ချစ်ကြည်စွာ ပွေ့ဖက်၍ "ဘေးကင်းချမ်းသာစွာ လိုရာခရီးကို ဆက်ပေတော့ ယောသပ်။ ကျွန်ုပ်ကိုယ်တိုင်လည်း သင်ကဲ့သို့ပင် ကြယ်ကြီးကို မြင်ခဲ့ပါတယ်။ ယင်းကြယ်ကြီးသည် ကျွန်ုပ်တို့ နှစ်ဦးစလုံးအဖို့ အရေးပါ အဓိပ္ပာယ်ပြည့်ဝသည့် ကြယ်ကြီးဖြစ်ပါလိမ့်မည်" ဟု ဆိုပါသည်။

ထိုအချိန်ကမူ ကျွန်ုပ်သည် ယင်းကဲ့သို့ မတွေးတောမိပါ။ ကျွန်ုပ်သည် မိမိ ရပ်ရွာဒေသသို့ ပြန်သွားမည်။ ငယ်ချစ် မာရိနှင့် လက်ထပ်ကာ သာမန်လက်သမားတစ်ဦးဘဝဖြင့် အရိုးထုတ်တော့မည်ဟုသာ တွေးနေမိပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘဝကို ကျွန်ုပ်ဘာသာ ထိန်းကျောင်းနိုင်ခဲ့ပြီ။ ကျွန်ုပ် ဘဝခရီးကိုလည်း ကျွန်ုပ်ဘာသာ ဆက်လျှောက်ရတော့မည်ဟုလည်း ယုံကြည်မိပါသည်။



ယခုအခါတွင်မူ ကျွန်ုပ် ကောင်းစွာ သဘောပေါက်ခဲ့ပါပြီ။ ကိုယ့်ဘဝကို ကိုယ်ပိုင်ပြီ။ ကိုယ့် စီမံကိန်းကို ကိုယ့်ဘာသာ အကောင်အထည်ဖော်ကာ ကိုယ့်လမ်း ကိုယ်လျှောက်မည်ဟု ပြောခြင်းသည် ဘုရားသခင်အဖို့ အကောင်းဆုံးသော ပြက်လုံးဖြစ်ကြောင်းကို ကျွန်ုပ် ယခုအခါ ကောင်းစွာသဘောပေါက်ခဲ့ပါပြီ။

ကျွန်ုပ်သည် ဂါလီလဲသို့ ထွက်မည့် သင်္ဘောဦးပိုင်းတွင် ထိုင်နေပါသည်။ ပတ်ဝန်းကျင်တွင်ကား လှေများ၊ သင်္ဘောများသည် ရွက်တလူလူ လွင့်ကာ လှုပ်ရှားနေကြသည် ဖြစ်ရာ ပင်လယ်ရေပြာပြာထက်တွင် ဖြူဖြူဖွေးသည့် ငှက်တို့ အလှိုင်းလှိုင်း ထလျက်ရှိပါသည်။ ရှေ့ နောက် ဝဲ ယာ ဦးတည့်ရာသို့ လှုပ်ရှားနေသော လှိုင်းငယ်ကလေးများအနက် တစ်ခုစီသည်ပင် ဘဝကံကြမ္မာတစ်မျိုး ဖြစ်ဟန်တူပါသည်။ ကျွန်ုပ်၏ ရှေ့ဆက်ရမည့် ဘဝခရီးတွင်လည်း မာရိနှင့် ကျွန်ုပ်တို့ မည်သို့မျှ မတွေးထင် မမှန်းဆတတ်သော ကံကြမ္မာမျိုးသည် ရှိနေလိမ့်မည်မှာ သေချာပါသည်။

(ဘာသာပြန်သူ၏ မှတ်ချက်။ ။ ပထမ တရက်တိတ်၊ ဤတွင် ပြီးဆုံးပြီ။)

## ကိုဒိုက် (၁) တရက်တိတ် (၂)

## ဂါလီလဲသို့ ပြန်ရောက်ခြင်း

ဤသို့ဖြင့် ကျွန်ုပ် ဂါလီလဲသို့ ပြန်ရောက်ခဲ့သည်။ ဆောင်းဦးရာသီ၏ နှောင်းပိုင်းဖြစ်၍ ကောင်းကင်သည် အပြာရင့်ရောင်ဖြင့် ကြည်လင်တောက်ပလျက်ရှိသည်။ လေတဟူးဟူး တိုက်ကာ အေးစိမ့်နေသည်။

သင်္ဘောပေါ်မှ ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် မွေးရပ်မြေကို နှင်းမိပြီ။ နောက်ဆုံးတွင် ကိုယ့်အိမ် ကိုယ့်ယာသို့ ပြန်ရောက်

ခဲ့ပေပြီ။ ဈေးအတွင်းမှ အသားညှီနံ့နှင့် ဟင်းခတ်မဆလာ အမွှေးအကြိုင်နံ့များသည် ကျွန်ုပ်၏ နှာဝကို ချကြသည်။ အသံများ ကျွန်ုပ်တို့ ဘာသာစကားဖြင့် ပြောကြ ဆိုကြ အော်ကြ ဟစ်ကြသံများသည် ကျွန်ုပ် နားဝဝယ် လာဆူကြသည်။ နောက်ဆုံးတော့ ကိုယ့်အိမ် ကိုယ် ပြန်ရောက်ခဲ့ပေပြီ။

ကျွန်ုပ်၏ ရှေ့တွင် ဘဝလမ်းခရီးသည် ဖြောင့်ဖြူးလျက် ရှိသည်။ ထိုအချိန်က ကျွန်ုပ်အဖို့ အိမ်အမြန် ရောက်လိုစိတ်၊ မာရီနှင့် တွေ့လိုစိတ်မှတစ်ပါး အခြားဘာမျှမရှိ။ သို့စင်လျက် ကျွန်ုပ်သည် တစ်နေကုန် သင်္ဘောသားများနှင့်အတူ ကုန်စည်များ ဆိပ်ကမ်းပေါ်သို့ ချသည့် အလုပ်ကို လိုက်လုပ်နေမိသည်။ ဥယျာဉ်ထဲက အိမ်ဆောက်ခရသည့် ငွေတို့ကို ကျွန်ုပ် ကောင်းစွာ စုဆောင်းထားသည်။ ကျွန်ုပ်အဖို့ နောက်လတွင် သားနှင့် မယားနှင့် ဖြစ်တော့မည်မို့ ဘာတွေ လိုအပ်လိမ့်မည်ကို မခန့်မှန်းတတ်ပါ။ မည်သည့်နည်းနှင့်မဆို ငွေလိုအပ်မည်ဆိုတာကိုတော့ သိနေပါသည်။ ထိုနေ့က အိမ်သို့ မသွားဘဲ သင်္ဘောဆိပ်တွင် ကုန်ချရင်း နားနေမိသည်မှာ မှန်ကန်ကြောင်း နောက်ပိုင်းတွင် သိရပါသည်။

သင်္ဘောဆိပ်ဟူသည် အတင်းအဖျင်း ပြောလိုသူများ ပြည့်နှက်သည့် နေရာတစ်ခု ဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ သတင်းဟူသမျှကို သင်္ဘောဆိပ်မှအလျင်သိရသည်။ ယင်းတို့အနက် အများစုမှာ မုသာဝါဒများ၊ လုပ်ဇာတ်များ ဖြစ်ကြသော်လည်း အချို့တို့မှာမူ သစ္စာမျိုးစေ့ ပါဝင်လေ့ ရှိပါသည်။ ကျွန်ုပ်သည် အလက်ဇန္ဒရီးယားမှ ကုန်များကို ချရင်း ကျွန်ုပ်နှင့် ညီအစ်ကို ဝမ်းကွဲတော်သူ သင်္ဘောဆိပ် အလုပ်သမားတစ်ဦးနှင့် စကားစပ်မိကြပါသည်။ သူက "ခင်ဗျား ဦးလေးဟာ မာရီနဲ့ သူ့ မိသားစုကို စိတ်ဒုက္ခရောက်အောင် အတော်လုပ်တာပဲ။ ခင်ဗျား ထွက်သွားတာဟာ သူတို့ကြောင့် အရှုပ်[illegible] ဘကျိုးနည်းမှာကို မြင်လို့ ထွက်သွားတာလို့ ပြောတယ်။



အထူးသဖြင့် မာရီဟာ ခရီးသွား လှည်းကုန်သည်တွေနဲ့ရတဲ့ မျိုးမစစ် ကိုယ်ဝန်ကို ဆောင်ထားရတယ်ဆိုတာ ခင်ဗျားသိတော့ ရှက်လွန်းလို့ ဆိုပြီး ထွက်သွားတာ ဖြစ်တယ်လို့ ခင်ဗျားဦးလေးက လူတကာကို လိုက်ပြောနေတယ်" ဟု ပြောပါသည်။ ထို့နောက် ကောက်ကျစ်စဉ်းလဲသည့် အမူအရာဖြင့် ကျွန်ုပ်ဘက် လှည့်ကြည့်ကာ "အဲဒါ အမှန်ပဲလား ဟင်" ဟု မေးပါတော့သည်။ သူ့ မျက်နှာပေါ်မှ အမူအရာကို ကျွန်ုပ် လုံးဝ မနှစ်သက်ပါ။ သို့သော် ကျွန်ုပ်၏ မျက်နှာပေါ်မှ အမူအရာကို သူ မနှစ်သက်ခြင်းက ပိုမို လွန်ကဲဟန် တူပါသည်။ ထို့ကြောင့် သူသည် အလျင်အမြန် လှည့်ထွက်သွားကာ "ကျွန်ုပ်ကတော့ ခင်ဗျား ဦးလေး ပြောတာကို ပြန်ပြောရတာပဲ။ သူက နေရာတကာမှာ တွေ့ကရာလူတွေကို မာရီဟာ မိန်းမရွှင် ဖြစ်တယ်။ သူ့ ကိုယ်ဝန်ဟာလည်း မိစ္ဆာဒိဋ္ဌိရဲ့ ကိုယ်ဝန်ဖြစ်တယ်လို့ လျှောက် ပြောနေတယ်" ဟု ထပ်ပြောပြန်ပါသည်။ ထိုသို့ ပြောပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ် တစ်ကိုယ်လုံး ဒေါသမီးဟုန်းဟုန်းတောက်ကာ သူ့ မျက်နှာကို ဆွဲထိုးလိုက်ရာ နှာခေါင်းရိုး ကျိုးသွားပါလေတော့သည်။ ကျွန်ုပ်လည်း သင်္ဘောဆိသို့ ပြန်လာခဲ့ပါသည်။

ကျွန်ုပ်သည် ရှက်လွန်းသဖြင့် အဲဂုတ္တုပြည်သို့ ပြန်ပြေးချင်စိတ် ပေါ်မိသည်။ မွေးရပ်ဌာနေတွင် ကျွန်ုပ် ရင်ဆိုင် ဖြေရှင်းရမည့် ပြဿနာတို့မှာ ကြီးမား များပြားလှသဖြင့် ကျွန်ုပ် စွမ်းမှ စွမ်းဆောင်နိုင်ပါမည်လားဟု တအားငယ်မိပါသေးသည်။ ကောက်ကျစ် စဉ်းလဲသည့် အကြည့်များ၊ မထီတရီအပြုံးများနှင့် တီးတိုး တီးတိုး သဖန်းပိုးလုပ်သံများကို ကျွန်ုပ် မမြင်လို၊ မတွေ့လို၊ မကြားလို။ ကျွန်ုပ်တို့အပေါ် မာရီမည်သည့် ဖြစ်မှုကျူးလွန်ခဲ့သနည်း။ ကျွန်ုပ်သည် ဦးလေးနှင့် ဘယ်နည်းဘယ်ပုံ ဆက်လက်နေထိုင်သွားရပါမည်နည်း။

ဒေါသ အတန်ငယ် ပြေသွားသည့်အခါ ကျွန်ုပ်သည် မာရီအကြောင်းနှင့် ကျွန်ုပ်၏ အိပ်မက်အကြောင်းကို ပြန်လည် စဉ်းစား

ဆင်ခြင်မိပါသည်။ အဲဂုတ္တုပြည်သို့ ပြန်သွားခြင်းသည် ခွင့်လွှတ်သည့် အမှုအကျင့်မဟုတ်။ သိုးငယ်တို့၏ သဘာဝသာ ဖြစ်သည်။ ကျွန်ုပ်သည် မာရိကို ချစ်သည်။ ထို့ကြောင့် ဤကလေး၏ ဖခင်အဖြစ် ကျွန်ုပ် ခံယူမည်။ ဤကိစ္စအတွက် ကျွန်ုပ်အဖို့ သတ္တိရှိရန်သာ လိုအပ်ပါသည်။

ကျွန်ုပ်သည် သဘော်ဆိပ်သို့ ပြန်သွားကာကျွန်ုပ်၏ ညီအစ်ကိုဝမ်းကွဲ တော်စပ်သူ ဣဇက်နှင့် တွေ့ဆုံပါသည်။ "ဣဇက် ငါဟာ မာရိကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ရတာ မဟုတ်တဲ့ အတွက် ဘယ်ကိုမှ ပြန်သွားစရာ မလိုတော့ဘူး။ ငါဟာ ငါ့ရဲ့ သတ္တိကြောင်မှုအတွက်သာ ရှက်ခြင်း ဖြစ်တယ်။ ကလေးဟာလည်း ငါ့ကလေးပါပဲ။ ငါဟာ ကလေးရဲ့ ဖခင်ပဲ။ ဘုရားသခင်က ဒီကလေးကို ငါတို့အား ပေးသနားခြင်း ဖြစ်တယ်။ ဒါကြောင့် ငါဟာ ပြန်လာပြီး မာရိနဲ့ လက်ထပ်ရမယ်။ ကလေးကိုလည်း မွေးမြူ ထိန်းသိမ်းစောင့်ရှောက်ရမယ်။ မာရိနဲ့ ကလေးကို ငါဟာ မိသားစုရဲ့ အကြီးအကဲ၊ ဖခင်တစ်ယောက်အဖြစ် ဆက်လက် စောင့်ရှောက်သွားရမှာ ဖြစ်တယ်" ဟု ပြောချလိုက်ပါသည်။

"ဒီကလေးဟာ ငါ့ကလေးပဲ" ကျွန်ုပ် ရဲရဲကြီး ထပ်ပြောလိုက်သည်။

ထို့နောက် သူတို့အား ကျောခိုင်းကာ ကျွန်ုပ် လုပ်လက်စအလုပ်ကို ဆက်လုပ်သည်။ ကျွန်ုပ်၏ တစ်ကိုယ်လုံး ချွေးတွေ ဖုံးနေသည်။ ကျွန်ုပ်၏ နောက်ကျောဘက်ဆီမှ တီးတိုး ပြောဆိုသံတို့ကို မသဲမကွဲ ကြားနေရသည်။ နေဝင်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ဦးလေးအိမ် ရှိရာသို့ လာခဲ့သည်။ "ကျွန်ုပ် ပြန်ရောက်ပြီ ဆိုသောသတင်း၊ မာရိနှင့် ကလေးတို့ကို ကျွန်ုပ်က ကြည်ဖြူစွာ လက်ခံသည်ဟူသော သတင်းတို့သည် ကျွန်ုပ်အလျင် ဦးလေး၏ အိမ်ဂေဟာသို့ ကျိန်းသေပေါက် ရောက်နေလိမ့်မည်ကို ကျွန်ုပ် ကောင်းစွာ ရိပ်စားမိပါသည်။



ဦးလေး၏ အိမ်ပေါက် ရောက်သည့် အခါတွင်ကား မုန်တိုင်းငယ် တစ်ခုက ကျွန်ုပ်အား စောင့်ကြိုလျက် ရှိကြောင်း သိလိုက်ရသည်။ ကျွန်ုပ်၏ ဦးလေးသည် လူကောင်းတစ်ယောက် ဖြစ်ပါ၏။ သူသည် သူ့ညီ (ကျွန်ုပ်၏ အဖေ) အနိစ္စရောက်သွားသောအခါ ကျွန်ုပ်အား သူ့သားအဖြစ် မွေးမြူစောင့်ရှောက်ခဲ့ပါ၏။ သူတို့ ညီအစ်ကို နှစ်ဦးလုံးသည် လက်သမား အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။ ကျွန်ုပ်၏ မိဘနှစ်ပါးသည် ငါးပိုက်ချရင်းပင်လယ်တွင်း၌ မုန်တိုင်းမိ၍ အသက်ဆုံးရှုံးခဲ့ကြသည်။ ထိုအခါ ဦးလေးသည် ကျွန်ုပ်အား သူ့အိမ်သို့ခေါ်၍သားအရင်းတစ်ယောက်ပမာ ပြုစုပျိုးထောင်ကာ လက်သမားပညာကို သင်ကြားပေးခဲ့ပါသည်။ ကျွန်ုပ်၏ ဦးလေးသည် လူကောင်းတစ်ယောက် ဖြစ်၏ဟု ကျွန်ုပ်ဆိုခဲ့သည်။ မှန်ပါသည်။ သူသည် သူ့နည်း သူ့ဟန်နှင့် ကောင်းလွန်းသောလူတစ်ယောက် ဖြစ်နေပါသည်။ ကျွန်ုပ်ဆိုလိုရင်းမှာ သူသည် အမှန်နှင့် အမှားကို ခွဲခြားသည့် ဥပဒေများရှိသည့်အနက် အမှန်တရားကိုသာ ဦးစားပေး၍ သူ့ကိုယ်သူ အမြဲတမ်း မှန်ကန်သည်ဟု ယူဆသူ ဖြစ်၏။ ကျွန်ုပ်၏ ကိစ္စတွင်လည်း သူသည် အမှန်ဘက်မှ ရပ်တည်သည်ဟုဆိုကာ မာရိနှင့် ကလေးတို့အပေါ် တရားမျှတစွာ ဆုံးဖြတ်မှု မပြုနိုင်ခဲ့ပါ။ မှန်လွန်းခြင်းသည် တစ်ခါတစ်ရံ တရားမျှတမှုမရှိ ဖြစ်တတ်ပါသည်။

ဦးလေးသည် ဘယ်သောအခါကမျှ မာရိကို လိုလားနှစ်သက်ခြင်းမရှိခဲ့ပါ။ မာရိကလေးဘဝကပင် ဦးလေးသည် သူမ၏ အမူအရာ၊ အပြောအဆိုတို့ကို မနှစ်သက်ခဲ့ပါ။ ဦးလေးက သူ့အပြောအရ မိသားစုကောင်းကောင်းတစ်ခု တည်ဆောက်လိုသည်ဟု ဆိုပါသည်။ ယခုအခါတွင် မာရိ၏ အခြေအနေမှာ မိသားစုကောင်းတစ်ခု တည်ဆောက်ရေးအတွက် မဖြစ်နိုင်တော့ပါ။ ဦးလေးအား ဆင်ခြေတက်ဖို့လည်း မလွယ်လှပါ။ "အမှိုက်တွေ၊ အညစ်

အကြေးတွေ၊ မစင်တွေ၊ ငါ့အိမ်မှာ သူ့ နာမည်ကိုတောင် မကြားချင်ဘူး” ဟု ဦးလေးက အော်ဟစ် ပြောဆိုပါသည်။ “မိန်းမခန်းဝင်ပစ္စည်းတွေ ပြန်သိမ်းပြီး သူ့ကိုလည်း ခဲနဲ့ ပစ်မောင်းထုတ်ဖို့ လိုတယ်။ ငါ အခုပဲ ဒီကိစ္စအတွက် ရဟူဒီဘုန်းကြီးတွေနဲ့ ပြောဆိုခဲ့ပြီးပြီ။ မင်းပြန်လာလိမ့်မယ်ဆိုတာ ငါ သိတယ်။ မင်းမှာ မာနရှိတယ်။ ဂုဏ်သိက္ခာရှိတယ်။ တစ်နေ့နေ့မှာ မင်းဟာ ဆင်ခြင်တုံတရားရှိသူ ဖြစ်လာလိမ့်မယ်ဆိုတာ ငါ အသိပဲ ဖြစ်တယ်။ သူမ မကြာခင် သေရမယ်။ ဒါမှ ငါတို့လည်း ကိုယ့်သိက္ခာကိုယ် ပြန်ဆယ်နိုင်လိမ့်မယ်။ မင်းလည်း မိန်းမလိုချင်သေးရင် ရှာလို့ကို ယူနိုင်တယ်။ မမိုက်ချင်စမ်းပါနဲ့ ယောသပ်ရယ်။ မပြောနဲ့. . . မပြောနဲ့ ဘာမှ ထပ်ပြောမနေနဲ့။ အခု လောလောဆယ်မှာ မင်း အခန်းထဲ ဝင်ပြီး အပြန်အလှန် စဉ်းစားကြည့်။ မနက်ဖြန်မနက်ကျတော့ တို့ တူအရီး ရဟူဒီဘုန်းကြီးဆီ သွားကြတာပေါ့။ သူမကို ခဲနဲ့ ပစ်ပေါက် နှင်ထုတ်လို့လည်းပြီးရော ကိစ္စလည်း ပြတ်ကရောပေါ့လကွာ” ဟု ဦးလေးက လေရှည်ကြီးဖြင့် ပြောပါတော့သည်။

ကျွန်ုပ် ဘာမျှ ပြန်မပြောပါ။ ဦးလေးသည် အမြဲတမ်း ကျွန်ုပ်အပေါ် ဗိုလ်ကျစိုးမိုးခဲ့သည်ဖြစ်ရာ ယခုလည်း သူ့သြဇာ ညောင်းလျက်ပင် ရှိပါသည်။ သူသည် သူ့ကိုယ် သူ အမြဲတမ်း မှန်ကန်သူဟု ထင်လျက်ပါ။ ထို့ကြောင့် ကျွန်ုပ်သည် တိတ်ဆိတ်စွာ ကိုယ့်အခန်းသို့ သွားကာ စဉ်းစားသမှု ပြုရပါတော့သည်။

ကျွန်ုပ် အိမ်ပြန်ရောက်ခဲ့ပြီ။ ကျွန်ုပ်၏ ဦးလေးသည် အစစအရာရာကို သူ့ စိတ်တိုင်းကျ စီမံလိမ့်မည် ဖြစ်သည်။ ကျွန်ုပ်အဖို့ ဘဝကောင်းတစ်ခုကို သူ ဖန်တီးပေးလိမ့်မည်။ ရှက်ရွံ့စရာ မရှိသော ဂုဏ်သိက္ခာပြည့်ဝသော ဘဝကောင်းတစ်ခု ဖြစ်သည်။ ချမ်းသာကြွယ်ဝသော ကုန်သည်ကြီး၏သမီး ရှာလို့နှင့် လက်ထပ်၍ မိသားစုတစ်ခုကို တည်ဆောက်ရလိမ့်မည်။ အဘယ့်ကြောင့် ကျွန်ုပ် ထိုသို့



မလုပ်သင့်ပါသနည်း။ ကျွန်ုပ် အလေးအနက် စဉ်းစားရပါလိမ့်မည်။

ကလေးအားလုံးသည် ဘုရားသခင်၏ ချီးမြှင့်မှုပင် ဖြစ်သည်။ ဤကလေးသည်လည်း ဘုရားသခင် ချီးမြှင့်သည့် ကလေးပင်မဟုတ်လော။ သို့သော် လုံးဝ မဟုတ်ပါ။ ဤကလေးသည် မိစ္ဆာဒိဋ္ဌိကလေးဖြစ်သည်။ မျိုးမစစ်သော၊ ညစ်ပတ်သော၊ ဘုရားရှိခိုးကျောင်းထဲသို့ ခြေချရန်ပင် မသင့်တော်သောကလေး ဖြစ်သည်။ ဤမျှ ရှုပ်ထွေး ပွေလီသည့် ကလိမ်ချဇာတ်အတွင်းသို့ သက်ဆင်းရန် ကျွန်ုပ် ဘာ့ကြောင့်များ စဉ်းစားနေမိပါသနည်း။

ကျွန်ုပ်အပေါ် တစ်ချိန်လုံး ကောင်းခဲ့သော ကျွန်ုပ်၏ ဦးလေးကို ကျွန်ုပ် မည်သည့်အတွက် အရှက်တကွဲ အကျိုးနည်း ဖြစ်စေချင်ပါမည်နည်း။ ဤကိစ္စရပ်များအားလုံး ကျွန်ုပ်၏ ဦးနှောက်ထဲတွင် ချာချာလည် ဝဲလှည့်လျက်ရှိသည်။ ခက်ခဲသောဆုံးဖြတ်ချက်ဟူသမျှသည် အလွယ်တကူ ပေါ်ထွက်လာသည်မဟုတ်။ ဇွဲကာဝိုက်ကာ လိမ်ကာ လှည့်ကာဖြင့် တဖြည်းဖြည်းချင်းသာ ပေါ်ထွက်လာတတ်သည်။ ထိုညက ကျွန်ုပ် အိပ်မပျော်နိုင်ခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်သည် အိမ်ပြင်ထွက်၍ လမ်းလျှောက်ခဲ့သည်။ ကောင်းကင်ထက်တွင်ကား ထူးဆန်းသော ကြယ်ကြီးသည် ထိန်ထိန်ညီးကာ ကောင်းကင်ကို အလှဆင်လျက်ရှိသည်။ ယင်းကြယ်ကြီးက ကျွန်ုပ်၏ အိပ်မက်ကို သတိရစေသည်။ ထိုသတိရမှုကပင် ကျွန်ုပ်အား ဆုံးဖြတ်ချက်ချနိုင်ရန် ကူညီပြဋ္ဌာန်းပေးလိုက်ပါလေတော့သတည်း။

## အပယ်ခံလူသား

ကျွန်ုပ် ဦးလေးထံ သွားခဲ့သည်။ အစက ကျွန်ုပ် ဘာပြောရမည်ကို မိမိဘာသာ မစဉ်းစားမိ။ နောက်မှ အောက်ပါအတိုင်း ပြောချလိုက်မိပါတော့သည်။

“ကျွန်တော် မာရိကို ချစ်တယ်။ သူ့ကို ကျွန်တော် ဇနီးအဖြစ်

လက်ထပ်မယ်။ ကျွန်တော်ဟာ ကလေးရဲ့ အဖေပဲ။ ကလေးကိုလည်း ဘုရားသခင်က ပေးတာပါ"

ဒေါသကြောင့် အမြှုပ်တစီစီ ထွက်နေသော ဦးလေး၏ ပုံဟန်မှာ ပေါက်တော့မည့် မြွေဟောက် ပါးပျဉ်းထနေသည်နှင့်ပင် တူသေးတော့သည်။ သူသည် ကုလားထိုင်မှ ထကာ ကျွန်ုပ်ကို ပါးချလိုက်သည်။ ကျွန်ုပ် ယိုင်လဲသွားသောအခါ ခြေထောက်နှင့် ဆက်ကန်သည်။

"မင်း ဒီအိမ်က ထွက်သွား၊ နောက်လည်း ဘယ်တော့မှ ပြန်မလာနဲ့။ ပြည့်တန်ဆာကို လက်ထပ်ပြီး မျိုးမစစ်ရဲ့ အဖေ အခေါ်ခံချင်တဲ့အကောင်။ မင်းထိုက်နဲ့ မင်းကံ ခွေးလေခွေးလွင့် ဘဝမှာ စံပေတော့။ ငါ့ကိုလည်း ဘယ်တော့မှ ပြောဆို ဆက်ဆံဖို့ စိတ်မကူးနဲ့တော့။ မင်းတို့ နှစ်ယောက်စလုံး ကျောက်ခဲတွေနဲ့ အပေါက်ခံရအောင် ငါ လုပ်မယ်" ဟု ဦးလေးသည် ဒေါသတကြီး အော်ဟစ်ပြောဆိုပ့ါတော့သည်။

ဤသို့ဖြင့် ကျွန်ုပ်သည် ပါးစပ်မှ သွေးယိုစီးကာ ဒဏ်ရာဒဏ်ချက်အပြည့်၊ အလုပ်လက်မဲ့၊ ကိရိယာတန်ဆာပလာ နတ္ထိဖြစ်သောလက်သမားတစ်ယောက်အဖြစ် မာရိထံ ရောက်ခဲ့ပါသည်။

ကျွန်ုပ်သည် ရေတွင်းသို့ သွားကာ မျက်နှာတွင် ပေကျံနေသော သွေးစသွေးနတို့ကို ဆေးကြောပြီး အေးမြသည့် တွင်းရေကို သောက်သည်။ ရေတွင်း တစ်ဝိုက်တွင် ကျွန်ုပ်၏ အိမ်နီးချင်းအချို့ လက်ညှိုးတထိုးထိုးဖြင့် တီးတိုး ပြောဆိုနေကြသည်။ ထိုအခါတွင်မှ ကျွန်ုပ်သည် လွန်ခဲ့သည့် လများအတွင်း မာရိ ခံစားခဲ့ရသည့် နာကြည်းမှုနှင့် ရှက်ရွံ့ အားငယ်မှုတို့၏ ပြင်းထန်ပုံကို ရိပ်စားမိပါသည်။ အထီးကျန် အပယ်ခံ လူသားတစ်ဦး၏ နာကြည်းစိတ်ကိုလည်း ကိုယ်ချင်းစာမိပါသည်။ ကျွန်ုပ်သည် တီးတိုးတီးတိုး သဖန်းပိုးလုပ်နေသူတို့ကို ငဲ့စောင်း၍မျှပင် မကြည့်ဘဲ မာရိ အိမ်သို့ လျှောက်



ခဲ့ပါသည်။ မာရိ၏ မိခင်သည် ကျွန်ုပ်အား နွေးထွေး ကြင်နာစွာ ကြိုဆိုပါသည်။ သူမ၏ လှိုက်လှဲစွာ ကြိုဆိုပုံကို ကျွန်ုပ် တစ်သက်တာတွင် မေ့နိုင်တော့မည် မဟုတ်ပါ။

"မာရိ စမ်းချောင်းမှာ အဝတ် သွားလျှော်နေတယ်" ဟု သူမက ပြောပါသည်။ ထို့ကြောင့် ကျွန်ုပ် လိုက်သွားရာ ရှေးဦးစွာ စမ်းချောင်း ကမ်းစပ်တွင် ဒူးထောက်လျက် အဝတ်လျှော်နေသော မာရိကို တွေ့ရသည်။

သူမ၏ ဘေးပတ်လည်တွင် ဖြူဖွေးသော ရေမြှုပ်တို့ တဖွားဖွား ထနေ၏။ သူမ၏ အသံမှာ ရွှင်ပျနေပြီး သီချင်းထဲက ရယ်မြူးသံနှင့် ပမာတူသည်။ စမ်းချောင်းထိပ်တွင် ရပ်နေသော ကျွန်ုပ်ကို မြင်ရသည့်အခါ မာရိ မျက်လုံးတို့မှာ ဝိုင်းစက် ပြူးကျယ်သွားခဲ့သည်။

သူမသည် နေကို ကျောပေးကာ မတ်တတ်ရပ်လိုက်သည်။

သူမသည် လက်မောင်းများ မြှောက်ပင့်၍ နက်မှောင်သော ဆံကေသာတို့ကို လှုပ်ခါလိုက်သောအခါ တလက်လက် တောက်ပသည့် ရေစက် ရေမှုန်များသည် သူမ၏ တစ်ကိုယ်လုံးကို လွှမ်းခြုံ၍ အလင်းရောင် ပေးလျက် ရှိပေ၏။

ထိုအခိုက်အတန့်လေးတွင် လောကဓာတ် တစ်ခွင်လုံးကို မာရိ၏ အပြုံးကသာ လွှမ်းခြုံ လင်းထိန်စေသည်ဟု ထင်ရပါသည်။

စမ်းချောင်းကို ဖြတ်၍ ကျွန်ုပ်ထံသို့ မလာမီ ထိုအချိန်ကလေးကို ကျွန်ုပ် အမြဲတမ်း သတိရနေမည် ဖြစ်သည်။ ထိုအချိန်ကလေးတွင် မာရိ၏ နောက်ကွယ်၌ တမန်တော်တစ်ဦး ရှိနေသည့်ပမာ ရွှေရောင်ရေနှင့် သက်တံရောင်စုံတို့ ဖြာထွက်ကာ ဂုဏ်ကျက်သရေကို ဆောင်လျက်ရှိပါသည်။ ထိုအချိန်ကမူ သူမသည် ကျွန်ုပ် သူမထံသို့ ချစ်ကျွမ်းဖွဲ့ရန် လာသလော၊ ခဲနှင့် ပေါက်ရန် လာသလော ဆိုသည်ကိုပင် သိပုံမရသေးပါ။

ကျွန်ုပ်တို့ နှစ်ဦးသား တစ်ဦးကို တစ်ဦး ကြည့်ရင်း ရပ်နေမိ၏။ ထို့နောက် ကျွန်ုပ်သည် လက်နှစ်ဖက်စလုံး ဆန့်တန်းကာ သူမ ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်ပြီး သူမ၏ ခါးကို ဖက်ထားမိပါသည်။

"မာရီရယ် ငါ ဝမ်းနည်းပါတယ်။ ငါ မင်းကို ဘယ်တော့မှ ရိုက်လားနှက်လား မလုပ်တော့ပါဘူး။ ငါ့ကို ခွင့်လွှတ်ပါ။ ငါနဲ့ လက်ထပ်ပါ။ ငါ့ဇနီးအဖြစ် လက်ခံပါ။ မင်းဟာ ငါ့အသက်၊ ငါ့ဘဝပါပဲ" ဟု ကျွန်ုပ် ပြောမိသည်။

သူမ၏ ပြည့်ဖောင်းနေသော ဝမ်းဗိုက်ကို ကျွန်ုပ်၏ ပါးနှင့် ကပ်ထားမိသည်။ ဤတွင် ကျွန်ုပ်သည် ဝမ်းဗိုက်တွင်းမှ ကလေးကို ရည်ညွှန်းကာ "ကလေးရယ် မင်းအတွက် ငါ ဝမ်းနည်းပါတယ်လို့ ပြောပါရစေ။ ငါ မင်းရဲ့ ဖခင်ဘဝကို ခံယူပါ့မယ်။ ငါ မင်းကို ဘယ်တော့မှ ပစ်မထားတော့ပါဘူးကွယ်" ဟု ပြောမိပါသည်။

မာရီသည်လည်း ကျွန်ုပ် ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်သည်။ .

သူမ၏ လက်များသည် ကျွန်ုပ်၏ မျက်နှာပြင်ကို စမ်းသပ်လျက် ရှိသည်။ ကျွန်ုပ်၏ ချိုင့်နေသော ပါး၊ ကျွန်ုပ်၏ ကျိုးနေသော နှာခေါင်း၊ ကျွန်ုပ်၏ ဖူးရောင်နေသော နှုတ်ခမ်း၊ ကျွန်ုပ်၏ စီးကျနေသော မျက်ရည်ပေါက်များ။

"အို ချစ်သူရယ်. . ." ဟု သူမသည် တစ်ခွန်းတည်းသာ ပြောကာ ကျွန်ုပ်ကို နမ်းပါသည်။

ထိုအချိန်၌ ကျွန်ုပ်သည် 'ခွင့်လွှတ်ခြင်းနှင့် လက်ခံခြင်းက ကျွန်ုပ်၏ လက်ရုံးများနှင့် နှလုံးသားကို ခွန်အား ဖြစ်စေသည်' ဟု လည်းကောင်း၊ 'အတ္တဆန်သည့် ကိုယ်သာ မှန်ကြောင်း ပြလိုခြင်းနှင့် လက်စားချေ တုံ့ပြန်ခြင်းတို့မှာ ခါးသီးသော အာသာမပြေမှုကိုသာ ဖြစ်ပေါ်စေသည်' ဟု လည်းကောင်း မှန်ကန် ကောင်းမွန်စွာ သဘောပေါက်မိပါတော့သည်။



ကျွန်ုပ်တို့သည် တောင်ကုန်းကလေး ရှိရာသို့ သွားကာ ထိုင်နေကျ သစ်ပင်အောက်တွင် ထိုင်ရင်း ပင်လယ်ပြင်ဆီသို့ ငေးမောနေမိကြပါတော့သတည်း။

■

# [၇]

# လက်ခံခြင်း သို့မဟုတ် ငြင်းဆန်ခြင်း

ဤတွင် ယောသပ်၏ ပုံပြင်သည် တစ်ပတ်လည်ခဲ့ပြီဟု ဆိုနိုင်သည်။ သူ၏ ပုံပြင်အစပြုရာ ဖြစ်သော တောင်ပေါ်မှ ဆင်းလာပြီးနောက် ယခုအခါတွင် ယင်း တောင်ပေါ်၌ပင် သူသည် မာရိနှင့် ပြန်လည် ပေါင်းစပ်ကာ ပင်လယ်ပြင်သို့ ငေးမောနေကြပြီ ဖြစ်သည်။

ဆွစ် (Swiss) စိတ်ပညာရှင် ကားလ်ယွန်း (Carl Jung) က "အိမ်ထောင်တစ်ခုဟူသည် စက်ဝိုင်းတစ်ခုပင်ဖြစ်သည်။ စက်ဝိုင်း၏ ဤမှာဘက်ရှိလင်ဖြစ်သူက စက်ဝိုင်း၏ ဟိုမှာဘက်ရှိ ဇနီးဖြစ်သူအား မျှော်ကြည့်သကဲ့သို့ စက်ဝိုင်း၏ဟိုမှာဘက်ရှိ ဇနီးဖြစ်သူကလည်း စက်ဝိုင်း၏ ဤမှာဘက်ရှိ လင်ဖြစ်သူထံ မျှော်ကြည့်လျက်ရှိသည်" ဟု ရေးခဲ့သည်။ ဤစက်ဝိုင်းတွင် တစ်စုံတစ်ဦးသည် မိမိရှိရာ စက်ဝိုင်းခြမ်းမှ အခြားတစ်ရှုအရပ်သို့ မြင်ရသည့်အမြင်မျိုးသာရှိ၍ ယင်းကိုပင် အစစ်အမှန်လောကအဖြစ် လက်ခံလေ့ရှိကြသည်။ လင်ရှိနေသည့် စက်ဝိုင်းခြမ်းကို လင်က မမြင်။ မယားကသာ မြင်နိုင်သည်။ ထိုနည်းတူပင် မယားရှိနေသည့်စက်ဝိုင်းခြမ်းကိုလည်း မယားကမမြင်နိုင်။ လင်ကသာ မြင်နိုင်ပေသည်။ ထို့ကြောင့် အစစ်အမှန်လောကတည်းဟူသော စက်ဝိုင်းတစ်ခုလုံးကို သိရှိရေးအတွက် သင်၏အဖော် (ဇနီး/ခင်ပွန်း)ကို ယုံကြည်လက်ခံဖို့ လိုအပ်သည်။ သို့သော် ဤကိစ္စမှာ အတန်အသင့်ခဲယဉ်းသည်ဟု ဆိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ဇနီးဖြစ်သူခံစားဖော်ပြနေသည့်အစစ်အမှန်လောကအကြောင်းကို သင့်အဖို့ သိပင်မသိနိုင်သောကြောင့်ဖြစ်ပါသည်။

ယောသပ်သည် ဒေါသပေါက်ကွဲ၊ မယုံကြည်စိတ် ပြင်းထန်စွာဖြင့် ပထမအကြိမ် တောင်ပေါ်မှဆင်းလာသောအချိန်က မာရီ သူ့ကို ပြောပြရန်ကြိုးပမ်းနေသည့် အစစ်အမှန်လောကအကြောင်းနှင့် ပတ်သက်၍ လုံးဝနားလည်မှုမရှိခဲ့ပေ။ ယုံကြည်ခြင်း၊ လက်ခံခြင်း၊ အစစ်အမှန်လောကအကြောင်း သင်ယူခြင်း၊ သစ္စာတရားနှင့် အသိစိတ်ဓာတ် ဖြစ်ပေါ်ခြင်းစသည့် ရှည်လျားသော ဖြစ်စဉ်သည် တောင်ပေါ်တွင် အစပြုခဲ့သည်မဟုတ်ပါ။ သူသည် မာရီကိုမယုံကြည်သည့်အတွက် မာရီက မှန်ကန်သည်ဟု ယူဆထားချက်တို့ကိုလည်း သူက သိနားလည်ခြင်း၊ ယုံကြည်လက်ခံခြင်းမရှိပါ။ ထို့ကြောင့် သူမကို ရိုက်နှက်ကာ သွေးစက်လက်ဖြင့် တောင်ပေါ်တွင် ပစ်ထားခဲ့ခြင်းဖြစ်ပါသည်။ သူသည် တစ်ခုတည်းသောရိုက်ချက်ဖြင့် သူတို့နှစ်ဦးသား၏ အပြန်အလှန်ယုံကြည်မှု၊ အပြစ်ကင်းစင်မှုနှင့် သံယောဇဉ်ထုံးဖွဲ့မှုစသည့် နှောင်ကြိုးအားလုံးတို့ကို ဖြတ်တောက်ခဲ့ပါသည်။ ယောသပ်သည်ပုံပြင်၏ ယင်း အစိတ်အပိုင်းကို ပြောပြရာတွင် သတ္တိပြောင်မြောက်ပါပေသည်။ လင်နှင့်မယား ဆက်နွယ်မှုတွင် ထိုသို့သော ရက်စက်ကြမ်းကြုတ်သည့် အပြုအမူမျိုးမရှိသင့်ကြောင်း သူက ပြောခဲ့ပါသည်။ ထိုအချိန်က ဒေါသကြောင့်လည်းကောင်း၊ မောဟကြောင့်လည်းကောင်း သူ မိုက်မိုက်ရိုင်းရိုင်း ပြုမူခဲ့သည်ကို သူ့ဘဝနေဝင်ချိန်ရောက်သည့်တိုင် သတိရနေဆဲ၊ ရှက်ကြောက်မိနေဆဲဖြစ်ရကြောင်းဖော်ပြခဲ့ပါသည်။ မိသားစုဆက်ဆံရေးတွင် မလွဲမသွေရင်ဆိုင်ရမည်ဖြစ်သော တင်းအားတို့ကိုဖြေရှင်းနည်းနှင့် ပတ်သက်၍ သူကကျွန်ုပ်တို့အား သင်ခန်းစာပေးနေခြင်းလည်း ဖြစ်ပါသည်။ ကလေးများအားလုံးအတွက် သာယာပျော်ရွှင်ဖွယ် ကောင်းသည့် မိသားစု ဆက်ဆံရေးဘဝ တည်ဆောက်မှုအရေးပါသည်ဟူသော



အချက်ကိုလည်း ယောသပ်ကကြိုးပမ်းပြောပြနေခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ သိရှိပြီး ဖြစ်သည့်အတိုင်း တူနှစ်ကိုယ်လောက၏ ခြင်းရာသတ္တိတစ်ခုမှာ တင်းအား ဖြစ်ပါသည်။ မာရီနှင့် ယောသပ်တို့အဖို့ လွန်စွာ ထူးခြားသည့် တင်းအားနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ပထမ ယောသပ်က ပြင်းထန် ရက်စက်စွာ တုံ့ပြန်သည်။ မာရီအား ရိုက်နှက်ခြင်းဖြင့် သူတို့နှစ်ဦးကြားရှိ အပြစ်ကင်းစင်မှုနှင့် ယုံကြည် ကိုးစားမှုတို့ကို ရိုက်ချိုးပစ်လိုက်သည်။ ထိုအချိန်က သူသည် ဆက်နွယ်မှု၏ အကဲစမ်းချက်အတွက် အဆင့်သင့် မဖြစ်သေး။ သူ၏ ပြီးပြည့်စုံသော ဘဝလေး ဆုံးရှုံးရမည့် အရေးကိုတွေး၍ သူ ဒေါသထွက်ရသည်။ သူသည် သူ့ဘဝနှင့် မိသားစု ဆက်နွယ်မှုကို အကျိုးအမြတ်အားလုံး ပြည့်ဝသော ကြိုတင်ခန့်မှန်း၍ ရနိုင်သော ဘဝဆက်နွယ်မှုအဖြစ် မျှော်လင့်ထားခဲ့သည်။ သူသည် မိသားစုဘဝကို အကျိုးအမြတ်ရှိသော ဘဝဖြစ်စေရန်သာ ရည်သန်ခဲ့သည်။ ကိုယ်ကျိုးစွန့်မှုနှင့် အနစ်နာခံမှု၊ ဆုံးရှုံးမှုတို့ မပါဝင်ခဲ့။ ထို့ကြောင့် ဆုံးရှုံးမှုနှင့်ကြုံရသောအခါ သူ မာရီကို လုံးဝကြည့်မြင်လိုစိတ်မရှိတော့။ သူမြင်သမျှ၊ ခံစားရသမျှ အားလုံးသည် သူ၏ နာကျင်ခံစားမှု၊ သူ၏ အရည်ဆင့် ဆုံးရှုံးမှု၊ သူ၏ ဂုဏ်သိက္ခာ ကျဆင်းမှုတို့သာ ဖြစ်သည်။ သူ၏ ယင်း နာကျင်မှု အားလုံးကြောင့်ပင် သူသည် မာရီအား နာကျင် ထိခိုက်လိုစိတ်တို့ တဖွားဖွား ဖြစ်ပေါ်ခဲ့ရသည်။

သူသည် တောင်ပေါ်မှ တလိမ့်လိမ့်ကျကာ အမှောင်တွင်းသို့ သက်ဆင်းရသည်အထိ လက်ခံလိုစိတ် လုံးဝမရှိ။ အပြင်းအထန် ငြင်းဆန်စိတ်သာ အပြည့်အဝ ရှိနေပေသည်။

ထိုအချိန်က သူသည် သူ၏ နာမည်သတင်း ပြန်လည်ကောင်းမွန်ရေး၊ သူ၏ ဂုဏ်သိက္ခာတက်ရေးနှင့် သူ၏ ပုံရိပ်သွင်ကြည်လင်ရေး အတွက်သာ စဉ်းစားခဲ့သည်။ သူ၏ နာကျင်မှု၊ သူ၏ ဆုံးရှုံးမှုတို့သာ လောကတွင် အရေးအပါဆုံးဟု လွှမ်းခြုံ ယူဆခဲ့

သည်။ သူသည် ပတ်ဝန်းကျင်ရှိ မည်သည့်အရာတို့ကိုမှ မမြင်။ သူ၏ တစ်ဦးတည်းပိုင် ကမ္ဘာလေးထဲတွင်သာ ရပ်တည်လျက် ရှိသည်။ ထို့နောက်တွင်မူ သူ၏ 'တစ်ကိုယ်တော်လောက' သည်လည်းကောင်း၊ 'တူနှစ်ကိုယ်လောက' သည်လည်းကောင်း တစ်ပြိုင်တည်း ပြိုကွဲပျက်စီးသွားသည်ဟု သူ ခံစားလိုက်ရသည်။ ဤသို့ဖြင့် သူသည် 'သုံးပွင့်ဆိုင်လောက' အတွင်းသို့ တွန်းပို့ခြင်း ခံလိုက်ရပေသတည်း။

## သုံးပွင့်ဆိုင်လောက

သုံးပွင့်ဆိုင် လောကကား တင်းအား အပြင်းဆုံး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုဝေဒနာတို့ အမြင့်မားဆုံးလောကဖြစ်ပေသည်။ ယင်း သုံးပွင့်ဆိုင်လောကတွင် ယောသပ်သည် 'ကံကြမ္မာ၊ အချစ်၊ သေဆုံးခြင်း၊ မွေးဖွားခြင်း၊ လျှို့ဝှက်ခြင်း၊ ယုံကြည်ခြင်း၊ ဘုရားသခင်' စသည့် အကြောင်းရပ်တို့နှင့် ရင်ဆိုင်ရပေသည်။ သူသည် လူသားတို့ သိနိုင်စွမ်းမရှိသည့် အင်အားကြီးများ၏ အလယ်ဗဟိုတွင် ရှိနေခဲ့သည်။ သူသည် သူ နားလည်နိုင်စွမ်းမရှိသော၊ သူ ထိန်းချုပ်ရန်လည်းမဖြစ်နိုင်သော၊ ကံကြမ္မာဝဲဂယက်ကြီးအတွင်း သက်ဆင်းကာ မျောပါခဲ့ရပေသည်။ သူသည်တောင်ပေါ်မှဆင်းကာ ကန္တာရ အတွင်းသို့ ချဉ်းနင်း ဝင်ရောက်ခဲ့သည့်အခါတွင်ကား သူ၏ 'နှလုံးသားဝိညာဉ်ခရီး' ၏ အစသို့ ရောက်ခဲ့ပြီဟု ဆိုရမည် ဖြစ်ပေသတည်း။

## နှလုံးသားဝိညာဉ်ခရီးလမ်း

သုံးပွင့်ဆိုင်လောကနှင့် နှလုံးသားဝိညာဉ် ခရီးလမ်းတို့သည် အတူတူပင် ဖြစ်၍ ဖခင်တိုင်း လျှောက်လှမ်းရမည့် လမ်းလည်း ဖြစ်သည်။ မည်သူမျှ လွှဲရှောင်၍ မရနိုင်။ ရွေ့ဇွန်းကိုက်၍ မွေးလာသူဖြစ်စေ၊ အူဟောင်းလောင်းဖြင့် မွေးလာသူ ဖြစ်စေ လူတိုင်းသည်



ယင်း ခရီးလမ်းစဉ်ရှေ့ဝယ် ဒူးထောက်ကြရလိမ့်မည် ဖြစ်သည်။ နှလုံးသားဝိညာဉ် ခရီးလမ်းတွင် နာကျင်မှု၊ ဝေဒနာခံစားမှု၊ ဆုံးရှုံးမှုနှင့် ခက်ခဲသည့် ရွေးချယ်မှုတို့ ပါဝင်သည်။ ဤခရီးလမ်းဝယ် ကြီးမား၍ လျှို့ဝှက် နက်နဲသော မေးခွန်းများလည်း ပါရှိပေသည်။ အဘယ့်ကြောင့် ဇာတိ ဖြစ်ရသနည်း။ အဘယ့်ကြောင့် ဤလူ့ဘုံတွင် လူ လာဖြစ်ရသနည်း။ အဘယ့်ကြောင့် မင်းနှင့် ငါတို့ တွေ့ဆုံချစ်ကြိုက်ခဲ့ရသနည်း။ အဘယ့်ကြောင့် ဤကလေး သေဆုံးရသနည်း။ ဘုရားသခင် အဘယ်မှာနည်း။ ဤ သုံးပွင့်ဆိုင်လောကတွင် အဖြေမပေးနိုင်သော မေးခွန်းပေါင်းများစွာ ရှိပေသည်။ ယင်းသည် လွန်စွာကြီးကျယ်လှပ၍ ပညာဉာဏ်အလင်း ပြည့်ဝသောလောကလည်း ဖြစ်ပေသည်။ တီထွင် ဖန်တီးမှု၊ အနုပညာ၊ အတွေးအမြင်အမျိုးမျိုး၊ အခမ်းအနားအစုံစုံ၊ တင်စားမှု အထွေထွေတို့ ပြည့်လျှမ်းသော လောကဟုလည်းဆိုနိုင်၏။ ကဗျာနှင့် ပုံပြင်တို့ဖြင့် တန်ဆာဆင်အပ်သောလောကဖြစ်၏။ ဤလောကတွင် တင်းအားတို့သည်လည်း မခံမရပ်နိုင်လောက်အောင် ပြင်းထန်၏။ လူတစ်ဦး၏ဘဝကို ပျက်စီးစေနိုင်လောက်သည်အထိ တင်းအားတို့သည် ပြင်းထန်၏။ တစ်ချိန်တည်းမှာပင် ကုစားမှုနှင့်ရွေးချယ်ပိုင်ခွင့်တို့လည်း ရှိသေးသည့် လောကဖြစ်၏။ သုံးပွင့်ဆိုင် လောကတွင် အကြီးကျယ်ဆုံးသော အဆုံးအဖြတ်ပေးသည့်အရာမှာ 'ကံကြမ္မာ' ပင် ဖြစ်ပေသည်။

ယောသပ်သည် သူ့ ကံကြမ္မာ၏ ပြဋ္ဌာန်းမှုကို ငြင်းဆန်ပယ်ဖျက်ရန် ကြိုးစားခဲ့သည်။ သူသည် မျက်ကန်းပမာ ကန္တာရတွင်းသို့ ချဉ်းနင်း ဝင်ရောက်ခဲ့သည်။ သူ့ကို မောဟက ဖုံးလွှမ်းလျက်ရှိသည်။ သူ့၌ ဉာဏ်အလင်း မရှိ။ သူ၏ ခေါင်းမာမှုကပင် သူ့အား သေတွင်းဝသို့ ပို့ခဲ့သည်။ သူ၏ ဒေါသနှင့် မောဟတို့က သူ့ကို ကန္တာရလမ်းပေါ်မှ လူဆိုးများထံ ပို့ခဲ့ခြင်း ဖြစ်သည်။ ကနဦးက

သူသည် သူခိုးတို့ကို ရိုက်နှက်နိုင်ခဲ့သော်လည်း နောက်ဆုံးတွင် အားမတန်၍ မာန်လျှော့ခဲ့ရသည်။ ကိုယ်ခန္ဓာအနံ့ ထိခိုက်ဒဏ်ရာရကာ သူတစ်ယောက်တည်း ဝတ်လစ်စားလစ်ဖြင့် လဲကျန်ရစ်သည်။ သူသည် အရာရာကို မေ့လျော့ရန် ကြိုးစားနေသည်ဟု ဆိုနိုင်သည်။ ယောက်ျားတစ်ယောက်အနေဖြင့် ကျွန်ုပ်တို့သည် ဖခင်ဘဝကို လက်မခံဘဲ ငြင်းပယ်ကောင်း ငြင်းပယ်နိုင်သည်။ ပြေးလွှား ရှောင်ပုန်း၍လည်း နေနိုင်သည်။ သို့သော် ယင်းသို့ ပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုတို့ကိုကား ရှောင်လွှဲ၍ ရလိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းတွင် ဖခင်မဲ့မှုကြောင့် ဖြစ်ပေါ်သည့် ဆိုးကျိုးသက်ရောက်မှုများနှင့် ပတ်သက်သော စာရင်းဇယားအများအပြားရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကလေးများအတွက် ဖခင်မလိုအပ်။ ဖခင်သည် အရေးမပါဟု ပြောဆိုကာ ဖခင်ဘဝကို ငြင်းဆန်ကောင်း ငြင်းဆန်နိုင်သည်။ သို့သော် ယင်းသို့ ပြုလုပ်သည့်အတွက် ပေါ်ထွက်လာမည့် အကျိုးသက်ရောက်မှုကား ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းကြီးပျက်စီး ပြိုကွဲခြင်းပင်ဖြစ်ပေသတည်း။

**ဘုရားသခင်က အလင်း ဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်း ဖြစ်လေ၏။**

*ကမ္ဘာဦးကျမ်း၊ ၁း ၃*

အလင်းရောင်ဖြပ်၏ လောင်ကျွမ်းမှုဒဏ်ကို ခံရပြီးသည့် နောက်တွင်မှ ယောသပ်ကို ကာလီက ကယ်တင်ခဲ့ခြင်း ဖြစ်၏။ တောက်လောင်နေသော အလင်းရောင်၏ ဒဏ်ကြောင့် ယောသပ် သတိလစ်ခဲ့ပြီး သူ့ဘဝ တစ်စိတ်တစ်ပိုင်းလည်း သေဆုံးခဲ့သည်။ သူ သတိရလာသောအခါ ကာလီ၏ ကြင်နာမှုကိုသာ မြင်တွေ့ရသည်။ သူသည် အသိစိတ်အသစ်နှင့် တစ်ဖန် နိုးထလာခြင်း ဖြစ်၏။ သူသည် တဖြည်းဖြည်း ခွန်အား ပြည့်ဖြိုးကာ သူ့ကိုယ်သူ



လက်ခံလာသည်ဟု ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်။ ထို့နောက် မာရိထံ ပြန်သွားရန်နှင့် မာရိ လွယ်ထားသည့် ကလေး၏ ဖခင်အဖြစ်ကို ခံယူရန်လည်းအသိတရားဝင်လာသည်။ ဤဖြစ်ရပ်တို့သည် အားလုံး တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာသည်မဟုတ်။ တဖြည်းဖြည်းချင်း အချိန်ယူ၍ ဖြစ်ပေါ်သည်။ ဥယျာဉ်တွင်းမှ အိမ်ကလေးကို ဆောက်ရင်းဖြင့် သူ့စိတ်ဓာတ် တက်ကြွလာသည်။ သူ့ကိုယ်သူ ယုံကြည်မှု ရှိလာပြီး သူ့ သိက္ခာလည်း တက်လာသည်ဟု သူ ခံစားရသည်။ လူတိုင်းပင် သူ့လို အိမ်ကလေးတစ်လုံး ဆောက်သည့် အလုပ်မျိုး လုပ်ဖို့ လိုအပ်သည်။

ကာလီသည် ပါရမီ ရင့်သန်သည့် ဆရာတစ်ဆူ ဖြစ်၏။ ထို့ကြောင့် ယောသပ်ကိုလည်း ဆရာ ဖြစ်ရန် အခြေအနေတစ်ရပ် ဖန်တီးပေးသည်။ ယင်းမှာ လက်သမားဆရာ ယောသပ်က ပညာရှိ ကာလီကို အိမ်ဆောက်နည်း သင်ပေးခြင်းပင် ဖြစ်သည်။ အိမ်ကလေးကိုဆောက်ရင်း ယောသပ်သည် တဖြည်းဖြည်း စိတ်ဓာတ်ခွန်အား ပြည့်ဖြိုးလာသည်။ သူတို့နှစ်ဦး၏ မိတ်ဆွေဖြစ်မှုလည်း ပို၍ခိုင်မြဲလာ၏။ ယင်း မိတ်ဖြစ်မှုကပင် ယောသပ်အဖို့ သူ့ဘဝကို သူ ပြန်မြင်လာစေသည်။ သူ့အသံကို သူ ပြန်ကြားလာစေသည်။ လူတစ်ယောက်၏ အားသာချက်၊ အားနည်းချက်တို့ကို အဆွေခင်ပွန်းကောင်းတို့သာ မြင်နိုင်၊ ထောက်ပြနိုင်သည်။ ကလျာဏမိတ္တဟူသည် မရှိမဖြစ်။ မိတ်ဆွေကောင်း အရေအတွက် များလေလေ ချမ်းသာသုခ ပြည့်ဝလေလေ ဖြစ်သည်။ စစ်မှန်သော မိတ်ဆွေကောင်းတို့မည်သည် တစ်ဦးကိုတစ်ဦး အထောက်အပံ့ပြုစမြဲ။ တစ်ဦးနှင့်တစ်ဦးတို့ နှလုံးသားဝိညာဉ် လမ်းခရီး ဆက်ရာတွင်လည်း ဖေးမကူညီစမြဲပင်။

ဂျိုးဇက်ကင်းဘဲလ် (Joseph Campbell) သည် အိမ်ထောင်ရေးကို "ဘာသာရေး လေ့ကျင့်ပေးမှုတစ်ခု၊ မွန်မြတ်သည့် သစ္စာ

ပန္နက်မှု တစ်ခုအဖြစ် သာမက 'သူရဲကောင်းတို့၏ သွားရာလမ်း' တစ်ခုအဖြစ်လည်း ရှုမြင် သုံးသပ်ခဲ့သည်။ ကျွန်ုပ်တို့အားလုံး ယင်းခရီးကို သွားဖူးကြပါသည်" ဟု သူက ဆိုသည်။ သို့သော် လွဲမှားနေသော အမေရိကန် ဒဏ္ဍာရီတစ်ခုကမူ အထီးကျန် သူရဲကောင်းသည် သူ ချီတက်ရာ လမ်းတစ်လျှောက်မှ အခက်အခဲ၊ အဆီးအတားဟူသမျှကို ဖြိုဖျက် တွန်းလှန် အနိုင်ယူပြီး ထိပ်ဆုံးသို့ ရောက်သည်ဟု ဆိုပါသည်။ ယင်းအဆို မမှန်ပါ။ တကယ့် သူရဲကောင်းခရီးစဉ် ဆိုသည်မှာ အမြင့်မှ ကျလာပြီး အနိမ့်ဆုံး အောက်ခြေမှ စတင်ရသည့်လမ်းစဉ် ဖြစ်ပါသည်။ နက်လှစွာသော ချောက်အတွင်းမှ ထွက်မြောက် လွတ်လပ်ရန်နှင့် အထက်သို့ တက်ရန် သင်တစ်ယောက်တည်း တတ်နိုင်လိမ့်မည် မဟုတ်ပါ။ လူတိုင်းသည် အကူအညီ လိုအပ်ပါသည်။

ယနေ့ခေတ်ကမ္ဘာ၌ ကျွန်ုပ်တို့ အဖော်များများတွင် လမ်းညွှန်ပြသ အကူအညီ ပေးကြမည့် ဦးလေး၊ ဘကြီး၊ အဘိုးလေးစသည့် သက်ကြီးဝါကြီးသူတို့ မရှိကြပါ။ အထူးသဖြင့် ခင်ပွန်းလင်ကောင်းဖြစ်နည်း၊ ဖခင်ကောင်း ဖြစ်နည်းတို့နှင့် ပတ်သက်၍ ကျွန်ုပ်တို့ကို နည်းနိသယညွှန်ပြပေးမည့် သက်ကြီးဝါကြီးတို့ မရှိကြပါ။ ယောသပ်ကမူ လူတစ်ယောက်၏ ကိုယ်အား၊ စိတ်အား ကြံ့ခိုင်ရေးအတွက် လိုအပ်သည်မှာ ကလျာဏမိတ္တ အဆွေခင်ပွန်းကောင်းရှိခြင်းဖြစ်သည်ဟူသော အချက်ကို ထင်ရှားစွာ ပြသခဲ့ပါသည်။ ယောသပ်၏ ဇာတ်လမ်းတွင် ကာလီသည် လွန်စွာ အရေးပါသော ဇာတ်ရုပ်ဖြစ်ခဲ့ပါသည်။ ယောသပ်ဖခင်ဘဝ လက်ခံခြင်း အဆင့်အတွက် ကာလီသည် အရေးအပါဆုံး လွှမ်းမိုးသူ ဖြစ်ခဲ့ပါသည်။ ဖခင်များကသာ ဖခင် ဖြစ်မည့် သူများကို ကူညီနိုင်ကြပါသည်။ နော်ဝေနိုင်ငံ အမျိုးသား ဖခင် စီမံကိန်း (The Norwegian National Fatering Projec) တွင် ဖခင်လောင်းများကို



မည်သို့ မည်ပုံ လမ်းညွှန် သင်ပြပေးသင့်ကြောင်း ဆရာလုပ်မည့် ဖခင်တို့အား ရှေးဦးစွာ သင်ကြား ပို့ချပေးပါသည်။ ထိုသင်တန်းတွင် ပါဝင်သူများသည် အချင်းချင်း လွန်စွာအထောက်အကူ ပြုကြသည်။ မွေးကင်းစကလေးတို့ကို ပြုစုစောင့်ရှောက်ရေးသာမက ကလေးကြီးများ၊ အပျိုဖော်ဝင်ကလေးများကို မည်သို့ မည်ပုံ စောင့်ရှောက်သင့်ကြောင်းတို့ကိုပါ တစ်ဦးနှင့် တစ်ဦး အမြင်ချင်း နှီးနှောကာ ကူညီတတ်ကြပါသည်။ ကာလီ၏ မိတ်ဆွေကောင်း ဖြစ်မှုက ယောသပ်၏ ဖခင်ဘဝအပေါ် မည်မျှအရေးပါစွာ အထောက်အကူ ပြုခဲ့ပုံကို နောက်ပိုင်းတွင် တွေ့မြင်ရပါလိမ့်မည်။

ကာလီသည် ယောသပ်၏ ကျိုးပဲ့ကုန်သော အရိုးတို့ အကောင်းပကတိ ဖြစ်အောင် ကုပေးခဲ့ရုံသာမက သူ၏ ကျဆင်းနေသော စိတ်ဓာတ်ကို မြင့်တက်လာအောင်လည်း အကြင်နာ၊ မေတ္တာတရားတို့ဖြင့် ကူညီ စောင့်ရှောက်ခဲ့ပါ၏။ ယောသပ်သည် ထူးဆန်း အံ့သြဖွယ်ကောင်းသော ကြယ်ကြီး တစ်လုံးကို မြင်ခဲ့သည်။ တောင်ထိပ်ပေါ်တွင် မာရိက သူမ၌ ကိုယ်ဝန် ရှိနေပြီဖြစ်ကြောင်း ပြောစဉ်အခါကလည်း ထူးဆန်းသော အလင်းရောင်တန်းကြီးက သူ့အားလွှမ်းခြုံခဲ့ပုံကိုလည်း စာရှုသူတို့ မှတ်မိပါလိမ့်မည်။ ထိုအချိန်ကမူ သူသည် မာရိ ပြောစကားကိုလည်း မကြားခဲ့။ အလင်းတန်းကိုလည်း မမြင်ခဲ့။ ထို ထူးဆန်းသော ကြယ်ကြီးကို မြင်ပြီးနောက် အိပ်ရာဝင်သည့် အခါတွင်မှသာ သူသည် မဟာအိပ်မက်ကြီး တစ်ခုကို မြင်မက်ခဲ့လေသတည်း။

## အိပ်မက်

**ထိုအလင်းကောင်းသည်ကို ဘုရားသခင် မြင်၍**
**အလင်းနှင့် မှောင်မိုက်ကို ပိုင်းခြား ခွဲထားတော်မူ၏။**

*ကမ္ဘာဦးကျမ်း၊ ၁း ၁း ၄*

နီးလ် ဒေါက်ကလပ်ကလော့ဇ် Neil Douglas- Klotz ၏ အဆိုအရမူ ပေါရာဏ စကားလုံး (AOR) အော်ရ်သည် "ခပ်သိမ်းကုန်သော အလင်းရောင်၊ ဉာဏ်ရည်နှင့် အခြေခံစွမ်းအင်တို့ကို ရည်ညွှန်းသည်ဖြစ်ရာ သိက္ခာရှိမှု၊ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှု" စသည်တို့ကို ဖြစ်ပေါ်စေသည့် ဘ၀အတွက် လင်းရောင်ခြည်ဖြာစေနိုင်သော အရာအားလုံးကို ဆိုလိုကြောင်း တွေ့ရသည်။ ကြယ်ကြီးမှ အလင်းရောင်သည်လည်းကောင်း၊ အိပ်မက်ထဲတွင် ယောသပ်မြင်သည့် အလင်းရောင်သည်လည်းကောင်း ဘုရားသခင်ထံမှလာသောအလင်းရောင် ဖြစ်လေသည်။ အလင်းရောင်ဟူသည် အခြေခံစွမ်းအင်၏ အနှစ်သာရပင် ဖြစ်သည်။ သဲကန္တာရအတွင်း ရှိစဉ်ကာလကမူအလင်းရောင်သည် ယောသပ်အား ပူပန် လောင်မြိုက်စေခဲ့သည်။ သို့သော် ယခုတွေ့ရသော အလင်းရောင်ကမူ သိက္ခာရှိမှု၊ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုတို့ကိုပေးသော လင်းရောင်ခြည်ဖြစ်သည်။ ပေါရာဏ စကားလုံးတို့ဖြင့် ရေးသားချက်အရ 'မူရင်းစကျအာရုံတွင် ပေါ်လွင်သမျှတို့သည် ပစ္စုပ္ပန်၏ အစစ် အမှန်ဖြစ်တည်မှုကို ယင်းအာရုံပါအတိုင်း ဖြစ်စေတတ်သည်' ဟူ၍ ဖြစ်ပေသည်။ ယောသပ်အဖို့မူ ယင်းပေါရာဏ စကားလုံးတို့၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။ 'သူ၏ အိပ်မက်မှာ မြင့်မြတ် စင်ကြယ်သော အာရုံမှလာသည့် အိပ်မက် ဖြစ်သည်။ ထို့ကြောင့် သူ၏ အိပ်မက်တို့သည် လက်တွေ့တွင်လည်း ဤအတိုင်းပင် အကောင်အထည် ပေါ်လာလိမ့်မည်။

ပထမဆုံးအကြိမ် မြင်မက်သည့် ယောသပ်၏ မဟာအိပ်မက်ထဲတွင် သူ၏ ဒေါသထွက်မှု၊ ပေါက်ကွဲမှု၊ ငြင်းဆန်မှုနှင့်အလင်းရောင်ထဲတွင် သူ ခံစားရသည့် မာနအား ခုံမင်မှုတို့ကို သူ ပြန်လည်ခံစားရသည်။ ကင်းမြီးကောက်များ ထိုးနှက်ခံရပြီး အာခေါင်ခြောက်ကာ သေငယ်ဇောနှင့် မြောနေသည့်အချိန်ကမူ သူသည် ယုံကြည်မှုကို



ငြင်းပယ်ခြင်းနှင့်တကွ သူ၏ မာရိအပေါ် ထားရှိသော မေတ္တာကို ငြင်းဆန်ခြင်းဟူသော အတွေ့အကြုံတို့ကို ခံစားရသည်။ သူသည် အိပ်မက်ထဲတွင် ကောင်းကင်တမန်ကို မြင်ရသည်ဖြစ်ရာ ယင်းသည်ပင် ဘုရားသခင်၌ ယုံကြည်ခြင်းဟူသော အတွေ့အကြုံကို ညွှန်းဆိုမှု ဖြစ်နိုင်ပါသည်။ ယင်း ထူးခြားစွာ ကြည်လင်တောက်ပသည့် အလင်းရောင်ထဲတွင် သူသည် ရွေးချယ်စရာလမ်းကို မြင်ခဲ့သည်။ သူ့အဖို့ ယုံကြည်မှု၊ ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းတို့ကို လက်ကိုင်ပြုကာ မာရိနှင့် ကလေးတို့ကို လက်ခံအသိအမှတ်ပြုနိုင်သည်။ ထိုသို့ မဟုတ်ပါကလည်း သူ၏မာန၊ မွတ်သိပ်မှုနှင့်အတ္တ၊ မှန်ကန်မှုတို့ကို လက်ကိုင်ပြုကာ မည်သို့မျှမတုံ့ပြန်ဘဲလည်း နေနိုင်သည်။ ယင်းသည်ပင် သူ့အဖို့ရွေးချယ်စရာနည်းလမ်းနှစ်သွယ်ဖြစ်သည်။

သူ၏ အိပ်မက်ထဲတွင် ယောသပ်သည် ခက်ခဲသော ရွေးချယ်မှုကို ပြုလုပ်ရသည်။ သူသည် ရှေ့သို့ ထွက်ခဲ့သည်။ အေးမြသော ရေတန်ခိုးဖြင့် ချမ်းသာမှုကို ခံစားရသည်။ အလင်းရောင်ထဲတွင် ခွင့်လွှတ်မှုနှင့် လက်ခံခြင်းကို ရရှိသည်။ နှလုံးသားဝိညာဉ်၏ ခရီးလမ်းကား ဖြောင့်တန်းလှသည် မဟုတ်ပါ။ (ဇနီး၊ ခင်ပွန်းတို့၏) ရင့်ကျက်တည်ငြိမ်သော ဆက်နွှယ်မှုကို ပြုလုပ်ရန် ဆုံးဖြတ်ချက်သည် သာမန်လူများအတွက် လွယ်ကူသည့် အလုပ်တစ်ခု မဟုတ်ပါ။ ထိုနည်းတူပင် ဖခင်ဘ၀ကို လက်ခံရန် ဆုံးဖြတ်ခြင်းသည်လည်း လွယ်ကူသည်ဟု မဆိုနိုင်ပါ။ ယောသပ်၏ ပုံပြင်တွင် ကျွန်ုပ်တို့ တွေ့မြင်ရသကဲ့သို့ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရုံဖြင့် အရာခပ်သိမ်းသည် ရုတ်ခြည်းဆိုသလို ပုံမှန်ပကတိ ဖြစ်သွားသည်မဟုတ်ပါ။ သစ္စာဆိုခြင်း၊ ကတိပေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်းဆိုသည်မှာ ရည်မှန်းချက်ကို စကားလုံးတို့ဖြင့် ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။ ယင်းကို အကောင်အထည်ဖော်ရေးကိစ္စအတွက်မူ စိတ်ပြဋ္ဌာန်းခြင်း၊ ယုံကြည်ခြင်းနှင့် ပြုမူဆောင်ရွက်ခြင်းတို့ လိုအပ်ပါသည်။

ဘုရားသခင်က အမြင်အာရုံတစ်ခု၊ အိပ်မက်တစ်ခု သို့မဟုတ် နှိုးဆော်မှုတစ်ခုကို သင့်အား ပေးကောင်း ပေးလိမ့်မည်။ သို့သော် ယင်းအမြင်အာရုံ သို့မဟုတ် အိပ်မက်ပါ နှိုးဆော်ချက်အတိုင်း နေ့စဉ်နှင့်အမျှ နေထိုင် လုပ်ကိုင်သွားနိုင်ပါမှသာ အရာခပ်သိမ်း ပြီးပြည့်စုံလိမ့်မည် ဖြစ်ပါသည်။ ဘုရားရှိခိုးကျောင်းထဲတွင် ဘုန်းတော်ကြီး ရှေ့၌ မတ်တတ်ရပ်၍ ‘ဘာသာကို လက်ခံပါသည် အရှင်’ ဟု ပြောလိုက်ခြင်းသည် ချီးမွမ်းဖွယ် ကောင်းပါ၏။ သို့သော် ယင်းစကားလုံးတို့မျှဖြင့် ဘဝတစ်သက်စာ ဖူလုံသွားပြီဟု မဆိုနိုင်ပါ။ ထိုဘာသာဝင်တို့နှင့် လိုက်လျောညီထွေသော ဘုရားရှိခိုး ဆုတောင်းမှု၊ နှစ်နှစ်ကာကာ ယုံကြည်သက်ဝင်မှု၊ တရားအားထုတ်မှု၊ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်မှုစသည့် အားထုတ်မှုများကို နေ့စဉ်နှင့်အမျှ ပြုလုပ်ရန် လိုအပ်လာပါသည်။ ဖခင်ဘဝ ခံယူခြင်းသည်လည်း ယင်းကဲ့သို့ပင် ဖြစ်ပါသည်။ “ကဲ. . . တို့ ကလေးယူကြရအောင်’ ဟု ပြောလိုက်ခြင်းသည် လွန်စွာ လွယ်ကူလှပါ၏။ သို့သော် ကလေးမွေးလာသော အခါတွင်ကား နေ့စဉ်နှင့်အမျှ ဆိုသလို ကလေးမွေးမြူ ထိန်းသိမ်းမှု ဝေယျာဝစ္စများက စောင့်ကြိုနေသည် ဖြစ်ရာ ဖခင် ဘဝခရီးကြမ်း၏ အရသာကို ကောင်းစွာ ခံစားကြရပေသည်။ ဖခင်ဘဝ ဟူသည် သင်ယူရမည့် ကိစ္စတစ်ခု ဖြစ်သည်။ မိမိဘာသာ အားထုတ် လုပ်ဆောင်ရမည့် ကိစ္စလည်း ဖြစ်သည်။ မဆိုင်သူတို့က လာကူလိမ့်မည် မဟုတ်။

ယောသပ်သည် သူ့မိတ်ဆွေ ကာလီကို နောင် တွေ့ရတော့မည် မဟုတ် ဟူသော အတွေးဖြင့် နှုတ်ဆက်စကား ဆိုခဲ့သည်။ သူသည် မြင့်မြတ်သည့် မဟာအိပ်မက်ကို မြင်မက်ခဲ့ရာ နှလုံးသားဝိညာဉ် ခရီးလမ်း၏ အစသို့ ရောက်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် သူ့တွင် မောဟ ဖုံးလွှမ်းလျက် ရှိနေသေးသည်။ သူသည် မူရင်းဒေသသို့ ပြန်ကာ သူ ထားရစ်ခဲ့သည့် နေရာက ပြန်စ၍ ရလိမ့်မည်ဟု ယုံကြည်နေမိသည်။ အလင်းရောင်သည် သူ့အား လွှမ်းခြုံ ရစ်ပတ်ကာ သူ့ ကံကြမ္မာလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးလိမ့်မည်ကို ထိုအချိန်က သူ လုံးဝ သဘောမပေါက်နိုင်ခဲ့ပါ။

ယောသပ်အဖို့ သူ၏ အိပ်မက်ပါ အမြင်တို့ကို အကောင်အထည် ဖော်ရေးအတွက် ပထမအဆင့်မှာ ပင်လယ်ရေပြင်ကို ကျော်ဖြတ်၍ နေရပ်သို့ ပြန်ရေးပင် ဖြစ်သည်။ ထို့ကြောင့် သူ ရေကြောင်းခရီး နှင်ခဲ့သည်။ နေရင်းဒေသသို့ ပြန်ရောက်သည့် အခါတွင်ကား သူ့ဘဝအဖို့ မလွယ်ကူလှကြောင်း သိလိုက်ရသည်။ သူ၏ မာနနှင့် အတ္တက သူ့ကို နှလုံးသားဝိညာဉ် ခရီးမှ ဖယ်ကြဉ် ရှောင်သွားရန် ဖြားယောင်းသေးသည်။ အမှောင်လမ်းနှင့် အလင်းလမ်းသင် ကြုံကြိုက်ရာရွေးဟုလည်း မကြာခဏ တိုက်တွန်းခြင်း ခံရသည်။ ယောသပ်၏ ဦးလေးကလည်း ပြဿနာအားလုံးအတွက် အဖြေမှန်များ သူ့ထံ၌ ရှိသည်ဟုဆိုကာ အလွယ်လမ်း (အမှောင်လမ်း) ကို ရွေးခိုင်းသည်။ ဖြားယောင်း သွေးဆောင်၍ မရသောအခါ အတင်းအကျပ် ဖိအားပေး တိုက်တွန်းသည်။ ယောသပ်သည်ပင် သူ့ ဦးလေး ပြောသည့်အတိုင်း လုပ်မိတော့မလိုလို ဖြစ်လိုက်သေးသည်။ သို့သော် ကံကောင်းထောက်မစွာ သူ မြင်ခဲ့သော ကြယ်တာရာကြီး၏ အလင်းရောင်က သူ့ကို လမ်းမှန်ပေါ်သို့ ဆွဲတင်လိုက်သည်။ ထို့ကြောင့် သူသည် မာရီနှင့် ကလေးကို ရွေးချယ်သည့် အလင်းလမ်းစဉ်ကို လိုက်ခဲ့သည်။ ယင်းသို့ ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ယောသပ်သည် သူ့ဦးလေး၏ မိသားစုဝင်အဖြစ်မှ ပယ်ထုတ်ခြင်း ခံလိုက်ရသည်။ ထို့ကြောင့်သူသည်မိသားစု၏ ငြင်းပယ်ခံ အပြင်လူ ဖြစ်သွားတော့သည်။ သူ့ဦးလေး၏ ကြိမ်းမောင်း ဆဲဆို ရိုက်ပုတ်ခြင်းတို့သည် ယောသပ်အဖို့ မျှော်လင့်ချက် နှောင်ကြိုးများမှ ရုန်းထွက်ခြင်း၏ သင်္ကေတပင် ဖြစ်ပေတော့သတည်း။

## မာရိ

ယောသပ်သည် အိမ်သို့ ပြန်ရောက်ခဲ့သော်လည်း သူ လုပ်နိုင်လိမ့်မည်ဟုထင်ထားသလိုမလုပ်ဖြစ်သေး။ သူ မာရိထံသို့ သွားသည့်အချိန်တွင် သူ့မှာ အိမ်မရှိ၊ ယာ မရှိ၊ အလုပ်အကိုင် မရှိ၊ အဆင့်အတန်း မရှိ။ သူ၏ တစ်ကိုယ်တော် လောကတွင် သူ့၌ ဘာမျှမရှိ။ သို့သော် သူသည် နှလုံးသားဝိညာဉ် ခရီးလမ်းပေါ်သို့ ရောက်သွားသော အခါတွင်မူ သူ၏ စိတ်ဓာတ်သည် မေတ္တာလွှမ်းခြုံမှုဖြင့် မြင့်မားတက်ကြွလျက်ရှိသည်။ ထို့ကြောင့် သူသည် မာရိနှင့်တွေ့ဆုံ၍ သုံးပွင့်ဆိုင် လောကကို တည်ဆောက်မည် ကြံရွယ်သောအခါ သူ့တွင် အရာခပ်သိမ်း ပြည့်စုံပြီဟု ဆိုနိုင်သည်။

ယောသပ်သည် စမ်းချောင်းတစ်ဖက်ရှိ ရေစက်ရေမှုန်တည်းဟူသော ရောင်ခြည်အသွယ်သွယ်တို့အကြားမှ မာရိကိုမြင်လိုက်သောအခါတွင် သူ၏ မဟာအိပ်မက်အတွင်းမှ အမြင်တို့သည် ထင်ရှားဖြစ်ပေါ်ချေပြီဟု ယောသပ်တွေးလိုက်မိသည်။ သူသည်မာရိထံသို့သွားခြင်းမှာ အသည်းနှလုံး၏ နားလည်သဘောပေါက်မှုနှင့် လက်ခံမှုတို့ရှိရာသို့ သွားခြင်းပင် ဖြစ်တော့သည်။

## ဧဖသ (ပွင့်စေ)

**ထိုအခါ နားပင်း၍ စကားအသော သူတစ်ယောက်ကို အထံတော်သို့ ခေါ်ဆောင်ခဲ့၍ သူ့အပေါ်မှာ လက်တော်ကို တင်ပါမည့်အကြောင်း တောင်းပန်ကြ၏။ ကိုယ်တော်သည် ထိုသူကို လူအစုအဝေးထဲက ခေါ်၍ ဆိတ်ကွယ်ရာ အရပ်သို့ သွားပြီးလျှင် လက်ညှိုးတော်ကို သူ၏ နားပေါက်၌ သွင်းတော်မူ၏။ တံတွေးနှင့် ထွေး၍ သူ၏ လျှာကိုလည်း တို့တော်မူ၏။ ထိုနောက် ကောင်းကင်သို့ ကြည့်မျှော်၍ ညည်းတွားသံကို ပြုလျက် 'ဧဖသ' ဟု မိန့်တော်မူ၏။ အနက်ကား 'ပွင့်စေ' ဟု ဆိုလိုသတည်း။**

*ရှင်မာကုခရစ်ဝင်၊ ၇း ၃၂း ၃၅*
*သမ္မာကျမ်း (ယုဒသန်)*

မာရိနှင့် နောက်ဆုံးအကြိမ် တွေ့စဉ်က ယောသပ်သည် နားလည်း မကြား၊ စကားလည်း မပြောနိုင်သူ တစ်ယောက်ပမာ ဖြစ်ခဲ့ရသည်။ သူသည် 'ဧဖသ' ပွင့်စေ ဟူသော ဘုရားသခင်၏ အမိန့်တော်ကို မခံရသေးသူ ဖြစ်ခဲ့သည်။ သဲကန္တာရအတွင်း ဒုက္ခဘေးရန်အစုံစုံနှင့် တွေ့ကြုံရမှု၊ သူ၏ မိတ်ဆွေ ဆရာကာလီ၏ ကယ်တင်ကြည့်ရှု စောင်မမှု၊ သူ့ မဟာအိပ်မက်၏ စိတ်ဓာတ်ရေးရာ နိုးကြားတက်ကြွစေမှုတို့က ယောသပ်အဖို့ အိမ်ထောင်ပြု၍ မိသားစုဘဝဖန်တီးရေးသို့ ရှေးရှုရန် ပြင်ဆင် လမ်းခင်းပေးလိုက်သလို ဖြစ်သွားပေတော့သည်။ သူကမူ လက်ခံရေးအတွက် အသင့် ဖြစ်နေပေပြီ။ မာရိကရော သူ့ကို လက်ခံဖို့ အဆင်သင့် ဖြစ်ပါပြီလား။

မာရိသည် စမ်းချောင်းကို ဖြတ်ကျော်ခဲ့သည်။ သူမသည် စိတ်ဓာတ် ခိုင်မာသော၊ ကိုယ်ကာယ ကျန်းမာ သန့်စွမ်းသော အမျိုးသမီးတစ်ဦး ဖြစ်သည်။ ယောသပ် ဘာ့ကြောင့် ပြန်လာသည်ကို သူမ မသိ။ သူမကို သတ်ဖို့ပင် လာလေသလော။ ယောသပ်သည် သူမကို ထိခိုက်နာကျင်အောင် လုပ်၍ စွန့်ခွာခဲ့ပြီး ဖြစ်သည့် ယောကျ်ားတစ်ယောက်အဖို့ သည့်ထက်ပို၍ ဘာများ လုပ်နိုင်ဦးမည်နည်း။ သူမအဖို့ မွန်မြတ် သန့်စင်သော သုံးပွင့်ဆိုင်လောကသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် သူမ၏ အမြင်သည် ကြည်လင်ပြတ်သား၏။ သူမသည် ယောသပ်ကို ခွင့်လွှတ် လက်ခံနိုင်သော မေတ္တာတရားနှင့် သစ္စာတရား ရှိသူဖြစ်သည်။ နောက်နောင်တွင်

ဘယ်သောအခါမျှ ရိုက်နှက် နှိပ်စက်ခြင်း မပြုတော့ပါဟူသော သူ၏ ကတိစကားကိုလည်း သူမ ယုံကြည်စွာ လက်ခံသည်။

ယောသပ်သည် ဒူးထောက် ထိုင်ချလိုက်သည်။ သူ့အား ခွင့်လွှတ်ပါရန် တောင်းပန်သည်။ ကြံ့ခိုင်သော ယောကျ်ားကြီး တစ်ယောက်အဖို့ ဒူးထောက်တောင်းပန်ခြင်းကို အင်အားတစ်ခုဟု မြင်နိုင်မည် မဟုတ်ကြ။ သို့သော် ဤပုံပြင်တွင်မူ ဤလုပ်ရပ်ကို အင်အားအရှိဆုံးနှင့် စွမ်းအင် အပြည့်ဝဆုံး လုပ်ရပ်အဖြစ် မြင်နိုင်ပေသည်။ ယောသပ်သည် မာရိကို ဒူးထောက်နေသည်မဟုတ်။ သူသည် ယေရှုခရစ်ကို (ဝါ) ဖခင်ဘဝကို (ဝါ) ယုံကြည်မှုကို (ဝါ) ဘုရားသခင်ကို ဒူးထောက်နေခြင်းသာ ဖြစ်၏။ သူမကို ရိုက်နှက်ခဲ့သည့်အတွက်လည်းကောင်း၊ သူမကို စွန့်ခွာခဲ့သည့်အတွက်လည်းကောင်း၊ သူမပြောသည်ကို မယုံကြည် မလေးစားခဲ့ခြင်းအတွက်လည်းကောင်း၊ သူ၏ အတ္တတွင်း၌ နစ်မြုပ်နေမိခြင်းအတွက်လည်းကောင်း သူ့အား ခွင့်လွှတ်ပါရန် ယောသပ်သည် မာရိကိုတောင်းပန်ခဲ့သည်။ ဤတွင်သူသည် နှလုံးသားဝိညာဉ်နှင့် ဆိုင်သောကိစ္စကို ဆောင်ရွက်နေခြင်းဖြစ်သည်။ မေတ္တာတရားနှင့် ယုံကြည်မှုတို့က သူ၏ အတ္တနှင့် မာနတို့ထက် ပို၍စွမ်းအားရှိကြောင်း ယောသပ် သိလာသည်။ သူ၏ မာရိအပေါ်ထားရှိသော သစ္စာမေတ္တာနှင့် ယုံကြည်မှု၊ မာရိက သူ့အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာတို့ကသာ သူ့ကို အခြားသူတို့ မည်သို့ထင်မြင်ယူဆသနည်းဟူသောအချက်ထက် ပို၍အရေးပါကြောင်း သူ ကောင်းကောင်းကြီး သိလာရပြီဖြစ်သည်။ သူသည် ယောကျ်ားတို့၏ အတ္တနှင့် မာနတို့ကိုဘေးသို့ ဖယ်ချနိုင်လောက်သည်အထိ စွမ်းအား ပြည့်ဝလာပြီဖြစ်သည်။

ယင်းကဲ့သို့ ဒူးထောက် ဝန်ချတောင်းပန်ခြင်းဟူသော နှိမ့်ချသည့် အပြုအမူသည် အောင်မြင်သော ဆက်နွှယ်မှုအတွက် အဓိက အကျဆုံးသော သော့ချက်တစ်ခု ဖြစ်သည်။ မော်ဒေချိုင်း ဂေါ့တ်မင်



Mordechai Gottman ၏ အိမ်ထောင်ရေးသုတေသန တစ်ခုတွင် 'အိမ်ထောင်ဖက် နှစ်ဦးတို့၏ ဆက်နွှယ်မှုတွင် ဝန်ချတောင်းပန်ခြင်းနှင့် သည်းခံခွင့်လွှတ်ခြင်းတို့သည် လွန်စွာအရေးပါသည့် စွမ်းရည်တစ်ခုဖြစ်သည်' ဟု ဖော်ပြထားကြောင်းတွေ့ရသည်။ အနူးအညွတ်ဝန်ချတောင်းပန်ခြင်းနှင့် တည်ငြိမ်စွာ သည်းခံ ခွင့်လွှတ်ခြင်းတို့သည် အိမ်ထောင်ဖက် နှစ်ဦး၏ အောင်မြင် ပျော်ရွှင်စွာ ဆက်နွှယ်မှုအတွက်အဓိကကျပေသည်။ ဤသို့သောတုံ့လှယ်ပြုမူမှုမျိုး မရှိခဲ့သော် သို့မဟုတ် ဤကဲ့သို့သော တုံ့လှယ်ပြုမူမှုမျိုး မလုပ်နိုင်ခဲ့သော် အိမ်ထောင်ရေးတွင် မပျော်ရွှင်ခြင်းနှင့် နောက်ဆုံးတွင် အိမ်ထောင်ပြိုကွဲခြင်းအထိ ဖြစ်နိုင်ကြောင်း ထို သုတေသနက ကြိုတင် ခန့်မှန်းချက် ထုတ်ခဲ့ပေသည်။

လူအချင်းချင်း ဆက်နွှယ်မှုတိုင်းတွင် သဘောထား မတိုက်ဆိုင်ခြင်း၊ ပဋိပက္ခဖြစ်ခြင်းနှင့် ငြင်းခုံ ပြောဆိုခြင်းတို့သည် ရှိစမြဲပင်ဖြစ်သည်။ လူမှုဘဝ ဆက်ဆံရေး ကိစ္စတိုင်းတွင် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ပြောမှားဆိုမှား၊ ပြုမူမှားတို့ရှိစမြဲ။ ယင်းတို့အတွက်လည်း တောင်းပန်ပြောဆို မြဲမြဲမြံမြံ ဖြစ်သည်။ အကယ်၍သာ ဝန်ချတောင်းပန်ခြင်းလည်းမရှိ၊ ဝန်ချတောင်းပန်မှုကို အနူးအညွတ်သည်းခံ ခွင့်လွှတ်ခြင်းလည်း မရှိခဲ့သော် တင်းအားတို့သည် တိုးပွားလာမည် ဖြစ်သည်။ တင်းအား များလာသည်နှင့်အမျှ နာကြည်းစိတ်၊ မခံချိမခံသာစိတ်တို့လည်း တဖွားဖွားပေါ်ပေါက်လာလိမ့်မည်ဖြစ်သည်။ ယောသပ် သွားခဲ့သည့် လမ်းစဉ်သည် ခွင့်လွှတ်ခြင်းနှင့် အပြန်အလှန် နားလည်ကျေအေးခြင်း လမ်းစဉ်ဖြစ်သည်။ ဤလမ်းစဉ်သည် နှလုံးသားဝိညာဉ်၏ သွားရာလမ်းစဉ် ဖြစ်သည်။ ဤလမ်းစဉ်ကိုသာ ယောကျ်ားအားလုံးလိုက်နာနိုင်ခဲ့သော် အိမ်ထောင်ရေးသုခ မုချရလိမ့်မည်ဟု ရဲဝံ့စွာ ပြောနိုင်ပေသည်။ သူတို့၏ မိဘများ ဆက်ဆံပြုမူပုံကို ကြည့်၍ ကလေးများသည်

သင်ယူနိုင်ကြသည်ဖြစ်ရာ ယင်း သင်ယူမှုမှပင် စိတ်လှုပ်ရှားမှု စွမ်းရည်နှင့် ဉာဏ်ရည်တို့ ပေါ်ထွက်လာသည်ဟု ဆိုရမည် ဖြစ်သည်။ ဖခင်ဖြစ်သူတို့က သူတို့၏ ကလေးများအား 'ဝန်ချတောင်းပန်ခြင်း' နှင့် 'တစ်ဖက်သားစကားကို တလေးတစား နားထောင်ခြင်း' အတတ်ပညာကို လက်တွေ့ပြသ သင်ကြားပေးနိုင်ခဲ့သော် ထိုကလေးတို့ ကြီးပြင်းလာသည့် အခါတွင် အောင်မြင်သည့် လူမှုဆက်ဆံရေး အပြုအမူတို့ကို ပြုတတ်လိမ့်မည်ဖြစ်သည်။

တောင်ပေါ်တွင် ယောသပ်နှင့် မာရိတို့ နှစ်ဦးသား ပြန်လည်ဆုံစည်းမိကြသည့်အခါ သူတို့သည် အနာဂတ်အတွက် မျှော်လင့်ချက် ကြီးစွာထားကြသည်။ အကယ်၍ အိမ်ထောင်ဖက်နှစ်ဦး အကြားတွင် အပြန်အလှန် လေးစားချစ်ခင်မှုထားခဲ့ပါက အရာရာကို ဖြစ်နိုင်သည်ဟု အကောင်းမြင်ကြလိမ့်မည်မှာ သေချာပေသည်။ ယောသပ်အဖို့ သူ၏ သတို့သမီးလောင်းနှင့် ပျော်ရွှင်ချမ်းမြေ့သည့် အိမ်ထောင်ရေးဘဝကို တည်ဆောက်ရန် အစီအစဉ်အတွက် မျှော်လင့်ချက် ကြီးစွာထားသည်။ သူ့အဖို့ အိမ်ထောင်သည် ဖြစ်ခြင်း၊ ဖခင်ဘဝကို ခံယူခြင်းတည်းဟူသော အစမ်းအသပ်ကို ခံယူရန် ကိစ္စသည် အစမျှသာ ဖြစ်ပေသေး၏။

## ဗက်လင်မြို့သို့ ညခရီး

ထိုနေ့က ကျွန်ုပ်တို့ နှစ်ဦးသား မည်မျှ အပြစ်ကင်းစင်၍ မည်မျှ မျှော်လင့်ချက် ထားမိကြသည်ကို ကျွန်ုပ် ကောင်းစွာ မှတ်မိနေပါသည်။ အရာခပ်သိမ်း အဆင်ပြေသွားလိမ့်မည်ဟု လည်းကောင်း၊ ကျွန်ုပ်တို့နှစ်ဦးကြား နှောင်ဖွဲ့ထားသည့် မေတ္တာကို ကျွန်ုပ်၏ ဦးလေးနှင့် ဂါလီလဲမြို့သားတို့ တွေ့မြင်သဘောပေါက် နားလည်လက်ခံကြလိမ့်မည်ဟုလည်းကောင်း ကျွန်ုပ်တို့ နှစ်ဦးသား ယုံကြည်မျှော်လင့်ထားမိကြပါသည်။ သို့သော် ရက်အနည်းငယ် ကြာလာသည့် အခါတွင်မူ ကျွန်ုပ်တို့ မည်မျှ ရိုးအကြောင်းကို ထင်ရှားစွာ သိလာရပါသည်။ ကျွန်ုပ် ဦးလေး၏ ခါးသီးသော စကားများသည် လေထဲတွင် အဆိပ်မှုန့်ကဲ့သို့ ပျံ့နှံ့နေသည်။ ကျွန်ုပ်တို့သည် သတို့သမီး ခန်းဝင်ပစ္စည်းများကို ဦးလေးထံသို့ ပြန်ပို့ခဲ့သည်။ ဦးလေးကလည်း ထိုပစ္စည်းအားလုံးကို မီးတိုက် ဖျက်ဆီးပစ်လေ၏။ ဤသို့သော အရှုပ်အထွေးကြားဝယ် ကျွန်ုပ်တို့ လက်ထပ်လိုက်ကြသည်။ သို့သော် လက်ထပ်ပွဲတွင် ပျော်ရွှင်သူ စုစုပေါင်းမှာ သုံးယောက်သာ ဖြစ်ရာ ယင်းတို့မှာ မာရိ၊ သူ့အမေကြီးနှင့် ကျွန်ုပ် မောင်ယောသပ်တို့ ဖြစ်ကြပါ၏။ သို့သော် မသိသားဆိုးဝါးမှု၊ ရိုင်းပျစော်ကားမှုနှင့် တီးတိုးစကားတင်းဆိုမှုတို့သည် တစ်နေ့တခြား ကြီးထွား၍သာ လာခဲ့သည်။ ကျွန်ုပ်အဖို့ လက်သမား အပ်မည့်သူ မရှိ။ ကျွန်ုပ်သည် ဆရာကာလီထံမှရသောငွေဖြင့် လက်သမား ကိရိယာတန်ဆာ ပလာများကို ဝယ်ခဲ့ပါ၏။ သို့သော် ကျွန်ုပ်ဦးလေး၏ အမျက်ဒေါသ သူတို့အပေါ် ပုံကျမည်စိုး၍ ကျွန်ုပ်ထံ အလုပ်အပ်မည့်သူမရှိ။ ကျွန်ုပ်တို့ကို နှုတ်ဆက်သည်များသဖွယ် လူအများက ရှောင်ဖယ်သွားကြသည်။ ကျွန်ုပ်တို့ နှစ်ဦးအား ခဲနှင့် ပေါက်၍ နှင်ထုတ်မည်ဟူသော စကားသံတို့ကိုလည်း ပြန်ကြားလာရသည်။ ဤသို့ဖြင့် တစ်ပတ်ပြီး တစ်ပတ်အချိန်ကုန်ကာ ကလေးမွေးဖွားမည့်ရက်လည်း နီးကပ်လာခဲ့သည်။ မာရိ၏ ဝမ်းဗိုက် တစ်နေ့တခြား ပူဖောင်းလာသကဲ့သို့ ကျွန်ုပ် ဦးလေး၏ အမျက်ဒေါသလည်း တစ်နေ့တခြား ကြီးထွား၍ လာခဲ့သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ကလေးကို ဘေးအန္တရာယ် ကင်းရှင်းစွာ မွေးဖွားနိုင်ရေးအတွက် လုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းရန် စတင်လှုပ်ရှားရပါတော့သည်။

ထိုအချိန်တွင် ကျွန်ုပ်တို့အဖို့ ဤနေရာမှ ထွက်ခွာရေး အတွက် ဆင်ခြေကောင်းပြရန် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာပါသည်။ စီဇာဩဂတ်စတပ် ဘုရင်ကြီးက လူအားလုံး မှတ်ပုံတင်ကြ

ရမည်ဟု အမိန့်တော် ထုတ်ပြန်ခဲ့ရာ လူအများပင် သန်းခေါင်စာရင်းတွင် မှတ်ပုံတင်ရန်၊ မိမိတို့ မွေးဖွားရာ ဇာတိရပ်ထံသို့ ပြန်ကြရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အဖို့မူ ဇာတိမြို့ရွာ ဖြစ်သော ဗက်လင်မြို့သို့ ပြန်ကြရပါမည်။ ကျွန်ုပ်တို့ မြို့မှ ထွက်ခွာမည့်ကိစ္စကို မာရိ၏ မိခင်မှ တစ်ပါး အခြားမည်သူ့ကိုမျှ အသိမပေးခဲ့ပါ။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် ဗက်လင်မြို့သို့ ညခရီး နှင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ မာရိ မိခင်၏ ဝမ်းကွဲ ညီမတော်သူတစ်ဦးလည်း ထိုမြို့တွင် ရှိနေပါသည်။ မာရိတွင် နေ့စေ့လစေ့ ကိုယ်ဝန်ကြီးနှင့် ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် နားနားနေနေ လမ်းလျှောက်သွားကြပါသည်။ ညအခါတွင် လေတဟူးဟူး တိုက်ကာ အေးစိမ့်နေပါသည်။ ကျွန်ုပ်တို့သည် ရှိသမျှ အဝတ်အစားတွေ အထပ်ထပ်ဝတ်ကာ နွေးထွေးအောင် ပြုကြပါသည်။ ကျွန်ုပ်တို့ နှစ်ဦးသား ပိုင်ဆိုင်ထားသမျှ၊ မျှော်လင့်ထားသမျှ အားလုံးကို စွန့်ပစ်ထားခဲ့ပြီးဖြစ်ရာ ဗက်လင်မြို့ ညခရီးတွင် ကျွန်ုပ်တို့ နှစ်ဦးသာ ငေါင်စင်းစင်း ရှိနေပါ၏။ တလက်လက် တောက်ပနေသည့် ကြယ်များကြောင့် မိုးကောင်းကင်ကြီးသည် ဘော်ကြယ်များ ပေါက်ထားသည့် ကော်ဇောနက်ပြာကြီးနှင့် တူနေပါသည်။ ကျွန်ုပ်တို့ သွားလေရာ ခရီးတစ်လျှောက်လုံးတွင် ထူးဆန်း တောက်ပြောင်သည့် ကြယ်ကြီးတစ်လုံးသည် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်မှ ထွန်းလင်း၍ အမြဲ လိုက်ပါနေသကဲ့သို့ ရှိပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် မာရိ၏ ဆွေမျိုးတစ်ဦး ဖွင့်ထားသော ထမင်းဆိုင် ရှိရာသို့ ရောက်ခဲ့ကြပါသည်။

ဗက်လင်မြို့မှ ထမင်းဆိုင်သို့ ရောက်သည့်ညက ကျွန်ုပ်တို့မှာ နွေးထွေးစွာ ကြိုဆိုခြင်း ခံရပါသည်။ သန်းခေါင်စာရင်း ကိစ္စကြောင့် ထမင်းဆိုင်တွင်လည်း ခရီးသွားများဖြင့် ပြည့်ညပ်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့မှာ နေရာကောင်း မရတော့ဘဲ မြည်း၊ မြင်းနှင့်



နွားများထားရာ တင်းကုပ်တွင်သာ နေစရာ ရပါသည်။ သို့သော် ကျွန်ုပ်တို့ရသည့် တင်းကုပ်ကလေးမှာ ကောက်ရိုးသစ်များဖြင့် နူးညံ့နွေးထွေး အန္တရာယ်ကင်းဝေးသောကြောင့် ကျွန်ုပ်တို့ ပျော်ရွှင်မိပါသည်။ မာရိကမူ ခံ့ညားတည်ကြည်၍ သဘောထား ပြည့်ဝပုံရသော သူ့အဒေါ်ဆိုင်ရှင်အား ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးပါသည်။ ကျွန်ုပ်ကိုလည်း သစ်ဝါးများ ဝယ်ယူကာ ဧည့်သည်ပိုမိုလက်ခံနိုင်ရေးအတွက် အခန်းသစ်များ ဖွဲ့နိုင်းပါသည်။ ယခုကဲ့သို့ စိတ်ချလုံခြုံသောနေရာတွင် နွေးထွေးစွာ ကြိုဆိုခြင်းခံရသောကြောင့် ကျွန်ုပ်သည်လည်း မိမိတတ်ကျွမ်းသည့် လက်သမားပညာဖြင့် မာရိအဒေါ်အလိုကျအမှုတော်ထမ်းဆောင်ရပါလေတော့သတည်း။

## ယေရှု ဖွားတော်မူခြင်း

ညနေစောင်း နေဝင်ချိန်တွင် မာရိသည် ရေမြွှာပေါက်၍ ကောက်ရိုးများ ခင်းထားသော အိပ်ရာပေါ်တွင် ကလေးကို မွေးဖွားပါသည်။ ကျွန်ုပ် မီးနေစောင့်နေချိန်အတွင်း ပါရှန်သူဌေးကုန်သည်ကြီးများ၏ လှည်းအုပ်စု ရောက်ရှိလာကြောင်း သတင်းစကား ကြားရပါသည်။ မကြာမီ အချိန်အတွင်းမှာပင် အစေခံများ ရောက်ရှိလာပြီး သူတို့သူဌေးများ မကြာမီ ရောက်လာတော့မည် ဖြစ်၍ အခန်းများကို ရှင်းလင်းပြီး အသင့် ပြင်ဆင်ထားကြရန် ပြောဆိုပါသည်။ ထို့နောက် မျှော်လင့်မထားဘဲ ပထမဆုံးသောလက်ဆောင် ရောက်ရှိ လာပါသည်။ အစေခံတို့က လွန်စွာလှပသော ကော်ဇောနှစ်ချပ်ကို ကလေးမွေးဖွားခြင်း အထိမ်းအမှတ်ဟုဆိုကာ ကျွန်ုပ်တို့အား လက်ဆောင်ပေးပါသည်။ ကော်ဇောတို့မှာ လှပဆန်းကြယ်လွန်း၍ နန်းထိုက်တော်ဝင်ဟုပင် မှတ်ထင်ရပါသည်။ ကျွန်ုပ်သည် ယင်းကော်ဇောနှစ်ချပ်ကို မာရိနှင့် သူ့အဒေါ်တို့ရှိရာ တင်းကုပ်သို့ ယူဆောင်ခဲ့ပါသည်။

ထမင်းဆိုင်ရှိရာသို့ ကျွန်ုပ် ပြန်လာသော အခါတွင်ကား ကုန်သည်သူဌေးခရီးသည်များ ရောက်ရှိနေကြပြီ ဖြစ်သည်။ သူတို့ ယူဆောင်လာသော အဝတ်တန်ဆာများမှာ တန်ဖိုးကြီးလွန်းလှသဖြင့် အစောင့်အကြပ်တို့ ထူပြောစွာ ချထားကြပါသည်။ ပထမဆုံး ဝင်ရောက်လာသည့် ခရီးသည်က သူ၏ ဝတ်ရုံလွှာ အပေါ်ပိုင်းကို ပင့်တင်လိုက်သောအခါ ကျွန်ုပ် ထိုသူကို ကောင်းစွာ မှတ်မိလိုက်ပါသည်။ ပြန့်ပြူးသည့် မဟာနဖူး၊ ညိုမှောင် ကြည်လက်သည့် မျက်လုံးအစုံတို့က ထိုသူသည် ကျွန်ုပ်၏ချစ်မိတ်ဆွေကြီးကာလီဖြစ်ကြောင်း သံသယဝင်စရာမလိုအောင် ဖော်ပြလျက်ရှိပါသည်။

သူသည်ကျွန်ုပ်အား ချစ်ကြည်စွာပွေ့ဖက်၍ ကျွန်ုပ်မေးသမျှကို ဖြေကြားသည့်အနေဖြင့် ဤသို့ ပြောဆိုပါသည်။ "ဤရွာတွင် နေ့စဉ် နေ့တိုင်း ကလေးတစ်ယောက် မွေးဖွားသည်မဟုတ်။ ဤနေ့တွင် မွေးဖွားသည်မှာလည်း ဤကလေးတစ်ယောက်တည်းသာဖြစ်သည်" ကာလီသည် ကောင်းကင်တွင် လင်းလက် တောက်ပနေသော ကြယ်ကြီးကို ညွှန်ပြကာ "ကျွန်ုပ်တို့သည် ထို ကြယ်ကြီးလမ်းညွှန်ရာသို့ လိုက်ရင်း ဤကလေးကို ကောင်းချီးပေးရန် ကလေးမွေးရာဒေသသို့ ဆိုက်ရောက်လာခြင်း ဖြစ်သည်" ဟု ပြောပါသည်။ ကျွန်ုပ်အဖို့မူ ဤကလေး မွေးဖွားရာ ထမင်းဆိုင်ငယ်သို့ မောရှေကိုယ်တော်တိုင် လာကြည့်သကဲ့သို့ ခံစားရကာ လွန်စွာအံ့ဩမိပါသည်။ ထိုအချိန်၌ ကျွန်ုပ်တို့သည် မာရီ၏ ညည်းတွားသံနှင့်အတူ ကလေးငိုသံကိုပါ ကြားလိုက်ရသည်ဖြစ်ရာ ကျွန်ုပ်တို့ အားလုံးသည် တင်းကုပ်ရှိရာသို့ ဦးတည်လိုက်ကြပါသည်။

ကျွန်ုပ်တို့အားလုံး တန်းစီ၍ တင်းကုပ်ထဲသို့ ဝင်လာကြသည်။ ကျွန်ုပ်သည် အလျင် ရှေ့သို့ ပြေးထွက်ကာ မာရီ ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။ သူမသည် ချွေးတို့ဖြင့် စိုရွှဲကာ မျက်နှာတွင် ပန်းနုရောင်သမ်းလျက်ရှိပြီး ပင်ပန်း နွမ်းနယ်သည့်အသွင် ပေါ်စေကာမူ



ကျန်းမာပျော်ရွှင်စွာရှိကြောင်း သိသာလှပါသည်။ သူမသည် ကလေးကို ရင်ခွင်တွင် ထွေးပွေ့ကာ ကျွန်ုပ်ရှိရာသို့ လှမ်းလာသည်။

အမှန်အတိုင်း ဝန်ခံရပါမူ ထိုအချိန်အထိ ကျွန်ုပ်၏ အသည်းနှလုံးမှာ အေးစက် မာကျောလျက်ပင် ရှိနေသေးသည်။ ကျွန်ုပ်သည် မာရီကို လက်ခံခဲ့သည် မှန်စေကာမူ ကျွန်ုပ်၏ ယောကျ်ားဘသားစိတ်ဓာတ်နှင့် မာနတို့က ကလေးကို နှစ်နှစ်ကာကာ လက်ခံလိုဟန် မတူသေးပေ။ ကလေးကို ကျွန်ုပ် ငုံ့ကြည့်လိုက်သည်။ (ဘုရားသခင် ခွင့်လွှတ်တော်မူပါ) ကျွန်ုပ်သည် ကလေးကို လိုလိုချင်ချင် ရှိလှသည် မထင်ပါ။ ကျွန်ုပ်သည် မာရီ၏ ခင်ပွန်းအဖြစ် အိမ်ထောင်တစ်ခုကို တည်ဆောက်လိုက်ပြီဖြစ်သော်လည်း ဤကလေးကိုမူ ကျွန်ုပ်၏ ကလေးအဖြစ် လက်ခံရန် ဆန္ဒမရှိလှပါ။ မာရီကမူ "ဟောဒီမှာ ကျွန်မတို့ သားကလေးပဲ။ ဘုရားသခင်က ပို့တော်မူလိုက်တာ" ဟု ပြောပါသည်။ ကျွန်ုပ်၏ ရှေးယခင်က ဒေါသကို သိပြီးဖြစ်သောကြောင့် ကလေးကို ကျွန်ုပ်လက်ခံမှ ခံပါ့မည်လားဟူသော စိုးရိမ်သံသယဖြင့် မာရီ၏အသံမှာ အနည်းငယ်တုန်ခါနေပါသည်။

ကျွန်ုပ်သည် ကလေးကို ကြည့်လိုက်သည်။ ထိုသို့ ကြည့်လိုက်ပြီးနောက် ဖြစ်ပေါ်သည်တို့ကို ကျွန်ုပ် မှတ်မိသမျှ ပြန်လည် ရေးပြပါမည်။ ကလေးသည် မွေးကင်းစ ဖြစ်ပါလျက် အဘယ့်ကြောင့် ကျွန်ုပ်ကို စူးစူးစိုက်စိုက် ပြန်ကြည့်နိုင်သနည်း။ ထိုကဲ့သို့ ကျွန်ုပ်ကို ပြန်လည် စူးစူးစိုက်စိုက် ကြည့်ရုံမက ကျွန်ုပ်ထံသို့ သူ၏ သေးသွယ်သော လက်ကလေးကို လှမ်း၍ပင် ပေးနေချေသေးသည်။ ထိုခဏအတွင်းပင် ကျွန်ုပ်သည် ကလေးကို လှမ်းယူကာ ကျွန်ုပ်၏ ရင်ခွင်ထက်ဝယ် ထွေးပွေ့လိုက်ပြီး ဖြစ်တော့သည်။ ကျွန်ုပ်သည် မွေးသစ်စကလေး၏ သင်းပျံ့ပျံ့ မျက်နှာလေးကို ကျွန်ုပ် ပါးဖြင့် အပ်ထားမိသည်။ ကျွန်ုပ်၏ ပါးပြင်ထက်တွင် မျက်ရည်တို့ ယိုစီးကျလျက်ရှိသည်။ ကလေး၏ နူးညံ့သေးငယ်သော လက်ကလေးများက

ကျွန်ုပ်၏ မျက်နှာကို ပွတ်သပ်လိုက်သည့်အချိန်တွင်ကား ကျွန်ုပ်၏ ရင်ထဲတွင် ကျောက်တုံး ကျောက်ခဲပမာ အစိုင်အခဲ ဖြစ်နေသော မောဟတို့ ကြေကွဲပျက်စီးသွားကာ ကျွန်ုပ်၏ အသည်းနှလုံးမှာလည်း မေတ္တာဓာတ် လွှမ်း၍ ရွှင်လန်းချမ်းမြေ့ရပါတော့သတည်း။

"ယေရှု. . . ယေရှု. . . ငါ့သားကလေး. . . " ကျွန်ုပ်သည် မာရိနှင့်အတူ ရယ်လည်း ရယ်မိ၊ ငိုလည်း ငိုမိပါ၏။ ကျွန်ုပ် တစ်သက်တာတွင် မွေးသစ်စ ကလေးရနံ့ သင်းပျံ့သည့် ထိုမျက်နှာကလေးကို မေ့နိုင်တော့မည် မဟုတ်ပါ။ မာရိ၏ မေတ္တာရောင်ခြည် ဖြာနေသော မျက်လုံးများကို မြင်နေရသည်။ ယေရှု၏ နူးညံ့သော လက်ကလေးများက ကျွန်ုပ်၏ ဆံပင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်ကို ခံစားရသည်။ သူကလေး၏ တီးတိုး ပြောသံကလေးကို နားထဲတွင် ကြားနေရသည်။

ထို့ကြောင့် ကျွန်ုပ်သည် မွေးကင်းစ ယေရှုကလေးထံမှ လွန်စွာ အရေးပါလှသော ဖခင်ဘဝ သင်ခန်းစာ၊ ခင်ပွန်းလင်ဘဝ သင်ခန်းစာတို့ကို ရရှိခဲ့သည်ဟု ဆိုချင်ပါသည်။ ယင်းနှင့်အတူ ချစ်မေတ္တာနှင့် ခွင့်လွှတ်ခြင်းတို့ သံသရာလည်ပုံ အကြောင်းကိုလည်း သဘောပေါက်မိပါသည်။ ထိုညက လက်ဆောင်ပစ္စည်း၊ စိန်၊ ရွှေ၊ ငွေ ရတနာ အတော်များများ ရရှိပါသည်။ သို့သော် ကျွန်ုပ် ရရှိလိုက်သော သင်ခန်းစာလောက် မည်သည့်အရာကမျှ တန်ဖိုးပို၍ရှိသည်ဟု ကျွန်ုပ် မထင်မိပါ။ နောက်ပိုင်းတွင် ကျွန်ုပ်၏သား ယေရှုသည် အခြားသူများအား ဤသို့သော ကောင်းချီးပေးမှုများ ပြုလုပ်ခဲ့သည် မှန်ပါ၏။ သို့သော် ကျွန်ုပ်သာလျှင် ပထမဆုံးသော ကောင်းချီးပေးခံရသူ ဖြစ်သည်ဟု ကျွန်ုပ် မိမိဘာသာ ပီတိဖြာ၍ ဂုဏ်ယူမိပါသတည်း။



## ငွေမီးအိမ်၊ သံလွင်ပင်နှင့် ရွှေလက်စွပ် နှစ်ကွင်း

ဆောင်းတစ်ည. . .

ကန္တာရအတွင်းမှ လေသည်အေးမြစွာ တိုက်ခတ်ဆဲ။

မှောင်မည်းသည့် ကြယ်စုံတောက် ကောင်းကင်ပြင်၏ နီးကပ်ခြင်းနှင့် ကြည်လင်မှု။

ကြယ်တာရာကြီးများ ရောင်စုံ တောက်ပနေချိန်။

ထို လင်းရောင်ခြည်တို့က ယခင်က မမြင်ဘူးခဲ့သော ညတစ်ညကို ဖန်ဆင်းထားသည်။

ကလေးအတွက် နွားစာခွက်အတွင်းမှာ

လူတို့ ယူဆောင်လာသည့် အမွှေးတိုင်၊ နံ့သာတိုင်၊ မုရန်စေးစသည်. . .။

ကြည်ပြာရောင် ပိုးဝတ်စုံကို ဆင်မြန်းထားသူက ပြောသည်။

"ဤအရာကား အဖေနှင့် အမေတို့အတွက် ဖြစ်သည်။

ဤ ငွေမီးအိမ်ကလေးသည် သင်တို့အတွက် မင်္ဂလာလက်ဖွဲ့ ပစ္စည်း ဖြစ်သည်။

တစ်ယောက်အတွက် ငွေမီးအိမ် တစ်ဖက်။

သင်တို့ တွေ့မြင်သည် မဟုတ်လော။ တောက်ပြောင်နေသည့် ငွေမီးအိမ်. . .။ သို့သော် မိမိ ပိုင်သည့် တစ်ဖက်ကို ဂရုတစိုက် အဝတ်ဖြင့် သန့်စင်မှုမပြုဘဲထားခဲ့သော် မကြာမီ အရောင်ညစ်ပေ၍ ငွေရောင်လည်း မှေးမှိန်သွားနိုင်သည်။

သင်တို့သည် မီးအိမ်ကို ဆီကောင်းဆီသန့် ဖြည့်၍ မီးစာကိုလည်း အသစ်လဲထားရမည်။ သို့မှသာ အလင်းရောင် အမြဲတမ်း ထွန်းပနိုင်လိမ့်မည်။

သင်တို့ နှစ်ဦးကြားဝယ် ဒုက္ခရောက်မှု၊ ရန်ဖက်ပြိုင်မှု၊ နာကျင်စေမှုတို့ ဖြစ်ပေါ်သည့် အခါတိုင်း ဤမီးအိမ်ကို ထွန်းညှိထားရမည်။

နူးညံ့သည့် အဝါရောင် မီးတောက် အလင်းဝယ် သင်တို့

နှစ်ဦး ပြောဆို ညှိနှိုင်းခြင်းဖြင့် နားလည်မှု ရရှိအောင် ပြုလုပ်ပါမည်ဟု သစ္စာဆိုကြရမည်။ ဤအတိုင်းသာ လိုက်နာ ဆောင်ရွက်နိုင်ခဲ့ပါက ဤမီးအိမ်ငယ်သည် နားလည်မှုတည်းဟူသော လင်းရောင်ခြည်တန်းဖြင့် သင်တို့နှစ်ဦးအား ခိုင်မြဲစွာ ချည်နှောင်ထားလိမ့်မည်ဖြစ်သည်"

အလက်ဇန္ဒရီးယားမှ လာသော ပုဂ္ဂိုလ်က "ဤအရာသည်လည်း သင်တို့နှစ်ဦး အတွက်ပင် ဖြစ်သည်" ဟု ပြောပါသည်။ သူ၏ဝတ်ရုံမှာ ကမ္ဘာတစ်ဖက်စွန်း တောင်တန်းကြီးများပေါ်မှ နေဝန်းထွက်သည့်ပမာ နီရဲတောက်ပြောင်နေပါသည်။

သူ လှုပ်ရှားမှု ပြုလိုက်တိုင်း ဝတ်ရုံ၏ အနီရောင်နှင့် သူ၏ မည်းနက်သော အသားရောင်တို့ ရောယှက်ကာ လင်းရောင်ခြည်တန်းများဖြင့် ရက်လုပ်ထားသည့်ပမာ အရောင်များ တဖိတ်ဖိတ် တောက်သွားပါသည်။

သူသည် သံလွင်ပင်ပေါက်ကလေး ပါသော ပန်းအိုးတစ်လုံးကို ဆွဲထုတ်လိုက်သည်။ "ဤအပင်ကို သင့် အိမ်ရှေ့တွင် စိုက်ပါ။ နွေအခါတွင် အအေးရိပ်ကို ပေး၍ ဆောင်းအခါတွင် မီးအိမ်ကို ဖြည့်ရန် ဆီထွက်သည့် သံလွင်သီးတို့ကို ပေးခြင်းဖြင့် သင်တို့ အိမ်ကလေးကို နွေးထွေးစေပါလိမ့်မည်။ သို့သော် ဤအပင်ငယ်ကို သင်တို့ နှစ်ဦးစလုံးက ပြုစု စောင့်ရှောက်ရမည် ဖြစ်သည်။ သို့မှသာ သင်တို့နှစ်ဦးကဲ့သို့ပင် ဤအပင်ငယ်လည်း ဘုရားသခင် ပေးသည့် လေဖြင့် ကြီးထွားလာလိမ့်မည်။ ဤသို့ဖြင့် ဤအပင်က သင်တို့အား နားစရာ နေရာ၊ စားစရာ အစာနှင့် နွေးထွေးမှုကို ပေးပါလိမ့်မည်"

ဟိုအဝေးမှ လာသော မျက်စိဝါ၊ အသားအရောင် ဝါသည့် ပုဂ္ဂိုလ်ကြီးကမူ "ကျွန်ုပ်က သင်တို့အား ဤအရာမျိုး တစ်ယောက် တစ်ခု ပေးပါမည်" ဟု ပြောသည်။ သူ၏ ခရမ်းရောင်ဝတ်ရုံကို တိရစ္ဆာန်ရုပ်များဖြင့် ပုံဖော်ထားရာ နဂါးကြီး တစ်ကောင်၏ ရုပ်သွင်



မှာ ပီပြင်လွန်းလှသည်။ ချစ်ခြင်းမေတ္တာ၏ သင်္ကေတအဖြစ် တစ်ဦးကို တစ်ဦးက ဝတ်ဆင်ပေးရန် ရွှေလက်စွပ် နှစ်ကွင်းကို သူက ပေးပါသည်။

"သင်တို့နှစ်ဦး တစ်ယောက်နှင့် တစ်ယောက် တွေ့မြင်ချစ်ကြိုက်စ အချိန်က သင်တို့ စိတ်ထဲတွင် မည်သို့မည်ပုံ ခံစားရသည်ကို အမြဲ သတိရကြပါ။ ဤလက်စွပ် နှစ်ကွင်းကို အရေးတယူ ဂရုတစိုက်ထားရှိမှသာလျှင် သင်တို့ နှစ်ဦးကြားရှိ ချစ်ခြင်းမေတ္တာလည်း ရှင်သန်နေလိမ့်မည် ဖြစ်သည်ကို သတိရကြပါ" ဟု သူက ပြောသည်။

ကျွန်ုပ်တို့၏ ဦးခေါင်းထက်ဝယ် ထူးဆန်းသော ကြယ်ကြီးမှ အလင်းရောင်တို့သည် ဖြာဆင်းကျလျက် ရှိပါသည်။ ကျွန်ုပ်တို့သည် ကလေး၏ အနီးပတ်ဝန်းကျင်တွင်ထိုင်ရင်း ထွေရာလေးပါး စကားပြောဖြစ်ကြသည်။

ငွေမီးအိမ်၏ အလင်းရောင်ဝယ် ကျွန်ုပ်နှင့် မာရီတို့သည် တစ်ဦးကို တစ်ဦး ငေးမောနေမိကြသည်။

ညဉ့်သည် တဖြည်းဖြည်း နက်လာသည်။

ဧည့်သည်တော် သုံးဦးတို့သည် မွေးဖွားစ ယေရှု ရှိရာသို့ ဘုရင့်ထံမှောက် ခစား ဝင်ရောက်သည့်ပမာ ရိုသေစွာ ချဉ်းကပ်လာကြသည်။ ဒူးထောက်၍ သူတို့ ပါလာသည့် လက်ဆောင်ကို ရိုသေစွာ ဆက်သကြသည်။ ထို့နောက် ကလေးကို ယုယ ရိုသေစွာ ပွေ့ချီကြသည်။ နောက်ဆုံးတွင် ဆရာကာလီက မာရီနှင့် ကျွန်ုပ်တို့အတွက်ဟုဆိုကာ ငွေ၊ အမွှေးနံ့သာတိုင်နှင့် သံလွင်ပင်ပေါက်တို့ကို ပေးပါသည်။

ထို့နောက် "ပန်းဥယျာဉ်အတွင်းမှအိမ်အတွက်သော့" ဟု ဆိုကာ ထင်းရှူးမွှေး သေတ္တာငယ်တစ်ခုကို ပေးပါသည်။ "တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သင်တို့ မိသားစုအတွက် ခိုလှုံစရာနေရာ လိုအပ်

လာလျှင် အဆင်သင့် ဖြစ်အောင်လို့ပါ” ဟုလည်း သူက ပြောပါသည်။ အလင်းရောင်လွှမ်းသောထိုညက ယင်းစကားလေးတစ်ခွန်းသည် အနာဂတ်၏ အမည်းရိပ်ကို ညွှန်းဆိုလိုက်သည်ဟု ထင်ရပါသတည်း။

ကျွန်ုပ်တို့သည် မာရီနှင့် ယေရှုတို့ကို အိပ်စက် နားနေရန် တင်းကုပ်ထဲတွင် ထားခဲ့ကာ ကြယ်ရောင်အောက်ရှိ လှည်းတပ်ကြီး၏ အလယ်ဗဟိုတွင် မီးပုံပွဲဖြင့် အောင်ပွဲခံကြပါသည်။ နံနက်ခင်းနေမင်း ထွက်ပြူလာသောအခါ ထူးဆန်းသည့် ကြယ်ကြီးကလည်း တောက်ပစွာ ပေါ်ထွက်လာသည် ဖြစ်ရာ နေနှစ်စင်း အလင်းပြိုင်နေသကဲ့သို့ ရှိပါသည်။ သက်ကြီးရွယ်အိုတို့ကမူ ဤဖြစ်ရပ်သည် အနာဂတ် ဟောကိန်းများတွင် ပါသော်လည်း တစ်ခါမျှ မမြင်ခဲ့ဖူးကြသောကြောင့် ဤနေ့သည် နေ့ထူးနေ့မြတ် ဖြစ်သည်ဟု ဆိုကြပါသတည်း။

## ရိုးစင်းသည့်ဘဝ

ထို့နောက်တွင်ကား ကျွန်ုပ်တို့သည် လက်သမား မိသားစုအဖြစ် ရိုးစင်းသော ဘဝဖြင့် ဗက်လင်မြို့တွင် နေထိုင်ခဲ့ကြပါသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့နှင့် ပတ်သက်၍ ကောလာဟလတို့ များစွာ ပျံ့လျက်ရှိသည်။ ကျွန်ုပ်တို့သည် အပြင်မထွက်ဘဲ ထမင်းဆိုင်ထဲတွင်သာ ဆိတ်ငြိမ်စွာနေကြသည်။ သို့သော်ထမင်းဆိုင်ဟူသည် ပင်လယ်ကမ်းနားသဘော်ဆိပ်ကဲ့သို့ပင် ခရီးသည်နှင့် လှည်းကုန်သည်သို့ သယ်ယူလာသည့်ပုံပြင်အသစ်အဆန်းများ၊ ကောလာဟလများ၊ ရယ်စရာဟာသပြက်လုံးများ၊ သတင်းနှင့် အတင်းအဖျင်းများ ပြည့်နှက်လျက်ရှိသည်။ အရှေ့အရပ်မှလာသည့် မြင့်မြတ်သော ခရီးသွားကုန်သည်တို့က ယေရှုမွေးဖွားခြင်းအတွက် အဖိုးတန်လက်ဆောင်များ ပေးသွားသည်ဟူသောသတင်းက တောင်ပံပါ



သည့် ငှက်ကဲ့သို့ နယ်မြေတစ်ခွင်၌ အလျင်မြန်ဆုံး ပျံ့နှံ့သွားပါတော့သည်။ ယင်းသတင်းသည် နယ်အစုံသို့ ရောက်ပြီး နောက်တွင်ကား ပုံစံအသစ်ပြောင်းသွားပါသည်။ ကျွန်ုပ်တို့ ပြန်ကြားရသည့် ပုံစံသစ်သတင်းမှာကား “ဘုရင်သစ်တစ်ပါး မွေးဖွားတော်မူကြောင်းနှင့် ယင်းဘုရင်သည် လူသားအားလုံးတို့၏ ကယ်တင်ရှင် ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးက အားထားကိုးကွယ်ရမည့် နတ်စစ်သည် တစ်ဦးဖြစ်ကြောင်း၊ ကမ္ဘာမြေပေါ် ရှိရှိသမျှသော ရှင်ဘုရင်များ အားလုံးက ထိုဘုရင်သစ်ကို လာရောက် ဦးညွှတ် ပူဇော်ကြကြောင်း” ဟူ၍ ဖြစ်ပါသည်။ ထိုသတင်းသစ်အရ တွေးကြည့်သော် ကျွန်ုပ်နှင့် မာရိတို့ နေသော တင်းကုပ်ထဲတွင်ကား ဘုရင်သစ်မရှိတန်ရာ။ ထို့ကြောင့် ဘုရင်သစ် အဘယ်မှာနည်းဟူသော ပြဿနာကို ဖြေရှင်းသည့် ပုံပြင်သစ်များလည်း ပေါ်ထွက်လာပါသည်။

ဝမ်းနည်း ထိတ်လန့်စရာ ကောင်းသည့် ဖြစ်ရပ်မှာ ယင်းသတင်းသည် ဟေရုဒ်မင်းကြီး၏ ရွှေနားတော်သို့ ပေါက်ကြားသွားခြင်း ဖြစ်သည်။ ထိုအချိန်တွင်ကား ယေရှုမွေးဖွားသည့်သတင်းသည် ချဲ့ကားချင်တိုင်းချဲ့ကားပြီးဖြစ်နေသည်။ ဟေရုဒ်မင်းကြီးကိုယ်တော်တိုင်ကလည်း ထိုသူငယ်သည် ဘုရားသခင်၏ စစ်သည်တော်ဖြစ်၍ သူ့အားနန်းချရန်လာသည်ဟု ရှုမိုက်စွာယုံကြည်ခဲ့သည်။ ပါရှန်တို့ကလည်း အယူဝါဒမတူသူ ဟေဗြဲတို့ကို ရွှေ ငွေ ရတနာများ ပေးကာ စစ်တပ်ဖွဲ့စေ၍ သူ့အား လုပ်ကြံရန် လာကြပြီဟု ဟေရုဒ်မင်းကြီးက ယုံကြည်ခဲ့သည်။

ဟေရုဒ်မင်းကြီး၏ စိတ်စွဲလမ်းမှု ဥပါဒါန်အကြောင်း ကျွန်ုပ်ကြားရသည့်အခါစိတ်ထဲတွင် မကြည်မလင် ဖြစ်မိသည်။ အစကနဦးကမူ ဤသည်လည်းကောလာဟလချဲ့ကားမှုပင် ဖြစ်လိမ့်မည်ဟု ထင်မိသေးသည်။ သို့သော် ဟေရုဒ်မင်းကြီး၏ သူလျှိုများ တစ်နေ့တခြားများသည်ထက် များလာသည်ကို မြင်တွေ့လာရသောအခါ

တွင်မူ ကျွန်ုပ် စိတ်နှလုံး ပူပန်မိသည်။ ဟေရုဒ်မင်းကြီး၏ စစ်သည်တော်များသည် နေရာအနှံ့ သူငယ်တော်ဘုရင်ကို ရှာဖွေလျက် ရှိကြသည်။ သို့သော် ကံကောင်းသည်မှာ ရှာဖွေသူတို့က ဘုရားသခင်၏ စစ်သည်တော်မည်သည် နွားတင်းကုပ်ထဲတွင် မရှိတန်ရာဟု ယူဆ၍ ကျွန်ုပ်တို့ နေထိုင်ရာသို့ လာမရှာခြင်းပင် ဖြစ်သည်။ ကျွန်ုပ်သည် ဆရာကာလီနှင့် သူ၏မြင့်မြတ်သောမိတ်ဆွေတို့ သူငယ်တော်မွေးစက အလေးအနက်သတိပေးခဲ့ပုံကို ပြန်သတိရမိပါသည်။ ထမင်းဆိုင်သို့ ရောက်လာသမျှသော ခရီးသွား ကုန်သည်တို့ထံမှလည်း သတင်းအသစ်အဆန်းများကို နေ့စဉ်နှင့်အမျှ ကြားနေရသည်။ ယင်းသတင်းများအရ ဟေရုဒ်ဘုရင်ကြီးသည် ရပ်ဝေးရပ်နီးမှ ဗေဒင်ဆရာ၊ နက္ခတ်ဆရာ၊ မှော်ဆရာနှင့် ပဉ္စလက်ဆရာတို့ကို ဆင့်ခေါ်ကာ သူငယ်တော်ဘုရင် ရှိရာအရပ်ကို စစ်ဆေးတွက်ချက်ရှာဖွေစေကြောင်း ကြားသိရသည်။ သူတို့ကလည်း မင်းကြီးစိတ်ကြိုက်၊ မင်းကြီး ကြားချင်သည့် သတင်းကိုပင် တင်လျှောက်ကြသည်။ ယင်းသတင်းမှာ ဘုရင်ကြီးကို နန်းချရန်၊ ဘုရားသခင်၏ တမန်တော် စစ်သည်တစ်ဦးလာလိမ့်မည်ဟူသော သတင်းပင် ဖြစ်သည်။ ကျွန်ုပ်နှင့် မာရိတို့သည် ဤကိစ္စနှင့် ပတ်သက်၍ မကြာခဏတိုင်ပင် ဖြစ်ကြသည်မှန်သော်လည်း ဘယ်ကို သွား၍ ဘာလုပ်ရမည်ကို မသိနိုင်ခဲ့ကြပါ။ ထို့ကြောင့် တစ်နေ့သ၌ ကျွန်ုပ်သည် တောင်ကုန်းကလေးပေါ်သို့ ဝတ်ပြု ဆုတောင်းရန် သွားမည်ဖြစ်၍ နံနက်မိုးလင်းသည့်တိုင် ပြန်မလာခဲ့ပါက စိုးရိမ်ပူပန်ခြင်း မဖြစ်ရန် မာရိကို မှာထားပြီး တောင်ပေါ်သို့ တက်ခဲ့ပါသည်။ ကျွန်ုပ်သည် တောင်ကုန်းကလေးပေါ်တွင် တစ်ညလုံး ဆုတောင်းမေတ္တာပို့သနေကာ လင်းအားကြီး အရုဏ်တက်ချိန်လောက်တွင် မေ့ခနဲ အိပ်ပျော်သွားမိပါသည်။ ထိုအချိန်တွင် ကျွန်ုပ်သည် ဒုတိယအိပ်မက်ကို မြင်မက်ပါသည်။



## ဒုတိယအိပ်မက်

အိပ်မက်ထဲတွင် ကျွန်ုပ်သည်မာရိ၊ ယေရှုတို့နှင့်အတူအမှောင်မိုက်ဆုံးသော ညကိုဖြတ်သန်းလမ်းလျှောက်လျက် ရှိကြသည်။

ကျွန်ုပ်တို့ လမ်းလျှောက်နေစဉ်အတွင်း ကြယ်ပွင့်ကလေးများသည် လေပြင်းတိုက်ခံရသော ဆီမီးခွက်များပမာ တစ်လုံးပြီး တစ်လုံး မှေးမှိန်ပျောက်ကွယ်သွားကြသည်။ ကျွန်ုပ်တို့၏ နောက်ကွယ်၌ကား လူသတ်ကောင်တို့နှင့် သေလုဆဲဆဲ လူတို့၏ သွေးရူးသွေးတန်း ဆူညံအော်ဟစ်ညည်းညူနေသံများကို ကြားကြရသည်ဖြစ်ရာ ကျွန်ုပ်တို့သည် လွန်စွာထိတ်လန့်တုန်လှုပ်ကာ စိတ်ရှုပ်ထွေးလျက် ရှိကြသည်။

ကျွန်ုပ်တို့သည် ခပ်သုတ်သုတ် လျှောက်ကြသည်။ သို့သော် အော်ဟစ် ညည်းညူသံတို့မှာ တဖြည်းဖြည်း ပို၍ ပို၍ နီးကပ်လာပေသည်။

ညဉ့်သည် ပိုမှောင်လာကာ ကောင်းကင်တွင်လည်း ကြယ်တို့ အလင်းရောင် လုံးဝ ပျောက်ကွယ်သွားသည်။ ကျွန်ုပ်တို့မှာ ပြေးစရာ မြေမရှိ။ ဘယ်သို့ ပြေးရမည်ကိုပင် မသိ။

ထိုအချိန်တွင် ယေရှု၏ကိုယ်မှ သွေးယိုစီးကျလာသည်။ ကျွန်ုပ်တို့၏ ကလေးသည် သေငယ်ဇောဖြင့် မြောနေပေပြီ။

ထိုအချိန်တွင် မဟာကြယ်ကြီးမှ အလင်းရောင်နှင့် အတူ ဘုရားသခင်၏ ကောင်းကင်တမန် ပေါ်ထွက်လာသည်။ တမန်တော်သည် ဒေါးကိုဖယ်၍ ရပ်လိုက်သောအခါ သူ့ နောက်ကွယ်ရှိ ဝင်းတံခါး တစ်ခုကို မြင်ရသည်။

ကျွန်ုပ်သည် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ကျွန်ုပ်တို့ လာခဲ့ရာ လမ်းသည် လှိုင်းတံပိုးများ ထလျက်ရှိသော သွေးမြစ်ပြင်ကြီး ဖြစ်နေပေပြီ။ တမန်တော်က "အဲဂုတ္တုပြည်" ဟု တစ်ခွန်းတည်း ပြောကာ ဝင်းတံခါးကို ဖွင့်လိုက်ရာ ကျွန်ုပ်တို့လည်း ထိုတံခါး အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပါသတည်း။

ထို့နောက်တွင် ဝင်းတံခါးကြီး ပိတ်သွားပြီး ကျွန်ုပ်တို့လည်း ဥယျာဉ်တစ်ခုတွင်းသို့ အေးချမ်းလုံခြုံစွာ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ဤတွင်ကျွန်ုပ်လန့်နိုးပါသည်။ အရှေ့လောကဓာတ် တစ်ခွင်မှ ရှင်နေမင်း၏ အလင်းရောင်သည် သွေးချင်းချင်းနီလျက်ရှိပါသည်။ ကျွန်ုပ်သည် မာရိရှိရာ တောင်အောက်သို့ အပြေးအလွှားဆင်းခဲ့ပါသည်။ ကျွန်ုပ်၏ အိပ်မက်ကို သူ့အား ပြောပြပြီးသောအခါတွင်မူ ကျွန်ုပ်တို့နှစ်ဦးသည် ဤဒေသမှ စွန့်ခွာထွက်ပြေးရန် သဘောတူလိုက်ကြပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဘယ်သွားသည်ကို မည်သူမျှမသိအောင် ထိုညတွင်းချင်းပင် ကျွန်ုပ်တို့ ထွက်လာခဲ့ကြသည်။ ကျွန်ုပ်တို့တွင် ဆရာကာလီ ပေးထားသော ငွေစအတန်အသင့်ရှိရာ ယင်းမှာ ကျွန်ုပ်တို့အတွက် ကောင်းမွန်စွာ ဖူလုံပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ မိသားစုသည် အဲဂုတ္တုပြည် အလက်ဇန္ဒရီးယားမြို့ရှိရာသို့ ဦးတည်ထွက်ခွာလာခဲ့ကြပါသတည်း။

နောက်ဆုံးတွင် ကျွန်ုပ်တို့သည် အိပ်မက်ထဲ၌ တွေ့ခဲ့ရသော ဝင်းတံခါးပေါက်သို့ ရောက်ခဲ့သည်။ သို့သော် တံခါးတွင် ရောမ သော့ခလောက်ကြီး ခတ်ထားပါသည်။ အစေခံအိုကြီးသည် ကျွန်ုပ်အား ကောင်းစွာ မှတ်မိသည် မှန်သော်လည်း သူ့သခင်မရှိသောကြောင့် ဝင်ခွင့်မပေးပါ။ ဤတွင် ကျွန်ုပ်သည် ဆရာကာလီ ပေးခဲ့သော ထင်းရှူးမွှေးသေတ္တာထဲမှသော့တွဲကိုသတိရမိသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထင်းရှူးမွှေး သေတ္တာတွင်းမှ သော့တွဲကို ထုတ်ကာ ဝင်းတံခါးကို ဖွင့်လိုက်ပါသည်။ ထိုအခါတွင်မှ အစေခံကြီးသည် ကျွန်ုပ်ရှေ့တွင် ဒူးထောက် ဦးညွှတ်ကာ "ဆရာကာလီက သော့ရှိသူမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ဤခြံတွင်းသို့ မဝင်စေရ" ဟု အမိန့်ပေးထားကြောင်း ပြောပြပါသည်။ သော့ရှိသူသည် ခြံပိုင်ရှင် ဖြစ်သည်။ ခြံပိုင်ရှင်သည်ပင် ယင်းခြံတွင်းမှ အိမ်ကို ပိုင်သူဖြစ်ပေရာ ကျွန်ုပ်တို့ မိသားစုမှာ စိတ်သက်သာစွာ နားခို နေထိုင်စရာ



ရရှိခဲ့ပေပြီ။ တစ်နည်းဆိုရသော် ကျွန်ုပ်တို့သည် ဘုရားသခင်ပေးသည့် အိပ်မက်အရလည်းကောင်း၊ ဆရာကာလီ၏ အရှည်ကို မြော်မြင်တတ်သည့် ပညာဉာဏ်နှင့် သဘောထားကြီးမှုကြောင့်လည်းကောင်း စိတ်ချမ်းမြေ့စွာ နားခိုစရာ ရခဲ့ပေပြီ။

## ရှူးသွပ်ခြင်းနှင့် ကျိန်ဆဲခြင်းများ

ဟေရုဒ်ဘုရင်ကြီး၏ ရူးသွပ်မိုက်မဲမိုက်မှုအကြောင်းကို ကြားရသောအခါတွင် ကျွန်ုပ်တို့သည် လွန်စွာထိတ်လန့်တုန်လှုပ်မိကြပါသည်။ ဟေရုဒ်ဘုရင်ကြီးသည် အသက်နှစ်နှစ်အောက် ယောကျ်ားကလေးတို့ကို နယ်တကာအနှံ့ လိုက်လံရှာဖွေကာ သတ်ဖြတ် သုတ်သင်နေကြောင်း ကြားသိရသည်ဟု သူ့မိတ်ဆွေ ကုန်သည်တစ်ယောက်က ပြောသည်ကို ဆရာကာလီက ကျွန်ုပ်တို့အား ပြန်ပြောပြပါသည်။ ဗက်လင်တစ်မြို့လုံးသာမဟုတ်၊ ဟေရုဒ်ဘုရင်ကြီး၏ အာဏာစက်ပျံ့နှံ့ရာ နိုင်ငံတစ်ဝန်းလုံးမှ ကလေးများကို သတ်နေခြင်း ဖြစ်သည်ဟုလည်း ကြားသိရပါသည်။ ကျေးလက်နှင့် မြို့တော်ရှိ လမ်းတိုင်းတွင် ယုဒပြည်သူပြည်သား မိသားစုများ၏ သွေးနှင့်မျက်ရည်တို့ ချောင်းစီးနေပါတော့သည်။ ထို့ကြောင့် ယခုအခါတွင် ကျွန်ုပ်တို့သည် ဟေရုဒ်ဘုရင်ကြီး၏ ရန်သူမျှသာမဟုတ်။ (ကျွန်ုပ်တို့၏ သားကိုယ်စား) အသက်စတေးခံသွားရသည့် ကလေးတို့၏ မိဘတိုင်းကလည်း ကျွန်ုပ်တို့အပေါ် ရန်လိုစိတ်ထားတော့မည်ဖြစ်ရာ ကျွန်ုပ်တို့ မိသားစုအဖို့ အဲဂုတ္တုပြည်၌ ဆက်လက်နေထိုင်ခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်ကြောင်း သိလာရပါသည်။

ဟေရုဒ်ဘုရင်ကြီး၏ တိရစ္ဆာန်ပမာ ရူးမိုက်မှုဒဏ်ကြောင့် ကလေးအသက်ဆုံးရှုံးမှုခံရသော မိသားစုများအကြောင်းကို စဉ်းစားမိတိုင်း ကျွန်ုပ် တစ်သက်တာပတ်လုံး စိတ်မချမ်းမြေ့ခြင်းကြီးစွာ ဖြစ်ခဲ့ရပါသည်။ ကျွန်ုပ်၏ တူအရင်းများ၊ ဝမ်းကွဲတူများနှင့်

မာရိ၏တူများသည်လည်း ဟေရုဒ်ဘုရင့်စစ်သည်တော်များ၏ ဓားချက်ဖြင့် မရှုမလှသေဆုံးကာ ၄က်ပျောတုံး၊ လက်ပံတုံးပမာ စွန့်ပစ်ခြင်းကို ခံခဲ့ရရှာလေသည်။ ယင်းသို့ ဘေးဒဏ်ခံရသော မိဘများနှင့် မိသားစုဝင်တို့ကလည်း သူတို့ ယင်းသို့ ခံရသည်မှာ ကျွန်ုပ်တို့ မိသွားစုကြောင့် ဖြစ်ရသည်ဟု အပြစ်တင်ကြပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ သားငယ်ကို ရှာမတွေ့သောကြောင့် ယင်းသို့သော ဘေးဆိုး၊ အဖြစ်ဆိုးတို့နှင့် ကြုံကြိုက်ရခြင်း ဖြစ်သည်ဟုလည်း ကလေးအပေါ် အပြစ်ပုံချကြကုန်၏။ ယင်းတို့အနက် ဒေါသအထွက်ဆုံးပုဂ္ဂိုလ်မှာကား ကျွန်ုပ်၏ဦးလေးပင် ဖြစ်ပေသည်။ သူ၏ ပထမဆုံးသော မြေးဦးမှာ အခြားကလေးများနှင့်အတူ ဟေရုဒ် ဘုရင့်စစ်သည်တော်များ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရပေရာ ဦးလေးက ကျွန်ုပ်တို့အား နာမည်တပ်၍ ပြင်းထန်စွာ ကျိန်ဆဲခဲ့ပေသည်။ သူရင်ဆိုင်နေရသည့် ဘေးဆိုးအန္တရာယ် အသွယ်သွယ်တို့သည် ကျွန်ုပ်တို့၏ကလေးကြောင့်ဟု စွပ်စွဲကာ ကျွန်ုပ်တို့ အားလုံး သေချင်းဆိုးနှင့် သေကြပါစေဟု သူကကျိန်ဆဲပါသည်။ သို့သော် ကံကောင်းထောက်မစွာ ကျွန်ုပ်တို့ မိသားစုမှာ ဘေးမသီ ရန်မခဘဲ ချမ်းမြေ့သာယာရှိကြပါ၏။ ကျွန်ုပ်တို့ မည်သည့်နေရာ၌ ရှိနေသည်ကို ဘယ်သူမျှ မသိ။ ကျွန်ုပ်တို့ မိသားစု အကယ်ပင် သက်ရှိထင်ရှားရှိကြပါသေး၏လောဟူသောအချက်ကိုပင် သိသူမရှိ။ ကျွန်ုပ်တို့ ကံကောင်းကြပါပေ၏။

■

[၄]

# သံယောဇဉ်နှောင်ဖွဲ့မှု၊ ဆက်စပ်ပတ်သက်မှုနှင့် အနားသတ်မျဉ်းများ

## ဗက်လင်မြို့သို့ ညခရီး

တောင်ထိပ်ပေါ်တွင် ပြန်လည်ဆုံတွေ့ကြသော ယောသပ်နှင့် မာရိတို့သည် အနာဂတ်အတွက် မျှော်လင့်ချက်ကြီးစွာ ထားရှိခဲ့ကြသည်။ ဇနီးမောင်နှံနှစ်ဦးအကြားဝယ် ချစ်ခြင်းမေတ္တာသာ ရှိခဲ့ပါက အရာရာသည် ဖြစ်နိုင်သည်ဟုလည်း သူတို့ ယုံကြည်ခဲ့ကြသည်။ သို့သော် အပြစ်မြင်သူတို့အဖို့မူအချစ်မဝင်နိုင်ကြောင်း မကြာမီ ယောသပ်သိလာရသည်။ လူများစုက သူတို့မောင်နှံကို မကျေနပ်ကြ။ သူတို့လူမျိုးများကြားဝယ် သူတို့သည်အပယ်ခံလူသားများ ဖြစ်ရသည်။ မကြာမီပင် ကြီးမားသော အန္တရာယ်နှင့် ရင်ဆိုင်ရပေတော့မည်။ သူတို့ဘဝအတွက် တည်ဆောက်ခဲ့သော အိပ်မက်လှလှလေးများကိုစွန့်ခွာကာ သူတို့သည်ဇာတိမြေမှ ပြေးကြရတော့မည်။ သူတို့လမ်းကို သူတို့ထွင်သကဲ့သို့ သူတို့၏ အိမ်ထောင်ကိုလည်း သူတို့ဘာသာ တည်ဆောက်ရတော့မည်။ အိမ်ထောင်တစ်ခု ထူထောင်ရေးတွင် အလုပ်ပြုတ်ခြင်း၊ မိတ်ဆွေကောင်း ဆုံးပါးခြင်း၊ မိသားစုဝင် အချင်းချင်း သစ္စာဖောက်ခြင်း စသည့် အနိဋ္ဌာရုံတို့လည်း ရှိနိုင်သည်။ အိမ်ထောင်ရေး ဘဝလမ်းခရီးတွင် မတော်တဆဖြစ်မှုကြောင့်ပျက်စီးခြင်း၊ အိမ်



မီးလောင်ခြင်း၊ ဖျားနာခြင်း၊ ကလေးပျက်ကျခြင်း၊ သေဆုံးခြင်း စသည့် အဆိုးလောကဓံတရားတို့နှင့်လည်း ရင်ဆိုင်ရတတ်သည်။ ထိုအခါလောကတွင် သူတို့နှစ်ဦးသား တစ်ဦးကိုတစ်ဦး အပြန်အလှန် ဖေးမကူညီအားပေးရမည် ဖြစ်ကြောင်း ဇနီးမောင်နှံတို့ သိလာလိမ့်မည် ဖြစ်သည်။ အအေးဓာတ်နှင့် အမှောင်ထုလွှမ်းသော ဗက်လင်မြို့သို့ ညခရီးလမ်းတွင် ယောသပ်နှင့် မာရိတို့ နှစ်ဦးသာ ရှိခဲ့ကြသည် မဟုတ်လော။

## ယေရှုဖွားတော်မူခြင်း

ယေရှု မွေးဖွားခြင်းက ယောသပ်အား လျှို့ဝှက်ဆန်းကြယ်သည့် သုံးပွင့်ဆိုင်လောကတွင်းသို့ တွန်းပို့ခဲ့သည်။ ကံကြမ္မာကလည်း သူ့ကို ဆရာကာလီနှင့် ပြန်လည်ဆုံစည်းခွင့်ပေးလိုက်သည်။ ကလေးမွေးဖွားခြင်းကြောင့် လက်ဆောင်ပစ္စည်းများရသည်သာမက သူတို့ မတွေးထင်နိုင်ခဲ့သော ဘဝတွင်းသို့လည်း ဝင်ရောက်ခဲ့ပြီဟူသော အသိတရားပါ ဖြစ်ပေါ်လာသည်။ ကံကြမ္မာသည် ယောသပ်အား သူ့အတွက်နှင့် မျက်နှာချင်းဆိုင်ပေးလိုက်သည်။ သူ၏ လွဲမှားသောမာန နှင့် သူ၏တစ်ကိုယ်ကောင်း ဆန်မှုတို့ကိုလည်း သူ ပြန်မြင်လာသည်။

ဖခင်အတော်များများအဖို့မူ ပထမဆုံး မွေးလာသည့် သားငယ်ကို သူတို့၏ပုံတူကိုယ်ပွားသဖွယ်သဘောထားကာ လွန်စွာ ဂုဏ်တက်တတ်ကြသည်။ သို့သော် အချို့သောဖခင်တို့ကမူ ကလေးကို မလိုလားအပ်သည့် ဝန်ထုပ်ဝန်ပိုးသဖွယ် သဘောထားတတ်ကြသည်။ လူတိုင်းအဖို့ကား ကလေးမွေးဖွားလာခြင်းသည် သူတို့ ပြင်ဆင်မထားမိသော သွေးနှင့်ကိုယ် သားနှင့်ကိုယ် တကယ့် အစစ်အမှန် လူသားတစ်ဦးနှင့် ရင်ဆိုင်လိုက်ရခြင်း ဖြစ်သည်။ ကလေး ဖခင်ဘဝကို ခံယူမည်လော၊ မခံယူဘူးလောဟူသောအချက်ကိုလည်း သူတို့ဘာသာပင် ရွေးချယ်ရမည် ဖြစ်သည်။ အိမ်ထောင်

ဦးစီးအဖြစ်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်သူအဖြစ်လည်းကောင်း ထမ်းဆောင်ရမည့်နေ့စဉ် ဝတ္တရားများအတွက် လည်း သူတို့ပင် တာဝန်ယူနိုင် မယူနိုင်ဆုံးဖြတ်ရမည်ဖြစ်သည်။ ဖခင်ဘဝ ဖွံ့ဖြိုးမှုတွင် ကလေးနှင့်သံယောဇဉ်နှောင်ဖွဲ့မှု၊ ဆက်စပ် ပတ်သက်မှုတို့လည်း ပါဝင်နေကြောင်း သူတို့ သဘောပေါက်ရလိမ့်မည် ဖြစ်သည်။

ယောသပ်အဖို့မူ ကလေးသည် သူ့ကလေးအရင်း မဟုတ်၍ သူနှင့် မပတ်သက်ဟု ဆိုနိုင်သည်။ သို့သော် ကလေးမွေးဖွား၍ မာရိက လက်ကမ်းကြိုဆိုသည့်အခါ ယောသပ်အဖို့လည်း မမျှော်လင့်ဘဲ သူ့ကိုယ်သူ ဘာလုပ်ရမည်ကို ပြန်လှန်မေးခွန်းထုတ်ရတော့သည်။ အပြစ်ကင်းစင်သည့်ကလေးနှင့် တကယ်တမ်းရင်ဆိုင်ရသည့်အခါ ယောသပ်ခံစားရသည့် ချစ်ခြင်းမေတ္တာ ဖြစ်ထွန်းမှုသည် ယောကျ်ားတိုင်းအတွက် စံပြခံစားမှုပင် ဖြစ်သည်။ ဖခင်ဖြစ်ခြင်း (ဝါ) ဖခင်ဘဝဟူသည် ကလေးမမွေးဖွားမီ အချိန်ကမူ စိတ်ကူးအကြံအစည်တစ်ခုမျှသာ ဖြစ်၏။ ကလေးမွေးဖွားလာ၍ တကယ့်အစစ်အမှန် ကလေး၏ အပြစ်ကင်းစင် ကြည်လင်မှု နှင့် ထိပ်တိုက်ရင်ဆိုင်ရသည့်အခါ၌မူ မေတ္တာပန်းတို့ ပွင့်လန်းရမည်သာဖြစ်သည်။ ယောသပ်ပါအဝင် မည်သူတစ်ဦး တစ်ယောက်မျှ ချစ်ခင်ယုယတတ်သည့် ဖခင်ဘဝသို့ အလိုအလျောက် ရောက်ရှိသွားသည် မဟုတ်။ ကလေးအပေါ် ချစ်ခြင်းမေတ္တာ ရေစင်ကို ပက်ဖျန်းနိုင်မှသာလျှင် တကယ့် ဖခင်ဘဝကို ခံယူနိုင်လိမ့်မည် ဖြစ်ပေသည်။

### ခုနစ်နှစ်ရွယ် ကစ် (KIT) နှင့် ပင်လယ်ကမ်းခြေမှာ

ကျွန်ုပ်တို့ သဲသောင်ခုံ၏ အမြင့်ဆုံးသို့ တက်၍
ထိုမှ အောက်သို့ ငေးမောကာ ပြေးဆင်း၊
သမုဒ္ဒရာကလည်း လှိုင်းတံပိုးထမြဲ၊



ကျွန်ုပ်တို့ကလည်း အမြင့်သို့ ပြေးတက်မြဲ၊
လှိုင်းလုံးများ တလိပ်လိပ် တက်လာ၊
မုန်တိုင်းထဲမှ တန်း၍လာ၊
ကျွန်ုပ်တို့ ငေးမောနေခြင်းသည် ဘာအဓိပ္ပာယ်လဲ။
'ကစ်' ကလေးက ကျွန်ုပ်၏ ဆုံးဖြတ်ချက်ကို စောင့်နေ။
အဲဒီ ကုန်းမြင့်ပေါ်မှာ ရပ်နေ။
သင့်ကလေးကို သင် ဘာပြောမည်နည်း။
ဤသည်ပင် ပကတိ ရှုမျှော်ခင်း။
လှိုင်းများသည် အေးစက်စွာ အဝေးသို့ လွင့်ပါး။
"ဤမုန်တိုင်းထဲတွင် ဖခင် ဘယ်လောက် ဝေးဝေး ရေကူးနိုင်မလဲ"
"လိုအပ်သလောက်တော့ ကူးရမှာပေါ့"
ကျွန်ုပ်က ပြော။
ပြောရင်းပင် ကျွန်ုပ် ရေကူးမြဲ ဆက်ကူးနေ။

ဝီလျံ စတက်ဖို့ဒ်
***William Stafford***

ယောသပ်သည် ကလေးကို ထွေးပွေ့လိုက်သည့် အချိန်ကပင် ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ သူသည်လည်း ဖခင်ဘဝ၏ လိုအပ်ချက် ဟူသမျှကို ဖြည့်ဆည်းပါတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်ပြီး ဖြစ်သည်။ နှလုံးသားဝိညာဉ်၏ သွားရာလမ်းတွင် ဤအလှည့်အပြောင်းကာလသည် လွန်စွာအရေးပါသည်။ ဖခင်ဘဝဟူသည် အတ္တကို စွန့်လွှတ်ခြင်းဖြစ်သည်။ လိုအပ်သည့်ကိစ္စကို ဖြည့်ဆည်း

ဆောင်ရွက်ခြင်းဖြစ်သည်။ ဖခင်ဖြစ်ခြင်းသည် ကလေးအတွက် လိုအပ်သော သံယောဇဉ် နှောင်ဖွဲ့မှု၊ ဆက်စပ် ပတ်သက်မှုနှင့် ယုယ စောင့်ရှောက်မှုတို့ကို တည်ဆောက်လိုက်ခြင်းပင် ဖြစ်သည်။ လူမည်း ပညာရှိတစ်ဦးက သူ့ သားငယ်အား တစ်ချိန်တွင် ဤသို့ပြောဖူး သည်။ "ငါ့သား. . . မင်း **လိုချင်တာ** အားလုံးကိုတော့ ဖေဖေ မပေးနိုင်ဘူး။ ဒါပေမဲ့ မင်း **လိုအပ်တာ** မှန်သမျှကို ပေးနိုင်ဖို့တော့ အဖေအစွမ်းကုန် ကြိုးစားခဲ့ပါတယ်"

## တာဝန်သိတတ်သော ဖခင်တစ်ဦး (ဖေဖေ)

ကျွန်တော့်အဖေသည် သူ့ဘဝတစ်လျှောက်လုံးစိတ်ပိုင်းနှင့် စီးပွားရေးပိုင်းဆိုင်ရာ ဆက်ဆံရေးချို့တဲ့မှုများနှင့် ကြုံခဲ့ရသည်။ ကျွန်တော်တို့သည် ဖြစ်ကတတ်ဆန်း အိမ်ရာ၊ ချို့ငဲ့သော ကျန်းမာ ရေး စောင့်ရှောက်မှု၊ အလုပ်ခွင်တွင် အသားအရောင်ခွဲခြားမှု၊ အာဟာရချို့တဲ့မှု၊ လူမျိုးရေးမုန်းတီးမှု စသည်တို့နှင့် မွန်းကျပ်၍ နေသော (အမေရိကန်ပြည်ထောင်စု၊ အာလာဘားမား Alabama ပြည်နယ်)၊ ဒစ်ဆီ Dixie မြို့လေးတွင် နေထိုင်ကြပါသည်။ သို့သော် အဖေသည် အလုပ်နှင့် ပတ်သက်၍ ကိုယ်ကျင့်တရားကို လွန်စွာ စောင့်ရှောက်တတ်သူဖြစ်ရာ လူမျိုးရေးနှင့် အသားအရောင် ခွဲခြား သည့် မတရားမှုများ ကြားမှပင် သူသည် ယင်းမတရားမှုများကို ရင်ဆိုင် ယှဉ်ပြိုင်အနိုင်ယူပြီး သမာအာဇီဝဖြင့် အသက်မွေးဝမ်း ကျောင်းပြု နေထိုင်လာခဲ့ကာ အသက် ၆၉ နှစ် အရွယ်တွင် နှလုံး ရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။

ကျွန်တော့်အဖေသည် ဟာကျူလီကဲ့သို့ တောင့်တင်း ကြံ့ခိုင်သူဖြစ်ရာ လူဖြူရော၊ လူမည်းပါ မည်သူ့ကိုမှ မကြောက်ရွံ့ သူ၊ ဦးမညွတ်သူ ဖြစ်ပါသည်။ သူသည် ဘာသာတရားကို လွန်စွာ



ကိုင်းရှိုင်းကြည်ညိုကာ မိသားစုသံယောဇဉ်လည်း ကြီးမားသူ ဖြစ်ပါ ၏။ သူသည် နံနက်တွင် ဘုရားရှိခိုး၍ ညနေတွင် သီချင်းဆိုသူ တစ်ဦးလည်း ဖြစ်ပါ၏။ သူ၏ အောင်မြင် ခံ့ညားသော အသံကြီး ဖြင့် ရှေးဟောင်း နီဂရိုးတို့၏ စိတ်ဓာတ်ရေးရာ မြင့်တင်မှု သီချင်းများ ကို ဆိုသည့်အခါ အနီးအပါးရှိ လူများပါ သူ့နားသို့ ဝိုင်းလာပြီး သံပြိုင် သီဆိုတတ်ကြပါသည်။ သူ သီဆိုလေ့ရှိသော သီချင်းများမှာ 'ဘုန်းတော်ရှင် ဟာလေလူးဂျာ'၊ 'ငါတို့ တစ်နေ့ အောင်နိုင်ရမည်'၊ 'လမ်းပေါ်မှယေရှု'၊ 'ငါ့ကို ဘယ်သူမျှ မလှည့်စားစေရ'၊ 'မုန်တိုင်း ကာလတွင် ယေရှုသာလျှင် တိုက်ပွဲ၏ အလင်းရောင်' 'ငါ့နှလုံးသား ဝိညာဉ်က ဘုရားသခင်ကိုမှန်ပါ' ဟု ပြောသည်။ 'အို အရှင်. . . အရှင်' စသည်တို့ ဖြစ်ပါသည်။

ကျွန်တော့် အဖေသည် လူ့အဖွဲ့အစည်း၏ သတ်မှတ်ချက် အရမူ 'ပညာတတ်' တစ်ယောက် မဟုတ်ခဲ့ပါ။ သူ၌ အတန်းပညာ မရှိပါ။ ထို့ကြောင့် သူ့အဖို့ သာမန်လက်လုပ်လက်စား အလုပ် များသာ ရနိုင်ပါသည်။ ထို့အပြင် သူသည် နီဂရိုး လူမည်းတစ်ဦး ဖြစ်သောကြောင့် အသားအရောင် ခွဲခြားခံရကာ သာမန် ပညာမဲ့ လူဖြူ တစ်ယောက်ထက်ပင် အခွင့်အလမ်း နည်းပါးသေးသည်။ သို့ ဖြစ်စေကာမူ ဖခင်တစ်ယောက်အနေဖြင့် သူသည်ကောင်းစွာ တာဝန်ကျေခဲ့ပါသည်။ ကျွန်တော့်ဖခင်သည် သူ့ကိုယ်ပိုင် ကလေး ခုနစ်ယောက်နှင့် မွေးစားကလေး သုံးယောက် အပါအဝင် မိသားစု ကြီး တစ်ခုလုံးကို ဝမ်းလည်း ဝ၊ ခါးလည်း လုံအောင် ထားနိုင်ခဲ့ပါ သည်။ ကျွန်တော်သည် အသားအရောင်ခွဲခြားမှု လွန်ကဲသော အမေရိကန်ပြည်ထောင်စု တောင်ပိုင်းဒေသတွင် အာဖရိကန်- အမေရိကန်တစ်ယောက်အဖြစ် ကြီးပြင်းခဲ့ပါ၏။ သူက ကျွန်တော့် အား (လူဖြူ ဖြစ်စေ၊ လူမည်း ဖြစ်စေ) တစ်စုံတစ်ဦးနှင့် ရင်ဆိုင် စကားပြောသောအခါ မျက်လုံးချင်း ရဲရဲရင်ဆိုင်၍ ပြောရန် သင်ပေး

ခဲ့ပါသည်။ ဖခင်က ကျွန်တော်၏ မျက်လုံးအစုံကို စိုက်ကြည့်ကာ ဤသို့ ပြောခဲ့ပါသည်။ "အားနက်စ် Earnest ငါ့သား. . . မင်း **လိုချင်သမျှ** အရာအားလုံးကိုတော့ အဖေ မပေးနိုင်ခဲ့ဘူး။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ကူညီလမ်းညွှန်မှုအရ ငါ အလုပ်ကောင်းကောင်း လုပ်ပြီးတော့ မင်း **လိုအပ်သမျှ**ကိုတော့ ငါ ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ "အဖေသည် သူ မပေးနိုင်သည့်အရာ (အထူးသဖြင့် ဖျော်ဖွေးသော အသားအရောင်) တို့အတွက် လုံးဝတောင်းပန်ခြင်း မပြုခဲ့ပါ။

အဖေသည် ဝါဂွမ်းဆွတ် အလုပ်သမားတစ်ဦး ဖြစ်ပါသည်။ သူ့လုပ်ငန်းကို သူ ကျွမ်းကျင်စွာလုပ်နိုင်သောကြောင့် နာမည်ကောင်း ရသူဖြစ်ပါသည်။ သူ ဂုဏ်အယူဆုံးနှင့် အမြဲတစေ ထုတ်ဖော် ပြောကြားလေ့အရှိဆုံးဖြစ်ရပ်မှာ အဲလာဘားမားပြည်နယ် ပိုက်ခရိုင် Pike Country ၏ ဝါဂွမ်းဆွတ် ချန်ပီယံဘွဲ့ကို ဆွတ်ခူးခဲ့သည့် ဖြစ်ရပ်ပါပေ။ သူသည် တစ်နေ့ထဲတွင် ဝါဂွမ်း ၇၁၄ ပေါင်ကို ဆွတ်ခူးနိုင်ခဲ့သဖြင့် စံချိန်သစ်တင်နိုင်ခဲ့သူဖြစ်ပါသည်။ ကျွမ်းကျွမ်း ကျင်ကျင်နှင့် စနစ်တကျ ဝါဂွမ်းဆွတ်နိုင်ခဲ့ခြင်းကြောင့်လည်း သူ့ကို လူတကာက ရိုသေလေးစားကြပါ၏။

ကျွန်တော်မှတ်မိပါသေးသည်။ ကျွန်တော်ငယ်စဉ်က အစ်ကို၊ အစ်မများနှင့်အတူ နေမထွက်မီ အစောကြီးထကာ နံနက်စာဟူ၍ ဘာမျှမစားရဘဲ ဝါဂွမ်းဆွတ်ခဲ့ရပါသည်။ ကျွန်တော့်အဖေ၏ နည်း ဗျူဟာမှာ ဝါဂွမ်းကို နံနက်စောနိုင်သမျှ စောစောဆွတ်ရမည် ဟူ၍ဖြစ်သည်။ ယင်းသို့ ဆွတ်ရခြင်းမှာ (၁) နံနက်စောစောတွင် ဝါဂွမ်းနှင့် ဝါဂွမ်းထည့်သည့်အိတ်တို့မှာ နှင်းရည်စိုရွှဲနေလေ့ရှိသဖြင့် အလေးချိန်ပိုစီးခြင်း၊ (၂) နေထွက်ပြီးသည့် နောက်မကြာမီအချိန် အတွင်း အပူရှိန်တဖြည်းဖြည်း မြင့်တက်လာတတ်ရာ အရိပ်ရ သစ်ပင်ဟူ၍မရှိသည့် ဝါဂွမ်းခင်းတွင် အပူလှိုင်းဒဏ်ကြောင့် လူပင်ပန်းလွန်းခြင်းဟူသော အကြောင်းနှစ်ရပ်ကြောင့်ဖြစ်ပါသည်။



အခြား ဝါဂွမ်းဆွတ်သူများ ရောက်မလာမီမှာပင် ကျွန်တော် တို့ မိသားစုသည် ဝါဂွမ်းပေါင်ချိန်ရာချီ၍ရနေပြီဖြစ်ရာ ပထမဆုံး ဝါဂွမ်းကောက်လှည်း ရောက်လာသည့်အချိန်တွင်မူ ကျွန်တော်တို့ တစ်တွေမှာ နံနက်စာ စားရန်ပင် အသင့်ဖြစ်နေကြပေပြီ။ ကျွန်တော် တို့ မိသားစု၏ နံနက်စောစော ဆွတ်ထားသည့် ဝါဂွမ်းပိဿာချိန်မှာ အခြားမိသားစုအချို့ တစ်နေကုန် ဆွတ်ထားသည့် ပိဿာချိန်ထက် ပင် ပိုသေးသည်ဟု ဖခင်က ပြောပါသည်။ မှန်ပါသည် ကျွန်တော့် အဖေ ပြောစကားလုံးဝ မှန်ကန်ပါပေသည်။

နံနက်ပိုင်း ပထမအကြိမ် ဝါဂွမ်းသိမ်းပြီးသည့် နောက်ပိုင်း တွင် တစ်နေကုန်လိုလို ဝါဂွမ်းဆွတ်သူများ၏ · လေးလေးတွဲ့တွဲ့ ညည်းညည်းညူညူ သံပြိုင်ဆိုနေကြသည့် စိတ်ဓာတ်မြှင့်တင်ရေး တေးများကို ကွင်းလုံးအနှံ့ ကြားကြရမည် ဖြစ်ပါသည်။ 'ကောင်းကင် ဘုံတံခါးကြီးကို ဖွင့်၍ မျှော်လင့်ချက်နှင့် စီးပွားတိုးတက်မှု တည်း ဟူသော မင်္ဂလာရွှေမိုးငွေမိုး ရွာသွန်းဖြိုးတော်မူပါ' ဟူသော သီချင်းသံသည် တက်သံ ကျသံ ပြိုင်ပြိုင်ဆိုင်ဆိုင်ဖြင့် တစ်ကွင်းလုံး ညံကာ အထက်နတ်ဘုံသို့ တက်ပျံသွားလေရော့မလားဟုပင် ထင်မှား ရပါသည်။ တစ်ခါတစ်ရံတွင်မူ မည်သည့်စကားသံမျှ မကြား ရတော့ဘဲ အပူလှိုင်းနှင့် ညည်းညူသံတို့သာ လွှမ်းမိုးလျက် ရှိတတ် ပါသည်။ သူတို့တစ်တွေ တညည်းညည်း တညူညူ သီချင်းဆိုနေ သည့်အချိန်တွင် သူတို့ ဘုရားသခင်အား မည်သည့်အကြောင်း တိုင်ပြောနေသည်ကို မိစ္ဆာနတ်ဆိုးတို့ မသိနိုင်ကြပါ ဟု ကျွန်တော့် အဖေက ပြောပါသည်။

ကျွန်တော့် ဖခင်၏ ခွန်အားမှာ သူ၏ တောင့်တင်းသန်မာ သော လက်မောင်းလက်ရုံးများနှင့် သူ၏ မိသားစုအပေါ် တာဝန် သိတတ်၊ တာဝန်ယူတတ်မှုအပေါ်တည်သည်ဟုကျွန်တော်ယုံကြည် ပါသည်။ ကျွန်တော်ငယ်စဉ်က ကျွန်တော်၏ သေးငယ်သော လက်

ဖဝါးကလေးများကို ဖခင်၏ကြီးမား ကျယ်ပြန့်သော လက်ကြီးအတွင်းသို့ထည့်ကာ တစ်နေ့ကျွန်တော် ကြီးပြင်းလာသောအခါ ကျွန်တော်၏ လက်များသည်လည်း ဖခင်ကဲ့သို့ပင် ကြီးမားသန်မာလာလိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့ဖူးပါ၏။ သို့သော် ဖခင်၏အချို့သော လက်ချောင်းတို့မှာ တစ်ချိန်လုံးရောင်ကိုင်းကာအသားမာ တက်နေပြီဖြစ်ရာ ဘယ်သောအခါမျှ သူ့လက်လောက်မကြီးမားနိုင်မှန်း ကျွန်တော်ကောင်းစွာသိပါသည်။ ဝါသီးခွံ အကွဲအစများ၏ ထိုးနှက်မှုဒဏ်ကြောင့် လက်ချောင်း အရေခွံတို့ စုတ်ပြဲကာ လက်သည်းများလည်း ရွဲ့ကုန်ခဲ့ပြီ။ ဖခင်၏ ဝါခွံပွဲ စူးသည့်လက်သည်းမှ ယိုစီးထွက်နေသော သွေးတို့သည် ဝါဂွမ်းဖတ် ဖြူဖြူလေးများကို တစ်ခါတစ်ရံ ညစ်ထည်းစေပါသည်။ သို့သော် ထိုမျှလောက်သော နာကျင်မှုသည် ဖခင်အား မည်သို့မျှ မခံစားစေနိုင်ပါ။ သူသည် တည်ငြိမ် အေးဆေးစွာစနစ်တကျ ဝါဂွမ်းဖတ်တို့ကို ဆွတ်ခြွေ၍ သူကိုယ်တိုင် တီထွင်ချုပ်လုပ်ထားသော ရှစ်ပေခန့်ရှည်သည့် ဂုန်နီအိတ်တွင်းသို့ ဝါဂွမ်းဖတ်များကို ထည့်သွင်းနေပါသည်။ ကျွန်တော့်အဖေသည် တစ်ချိန်တည်းတွင် ဝါပင် နှစ်တန်းကို အခြားသူများ (ကျား၊ မ မဟူ) ထက် ပိုမို လျင်မြန်စွာ ဆွတ်နိုင်သူဖြစ်၏။ ထို့ကြောင့် ရပ်နီးရပ်ဝေး ဝါဂွမ်းဆွတ်သူများသည် ဖခင်နှင့် ယှဉ်ပြိုင်ရန် လာခဲ့ကြသည်ကိုလည်း ကျွန်တော်ကောင်းစွာ မှတ်မိနေပါသည်။ သို့သော် ယှဉ်ပြိုင်သူတို့အဖို့ လုံးဝမလွယ်ကူလှပါ။ သူတို့တစ်တွေသည် ဝါပင်တစ်တန်းချင်းကို ဆွတ်နေသည့် အချိန်တွင် ကျွန်တော့် ဖခင်သည် ဝါပင်နှစ်တန်းကို တစ်ပြိုင်နက်တည်း ဆွတ်၍ ရှေ့က ပြေးနေသည်ဖြစ်ရာ သူတို့အဖို့ လက်လျှော့အရှုံးပေးရန်မှတစ်ပါး အခြားလမ်းမရှိတော့ပါပြီ။

နောက်ပိုင်းတွင် ဝါဂွမ်းဆွတ်သည့် စက်များ ပေါ်လာသည်ဖြစ်ရာ ကျွန်တော့် အဖေသည် လွန်စွာအန္တရာယ်ကြီးလှသော



ကုန်တင်ကားမောင်းသည့် ဒရိုင်ဘာအလုပ်ကို ပြောင်းလဲ လုပ်ကိုင်ပါသည်။ ထိုအချိန်က သူသည် တီရှစ္စာန်အစာပို့ ထရပ်ကားကို မောင်းရသည်ဖြစ်ရာ ညစဉ်ညတိုင်း သူ ပြန်မရောက်မချင်း အစစအရာရာ အန္တရာယ်ကင်း ဘေးရှင်းပါစေဟု ဆုတောင်းရသည်မှာ အမောဖြစ်ပါသည်။ သူ ထရပ်ကား မောင်းနေစဉ်က လူမျိုးရေးအရ သူ့အား မလိုမုန်းတီးသူတို့ များလှသည်။ ထို့အပြင် သူသည် အခြားကြုံရာကျပန်းအလုပ်များကိုလည်း မိသားစု စားဝတ်နေရေး ပြေလည်စေမှုအတွက် မကြာခဏ လုပ်ခဲ့ရပါသေးသည်။ ကျွန်တော်၏ ဖခင်သည် သူ အားလပ်ရက် ရသည့်အခါတိုင်း သူ သွားရာသို့ ကျွန်တော့်အား ခေါ်သွားလေ့ ရှိပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဘုရားရှိခိုးကျောင်းတွင်လည်း ဝတ်ပြုဆုတောင်းဖူးသည်။ ယာခင်းတွင်လည်း ထွန်ယက်စိုက်ပျိုးဖူးသည်။ ကြက်၊ ဆိတ်နှင့် နွားများကိုလည်းအစာကျွေးဖူး၊ အညစ်အကြေး ကျုံးဖူးပါသည်။ အဖေနှင့်အတူ ငါးမျှားဖူး၊ အမဲလိုက်ခဲ့ဖူးပါသည်။

အမဲလိုက်သည်ဟု ဆိုလိုက်သောကြောင့် ဧရာမ တောကောင်ကြီးများကို ပစ်ခတ်သည်ဟု မယူဆပါနှင့်။ ယုန်၊ ဝံ၊ ရှဉ့်၊ ဖျံ ငုံး စသည့် အကောင်ငယ်ကလေးများကို ပစ်ခတ်ခြင်းသာ ဖြစ်ပါသည်။ ယင်းသို့ အကောင်ငယ်များနှင့် ငှက်များကို အမဲလိုက်ခြင်းသည် တစ်ခါတစ်ရံ ကျွန်တော်တို့ မိသားစု ထမင်းဝိုင်းကို အသားဟင်း အရသာဖြင့် စိုပြည်စေပါသည်။ ကျွန်တော့်အဖို့မူ သားကောင်ငယ်များကို ချောင်းမြောင်း ပစ်ခတ်ရသည့်အတွက် မည်သို့မျှ အရသာ မခံစားတတ်ပါ။ တောအုပ်တွင်းနှင့် လွင်တီးခေါင်တွင် အမဲလိုက်ရခြင်းအတွက်လည်း ပျော်ရွှင်သည့် ခံစားမှုမျိုး မရှိပါ။ အရေးကြီးသည်မှာ ထိုနေ့တွင် အသားစားရမည်၊ မစားရမည်ဟူသော အသိ၊ မနက်ဖြန်အတွက် အသား ပိုလျှံမည်၊ မလျှံမည်ဟူသော အသိသာ ဖြစ်ပါ၏။ တစ်နည်းပြောရသော် ကျွန်တော်တို့ အမဲလိုက်

ခြင်းမှာ မင်းပျိုမင်းလွင်တို့၏ အပျော်အပါး သဘောမျိုးမဟုတ်၊ ဆင်းရဲသား မိလက္ခုတို့၏ သမုဒ္ဒရာဝမ်းတစ်ထွာ အရေးအတွက်သာ ဖြစ်သည်ဟုဆိုချင်ပါတော့သည်။

တစ်နေ့တွင် အဖေနှင့် ကျွန်တော်တို့သည် ဆက်စီ Sussy အမည်ရှိ တောလိုက်ခွေးကို ခေါ်ကာ အမဲပစ်ထွက်ခဲ့ကြပါသည်။ ထိုနေ့က ကျွန်တော်သည် ယုန်တစ်ကောင်ကို ပစ်လိုက်ပါသည်။ ခါတိုင်းအချိန်ကမူ ပစ်လိုက်သော သားကောင်ကို ဆက်စီ Sussy က သွားရောက်ကိုက်သတ်ချီယူခဲ့မြဲ ဖြစ်ပါသည်။ ထိုနေ့ကမူ ဆက်စီသည် ကျွန်တော့်ဖခင်နှင့်အတူပါသွားသောကြောင့် ကျွန်တော်ကိုယ်တိုင်ယုန်ကောက်ရပါတော့သည်။ ကျွန်တော်ယုန်ငယ်ကို ကောက်ကိုင်လိုက်သောအခါ ယုန်ကလေးသည် အသက်ရှင်လျက် ရှိနေသေးကြောင်းတွေ့ရသဖြင့် ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပါသည်။ ကျွန်တော့်လက်ထဲတွင် ယုန်ကလေး၏အမွေးနုတို့မှာ နူးညံ့နွေးထွေးလျက်ရှိပါသည်။ ယုန်ကလေးသည် တုန်တခိုက်ခိုက်ဖြစ်ကာ ဒဏ်ရာမှ သွေးတို့သည် ကျွန်တော့် လက်ကြားမှ တစိမ့်စိမ့် ယိုစီးကျဆင်းလျက် ရှိပါသည်။

ကျွန်တော့်ဖခင်နှင့် ဆက်စီတို့ ရောက်လာသည့်အချိန်တွင် ကျွန်တော်သည် ယုန်သေကလေးကို လက်ထဲတွင် ထွေးပွေ့လျက်သား ရှိနေပါသည်။ ကျွန်တော်သည် စိတ်ထိခိုက် တုန်လှုပ်မှုကြောင့် အသက်ကိုပင် မှန်မှန်မရှူနိုင်ပါ။ ကျွန်တော့် လက်ချက်ကြောင့် ကျွန်တော့်လက်ပေါ်မှာပင် အသက်ပျောက်သွားသော ယုန်ကလေးအတွက် ကျွန်တော် လွန်စွာခံစားရပါသည်။ ဖခင်သည် ကျွန်တော့်လက်ထဲမှ ယုန်သေကိုယူကာ အမဲလိုက် အိတ်ဆောင်ကြီးထဲသို့ ပစ်ထည့်လိုက်ပါသည်။ သူသည် လက်တစ်ဖက်က ပြောင်းတိုသေနတ်ကိုကိုင်ရင်း လက်တစ်ဖက်က ကျွန်တော့်ကို ပွေ့ချီကိုင်မြှောက်ကာ ပါးကိုတအား နမ်းပါသည်။ ကျွန်တော်တို့သည်



ထိုနေရာမှ ဆက်လျှောက်ခဲ့ရာ ဖခင်သည် ကျွန်တော့်နား အနီးသို့ ကပ်ကာနှစ်ကိုယ်ကြား ဤသို့ ပြောဆိုပါသည်။ "ငါ့သား အားနက်စ်. . . မင်း အမဲလိုက်ချင်စိတ် ကုန်သွားခဲ့ရင် နောက်ကို ဘယ်တော့မှ လိုက်ဖို့ မလိုဘူးနော်"

တောင်ပိုင်းဒေသတွင် ကြီးပြင်းလာရသည့် အာဖရိကန်-အမေရိကန် လူငယ်ကလေးတစ်ဦးဖြစ်သော ကျွန်တော့်အဖို့ ကျွန်တော့်ဖခင်သည် လွန်စွာအရေးပါလှပါသည်။ သူသည် ကျွန်တော့်အကျင့်စာရိတ္တ ကောင်းမွန်ရေးအတွက်လည်းကောင်း၊ တန်ဖိုးထားမှုများ မှန်ကန်ရေးအတွက်လည်းကောင်း အရေးပါစွာ သင်ကြားပြသပေးခဲ့သူ ဖြစ်ပါသည်။ အထူးသဖြင့် ကျွန်တော် အရွယ်ရောက်လာသည့်အခါ ဖခင်ကောင်းတစ်ယောက် ဖြစ်လာရေးအတွက်လည်း ကျွန်တော့်ဖခင်သည်ပင် စံပြပုဂ္ဂိုလ် ဖြစ်ခဲ့သည်ဟု သာ ဆိုပါရစေ။ သူသည် ဖခင်ကောင်းတစ်ယောက် ဖြစ်ရုံသာမက စံပြပုဂ္ဂိုလ်ကောင်းတစ်ဦးလည်း ဖြစ်ပါပေသည်။

*

ယေရှုအား ယောသပ် ပွေ့ဖက်လိုက်ခြင်းသည် သူ၏ ဖခင်ဘဝကို အစပြုသည့် နိဒါန်းပင် ဖြစ်ပါ၏။

ယေရှုနှင့် ယောသပ်တို့အား အသားချင်း ထိလိုက်သည့် အခိုက်အတန့်သည် လွန်စွာအရေးပါသည့် အခိုက်အတန့်ပင် ဖြစ်သည်။ ယောသပ်၏ နှလုံးသားသည် ဟင်းလင်းပွင့်ကာ ထိုကလေးကို တစ်သက်တာပတ်လုံး ချစ်ခင်ယုယ စောင့်ရှောက် မွေးမြူရန် လက်ခံလိုက်ပြီး ဖြစ်သည်။ သူသည် ကာကွယ်သူ၊ မြူစု ကျွေးမွေးသူ အဆင့်မှ သံယောဇဉ် နှောင်ဖွဲ့မှုနှင့် ဆက်စပ် ပတ်သက်မှုတို့ ရှိရာ အဆင့် (၃) သို့ ကူးပြောင်းခဲ့ပေပြီ။ ဤဖြစ်ရပ်မျိုးသည် အသက် အရွယ်မရွေး ယောကျ်ားတိုင်းတွင် ဖြစ်တတ်ပါသည်။ ဤဖြစ်ရပ်မျိုး

သည် ဖခင်အရင်းနှင့် မွေးစားဖခင်တို့၌ လည်းကောင်း၊ ကျောင်းဆရာများ၊ အားကစားနည်းပြများ၊ ဦးလေး၊ ဘကြီးနှင့် အဘိုးများ၌ လည်းကောင်းဖြစ်တတ်ပါသည်။ နေရာတကာတွင် ကျွန်ုပ်အား လက်ဆန့်ကမ်း၍ အကူအညီတောင်းခံနေသောကလေးအများအပြား ပင်ရှိပါ၏။ သူတို့က ကျွန်ုပ်တို့၏ရှေ့ထွက် လက်ကမ်း ကြိုဆိုမှု၊ သူတို့ဖခင်ဘဝအဖြစ် ခံယူမှုတို့ကို မျှော်လင့်တောင့်တနေကြပါသည်။ ရှေးမှုဟောင်း ဖခင်အခန်းကဏ္ဍထက်ပို၍ ကျွန်ုပ်တို့ဘာများ လုပ်နိုင်ပါသနည်း။ ကျွန်ုပ်တို့သည် အဆင့် (၃) ရှိ သံယောဇဉ် နှောင်ဖွဲ့မှုနှင့် ဆက်စပ်ပတ်သက်မှုတို့ ထမြောက်အောင် မည်သို့လုပ်ဆောင်ကြမည်နည်း။ ယင်း အဆင့် (၃) မှ ဆက်လက်၍ ဖခင်ဘဝအဆင့်(၄) သို့ မည်သို့မည်ပုံ ကူးပြောင်းကြမည်နည်း။ ကျွန်ုပ်တို့ ယောသပ်လုပ်ပုံကို လေ့လာကြည့်ကြပါစို့။

## ဥယျာဉ်ထဲမှ အိမ်တွင် နေထိုင်သည့် နေ့ရက်များ

ဥယျာဉ်ထဲရှိ ဤအိမ်ငယ်ကလေးထဲတွင် ကျွန်ုပ်တို့ မိသားစု ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသည့် နေ့ရက်များကို ကျွန်ုပ် အမြဲတမ်း ကောင်းစွာ မှတ်မိနေပါသည်။ ဆရာကာလီ၏ အိမ်သည် ပင်လယ်ကမ်းခြေအနီး အလက်ဇန္ဒရီးယား ပိဋကတ်တိုက်ကြီးနှင့် ကပ်လျက်တည်ရှိပါသည်။ ကာလီ၏ မိတ်ဆွေများကလည်း ကျွန်ုပ်ထံသို့ လက်သမား အလုပ်များ အပ်နှံကြသည် ဖြစ်ရာ ကျွန်ုပ်တို့ မိသားစုအဖို့ ဘဝမှာ လွန်စွာ အဆင်ပြေနေပါသည်။ ကျွန်ုပ်တို့အားလုံး ပျော်ရွှင်စွာဖြင့် သင်စရာရှိတာ သင်၊ လုပ်စရာရှိတာ လုပ်ရင်း နေ့ရက်များကို ကုန်လွန်စေခဲ့ပါသည်။

## အလက်ဇန္ဒရီးယားမြို့မှ မဟာပိဋကတ်တိုက်ကြီး

ဆရာကာလီသည် တတ်သိလိမ္မာသော ပညာရှိတစ်ဦးဖြစ်၏။ သူ့ အပေါင်းအသင်းရောင်းရင်းတို့မှာ အလက်ဇန္ဒရီးယား ပိဋကတ်တိုက်မှ ပညာရှိပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဆရာကာလီသည် အဲဂုတ္တုပြည်တွင် ပညာအရှိဆုံးပုဂ္ဂိုလ်ဟု ကျော်ကြားသူ၊ ခေါမပညာရှင်၊ ပထမဆုံးသော ပိဋကတ်တိုက်မှူး၊ အီရတိုစ်သိနီ Eratosthenes ၏ အရိုက်အရာကိုစံထား ဆက်ခံခဲ့သူတစ်ယောက်ဖြစ်သည်။ ဆရာကာလီသည် ရှေးဟောင်း အဲဂုတ္တုပြည်မှ အနာဂတ္တိကျမ်းများ၊ သမိုင်းတစ်လျှောက် ပေါ်ပေါက် ထွန်းကားခဲ့သည့် မဂုဳဇိုရိုစတား၊ ဟေဗြဲ ပညာရှိများနှင့် အခြားသော မိစ္ဆာဒိဋ္ဌိတို့၏ အယူအဆနှင့် အဆိုအမိန့်များကို ကောင်းစွာလေ့လာ တတ်ကျွမ်းထားသူဖြစ်ပါသည်။ အနာဂတ္တိကျမ်း တစ်စောင်တွင် ပါသော 'ငြိမ်းချမ်းရေးမင်းသားသည် သိုးငယ်အဖြစ် ဖွားမြင်လိမ့်မည်' ဟူသော သိုက်စာညွှန်းအရ ဆရာကာလီသည် ထိုသိုးငယ်ကို ရှာဖွေရန် ဗက်လင်မြို့သို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ဗက်လင်မြို့၌ ကျွန်ုပ် ရှိနေသည်ကို သူ သိမထားပါ။ ထို့ကြောင့် သူ ကယ်တင်ခဲ့ရသည့် သွေးအလိမ်းလိမ်းနှင့် ဒုက္ခရောက်နေသော လက်သမားကို သိုးငယ်၏ ဖခင်အဖြစ် တွေ့ရသောအခါ သူ လွန်စွာအံ့သြသွားပုံ ရပါသည်။ ထို့အပြင် ကျွန်ုပ်တို့ သားငယ်၏ ရှေ့ရေးကံကြမ္မာဇာတ်လမ်းတွင်လည်း သူသည် အရေးပါသည့်ဇာတ်ဆောင်တစ်ယောက် ဖြစ်ရတော့မည်ကို သိသွားပါလေတော့၏။

## ဖခင်ဘဝ တာဝန်ယူခြင်း

ကျွန်တော့်အဖို့ ဖခင် လုပ်ရသည်မှာ မလွယ်ကူလှပါ။ ယေရှုသည် လိမ္မာသော ကလေးတစ်ဦး ဖြစ်ပါ၏။ သို့သော် ကျွန်ုပ်တို့မှာ ရာဇဝတ်ဘေးမှ ထွက်ပြေးတိမ်းရှောင်နေရသည် ဖြစ်ရာ ယေရှုအဖို့ အဖော်ပြုစရာ ဦးလေး၊ အဒေါ်၊ ကြီးတော်၊ ဘကြီး၊ အဘိုး၊ အဘွားစသည်တို့ မရှိပါ။ ထို့အပြင် မာရိမှာလည်း နောက်ကိုယ်ဝန်နှင့် သနိုး

သရီ ဖြစ်နေ၍ ယေရှုကို ကောင်းစွာ ပြုစုနိုင်ခြင်း မရှိပါ။ ထို့ကြောင့် ယေရှုခမျာ ကျွန်ုပ်နှင့်သာ အနေများခဲ့ပါသည်။

ယေရှုကလေးအတွက် အနီး မှန်မှန်လဲ၍ သန့်စင်ပေးရသည့် လုပ်ငန်းကို ကျွမ်းကျင်စွာ တတ်မြောက်ပြီးသည့် နောက်တွင်ကား ကျွန်ုပ်၏ လက်သမား လက်ကြမ်းကြီးများမှာ အတန်အသင့် နူးညံ့လာကာ ကျွန်ုပ်၏ သည်းခံစိတ်ရှည်မှုလည်း ပိုလာပါသည်။ ယင်းသို့ ကလေးကို နွေးစဉ်နှင့်အမျှပြုစု ထိန်းကျောင်းရင်းကပင် ကျွန်ုပ်၏ ကလေးအပေါ်ထားရှိသော မေတ္တာစိတ်သည်တစ်နေ့တခြား ကြီးထွားရှိ လာပါသည်။ လူသားတို့အဖို့ အခြားသူ တစ်ဦးအား တစ်စုံတစ်ရာလုပ်ဆောင်ပေးရခြင်းသည်ပင် မေတ္တာစိတ်ကို ဖြစ်ပေါ်စေပါသည်။ ကလေးကို မွေးမြူထိန်းသိမ်းစောင့်ရှောက်ရသည့် အတွက် ယောကျ်ားတစ်ယောက်သည် မိန်းမ ဖြစ်မသွားပါ။ အဖေကောင်းတစ်ယောက်သာ ဖြစ်သွားတတ်ပါ၏။ ကလေးမွေးမြူထိန်းသိမ်းစောင့်ရှောက်သည့် အလုပ်ကို လုပ်ခြင်းဖြင့် ယောကျ်ားတို့သည် မိန်းမတို့၏ တာဝန်ကြီးမားမှုကို နားလည်သဘောပေါက်ကာ လေးစားသမှု ပြုလာနိုင်သည်။ ထိုနည်းတူပင် မိမိတို့ ယောကျ်ားတစ်ယောက်အဖြစ် ထမ်းဆောင်ရသည့် တာဝန်ကိုလည်း ပို၍ အလေးအနက် ထားလာလိမ့်မည် ဖြစ်သည်။ ကလေးကို မွေးမြူထိန်းသိမ်းရသည့် အလုပ်ကို လုပ်ရခြင်းဖြင့် ယောကျ်ားတစ်ယောက် (ဖခင်တစ်ဦး) ၏ အသည်းနှလုံးထဲမှ သံယောဇဉ်နှောင်ကြိုးသည် ဖခင်နှင့် ကလေးကြားတွင် ရစ်ပတ် ဖွဲ့နှောင်ပြီး ဖြစ်သွား၏။ ကလေးကို နို့စို့အရွယ်ကပင် မွေးမြူ ထိန်းသိမ်းခဲ့ရသော ဖခင်တစ်ဦး၏ ရင်တွင်းဖြစ် သံယောဇဉ်နှောင်ကြိုးသည် သူ့ တစ်သက်တာပတ်လုံး ခိုင်မြဲနေမည်သာ ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်သည်လည်း ယေရှုကလေးကို ထိန်းသိမ်းစောင့်ရှောက်ရင်း သူ ကြီးပြင်းလာသည်နှင့်အမျှ ကျွန်ုပ်တို့နှစ်ဦး



ကြားမှ သံယောဇဉ်နှောင်ကြိုးလည်း ပို၍ ပို၍ ခိုင်မာလာသည်။ ကျွန်ုပ်တို့၏ ကလေးသည် လွန်စွာ ထူးခြားသည့် စိတ်ချမ်းသာမှုကို ပေးပါ၏။ သို့သော် ဤစကားမျိုးကို သားသမီး ရှိသည့် မိခင် ဖခင်တိုင်း ပြောတတ်ကြပါသည်။ ကျွန်ုပ် အလေးအနက်ထား၍ ပြောကြားလိုသည်မှာ ယေရှုကလေးသည် စာဖြင့် ရေးသား ဖော်ပြ၍ မရနိုင်လောက်အောင် ထူးခြားသည့် ပုဂ္ဂိုလ်ကလေး ဖြစ်သည် ဟူသော အချက်ဖြစ်ပါသည်။ နို့စို့ကလေးဘဝကပင် သူသည် စကားပြောတတ်နေပြီ။ လေးဖက်သွားပြီး မကြာမီမှာပင် သူ လမ်းလျှောက်တတ်သည်။ သို့သော် သူသည် ကျွန်ုပ်၏ ကျောပိုးခြင်း၊ ပခုံးထမ်းခြင်းကို ပိုနှစ်သက်ပါသည်။

ပြောမယုံ ကြုံဖူးမှသိ ဆိုသကဲ့သို့ သင်ကိုယ်တိုင် မျက်မြင်ဖြစ်မှ ယုံနိုင်မည့် ဖြစ်ရပ်တစ်ခုမှာ ယေရှုကလေးသည်သူ့ကို မည်သည့် ဘာသာစကားဖြင့် လာပြောသည်ဖြစ်စေ ကောင်းစွာ နားလည်သဘောပေါက်ခြင်းပင်ဖြစ်သည်။ အစကနဦးကမူ စကားပြောသူနှင့် ယေရှုတို့၏ ခြေဟန်လက်ဟန်နှင့် ခေါင်းညိတ်လည်ခါ လုပ်မှုတို့မှာ မတော်တဆ တိုက်ဆိုင်မှု တစ်ခုသာဖြစ်၍ နားလည်မှုပါဝင်သည် မဟုတ်ဟု သင် ယူဆကောင်း ယူဆလိမ့်မည်။ သို့သော် နောက်ပိုင်း တွင် စကားလာပြောသူ၏ ဘာသာစကားကို သုံးစွဲ၍ ယေရှုက ပြန်လည် တုံ့ပြန်သည်ကို သင် မြင်ရသည့် အခါ၌မူ ပါးစပ်အဟောင်းသား ဖြစ်သွားနိုင်ပါသည်။

တစ်နေ့တွင် ဆရာကာလီက သူ့ကို မဟာပိဋကတ်တိုက်ကြီးသို့ ခေါ်သွားရာ တွေ့သမျှ လူတို့ကို ထိုသူတို့ ပြောသော ဘာသာစကားဖြင့် ယေရှုက တုံ့ပြန်ပြောဆိုနိုင်ကြောင်း တွေ့ရသည်။ သူသည် ကလေးမျှသာ ဖြစ်သောကြောင့် မသင်ယူဘဲ မည်သို့ တတ်မြောက်နိုင်သနည်းဟု မေးစရာရှိပါ၏။ မည်သို့ပင် ဖြစ်စေ သူသည် ဘာသာစုံတတ်ကျွမ်းကြောင်း ထင်ရှားသိသာလှပါ၏။

ခေါမတိုင်းသားတစ်ဦးကိုတွေ့လျှင် ခေါမဘာသာဖြင့်လည်းကောင်း၊ ရောမတိုင်းသားတစ်ဦးကိုတွေ့လျှင် ရောမဘာသာဖြင့်လည်းကောင်း၊ အဲဂုတ္တုပြည်သားတစ်ဦးဦးကိုတွေ့လျှင် အဲဂုတ္တုဘာသာဖြင့်လည်းကောင်း သူသည်တုံ့ပြန်ပြောဆိုတတ်ပါ၏။ သူ ဘာသာစကားပေါင်းစုံနားလည် တတ်ကျွမ်းခြင်းမှာ လွန်စွာမြန်ဆန်လှသည်ဖြစ်ရာ မယုံကြည်နိုင်စရာပင် ကောင်းလောက်ပါ၏။ အထူးသဖြင့် ပိုမိုအံ့သြစရာကောင်းသည့်အချက်မှာ စကားလုံးများကို သဘောပေါက်ရုံသာမကဘဲ ပြောသူ၏ အသည်းနှလုံးထဲ၌ မည်သို့မည်ပုံ ခံစားနေရသည်ကိုပါ ထိုးဖောက် နားလည်နိုင်စွမ်းရှိခြင်းဖြစ်ပါသည်။ သူနှင့် စကားပြောဖူးသူတိုင်းက ယေရှုသည် သူတို့ကို နက်ရှိုင်းစွာ ထိုးဖောက်နားလည်နိုင်စွမ်းရှိကြောင်း ခံစားရသည်ဟု ပြောကြပါသည်။ ဤသို့ဖြင့် သူသည် တစ်နေ့တခြား ကြီးပြင်းလာသည်။ သူ ယင်းသို့ ကြီးပြင်းလာသည်နှင့်အမျှ စကားပြောဆိုသူများပြားကာ သူ နားလည်သိကျွမ်းသူတို့ များလာသည့်အပြင် သူ့ဘာသာစကားတို့မှာလည်း တိုးပွားကြွယ်ဝ၍ လာပါသည်။ သို့သော် သူကမူ ယင်းဖြစ်ရပ်မှာ မဆန်းလှပါ။ မည်သူမဆို သူ့လို ကြိုးစားလျှင် ဘာသာစကားအမျိုးစုံ တတ်ကျွမ်းနိုင်ပါသည်ဟု ကျွန်ုပ်အား ပြောပြပါသည်။

ကျွန်ုပ်၏ သား ယေရှု လမ်းလျှောက်တတ်ချိန်တွင် ဆရာကာလီက သူ၏ သင်ကြားမှုတို့ကို စတင်ပါတော့သည်။ ပထမ ဆရာကာလီ အိမ်၌ ရှိသော စာအုပ်များ၊ ပေ၊ ပုရပိုက်များကို ဖတ်ခိုင်းပါသည်။ ထို့နောက်တွင် ကျွန်ုပ်တို့သည် ပထမဆုံးအကြိမ် မဟာပိဋကတ်တိုက်ကြီးသို့ သွားခဲ့ကြပါသည်။

ရှေးဦးစွာ ကျွန်ုပ်တို့သည် ဘရုချီယံ **Brucchium** အရပ်သို့ လမ်းလျှောက်သွားကြသည်။ သိပ်မဝေးလှပါ။ မြို့တော်၏ အရှေ့မြောက်ဖက် နယ်မြေတွင်ရှိ၍ ဘုရင့်နန်းတော်နှင့် နီးကပ်စွာ တည်ရှိ



ပါသည်။ နန်းမဆောင်များ၊ ဥယျာဉ်များနှင့် တိရစ္ဆာန်ရုံတို့ ရှိသောနေရာဖြစ်သည်။ ပိဋကတ်တိုက်ကြီးသည် တစ်ကမ္ဘာလုံး၌ ရှိရှိသမျှသော သစ်ပင်ပန်းမန်များ၊ တိရစ္ဆာန်များ၊ လူမျိုးစုများနှင့် စာအုပ်စာပေများကို စုဆောင်းကာ တစ်ပေါင်းတည်း တင်ပြထားသော နယ်မြေကြီးတစ်ခုနှင့် တူပေတော့၏။

ပိဋကတ်တိုက်ကြီး၏ အလယ်ဗဟိုတွင်ကား ကြီးမားသော ခန်းမဆောင်ကြီး ရှိလေသည်။ အမိုးခုံးနှင့် စက်ဝိုင်းပုံ တည်ဆောက်ထားသော ထမင်းစားဆောင်ကြီးမှာလည်း မိုးထိနီးပါး မြင့်မားလှသည်။ ယင်းအဆောင်ကြီးကို အဲဂုတ္တု ပန်းပညာရှင်တို့၏ မှန်စီရွှေချလက်ရာတို့ဖြင့် မွမ်းမံ ခြယ်မှုန်းထားသည် ဖြစ်ရာ ခန်းမဆောင်ထဲသို့ ရောင်စုံဖြာကာ ဝင်ရောက်လာသည့် အလင်းရောင်တို့မှာ အံ့မခန်းလောက်အောင် လှပပါပေသည်။ အပေါ်ထပ်ရှိ ခေါင်မိုးပြန့်၏ အလယ်ဗဟိုတွင်ကား နက္ခတ်ကြည့်မျှော်စင် ရှိပါသည်။ ထမင်းစားဆောင်အဝိုင်းကြီး၏ ပတ်ပတ်လည်ရှိ အခန်းငယ်များတွင်ကား ပညာရှာမှီး သူတို့ နေ့စဉ် လာရောက်ကာ စာသင်၊ စာမှတ်၊ စာဖတ်၊ စာကူးခြင်းပြုကြသည်။ အချို့ပုဂ္ဂိုလ်တို့မှာ နေ့စဉ်မပျက် လာရောက်ကြသူများဖြစ်သည်။ ပိဋကတ်တိုက်ကြီးတွင် ကျောင်းအိပ်ကျောင်းစားသဖွယ် အမြဲ နေထိုင်သူ ပညာရှင်ဦးရေမှာမူ ၃၀ မှ ၅၀ အတွင်း ရှိကြောင်း သိရပါသည်။

ဆရာကာလီ၏ ပြောပြချက်အရ ဤ ပိဋကတ်တိုက်ကြီးသည် ပထမ တိုလမီ **Ptolemy I** ဘုရင်ကြီး၏ ကမ္ဘာအရပ်ရပ်၌ ရှိရှိသမျှသော စာပေမှန်သမျှကို စုဆောင်း သိမ်းထားလိုသည့် မဟာ ရည်မှန်းချက်ကြီးကြောင့် ဖြစ်ပေါ်လာကြောင်း သိရပါသည်။ ကမ္ဘာအနှံ့ရှိ စာအုပ်များကို ဝယ်တန်တာ ဝယ်၊ ဝယ်၍ မရသည်ကို ခိုးယူကာ စုဆောင်း၍ ဤပိဋကတ်တိုက်ကြီးတွင် ထားရှိသည်ဟု ဆိုပါသည်။ ပိဋကတ်တိုက်ကြီးတွင် စာကူး၊ စာရေးတို့ကိုလည်း အများအပြား

ခန့်ထားသည့်အပြင် ထိုသူတို့အား လေ့ကျင့်ပေးသည့် သင်တန်းကျောင်းတစ်ခုကိုလည်း ဖွင့်လှစ်ထားပါသည်။ ယင်း သင်တန်းကျောင်းမှပင် ကျွန်ုပ်၏သားက အလျင်၊ ကျွန်ုပ်ကနောက် စာရေးသင်ခဲ့ကြရာ ယင်း၏ အကျိုးဆက်အဖြစ် ယခုကဲ့သို့ ကျွန်ုပ်၏ ကိုယ်ရေးပုံပြင်ကို ရေးသားတင်ပြနိုင်ခြင်း ဖြစ်ပါသည်။

ယေရှုသည် ကလေးဘဝအရွယ်ကပင် ဇပင်းစားခန်းမကြီးထဲ၌ ပထမဆုံးအကြိမ် ပညာရှင်များနှင့်ဆွေးနွေးခွင့်ရခဲ့သည်။ ဆရာကာလီ၏မိတ်ဆွေ အဲဂုတ္တုပြည်သား ပညာရှိတစ်ဦးက ကျွန်ုပ်တို့အား လာရောက်နှုတ်ဆက်ရာ ယေရှုက ထိုသူအား အဲဂုတ္တုဘာသာဖြင့် ပြန်လည်ပြောဆိုပါသည်။ ထိုအခါ သူ့ဘေးမှပုဂ္ဂိုလ်တစ်ဦးက "အလိုလေး. . . အံ့ဖွယ် မျက်လှည့်အတတ်ပါကလား" ဟု ခါမဘာသာဖြင့် အာမေဋိတ် ပြုလိုက်သည်။ ချက်ချင်းဆိုသလိုပင် ယေရှုက ထိုသူအား ခါမဘာသာဖြင့်လည်းကောင်း၊ သူ့ဘေးမှပုဂ္ဂိုလ်အားရောမဘာသာဖြင့်လည်းကောင်း ပြန်လည်ပြောဆိုလိုက်ပါသည်။ ထိုအခါ ကာလီက သူ့ မိတ်ဆွေများအား "ဤသူငယ်ကား အံ့ဖွယ် မဟာကြွယ်ကြီး လမ်းညွှန်ခဲ့သည့် သူငယ်ပင်တည်း" ဟု ပြောကာ မိတ်ဆက်ပေးပါသည်။ ထိုနေ့မှစ၍ နောက်ပိုင်းတွင် ယေရှုကလေးသည် တစ်ပတ်လျှင်တစ်ခါ မဟာပိဋကတ်တိုက်ကြီးသို့ သွားကာ ဆရာကာလီအပါအဝင် ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း ပြုပါသည်။

ကျန်သည့် နေ့များတွင်ကား သူသည် ကျွန်ုပ်၏ ဆောက်လုပ်ရေး လုပ်ငန်းများကို ဝိုင်းဝန်း ကူညီလုပ်ကိုင်ပေးပါသည်။ ကျွန်ုပ်နောက်မှ လိုက်၍ လက်သမားကိရိယာများကို သယ်ဆောင်ပေးပါသည်။ ထိုသူငယ်သည် ကိုယ်ကာယ ကြံ့ခိုင် ကြီးထွားလာပြီ ဖြစ်သည့်အလျောက် ကျွန်ုပ်ကလည်း သူ့အား တတ်သင့် တတ်ထိုက်သည့် လက်သမားပညာရပ်တို့ကို သင်ကြားပေးပါသည်။ အခြား သူငယ်များ



နည်းတူ သူသည်လည်း စိတ်အားထက်သန်လွန်းနေသည် ဖြစ်ရာ လက်သမားသုံး ကိရိယာများကို ကိုင်တွယ်ပုံ ကိုင်တွယ်နည်းမှာ တစ်ခါတစ်ရံ ဟန်မကိုက် ဖြစ်နေသည်။ အချို့သော ကိရိယာများမှာ သူ့လက်၊ သူ့ခွန်အားနှင့် နှိုင်းစာသော် အတန်ငယ် ကြီးလွန်းနေသည်။ သူသည် မသုံးသင့်သည့်အချိန်တွင် တူကို သုံးတတ်သေးသည်။ သူသည် အရာရာကို တိကျ မှန်ကန် ကောင်းမွန်စေချင်သည့် ဆန္ဒပြင်းပြသည်။ သို့သော် သူ မျှော်မှန်းသလို ဖြစ်မလာသောအခါ ထို အရာဝတ္ထုပစ္စည်းတို့ကို ဒေါသတကြီး ရိုက်ချိုး ဖျက်ဆီးပစ်တတ်သည်။ တစ်ခါတစ်ရံ "နောက်ကို ဒါမျိုး ဘယ်တော့မှ မလုပ်တော့ဘူး" ဟုလည်း ဆိုတတ်သည်။ သူသည် ကြိုးစားပန်းစား အားထုတ်ပြီး ကျည်းပေါင်ခွေရာ စရွေးမကိုက်၍ မသပ်မရပ် ဖြစ်သည်နှင့် ကြုံရသည်။ ထိုအခါ ဝမ်းနည်းပက်လက် ဖြစ်ပြီး သစ်သားကိုသော်လည်းကောင်း၊ ရွှေဘော်၊ ဆောက်၊ လွှတို့ကို သော်လည်းကောင်း အပြစ်တင်တတ်သည်။ ကျွန်ုပ်သည် သူ့အား သင်ကြားပေးရာတွင် ဖြည်းဖြည်းမှန်မှန်နှင့် ဂရုတစိုက်၊ စိတ်ရှည်လက်ရှည် သင်ကြားပေးရမည်ဟု သဘောပေါက်လာသည်။ ကျွန်ုပ်သည် ဤသူငယ်အား လက်သမားကောင်းတစ်ယောက် ဖြစ်လာရန်သာမက ယောကျ်ားကောင်းတစ်ယောက် ဖြစ်လာရန်ပါ လေ့ကျင့်ပေးနေသည်ဟု သဘောပိုက်လိုက်ပါသည်။ ဖြည်းဖြည်းမှန်မှန်နှင့် ဂရုတစိုက် သင်ကြားပေးနေသည့်ကြားမှပင် မကြာခဏဆိုသလို သစ်သားစ စူးခြင်း၊ လက်သည်းပဲ့ခြင်း၊ ထိခိုက် ပွန်းရှခြင်းတို့ကြောင့် ယေရှုလေးခမျာ မျက်ရည်ကျရရှာသေးသည်။ ထိုအခါတွင် ကျွန်ုပ်သည် လုပ်လက်စ အလုပ်များကို ရပ်နားကာ သူ့ကို ထွေးပွေ့၍ ချော့မော့နှစ်သိမ့်ရပါသည်။ ဤသည်လည်း ဖခင်ဘဝ၏ တာဝန်တစ်စိတ်တစ်ပိုင်းပါပေ။ တစ်ခါတစ်ရံ ကျွန်ုပ်က သူ့လက်ချောင်းတွင်း စူးဝင်နေသော သစ်သားစကို နုတ်ထွင်ပေးနေသည့်အခါ မျက်ရည်ပေါက်

ကြီးငယ်များ လျှံကျနေသော မျက်လုံးအစုံဖြင့် ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်နေသည်နှင့်လည်း ကြုံရဖူးပါ၏။ ကျွန်ုပ်သည် သူ့အား သင်ကြားပေးရင်း သည်းခံ စိတ်ရှည်တတ်လာသလို၊ သူ့အားလည်း သည်းခံ စိတ်ရှည်တတ်ရန် အချိန်ယူ၍ သင်ကြားပေးရမည် ဖြစ်ပါသည်။ သူနှင့် ကျွန်ုပ်တို့ ပခုံးချင်းယှဉ်၍ အလုပ်လုပ်ခဲ့သည့်အချိန်များ အကြောင်းကို စဉ်းစားမိတိုင်း ကျွန်ုပ်အဖို့ အတိုင်းမသိ ဝမ်းသာကြည်နူး စိတ်ရွှင်မြူးရပါသည်။ လူငယ်ကလေးများသည် ဖခင်နှင့်အတူထိုင်ရင်း ထရင်း၊ သွားလာ လုပ်ကိုင်ရင်းကပင် ယောကျ်ားကောင်းတစ်ယောက် ဖြစ်နည်းကို သင်ယူကြရပါ၏။ နွေရာသီတွင် နေ့တာရှည်လှပါသည်။ ထို နွေရက် တစ်ရက်တွင် ကျွန်ုပ်တို့သည် စနစ်တကျ ပြုလုပ်ထားသော ပြတင်းပေါက်တစ်ခု သို့မဟုတ် တံခါးမကြီး တစ်ခုကို နေရာတကျ တပ်ဆင်ပြီး အစစအရာရာ ရေချိန်ညီစရွေးကိုက်သည်ကို တွေ့ရသောအခါ တစ်ဦးကို တစ်ဦး ဝမ်းမြောက်ဂုဏ်ယူသည့် မျက်လုံးများဖြင့် ကြည့်မိကြပါသည်။ ထိုအချိန်တွင် သူ့ အပြုံးသည် နေမင်းကဲ့သို့ လင်းလက်နေပါတော့သည်။

သူ့အသက်နှင့် နှိုင်းစာပါက ယေရှုသည် အရပ်အမောင်းမြင့်မား၍ ထွားကျိုင်း သန်မာသော လူငယ်ကလေး တစ်ယောက်ဟု ပြောရမည် ဖြစ်သည်။ သူ့စိတ်ဓာတ်သည်လည်း တစ်နေ့တခြား တည်ငြိမ် ရင့်ကျက် ဖွံ့ဖြိုးလာသည်။ ဆရာကာလီနှင့်အတူ မဟာပိဋကတ်တိုက်ကြီးအတွင်းနေခဲ့သည့် အချိန်များကလည်း သူ့အား ပညာဖြင့် ပြည့်ဝစေသည်။ ကမ္ဘာတစ်ခွင်လုံးမှ ပညာရှင် ကျား မ တို့၏ အဆိုအမိန့်၊ အယူအဆများ အကြောင်းကိုလည်း သူ သင်ကြား နာယူခဲ့ပြီး ဖြစ်သည်။ သူသည် ကိုးကွယ် ဝတ်ပြုမှုအမျိုးမျိုး၊ ယုံကြည်မှု အစုံစုံနှင့် ဘုရားအဆူဆူ၏ နာမတော် အဖုံဖုံကိုလည်း သင်ယူခဲ့ပြီးဖြစ်သည်။ သူသည် ကုထုံးအမျိုးမျိုးနှင့် ဆေးနည်းအဖြာဖြာကိုလည်း ကျေညက်စွာ နားလည်ခဲ့ပြီ ဖြစ်သည်။ သူသည်



လူငယ်ကလေးတစ်ဦးပင် ဖြစ်လင့်ကစား အခြားသူများ မည်သို့မည်ပုံ နာကျင် ခံစားရသည်ကို တစ်နည်းနည်းဖြင့် နားလည် သိရှိကာ အပြောအဟောဖြင့်လည်းကောင်း၊ အထိအတွေ့ဖြင့်လည်းကောင်း ယင်းနာကျင် ခံစားမှုတို့ကို ပပျောက်အောင် ကုစားနိုင်စွမ်းရှိခဲ့ပေသည်။

သို့သော် သူသည် ပညာရှင်များနှင့် အတူနေကာ စာပေသက်သက်၌သာ မွေ့လျော်နေတတ်သည့် သာမန် လူငယ်ကလေးတစ်ယောက် မဟုတ်ပေ။

မကြာခဏဆိုသလို ဆရာကာလီသည် စာသင်ပေးရန် ယေရှုကိုလိုက်ရှာရသည်။ ထိုအခါ ယေရှုကို မီးဖိုချောင်ထဲ၌ စားဖိုမှူးထံမှ အချိုမုန့် တောင်းစားနေသည်ကိုတွေ့ရသည်။ တစ်ခါတစ်ရံ ယေရှုကို ကမ္ဘာအရပ်ရပ်မှကလေးတို့နှင့် ကမ္ဘာအရပ်ရပ်မှ ကစားနည်းမျိုးစုံ ကစားနေသည်ကိုလည်း တွေ့ရတတ်သည်။ ဤသို့ဖြင့် ယေရှုသည် အရပ်ရပ်ကို ခြေဆန့်တတ်သည်ဖြစ်ရာ မကြာခဏဆိုသလို သူ့ကို ဘေးအန္တရာယ်တို့မှ ကင်းဝေးအောင် သတိပေးရသည်မှာလည်း အမောပင်ဖြစ်သည်။ ထို့ကြောင့် ဖခင်ဖြစ်သူ ကျွန်ုပ်က ဘယ်သွားသင့်သည်၊ ဘာလုပ်သင့်သည်တို့ကို သတ်မှတ်ပေးရပါတော့သည်။ အမြဲတမ်း သူ လုပ်ချင်တာတွေကို လိုက်လုပ်နေ၍ မဖြစ်နိုင်ကြောင်းကိုလည်း သူ့အားအသိပေးရသည်။ ချစ်ခြင်းမေတ္တာဟူသည် စည်းကမ်းပေးမှုနှင့်အတူရှိရမည်ဖြစ်သည်။ ကလေးဟူသည် ယေဘုယျအားဖြင့် စည်းမျဉ်းဘောင်များ၊ ကန့်သတ်ဘားမြစ်ချက်များကို လက်ခံနှစ်သက်ခြင်း မရှိတတ်ကြပါ။ သို့သော် ဘကယ်တမ်း ကလေးကို ချစ်ပါက စည်းနှင့် ကမ်းနှင့်သာ ချစ်သင့်ပါသည်။ စည်းလွတ်ဝါးလွတ်၊ ဘောင်လွတ် မချစ်သင့်ပါ။ ဖခင်တစ်ဦးသည် သူ့ကလေးအား ကာကွယ်စောင့်ရှောက်ရာတွင် အန္တရာယ်ရှိနှင့် အန္တရာယ်မဲ့အကြား၊ အကောင်းနှင့်အဆိုးအကြား၊

အမုန်နှင့်အမှားကြား ရှိနေသော ကန့်သတ်မျဉ်းများအကြောင်းကို သတ်မှတ် သင်ကြားပေးရမည် ဖြစ်ပါသည်။

ယေရှုသည် ကစားကို ခုံမင်သည်။ သူသည် ကစားနည်းမျိုးစုံ ကစားရင်း ရယ်မောပျော်ရွှင်စွာနေတတ်သည်။ သူသည် အကြောက် အလန့်လည်းမရှိချေ။ အထူးသဖြင့် သူသည်မတရား အနိုင်ကျင့်သူ တို့ကိုမူ အလွန်မုန်းတီးသူဖြစ်၏။ မိမိခွန်အားကိုသုံးကာ ကြီးနိုင် ငယ်ညှဉ်း လုပ်တတ်သူများကို သူ ပို၍ မုန်းသည်။ ယင်းသို့သော ဖြစ်ရပ်တို့နှင့် ရင်ဆိုင်ရသည့်အခါ သူသည် အနိုင်ကျင့်ခံရသူ၊ အားနည်းသူတို့ဘက်မှ အမြဲတစေဝင်ကူတတ်သည်။ သို့သော် အနိုင် ကျင့်သူတို့မှာ ကိုယ်ကာယ ထွားကျိုင်းသန်မာသူ လူကြမ်းကလေး များ ဖြစ်တတ်ရာ ဝင်ကူသူ ယေရှုမှာလည်း တစ်ခါတစ်ရံ စုတ်ပြတ် သတ်နေအောင်မရှုမလှ ခံရတတ်သည်။ သို့သော် သူသည် အာဃာ တ မထားတတ်ပေ။ မကြာမီပင် အနိုင်ကျင့်သူ လူကြမ်းကလေး တို့နှင့် မိတ်ဆွေ ဖြစ်သွားရုံမက ထိုကလေးတို့အား အခြားသူတို့ထက် ကြီးသူများက နာကျင်အောင် လုပ်လာပါက သူက ဝင်၍ အကူအညီ ပင် ပေးတတ်သေးသည်။

ယေရှုကြီးလာသောအခါ သူသည် "အဖေရာ. . . ကျွန် တော်တော့ အနိုင်ကျင့်ခံရတဲ့ အားငယ်တဲ့ လူတွေဘက်က မကူဘဲ ကို မနေနိုင်ဘူးဗျာ။ အဲဒီလိုမှ ဝင်မကူရရင် သိပ် စိတ်ဆင်းရဲတာပဲ။ တစ်ခုခုလေး လုပ်ပေးလိုက်ရမှ ကျေနပ်တယ်" ဟု ကျွန်ုပ်အား ပြောဖူးပါသည်။ နောက်ပိုင်းတွင် သူသည် ပညာရှင်တို့ထံမှ ဆေး ပညာကို သင်ယူသည့်အခါ၌လည်း ရောဂါဝေဒနာ ခံစားနေရသူတို့ နှင့်တွေ့တိုင်း ခေတ္တခဏရပ်၍ ကြည့်ရှုကာ သူ တတ်စွမ်းသမျှ ကုသပေးသွားပါသည်။ မကြာခဏဆိုသလို သူသည် ကျွန်ုပ်ထံမှ ဖြစ်စေ၊ ကာလီထံမှ ဖြစ်စေ ငွေအကြွေစ အနည်းငယ် တောင်းကာ ဆင်းရဲသူများ၊ သူဖုန်းစားများကို စွန့်ကြဲ ပေးကမ်းလေ့ ရှိပါသည်။



သူသည် သူ တတ်ထားသမျှ ပညာတို့ကို လမ်းပေါ်တွင်လည်း ကောင်း၊ သင်္ဘောဆိပ်တွင်လည်းကောင်း၊ သူ တွေ့သည့် ဆင်းရဲ သားများနှင့် ကျေးကျွန်များကို သင်ကြားပေးလေ့ ရှိသည်။ တစ်ခါ တစ်ရံသူသည် မိခင်ရင်ခွင်တွင် အိပ်မောကျနေရင်းကပင် ဒုက္ခ ဆင်းရဲတွင်းရောက်နေကြသည့် ဝေနေယျသတ္တဝါများအပေါ် သနား ကြင်နာမှုကြောင့် မျက်ရည်တွေတွေကျဆင်းခဲ့ရခြင်းလည်းရှိခဲ့သည်။

ယေရှုသည် စိတ်နှလုံးသား လွန်စွာသိမ်မွေ့ နူးညံ့သူ ဖြစ်ပေ ရာ ဤ ကြမ်းတမ်း ခက်ထန်သော လောကကြီးဝယ် မည်သို့မည်ပုံ သက်ဆိုးရှည်နိုင်ပါလိမ့်မည်နည်းဟု ကျွန်ုပ် မကြာခဏ တွေးတော မိပါသည်။ အခြားသူတို့ ဒုက္ခဒေဝနာ ခံစားနေရသည်ကို ကြည့်ရှု ရန် သူ့၌ ခွန်အားမရှိပေ။ သူသည် မျက်နှာလွှဲနေရန် သော်လည်း ကောင်း၊ သူ့ထိုက်နှင့် သူ့ကံပဲလေဟု လျစ်လျူရှုရန်သော်လည်း ကောင်း လုပ်နိုင်စွမ်းမရှိပါ။ ဝေဒနာခံစားသူတို့ကို တွေ့ရတိုင်း သူ့အဖို့ အသစ်အသစ်ကဲ့သို့ ရှုမြင် သုံးသပ်ကာ မကူညီဘဲ မနေနိုင် ဖြစ်ရသည်။ တစ်ခါက ကျေးပိုင်ကျွန်ပိုင်ရှင်တစ်ဦးသည် သူ၏ ငွေဝယ်ကျွန်တစ်ဦးကိုမျက်စိဖောက်၊ နားအုံဖောက်လုပ်ကာ သေသည်အထိ ကြာပွတ်ဖြင့် ရက်စက်စွာ ရိုက်နှက်သည်ကို မြင်ခဲ့ ရသည်ဖြစ်ရာ အိမ်သို့ ပြန်ရောက်သောအခါတွင် ယေရှုသည် မယ်တော်မာရိ၏ ပခုံးထက်တွင် ခေါင်းဆိုက်ကာ ကလေးငယ်ပမာ ရှိုက်ကြီးတငင်ငို၍မဆုံးနိုင် ဖြစ်ခဲ့ဖူးပါသည်။

## ငွေဝယ်ကျွန်တို့ လှော်သည့် လှေကြီး

ယေရှု ၁၀ နှစ်သားအရွယ်တွင် ရောမ စစ်လှေကြီး တစ်စင်း ပေါ်သို့ တက်ကြည့်ချင်သည်ဟု ကာလီနှင့် ကျွန်ုပ်တို့အား ပူဆာ ပါသည်။ ရေပန်းများ ဖွေးဖွေးထစေသော လှော်တက်ကြီးများ ပါသည့် ရောမ လှေကြီးများကို သူ လွန်စွာ ကြည့်ချင်နေသည်၊

သူ ဘာကြည့်ချင်သည်ကို ကျွန်ုပ်တို့ စောစီးစွာက ကြိုတင် သတိပြုမိဖို့ ကောင်းသည်။ ကျွန်ုပ်တို့လှေကြီးပေါ် ရောက်သည်နှင့် တစ်ပြိုင်နက် သူသည် လှေဝမ်းထဲရှိ လှော်တက်ခတ်သူများကို ကြည့်ချင်လှပါသည်ဟု တောင်းဆိုပါသည်။ လှေဝမ်းထဲ ရောက်၍ လှေထိုးသားများကို တွေ့လိုက်ရသော အခါတွင်ကား သူ့ မျက်နှာသည် ရွာတော့မည့် မိုးကဲ့သို့ မှိုင်းမှောင်သွားပါသည်။ လှေဝမ်းထဲရှိ လှော်တက်သမား၊ ငွေဝယ်ကျွန်များကား လူရုပ်ပင် မပေါက်တော့ပါပေ။

ရက်စက်မှုများ၊ မျှော်လင့်ချက် ကင်းမဲ့မှုများကြောင့် သူတို့၏ ပုံပန်းသွင်ပြင်တို့မှာ အစားတစ်လုပ်အတွက် သူ့ အသက်ကိုပင် သတ်ဖြတ်မည့် သားရဲတိရစ္ဆာန်ရိုင်းပမာ တူနေပါသည်။

သူတို့သည် မျှော်လင့်ချက် လုံးဝမရှိတော့သော သေနေ့ကို စောင့်မျှော်နေရသည့် သားရဲတိရစ္ဆာန်များသဖွယ်သာ ဖြစ်သည်။

သူတို့သည်ကား သူတို့ဇာတိ၊ သူတို့ အိုးအိမ်နှင့် သူတို့ ချစ်သည့်သူများကို ဤဘဝတွင် နောက်ထပ်တစ်ဖန် ပြန်တွေ့ရတော့မည်မဟုတ်သော ကမ္ဘာအရပ်ရပ်မှ ဖမ်းဆီး ခေါ်ဆောင်လာသည့် ကျေးကျွန်များပင်တည်း။

သူတို့အဖို့ ချစ်ခြင်းမေတ္တာနှင့် ကြင်နာသနားမှုတို့ကို ဘယ်သောအခါမျှ ရနိုင်တော့မည်မဟုတ်။

သူတို့သည် ကမ္ဘာအရပ်ရပ်မှ အသားအရောင် အစုံစုံ ရှိသူများ ဖြစ်၏။

လူဝါ၊ လူညို၊ လူမည်း၊ လူနီများ၊ ရွှေဝါရောင်နှင့် အနီရောင် ဆံပင်များရှိသည့် ဝေးလံခေါင်သီလှသော ထူးဆန်းသည့် နယ်မြေမှ လူသားများ။



အမှန်အတိုင်း ပြောရပါမူ လူကြီးဖြစ်သော ကျွန်ုပ်သည်ပင် အလွန်အမင်း ထိတ်လန့် တုန်လှုပ်ကာ ယေရှုကို ခေါ်၍ ဤနေရာမှ ထွက်သွားချင်လှပြီ။

ထိုကျေးကျွန်များအနက် တစ်ယောက်ယောက်ကများ စိတ်မနှံ့ ပေါက်ကာ သူတို့တွင် ချည်နှောင်ထားသည့် သံကြိုးကို အသုံးပြု၍ ယေရှု၏ လည်ပင်းကို ညှစ်၍ သတ်နိုင်ပါသည်။

ကျွန်ုပ်နှင့် ကာလီတို့ လှေကားမှ ဖြတ်လျှောက်သွားသော အခါ လူသေအလောင်းများထားရာအခန်းတွင်းသို့ ဝင်သွားရသလို ခံစားရသည်။

သူတို့သည် မုန်းတီးမှု ပြည့်လျှမ်းသော သေမင်း၏ မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို လှည့်ကြည့်ပါသည်။

ယေရှုက ကျွန်ုပ်တို့ နောက်မှ လိုက်လာသည်။

ကျေးကျွန်များသည် ငြိမ်သက်နေကြသည်။

"ကျွန်ုပ် လာခဲ့မည်ဟု သင်တို့အား ပြောခဲ့သည်" ဟု ယေရှု ဆိုပါသည်။

ယေရှုသည် ကျေးကျွန်တစ်ဦးချင်းအား သူတို့ မွေးဇာတိ မြေမှ ဘာသာစကားဖြင့် ပြောခြင်းဖြစ်သည်။

အခိုက်အတန့်အားဖြင့်မူ မျှော်လင့်ချက် ကင်းမဲ့နေသော ထိုလူများသည် သူတို့ မွေးရပ်မြေသို့ ဘေးမသီ ရန်မခ ရောက်ရှိသွားသလို ခံစားလိုက်ရသည်။

သူတို့သည် ဆီးနှင်းဖုံးသောတောင်များအကြောင်း၊ ထူးဆန်းသော နာမည်ရှိသည့် မြစ်များအကြောင်းနှင့် သူတို့ ငယ်စဉ်က ငါးမျှားခဲ့ပုံ၊ အမဲလိုက်ခဲ့ပုံ၊ မြူးထူးပျော်ပါး ဆော့ကစားခဲ့ပုံများကို ပြောကြသည်။

ယေရှုက သီချင်းတစ်ပုဒ် ဆိုပြသည့်အခါ၊ ကဗျာတစ်ပုဒ် ရွတ်ပြသည့်အခါ သူတို့ ပျော်ရွှင်စွာ ရယ်မောကြသည်။

ယေရှုက ထိုသူတို့၏ ဒဏ်ရာများကို ဆေးကြောကာ ပတ်တီး စည်းပေးသည်။ လက်များကို ဆီသုတ်ပေးသည်။ ထိုအခါ သေနေသော သူတို့၏မျက်လုံးများသည် အသက်ဝင်ကာ နှလုံးသားမှ စကားပြောလေသည်။

ယေရှု ပြန်လည် ထွက်ခွာလာခဲ့သော အခါတွင်မူ ထိုနေရာတွင် အလင်းရောင်သည် ကျန်ရစ်ခဲ့သည်။

"ကျွန်ုပ် သင့်ကို သတိရနေမှာပါ" ဟု ယေရှုသည် တစ်ယောက်ပြီး တစ်ယောက် နှုတ်ဆက်စကား ဆိုခဲ့သည်။

သူသည် ပျောက်ဆုံးနေသော အစ်ကိုကြီးတို့ကို ပြန်တွေ့ရသည့် ညီငယ်ပမာ ထိုသူများအား သူ၏ သေးငယ်သော လက်ကလေးဖြင့် ထွေးပွေ့ခဲ့သည်။

လှေသူကြီးသည် လှေကျွန်များ၏ ဒဏ်ရာအနာတို့အား ယေရှုကုသပေးနေပုံကို တိတ်ဆိတ်စွာရပ်ကြည့်နေခဲ့သည်။ သွားခါနီးတွင် ယေရှုက လှေသူကြီးအား "အကယ်၍ သူတို့တစ်တွေ ညင်ညင်သာသာ အသက်ထွက်သွားခဲ့လျှင် ကျွန်ုပ် သင့်ကို သတိရနေမှာပါ" ဟု ပြောပါသည်။ သို့သော်ကမ်းပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ယေရှုသည် ကျွန်ုပ်၏ သားငယ်လေး ပြန်ဖြစ်သွားကာ ကျွန်ုပ်၏ ရင်ခွင်ကို မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။ သူသည် ထိုကျေးကျွန်များ၊ သံခြေကျင်း တန်းလန်းဖြင့် ပင်ပန်းကြီးစွာ လှော်ခတ်ရင်း တစ်နေ့နေ့တွင် အားပြတ်ကာ နေရာ၌ပင်သေပွဲဝင်ရမည်ကို ကောင်းစွာသိနေသောကြောင့် ကျွန်ုပ်၏ ရင်ခွင်တွင် မျက်နှာအပ်၍ သည်းထန်စွာ ငိုကြွေးနေခြင်း ဖြစ်ပါတော့သည်။ သူသည် အချိန်ကြာမြင့်စွာ ငိုကြွေးပါသည်။ ထိုအခိုက်အတန့်တွင်ပင် သူ့ သွေးမျက်ရည် ကျဆင်းသည်ကို ကျွန်ုပ် ပထမဆုံးအကြိမ် မြင်လိုက်ရပါသည်။ ထိုကျေးကျွန်များအတွက် သူ စိတ်မကောင်းခြင်း ကြီးစွာဖြင့် ငိုကြွေးရာတွင် သူ၏ သွေးများသည် သူ့ မျက်ရည်ထဲ၌ ပါလာခြင်း ဖြစ်ပါသည်။



ဤဖြစ်ရပ်ကြောင့် ဆရာကာလီလည်း အတော်ကလေး စိတ်ထိခိုက်သွားပါသည်။ ကျွန်ုပ် အသက်ကို နှစ်ကြိမ်တိုင်တိုင် ကယ်တင်ခဲ့သော ဆရာကာလီသည်လည်း ကြင်နာသနားတတ်သူတစ်ဦး ဖြစ်ပါ၏။ သို့သော် သူသည် ထိုအချိန်တွင်ကမှ ဆရာသခင်၏ အကြင်နာမျက်လုံးများမှတစ်ဆင့် ကမ္ဘာလောကကြီးကို မြင်လိုက်ရခြင်းဖြစ်သည်။ ဆရာကာလီ၏ ကိုယ်ပိုင်မျက်လုံးများသည် နံစော် ပုပ်စီးနေသော မရဏလှေကြီး၏ ဝမ်းအတွင်း၌ အကြီးအကျယ် ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ ထိုအချိန်မှစ၍ ဆရာကာလီသည် စစ်လှေကြီးများ ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်ဟု သတင်းကြားတိုင်း ယေရှုကိုခေါ်ကာ ထိုလှေကြီးရှိရာသို့ သွားလေ့ရှိပါသည်။ သူတို့ နှစ်ဦးသည် အတူတကွ လှေဝမ်းထဲသို့ ဆင်းကြည့်ကြသည်၊ နောက်ပိုင်း ကျွန်ုပ်တို့ လူအိုများ ဖြစ်သွားသည့်အချိန်တွင် ဆရာကာလီက ကျွန်ုပ်အား ခေါ်၍ "ယောသပ်ရေ. . . ကျွန်ုပ်ဟာ အဲဒီညနေချိန်ကမှ လှေကြီးရဲ့ ဝမ်းထဲမှာ လူတွေအကြောင်း၊ ဘုရားသခင်အကြောင်း၊ စိတ်ဓာတ်နဲ့ နှလုံးသားဝိညာဉ်အကြောင်း အလုံးစုံကို ကောင်းကောင်းကြီးလက်တွေ့ကျကျသိခဲ့ရတယ် "ကျွန်ုပ် တစ်သက်တာပတ်လုံး ပိဋကတ်တိုက်ထဲမှာပညာရှိတွေ၊ သုခမိန်တွေနဲ့ အတူနေပြီး သင်ယူနားလည် တတ်သိခဲ့ရတာတွေကတော့ စကားလုံးတွေသာဖြစ်တယ်ဆိုတာ အဲဒီအချိန်ကျမှသိလိုက်ရတယ်" ဟု လှိုက်လှဲစွာ ပြောပြခဲ့ပါသည်။

မကြာခဏ ဆိုသလို ယေရှုသည် သူ့မယ်တော်မာရိနှင့် ဈေးသို့လိုက်သွားလေ့ ရှိပါသည်။ သူသည် ယောက်ျား၊ မိန်းမ မရွေး ရယ်မော ဖော်ရွေစွာ ပြောဆို ဆက်ဆံတတ်သူ ဖြစ်သည်။ လင်ယောက်ျားအတော်များများသည် သူတို့၏ ဇနီးသည်များကို တိရစ္ဆာန်သဖွယ် သဘောထားတတ်သည်။ ထိုမိန်းမတို့ လင်သားများ၏ အရိုက်အနှက်ခံနေရခြင်းကိုလည်း ယေရှုစိတ်ထဲ၌ နာကြည်းနေမိ

သည်။ သူ့မိခင် သူနှင့်အတူ စာကြည့်တိုက်သို့သွားသည့်ကိစ္စအတွက်မူ သူ လွန်စွာ ဂုဏ်ယူသည်။ သူ့မိခင်သည် စာရေးတတ်ဖတ်တတ်ရုံမက သင်္ချာနှင့် နက္ခတ္တဗေဒကိုပါ တတ်ကျွမ်းသည်ဖြစ်ရာ သူ့မှာ ဂုဏ်ယူ၍မဆုံးနိုင်။ ယေရှုသည် မယ်တော်မာရိရေးသားသည့် တေးသွားကို ကြိုက်သကဲ့သို့ သာယာသည့်အသံဖြင့် သီဆိုပုံကိုလည်း အထူးနှစ်ခြိုက်သည်။ လွတ်လပ်စွာနေလိုခြင်း၊ စိတ်ဓာတ်ရင့်ကျက်ခြင်းနှင့် ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေတတ်ခြင်းတို့တွင် ယေရှုသည် သူ့ မယ်တော်မာရိနှင့် တစ်ပုံစံတည်းတူညီသည်။ ယေရှုသည် မယ်တော်မာရိ၏ ချစ်ခြင်းမေတ္တာကို အဖိုးတန် ရတနာတစ်ပါးသဖွယ် သဘောထားသည်။

## ဓလေ့ထုံးစံနှင့် ကစားခုန်စား

ဆောင်းဦးရာသီ အားလပ်ရက်များသို့ ရောက်သည့်အခါ ကျွန်ုပ်တို့သည် ကလေးများကို ခေါ်၍ ပင်လယ်ကမ်းခြေရှိ နေရာထူးတစ်နေရာသို့ သွားသည့် ဓလေ့ထုံးစံ ရှိပါသည်။ အားလပ်ရက်များ၊ နေ့ထူးနေ့မြတ်များတွင် ပြုလုပ်ရမည့် ဓလေ့ထုံးစံများ ရှိသလို မိသားစုအလိုက် ပြုရမည့် ဓလေ့ထုံးစံများလည်း ရှိပါသည်။ ကျွန်ုပ်အဖို့မူ ကလေးများနှင့်အတူ ဓလေ့ထုံးစံအတိုင်း ပြုမူရမည့်ကိစ္စကို အလေးအနက်ထားပါသည်။ ကျွန်ုပ်တို့သည် သတ်မှတ်ထားသည့် နေ့ရက်များတွင် သတ်မှတ်ထားသော အပြုအမူမျိုးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပြုမူရသည်ကို ကလေးတို့အား သိစေတတ်စေ၊ နားလည်စေချင်၍ ဖြစ်ပါသည်။ ကလေးတစ်ယောက်အား သီချင်းဆို၍သိပ်ခြင်း၊ ပုံပြော၍သိပ်ခြင်းသည် မင်္ဂလာရှိသော အပြုအမူတစ်ရပ်ပါပေ။ သစ်သီးများ လှိုင်လှိုင်ပေါ်ချိန်တွင် ဆွတ်ခြွေ၍ မိသားစုနှင့်ကလေးတို့အား ကျွေးမွေးခြင်းဖြင့် မိသားစုဝင်တို့၏ ကိုးစားယုံကြည်မှု၊ ချစ်ခင်လေးစားမှုကို ခံယူနိုင်မည် ဖြစ်ပါသည်။



အထူးသဖြင့် အမြဲတစေ ပြောင်းလဲနေ၍ကြောက်မက် စက်ဆုပ်ဖွယ်ရာများ၊ အားထား မှီခိုစရာ ကင်းမဲ့မှုများနှင့် ပြည့်နှက်နေသော ဤကမ္ဘာလောကကြီးတွင် အားထားစိတ်ချ ယုံကြည်ရမှုသည် မင်္ဂလာတစ်ပါးပင် ဖြစ်ပါပေသည်။

ကျွန်ုပ်သည် ကျွန်ုပ်ကလေးများနှင့်အတူ မိရိုးဖလာ ရှေးရိုးဓလေ့ထုံးစံများအတိုင်း လိုက်နာဆောင်ရွက်သောအချိန်ကို မွန်မြတ်သန့်စင်သည့် မင်္ဂလာရှိချိန်အဖြစ် သတ်မှတ်ပါသည်။ ထိုအချိန်တွင် မည်သည့်အလုပ်ကိုမျှလက်မခံ။ မည်သူနှင့်မျှ တွေ့ဆုံ ဆွေးနွေးတိုင်ပင်ခြင်း မပြု။ ထိုအချိန်တွင် ကျွန်ုပ်သည် ကလေးများနှင့်သာ အတူနေ၍ ဓလေ့ထုံးစံအတိုင်း ဆောင်ရွက်ပါသည်။ ကလေးများကလည်း ထိုအချိန်ကို တန်ဖိုးထားကြပါသည်။ ကျွန်ုပ်သည် ကလေးတစ်ယောက်စီအတွက်အချိန်တစ်ချိန်စီ သီးသန့်ပေးကာ သူ့နည်းသူ့ဟန်ဖြင့် ပျော်ရွှင်စေပါသည်။ ထို့ကြောင့် ကလေးတစ်ဦးစီသည် သူ့နည်းသူ့ဟန်ဖြင့် အရေးပါသူဖြစ်ကြောင်း သူ့ဘာသာသူ သဘောပေါက်ပါသည်။ သို့ဖြစ်ခြင်းကြောင့် အခြားကလေးတစ်ဦးနှင့် အတူနေသည့် အခိုက်အတန့်ကို ကန့်ကွက်မှုလည်းမပြု၊ မနှစ်သက်ခြင်းလည်းမရှိပါ။ အထူးသဖြင့်ကား ကျွန်ုပ်တို့ မိသားစုအားလုံး တစ်စုတဝေးတည်းအတူသွား၊ အတူစား၊ အတူလာ လုပ်ခြင်းကို ကလေးအားလုံးတို့က နှစ်သက်လက်ခံကြသည် ဖြစ်ရာ ကျွန်ုပ်တို့အားလုံး၏ အပျော်ဆုံးအချိန်မှာ ဆောင်းဦးရာသီ ပင်လယ်ကမ်းခြေသို့ အပျော်ခရီးထွက်သည့်အချိန်ပင် ဖြစ်ပါတော့သည်။

ကျွန်ုပ်တို့ တွေ့ထားသည့် နေရာကလေးမှာ တစ်နေကုန်လမ်းလျှောက်မှ ရောက်နိုင်သည့် နေရာဖြစ်ပါသည်။ ပင်လယ်ကမ်းခြေရှိ ထိုနေရာလေးမှာ ကျွန်ုပ်တို့တစ်တွေသာသိသောနေရာလေး ဖြစ်ပါ၏။ ကျွန်ုပ်သည် ထိုနေရာလေးကို သင်္ဘောတစ်စင်းပေါ်မှ တွေ့ခဲ့ခြင်း ဖြစ်သည်။ ထိုနေရာလေးတွင် ဖြူဖွေးသော

သဲသောင်ခုံ ရှိသည်။ သဲသောင်ခုံ အလွန်တွင်မူ အရိပ်ရ အပင်များနှင့် စမ်းချောင်းလေးတစ်ခု ရှိသည်။ ထို့ကြောင့် ကျွန်ုပ်နှင့် ကလေးများသည် သစ်ပင်တက်ခြင်း၊ ရေကူးခြင်း၊ ပြေးလွှား ခုန်ပေါက်ခြင်းတို့ကို လွတ်လပ်ပျော်ရွှင်စွာ ပြုလုပ်နိုင်ကြပါသည်။ ထို့အပြင် ထိုနေရာရှိ စမ်းချောင်းလေးတွင် ငါးများ၍ အလွန်ကောင်းပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့အားလုံး သဲသောင်ခုံပေါ်တွင် လုံးထွေးသတ်ပုတ် ကစားကာ ရေထဲ ဆင်းကူးတတ်ကြသည်။ ထိုအခါ ကျွန်ုပ်သည် ကလေးများအလယ်တွင် ရေမ မိကျောင်းကြီး ဖြစ်သွားပါသည်။ ကျွန်ုပ်သည် ရေထဲတွင် ကျင်လည်စွာ ကူးခပ်၍ ကလေးငယ်များကို လိုက်ဖမ်းပါသည်။ သူတို့ကလည်း တတ်စွမ်းသမျှ ရှောင်တိမ်း ပြေးလွှားကာ တစ်ခါတစ်ရံ ဆူညံစွာ အော်ဟစ်၍ ကျွန်ုပ်ကို ပြန်လည် တိုက်ခိုက်ကြသည်။ ထို့နောက် ကျွန်ုပ်နှင့် သူတို့အားလုံး ရေထဲတွင် အပြန်အလှန် သတ်ပုတ် တိုက်ခိုက်ကြပြန်သည်။ ကလေးတို့တစ်တွေ၏ ရှိသမျှ ခွန်အားနှင့် ထိုးရိုက် ကန်ကျောက် ခုန်ပေါက် တိုက်ခိုက်မှုကြောင့် တစ်ခါတစ်ရံ မိကျောင်းကြီးခမျာ သနားစရာ ကောင်းနေပါသည်။ ဤကဲ့သို့ ကျွန်ုပ်အား မိကျောင်းအဖြစ်ထားကာ တိုက်ခိုက်ရသည့် ကစားမှုမျိုးကို ကလေးတို့သည် ကြီးပြင်းလာသည်အထိ နှစ်ခြိုက်စွာ ကစားတတ်ပါသည်။ သူတို့အဖို့ ငြီးငွေ့ခြင်း မရှိကြပါ။ ဤသို့သော ကစားနည်းသည် သူတို့ခွန်အားကို သူတို့ဘာသာ ချိန်ဆနိုင်သည့် စွမ်းရည်ကို ဖြစ်စေသည်။ လူသားအားလုံး၏ စိတ်ထဲတွင် ခိုအောင်းနေသော အကြမ်းဖက်လိုစိတ်၊ ရန်လိုစိတ်တို့ကို မည်သို့ မည်ပုံ ထိန်းချုပ်ရမည်ကိုလည်း သူတို့ နားလည်လာပါသည်။

ထိုကစားချိန်သည် ယေရှုနှင့်သူ့ညီများ ဖြစ်ကြသော ယာကုပ်နှင့် ယောဟန်တို့အဖို့ အပျော်ဆုံးအချိန် ဖြစ်၏။ တစ်ခါတစ်ရံ ဆရာကာလီနှင့် သူ၏ သားများကလည်း ကျွန်ုပ်တို့နှင့်အတူ



လာတတ်ကြသည်။ သို့သော်အများအားဖြင့် ကျွန်ုပ်တို့ မိသားစု သက်သက်သာ ကစားလေ့ ရှိပါသည်။ ထို ပျော်ပွဲစားထွက်သည့် ရက်သုတ္တပတ်သည်ကား ကျွန်ုပ်တို့ မိသားစုအဖို့ ဆော့ကစားချိန်၊ ပုံပြောချိန်၊ လမ်းလျှောက်ချိန်၊ စကားစမြည် ပြောချိန်နှင့် တစ်ဦးကို တစ်ဦး ဂရုတစိုက် ဖေးမကူညီပြုစု စောင့်ရှောက်ကြသည့်အချိန်ဟု ဆိုရမည် ဖြစ်ပါတော့သတည်း။

## ယောဟန် အနိစ္စရောက်ခြင်း

ဤသို့ဖြင့် ယေရှု အသက် ၁၂ နှစ် အရွယ်သို့ ရောက်ရှိလာသည်။ သူ့ အသက် ၁၃ နှစ် မပြည့်မီ အချိန်လေးတွင် ကျွန်ုပ်တို့သည် ပင်လယ်ကမ်းခြေသို့တစ်ခေါက်လောက် အပျော်ခရီးထွက်ရန် ပြင်ဆင်ကြသည်။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည်မှာ ခရီးမထွက်မီ တစ်ရက်အလိုတွင် ယောဟန်ခြေသပွတ်တိုင်လည်သွားခဲ့ပါသည်။ ဆရာကာလီနှင့် ယေရှုတို့က ယင်းကို အဖြောင့် ပြန်ဖြစ်အောင် လုပ်နိုင်ခဲ့သော်လည်း ယောဟန်အဖို့ တစ်နေကုန် လမ်းလျှောက်ခြင်း၊ တောင်တက်ခြင်းတို့ကို ပြုလုပ်နိုင်ဦးမည်မဟုတ်ပါ။ ထို့ကြောင့် ပင်လယ်ကမ်းခြေသို့ လမ်းလျှောက်ခရီးတွင်လည်း ပါဝင်ဆင်နွှဲနိုင်တော့မည်မဟုတ်ပေ။ ယောဟန်ခမျာ စိတ်မကောင်း၍ ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရရှာပါသည်။ ကျွန်ုပ်တို့ကား သွားဖို့ရန် ဆုံးဖြတ်ပြီး ဖြစ်သည့်အတွက် ဤတစ်ခါ ခရီးတွင် ကျွန်ုပ်နှင့်အတူ ယေရှုနှင့် ယာကုပ်တို့သာ ပင်လယ်ကမ်းခြေသို့ လိုက်ပါနိုင်ကြပါသည်။ သို့သော် နှစ်ဆန်းချိန်တွင် ယေရှု၏ မွေးနေ့ပွဲ ဆင်နွှဲပြီးသည့် နောက်ပိုင်း အားလပ်ရက်များတွင်ကား မိသားစုအားလုံး အတူတကွ ပင်လယ်ကမ်းခြေ အပန်းဖြေခရီး ထွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ကြပါသည်။

ယင်း မျှော်လင့်ချက်ကို ကျွန်ုပ်တို့အားလုံး သဘောတူပြီးသည့် နောက်တွင်ကား ယောဟန်သည် ပြုံးနိုင် ရွှင်နိုင်လာပါသည်။ သူသည် မယ်တော်မာရိ၊ ညီမငယ်လေးနှင့်အတူ ကျွန်ုပ်တို့ ခရီးထွက်ခွာသည်ကို ကြည်နူးစွာ ကြည့်ရှုပြီး ကျန်ရစ်ပါသည်။ ကျွန်ုပ်တို့ ခရီးသွားအားလုံး ယောဟန်မပါသည့်အတွက် စိတ်မကောင်းကြပါ။ သူ့ကို အရာရာမှာသတိတရ ဖြစ်နေကြပါသည်။ ကျွန်ုပ်တို့သည် ထမင်းစားသည့်အခါမှာလည်း ယောဟန်အတွက် ဆုတောင်းမိကြသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့ ဘာပဲလုပ်လုပ် ယောဟန် ကျန်းမာစေကြောင်း သတိတရ ဆုတောင်းမိကြသည်။ ယေရှုနှင့် ယာကုပ်တို့ကလည်း အကယ်၍ ယောဟန်သာရှိခဲ့လျှင် မည်သို့ ပြောလိမ့်မည်။ မည်သို့ ပြုလိမ့်မည်စသည်ဖြင့် သတိတရ ပြောနေမိကြသည်။ ယေရှုအဖို့မူ သူ့ကိုယ်ခန္ဓာ တစ်စိတ်တစ်ပိုင်း ကျန်ရစ်ခဲ့သည်ဟုပင် ထင်မှတ်သည်။ ယောဟန်သည် အမြဲတစေ သူ သွားရာ နောက်ကို တကောက်ကောက် လိုက်နေခဲ့သူ မဟုတ်လော။ ယင်းသို့ မိမိနောက်မှ တကောက်ကောက် လိုက်နေခြင်းကို အခြားသော အစ်ကိုကြီးတို့အဖို့ စိတ်အနှောင့်အယှက် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် ယေရှုနှင့် ယောဟန် ညီအစ်ကိုတို့အကြားတွင်မူ ထိုသို့ မဟုတ်ပေ။ သူတို့နှစ်ဦးသား၏ မေတ္တာနှောင်ဖွဲ့မှုကို မပြောဘဲနှင့် သူတို့ဘာသာ သိကြသည်။ ယေရှုနှင့် ယောဟန်တို့သည် တစ်ဦးဘဝကိုတစ်ဦး စာနာစိတ် ရှိကြသည်။ ယောဟန်သည် သူ့ အစ်ကိုကြီး ယေရှုနှင့်တူအောင် အမြဲတစေ တုပ ကြိုးစားသည်။ သူသည် လမ်းလျှောက်ရာတွင်လည်းကောင်း၊ စကားပြောဆိုရာတွင်လည်းကောင်း ယေရှု၏ ဂိုက်ဆိုက် ဟန်ပန် လေသံနှင့် မတူ တူအောင် ကြိုးစားလေ့ကျင့်ထားသည်။ ယေရှုနှင့် ယောဟန်တို့ ကြားတွင် တစ်မူထူးခြားသော သံယောဇဉ်နှောင်ဖွဲ့မှု ရှိလေသည်။ ယင်းအခြင်းအရာသည် နောင်ရက်အနည်းငယ်အကြာ ဖြစ်ပျက်မည့်



ဖြစ်ရပ်တို့၏ နောက်ပိုင်းတွင် ပိုမိုထင်ရှားသိသာလာသည်။ မပြန်ခင် တစ်ညတွင် ပင်လယ်ကမ်းစပ်၌ မီးပုံပွဲ ဆင်နွှဲကြသည်။ ကျွန်ုပ်တို့သည် တစ်နေကုန်ရေကူးခြင်း၊ ပြေးလွှားခုန်ပေါက်ခြင်း၊ ငါးမျှားခြင်းတို့ကြောင့် ပင်ပန်းနွမ်းနယ်ကာ ငိုက်မျဉ်းစွာဖြင့် နေဝင်ချိန်ကို ငေးမောကြည့်ရှုနေကြသည်။ ထိုအခိုက်တွင်ယေရှုသည် ရုတ်တရက် ထခုန်ကာ "အို ဖခင်... ဖွဟဲ့၊ လွဲပါစေ၊ ဖယ်ပါစေ" ဟု အော်လိုက်သည်။ ကျွန်ုပ်တို့အားလုံး သူ့ အော်သံကြောင့် အထိတ်တလန့် ဖြစ်သွားကြပါသည်။ "ကျွန်ုပ်တို့ အခု အိမ်ကို အမြန်ပြန်မှ ဖြစ်တော့မယ်" ဟုလည်း သူက အော်ပြောပါသည်။

ကျွန်ုပ်သည် ယေရှု၏ အကြားအမြင်ပေါက်မှုကို ယုံကြည်သည့်အလျောက်ပစ္စည်းများ သိမ်းပြီးလျှင် ညတွင်းချင်းပင် အိမ်သို့ ပြန်ရန် ပြင်ဆင်ကြပါသည်။ ယေရှုသည် ရှေ့ဆုံးမှ အမြန်ပြေးသွားသည်ဖြစ်ရာ အထုပ်အပိုးများ သယ်ဆောင်လာသူ ကျွန်ုပ်နှင့် ယာကုပ်တို့ထက်စော၍ အိမ်သို့ ရောက်နှင့်ပြီ။

ဥယျာဉ်ထဲတွင်ရော၊ အိမ်ကလေးအတွင်း၌ပါ ဆရာကာလီ၏ အစေခံများ ပျားပန်းခတ် လှုပ်ရှားနေကြသည်။ ကျွန်ုပ် အိမ်ထဲသို့ ဝင်သွားသောအခါတွင်ကား မာရိနှင့် သမီးလေး အီစသာ၊ ကာလီနှင့် သူ့ဇနီးတို့အပြင် သူ့သားများကိုပါ တွေ့ရသည်။ ကော်ဇောပေါ်တွင် သွေးအလိမ်းလိမ်းဖြင့် သေမင်း၏ ဖြူဖပ်ဖြူရော် မျက်နှာဖုံးစွပ်ကာ လဲလျောင်းနေသူကား ယောဟန်ဖြစ်ပါ၏။ သူ့ ကိုယ်ပေါ်မှ စီးမိုး၍ ကြည့်နေသူမှာ ယေရှုဖြစ်ပြီး တိတ်ဆိတ်စွာ ငိုနေသောကြောင့် သူ့ မျက်လုံးအိမ်တို့မှ မျက်ရည်တို့သည် တတွေတွေ ကျဆင်းလျက်ရှိပါသည်။ သူ့ ပခုံးနှင့် လက်ရုံးတို့သည် ပူဆွေးမှုသောကဖြင့် တသိမ့်သိမ့် တုန်နေပါသည်။ သူသည် သွေးများ ပေကျံနေသော ယောဟန်၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ယောဟန်ရရှိထားသော ဒဏ်ရာတို့မှာ ကြောက်စရာကောင်းလှသည်။ သူ့ မျက်နှာ၊ လည်ပင်း၊ လက်မောင်းတို့ကို ဓားဖြင့်ခုတ်ကာ နေရာအချို့တွင် ဓားဖြင့် မွန်းထားသည်။ ကျွန်ုပ်သည် ယာလက်ဖြင့် ယေရှုကိုလည်းကောင်း၊ ဝဲလက်ဖြင့် မာရိကိုလည်းကောင်း ပွေ့ပိုက်လိုက်သည်။ ယာကုပ်သည် ကျွန်ုပ်ဘေးတွင် ဒူးထောက်ထိုင်ကာ ယောဟန်၏ ဆံပင်တို့ကိုကိုင်ရင်း ငိုကြွေးလျက်ရှိသည်။ "သူတို့ ယောဟန်ကို ကျွန်တော်ထင်လို့သတ်လိုက်ကြတာအဖေ။ ကျွန်တော်လို့အထင်ခံရတဲ့အတွက် ယောဟန်ခမျာ သေရရှာတာ" ဟု ယေရှုက ရှိုက်ကြီးတငင် ငိုကြွေး ပြောဆိုပါသည်။

ဤတွင် မာရိက ဝင်ပြောသည်။ "ကျွန်မတို့ သားအမိ ဈေးကပြန်လာကြတာ။ အဲဒီနေ့က ယောဟန်က သူလည်း ဈေးကို လိုက်ချင်တယ်လို့ ပူဆာတာနဲ့ ခေါ်လာရတာလေ။ သူ ချိုင်းထောက်နဲ့ကောင်းကောင်း လမ်းလျှောက်နိုင်တာကိုလည်း ပြချင်လို့ ထင်ပါရဲ့။ ဒီလိုနဲ့ ကျွန်မတို့ ဈေးဝယ်ပြီး အိမ်ပြန်လာ၊ ညနေစာ စားကြတယ်။ အဲဒီနောက်တော့ ဒီနေ့ဟာ ရှင်တို့ သားအဖတစ်တွေရဲ့ ပင်လယ်ကမ်းခြေခရီး နောက်ဆုံးည ဖြစ်တယ်ဆိုတာသိလို့ သူလည်း ရှင်တို့နဲ့အတူတူ ညနေဆည်းဆာကို ကြည့်သလို လုပ်ဖို့ ပြင်ဆင်နေတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ကို ဈေးထဲကနေ နောက်ယောင်ခံပြီးလိုက်လာတဲ့ လူတစ်စု ဝင်လာတော့တယ်။ ရှင့်ဦးလေးရဲ့ လူယုံတော်တပည့်တွေပေါ့။ သူတို့ဟာ ယောဟန်နဲ့ ကျွန်မတို့ ရှိရာကို ပြေးဝင်လာတယ်။ အဲဒီလို တိုက်ခိုက်ဖို့ ဝင်လာတာလည်းတွေ့ရော ယောဟန်က သူ့ ချိုင်းထောက်ကို မြှောက်ပြီး ကျွန်မ ခေါင်းပေါ် ဝဲလာတဲ့ ဓားချက်ကို ဖျက်ထုတ်လိုက်တယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ ဓားဦးဟာ သူ့ လည်မျိုကို စိုက်မိသွားလို့ သူ လဲကျသွားခဲ့ရတယ်။ အဲဒီအခါမှာ လူဆိုးတွေက "မူဇရင်ကို သတ်၊ တမန်တော် အယောင်ဆောင်တဲ့ အကောင်ကို သတ်" လို့ အော်ဟစ် ဆဲရေးပြီး



ဓားနဲ့ အပိုင်းပိုင်း ခုတ်တော့တာပဲ။ အဲဒီနောက်တော့ ယောဟန်ကို မသတ်ကြပါနဲ့လို့ တစာစာ အော်ဟစ် တောင်းပန်နေတဲ့ ကျွန်မဆီကို သူတို့ရဲ့ ဓားဦးလှည့်လာပါတော့တယ်။ အဲဒီအချိန်မှာ ကာလီရဲ့ တပည့်တစ်ယောက်က ဓားလွတ်ကိုင်ပြီး တစ်ရှိန်ထိုး ပြေးဝင်လာတာမြင်တော့ သူတို့လည်း နောက်ဆုတ်ပြီး ထွက်ပြေးသွားကြတယ်။ အဲဒီလို ထွက်ပြေးသွားရင်းက ရှင့်ဦးလေးရဲ့ နာမည်ကို ထုတ်ဖော်ကြွေးကြော်သွားတဲ့အပြင် "ယေရှုလည်း အသေဆိုးနဲ့ သေခဲ့ပြီလို့ ဟစ်အော်သွားကြတယ်" ဟု မာရိသည် ကျွန်ုပ်၏ကိုယ်ကို မှီတွယ်ကာ တရှိုက်မက်မက် ကြေကွဲစွာ ပြောပြနေပါသည်။

ဤအကြောင်းအရာကို နားထောင်နေသော ယေရှု၏ မျက်နှာပေါ်ဝယ် အပြင်းအထန် ဝေဒနာခံစားမှုကို တွေ့နိုင်ပါသည်။ "သူ ကျွန်တော့်အတွက် အသေခံသွားရတာ။ အဲဒါ အမှန်ပဲပေါ့" ဟု ယေရှုက တိုးညင်းစွာ ပြောပါသည်။ ထိုအချိန်တွင် သူ့ မျက်ရည်များသည် သွေးအဖြစ်သို့ ပြောင်းလဲသွားကြောင်း ကျွန်ုပ်တွေ့လိုက်ရသည်။ ထို့နောက် ယင်း သွေးမျက်ရည်စက်တို့သည် ယောဟန်၏ ဓားဒဏ်ရာများပေါ်သို့ ကျဆင်းကာ မကြာမီပင် ဓားဒဏ်ရာများ ပျောက်ကွယ်၍ ပကတိ အသားအတိုင်း ပြန်ဖြစ်သွားပါတော့သည်။ "အို ချစ်စွာသော ညီငယ်. . . မင်းရဲ့ ဝိညာဉ်သည် မရှိတော့ပြီ။ ယခုအခါ ခမည်းတော်ထံသို့ သင့်ဝိညာဉ် ရောက်သွားခဲ့ပြီ" ဟု ယေရှုက တိုးညင်းစွာ ပြောပါသည်။

ထို့နောက်တွင်ကား ယေရှုနှင့် သူ့မိခင်တို့၏ ဝမ်းနည်းငိုကြွေးသံတို့အပြင် ယောဟန်ကို ချစ်ခင်မြတ်နိုးသူ အားလုံးတို့၏ ပူဆွေးရှိုက်ငိုသံတို့မှာ တစ်ခန်းလုံးကို ပြည့်လျှံသွားပါတော့သည်။ ကျွန်ုပ်မှတစ်ပါး အခန်းတွင်းရှိ လူအားလုံး၏ ငိုကြွေးသံသည် ပဲ့တင်ထပ်လျက်ရှိသည်။ ကျွန်ုပ်မှာကား ရင်တွင်း၌နာကျင်မှုနှင့် နာကြည်းမှုတို့ ပြင်းထန်စွာ ခံစားနေရသော်ငြားလည်း မျက်ရည်တစ်စက်မျှ မကျခဲ့ပါ။

ကျွန်ုပ်တို့သည် သားဖြစ်သူယောဟန်၏အလောင်းကို ထုံးတမ်းစဉ်လာနှင့်အညီ သဂြိုဟ်ခဲ့ကြသည်။ ကျွန်ုပ်ကား ဆောက်တည်ရာမရ ဖြစ်နေမိပြီး ရင်တွင်းမှ ပူဆွေးမှု သောကနှင့် နာကြည်းမုန်းတီးမှု ဒေါသတို့သည် တစ်နေ့တခြား ကြီးထွားလာသည်။ ကျွန်ုပ်သည် အလုပ်လုပ်နေရင်းမှာပင် လက်စားချေလိုစိတ်တို့ အလိပ်လိပ်တက်လာသည်။ ညဉ့်အခါတွင် ကျွန်ုပ်ဇနီးက သူ့ သားငယ်အကြောင်း ပူဆွေး တမ်းတ လွမ်းဆွတ်စွာ ပြောနေသည်ကိုလည်း ကျွန်ုပ် နားထောင်နိုင်စွမ်း မရှိတော့ပေ။ ကျွန်ုပ်ထံ လာအပ်ထားသည့် လက်သမားအလုပ်အားလုံးကိုလည်း ကျွန်ုပ်၏ မိတ်ဆွေတစ်ယောက်အား လွှဲပြောင်းလုပ်ကိုင်စေခဲ့သည်။ ကျွန်ုပ်၏ စိတ်ထဲ၌ တိတ်တဆိတ် ကြံစည်နေမိသည်ကား ဂါလီလဲသို့ ပြန်၍ ကျွန်ုပ် ဦးလေးနှင့်တကွ ကြံရာပါ ငမိုက်သားတစ်စုအား ပြန်လည်လက်စားချေသတ်ဖြတ်ရန် ဖြစ်သည်။ ကျွန်ုပ်၏ နှလုံးသားထဲဝယ် လက်စားချေလိုစိတ် မီးလျှံသည် တညီးညီးတောက်လောင်နေပါတော့သတည်း။

■

[၅]

# ပုဂ္ဂိုလ်ရေး၊ စာရိတ္တနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ဖွံ့ဖြိုးမှု

အဲဂုတ္တုပြည်သို့ မိသားစုထွက်ပြေးခဲ့ရသည့်အချိန်တွင်ကား ယောသပ်၏ ဘဝသည် ထူးခြားစွာ ပြောင်းလဲခဲ့ပေပြီ။ ဇာတ်လမ်းအစမှသည် ယခုအချိန်ထိ ယောသပ်သည် ဖခင်အဖြစ်ခံယူရန် ကတိစကား ပြောကြားခဲ့သော်လည်း ကလေးထိန်းကျောင်း ပြုစုပုံနှင့် ပတ်သက်၍မူ မည်သို့မျှလေ့လာထားခြင်း မရှိသေးပေ။ ယောသပ်အဖို့ ဖခင်တစ်ဦး ဖြစ်ဖို့ရန်အတွက် ရှေ့ပိုင်းက ပြခဲ့သော အဆင့် (၁) နှင့် အဆင့် (၂) တို့ကို ဖြတ်ကျော်ကာ သူကိုယ်တိုင် ဖခင်တစ်ယောက်တွင် ရှိသင့်သည့် ရင့်ကျက်မှု အရည်အချင်းနှင့် ပြည့်စုံရန် လိုအပ်ပေသည်။ သူသည် ဇနီးဖြစ်သူနှင့် ဆက်ဆံမှု ပြုရမည်ဖြစ်၏။ ကတိကဝတ် ထားရမည်ဖြစ်၏။ သူ့ဇနီး ပြောသည်တို့ကို နားစိုက်ရမည် ဖြစ်၏။ ဤသည်တို့ကား ဖခင်တစ်ယောက်ဖြစ်လာရေးအတွက် ပဓာနကျသည့် အစိတ်အပိုင်းများပေတည်း။ မိခင်တစ်ဦးအဖို့ ကိုယ်ဝန်ဆောင်ခြင်းတည်းဟူသော အခက်အခဲတစ်ရပ်ကို ဖြတ်ကျော်ရသကဲ့သို့ ဖခင်တစ်ဦးအဖို့လည်း ဤသို့သော အခက်အခဲတို့ကို ဖြတ်ကျော်ရသည်သာ ဖြစ်၏။ ဖခင်ဘဝ အခန်းကဏ္ဍကို ရပိုင်ရေးအတွက် ယောကျ်ားတစ်ဦးသည်လည်း သူ့ လမ်းစဉ်နှင့်သူ သွားရသည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ရေးရာဆိုင်ရာ ကိစ္စအဝဝတွင် အရည်အချင်း ပြည့်မီသော



အခါတွင်မှ ဖခင်ဘဝခရီးလမ်းအတွက် အဆင်သင့်ဖြစ်ပြီဟုဆိုနိုင်ပေသည်။ ထို့နောက်တွင်မူ သူသည် အချိန်ပြည့် ဖခင်ဘဝကို ခံယူနိုင်ပြီ ဖြစ်သည်။

## အဖေတာဝန် ထမ်းဆောင်ခြင်း

အဖေတာဝန် ထမ်းဆောင်ခြင်းဖြင့် ဖခင်တစ်ဦး ဘဝသို့ ရောက်လာပုံကို ယောသပ်က ပွင့်လင်းစွာ ပြောပြပါသည်။ ဤတွင် ကိုယ်ကျိုးစွန့်လွှတ်မှုမှာ ရှေ့တန်းက ပါဝင်နေပါသည်။ သူသည် ယေရှုကို အန္တရာယ်အသွယ်သွယ်မှ ကာကွယ်နိုင်သည့် နေရာတွင် ထားနိုင်ရန် ကြိုးပမ်းရသည်။ သူ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်မှုနှင့် လေ့ကျင့်မှုတို့ကြောင့် သူသည် အရှင်သခင်တို့ ထံမှ လမ်းညွှန်မှုကို ခံယူ ရရှိခဲ့သည်။ သူသည် ယေရှုကလေးအား ကံကြမ္မာဘေးဆိုးမှ ကာကွယ်ရန် အဲဂုတ္တုပြည်သို့ ထွက်ပြေးခဲ့ရသည်။ သူသည် မိတ်ဆွေကြီး ကာလီရှိရာ အလက်ဇန္ဒရီးယားမြို့သို့ သွားရောက် ခိုလှုံခဲ့သည်။ ထိုနေရာ၌ပင် သူသည်ဖခင်တာဝန်များကိုသင်ယူခဲ့သည်။ ယောသပ်က ကလေးအပေါ်ထားရှိသော သံယောဇဉ်အကြောင်းကို ပြောပြသည်။ ယင်းသံယောဇဉ်သည်ကလေးကို လက်ဝွန်းတတီး မွေးမြူစောင့်ရှောက် ထိန်းသိမ်းရာမှ ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

'နော်ဝေနိုင်ငံ အမျိုးသား ဖခင်စီမံကိန်း' Norwegian National Fathering Project က "ဖခင်တို့ မိမိကိုယ်ပိုင်ကလေးနှင့် အခြားကလေးငယ်များအား စောင့်ရှောက် ထိန်းသိမ်း ပြုစုရင်း ဖခင်နှင့် ကလေးတို့ကြားထားရှိသည့် သံယောဇဉ် တစ်နေ့တခြား ဖွံ့ဖြိုးလာပုံကို ထင်ရှားစွာ သက်သေပြခဲ့သည်။ ယောကျ်ားတို့သည် လွန်စွာတော်သော ကလေးမွေးမြူ ထိန်းသိမ်းသူများ ဖြစ်သည်။ သူတို့သည် ထူးချွန်ပြောင်မြောက်သော 'ပျိုးထောင်သူ' များလည်း ဖြစ်ကြသည်" နော်ဝေနှင့် အမေရိကန်နိုင်ငံတို့တွင် ပြုလုပ်ခဲ့သော

ဖခင်ဖြစ်နည်း စီမံကိန်းကြီးတွင် အရေးအကြီးဆုံးအဖြစ် သတ်မှတ်ထားသည့် သင်ခန်းစာမှာ 'ကလေးများအတွက် သူတို့သည် လွန်စွာအရေးပါသူများဖြစ်ကြသည်' ဟူသောအချက်ကို ဖခင်များ ကောင်းစွာ သိရှိနားလည်သဘောပေါက်ရေး သင်ခန်းစာပင် ဖြစ်သည်။ 'ယနေ့ ယူ အက်စ် အေ (USA Today) အမည်ရှိ စာစောင် တွင် မိခင်တို့ မီးဖွားခွင့် (Maternity Leave) ကဲ့သို့သော ဖခင်တို့ ၏ ကလေးစောင့်ရှောက် ထိန်းသိမ်းခွင့် (Paternity Leave) လွန်စွာ ခေတ်စားနေကြောင်း သတင်းတစ်ပုဒ် ပါလာသည်။ ယင်းဆောင်းပါးအရသော် လတိုင်းလိုလိုတွင် ဖခင်တို့ ကလေး စောင့်ရှောက် ထိန်းသိမ်းခွင့်ယူသူ ဦးရေမှာ ၆၀၀၀ ဝန်းကျင်တွင်ရှိရာ ၁၉၉၄ ခုနှစ်ကထက် နှစ်ဆပိုကြောင်း တွေ့ရသည်ဟုဆိုပါသည်။ ဒိန်းမတ်နိုင်ငံ၊ ဆိုင်ဂုံမြို့မှ သတင်းပေးပို့ချက် အရလည်း လက်ရှိအချိန်တွင် ကလေးစောင့်ရှောက် ထိန်းသိမ်းခွင့်ယူသူ ဖခင်ဦးရေမှာ နည်းပါးသေးသော်လည်း တစ်နေ့တခြား တိုးတက်လာသည့် လက္ခဏာတွေ့ရသည်ဟု သိရပါသည်။ ထို့ကြောင့် ကုမ္ပဏီ အတော်များများသည် 'ဖခင်ဘဝ စီမံကိန်း'အတွက် ငွေကြေး အကုန်အကျခံရုံမက ဖခင်အတော်များများကိုလည်း (အစားထိုးဖို့ မလိုသော) ကလေးထိန်းသိမ်း စောင့်ရှောက်ခွင့်ရက်ရှည် ပေးနေပေပြီ။

နော်ဝေနိုင်ငံ 'ဖခင်ဘဝ စီမံကိန်း' ၏ အရေးပါသော အင်္ဂါရပ်တစ်ခုမှာ မွေးကင်းစကလေးအား ပြုစုစောင့်ရှောက်နိုင်ရေးအတွက် လစာအပြည့်ဖြင့် ခွင့်ရက်ရှည် သုံးပတ်ကို ဖခင်တို့အား ခွင့်ပြုရန် အစိုးရ၏ သဘောတူညီချက်ပင် ဖြစ်သည်။ အစိုးရ၏ ရည်မှန်းချက်မှာ မိသားစုဘဝ ခိုင်မြဲတည်တံ့ရေးပင် ဖြစ်သည်။ ထိုရည်မှန်းချက်နှင့် ပတ်သက်၍ အစိုးရက ထားရှိသည့် ယုံကြည်ချက်မှာ မွေးကင်းစ ကလေးအပေါ် သံယောဇဉ်တွယ်ခြင်းသည်



ဖခင်တို့အတွက် အထူးအရေးပါသည်။ ယင်း မွေးကင်းစအချိန်တွင် စတင်သော ကလေးနှင့်ဖခင်တို့အကြား စိတ်လှုပ်ရှားမှုဆိုင်ရာ နှောင်ဖွဲ့မှုသည် သူတို့နှစ်ဦးလုံးအဖို့ တစ်သက်တာ ခိုင်မြဲသွားစေမည့် သံယောဇဉ် နှောင်ကြိုးပင် ဖြစ်သည်ဟူသော ယုံကြည်ချက် ဖြစ်ပေသည်။

ဖခင်စီမံကိန်း၏ အခြားရည်မှန်းချက် တစ်ခုမှာ အိမ်ထောင်ပြိုကွဲသွားသည့်တိုင် ဖခင်တစ်ဦးအဖို့ ကလေးများနှင့်အတူ နေထိုင်၍ ကလေးတို့ကို ပြုစုထိန်းသိမ်းနိုင်စွမ်းရှိရန် လေ့ကျင့်ပေးခြင်း ဖြစ်သည်။ မိဘနှစ်ပါး ကွာရှင်းသွားသည့်တိုင် ကလေးတို့အဖို့ 'ဖခင်မရှိ' ဟူသော ခံစားချက်မျိုး မပေါ်ပေါက်စေရန် ဤစီမံကိန်းက မျှော်လင့်ထားသည်။ ထို့ကြောင့် ယခုအခါ ဖခင်အတော်များများ ကလေးမွေးမြူစောင့်ရှောက်ရေး စီမံကိန်းကို စိတ်ဝင်စားမှု မြင့်မားလာသည်။ လွန်ခဲ့သည့် ငါးနှစ်ခန့်ကမူ နော်ဝေ ဖခင် ငါးရာခိုင်နှုန်းသာ (ကလေးစောင့်ရှောက်မှု) ဖခင် ခွင့်ရက်ရှည်ယူကြောင်း တွေ့ရသည်။ ယခုအချိန်တွင်မူ မွေးကင်းစကလေးကို ထိန်းသိမ်း စောင့်ရှောက်ရန်ဟူသော အကြောင်းပြချက်ဖြင့် (ကလေး စောင့်ရှောက်မှု) ဖခင် ခွင့်ရက်ရှည်ယူသော နော်ဝေဖခင်ဦးရေမှာ ၇၅ ရာခိုင်နှုန်းကျော် ရှိကြောင်း တွေ့ရပေသည်။

ဖခင်ဘဝ အုပ်စုများသည် ကလေးကို ဂရုစိုက် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဖခင်ဘဝ ခံယူမှုတွင် ဖခင် အတော်များများ ပါဝင်စေရေးအတွက် ဆောင်ရွက်နေသည့် အုပ်စုများ ဖြစ်သည်။ နော်ဝေနိုင်ငံ ဖခင်ဘဝ စီမံကိန်းက 'ကလေးတို့သည် ဖခင်များကို လိုအပ်နေသည်' ဟု လည်းကောင်း၊ ဖခင်နှင့် ကလေးတို့ ထိတွေ့ဆက်ဆံမှုကို အရေးအတွက်အရရော၊ အရည်အချင်းအရပါ ကောင်းမွန်အောင် လုပ်ဆောင်ရမည်ဟု လည်းကောင်း ဆော်ဩထားပါသည်။ ရှေ့ပိုင်းက ကျွန်ုပ်တို့ ဖော်ပြခဲ့သည့်အတိုင်း နော်ဝေ

ဖခင်တို့သည် သူတို့၏ အရေးပါ အရာရောက်မှုကို သေသေချာချာ သဘောမပေါက်ကြသေးပေ။ အထူးသဖြင့် အလွန်ငယ်ရွယ်လွန်းသောကလေးများက သူတို့ကိုလိုအပ်နေသည်ဟူသောအချက်ကို ပို၍ပင် သဘောမပေါက်နိုင်ကြသေးပေ။ ထို့အပြင် ဖခင်တို့သည် ကလေးကို ဂရုတစိုက် ပြုစုစောင့်ရှောက်မှုနှင့်ပတ်သက်၍ သူတို့တွင် အစွမ်းအစ ရှိမှ ရှိပါ့မလားဟုလည်း သံသယဝင်နေကြသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ အလေးအနက်ထား၍ ပြောကြားလိုသည့် အချက်တစ်ချက်မှာ မိသားစုဘဝတွင် ယောကျ်ားတို့သာ လုပ်ဆောင်နိုင်စွမ်းသော လုပ်ငန်းတာဝန်တစ်ရပ်မှာ ဖခင်ဘဝ ခံယူခြင်းဖြစ်သည်ဆိုသောအချက်ဖြစ်ပါသည်။ ယောသပ်၏ ပုံပြင်ကို ကြည့်ပါက ယေရှု၏ဘဝတွင် ဖခင်တစ်ဦး မည်ရွေ့မည်မျှလိုအပ်လှသည်ကို ကောင်းစွာ သဘောပေါက်နိုင်ပါသည်။ ကလေးများကို မွေးမြူ ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဖခင်တို့ မည်မျှအရေးပါစွာ လိုအပ်သည်ကို ယောသပ်က သူ့ပုံပြင်တွင် ပီပြင်စွာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဖခင်တစ်ဦးသည် အဓိကအကျဆုံးသော စောင့်ရှောက်ထိန်းသိမ်းသူတစ်ဦး မဟုတ်လင့်ကစား ကလေး၏ဘဝတွင် အရေးပါသော ပုဂ္ဂိုလ်တစ်ဦးကား ဖြစ်ပါသည်။ ဖခင်တို့သည် အားပေးကူညီတတ်သည်။ ဖွင့်ဟ ပြောဆိုတတ်သည်။ ကလေးကို လိုအပ်သလို မြေတောင်မြှောက်ပေးတတ်သည်။ ကလေးကို မွေးမြူ စောင့်ရှောက်သည့်အဓိကပုဂ္ဂိုလ်ဖြစ်သောမိခင်တို့အား ချစ်ခင် လေးစားမှုကို ပြသည်။ မိခင်နှင့် အတူတွဲ၍ ကလေးအား စောင့်ရှောက်ထိန်းသိမ်းရမှု အတွက်လည်း သူက ဂုဏ်ယူတတ်သည်။

ဖခင်တစ်ယောက်သည် ကလေးအား အချိန်ပြည့် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် တာဝန်ယူနေရသည့်အချိန်အတွင်း သူ့အား မိခင်တစ်ဦးကို ပေးသည့်ရိုသေမှုမျိုး၊ အလေးအမြတ်ပြုမှုမျိုး၊



အားပေးမှုမျိုး၊ အဆင့်အတန်း ထားမှုမျိုးကို ပေးရမည်ဟု နော်ဝေ ဖခင်ဘဝစီမံကိန်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များက အလေးအနက် ဆိုခဲ့သည်။ နော်ဝေ ဖခင်ဘဝစီမံကိန်း အုပ်စုတွင် 'ဆရာဖေဖေ' Mentor Fathers တို့ ရှိသည်။ ထို ဆရာဖေဖေတို့က ဖခင်သစ်များအား (မွေးကင်းစ ခေါင်းမခိုင်သေးသည့် ကလေးကို ချီပိုးနည်း၊ အနှီးသစ်လဲလှယ်ပေးနည်း၊ နို့ဖျော် နို့တိုက်နည်း၊ အညစ်အကြေး သုတ်သင်နည်း၊ ရေချိုးပေးနည်းစသည့်) ဖခင်ကောင်းတို့ တတ်ကျွမ်းအပ်သည့် ကျွမ်းကျင်မှု ပညာရပ်တို့ကို သင်ကြားပေးသည်။ ဖခင်သစ်လွင်တို့ကလည်း ယင်းကျွမ်းကျင်မှု ပညာရပ်တို့ကို လိုလိုလားလား ခံ့ခံ့မင်မင်သင်ယူကြသည်။ သူတို့၏ကျွမ်းကျင်မှုအတွက်လည်း ဂုဏ်ယူဝင့်ကြွားကြသည်။ ဟိုစဉ်ကမူကလေးကို မချီတတ်ရကောင်းလား၊ အနှီးမလဲတတ်ရကောင်းလားစသည်ဖြင့် မိသားစုဝင်တို့၏ ပြောဆိုကဲ့ရဲ့မှုကြောင့် စိတ်ပျက်ခြင်း၊ ရှက်ရွံ့ခြင်းဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း မိမိကလေးကို ထိန်းသိမ်းစောင့်ရှောက်မှု ပြုလိုပါလျက် မိမိကိုယ်မိမိအစွမ်းအစမရှိဟု ယူဆကာ ခေါင်းရှောင်ခဲ့သည်။ ယခုမူ ထိုသို့မဟုတ်တော့ပြီ။ ဖခင်တို့သည် အခွင့်အရေး ရလာသည်နှင့် အမျှ တကယ့်ဝါရင့်ကျွမ်းကျင်သူပမာ ကလေးထိန်းသိမ်း စောင့်ရှောက်မှုကို တာဝန်ယူနိုင်စွမ်းရှိကြောင်း သက်သေပြခဲ့ကြပြီ။

နော်ဝေနိုင်ငံမှ 'ဖခင်ဘဝစီမံကိန်း' သည် ဖြစ်စဉ်ကြီးတစ်ခု၏ အစမျှသာ ရှိသေးသည်။ ထိုဖြစ်စဉ်တွင် ဖခင်ကောင်းပေါ်ထွက်ရေးနှင့် မိသားစုဘဝ ပီပြင်ခိုင်မာရေးတို့ ပါဝင်သည်။ ကလေးတို့၏ဘဝတွင် ဖခင်၏ အခန်းကဏ္ဍ ရှင်သန် ဖွံ့ဖြိုးရေးအတွက် နည်းနာနိဿယများကိုလည်း ဤဖြစ်စဉ်ကြီးက ပံ့ပိုးပေးသိမ့်မည်ဖြစ်သည်။ မကြာသေးမီက နော်ဝေနိုင်ငံတွင် ပြုလုပ်ခဲ့သော သုတေသနတစ်ခုနှင့် ပတ်သက်သည့် အစီရင်ခံစာတစ်စောင်အရမူ ၉၀ ရာခိုင်နှုန်းသောဖခင်တို့သည် သူတို့ဖခင်များက သူတို့ ငယ်ငယ်

က ဆက်ဆံခဲ့သည့်ပုံစံမျိုးကို ကြိုက်နှစ်သက်ခြင်းမရှိကြ" ဟု သိရသည်။ ယင်းအချက်ကို ထောက်ရှုသော် ဖခင်ဘဝစီမံကိန်းသည် ကလေးမွေးမြူ ထိန်းသိမ်းမှုပုံစံကို ပိုမိုကောင်းမွန်အောင် ပြုပြင်နိုင်ရုံမက ဖခင်နှင့်ကလေးတို့၏ အပြန်အလှန် ဆက်နွယ်မှုကိုလည်းပို၍ပြေပြစ်ချောမွေ့သည့်အဆင့်သို့ ရောက်အောင် မြှင့်တင်ပေးနိုင်လိမ့်မည်မှာ ယုံမှားသံသယရှိစရာမလိုပေ။ ဖခင်ဘဝစီမံကိန်းတွင် ပါဝင်ကြသောဖခင်တိုင်းသည် ပုံစံပြောင်းသွားတတ်ကြောင်း တွေ့ရသည်။ ဆွီဒင်နိုင်ငံတွင် ပြုလုပ်ထားသော သုတေသန တစ်ခုအရမူ မိခင်နှင့်အတူ တာဝန်ခွဲဝေယူကာ ကလေးတို့ကို ပြုစု စောင့်ရှောက် ထိန်းသိမ်းပေးခဲ့သောဖခင်တို့သည် သူတို့သားသမီးများ၏ ကလေးဘဝနှင့် အပျိုဖော်ဝင်ချိန်ဘဝတို့တွင် ကလေးများနှင့် ပိုမိုတက်ကြွသည့် အပြုသဘောဆောင်သော တုံ့ပြန်ဆက်နွယ်မှုများ ရှိကြောင်းသိရပေသည်။

## အချိန်က ပေးသော မဟာလက်ဆောင်

ယောသပ်သည် သူ့သား ယေရှုနှင့်အတူ အချိန်အတော်ကြာ လက်ပွန်းတတီး နေခဲ့သည်။ သူသည် နို့စို့ကလေးဘဝမှ မတ်တတ်ပြေး ကလေးဘဝအထိ သူ့သားကို တစ်ချိန်လုံး ထိန်းသိမ်း စောင့်ရှောက်နိုင်ခဲ့သည်။ သားကို ရေချိုးပေးခြင်း၊ အဝတ်လဲပေးခြင်းတို့ကိုလည်း သူကိုယ်တိုင် ပြုလုပ်ခဲ့သည်။

ယောသပ်၏ ပုံပြင်သည် ဖခင်ဘဝအတွက် စံပြသဖွယ်ဖြစ်သည်။ သူ့ကလေး လွန်စွာ ငယ်ရွယ်သည့် အချိန်က သူသည် နို့တိုက်ခြင်း၊ ရေချိုးပေးခြင်း၊ အဝတ်လဲပေးခြင်းဖြင့် ကလေးကို မွေးမြူ စောင့်ရှောက်ခဲ့သည်။ ဤသည်တို့ကား ယောသပ်နှင့် ယေရှုတို့အကြားရှိ သံယောဇဉ် ခံစားမှုတို့၏ ပြယုဂ်ပင် ဖြစ်သည်။ ကလေးကြီးပြင်းလာသောအခါ ယောသပ်သည် သူ အလုပ် လုပ်ရာသို့



ခေါ်သွားတတ်သည်။ ယောသပ်သည် ယေရှုကလေးအား လက်သမားတို့တတ်အပ်သည့်စူး၊ ဆောက် တန်ဆာပလာတို့အား ကိုင်တွယ်ပုံ ကိုင်တွယ်နည်းကို သင်ပေးသည်။ သူသည် သူ့ကလေးအား လူကြီးဘဝအတွက် ပြင်ဆင်ပေးနေခြင်းဖြစ်သည်။ သူ့ မျက်စိရှေ့မှောက်တွင် သူကိုယ်တိုင် သင်ကြားပေးခြင်းဖြင့် အန္တရာယ်လည်းကင်း၍ ထိရောက်မှုလည်း ပိုရှိသည်။ ဤသို့ဖြင့် လူကြီးဘဝတွင် အသက်ရှင် ရပ်တည်နိုင်ရေး၊ လူတန်းစေ့ နေနိုင်ရေးအတွက် လိုအပ်သည့် စွမ်းရည်သတ္တိများရှိရန် ယောသပ်ကယေရှုကို ကိုယ်တိုင်ကြပ်မတ် သင်ကြား လေ့ကျင့်ပေးခြင်းဖြစ်သည်။ သူသည် သူ့သားနှင့်အတူ ရင်ပေါင်တန်း၍ တက်ညီလက်ညီ အလုပ်လုပ်သည်။ အချိန်ကြာမြင့်စွာ ရယ်ရယ်မောမော ပြောပြောဆိုဆို အတူတူ အလုပ်လုပ်ကြသည်။ သင် ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကလေးများကမူ သူတို့အတွက် လူကြီးများပေးသော အချိန်ပမာဏကို လွန်စွာ အရေးထားတတ်ကြသည်။ သူတို့အတွက် အချိန်ကြာကြာပေးလေလေ သူတို့ကို ချစ်လေလေဟုယူဆကြသည်။ ထို့ကြောင့် ဖခင်ဘဝတွင် ကလေးကို အချိန်များများပေးဖို့ လိုအပ်ပါသည်။

## ဂျိမ်း ဟီးလ် (James Hill) ပုံပြင်

ဂျိမ်းဟီးလ် James Hill သည် သမီးရ သုံးယောက်၏ ဖခင်၊ အသက် ၇၄ နှစ် အရွယ်ရှိ မြေးတို့က ချစ်သလို မြေးတို့ကို ပြန်ချစ်တတ်သော အဘိုးတစ်ယောက် ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်လေယာဉ်မှူး ဖြစ်ခဲ့သည်။ လွန်ခဲ့သည့် ၂၅ နှစ်ခန့်မှစ၍ ဂျိမ်းသည် သူ ကိုးကွယ် ဝတ်ပြုရာ မက်သောဒစ် ဘုရားရှိခိုးကျောင်းတွင် တနင်္ဂနွေ ကျမ်းစာ သင်တန်းဆရာအဖြစ် ဘာသာရေးတာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် နွေးထွေးသော၊ သိကျွ

ရှိသော၊ နှလုံးရည် ပြည့်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ အသက်အရွယ်ရ၍ ပညာပြည့်ဝ နှလုံးလှသည့်အချိန်တွင် တင်ပြသောသူ၏ ဘဝဇာတ်လမ်းပုံပြင်သည် ရင်ကိုစူးရှထိခိုက်လောက်အောင် ကောင်းလှပါပေသည်။

## အဖေဟူသည်

ကျွန်ုပ်၏ သမီး သုံးယောက်အနက် အထွေးဆုံးသမီးသည် ကောလိပ်ကျောင်းသူဘဝတွင် အတန်းပိုင်ဆရာက ခိုင်းသောကြောင့် 'အဖေ' ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးတစ်ပုဒ် ရေးခဲ့ဖူးသည်။ ယင်း စာစီစာကုံးထဲတွင် (သူ့အဖေ) ကျွန်ုပ်နှင့် ပတ်သက်၍ ကလေးဘဝနှင့် အပျိုဖော်ဝင်ရွယ်ဘဝက သူမ တွေ့ကြုံ ခံစားခဲ့ရသမျှ အတွေ့ အကြုံအချို့ကို တင်ပြထားပေသည်။

ကျွန်ုပ်၏သမီးသည် ယင်းစာစီစာကုံးထဲတွင် ကျွန်ုပ်အကြောင်း အတော်လေး ချီးမွမ်းထားသည်ဖြစ်ရာ ယင်းကို ကျွန်ုပ်အမြဲတမ်း သတိရနေမည် ဖြစ်ပါသည်။ သို့သော် သူမ ရေးထားသမျှထဲမှ ကျွန်ုပ် သိရှိလိုက်ရသည့်အကြောင်းရပ်တစ်ခုမှာ ကျွန်ုပ်၏ စိတ်ကို တစ်ချိန်လုံး အနှောင့်အယှက်ပေးလျက်ရှိပါသည်။ ကျွန်ုပ်သည် လွန်ခဲ့သော နှစ်များက ထိုအကြောင်းရပ်ကိုပင် တတွေးတောတောတွေးနေမိပါသည်။ တကယ်ဆိုတော့ သူမ တင်ပြခဲ့သည့် ဖြစ်ရပ်အချို့မှာ တစ်သက်မှတစ်ခါဆိုသလို ကြုံရမည့် ကြုံတောင့်ကြုံခဲအဖြစ်မျိုးမဟုတ်ဘဲ မိသားစုတစ်စုအတွင်း နေ့စဉ်လိုလို ကြုံတွေ့သင့်သည့် ဆက်ဆံမှုမျိုး ဖြစ်နေပါသည်။ တစ်နည်းအားဖြင့်မူ သူမ အရေးတယူ ဖော်ပြနေသည့် အကြောင်းရပ်တို့မှာ ဖြစ်ရိုးဖြစ်စဉ်၊ ဖြစ်သင့် ဖြစ်ထိုက်သော အကြောင်းရပ်များသာ ဖြစ်နေပါတော့သည်။



ကျွန်ုပ်သည် အနှစ် ၂၀ ကျော်မျှ သမီး သုံးဦးနှင့် တစ်မိုးအောက် တစ်အိမ်ထဲတွင် နေခဲ့သည်ဖြစ်ရာ ၎င်းဘက်က ဘာများချို့ယွင်းချက် ရှိခဲ့သလဲ။ ဘာများ လိုအပ်ခဲ့သလဲ စသည်ဖြင့် မကြာခဏ စဉ်းစားကြည့်မိသည်။ တစ်နည်းဆိုရသော် သမီးတို့ အနေဖြင့် ဖခင်တစ်ဦးထံမှ မည်သို့များ မျှော်လင့်ခဲ့သလဲ။ သူတို့ မျှော်လင့်ခဲ့သလို ဖြစ်ကော ဖြစ်ခဲ့ရဲ့လားဟု စဉ်းစားမိပါသည်။ ထိုအခါတွင် ကျွန်ုပ်သည် သမီးများအဖို့ 'ကိုယ်ပျောက်ဖခင်' ဖြစ်နေကြောင်း သိလာရသည်။ ကျွန်ုပ်သည် ညစဉ် မှန်မှန် အိမ်ပြန်လာပါ၏။

ထိုအချိန်တွင် သမီး သုံးယောက်လုံး အိပ်မောကျနေပေပြီ။ သို့သော်အရေးတကြီးကိစ္စပေါ်သည့်အချိန်တိုင်းတွင်မူ ကျွန်ုပ် အိမ်မှာရှိ၍တော်သေးသည်။ သမီးလေးတို့ ကျောင်းက ပြုလုပ်သည့် ပွဲများကိုလည်း ကျွန်ုပ် မှန်မှန်တက်ရောက် အားပေးနိုင်ခဲ့ပါသည်။ ဥပမာ-သမီးကြီး တစ်ကိုယ်တော်စန္ဒရားလက်စွမ်းပြပွဲမျိုး၊ သမီးတစ်ဦးစီ ဘွဲ့လက်မှတ်ယူသည့်ပွဲမျိုးနှင့် ဖခင်၊ သမီး တွေ့ဆုံပွဲမျိုးတို့ကိုမူ ကျွန်ုပ် မလွတ်တမ်း တက်ရောက်နိုင်ခဲ့ပါသည်။

သို့သော် လူကသာ ထိုပွဲများကို တက်ရောက်နေပြီး စိတ်ပါလက်ပါရောရှိရဲ့လားဟု မိမိကိုယ်ကို မေးမိပါသည်။ သူတို့ကလေးတွေ၏ဘဝတွင် လွန်စွာအရေးပါသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ကျွန်တော်သည်ဖခင်တစ်ဦးအနေဖြင့် ကိုယ်ရော စိတ်ပါ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ဖူးပါ၏လောဟု မိမိဘာသာ ပြန်လည် စစ်ကြောမိပါ၏။

ကျွန်တော် မှတ်မိသလောက်ပြောရသော် ကျွန်တော်၏ အလုပ်က ခွင့်ရက်ရှည် မပေးနိုင်သောကြောင့် ကျွန်တော်တို့ မိသားစု အတူတကွ ရက်ရှည် အပျော်ခရီး မထွက်ခဲ့ဖူးပါ။ စနေ၊ တနင်္ဂနွေ အားလပ်ရက်များတွင် အနီးအနားရှိ သမိုင်းဝင်နေရာများသို့ လည်ပတ်ခြင်းသာ ရှိခဲ့ပါ၏။ စိတ်ဝင်စားဖွယ်ရာ နေရာအသစ်များ

ဆီသို့ မိသားစုစုံအညီ ရက်ရှည်ကြာ သွားရောက်လည်ပတ်ခြင်းမျိုး မရှိခဲ့ပါ။ အကယ်၍သာ ရက်သတ္တနှစ်ပတ်မျှ ကျွန်တော်တို့ မိသားစု သပ်သပ် ခပ်ဝေးဝေးတစ်နေရာတွင် အတူတကွ နေခဲ့ရလျှင် မိသားစုဝင်အချင်းချင်း တစ်ယောက်အကြောင်းတစ်ယောက် ပိုမို ရင်းနှီးစွာ သိနားလည်ကြလိမ့်မည်ဟု ကျွန်တော်ယခုအခါမှာ သဘောပေါက်မိပါသည်။

သည်အကြောင်းများကို ယခု ကျွန်တော် ပြန်လည် ဆန်းစစ်ကြည့်သောအခါ (ရေရာတိကျသော အကြောင်းပြချက် မရှိဘဲ) သက်သက်မဲ့ ဆင်ခြေပေးခဲ့ခြင်းမျှသာ ဖြစ်သည်ဟု ခံစားရပါသည်။ ကျွန်တော်သည် လက်လီရောင်းသည့် ကုန်သေးဆိုင်ပိုင်ရှင် ဖြစ်သောကြောင့် ကိုယ်ပိုင်အလုပ်ဟု ဆိုနိုင်ပါသည်။ တစ်နေ့လျှင် အလုပ်ချိန်မှာ ၁၀ နာရီ ၁၂ နာရီ ဖြစ်၍ တစ်ပတ်လျှင် ခြောက်ရက် ဆိုင်ဖွင့်ပါသည်။ သမီးများကြီးပြင်းနေသည့်အချိန် အတွင်း ယင်းကဲ့သို့ အလုပ်လုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်ကမူ ယင်းကဲ့သို့ အချိန်ပြည့် အလုပ် လုပ်နေရသည်မှာ သင်းတို့ကလေးတွေအတွက် ဖြစ်သည်ဟု ယူဆခဲ့ပါသည်။ မိသားစု စားဝတ်နေရေးအပြင် သူတို့ ကလေးတွေ၏ အနာဂတ်ပညာရေးအတွက်ပါ ကျွန်တော့်ခမျာ ယခုလို တစ်ပတ်လျှင် ခြောက်ရက် အလုပ် လုပ်နေရသည်ဟု မြင်ခဲ့မိသည်။ ထို့အပြင် သမီးတို့နှင့် ရင်းရင်းနှီးနှီး ရောရောနှောနှော မနေခဲ့ခြင်း၊ အရေးတယူ ဂရုတစိုက်မရှိခဲ့ခြင်းတို့ အတွက်လည်း ကျွန်တော့်မှာ ပြစရာ ဆင်ခြေဆင်လက် ရှိနေပါသည်။ ယင်းဆင်ခြေမှာ "သမီးတို့သည် မိန်းကလေးများ ဖြစ်ကြသောကြောင့် မိန်းမဖြစ်သော သူတို့အမေက သူတို့အထာကို ပို၍သဘောပေါက်နိုင်သည်ဖြစ်ရာ သမီးများကို မိခင်နှင့် လွှဲထားခြင်းသည် အကောင်းဆုံး ဖြစ်သည်။ ကျွန်တော်ဝင်ပါနေစရာ မလို" ဟူသော ဆင်ခြေပင် ဖြစ်ပါတော့သည်။ ထိုသို့သော ဆင်ခြေများဖြင့် ကျွန်တော်သည်



သမီးများ နှင့် အရောတဝင် ဆက်ဆံမှုကို တိမ်းရှောင်ခဲ့ပါသည်။ ထို့ကြောင့် သမီးတို့သည်သူတို့အဖေနှင့်အတူတူ လုပ်ချင်ကိုင်ချင်၊ သွားချင် လာချင်၊ ပြောချင်ဆိုချင်ရှိသော 'အထူးကိစ္စရပ်' အတော်များများကို မလုပ်မကိုင်၊ မသွား မလာ၊ မပြောမဆိုနိုင် ဖြစ်ခဲ့ရရှာပါသည်။

သူတို့ တစ်နေ့တခြား ကြီးပြင်းလာနေသည့် အချိန်အတွင်းက တကယ်တမ်း သူတို့ ဘာတွေ စိတ်ဝင်စားနေကြသည်ကို ကျွန်တော် လုံးဝ မသိခဲ့ပါ။ မည်သည့်ကိစ္စ၊ မည်သည့် အကြောင်းရပ်များက သူတို့ကို စိတ်အနှောင့်အယှက် ပေးနေသနည်း ဆိုသည်ကိုလည်း ကျွန်တော် မသိပါ။ တကယ်တမ်းသာ ထိုကိစ္စများကို ကျွန်တော် သိခဲ့လျှင် သူတို့ ခံစားနေရသည်တို့နှင့် ပတ်သက်၍ ကျွန်တော် အကူအညီ ပေးကောင်း ပေးနိုင်ခဲ့ပါလိမ့်မည်။ အိမ်ထောင်ဦးစီး ဖခင် တစ်ယောက်အနေဖြင့် ကျွန်တော့်မှာ တာဝန်များစွာ ရှိနေပါသည်။ သူတို့လေးတွေ၏ စားဝတ်နေရေး ပြေလည်မှုဟူသော ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးရုံမက ကိုယ်ကျင့်တရားနှင့် ပတ်သက်သည့် စံများကို သင်ကြားပေးခြင်း၊ ကိုယ်တိုင်က စာရိတ္တအရာ စံပြပုဂ္ဂိုလ်အဖြစ် ရှေ့ဆောင် လမ်းပြခြင်းတို့ကိုလည်း ပြုလုပ်ရမည် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်တွင် တာဝန်အများပင် ရှိကြောင်း ကျွန်တော် သိပါသည်။ အဲထူးသဖြင့် သူတို့ ကြီးပြင်းနေသည့် နှစ်များအတွင်း ကျွန်တော်သည် သူတို့ဘဝ အတွေ့အကြုံ၏,အစိတ်အပိုင်းတစ်ခုအဖြစ် မပါဝင်နိုင်ခဲ့ခြင်းသည် ကျွန်တော်၏ အကြီးမားဆုံးသော ချို့ယွင်းချက်ကြီးတစ်ရပ် ဖြစ်ကြောင်းကို အချိန်နှောင်းကာမှ သိခဲ့ရပါသည်။ ထိုအချိန်က ကျွန်တော်သည် သူတို့အနားမှာ မရှိခဲ့ပါ။ သူတို့ သိချင်သည့် မေးခွန်းတွေကို မဖြေခဲ့ပါ။ သူတို့ လိုအပ်သည့် အကြံဉာဏ်တွေကို မပေးခဲ့ပါ။ ဘဝနှင့် ပတ်သက်သောသူတို့၏ စိတ်ဝင်စားမှုကိုလည်း လှုံ့ဆော်

နိုင်ခြင်းမရှိခဲ့ပါ။ သူတို့ဘယ်လမ်းသွားသင့်သည်ကို ကူညီ၍ ရှာဖွေလမ်းညွှန်ခြင်းလည်း မပြုနိုင်ခဲ့ပါ။

သို့သော် ကံအားလျော်စွာ သမီး သုံးယောက်စလုံး လိမ္မာရေးခြား ရှိကြပါ၏။ ပညာတတ်ကြပါ၏။ လူ့အဖွဲ့အစည်းကို အကျိုးပြုသည့် လုပ်ငန်းတို့ကိုလည်း ဆောင်ရွက်နိုင်စွမ်း ရှိကြပါ၏။ ဤလိုသမီးမျိုး ရထားပါက မည်သည့် ဖခင်မဆို ကျွန်ုပ်ကဲ့သို့ပင် ဂုဏ်ယူဝင့်ကြွားနိုင်မည် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ သူတို့ဘဝမှာ မကျေနပ်စရာ၊ ရင်နာစရာတွေနှင့် ကြုံခဲ့ကြပါလိမ့်မည်။ အကယ်၍သာ ထိုသို့ ရင်နာစရာ၊ မကျေနပ်စရာတို့ကို ခံစားနေရသော ထိုအချိန်များက ကျွန်ုပ်သာ သူတို့အနားမှာ ရှိခဲ့လျှင် သူတို့တစ်တွေ များစွာ စိတ်ချမ်းသာစရာ အကြောင်းရှိပါသည်။ သို့သော် ကျွန်တော်က သူတို့အနားမှာ မရှိခဲ့ပါ။ ယခုနေ ပြန်တွေးကြည့်သောအခါ သူတို့နှင့်သာ အတူနေချိန် ကြာရှည်ခဲ့ပါက ကျွန်တော့် ဘဝလည်း ယခုထက်ပို၍ ပြီးပြည့်စုံလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ယခု အသက် ၇၀ ကျော်အရွယ်တွင် မိမိဘဝကို ပြန်လည်သုံးသပ်ဆင်ခြင်ကြည့်ရာ နောင်တရစရာ၊ ဝမ်းနည်းစရာအချက်အနည်းငယ်သာ ရှိပါသည်။ ကျွန်တော် ပြန်လည် စဉ်းစားလိုက်တိုင်း ကျွန်တော့်စိတ်ကို ဒုက္ခအပေးဆုံးအချက်မှာ ကျွန်တော့်သမီးများ တစ်နေ့တခြား အရွယ်ရောက်စပြုနေသော ၂၅ နှစ်တာ ကာလအတွင်းက သူတို့နှင့်အတူတူ အချိန်ယူကာ ပြောဆိုပြုမူ ဆက်ဆံမှုနည်းပါးခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်တုန်းက ကျွန်တော်သည် မိသားစု စားဝတ်နေရေးကို အကြောင်းပြကာ အိမ်ကပ်သည်မရှိဘဲ ပြင်ပမှာသာအနေများခဲ့ပါသည်။ ဤအချက်ကိုမူ ကျွန်တော့် တစ်သက်တာ နောင်တရ၍ မဆုံးနိုင်တော့ပါ။



## အထူးအချိန်

ယောသပ်သည် သူ့သား အားလုံးနှင့် အတူတူရှိရန် အချိန်ယူတတ်ခဲ့သည်။ ကလေး စိတ်ပညာရှင် ဖြစ်သည့် ကျွန်ုပ်၏ မိတ်ဆွေဟောင်း တစ်ဦးက "သူ့ဘဝ တစ်သက်တာ ဖခင်ဝတ္တရားများ ဆောင်ရွက်ရာတွင် သော့ချက်ကျသော လုပ်ရပ်တစ်ခုမှာ ကလေးသုံးယောက်လုံးအား သူတို့ တစ်ဦးချင်းအတွက် သူနှင့် အတူရှိရန် 'အထူးအချိန်' စီစဉ်ပေးမည်ဟု ပြောကြားခြင်း ဖြစ်သည်" ဟု ကျွန်ုပ်အား ပြောပြခဲ့ဖူးပါသည်။ ဤတွင် အချိန်ကို နှစ်မျိုး ခွဲထားရာ (က) မိသားစု တစ်စုလုံးနှင့် အတူနေသောအချိန် (သာမန်အချိန်) နှင့် (ခ) ကလေးတစ်ဦးချင်းနှင့် သီးသန့်နေသောအချိန် (အထူးအချိန်) ဟူ၍ဖြစ်ပါသည်။ ဤ အထူးအချိန်ကို ကလေးတို့က တန်ဖိုးထားကြသည်။ ဤ အထူးအချိန်သည် သူတို့ တစ်ဦးချင်းစီအတွက်သာ ဖြစ်သည်။ ထိုအချိန်တွင် ဖခင်၏မေတ္တာ၊ ဖခင်၏ ဂရုစိုက်မှုတို့အတွက် အခြားမွေးချင်းဖော်တို့နှင့် ယှဉ်ပြိုင်နေစရာမလိုတော့၊ အရာအားလုံးသည် သူ့အပေါ်သာ ဗဟိုပြုထားသည်ဟု ကလေးက နားလည်သည်။ ဤအချိန်သည် သူနှင့် သူ့ဖခင်တို့၏ တွဲလုယ် ပြုမူမှုအတွက် သူတို့နှစ်ဦးပိုင်သီးသန့်အချိန်ဖြစ်ကြောင်း ကလေးက နားလည် သဘောပေါက်ဂုဏ်ယူသည်။ ယောသပ်သည် ဤသို့ လုပ်ဆောင်ခဲ့ကြောင်းကို သူ၏ပုံပြင်တွင် ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီ ဖြစ်သည်။

ယောသပ်က ယေရှုကို သင်ပေးသည့် အရေးပါသော အခြားအချက်တစ်ခုမှာ သူနှင့်အတူတူ အလုပ် လုပ်စေခြင်း ဖြစ်သည်၊ ယေရှုအရွယ်ရောက်လာသည့်အခါ အသက်မွေးဝမ်းကျောင်းနိုင်စေရေးအတွက် လက်သမား အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုအမျိုးမျိုးကို သူကိုယ်တိုင် 'စံပြ' ၍ သင်ကြားပေးသည်၊

ဤလုပ်ရပ်သည် ငွေရေးကြေးရေး တစ်ခုတည်းအတွက် မဟုတ်ပေ။ ယင်းထက်ပို၍ နက်နဲခြင်းရှိသည်။ ယောသပ်သည် ယေရှုအား လူကောင်းတစ်ယောက် ပီပီပြင်ပြင် ဖြစ်လာစေရေးနှင့် ဘဝကောင်းတစ်ခု ထူထောင်နိုင်ရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သင်ကြားပေးနေခြင်း ဖြစ်သည်။ ယင်းသည်ပင် ဖခင်ဘဝ၏ တာဝန်ဝတ္တရားများ ဖြစ်သည်။

ဤသို့ ပြုခြင်းဖြင့် ယောသပ် ကိုယ်တိုင်လည်း ဘဝသင်ခန်းစာများ ရရှိခဲ့သည်။ သူသည် 'စိတ်ရှည်တတ်' လာသည်။ ကလေး၏ မကျွမ်းကျင်မှုကြောင့် ဖြစ်လာနိုင်သည့်အမှားတို့ကိုလည်း သူ တွေ့လာသည်။ လက်သမား ကိရိယာတန်ဆာပလာတို့ကို ကိုင်တွယ်တတ်ရန် သင်ကြားပေးရင်း ဘဝတည်ဆောက်မှုတွင် အရေးပါသည့် 'ကြီးမား' သောအရာများ၊ 'ထက်မြက်'သောအရာများနှင့် 'အန္တရာယ်' ရှိသောအရာများအကြောင်းကိုလည်း သင်ကြားပေးခဲ့သည်။ တစ်ခါတစ်ရံတွင် ယေရှုသည် ထိခိုက်ဒဏ်ရာရမှု ရှိတတ်သည်။ တစ်ခါတစ်ရံတွင် ယေရှုသည် မကျေမနပ်ဖြစ်ကာ ဒေါသတကြီး ပရမ်းပတာ လုပ်ချင်လာတတ်သည်။ ထိုအခါများတွင် ယောသပ်သည် အထူးတာဝန်တစ်ရပ်ကို ထမ်းဆောင်ရသည်။ ယင်းကား ယေရှု၏ စိတ်လှုပ်ရှားမှုများကို ထိန်းထိန်းသိမ်းသိမ်း ဖြစ်အောင် ပြုလုပ်ပေးရသည့် နည်းပြဆရာ တာဝန်ပါတည်း။

## စိတ်လှုပ်ရှားမှု လမ်းညွှန်ခြင်း

ယောသပ်သည် သားဖြစ်သူ ယေရှုအား စိတ်လှုပ်ရှားမှုအကြောင်းနှင့် စိတ်ထိခိုက်မှုအကြောင်းတို့ကို နားလည်အောင် ကူညီ သင်ကြားပေးသည်။ ယင်းသို့ ပြုလုပ်ရာတွင် သူသည် စိတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ နည်းပြဆရာတစ်ယောက်သဖွယ် ကျင့်သုံးခဲ့သည်။ သူသည် ဒေါသကို ချိုးနှိမ်နည်း၊ မာနကို လျှော့ချနည်း၊ စိတ်ထားကို တည်ငြိမ်စေနည်း၊ စိတ်ဓာတ် အုံ့ကွဲမှုကို ဖြေလျှော့နည်း၊ စိတ်ပဋိပက္ခကို ဖြေရှင်းနည်း၊ စိတ်အားငယ်သောအခါ အားတင်းနည်း စသည့်စိတ်လှုပ်ရှားမှုတို့ကို ကိုင်တွယ်ဖြေရှင်းသည့် နည်းအမျိုးမျိုးကို လက်တွေ့ကျကျ သင်ကြားပေးခဲ့သည်။ ဖခင်ဘဝတွင် ကလေးတို့အား စိတ်လှုပ်ရှားမှုတို့ကို ထိန်းချုပ် အသုံးပြုတတ်ရန် သင်ကြားပေးခြင်းသည် အဓိကအရေးပါသည့် အခန်း ကဏ္ဍတစ်ရပ် ဖြစ်ပေသည်။ ဤ သင်ကြားပေးမှုသည် စိတ်သဘောထား မှန်ကန်သည့် လူကြီးတစ်ယောက် ဖြစ်လာအောင် ကလေးတစ်ဦးအား လမ်းညွှန်ပေးရာတွင် အရေးအပါဆုံးသော အချက်တစ်ချက်လည်း ဖြစ်ပေသည်။ ဤအချက်သည် မျိုးဆက်သစ်တိုင်းတွင် ဖခင်က ကလေးတို့အား ပေးအပ်မြဲဖြစ်သည့် အရေးအပါဆုံးနှင့် အလိုအပ်ဆုံးဖြစ်သော 'လက်ဆောင်မွန်' လည်း ဖြစ်ပေသည်။ ယင်းကို အောက်ပါ ကဗျာက ဖော်ကျူးထားပေသည်။

## လက်ဆောင်မွန်

ကျွန်တော့်လက်တွင် စူးနေသည့် သံစကလေးကို
နုတ်ရန် ကျွန်တော့်အဖေသည် ပုံပြင်တစ်ပုဒ်ကို
တိုးညင်းစွာ ပြောခဲ့။
ကျွန်တော်သည် သူ၏ ကျက်သရေရှိလှသော
မျက်နှာကို ငေးမောကြည့်ရှု၊ ဇာဂနာကို မမြင်မိ။
ပုံပြင်မဆုံးမီပင် ကျွန်တော့်အဖို့ သေမလောက်
ထင်ခဲ့ရသော သံဆူးစကို ဆွဲနုတ်ခဲ့ပြီး ဖြစ်သည်။
ပုံပြင်ကိုမူ ကျွန်တော် မမှတ်မိတော့။
သို့သော် အဖေ့အသံကိုမူ ကြားယောင်နေဆဲ။
နက်မှောင်သော ရေတွင်းထဲမှ ရေကဲ့သို့
တည်ငြိမ် နက်နဲသော ဝတ်ပြုဆုတောင်းသံ။

ကျွန်တော် မှတ်မိနေသည်မှာ
ဖခင်၏ နူးညံ့ နွေးထွေးသော လက်ဖဝါးနှစ်ခု။
ကျွန်တော့် မျက်နှာကို ထိကပ်ထားသည်။
စည်းကမ်းပေးမှု မီးတောက်မီးလျှံ၊
ကျွန်တော့် ခေါင်းပေါ်မှာ လင်းလက်နေ။
အကယ်၍သာ ထိုညနေက သင် ရောက်လာခဲ့ပါမူ၊
သင့် စိတ်ထဲမှာ လူတစ်ယောက်၊ ကလေးငယ်
တစ်ဦး၏ လက်တွင်းသို့ တစ်စုံတစ်ရာ ထည့်နေသည်
ဟု ထင်မိလိမ့်မည်။
ငွေရောင် မျက်ရည်တစ်စ၊ သေးငယ်သော မီးလျှံ
တစ်ခု။
ထိုကလေးနောက်သို့ သင် ဆက်လိုက်ခဲ့လျှင်၊
သင် ယခုနေရာသို့ ရောက်လိမ့်မည်။
ကျွန်တော်သည် ဇနီးသည်၏ လက်ဖဝါးကို
ကိုင်တွယ် ကြည့်ရှုနေသည့် နေရာသို့။
သူမ၏ လက်သည်းခွံကို မနာမကျင်ရလေအောင်၊
ဖွဖွလေး ဂရုတစိုက် လှီးဖြတ်၍ သံစလေးကို
ဆွဲထုတ်လိုက်သည်။
၍လိုမျိုး ကျွန်တော့်ဖခင် ပြုလုပ်စဉ်က
ကျွန်တော့်အသက် ခုနစ်နှစ်သာ ရှိသေးသည်။
ထိုသံစကလေးကို ကျွန်တော် ကိုင်မကြည့်ခဲ့ပါ။
ကျွန်တော့်ကို သေရွာပို့မည့် သံဆူးစကလေးဟု
ထင်ခဲ့မိသည်။
ယခုမူ နာမည်သစ်တစ်ခု ပေးရတော့မည်။
လုပ်ကြံသူကလေး။ ကျွန်တော့် အသည်းထဲသို့
စူးနစ်ဝင်သွားအောင် ပြုလုပ်နိုင်စွမ်းသည့် သံစ
ကလေး။
ကျွန်တော်သည် အနာကို ပြ၍ ငိုယိုခြင်း မပြုခဲ့၊
သေမလောက် ခံခဲ့ရသည်ဟုလည်း မဆိုတော့။
ကျွန်တော်သည် ကလေးတစ်ယောက်၊ သူ လိုချင်
သည့် အရာကို ရရှိသည့်အခါ လုပ်တတ်သလို လိုက်
လုပ်ပါသည်။
ကျွန်တော် အဖေ့ကို နမ်းလိုက်ပါသည်။

လီ ယောင် လီ

**Li Young Lee**

စိတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ လေ့ကျင့် သင်ကြားပေးခြင်းသည် ကလေးတိုင်းအဖို့ နောက်ပိုင်းကာလတွင် ကြုံလာရမည့် လူလူချင်း ဆက်နွယ်မှုများနှင့် စပ်လျဉ်းသည့် စိတ်လှုပ်ရှားမှုဆိုင်ရာ အခြေခံအုတ်မြစ်ကို ချပေးလိုက်ခြင်း မည်ပေသည်။ ဤကိစ္စ၏ အရေးပါပုံနှင့် ပတ်သက်၍ ပြောရမည်ဆိုလျှင် တော်တော်နှင့် ဆုံးနိုင်မည် မဟုတ်ပေ။ အောင်မြင်သော ဘဝတစ်ခု တည်ဆောက်ရေးတွင် ပါဝင်သည့် အလုပ်အကိုင်၊ ကစားခုန်စား၊ မိတ်ဆွေဖွဲ့မှု၊ ရင်းနှီးသော ဆက်နွယ်မှု စသည်တို့တွင်လည်း စိတ်လှုပ်ရှားမှု ပါဝင်ပတ်သက်နေပါသည်။ အထက်က 'လက်ဆောင်မွန်' ကဗျာတွင် ဖော်ပြခဲ့သည့်အတိုင်း (ယောသပ်၏ ပုံပြင်တွင်လည်း တင်ပြခဲ့ပြီး) ကျွမ်းကျင်သော ဖခင်တို့သည် ထို ကျွမ်းကျင်မှုကို သူတို့၏ သားသမီးများထံသို့ လက်ဆင့်ကမ်းအမွေ ပေးမြဲဖြစ်သည်။ စိတ်လှုပ်ရှားမှု နည်းပြဆရာသည် စိတ်လှုပ်ရှားမှုသဘာဝနှင့် စိတ်လှုပ်ရှားမှု အခြေအနေတို့အကြောင်း အမိပ္ပာယ်ဖွင့်ဆိုပြသည်။ စိတ်လှုပ်ရှားမှု အခြေအနေတစ်ရပ်တွင် ဘာလုပ်ရမည်။ ဘယ်ပုံ ဘယ်နည်း လုပ်ရမည်ကိုလည်း သူက သင်ပြပါသည်။ ကလေးများ သူလို စိတ်လှုပ်

ရှားမှု နည်းပြဆရာ တစ်ယောက်ကဲ့သို့ ဖြစ်လာစေရန်အတွက် စာရိတ္တပိုင်းအရလည်းကောင်း၊ စိတ်လှုပ်ရှားမှုပိုင်းအရ လည်းကောင်း၊ စိတ်ဓာတ်ရေးရာအရလည်းကောင်း အသိဉာဏ်ထက်မြက်ရေးကို သူက တစ်ချိန်လုံး လမ်းညွှန်သင်ကြားပေးပါသည်။

## စိတ်လှုပ်ရှားမှုနှင့် အပြုအမူဆိုင်ရာ အနားသတ်မျဉ်းများ

နည်းပြဆရာက အပြုအမူနှင့် ပတ်သက်၍ အနားသတ်မျဉ်းရေးဆွဲပေးပါသည်။ တစ်နည်းဆိုသော် ဘာလုပ်ရမည်၊ ဘာ မလုပ်ရမည်ကို သတ်မှတ်ပေးခြင်း ဖြစ်၍ 'စည်းကမ်း' ချပေးသည်ဟုလည်း ဆိုနိုင်ပါသည်။ ထိုအချိန်တွင် ကလေးတို့ကလည်း သူတို့၏ အားအင်ကို သူတို့ဘာသာ စမ်းသပ်နေသည့် အချိန်ဖြစ်ပါသည်။ မလုပ်ရဟု တားမြစ်ထားချက်ကို လုပ်ကြည့်လျှင် ဘာဖြစ်မလဲဟု စမ်းသပ်ကြည့်လိုသည့်အချိန် ဖြစ်ပါသည်။ ဤသည်ပင်လျှင် ကြီးထွားတိုးတက်ခြင်း၏ဖြစ်စဉ် မဟုတ်လော။ လမ်းလျှောက်တတ်ခါစ ကလေးတို့ကို အပန်းဖြေ ဥယျာဉ်ပန်းခြံအတွင်းသို့ ခေါ်သွားကြည့်ပါ။ ပထမတွင် သူတို့သည် မိဘနား ကပ်နေကြလိမ့်မည်။ ထို့နောက် မိဘတွဲထားသည့်လက်ကိုဖြုတ်၍ တစ်လှမ်း၊ နှစ်လှမ်း၊ သုံး လေးလှမ်း သွားကြည့်မည်။ ဤကား ပတ်ဝန်းကျင်သစ်ကို စိန်ခေါ်ကြည့်ခြင်းပင်တည်း။ ထိုအချိန်တွင် မိဘက စိုးရိမ်တကြီး ဖြစ်ကာ အော်ခေါ်သည့်အခါ ပြန်လှည့်လာတတ်သည်။ မိဘက မည်သို့မျှ မပြောမပြုဘဲ ကြည့်နေသည့်တိုင် သိပ်ဝေးဝေး မသွား။ ခဏနေလျှင် မိဘထံ ပြန်လာ၍ လက်ပြန်တွဲသည်။ ထို့နောက် လက်တွဲဖြုတ်၍ မိဘကို ခွာသွားပြန်သည်။ ဤကား အနားသတ်မျဉ်းကို ကျော်ဖြတ်ရန် စမ်းသပ်ကြည့်နေခြင်းပင် ဖြစ်သည်။ သို့သော် ဝေးဝေး မသွားရဲသေး။ ပြန်လာကာ မိဘလက်ကို ကိုင်သည်။ မိဘတို့၏ နွေးထွေး



စောင့်ရှောက်မှုကို ပြန်လည် ခံယူသည့် သဘောပင် ဖြစ်သည်။ သူတို့ ကြီးပြင်းလာသည်နှင့်အမျှ အနားသတ်မျဉ်းလည်း ကျယ်ပြန့်သွားသည်။ ဆိုလိုသည်မှာ သူတို့အဖို့ ပို၍ လွတ်လပ် ကျယ်ပြန့်စွာ လှုပ်ရှားခွင့် ရှိသွားခြင်း ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ အမှတ်တမဲ့ သတိလက်လွတ် ဖြစ်စေ၊ ဆုံးဖြတ်ချက် မှားယွင်းမှုကြောင့် ဖြစ်စေ သူတို့သည် အနားသတ်မျဉ်းကို ဖြတ်ကျော်မိကာ အန္တရာယ်နှင့် ရင်ဆိုင်ရတတ်သည်။ ယောသပ်၏ ပုံပြင်ကို ပြန်လှန် သုံးသပ်ကြည့်ပါက သူသည် မိဘကောင်း ပီသစွာ တစ်နေ့တခြား ကြီးထွားလာကာ ယေရှုကလေးအတွက် အနားသတ်မျဉ်းများ (ဝါ) စည်းကမ်းသတ်မှတ်ချက်များကို ချပေးထားကြောင်း တွေ့နိုင်သည်။

ယောသပ်သည် အရာရာကို အရွယ်ရောက်ပြီးသူ တစ်ဦး၏ ရှုထောင့်မှ သုံးသပ် ဆင်ခြင်နိုင်စွမ်း ရှိသည်။ မည်သည့် အရာသည် အန္တရာယ်ကင်းသည်၊ မည်သို့ ပြုလျှင် သင့်လျော်သည်။ ဘယ်ကို သွားသင့်၍ ဘယ်ကို မသွားသင့် ဆိုသည်တို့ကို ကြိုတင် သိမြင်နိုင်စွမ်း ရှိသည်။ ကလေးငယ်ကမူ ယင်းသို့ တားမြစ် ပိတ်ပင်ခြင်းကို မနှစ်သက်တတ်ပါ။ အနားသတ်မျဉ်းများကို ပယ်ဖျက်ရန် (ဝါ) တားမြစ်ထားသည်ကို ဖောက်လုပ်ရန် တစ်ခါတလေ ကြိုးပမ်းကြည့်တတ်သည်။ သို့သော် မိဘအနေဖြင့်မူ လိုအပ်သည့် တားမြစ်ချက်တို့ကို မလွဲမသွေ လုပ်ရမည်သာ ဖြစ်သည်။ ဤသည်ပင် ဖခင်တို့၏ တာဝန်ဝတ္တရား ဖြစ်သည်။ အနားသတ်မျဉ်းများ (ဝါ) စည်းကမ်းများကို ခိုင်ခံ့စွာ ထားရှိရမည်။ သို့သော် ကလေးသည် အရွယ်ရလာသည်နှင့်အမျှ သူ့ အရည်အချင်းကို အကဲစမ်းသည့် အနေဖြင့် ယင်းသတ်မှတ်မျဉ်းတို့ ကျော်ဖြတ်ရန် ကြိုးပမ်းလိမ့်မည်ကိုလည်း လူကြီးက သိထားရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပျိုဖော်ဝင်ချိန် သို့မဟုတ် ယင်းအချိန် လွန်သောအခါတွင်မူ ကလေးသည် အရွယ်ရောက်ပြီ ဖြစ်၍ ယင်း အနားသတ်မျဉ်းများ (ဝါ) စည်းကမ်းဘောင်

များကို ဖြတ်ကျော်ကောင်း ဖြတ်ကျော်လိမ့်မည်။ သို့သော် ကိစ္စမရှိပါ။ ထိုအချိန်တွင်မူ သူသည် အရွယ်ရောက်နေပြီ ဖြစ်ရာ သူ့ဘဝအတွက် သူ အပြည့်အဝ တာဝန်ယူနိုင်ပြီ ဖြစ်သည်။ သူ၏ အတ္တသည်လည်း လူကြီးတစ်ယောက်အဖြစ် ပြည့်စုံစွာ ဖွံ့ဖြိုးခဲ့ပြီ ဖြစ်သည်။

## ကစားခုန်စားတွင် စိတ်လှုပ်ရှားမှုဆိုင်ရာ နည်းပြ သင်ကြားပေးခြင်း

ယောသပ်သည် သူ့ကလေးများနှင့်အတူ ကစားခုန်စား ပြုမူခြင်းဖြင့် စိတ်လှုပ်ရှားမှု ထိန်းသိမ်းနည်းတို့ကို သွယ်ဝိုက်၍ သင်ကြားပေးခဲ့သည်။ ကလေးအားလုံးလိုလိုပင် ကစားခုန်စား မက်တတ်ကြသည်မဟုတ်လော။ အထူးသဖြင့် ယောကျ်ားကလေးတို့ အကြိုက်ဆုံးသောကစားနည်းတစ်ခုမှာ နပန်းလုံး တွန်းထိုး သတ်ပုတ်ခြင်းပင် ဖြစ်သည်။ ယင်းကဲ့သို့ ကလေးအချင်းချင်းဖြစ်စေ (တစ်ခါတစ်ရံ) ဖခင်က တစ်ဖက်၊ ကလေးများကတစ်ဖက်နေ၍ဖြစ်စေ နပန်းလုံး တွန်းထိုး သတ်ပုတ်ကစားရာမှ အရေးပါ၍ အခြေခံကျသော သင်ခန်းစာများ ပေါ်ထွက်လာတတ်သည်။ ဤကဲ့သို့သော နပန်းလုံး သတ်ပုတ်ကစားနည်းသည် မိမိအင်အားကို ထိန်းချုပ်တတ်ရန်၊ မိမိ၏ ရန်လိုမှုကို ပိတ်ပင်တားမြစ်ရန်နှင့် ပြင်းထန်စွာ နာကျင်ထိခိုက်စေမှုကို ရှောင်ရှားရန်ဟူသော သင်ခန်းစာများကို ပေးပေသည်။ ငယ်ရွယ်စဉ် အချိန်ကာလ၌မူ ကလေးတို့သည် ဖခင်နှင့် သတ်ပုတ်တမ်းကစားရာတွင် သူတို့၌ရှိသမျှသော ခွန်အားတို့ကို အသုံးပြုနိုင်သည်။ သူတို့၏ ရန်လိုမှု၊ အကြမ်းဖက် ပြုမူမှုတို့ကို ကမ်းကုန်အောင်ဖော်ပြနိုင်သည်။ (နုနယ်ငယ်ရွယ်သေးသည် ဖြစ်၍ သူတို့ အားကုန်သုံးမှုသည် လူကြီးကိုအန္တရာယ်ပြုနိုင်စွမ်းမရှိပါ။) ယင်းကဲ့သို့ ကစားရင်းပင်သူတို့၌ရှိသမျှသော စိတ်လှုပ်ရှားမှု



ဟူသမျှကို ဖွင့်အန် ဖော်ထုတ်ပစ်နိုင်သည်။ သာမန်အခြေအနေတွင် အန္တရာယ်ဖြစ်စေနိုင်သော သူတို့၏ စိတ်လှုပ်ရှားမှုများ ဖွင့်ထုတ်ခြင်းကို ဖခင်ဖြစ်သူတို့က ကျေနပ်စွာလက်ခံနိုင်စွမ်းရှိပေသည်။ ကလေးတို့သည် သူတို့ရှိသမျှခွန်အားကို သုံးစွဲကာသူတို့ရင်ထဲရှိသည့် စိတ်လှုပ်ရှားမှုမှန်သမျှကို ဖခင်ထံပစ်မှတ်ထား၍ ဖွင့်ထုတ်ပစ်လိုက်နိုင်သည်။ ဤသို့ ပြုခြင်းဖြင့် သူတို့၌ခွန်အား မည်မျှရှိသည်ကို သူတို့ဘာသာသိသွားသည်။ ဖခင်တို့က စိတ်လှုပ်ရှားမှု ထိန်းချုပ်နည်းကို ကစားရင်းလက်တွေ့ ပြသသွားသည်ဖြစ်ရာကလေးတို့သည်လည်း သူတို့၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားတုံ့ပြန်မှုတို့ကို မည်သို့ မည်ပုံ မည်သည့် အတိုင်းအတာအထိ ထိန်းချုပ်ရမည်ဖြစ်ကြောင်း သင်ယူပြီးဖြစ်သွားတတ်သည်။ ဖခင်ဖြစ်သူ နည်းပြဆရာ၏ အပြုအမူများက ကလေးတို့ကို အင်အား အနည်းငယ်မျှသာ သုံးစွဲရန်၊ ရုတ်တရက်ဖြစ်လာသော ဒေါသကို ထိန်းချုပ်ရန်၊ ပြင်းပြင်းထန်ထန် လှုပ်ရှားပြုမူသော်လည်း နာနာကျင်ကျင် မထိခိုက်မိရေးအတွက်သတိပြုရန် အတတ်များကို သွယ်ဝိုက်၍ သင်ကြားပေးလေသည်။

ကလေးတို့သည်အရွယ်ရ၍ ထွားကျိုင်းသန်စွမ်းလာသောအခါ သူတို့သည်လည်း (ဖခင်နည်းတူ) အခြားသူတို့အား နာကျင်အောင်၊ ထိခိုက်အောင် ပြုလုပ်နိုင်သော စွမ်းအားတို့ ရှိလာကြောင်း သိကြသည်။ သို့သော် ကစားဖော်များနှင့် အတူ ဆက်လက်၍ နပန်းလုံး သတ်ပုတ်တမ်း ကစားလိုပါက မိမိ၏ စွမ်းအားနှင့် ဒေါသစိတ်တို့အား ထိန်းချုပ်ရမည်ကို သိလာကြပြန်သည်။ ဆယ်ကျော်သက်ရွယ် သားနှစ်ယောက်၏ ဖခင်တစ်ဦးက ယခုအခါ သူ့သားများသည် ဖခင်ဖြစ်သည့်သူ့ကိုပင် ထိခိုက်နာကျင်အောင် သတ်ပုတ်နိုင်စွမ်းရှိလာပြီဖြစ်ရာ နပန်းလုံး သတ်ပုတ်မှုတွင် လိုက်နာရမည့် စည်းကမ်းဥပဒေတို့ကို သူတို့ကပင် စတင်ရေးဆွဲနေပြီဖြစ်ကြောင်း ပြောပြပါ

သည်။ ကလေးနှစ်ဦး ငယ်ရွယ်စဉ်ကမူ ညေ့ခန်းတွင်းရှိ တွေ့ကရာ ပစ္စည်းတို့နှင့် ပစ်ပေါက်ခြင်း၊ ဖခင် ကျောပေါ်သို့ ခုန်ချခြင်း၊ ဖခင် ပခုံးကို ဆွဲတွန်းခြင်း၊ ဖခင်ကိုယ်ပေါ်ရှိ မည်သည့်နေရာကို မဆို ထိုးနှက် ရိုက်ပုတ်ခြင်းတို့ ပြုခဲ့ကြသည်။ ထိုစဉ်ကမူ သူတို့က လွန်စွာ အားနည်းသေးသည် ဖြစ်ရာ ဖခင် ဖြစ်သူမှာ ကောင်းစွာ ခံနိုင်ရည် ရှိခဲ့သည်။ ယခုအခါတွင်မူ ထိုသို့ မဟုတ်တော့ပြီ။ သူတို့နှစ်ယောက် လူပျိုပေါက်ဖြစ်၍ နွားပေါက်ကလေးတမျှ သန်စွမ်းလာကြပြီ။ ထိုစဉ်က ဖခင်သည် သူတို့အပေါ် ညင်ညင်သာသာ ထိုးနှက်ခဲ့သည်ကို သူတို့ နားလည် ခံစားတတ်ကြပြီ။ သူတို့၏ သတ်ပုတ်ကစားပွဲကို ဆက်လက် ရှင်သန်စေလိုလျှင် သူတို့၏ စွမ်းအားနှင့် စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ရတော့မည် ဖြစ်ကြောင်း သူတို့ ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပြီ ဖြစ်သည်။ တစ်နည်းအားဖြင့်သော် ဖခင်ဖြစ်သူသည် ကြမ်းတမ်းမှု၊ ရန်လိုမှု၊ တစ်ရှူးထိုး ဒေါသထွက်မှုတို့အား ထိန်းချုပ် နိုင်သည့် စွမ်းရည်ကို သူ့သားများထံ အမွေလွှဲအပ်ခဲ့ပြီဟု ဆိုရမည် ဖြစ်ပေသည်။

## စိတ်လှုပ်ရှားမှုဆိုင်ရာ နည်းပြ သင်ကြားပေးခြင်းက ပုဂ္ဂိုလ်ရေး၊ စာရိတ္တနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဉာဏ်ရည်ကို ဖွံ့ဖြိုးစေသည်

စိတ်လှုပ်ရှားမှုဆိုင်ရာ နည်းပြ သင်ကြားပေးခြင်း၏ ရလဒ်တို့ကား အဘယ်နည်း။ အကျိုးသက်ရောက်မှုများ ရှိသည့်အနက် အရေးအကြီးဆုံး အကျိုးသက်ရောက်မှု တစ်ခုကား ပုဂ္ဂလိကဉာဏ်ရည် ပြည့်ဝသော ကလေးငယ်တစ်ယောက် ပေါ်ထွက်လာရေးပင် ဖြစ်သည်။ ပုဂ္ဂလိကဉာဏ်ရည် Personal Intelligence ဟူသည် ကလေးတိုင်း၌ ရှိရမည့် စိတ်စွမ်းရည် တစ်ရပ်ပင် ဖြစ်သည်။



ယင်းသည် စွမ်းအင်ပုန်း တစ်ခုဖြစ်၍ လေ့ကျင့်ပညာပေးခြင်းဖြင့် တိုးပွားနိုင်သော စွမ်းရည်လည်း ဖြစ်သည်။ ပုဂ္ဂလိကဉာဏ်ရည် ဟူသော အယူအဆကို ပထမဆုံးစတင် ဖော်ပြခဲ့သူမှာ ဟားဗတ် တက္ကသိုလ် Harvard University စွမ်းအင်ပုန်း သုတေသန စီမံကိန်း Project on Human Potential မှ ဦးဆောင်သုတေသီ ဒေါက်တာ ဟောင်းဝါဒ် ဂါဒနာ Dr. Howard Gardner နှင့် အဖွဲ့ ဖြစ်သည်။ သူသည် 'စိတ်နေစိတ်ထား' Frames of Mind အမည်ရှိ အရေးပါသော စာအုပ်တစ်အုပ်ကို ၁၉၈၃ က ရေးသား ထုတ်ဝေခဲ့သည်။

ဂါဒနာသည် ဉာဏ်ရည်အမျိုးမျိုး အကြောင်းကို လည်းကောင်း၊ စွမ်းရည်အမျိုးမျိုးတွင် ထူးချွန် ထင်ရှားသူတို့ အကြောင်းကို လည်းကောင်း လေ့လာခဲ့သည်။ သူ လေ့လာခဲ့သည့် ပုဂ္ဂိုလ်များထဲတွင် ကလေးဘဝကပင် ထူးချွန် ပြောင်မြောက်ခဲ့သည့် စန္ဒရားဆရာအကျော်များ၊ သင်္ချာပိဋကများ၊ အားကစားကြယ်ပွင့်များ ပါဝင်သည်။ အသိဉာဏ်ဖွံ့ဖြိုးမှု၏ အစွန်းတွင် ရှိသော ပုဂ္ဂိုလ်များ အကြောင်းကို လေ့လာရင်းက ဉာဏ်ရည်ဟူသည် အမျိုးအစားအားဖြင့် သိသာထင်ရှားစွာ ခြားနားသော စွမ်းရည်အမျိုးမျိုး ဖြစ်နိုင်သည် ဟူသောအချက်ကို ထောက်ခံရန် သိပ္ပံနည်းကျ သာဓကအများပင်ရှိကြောင်း သူ ယုံကြည်ခဲ့သည်။

ထို့ကြောင့် ဂါဒနာက သူ၏ စာအုပ်ထဲတွင် ဉာဏ်ရည်အမျိုးအစားတို့ကို အောက်ပါအတိုင်း ခွဲခြားဖော်ပြခဲ့ပေသည်။

(၁) ဘာသာစကားဉာဏ်ရည်၊ ,
(၂) ဂီတဉာဏ်ရည်၊
(၃) သင်္ချာ ယုတ္တိဗေဒဉာဏ်ရည်၊
(၄) နေရာဆက်နွှယ်မှုဉာဏ်ရည်၊

(၅) ကိုယ်ခန္ဓာလှုပ်မှုသိဉာဏ်ရည်၊
(၆) ပုဂ္ဂလိကဉာဏ်ရည်။

ထူးချွန် လွန်ကဲသည့် ဘာသာစကားဉာဏ်ရည် ရှိသူတို့ကို ဥပမာပြရသော် ရှိတ်စပီးယား (Shakespeare)၊ တိုနီ မော်ရစ်ဆင် (Toni Morrison) နှင့် ကဗျာဆရာ ပတ်ဗလို နီရူဒါ (Pablo Neruda) တို့ ဖြစ်ကြသည်။ ဘာ့ခ် (Bach)၊ မိုးဇတ် (Mozart) ၊ ဒျူခ် အယ်လင်တန် (DukeEllington) တို့ကား ထူးချွန်ပြောင်မြောက်သည့် ဂီတဉာဏ်ရည် ရှိသူများ ဖြစ်ကြသည်။ အဲလ်ဘတ် အိန်း စတိန်း (Albert Einstein)၊ စတီဖင်ဟော်ကင်း (Stephen Hawking) တို့မှာ သင်္ချာ ယုတ္တိဗေဒဉာဏ်ရည်နှင့် ပတ်သက်၍ စံနမူနာပြရမည့် ပုဂ္ဂိုလ်ကျော်များ ဖြစ်သည်။ နေရာ ဆက်နွယ်မှုနှင့် ပတ်သက်၍ ထူးချွန် ထင်ရှားသူတို့မှာကား ပီကာဆို (Picasso)၊ လီယိုနာ့ဒိုဒါဗင်ချီ (Leonardoda Vinci) နှင့် ရိုဒင် (Rodin)တို့ ဖြစ်ကြသည်။ ကိုယ်ခန္ဓာလှုပ်မှုသိ ဉာဏ်ရည် အရာတွင် သူတကာထက် သာသူတို့မှာကား ပြင်သစ် ကိုယ်အမူအရာ သရုပ်ဆောင် မာဆယ်မာဆူး (Marcel Marceau) ၊ အိုလံပစ် စကိတ်ချန်ပီယံ တာရာလစ်ပင်စကီ (TaraLipinski)၊ ဘဲလေး (Ballet) ကချေသည် ဘယ်ရီရှနီကော့ဗ် (Baryshnikov) နှင့် ဘတ်စကတ် ဘောသမား မိုက်ကယ်ဂျော်ဒန် (Michael Jordan) တို့ ဖြစ်ကြသည်။ ပုဂ္ဂလိက ဉာဏ်ရည် အထင်ရှားဆုံးသာဓက ပုဂ္ဂိုလ်တို့ကား ဂန္ဒီ (Gandhi)၊ ကနေဒီ (J.F. Kennedy) နှင့် နာမည်ကြီးကျောင်း ဆရာများ ဖြစ်သော ဂျွန်ဝုဒ်ဒင်နှင့် (John Wooden)၊ မာဗာကောလင်း (Marva Collins) တို့ ဖြစ်ကြပေသည်။

အထက်ပါ ပုဂ္ဂိုလ်များသည် ဂါဒနာတင်ပြခဲ့သည့် ဇဟု ဉာဏ်ရည်တို့အနက် တစ်ဖက်ဖက်တွင် ထင်ရှား ကျော်ကြားသူများ



ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များသည် သူတို့ ကျင်လည် ကျက်စားရာ ကျွမ်းကျင်မှု နယ်ပယ်များတွင် စွမ်းဆောင်နိုင်ရည် အမြင့်ဆုံး ဖြစ်ကြသည်။ ယင်းသို့ ဖြစ်အောင်လည်း နှစ်ရှည်လများ လေ့ကျင့် သင်ယူထားကြရသည်။ ဂါဒနာ၏ အလိုအရသော် "အသိဉာဏ်ဆိုင်ရာ စွမ်းအားပြည့်မှုဟူသည် ကျွန်ုပ်တို့ ရင်ဆိုင်နေရသော ပြဿနာများ၊ အခက်အခဲများကို ဖြေရှင်းရာတွင် အကူအညီ ပေးနိုင်စွမ်း ရှိသည့် ကျွမ်းကျင်မှုများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်" ဟု အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပေသည်။ ထို့ကြောင့် ပုဂ္ဂလိက ဉာဏ်ရည်ကို ဖြစ်ထွန်းစေသည့် ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးအောင် လုပ်ဆောင်ရေးတွင် စိတ်လှုပ်ရှားမှုဆိုင်ရာ နည်းပြသင်ကြားပေးခြင်းသည် မရှိမဖြစ် လိုအပ်ကြောင်း ထင်ရှားလှပါသတည်း။

## ပုဂ္ဂလိကဉာဏ်ရည်

"ပုဂ္ဂလိကဉာဏ်ရည် (Personal Intelligence) သည် ဉာဏ်ရည်တကာတို့ထက် လျှို့ဝှက်နက်နဲမှု အမြင့်ဆုံး၊ လူတို့ သိနားလည်မှု အနည်းဆုံးနှင့် ဘဝအတွက် အရေးအပါဆုံးသော ဉာဏ်ရည်ဖြစ်သည်" ဟု ဂါဒနာက ဆိုပါသည်။ ပုဂ္ဂလိကဉာဏ်ရည်ကို နှစ်ပိုင်းခွဲထားရာ ယင်းတို့မှာ (က) ပုဂ္ဂိုလ်တွင်းဉာဏ်ရည် (Intrapersonal Intelligence) နှင့် (ခ) ပုဂ္ဂိုလ်ချင်းဉာဏ်ရည် (Interpersonal Intelligence) တို့ ဖြစ်ပါသည်။ ယင်း အစိတ်အပိုင်း တစ်ခုစီတွင် ထင်ရှားသော စိတ်လှုပ်ရှားမှုနှင့် ကျွမ်းကျင်မှုများ ပါဝင်ကြပါသည်။

## ပုဂ္ဂိုလ်တွင်း ဉာဏ်ရည်
## ကိုယ့်အရည်အချင်း ကိုယ်သိခြင်း

ပုဂ္ဂိုလ်တွင်းဉာဏ်ရည်ဟူသည် ပုဂ္ဂိုလ်တစ်ဦး၏ အတွင်းပိုင်းဆိုင်ရာ စိတ်ဓာတ် ဖွံ့ဖြိုးမှုကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့၏ သိမှု၊ စိတ်လှုပ်ရှားမှု၊ စဉ်းစားမှုနှင့် ခံစားမှုတို့ကို ခွဲခွဲခြားခြား နားလည် တုံ့ပြန်နိုင်စွမ်းသည့် ကျွမ်းကျင်မှုမျိုးနှင့် သက်ဆိုင်သည်။ ပုဂ္ဂလိက ဉာဏ်ရည်ဟူသည် ကျွန်ုပ်တို့၏ အပြုအမူကို နားလည်ရန်နှင့် လမ်းညွှန်ရန်အတွက် ကျွန်ုပ်တို့၏ ခံစားမှုများကို စနစ်တကျ အသုံးပြုခြင်း ဖြစ်သည်။ ကလေးတို့အဖို့ ဤကဲ့သို့သော ဉာဏ်ရည်မျိုး ရရှိရန် စိတ်လှုပ်ရှားမှု နည်းပြသင်ကြားပေးခြင်းကို အားထားရသည်။ ယောသပ်သည် စိတ်လှုပ်ရှားမှု ဉာဏ်ရည်နှင့် ပတ်သက်၍ ထူးချွန်သော ဆရာတစ်ဦးဖြစ်သည်။ မာရီနှင့် ကာလီတို့သည်လည်း ယောသပ်နည်းတူပင် တော်ကြပါပေသည်။

ယေရှုမှုကား အထူးခြားဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ ပုဂ္ဂလိက ဉာဏ်ရည် နယ်ပယ်တွင် သူသည် ပြိုင်ဘက်ကင်းသော ဉာဏ်ကြီးရှင် ဖြစ်သည်။ သူ၏ မွေးရာပါ ထူးချွန်မှုကား ထင်ရှားသိသာလှပါသည်။ သို့သော် ယင်း ထူးချွန်မှုတို့ကို တစ်နေ့တခြား နက်နဲ ခိုင်မာ တိုးပွားအောင် ပြုလုပ်ပေးသူတို့မှာ သူ့ ဆရာများနှင့် သူ၏ စိတ်လှုပ်ရှားမှု နည်းပြပုဂ္ဂိုလ်များပင် ဖြစ်ကြပါသည်။ ယောသပ်သည် ယေရှု၌ ရှိနှင့်ပြီးဖြစ်သော ကြီးမားသည့် ကရုဏာစိတ်ကို ချိုးနှိမ်ရန် မကြိုးပမ်းခဲ့ပါ။ သို့သော် ထိုမျှကရုဏာစိတ်ကြီးမားလှသော ယေရှုအဖို့ သက်ဆိုးမှ ရှည်ပါမည်လားဟု တွေးတော စိတ်ပူမိရှာသည်။ ယောသပ်သည် မကြာခဏဆိုသလို ယေရှုကဲ့သို့ မေတ္တာ၊ ကရုဏာ စိတ်ခံစားမှု ကြီးမားလှသူ တစ်ဦးအဖို့ ဤကမ္ဘာလောကကြီးသည် ရက်စက် ကြမ်းတမ်းမှု မလွန်ကဲလွန်းဘူးလားဟု မေးခွန်းထုတ်မိ



သည်။ သို့သော် မေတ္တာ၊ ကရုဏာစိတ်ကိုမူ ပိတ်ပင်ရန် မကြိုးပမ်းခဲ့ပေ။ ထူးချွန် ထက်မြက်သည့် ကျောင်းသားတို့၏ ဆရာများက မကြာခဏ မှတ်ချက်ပြုလေ့ရှိသည်မှာ "သူတို့သည် ထို ထူးချွန် ကလေးများ၏ ခေါင်းထဲသို့ ပညာရတနာများ ထည့်သွင်းနေခြင်း မဟုတ်။ ထိုကလေးတို့၏ ခေါင်းထဲ၌ ရှိနှင့်ပြီးဖြစ်သော အဖိုးတန် ပညာရတနာတို့ အပြင်သို့ ချောချောရှုရှု ထွက်လာရေးအတွက်သာ ကူညီနေခြင်း ဖြစ်ပါသည်" ဆိုသော စကားဖြစ်ပေသည်။ ကျွန်တော်သည် တစ်ခါက အိုမင်းလှပြီဖြစ်သော ရုရှ ဘဲလေးအကသင် ဆရာမကြီးတစ်ဦး၏ ပြောစကားကို မှတ်သားရဖူးပါသည်။ ထို ဆရာမကြီးက "ထူးချွန် ထက်မြက်တဲ့ ဘဲလေးကချေသည် ဆိုတာ မွေးကတည်းက 'အကပညာ' ဝမ်းထဲ ပါလာတဲ့ သူတွေပဲ။ ကျွန်မက အဲဒီ ဝမ်းတွင်းပါ အကပညာကို အပြင်ရောက်အောင် လမ်းခင်းပေးတဲ့သူမျှသာပါပဲ" ဟု ဆိုခဲ့ပါသည်။ ယောသပ်သည်လည်း ထို ဆရာမကြီးကဲ့သို့သော စိတ်လှုပ်ရှားမှု နည်းပြဆရာမျိုး ဖြစ်ပါသည်။ သူသည် ချစ်တတ်၊ ခင်တတ်၊ ကြင်နာတတ်သည့် နည်းပြတစ်ဦး ဖြစ်သည်။ သူသည် သူ၏ ကိုယ်ပိုင် ပုဂ္ဂိုလ်တွင်းဉာဏ်ရည် ဖွံ့ဖြိုးရေးနှင့် သူ၏ ခံစားမှုများကို ဖော်ထုတ်နိုင်ရေးအတွက် သင်ခန်းစာပေါင်း မြောက်မြားစွာကို ဖြတ်ကျော် သင်ယူခဲ့ပြီး ဖြစ်ပေသည်။

သင့်ကလေးအဖို့ ပြင်ပကမ္ဘာနှင့် အောင်မြင်စွာ ဆက်ဆံရေးနှင့် သူ့ကိုယ်သူ အောင်နိုင်ရေးအတွက် ပုဂ္ဂိုလ်တွင်း ကျွမ်းကျင်မှုစွမ်းရည်တို့ မည်မျှ မည်မျှ အရေးပါသည်ကို စဉ်းစားကြည့်ပါ။ ယောသပ်၏ ပုံပြင်တွင် ဖော်ပြခဲ့သည့်အတိုင်း ကိုယ့်ကိုယ်ကိုယ် အစွမ်းထက်အောင်ပြုရေးနှင့် ကိုယ်ပိုင် စိတ်တွင်းခံစားမှုဘဝ ထိန်းချုပ်ရေးတို့သည် ဘဝအောင်မြင်ရေးအတွက် အဓိကကျသော သော့ချက်များဖြစ်ကြောင်း ထင်ရှားသိသာပေသည်။

## ပုဂ္ဂိုလ်တွင်းဉာဏ်ရည် ကျွမ်းကျင်မှုများ

အခြေခံကျသော ပုဂ္ဂိုလ်တွင်း စွမ်းဆောင်နိုင်ရည်တို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်။ ဖခင်တစ်ယောက် အနေဖြင့် သင်သည် အောက်ဖော်ပြပါ နယ်ပယ်တို့တွင် ရှိးစင်းသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေရန် နည်းပြ သင်ကြားပေးရပါမည်။

(၁) စိတ်ကို တည်ငြိမ်အောင် စုစည်း၍ တစ်စုံတစ်ရာ ကို အာရုံစိုက်နိုင်သည့် စွမ်းရည်။

(၂) အပန်းဖြေ အနားယူတတ်သည့် စွမ်းရည်။

(၃) နာကျင်မှု၊ စိုးရိမ်မှုနှင့် ကြောက်ရွံ့မှုတို့ကို ပယ်ဖျောက်နိုင်သည့် စွမ်းရည်။

(၄) မိမိအိပ်မက်များ၊ ပုံရိပ်စုများတွင် ပါဝင်သည့် စိတ်ကူးဉာဏ် ကွန့်မြူးမှုများကို ကောင်းစွာသိနားလည်နိုင်သော စွမ်းရည်။

(၅) အသက်ရှူနှုန်း၊ သွေးတိုးနှုန်း၊ နှလုံးခုန်နှုန်းတို့ကို ထိန်းချုပ်ရန်အတွက် မိမိ၏ ပုဂ္ဂလိက ဇီဝကမ္မ အခြေအနေများကို အသုံးချနိုင်သည့် စွမ်းရည်။

(၆) မိမိ၏ ပုဂ္ဂလိက ခံစားမှုများကို သိရှိ နားလည်ရန်၊ ခွဲခြား သဘောပေါက်ရန်နှင့် မိမိ စိတ်ပျော်ရွှင်ရေးကို ဖော်ဆောင်ရန် ပြုလုပ်နိုင်သည့် စွမ်းရည်။

အထက်ပါ ပုဂ္ဂိုလ်တွင်း အခြေခံကျစွမ်းရည်တို့သည် အဘယ့်ကြောင့် ဘဝတွင် အရေးပါသည်ကို အသေးစိတ် လေ့လာကြည့်ကြပါစို့။



## (၁) စိတ်ကို တည်ငြိမ်အောင်စုစည်း၍ တစ်စုံတစ်ရာကို အာရုံစူးစိုက်နိုင်သည့် စွမ်းရည်

သင့်ကလေးတွင် အာရုံစိုက် ကျွမ်းကျင်မှုများ မည်သို့ မည်ပုံ ဖွံ့ဖြိုးသည်ကို သင် ကောင်းစွာ သဘောပေါက်ခဲ့ပြီ ဖြစ်ပေလိမ့်မည်။ တစ်ချိန်တည်းမှာပင် သင့်ကလေးတို့ မည်ရွေ့မည်မျှ အာရုံ ပျံ့လွင့်လွယ်ကြောင်းကိုလည်း သဘောပေါက်ပြီး ဖြစ်ပေလိမ့်မည်။ ရှေးပဇာသဏ်ကပင် လူကြီးတို့သည် မိမိတို့၏ကလေးများ မသိစေ၊ မတွေ့စေချင်သည့်အရာတို့နှင့် ပတ်သက်၍ မည်သို့မည်ပုံ အာရုံလွှဲပြောင်းပစ်ရမည်ကို ကောင်းစွာနားလည်ပြီး ဖြစ်ကြသည်။ ကလေးမကြည့်သင့်သည့်အရာ၊ မထိသင့်သည့်အရာတို့နှင့် ရင်ဆိုင်တော့မည်ကို သိလိုက်သည်နှင့်တစ်ပြိုင်နက် လူကြီးတို့သည် အခြားအရာဝတ္ထုတစ်ခုကို ညွှန်ပြကာ "ဟယ် ထူးဆန်းလိုက်တာ၊ ကြည့်စမ်း ဒီမှာ ဘာကြီးလဲ မသိဘူးဟေ့" ဟု အလန့်တကြား အော်တတ်ပါသည်။ ယင်းသို့ အော်လိုက်သည်နှင့်တစ်ပြိုင်တည်းမှာပင် တဖျတ်ဖျတ် သင့်ထံသို့ ပြေးလာသော ကလေးငယ်၏ ခြေသံလေးကိုလည်း ကြားရလိမ့်မည် ဖြစ်ပါသည်။ ကလေးတို့၏ အာရုံအား ပြောင်းလဲစေရန်မှာ ထိုမျှပင် လွယ်ကူမြန်ဆန်လှပါ၏။ ကလေးငယ်သည် အသက်အရွယ်ရ၍ ကြီးထွားလာသည်နှင့်အမျှ သူ၏ ပျံ့လွင့်လွယ်သော အာရုံတို့ကို စုစည်းတတ်ရန်နှင့် တစ်စုံတစ်ခုအပေါ် ကြာရှည်စွာ အာရုံစိုက်တတ်ရန်ကိစ္စသည် တစ်နေ့တခြား အရေးပါကြောင်း သိတတ်လာသည်။ ယင်းသည် ဘဝအတွက် အဓိကကျသော ပုဂ္ဂိုလ်တွင်း ဉာဏ်ရည်ပင် ဖြစ်သည်။ အကြောင်းအရာတစ်ရပ်၊ အဖြစ်အပျက် တစ်ခုအပေါ် အာရုံစူးစိုက်တတ်၍ မိမိ၏ စိတ်တွင်း စဉ်းစားမှုနှင့် ခံစားမှုတို့ကြောင့် ဖြစ်ပေါ်လာသော အာရုံထွေပြားမှုကို ဆန့်ကျင်ရန်နှင့် ပြင်ပအနှောင့်အယှက်တို့ကို တွန်းလှန်ရန် ပြုနိုင်စွမ်းသည် ပုဂ္ဂိုလ်တွင်း ဉာဏ်ရည် ဖြစ်ပါသည်။ ယောသင်

သည် အချိန်ယူပြီး ယေရှုနှင့်အတူ လက်ပွန်းတတီး နေထိုင်ကာ လက်သမားအတတ်ပညာကို သင်ကြားပေးသည်။ သူသည် အချိန်အတော်ကြာသည်အထိ ဂရုတစိုက်ဖြင့် အလုပ်ခွင် အာရုံစူးစိုက်တတ်အောင် ယေရှုအား ကူညီ သင်ကြားပေးသည်။ ယောသပ်သည် ယေရှုနှင့်အတူ အလုပ်အပေါ်တွင် အာရုံစိုက်ထားကာ အသေးစိတ်လုပ်ရမည့် ကိစ္စတို့ကို အာရုံစိုက်တတ်အောင် ယေရှုအား နည်းပြသင်ကြားပေးခဲ့သည်။

## (၂) အပန်းဖြေ အနားယူတတ်သည့် စွမ်းရည်

လူအတော်များများက အပန်းဖြေ အနားယူခြင်းသည် အလွန် လွယ်ကူသည်ဖြစ်၍ လမ်းညွှန် သင်ပြပေးစရာ မလိုဟု မှတ်ထင်ကြသည်။ ယင်းအထင်သည် မှန်ပါ၏လော။ လုံးဝ မမှန်ပါ။ စနစ်တကျ အပန်းဖြေ အနားယူနည်းမှာ ထင်သလောက် မလွယ်ကူလှပါ။ ကျွန်ုပ်တို့၏ လူ့ဘောင်လောကကြီးသည် အရှိန်အဟုန်ပြင်းစွာ ရှေ့သို့ ခရီးနှင်လျက်ရှိပြီး ပတ်ဝန်းကျင်တွင်လည်း စိတ်ကိုဖိစီးစေသည့် အခြေအနေတို့ ပြည့်နှက်နေသည် ဖြစ်ရာ လူအတော်များများသည် နှစ်စဉ် ဝင်ငွေပေါင်း သိန်းသန်းချီ၍ စိတ်ငြိမ်ဆေးများနှင့် အခြား စိတ်ဖိစီးမှု တွန်းလှန်ဆေးများကို သောက်သုံးနေကြကြောင်း မျက်မြင်ထင်ရှားပင် ဖြစ်သည်။ ထို့ကြောင့်ပင် တစ်နေ့တာအလုပ်များကြောင့် ပင်ပန်းလှသည်ဟု အကြောင်းပြကာ ဘီယာလေး တစ်ခွက်၊ ဝီစကီလေး တစ်ပက်၊ ဗေလီယံ (စိတ်ငြိမ်ဆေး) လေး တစ်လုံး သောက်သုံးခြင်းကို ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းက အသာတကြည် ခွင့်လွှတ်နေရခြင်းဖြစ်သည်။ ဒုတိယတန်းကျောင်းသားလေးတစ်ယောက်သည်လည်း သူ့ အထွာနှင့် သူ စိတ်ဖိစီးမှု ပြဿနာများ ရှိနေမည်ကို ကျွန်ုပ်တို့ သတိမူမိကြပါ၏လော။ ထို ဒုတိယတန်းကျောင်းသားလေးသည် ကျောင်းမှ ပြန်လာ၍ အိမ်



ရောက်လျှင် သူ့အိပ်ရာသို့သွားကာ ကြောင်ကလေးတစ်ကောင်လို ဝိုင်းကြီးပတ်ပတ် နှစ်ခါလုပ်ပြီး လဲလျောင်း အိပ်ပျော်သွားလိမ့်မည်ဟု ကျွန်ုပ်တို့ လူကြီးများက ခပ်ပေ့ါပေ့ါ ထင်တတ်ကြသည်။ ဤအထင်သည် လုံးဝ မမှန်ပါ။ ကျွန်ုပ်တို့ ခေတ်သစ် လူ့ဘောင်မှ ကလေးများ၌လည်း အန္တရာယ်ပေးနိုင်သည့် စိတ်ဖိစီးမှုများ ရှိတတ်ကြပါသည်။ သူတို့မှာလည်း ညအိပ်မပျော်ခြင်း၊ စိတ်မဖြေလျှော့နိုင်ခြင်း စသည့် ခေတ်ပေါ် စိတ်ဝေဒနာတို့ ရှိနေတတ်ပါသည်။ လူကြီးများကဲ့သို့ပင် ကလေးများတွင်လည်း စိတ်တင်းအားများခြင်း၊ သွေးလန့်ခြင်း စသည့် စိတ်ပိုင်းပြဿနာတို့ ရှိတတ်ကြသည်။ တစ်နည်းဆိုရသော် ငယ်စဉ်က စိတ်တင်းအား များ၍ သွေးလန့်တတ်ခဲ့သော ကလေးတို့သည် ကြီးလာသည့်အခါ၌လည်း ထိုဝေဒနာ စွဲကပ်၍ ပါလာတတ်သည်။ ထို့ကြောင့် စိတ်ကို ဖြေလျှော့တတ်ရန်နှင့် အလွယ်တကူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တတ်ရန်အတွက် ကျွမ်းကျင်မှုများကိုလည်း သူတို့အား သင်ကြားပေးရဦးမည် ဖြစ်ပါသည်။ ကြွက်သားများကို တင်းမာလာအောင် ညှစ်ပြီးနောက် စနစ်တကျ တဖြည်းဖြည်း ဖြေလျှော့ချသည့်နည်းကို သင်က သင့်ကလေးများအား သင်ပေးရမည် ဖြစ်သည်။ သူတို့တစ်ကိုယ်လုံး တဖြည်းဖြည်း ဖြေလျှော့ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားစေရေးအတွက် ညစဉ် ပုံပြင်စာအုပ် ဖတ်ပြရသည့် အစဉ်အလာ တစ်ရပ်ကိုလည်း သင်က မှန်မှန် ပြုလုပ်ရမည် ဖြစ်ပါသည်။

## (၃) နာကျင်မှု၊ စိုးရိမ်မှုနှင့် ကြောက်ရွံ့မှုတို့ကို ပယ်ဖျောက်နိုင်သည့် စွမ်းရည်

လူ့ဘဝဟူသည် ဝမ်းသာမှု၊ ပျော်ရွှင်မှု၊ တည်ငြိမ်မှု တို့နှင့်သာ ပြည့်ဝသည် မဟုတ်။ ကြောက်ရွံ့မှု၊ နာကျင်မှု၊ စိုးရိမ်မှုတို့နှင့်လည်း ပြည့်ဝနေတတ်ပါသည်။ သို့သော် အစဉ်အလာအရ ကျွန်ုပ်တို့သည်

အကောင်းတရားများဖြစ်သည့် ဝမ်းသာမှု၊ ပျော်ရွှင်မှု၊ တည်ငြိမ်မှု တို့ကိုသာ ကျွန်ုပ်တို့ ဘဝအတွက် မျှော်လင့်အားထားတတ်ကြပြီး ကြောက်ရွံ့မှု၊ နာကျင်မှု၊ စိုးရိမ်မှုစသည့် အဆိုးတရားများနှင့် ကြုံတွေ့ရသော အခါတွင်မူ ကျွန်ုပ်တို့တွင် တစ်စုံတစ်ရာ မှားယွင်း နေပြီဟု ထင်တတ်ကြပါသည်။ ကြောက်ရွံ့ခြင်း၊ နာကျင်ခြင်း၊ စိုးရိမ်ခြင်းတို့သည် မကောင်းသော အတွေ့အကြုံများ ဖြစ်သည်ဟု ကျွန်ုပ်တို့ ထင်မှတ် ယုံကြည်သည့်အလျောက် ယင်းတို့ကို ဖုံးကွယ်ရန် ကြိုးပမ်းတတ်ကြသည်။ သို့သော် ယင်းကြိုးပမ်းမှုတို့သည် အရာ မရောက်ရုံသာမက အန္တရာယ်ကိုပင် ပေးတတ်ကြောင်း ကျွန်ုပ်တို့ သတိမမူမိတတ်ကြပေ။ ယင်း မကောင်းသည့် အတွေ့အကြုံတို့ကို ဖုံးကွယ် ပိတ်ဆို့ထားပါက ယင်းတို့သည် ထွက်ပေါက်မရှိ ဖြစ်ကာ ကျွန်ုပ်တို့ကိုပင် ပြန်၍အန္တရာယ်ပြုတတ်ပေသည်။ ယင်းတို့ကို ဖုံးကွယ်ရန် ကြိုးပမ်းခြင်းသည် ပြဿနာကို မည်သို့မည်ပုံ ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းရမည် ဆိုသည့် နည်းလမ်းကို ရှာမတွေ့ ဖြစ်စေ တတ်သည်။

ယောသပ်သည် ယေရှုအား ရုပ်ပိုင်းနှင့် စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာ ထိခိုက် နာကျင်မှု အားလုံးနှင့် ပတ်သက်၍ မည်သို့မည်ပုံ ရင်ဆိုင် ဖြေရှင်းရမည်ကို သင်ကြားပေးသည်။ ယေရှု၏ ကြောက်ရွံ့မှုများ၊ စိတ်ထိခိုက် နာကျင်မှုများနှင့် စိုးရိမ်မှုများကို မည်သို့မည်ပုံ ရင်ဆိုင် ဖြေရှင်းရမည်ကို လမ်းညွှန် သင်ကြားပေးခဲ့သည်။ ကြောက်ရွံ့မှု၊ နာကျင်မှု၊ စိုးရိမ်မှု စသည့် စိတ်လှုပ်ရှား ခံစားမှုတို့သည် ဘဝတွင် ရှောင်လွှဲ၍ မရ၊ လူတိုင်း ရင်ဆိုင်ရမည့် အတွေ့အကြုံများဖြစ်ကြောင်း ယင်းတို့နှင့် ရင်ဆိုင်ရသည့်အခါ မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းသင့်ကြောင်းကို သင့်ကလေးအား သင်ကြား ပေးခြင်းသည် သူတို့အဖို့ တန်ဖိုးကြီးလှသည့် လက်ဆောင်မွန် ဖြစ်ပါသတည်း။



## (၄) အိပ်မက်များ၊ ပုံရိပ်စုများတွင် ပါဝင်သည့် စိတ်ကူးဉာဏ်ကွန့်မြူးမှုများကို ကောင်းစွာ သိရှိနားလည်နိုင်သောစွမ်းရည်

ဤစွမ်းရည်သည် ကျွန်ုပ်တို့ လူကြီးများ သတိမပြုမိကြသည့် ကလေးတို့၌ ဖွံ့ဖြိုးသော ကြွယ်ဝသည့် စွမ်းရည်နယ်ပယ် တစ်ခုဖြစ်သည်။ စိတ်ကူးဉာဏ် ကွန့်မြူးခြင်းဟူသည် တီထွင် ဖန်တီးနိုင်စွမ်း၏ မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ ကြွက်သားများသည် မသုံးဘဲ ပစ်ထားပါက ပျော့ညံ့သိမ်ဖျင်းသွားတတ်သလောက် ထပ်တလဲလဲ လေ့ကျင့် သုံးစွဲပါက ပို၍ စွမ်းအားရှိတတ်လာသကဲ့သို့ စိတ်ကူးဉာဏ် ကွန့်မြူးခြင်းသည်လည်း သုံးလေ ထက်လေ ဖြစ်ပေသည်။ ပုံရိပ်စုများသည် ခံစားမှုပိုင်းအတွက်ကြွယ်ဝသော ရင်းမြစ်များ ဖြစ်သကဲ့သို့ စိတ်ကျန်းမာရေးနှင့် စိတ်ကုသရေးတို့ အတွက်လည်း အရေးပါသော ဆေးဝါး တစ်လက် ဖြစ်ပေသည်။ ကလေးတို့သည် မူလကပင် ကျွမ်းကျင်သည့် စိတ်ကူးယဉ်သမားများ (ဝါ) အိပ်မက် မက်သူများ ဖြစ်ကြသည်။ မိဘတို့၏ အကူအညီ၊ အားပေးတိုက်တွန်းမှုဖြင့် ပို၍ ကြည်လင်သော အမြင်ကို ရရှိလာတတ်သည်။ သူတို့သည် ထိုအမြင်ဖြင့် အိပ်မက်တွင်းမှ ကြောက်ရွံ့မှုများ၊ စိတ်လှုပ်ရှား ခံစားမှု ပြဿနာများကို ဖြေရှင်း အနိုင်ယူတတ်ကြသည်။ ယောသပ်၏ အိပ်မက်များသည် သူ၏ ပုဂ္ဂိုလ်ရေးနှင့် စိတ်ဓာတ်ရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ကြွယ်ဝသော ရင်းမြစ်များ ဖြစ်သည်။ သူသည် စိတ်ဖိစီးမှု၊ စိုးရိမ်သောကတို့နှင့် ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် တောင်ထိပ်ပေါ်သို့ ဘက်ကာ တရားရှုမှတ် ဆင်ခြင်ပြီး အိပ်မက်လောကသို့ ရောက်ရှိသွားတတ်သည်။ ယောသပ်က ယေရှုသည် ငွေဝယ်ကျွန်များအား သူတို့၏ စိတ်ထဲတွင် သီချင်းသံများ၊ တူရိယာသံများ ကြားလာ

အောင် စိတ်ကူး ကွန့်မြူးစေကာ နေရင်းဒေသသို့ ပြန်ရောက်သည့် ခံစားမှုမျိုးကို ဖြစ်ပေါ်စေခဲ့ကြောင်း ရှေ့ပိုင်းက တင်ပြခဲ့ပြီးပေပြီ။

## (၅) ပုဂ္ဂလိက ဇီဝကမ္မအခြေအနေများကို ထိန်းချုပ် အသုံးချနိုင်သည့် စွမ်းရည်

ပုဂ္ဂိုလ်တွင်း ဉာဏ်ရည်နှင့် ပတ်သက်သည့် ဤစွမ်းရည်သည် သင့်ကလေးအတွက် ထူးဆန်းကောင်း ထူးဆန်းနေမည် ဖြစ်သော်လည်း စိတ်ဖိစီးမှုကို ထိန်းချုပ်ရေးနှင့် ပတ်သက်၍ကား လွန်စွာအရေးပါသည့် စွမ်းရည်တစ်ရပ် ဖြစ်ပေသည်။ မိမိတို့ ကိုယ်ခန္ဓာတွင်း လုပ်ငန်းများကို ထိန်းချုပ်နိုင်စွမ်းသည် ကျွန်ုပ်တို့အား မည်သို့မည်ပုံ ကူညီနိုင်ပါသနည်း။ ဤမေးခွန်းကို ဖြေဆိုရန် ဘိုင်အိုဖိဘက် (Bio feedback) ခေါ် ဇီဝ အားဖြည့်မှု ပညာရှင်တို့၏ သုတေသနကိုပင် ကိုးကားပြရပေတော့မည်။ ဥပမာအားဖြင့် နှလုံးခုန်နှုန်း မှုမမှန်သည့် ဝေဒသည်များအား ပုံမှန် နှလုံးခုန်နှုန်းအတိုင်း ဖြစ်စေရန် မိမိဘာသာ နှလုံးခုန်နှုန်းကို စိတ်ဖြင့် ထိန်းချုပ်နိုင်သည့် နည်းကို သင်ကြားပေးခြင်းမျိုး ဖြစ်သည်။ အချို့သော ဝေဒနာသည်များကိုမူ လက်နှင့် ခြေများ နွေးထွေးသွားစေရန် သွေးအသွားအလာ မှန်ကုန်စေသည့် နည်းကို သင်ကြားပေးသည်။ တရားစာ ရွတ်ဆိုခြင်း၊ တရားထိုင်ခြင်းတို့ဖြင့် ဦးနှောက်လှိုင်းများကို ပုံမှန် အနေအထားအတိုင်း ဖြစ်စေကာ အပန်းဖြေ အနားယူသည့် နည်းမျိုးကိုလည်း သင်ကြားပေးတတ်သည်။ အားကစား စိတ်ပညာရှင် (Sport psychologist) တို့ကမူ ထူးချွန်အားကစားသမားများအား ဦးနှောက်နှင့် ကိုယ်ခန္ဓာကို ထိန်းချုပ်ခြင်းဖြင့် အားကစား လုပ်ဆောင်ချက် မြင့်မားစေသည့် နည်းကို သင်ကြားပေးတတ်သည်။ အထက်က ပြခဲ့သည့် ဥပမာတို့မှာ ခက်ခဲ နက်နဲလှသည်ဟု သင် ယူဆပါက ယခု ဖော်ပြမည့် နည်းလမ်းတစ်ခုကို လေ့လာကြည့်ပါဦး။



'သံပရာသီး လေ့ကျင့်ခန်း' The Lemon Exercise ဆိုသည်မှာ အလာဗားမားတက္ကသိုလ် Alabama A & M University မှ 'က' အဆင့် အားကစားသမားတို့အတွက် သတ်မှတ်ထားသည့် လေ့ကျင့်ခန်း ဖြစ်သည်။ ဤလေ့ကျင့်ခန်းကို သင့်ကလေးများနှင့် စမ်းသပ် သုံးစွဲကြည့်ပါလေ။ ရှေးဦးစွာ ဤသို့ ပြောပါ။ "တို့တစ်တွေ စိတ်ကူးယဉ် လေ့ကျင့်ခန်း လုပ်ပြီးတော့ တို့စိတ်က တို့ ကိုယ်အပေါ် ဘယ်လို လွှမ်းမိုးတယ် ဆိုတာ လေ့လာကြည့်ရအောင်။ ငါက မင်းကို လတ်ဆတ် မှည့်ဝင်းပြီးတော့ အရည်ရွှမ်းနေတဲ့ သံပရာသီးကြီး တစ်လုံး ပေးတယ်လို့ စိတ်ကူးလိုက်။ အဲဒီ မှည့်ဝင်းနေတဲ့ သံပရာသီးရဲ့ သင်းပျံ့တဲ့ အနံ့ကို မင့် နှာခေါင်းနဲ့ ကပ်ပြီး ရှူကြည့်လိုက်။ ပြီးတော့ ဓားတစ်ချောင်းနဲ့ အဲဒီ သံပရာသီးကို ထက်ခြမ်းခွဲလိုက်၊ အချဉ်နံ့ သင်းပျံ့နေတဲ့ သံပရာရည်တွေ တစ်စက်စက် ထွက်ကျလာပြီ။ အဲဒီ မွှေးပျံ့ ရွှမ်းစို ချဉ်ပြုံးနေတဲ့ သံပရာရည်ကို တို့တစ်တွေ လျှာလေးနဲ့ တစ်စက်ချင်း လျက်ကြည့်နေတယ်လို့ စိတ်ကူးလိုက်စမ်း" ထိုအချိန် တွင် သင့်ကလေးတို့သည် (အလာဗားမား တက္ကသိုလ်မှ အားကစား သမားများကဲ့သို့ပင် တုံ့ပြန်နေကြမည် ဖြစ်သည်။) သူတို့သည် ပါးစပ်အပေါင်းသားဖြင့် သွားရည် တရွှဲရွှဲ ကျနေမည် ဖြစ်သည်။ (သံပရာသီးက ချဉ်ပေသကိုး) သံပရာရည်၏ မွှေးပျံ့ ချဉ်စူးရှသော အရသာသည် စိတ်ကူးမှုတစ်ဆင့် ကလေးတို့၏ လျှာပေါ်သို့ ရောက်နေပေပြီ။ (စာဖတ်သူရော သွားရည်ကျနေပြီလား) သို့သော် သံပရာသီးက ဘယ်မှာလဲ။ သံပရာသီးက စိတ်ကူးထဲမှာပဲ ရှိနေပါသည်။ သူတို့ စိတ်ကူးက ဖန်တီးသည့် သံပရာသီးကပင် သူတို့ ကိုယ်ခန္ဓာတွင်း ဇီဝကမ္မ အပြောင်းအလဲ (သွားရည်ကျခြင်း) ကို ဖြစ်စေပါသည်။ ဤဥပမာက ပေးသည့် သင်ခန်းစာမှာ သင်၏ တွေးတောမှုသည် သင်၏ ခံစားမှု အပြောင်းအလဲကို ဖြစ်ပေါ်စေသည် ဟူသောအချက် ဖြစ်ပါသည်။ အကယ်၍ သင်သည်

ကြောက်ရွံ့ ထိတ်လန့်စရာ အဖျက်သဘော တွေးတောမှုများ ပြုခဲ့လျှင် ဘာဖြစ်မည်ထင်ပါသလဲ။ အကယ်၍ သင်သည် သင့်ကိုယ်သင် အပြုသဘော စွမ်းအားပြည့်တွေးတောမှုများ ပြုလုပ်ခဲ့လျှင်ကော ဘာဖြစ်မည်ထင်ပါသလဲ။ ယခု သံပရာသီး လေ့ကျင့်ခန်းတွင် ဖော်ပြသကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။ တစ်နည်းဆိုရသော် အဖျက်သဘော တွေးတောမှုများက အဖျက်သဘောခံစားမှုကို ဖြစ်ပေါ်စေပြီး၊ အပြုသဘော တွေးတောမှုများက အပြုသဘော ခံစားမှုနှင့် စွမ်းအားပြည့် အတ္တကိုဖြစ်ပေါ်စေပါလိမ့်မည်။ ကြည်လင်သာယာသည့် နေ့များအကြောင်းကို စဉ်းစားကြည့်စမ်းပါ။ ထို့နောက် သင့်ကို ချစ်ခင် နှစ်သက်သူ တစ်ဦး က သင့်ကို ပြုံးပြသည် ဆိုပါစို့။ သင်က သူ့ကို ပြန်ပြုံးပြသောအခါ သူက သင့်ကို ယုယစွာ ဖက်ပွေ့လိုက်မည် ဖြစ်ပါသည်။ ယခုလောက်ဆိုလျှင် သင် သဘောပေါက်ပြီ မဟုတ်ပါလား။ ဤသို့သော လေ့ကျင့်ခန်းများကို သင့်ကလေးအား မကြာခဏ ပြုလုပ်ခိုင်းပါ။ ဤလေ့ကျင့်ခန်းများက ဇီဝကမ္မပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အဖိုးတန် နက်နဲသော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပါလိမ့်မည်။

## (၆) မိမိ၏ ပုဂ္ဂလိက ခံစားမှုများကို သိရှိ နားလည်ရန်၊ ခွဲခြား သဘောပေါက်ရန်နှင့် မိမိ စိတ်ပျော်ရွှင်ရေးကို ဖော်ဆောင်ရန် ပြုလုပ်နိုင်သည့် စွမ်းရည်

ဤစွမ်းရည်သည် ပုဂ္ဂိုလ်တွင်း ဉာဏ်ရည်၏ အဓိကမဏ္ဍိုင်ပင် ဖြစ်သည်။ ဤစွမ်းရည်နှင့် အတူ ကျွမ်းကျင်မှုတို့ တိုးတက်ဖွံ့ဖြိုး လာပါက ကလေးတစ်ဦးအဖို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိမည့် အပြင် သူ့ အတ္တလည်း ကောင်းစွာ ဖွံ့ဖြိုးသည်ဟု ဆိုနိုင်သည်။ လောကတွင် ကျွန်ုပ်တို့ကို ဒုက္ခအပေးနိုင်ဆုံးအချက်မှာ ကျွန်ုပ်တို့၏



စိတ်လှုပ်ရှားမှုများနှင့် အတွေးများကို ပိုင်ပိုင်နိုင်နိုင် မချုပ်ကိုင်နိုင်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသူများကိုသာ လိမ်ညာ၍ရမည်။ ကိုယ့်ကိုယ်ကိုယ်ကား လိမ်ညာ၍ မရနိုင်။ သို့သော် တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ အတ္တအမှန်ဘဝမှ လွတ်မြောက် ထွက်ပြေးလိုကြသည်။ (ဝါ) ကိုယ့်ကိုယ်ကိုယ် လိမ်ညာ လှည့်စားလိုကြသည်။ မရှိကို အရှိ လုပ်လိုကြသည်။ ထိုအခါမျိုးတွင် ကျွန်ုပ်တို့သည် မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ အရက်သေစာ သောက်စားခြင်းဖြင့် အစစ်အမှန်ဘဝမှ ခေတ္တခဏ ထွက်ပြေး တိမ်းရှောင်တတ်ကြသည်။ အဆိုးဝါးဆုံးသော ရှောင်ပြေးမှုကား ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းပင် ဖြစ်သည်။ ဝမ်းနည်းစရာ ကောင်းသည်မှာ ယခုခေတ် ဆယ်ကျော်သက် အတော်များများသည် ဤနည်းလမ်းကို သုံး၍ အစစ်အမှန် အတ္တမှ ရှောင်ခွာတတ်ခြင်းပင် ဖြစ်ပေသည်။

စိတ်ဖိစီးမှုကို အာခံနိုင်သော အစွမ်းရှိသည့် ကလေးတို့ကား ခံစားမှုများကို မိမိအတွက် အကျိုးရှိ အသုံးဝင်အောင် ပြုလုပ်နိုင်စွမ်းရှိသူများ ဖြစ်ကြသည်။ ထိုကလေးများသည် ပြင်းထန်သည့် စိတ်ဖိစီးမှုများကို သည်းခံနိုင်စွမ်း ရှိရုံမက ယင်းတို့အပေါ် မှီ၍လည်း မိမိအတွက် အကျိုးရှိအောင် ပြုနိုင်စွမ်းသောကြောင့် စိတ်ဖိစီးမှု အာခံနိုင်သူ ကလေးတို့ကို စိတ်ပညာရှင်များက အထူး စိတ်ဝင်စားခဲ့ကြသည်။ ထိုသို့သော ကလေးမျိုးကို အစွရေး နယ်စပ်မြို့များ၌လည်းကောင်း၊ ပြည်တွင်း မငြိမ်မသက် ဖြစ်နေသည့် အိုင်ယာလန်ပြည် ဘဲလ်ဖတ် (**Belfast**) မြို့၌ လည်းကောင်း တွေ့ရှိရသည့်ပြင် အမေရိကန်ပြည်ထောင်စု အတွင်း၌လည်း မြို့ကြီးပြကြီးများ၏ အလယ် ရာဇဝတ်မှု ထူပြော၍ စိတ်ဓာတ်ကျနေသူများ ရှိရာ ဆင်းရဲသားရပ်ကွက် ပတ်ဝန်းကျင်တွင်လည်း တွေ့ရှိရတတ်သည်။ စိတ်ဖိစီးမှုကို အန်တုနိုင်သူဟု သတ်မှတ်ခြင်း ခံရသော ကလေးအားလုံးသည် အခြားသာမန်ကလေးများ လုံးဝခံနိုင်မည်မဟုတ်

သည့် စိတ်ဖိစီးမှုတို့ကို ကြံ့ကြံ့ခံနိုင်ရုံမက မိမိ၏ လုပ်ဆောင်ချက်များကိုလည်း ထိခိုက်ကျဆင်းခြင်း မရှိရလေအောင် ထိန်းသိမ်းနိုင်ကြောင်း တွေ့ရသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့် ထိုကလေးတို့၏ ခြင်းရာသတ္တိ တစ်ခုကား သူတို့သည် အတ္တအလေးအမြတ်ပြုမှု (Self esteem) မြင့်မားသော ကလေးတို့နှင့် ထူးခြားစွာ တူညီနေခြင်းပင်တည်း။ ပုဂ္ဂိုလ်တွင်း ဉာဏ်ရည်၏ အရေးပါသည့် ဂုဏ်သတ္တိတစ်ခုကား အကျဉ်းအကျပ်၊ အခက်အခဲတို့နှင့် ရင်ဆိုင်ရသည့် အချိန်တွင် ကျွန်ုပ်တို့၏ ခံစားမှုများကို ကျွန်ုပ်တို့ အကျိုးအတွက် အသုံးချတတ်သည့် စွမ်းဆောင်ရည် ဖြစ်ပေသည်။ ဤစွမ်းဆောင်နိုင်မှုမျိုးသည် ကလေးတို့ အဖို့လည်း အပြုအမူသစ်ကို စမ်းသပ် ပြုမူကြည့်နိုင်ရန်နှင့် အန္တရာယ် ရှိနိုင်သည့် ကိစ္စရပ်များတွင် စွန့်စား လုပ်ဆောင်ကြည့်ရန် လှုံ့ဆော်ပေးနိုင်သည် ဖြစ်ရာ ဖွံ့ဖြိုးမှုနှင့် သင်ယူခြင်းအတွက်လည်း အခွင့်အလမ်းသစ်များကို ဖွင့်ပေးသည့်သဘော ရှိပေသည်။

သို့ဖြစ်ခြင်းကြောင့် ပုဂ္ဂိုလ်တွင်း ဉာဏ်ရည်မဖွံ့ဖြိုးသော ကလေးတို့အဖို့ လောကဓံ၏ ထုထောင်းမှုများမှ ရှောင်ရှားသက်သာမှု ရစေရန်၊ မူးယစ်ဆေးနှင့် အရက်တို့ကို အားထားရသည်မှာ ထူးဆန်းလှသည် မဆိုသာတော့ပါ။ ကျွန်ုပ်တို့၏ ကလေးများသူတို့ကိုယ် သူတို့ ကယ်တင်နိုင်ရန် ကျွန်ုပ်တို့က ကူညီရမည် ဖြစ်ပါသည်။ အကောင်းဆုံးသော ကူညီနည်းမှာ ကျွန်ုပ်တို့က စံပြပုဂ္ဂိုလ်များအဖြစ် ရှေ့ဆောင်ကာ ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုများကို ဖော်ထုတ် ပြသပြီး သူတို့အား ထို ကျွမ်းကျင်မှုများ ရရှိနိုင်ရန် နည်းပြသင်ကြားပေးခြင်း ဖြစ်သည်။ ယောသပ်သည် ယေရှုအား ခံစားမှုများနှင့် ပတ်သက်၍ နစ်ရှည်လများ နည်းပြသင်ကြားပေးခဲ့ပါသည်။ ယောသပ်သည် ယေရှုအား လက်သမားအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ပေးသည့်အခါမျိုးမှာပင် ခံစားမှု အပြည့်



ထည့်၍ သင်ကြားပေးသည်ကို အမှတ်ရလိုက်ပါ။ လက်တွင် စူးနေသည့် သံစကလေးကို နုတ်ပေးသည့် ဖြစ်ရပ်ကိုလည်း သတိရလိုက်ပါ။

## ပုဂ္ဂိုလ်ချင်း ဉာဏ်ရည်

ပုဂ္ဂလိကဉာဏ်ရည်၏ အခြား အစိတ်အပိုင်း တစ်ခုမှာ ပုဂ္ဂိုလ်ချင်းဉာဏ်ရည် ဖြစ်သည်။ ဂါဒနာ (Gardner) ၏ အလိုအရမူ ဤဉာဏ်ရည်မှာ “အခြားပုဂ္ဂိုလ်များတွင် ရှိသော ခြားနားချက်များကို သတိပြု သိရှိနိုင်သည့် စွမ်းရည်၊ အထူးသဖြင့် ထိုသူတို့၏ ယာယီစိတ်နေသဘောထား၊ စေ့ဆော်မှုနှင့် ရည်မှန်းချက်များ ခြားနားပုံကို ခွဲခြား နားလည်နိုင်သည့် စွမ်းရည်”ပင် ဖြစ်ပေသည်။ ပုဂ္ဂိုလ်ချင်းဉာဏ်ရည် အရာတွင် အဆင့်အတန်း မြင့်လာသော အရွယ်ရောက်ပြီး သူတစ်ဦးသည် တစ်စုံတစ်ဦး၏ အဖွဲ့တွင် သန္တာန်အတွင်းရှိ ရည်ရွယ်ချက်များနှင့် ဆန္ဒများကို (ထိုသူ မည်မျှပင် ကြိုးစား၍ ဖုံးကွယ်ထားစေကာမူ) ကောင်းစွာ နားလည်နိုင်စွမ်း ရှိပေသည်။ ယင်းသို့ နားလည်နိုင်စွမ်း ရှိသည့်အလျောက် မလိုလားအပ်သော အကျိုးသက်ရောက်မှုများ မဖြစ်ပေါ်အောင်လည်း ကြိုတင်ကာကွယ်နိုင်စွမ်း ရှိလေသည်။ ဥပမာပြရသော် လူတစ်စုနှင့် အချိန်အနည်းငယ်မျှ တွေ့ဆုံ စကားပြောပြီးသည်နှင့် တစ်ပြိုင်နက် ထိုသူတို့ အတွင်း မည်သို့သော သဘောကွဲလွဲမှုများ ရှိနေသည်ကို (ထိုသူတို့ မည်မျှပင် ဖုံးကွယ်ထားစေကာမူ) နားလည် သဘောပေါက်ကာ ယင်းတို့ကို ပြေလည်အောင်ပြု၍ မိမိလိုလားသည့် ပန်းတိုင်သို့ရောက်အောင် ဩဇာဖြင့် လွှမ်းမိုးတတ်သည့် စွမ်းရည်သည်ပင် ပုဂ္ဂိုလ်ချင်းဉာဏ်ရည် ဖြစ်သည်။ ရိုးရိုးရှင်းရှင်း ဆိုရသော် လူအများအပေါ် ဆက်ဆံရေး ဩဇာညောင်းနိုင်စွမ်း ရှိသည့် ဉာဏ်ရည်မျိုးပင် ဖြစ်ပါသည်။

ယခုအချိန်အထိ သင့်ဘဝ သက်တမ်းတစ်လျှောက်တွင် တွေ့ကြုံဖူးခဲ့သော တကယ်တမ်း ခင်မင်နှစ်လိုဖွယ် ကောင်းပြီး ပုဂ္ဂိုလ်ရေးအရလည်း အပေါင်းအသင်းတို့အပေါ် ဩဇာညောင်းသည့် ပုဂ္ဂိုလ်တို့အကြောင်း အချိန်အနည်းငယ်ယူ၍ ပြန်လှန် စဉ်းစားကြည့်စမ်းပါ။ ထိုပုဂ္ဂိုလ်များသည် သင်နှင့်သာ မဟုတ်၊ အခြားသော အလွှာအသီးသီးမှ လူတန်းစား အမျိုးမျိုးနှင့်လည်း မည်သို့မည်ပုံ ရင်းနှီး ချစ်ကြည်စွာ ဆက်ဆံတတ်ကြောင်းကို ပြန်စဉ်းစားကြည့်ပါ။ ထိုသူများသည် ပုဂ္ဂိုလ်ချင်း ဉာဏ်ရည် အထူး ဖွံ့ဖြိုးပြီးသော ပုဂ္ဂိုလ်များ ဖြစ်ပေရာ ထိုသူတို့ကို ကျွန်ုပ်တို့က ဆရာတင်ရပါမည်။ သူတို့ပြုမူ ပြောဆို ကျင့်ကြံနေထိုင်ပုံတို့ကို အတုယူရပါမည်။ သူတို့သည် ကျွန်ုပ်တို့ဘဝအတွက် သင်ဆရာ၊ မြင်ဆရာ၊ နည်းပြဆရာ၊ မန်နေဂျာနှင့် ခေါင်းဆောင်လည်း မည်ပါပေ၏။ မကြာခဏ ဆိုသလိုပင် ထိုသူများသည် အခြားသူတို့၌ မည်သည့် စွမ်းအင်ပုန်းများ ရှိသည်ကို မနေသာအာရုံဖြင့်သိတတ်ကြသည်။ ယင်းသို့ သိသည့်အလျောက် အခြားသူတို့၏ အကောင်းဆုံးသော စွမ်းရည်များပေါ်ထွက်လာအောင်လည်း အဘက်ဘက်မှဖေးမကူညီပေးတတ်ကြသည်။

ကလေးတိုင်းသည် ပုဂ္ဂိုလ်ချင်း ဉာဏ်ရည် ကျွမ်းကျင်မှု အမျိုးမျိုး ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းရန် လိုအပ်ပေသည်။ အမှန်မြတ်ဆုံး စံနှုန်းအရသော် ကလေးကြီးပြင်းလာသည်နှင့်အမျှ ပိုမိုနက်နဲသည့် ပုဂ္ဂိုလ်ချင်း ဉာဏ်ရည် ကျွမ်းကျင်မှုတို့လည်း ဖွံ့ဖြိုးလာတတ်ပါသည်။ အောက်ဖော်ပြပါတို့ကား အခြေခံကျသော ပုဂ္ဂိုလ်ချင်း ဆက်နွယ် ကျွမ်းကျင်မှုအချို့ ဖြစ်ပါသည်။ စင်စစ်အားဖြင့်မူ အခြားသော ကျွမ်းကျင်မှုများလည်း ရှိနိုင်ပါသေးသည်။ မည်သို့ပင်ဖြစ်စေ အောက်တွင် ဖော်ပြထားသည်တို့ကား ကျွန်ုပ်အဖို့ ကျောင်းတွင်လည်းကောင်း၊ ဘဝတစ်သက်တာတွင်လည်းကောင်း နေ့စဉ်



နှင့်အမျှ အောင်ပန်းဆင်နိုင်ရေးအတွက်အရေးပါသည့် အခြေခံကျသော ပုဂ္ဂိုလ်ချင်း ဆက်နွယ်မှုဆိုင်ရာ ကျွမ်းကျင်မှုများပါတည်း။

## ပုဂ္ဂိုလ်ချင်း ဉာဏ်ရည် ကျွမ်းကျင်မှုများ

(၁) ချစ်မြတ်နိုးတတ်သော၊ ချစ်မြတ်နိုးမှုကို ခံယူတတ်သော စွမ်းရည်။ လူသားချင်း ထိတွေ့ ဆက်ဆံမှုအပေါ် အခြေခံသည်။ ရင်းရင်းနှီးနှီး နေထိုင် ဆက်ဆံခြင်းဖြင့် လူအချင်းချင်း ပေါင်းသင်းဆက်ဆံမှုကို နွေးထွေး ခိုင်မြဲစေနိုင်သည်။

(၂) အလုပ်ခွင်တွင် လည်းကောင်း၊ ပျော်ရွှင်မှုတွင် လည်းကောင်း တက်ကြွစွာ ပါဝင်လှုပ်ရှားတတ်သည့် စွမ်းရည်။ လူများစုနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ အုပ်စုအတွင်း လှုပ်ရှား ပြုမူရာတွင်လည်းကောင်း သင့်လျော်သည့် အပြုအမူ၊ ကျွမ်းကျင်သည့် တုံ့ပြန်မှုတို့ကို ပြုလုပ်နိုင်ခြင်း။

(၃) လူတို့၏ အရိပ်အကဲကို (ဖွင့်မပြောဘဲနှင့်) ရိပ်မိခြင်း၊ သိနားလည်နိုင်စွမ်းရှိခြင်း။

(၄) အုပ်စုပြင်ပမှ အခြားလူများနှင့်လည်းကောင်း၊ အုပ်စုတွင်းမှ လူများနှင့်လည်းကောင်း ထိရောက်စွာ ပြောဆိုဆက်ဆံနိုင်စွမ်းရှိခြင်း။

(၅) အခြားသူများ၏ ခံစားမှုကို ကိုယ်ချင်း စာနာတတ်ပြီး နားလည် သဘောပေါက်လွယ်သည့် အပြင် ထိုသူတို့၏ ပြောစကားကို တလေးတစား နားထောင်တတ်ခြင်း။

(၆) အခြားသူတို့၏ အပြုအမူ၊ သဘောထားနှင့် လုပ်ဆောင်ချက်တို့ ပိုမိုကောင်းမွန်တိုးတက်လာစေရန်အတွက် လမ်းညွှန်ခြင်း၊ ဦးမံခန့်ခွဲခြင်း၊ စေ့ဆော်ခြင်း၊ အားပေးခြင်း။

သင်သည်အထက်က ပြခဲ့သည့်ပုဂ္ဂိုလ်ချင်း စွမ်းရည် ကျွမ်းကျင်မှု နယ်ပယ်အားလုံးတွင် သင့်ကလေး ထူးချွန်ပြောင်မြောက်လိမ့်မည်ဟုကား မျှော်လင့်ရဲလိမ့်မည် မထင်ပေ။ မည်သို့ပင် ဖြစ်စေ အထက်ပါ နယ်ပယ်ခြောက်ခုအနက်မှ အခြေခံအဆင့်ကိုမှ မမီခဲ့လျှင်ကား ချို့ယွင်းချက်ဖြစ်သည်ဟု သတ်မှတ်ရပေတော့မည်။ ယင်းတို့ကို တစ်ချက်ချင်းလေ့လာ၍အဘယ့်ကြောင့် ဘဝ အောင်မြင်ရေးအတွက် အဓိကကျသည်ကို ဆန်းစစ်ကြည့်ကြပါစို့။

## (၁) ချစ်မြတ်နိုးတတ်၍ ချစ်မြတ်နိုးမှုကို ခံယူတတ်သော စွမ်းရည်

လူအချင်းချင်း ထိတွေ့ ဆက်ဆံခြင်း၊ မိမိက စတင် မိတ်ဖွဲ့၍ ထိုမိတ်သဟာယ ဘဝကို တည်တံ့ ရှည်ကြာ ခိုင်မာစေတတ်ခြင်း သဘော ပါဝင်သည့် လူနှင့် လူချင်း ဆက်နွယ်မှုများတွင် အကျုံးဝင်သော စွမ်းရည်တစ်ခု ဖြစ်သည်။ ဤစွမ်းရည်ကို နံပါတ် (၁) အဖြစ် ထိပ်ဆုံးက ထားရခြင်းမှာ အကြောင်းရှိသည်။ ဤစွမ်းရည်ကား လူတို့၏ စွမ်းရည်များအနက် အရေးအပါဆုံးသော စွမ်းရည်ဖြစ်၍ ထိပ်ဆုံးက ထားရခြင်းဖြစ်ပါသည်။ ဤစွမ်းရည်သာ မရှိခဲ့သော် ကျွန်ုပ်တို့သည် အထီးကျန်ဘဝတွင် အရိုးထုတ်ကြရလိမ့်မည်။ တစ်ကိုယ်တည်း ဧကစာ ကျင့်သုံးရမှုကြောင့် ဘဝတွင် အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းစသည့် လောကီအရသာတို့ကိုလည်း ခံစားကြရတော့မည်မဟုတ်။ ပွင့်လင်းစွာ ပေါင်းသင်းဆက်ဆံခြင်း၊ သဟာယဖွဲ့ခြင်း၊ လက်ပွန်းတတီးနေခြင်းတို့ကား ပုဂ္ဂလိကဉာဏ်ရည်၏ သော့ချက်ပမာအရေးပါသည့် အစိတ်အပိုင်းတစ်ခုပင်တည်း။ ကလေးတစ်ယောက်အား အခြားကလေးများနှင့်ပေါင်းသင်းဆက်ဆံခြင်း၊ ကစားမြူးထူးခြင်းမပြုရဟု ပိတ်ပင်တားမြစ်ထားခဲ့သော် ထိုကလေးအဖို့ ပြင်းထန်သော စိတ်လှုပ်ရှားမှုဒဏ်ကို ခံစား



ရလိမ့်မည် ဖြစ်သည်။ လောကတွင် လူသားတစ်ဦးအား လှောင်ပိတ်၍ အထီးကျန်ထားခြင်းထက် ပိုမိုပြင်းထန်သည့် ညှဉ်းပန်း နှိပ်စက်မှုမျိုး မရှိနိုင်ကြောင်း သတိပြုပါလေ။

ကလေးအားလုံးသည် ဖွံ့ဖြိုးမှုအဆင့် တစ်ဆင့်၊ အချိန်တစ်ချိန်တွင် အခြားသူများ၏ နှစ်သက် လက်ခံခြင်း၊ ဂရုတစိုက် ပြုစုခြင်း၊ (အထူးသဖြင့်) သက်ရွယ်တူသူတို့က အရေးတယူ ပြုလုပ်ခြင်းတို့ကို ခံယူလိုတတ်ကြသည်။ ကလေးတစ်ဦးအဖို့ 'စည်းအပြင်က လူ' ဖြစ်ရခြင်းထက် ဝမ်းနည်းဖွယ် ကောင်းသည့်အရာမရှိ။ သူနှင့် သက်တူ ရွယ်တူ သူငယ်ချင်းများက သူ့ကို ဝိုင်းပယ် ငြင်းဆန်မည်ကို သူ သေမလောက်ကြောက်တတ်သည်။ အပြင်လူဖြစ်ရခြင်းက ကလေးတစ်ဦး၏ အတ္တအလေးအမြတ်ပြုမှုအပေါ် ဆိုးကျိုးသက်ရောက်ပုံတို့ကို ကျွန်ုပ်တို့ ခပ်ပေါ့ပေါ့ သဘောမထားသင့်ပေ။ အောက်တွင်ဖော်ပြမည့် စင်ဒီ (Cindy) အမည်ရှိ ကျောင်းသူကလေးတစ်ဦး၏ မှတ်တမ်းလေးကို ဖတ်ကြည့်ပါလေ။

### စင်ဒီ (Cindy)

တကယ်တော့ ကျွန်မသည် လမ်းလျှောက်နေသည့် အသေကောင် တစ်ဦးသာ ဖြစ်သည်။ နေ့စဉ် ကျွန်မသည် အခန်း တစ်ခန်းမှ တစ်ခန်းသို့ အတန်းတက်ရန် ခံစားမှု ကင်းမဲ့စွာ လမ်းလျှောက်နေသည်။ ကျွန်မသည် ဘယ်သူ့ကိုမှ မကြည့်ဘဲ ခေါင်းငိုက်စိုက်ချကာ တစ်ခန်းမှ တစ်ခန်းသို့ ကူးသည်။ ဘယ်သူကမှလည်း ကျွန်မကို အရေးစိုက်၍ မကြည့်ပါ။ အခြားသူများ အုပ်စုဖွဲ့၍ သူငယ်ချင်းများနှင့် သွားလာနေသည်ကို မကြည့်မိသည့်အတွက် စိတ်သက်သာရာ ရပါ၏။ ကျွန်မ ဘေးနားတွင် ဘယ်သူမှ အရေးလုပ်၍လာမထိုင်ကြပါ။ နေ့စဉ်နှင့်အမျှ စားသောက်ဆိုင်တန်းသို့ သွားကာ အဖော်မဲ့ တစ်ကိုယ်တော် စားသောက်နေရသည့်ဘဝကိုလည်း သည်းမခံနိုင်

လောက်အောင် ငြိုးငွေ့နေပါပြီ။ တခြားကောင်လေးတွေ၊ ကောင်မလေးတွေကတော့ သူတို့အချင်းချင်းသာ နားလည်နိုင်မည့် သောလုံး ထေ့လုံးတွေ၊ ဟာသတွေ နှောကာတသောသော ရယ်နေကြသည်။ သူတို့ကို ကြည့်၍ ကျွန်မ ရင်နာရပါသည်။ ကျွန်မ ဘာလို့ အခုလို အထီးကျန် ဖြစ်နေရတာလဲ။ သူတို့ကရော ဘာလို့ အခုလို တဟီးဟီး တဟားဟားနဲ့ ပျော်ရွှင်နေနိုင်ရတာလဲ. . .။ ကျွန်မ စဉ်းစားလို့ကို မရပါ။ ကျွန်မကိုက ညံ့တာပါ။ ကျွန်မကိုက ထုံ အသူပါ။ ကျွန်မသည် သင်္ချာနှင့် ဘာသာရပ် အတော်များများတွင် 'စာတော်' အဆင့်မှာရှိပါသည်။ သို့သော် သူတို့တစ်တွေက ပျော်နေပြီး ကျွန်မက မပျော်နိုင်တာ ဘာကြောင့်ပါလိမ့်။ လူတိုင်းက လျှို့ဝှက်ချက်ကို သိနေကြပြီး ကျွန်မတစ်ယောက်သာ ယင်း လျှို့ဝှက်ချက်ကို မသိသလို ခံစားရပါသည်။ ကျွန်မ သိသော လျှို့ဝှက်ချက်မှာ 'မိတ်ဆွေဖွဲ့နည်း' ဖြစ်ပါသည်။ မိတ်ဆွေ မရှိတော့ရော ဘာဂရုစိုက်စရာ လိုသလဲဟု ကျွန်မ ဟန်ဆောင် တွေးတောမိပါသည်။ ယခုတော့ ကျွန်မသည် ယင်း လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခဲ့ပါပြီ။ ကျွန်မ ယခုကောင်းကောင်း မိတ်ဆွေဖွဲ့တတ်ခဲ့ပါပြီ။ ကျွန်မမှာလည်း အပေါင်းနဲ့ အသင်းနဲ့ ပျော်လို့ ရွှင်လို့ ဖြစ်နေပါပြီ။ တစ်ခါတစ်ရံ အိပ်မက်ထဲတွင် ဟိုစဉ်အခါက 'လမ်းလျှောက်နေသည့် အသေကောင်ဘဝ' ကို အိပ်မက် မက်တတ်ပါသေးသည်။ ထိုအခါမျိုးတွင် ကျွန်မသည် ချွေးသံတရွှဲရွှဲဖြင့် အော်ဟစ် ငိုယိုကာ အိပ်ရာမှ လန့်နိုးတတ်ပါသည်။ ထိုအရာကား ကျွန်မအဖို့ မမေ့နိုင်သည့် 'ခြောက်အိပ်မက်' တစ်ခုပါပေ။

ပေါင်းသင်း ဆက်ဆံရေးနယ်ပယ် မကျယ်ပြန့်သည့် ကလေးတို့သည် ဖွံ့ဖြိုးမှု နှောင့်နှေးတတ်ပါသည်။ အခြား ဉာဏ်ရည်များတွင် မည်မျှပင် စွမ်းရည်ထက်စေကာမူ ပုဂ္ဂိုလ်ချင်း ဉာဏ်ရည် ကျွမ်းကျင်မှု မရှိသော ကလေးတို့သည်ဘဝတွင် ပျော်ရွှင်မှု မရှိတတ်ကြပါ။



တစ်ဦးကိုတစ်ဦး ချစ်တတ်၊ ခင်တတ်၊ ရိုင်းပင်း ကူညီတတ်၊ နွေးထွေးစွာ ထိတွေ့ ဆက်ဆံတတ်သော ဆက်နွှယ်မှုစွမ်းရည်သည် အဓိကကျသော စွမ်းရည်တစ်ရပ် ဖြစ်ပါသည်။ ဤစွမ်းရည် ချို့တဲ့သော ကလေးတစ်ဦး၏ အနာဂတ်မှာ အမှောင်ဖုံးနေမည်မှာ သေချာလှပါသည်။

## (၂) အလုပ်ခွင်တွင် လည်းကောင်း၊ ကစားခုန်စား ပျော်ပါးမှုတွင်လည်းကောင်း သင့်လျော် လျောက်ပတ်သည့် အပြုအမူမျိုးဖြင့် အခြားသူတို့ သို့မဟုတ် အုပ်စုနှင့် ဆက်နွှယ်မှု ပြုနိုင်သည့်စွမ်းရည်

အထက်တန်း ကော်ပိုရေးရှင်းကြီးများတွင် မကြာသေးမီက ကွင်းဆင်းစစ်တမ်း ကောက်ယူခဲ့သော လေ့လာမှုတစ်ခုအရသော် အထက်တန်း စီမံခန့်ခွဲသူများ တန်ဖိုးထားသည့် ခြင်းရာသတ္တိတစ်ခုမှာ "အလုပ်ခွင်တွင် အခြားသူများနှင့် အဆင်ပြေစွာ ဆက်ဆံ လုပ်ဆောင်တတ်မှု" ဖြစ်ကြောင်း သိရပါသည်။ ကျောင်းသင်ခန်းစာ ရမှတ်များ၊ ဉာဏ်ရည် စစ်ဆေးလွှာရမှတ်များထက် သူတို့ ပိုမို အလေးထားသည့်အရာမှာ အလုပ်ခွင်အတွင်း အခြားသူများနှင့် အဆင်ပြေစွာ ဆက်ဆံ လုပ်ဆောင်နိုင်စွမ်းရှိခြင်း ဖြစ်ပါသည်ဟု အဆင့်မြင့် မန်နေဂျာများက ပြောကြပါသည်။ မည်မျှပင် စာတော်တော်၊ မည်မျှပင် အမှတ်ကောင်းကောင်း အလုပ်ခွင်တွင်းမှာ အခြားသူများနှင့် အဆင်ပြေစွာ ညှိယူဆက်ဆံခြင်း မပြုတတ်သူတို့မှာ အရှုံးနှင့်သာ ရင်ဆိုင်ဖို့ရာ ရှိသည်ဟုလည်း သူတို့က ဆိုပါသည်။ ဖော်ကျူးန်- ၅၀၀ (Fortune 500) လို ကုမ္ပဏီကြီးမျိုးကပင် "အခြားသူများနှင့် အဆင်ပြေစွာ ဆက်ဆံရေးသည် အဓိကကျပါသည်"ဟု ပြောနေခြင်းကို သင်ကရယ်စရာဟု ထင်ပါသလား။ သူတို့ ပြော

စကားမှာ သင် တတိယတန်း ကျောင်းသားဘဝက ရရှိခဲ့သည့် အခြေအနေပြ ကတ်ပြား (Report Card) ပုံစံအတိုင်းပါပဲ။ ဤတွင် အဓိကကျသည့် ပြဿနာမှာ အခြားသူများနှင့် အဆင်ပြေစွာ ပေါင်းသင်းဆက်ဆံတတ်သည့် ကျွမ်းကျင်မှုများကို ကျောင်းက သင်ကြားပေးခြင်း မရှိမှုပင် ဖြစ်ပါသည်။ အချို့ကလေးတို့တွင် ဤသို့သော ပေါင်းသင်း ဆက်ဆံရေးကောင်းသည့် အရည်အချင်းရှိပြီး အချို့ကလေးတွေမှာတော့ မရှိကြပါ။ ယင်းစွမ်းရည်ရှိသူ ကလေးအားလုံးသည် ဘဝတွင် ပုံမှန်တိုးတက်သွားကြသည်။ ယင်းစွမ်းရည်မရှိသူ ကလေးတို့အဖို့မူ ဆက်ဆံရေးအခြေအနေတိုင်းတွင် အခက်အခဲနှင့်ရင်ဆိုင်ရတတ်ကြပါသည်။ ထို့ကြောင့် လူကြီးများက စိတ်လှုပ်ရှားမှုဆိုင်ရာ နည်းပြ သင်ကြားပေးမှုမျိုး လုပ်ကို လုပ်ရပါမည်။ အခြားသူများနှင့် အဆင်ပြေစွာ ဆက်ဆံတတ်ရေးသည် လွန်စွာ အရေးပါသည့် ဘဝအောင်မြင်ရေး ကျွမ်းကျင်မှုတစ်ရပ် ဖြစ်ပါသည်။ ကလေးနှင့်အတူ လက်ပွန်းတတီးကစားနေသော ဖခင်တစ်ဦးသည် အနာဂတ်အတွက် အခြေခံအုတ်မြစ်ချနေခြင်း ဖြစ်ပါသည်။ သားသုံးယောက်နှင့်အတူ နပန်းလုံး သတ်ပုတ်တမ်းကစားနေသော ဖခင်တစ်ယောက်အကြောင်းကို ရှေ့ပိုင်းက ကျွန်ုပ်တို့ တင်ပြခဲ့ပြီးပြီ။ ထိုဖခင်သည် ရန်လို တိုက်ခိုက်မှုနှင့်အတူ တရားမျှတမှုကို မည်သို့ ဖော်ပြသင့်ကြောင်းနှင့် သူတို့၏ ရန်လိုမှုသဘာဝနှင့် သူတို့၏ ခွန်အားပမာဏကို မည်သို့မည်ပုံ ချိန်ကိုက် သုံးစွဲသင့်ကြောင်းကို သင်ပြခဲ့ပြီး ဖြစ်ပေသည်။ ထိုဖခင်သည် လူအများကို စနစ်တကျ စီမံခန့်ခွဲတတ်သူ ဖြစ်ရုံသာမက သူ့ ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌလည်း ဖြစ်ပေရာ ဤဖြစ်ရပ်ကို မတော်တဆ တိုက်ဆိုင်မှု တစ်ခုဟု မမှတ်ယူသင့်ပါ။ သူသည် လူအများနှင့် ဆက်ဆံနိုင်စွမ်းကို ကစားခုန်စားမှု တစ်ခုဖြင့် သူ့ သားများကို လက်တွေ့ လက်ဆင့်ကမ်း သင်ပြနေခြင်း ဖြစ်သည်။ ယောသပ် ပုံပြင်တွင်လည်း ဤသို့သော အလုပ်နှင့် ကစား



ပူးတွဲ သင်ကြားပေးမှု အရေးပါပုံကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီး ဖြစ်ပေသည်။

## (၃) အခြားသူတို့၏ အရိပ်အကဲကို သိတတ်သောစွမ်းရည်

ဘာသာစကားမဲ့ ဆက်သွယ်ရေး၏ အဓိက အရေးပါပုံနှင့် ပတ်သက်၍ကား အငြင်းပွားစရာ မလိုဟု ဆက်သွယ်ရေးပညာရှင်ပါရဂူတို့က ဆိုခဲ့ကြသည်။ အခြေအနေ တစ်ရပ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် စကားလုံးများ၏ အရေးပါမှုမှာ ၃၅ ရာခိုင်နှုန်းသာ ဖြစ်သည်ဟု ထိုပါရဂူတို့က ဆိုသည်။ အထူးသဖြင့် ကျွန်ုပ်တို့ ဆက်သွယ် ပြောဆိုလိုသော အကြောင်းအရာ၏ သုံးပုံ နှစ်ပုံကို ကိုယ်ခန္ဓာဘာသာစကား Body Language ဖြင့် ဆက်သွယ် အသိပေးတတ်သည်ဟုလည်း ထိုပညာရှင်များက မှတ်ချက်ပြုခဲ့ကြသည်။ ကလေးတို့သည် ဘာသာစကားမဲ့ ဆက်သွယ်ရေးကို ထူးခြားစွာ တုံ့ပြန် ပြုလုပ်နိုင်စွမ်းရှိကြောင်းတွေ့ရသည်။ စိတ်ပညာ လေ့လာမှုတစ်ခုတွင် ကျောင်းဖွင့်စအချိန်ကာလ၌ အတန်းပိုင်ဆရာတို့အား သူတို့ အတန်းထဲမှ ကျောင်းသားအချို့သည် ဉာဏ်ရည်ထက်မြက်ကြောင်း စိတ်ပညာ စစ်ဆေးလွှာများအရသိရသည်ဟု ပြောကြားထားသည်။ စာသင်နှစ် ကုန်ဆုံး၍ ကျောင်းသားတို့၏ ရမှတ်များကို စုပေါင်း အကဲဖြတ်ကြသည့်အခါ တော်သည်ဟု အပြောခံထားရသော ကျောင်းသားလေးတို့၏ ရမှတ်များက ကျန်လူများထက် သိသာ ထင်ရှားစွာ တိုးတက်မှုရှိကြောင်း အံ့သြဖွယ်ရာ တွေ့ရှိရသည်ဟု ဆိုပါသည်။ (အချို့ကမူ အံ့သြဖွယ်မဟုတ်၊ မျှော်လင့်ထားသလို တွေ့ရခြင်း ဖြစ်သည်ဟု ပြောကြသည်။) ဤ သုတေသနကို ပြုလုပ်သူတို့၏ အဆိုအရမူ ကျောင်းသားတို့သည် တစ်နှစ်တာ စာသင်နှစ်ကာလအတွင်း သူတို့ဆရာများ၏ ဘာသာစကားမဲ့ ဆက်သွယ်မှုကို တုံ့ပြန်ရင်း သူတို့ကိုယ်သူတို့ အလေးအမြတ်ထားမှု တိုးတက်ကာ

ပိုမိုထူးချွန်သော ဉာဏ်ရည်ရှိရေးအတွက်လည်း မြင့်မားသည့် မျှော်လင့်ချက်များ ထားတတ်ကြကြောင်း သိရပါသည်။ တစ်နည်း ဆိုရသော် နူတ်က ဖွင့်မပြောစေကာမူ မျက်နှာရိပ် မျက်နှာကဲအရ ဆရာများ၏ မျှော်လင့်ချက်ထားခြင်းခံရသော ကျောင်းသားများက ထို မျှော်လင့်အချက်အတိုင်း ဉာဏ်ရည် ထူးချွန်အောင် ကြိုးပမ်းရင်း တကယ်ပင် တိုးတက်လာသည်ဟု ဆိုနိုင်၏။ ထိုနည်းတူပင် ယင်းနှင့် ဆန့်ကျင်ဘက် ပြောင်းပြန်အဆိုမျိုးလည်း ထုတ်နိုင်သေးသည်။ ယင်းမှာ ဆရာများ၏ မျှော်လင့်ချက်ထားမှု နိမ့်ပါးသော ကလေးများ သည် ဉာဏ်ရည်အဆင့်လည်း နိမ့်ပါးနိုင်သည် ဟူသော အဆိုပြုချက် ဖြစ်ပါသည်။ ဘာသာစကားမဲ့ ဆက်သွယ်ရေး (ဝါ) လူ့ အရိပ်အခြည် သိရေးအတွက်လည်း ကလေးများအား နည်းပြသင်ကြားပေးဖို့ လိုအပ်ပါသည်။ ကလေးတို့၏ လှုပ်ရှားမှု၊ သွားလာမှုတို့ကလည်း သူတို့အကြောင်းကို အများကြီး ပြောပြနိုင်ပါသည်။ မဲ့ရွဲ့ခြင်း၊ နူတ်ခမ်းစူခြင်း၊ မျက်စောင်းထိုးခြင်း၊ ခြေဆောင့်ခြင်း၊ မထီတရီ ပြုမူခြင်းစသည့်တုံ့ပြန်မှုမျိုး ဖြစ်ပါသည်။ အခြားသူတို့ လမ်း လျှောက်ပုံကို ကြည့်ခိုင်းပြီး ထိုပုဂ္ဂိုလ်အကြောင်း ဘာပြောနိုင်သလဲဟု ကလေးတို့ကို မေးကြည့်ပါ။ တစ်စုံတစ်ဦး၏ အမူအရာ၊ မျက်နှာ အနေအထား၊ ဟန်ပန်လေသံတို့ကိုကြည့်၍ ထိုသူအကြောင်း ဘာ သိသလဲဟု ကလေးတို့ကိုမေးကြည့်ပါ။ မာနထောင်လွှားပုံရသလား၊ ကြည်ညိုစရာကောင်းသလား၊ ဝမ်းနည်းနေပုံပေါ်သလား၊ စိတ်ဓာတ် ကျနေတယ်လို့ ထင်သလားစသည်ဖြင့် ကလေးအား လမ်းညွှန် မေးမြန်းခြင်း ပြုနိုင်ပါသည်။



## (၄) လူတစ်ဦးချင်းနှင့် လည်းကောင်း၊ အုပ်စုများနှင့်လည်း ကောင်း ထိရောက်စွာ ဆက်သွယ် ပြောဆိုနိုင်သည့် စွမ်းရည်

ပုဂ္ဂလိကဉာဏ်ရည် ထက်မြက်သူများသည် ထိရောက်စွာ စကားပြောဆိုနိုင်သည့် ကျွမ်းကျင်မှုများရှိပြီး ဖြစ်တတ်ကြသည်။ ပုဂ္ဂလိကဉာဏ်ရည် ထက်မြက်သူနှင့် ပျမ်းမျှ သာမန်လူတို့ကို ခွဲခြား ရာတွင် အရေးအပါဆုံးသောနည်းမှာ ထိုသူတို့၏ စကားပြောဆို ဆက်ဆံပုံ ထိရောက်မှု ရှိမရှိ ဆိုသည့် အချက်ကို စစ်ဆေးကြည့်ခြင်း ပင်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ဆိုသလို ပြုလုပ်နေသည့် အမျိုးသား သွမ်းဖြို လေ့လာမှုများတွင် ထပ်တလဲလဲ တွေ့နေရသည့်အချက် တစ်ခုရှိသည်။ ယင်းမှာ အရွယ်ရောက်ပြီးသူတို့အား မည်သည့် ကိစ္စနှင့် ရင်ဆိုင်ရမည်ကို အကြောက်ဆုံးလဲဟုမေးကြည့်ရာ ထိပ်ဆုံး က ပြေးနေသည့်အဖြေမှာ "ပရိသတ်ရှေ့သို့ ထွက်၍ စကားပြောရ မှာကို အကြောက်ဆုံးပဲ" ဟူသောအဖြေပင် ဖြစ်ပါသည်။ ထိရောက် စွာ ပြောဆိုတတ်ခြင်း (ဝါ) ပရိသတ်နားပေါက်အောင်၊ နားဝင် အောင် ပြောဆိုတတ်ခြင်းဟူသော စွမ်းရည်သည် သာမန်လူတိုင်း တွင် တွေ့နိုင်သည့်စွမ်းရည်တစ်ခုမဟုတ်ပါ။ အုပ်စုခေါင်းဆောင်များ၊ စီမံခန့်ခွဲသူများနှင့် အထက်တန်းပုဂ္ဂိုလ်ဖြစ်လာသူများ၌သာ တွေ့ရတတ်သည့် ကျွမ်းကျင်မှုတစ်ရပ်ဖြစ်ပါသည်။ ထိုသို့ ဆိုလိုက် သဖြင့် ထိုသူများ အားလုံးသည် အပြင်စွဲ (Extravert) များ ဖြစ်သည် ဟု မယူဆစေလိုပါ။ ထိုသူများထဲတွင် လွန်စွာရှက်တတ်သူတို့လည်း ပါဝင်ပါသည်။ သူတို့သည် အားထုတ်ကြိုးပမ်းမှုဖြင့် ထိရောက်စွာ စကားပြောနိုင်သည့် စွမ်းရည်ဖွံ့ဖြိုးအောင် စိတ်ရှည် လက်ရှည် လေ့ကျင့်ခဲ့သူများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့်သော် သင်၏ အတွင်းပိုင်း စိတ်ဓာတ် (ဝါ) အခြေခံကိုယ်ရည် ကိုယ်သွေးကို ပြောင်းလဲပစ်ရန် မလိုဘဲ ထိရောက်စွာ စကားပြောနိုင်သည့်စွမ်းရည်

ဖွံ့ဖြိုးအောင် ကြိုးစားလုပ်ဆောင်နိုင်ပါသည်။ အထူးသဖြင့် ညစာထမင်းဝိုင်းတွင် သင့်စကားကို အခြားသူများ အာရုံစိုက်လာအောင် ပြုလုပ်ခြင်းဖြင့် စတင်နိုင်ပါသည်။ ထမင်းဝိုင်းတွင် ကလေးများကို မေးခွန်းများမေး၍ သူတို့အဖြေကို လေးစားစွာနားထောင်ပါ။ သူတို့ဆန္ဒနှင့် သဘော ထားကို ကြားနာပါ။ ယင်းသို့ ပြုခြင်းဖြင့် သူတို့၏ထိရောက်စွာ စကားပြောဆိုနိုင်စွမ်း ဖွံ့ဖြိုးအောင် ကူညီရာလည်း ရောက်တတ်ပါသည်။

## (၅) အခြားသူများ ပြောစကားကို ကောင်းစွာ နားထောင်၍ ထိုသူတို့၏ နက်နဲသည့် ခံစားမှုများကို နားလည် သဘောပေါက်ပြီး စိတ်ထပ်မှု (Empatmy) ဖြင့် ပြန်လည် တုံ့ပြန်နိုင်သည့်စွမ်းရည်

သူတစ်ပါး ပြောစကားကို တလေးတစား နားထောင်နိုင်သည့် စွမ်းရည်၊ အခြားသူများ၏ ခံစားမှုနှင့် ထပ်တူထပ်မျှ ခံစားနိုင်သည့် စွမ်းရည်တို့သည် စိတ်လှုပ်ရှားမှု ဉာဏ်ရည်၏ အရေးပါ အချက်အချာကျသော ခြင်းရာသင်္ကေတများ ဖြစ်ပေသည်။ ဆရာဝန်များ၊ သူနာပြုများ၊ စိတ်ကုဆရာဝန်များ၊ စိတ်ပညာရှင်များနှင့် အကြံပေး ပညာရှင်များအား လေ့ကျင့်ပေးသည့် သင်တန်းများတွင် စိတ်လှုပ်ရှားမှု ဉာဏ်ရည် ဖွံ့ဖြိုးရေးအတွက် ဦးတည်ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများ ပါဝင်ပေသည်။ အခြားသူများ ပြောစကားကို နားထောင်ခြင်းကဲ့သို့သော လွန်စွာအခြေခံကျသည်ဟု ထင်ရသည့် ကျွမ်းကျင်မှုမျိုးကို အဘယ့်ကြောင့် သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းထားရပါသနည်း။ ခပ်ရှင်းရှင်း ဖြေဆိုရသော် ကျွန်ုပ်တို့တစ်တွေသည် အသက်ကြီးလေ သူတစ်ပါး ပြောစကားကို နားမထောင်တတ်လေ ဖြစ်သောကြောင့်ပါတည်း။ ယောသပ်၏ ပုံပြင်တွင် သူသည် ယေရှု၏ သူတစ်ပါးတို့ စိတ်အခြေအနေကို အလေးအနက်သဘောပေါက် နားလည်ခြင်းအတွက် တအံ့တသြ ဖြစ်ခဲ့ရသည်မဟုတ်လော။ ယေရှုကား စိတ်လှုပ်ရှားဉာဏ်ရည်တွင် အမြင့်မားဆုံး ပုဂ္ဂိုလ်ဟုပင် ဆိုရပေတော့မည်။ "လူတိုင်းသည် အခြားသူတို့ ပြောစကားကို တလေးတစား နားထောင်ပါက ထိုသူတို့ အကြောင်းကို ကောင်းကောင်း နားလည်နိုင်ပါသည်" ဟု ယေရှုက ယောသပ်အား ပြောခဲ့သည်ကို မှတ်မိပါသေး၏လော။ ထို့ကြောင့် သင်သည် သင့်ကလေးတို့ ပြောသည်များကို ဂရုတစိုက် နားထောင်ပါ။ နားထောင်ရုံမျှသာ မဟုတ်၊ သဘောပေါက် နားလည်အောင်လည်း အာရုံစူးစိုက်ပါ။ တစ်နည်းအားဖြင့် ဆိုရလျှင် နားဖြင့်ထောင်၍ နှလုံးသားဖြင့် ခံစားပါဟု ဆိုချင်ပါသည်။ သင့်ကလေးများသည်လည်း ဤ နားထောင်ခြင်း အတတ်ပညာကို သင့်ထံမှ သင်ယူကြပါလိမ့်မည်။ ဤသို့ဖြင့် သူတို့သည်လည်း သူတစ်ပါးနှင့် ပေါင်းသင်းဆက်ဆံရာတွင် ထူးချွန်သူများ ဖြစ်လာကြပါလိမ့်မည်။



## (၆) အခြားသူတို့၏ အပြုအမူများ၊ သဘောထားများ၊ လုပ်ဆောင်ချက်များကို ဖွံ့ဖြိုး တိုးတက် မှန်ကန်စေရန် အားပေးခြင်း၊ စေ့ဆော်တိုက်တွန်းခြင်း၊ လမ်းညွှန်ခြင်း၊ စီမံခန့်ခွဲခြင်း ပြုနိုင်သည့်စွမ်းရည်

ဤတွင် ကျွန်ုပ်တို့ တင်ပြ ဆွေးနွေးလိုသည်မှာ အခြားသူများအတွက် အကျိုးရှိအောင် ကျွန်ုပ်တို့ လုပ်ဆောင်ပေးနိုင်သော ပုဂ္ဂိုလ်ချင်း ဆက်နွယ် ကျွမ်းကျင်မှုများအကြောင်း ဖြစ်ပါသည်။ ဤအရည်အချင်းများနှင့်တကွ ပုဂ္ဂိုလ်ချင်း ဉာဏ်ရည် အမျိုးအစားကို အကောင်းဆုံး သာဓက ဆောင်နိုင်သူမှာ ဘတ်စကက်ဘော နည်းပြဆရာ ဂျွန်ဝုဒ်ဒင်း (John Wooden) ဖြစ်ပါသည်။ တက္ကသိုလ်/

ကောလိပ် ဘတ်စကက်ဘောသမိုင်းတွင် အအောင်မြင် အကျော်ကြားဆုံး ဖြစ်ခဲ့သူဝုဒ်ဒင်ကို အမျိုးသား ပြိုင်ပွဲ ဆယ်ကြိမ်တိုင်တိုင် နိုင်ခဲ့သော ကယ်လီဖိုးနီးယား ...

ကောလိပ် ဘတ်စကက်ဘောသမိုင်းတွင် အအောင်မြင် အကျော်ကြားဆုံး ဖြစ်ခဲ့သူ ဂျွန်အား သူ (UCLA) ကာလီဖိုးနီးယား တက္ကသိုလ်၊ လော့စ်အိန်ဂျယ်လီတွင် တာဝန်ယူနေသည့် အချိန်တုန်းက အနောက်တောမှော်ဝိဇ္ဇာကြီး (Wizard of Westwood) ဟု လူသိများခဲ့ပါသည်။ "စိတ်ဓာတ်ပြင်းထန်၍ တစ်ခါတစ်ရံ နွဲ့ဆိုးဆိုးတတ်ပြီး၊ အတ္တစိတ် လွန်ကဲသူ ဆယ်ကျော်သက်ရွယ်များ ပါဝင်သည့် မတူညီသော အုပ်စုတို့ကို တစ်ဦးနှင့် တစ်ဦး ချောချောမွေ့မွေ့ အပေးအယူ မျှတစွာ ဆက်ဆံရသည်။ တစ်ခါတစ်ရံ မိမိကိုယ်ကျိုးကို စွန့်၍ အဖွဲ့၏ဂုဏ်ကျက်သရေတိုးအောင် ဆောင်ရွက်လိုသည့် အဆင့်အထိ လေ့ကျင့်ပေးနိုင်စွမ်းရှိသော" အံ့ဖွယ်ပုဂ္ဂိုလ်မှာ ဂျွန်ဝုဒ်ဒင်းပင် ဖြစ်ပါတော့သည်။ သူ၏ စွမ်းရည်ကို တစ်နှစ်ပြီး တစ်နှစ် လူသိများခဲ့သည်။ အားကစားလူငယ်များကလည်း ဘတ်စကက်ဘော ကစားခြင်းနှင့် ပတ်သက်သည့် သူတို့၏ အကောင်းဆုံးသော စွမ်းရည်များ ထွက်ပေါ်လာအောင် ဂျွန်ဝုဒ်ဒင်းက လုပ်ဆောင်ပေးနိုင်သည်ဟု အလေးအနက် ယုံကြည်ကြသည်။

ကျွန်တော်ကိုယ်တိုင် လူကြီးများ စခန်းချ ရက်သတ္တပတ်တွင် စခန်းအဖွဲ့ဝင် တစ်ဦးအနေဖြင့် နည်းပြဆရာ ဂျွန်ကို အနီးကပ်ရှုမှတ် နားလည်နိုင်ခဲ့ပါသည်။ စဉ်းစားကြည့်လိုက်ပါက လူလတ်ပိုင်းရောက်နေပြီဖြစ်သည့် အဆီအစ်အစ်၊ ဗိုက်ရွှဲရွှဲဖြင့် ဘတ်စကက်ဘော သူရဲကောင်း ဖြစ်လိုသူ ကျွန်တော်တို့တစ်တွေကို လေ့ကျင့်ပေးရမည့်အလုပ်မှာ စိတ်ပျက်ဖွယ်၊ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှပါသည်။ သို့သော် ဂျွန်ကမူ လုံးဝစိတ်ပျက် ငြီးငွေ့ခြင်း မရှိပါ။ သင်သည် သူနှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏တက်ကြွမှု၊ အားပြည့်မှု၊ စေ့ဆော်မှု၊ ဖြတ်သားမှုတို့ပါဝင်သည့် ကိုယ်ရည်ကိုယ်သွေးက သင့် တစ်ကိုယ်လုံးကို လွှမ်းခြုံ စိုးမိုးသွားပါလိမ့်မည်။ သင်သည် သူနှင့် ပထမဆုံးအကြိမ် ပုဂ္ဂိုလ်ရေးထိတွေ့ ဆက်ဆံမှု



ပြုလိုက်သည့် အချိန်တွင် သူသည် သင့်အား ဘတ်စကက်ဘော သမားတစ်ယောက် အနေနှင့်ရော၊ ထိုပုဂ္ဂိုလ်တစ်ဦး အနေနှင့်ပါ အလေးအနက် စိတ်ဝင်စားကြောင်း သင် လုံးဝ ခံစားသိရှိ နားလည်လိမ့်မည် ဖြစ်သည် သူသည် သူ့ တစ်ကိုယ်လုံးကို 'သင်၏ နည်းပြဆရာ' အဖြစ် ပုံအပ်လိုက်မည် ဖြစ်သကဲ့သို့ သင့်ထံမှလည်း သူ့ကို နည်းပြဆရာ အဖြစ် အသိအမှတ်ပြုခြင်းကို ရာနှုန်းပြည့် ခံယူလိုသူ ဖြစ်ပါသည်။ ဤ အတွေ့အကြုံမှာ သင့်အဖို့ လုံးဝဥဿုံ စိတ်မှန်ဖြောင့်မတ်သည့် လူသားတစ်ယောက်နှင့် လေးနက်သော ပုဂ္ဂိုလ်ချင်း တွေ့ဆုံမှုဖြစ်ကြောင်း သင် ကောင်းစွာ သဘောပေါက်ပါလိမ့်မည်။ အခြားသော ပါရမီရှင်၊ ကျောင်းဆရာ၊ နည်းပြဆရာနှင့် မန်နေဂျာတို့ကဲ့သို့ပင် သူ့တွင်လည်း ထူးခြားသည့် ပုဂ္ဂိုလ်ချင်း ဉာဏ်ရည်ရှိကြောင်း ကောင်းစွာသိရှိနိုင်ပါသည်။ သူနှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သင့်ကို သူ ကောင်းစွာ နားလည်သဘောပေါက်သည်ဟု သင့်စိတ်ထဲတွင် ခံစားရလိမ့်မည်ဖြစ်သည်။ သင်သည် တစ်သျှိန်လုံး သင့်ကို နားလည်သဘောပေါက်မည့်တစ်စုံတစ်ဦးကို စောင့်မျှော်ခဲ့၊ အလိုရှိခဲ့သည်ဖြစ်ရာ ယခုသူသည် သင် မျှော်လင့်နေခဲ့သူဖြစ်ကြောင်း သင် ခံစားနားလည်မိပါလိမ့်မည်။ သူ သိတာ ကို သင်သိသည်ဆိုတာ သူ ကောင်းစွာသိပါသည်။ သင့်ကိုယ်တွင်း၌ ခိုအောင်းနေသော သူ သိသည့် တစ်စုံတစ်ခု (အားကစားစွမ်းရည်) ကို အပြင်သို့ ဆွဲထုတ်ရန် သူ ကြိုးပမ်းပါလိမ့်မည်။ ထိုအခိုက်အတန့်တွင် သင်သည် ရုတ်တရက်ဆိုသလို သင့်ကိုယ် သင် ယုံကြည်မှု ပိုမို မြင့်မားလာပြီး ပို၍လည်း စွမ်းဆောင်နိုင်လာပါလိမ့်မည်။

နည်းပြဆရာ ဝုဒ်ဒင်းသည် လူတစ်ယောက်ပြီး တစ်ယောက်ကို ဤပုံစံအတိုင်း ဆက်ဆံ ပြုမူသည်။ သူသည် လူတိုင်းအား ဘတ်စကက်ဘော ကစားမှုနှင့် ပတ်သက်သည့် စွမ်းရည်အားလုံးကို ထည့်သွင်းပေးသည်။ ကျွန်ုပ်တို့လို အပျော်တမ်း ဘတ်စကက်ဘော

သမား ဗိုက်ရွဲအဖွဲ့ဝင်တို့ကိုပင် 'ထိပ်တန်း အမေရိကန် အားကစားသမားများ' လက်ရွေးစင် တော်ဝင်အားကစားသမားများကို သင်ကြား နည်းပြပေးသကဲ့သို့ အားအပြည့်ထည့်၍ သင်ပြပါသည်။ ဤကား သူ၏ ဝမ်းတွင်းပါအတတ်ပညာဖြစ်သည်။ ဤကဲ့သို့သော ပါရမီဉာဏ်မျိုးကို ထူးချွန်သော ကျောင်းဆရာများ၊ ထက်မြက်သော သမားတော်များတွင် တွေ့ရှိနိုင်သည်။ တစ်ချိန်က သတင်းစာဆရာ တစ်ဦးသည် မာသာထရီဇာ (Mother Teresa) အား ထိုမျှ များပြားသော ဆင်းရဲသားများနှင့် ဝေဒနာခံစားနေရသူများကို ဘယ်နည်း ဘယ်ပုံ လူစေ့တက်စေ့ အကူအညီပေးနိုင်ပါသနည်းဟူသော မေးခွန်းမျိုး မေးဖူးသည်။ ထိုအခါ မာသာထရီဇာက "သူမသည် လူစေ့တက်စေ့ကို အကူအညီပေးနေခြင်းမဟုတ်၊ အခိုက်အတန့်အားဖြင့် သူ့ ရှေ့သို့ရောက်နေသော ဆင်းရဲမွဲတေဝေဒနာသည် တစ်ဦးကိုသာလျှင် သူ့တွင်ရှိသမျှ စွမ်းရည်အားလုံးသုံး၍ အကူအညီပေးနေခြင်း ဖြစ်သည်" ဟု ဖြေကြားခဲ့ကြောင်း သိရပါသည်။

ဖခင်တစ်ယောက် အနေဖြင့်လည်း သင်သည် ထိုသို့ပင် လုပ်ဆောင်ရမည် ဖြစ်ပါသည်။ သင့် ရှေ့မှောက်တွင် ရောက်နေသော ကလေးတစ်ဦးတည်းကိုသာ သင့်၌ ရှိသမျှသော အရာအားလုံးကို ပေးရမည် ဖြစ်သည်။ ယင်းသို့ ပြုလုပ်ခြင်း၏ အကျိုးသက်ရောက်မှုကား ကြီးမားလှ၏။ ယင်းသို့ စိတ်လှုပ်ရှားမှု နည်းပြ သင်ကြားပေးခြင်းဖြင့် သင့်ကလေးသည် ပုဂ္ဂလိကဉာဏ်ရည် ထက်မြက်လာမည် ဖြစ်ပါသည်။ ယေရှုကို လူလားမြောက်အောင် မွေးမြူရာတွင် ယောသပ် ပြုမူခဲ့သည်များကို ပြန် စဉ်းစားကြည့်ပါ။ သူသည် ယေရှုကို မွေးမြူစောင့်ရှောက်ရာ၌ ဘဝလုံးပုံ၊ အသည်းနှလုံးပုံ၍ မွေးမြူခဲ့ကြောင်း ထင်ရှားသိသာသည်။ ကျွန်ုပ်တို့သည်လည်း ထိုနည်းအတိုင်းပင် ကျွန်ုပ်တို့ကလေးများကို မွေးမြူ စောင့်ရှောက်ကြရမည် ဖြစ်သည်။



## အပြာရောင်ကိုဒိုက်ကျမ်းကြီး Blue Codice ၏ နောက်ဆုံး တရက်တိတ် (Tractate) စာစောင်

ယေရှုနှင့် ကာလီတို့ ကျွန်ုပ်ကို တွေ့သောအချိန်တွင် ကျွန်ုပ်သည် သင်္ဘောဆိပ်၌ ခရီးထွက်ရန် ကိစ္စအဝဝကို ဆောင်ရွက်ပြီးနေပေပြီ။ "ကျုပ်တို့မှာဖြင့် ရှာလိုက်ရတာဗျာ မိတ်ဆွေကြီး. . . ခင်ဗျား စိတ်ထဲမှာ ဘာလုပ်ချင်နေတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်" ဟု ကာလီက ပြောပါသည်။ ယေရှုကလည်း "ကျွန်တော်တို့နဲ့ပဲ ပြန်လိုက်ခဲ့ပါ အဖေရယ်" ဟု တောင်းပန်ပါသည်။ "မဖြစ်ပါဘူးကွယ် ငါကတော့ သွားကို သွားရမယ်။ ဒီကိစ္စကိုလည်း လုပ်ဖြစ်အောင် လုပ်ရမယ်" ဟု ကျွန်ုပ်ကဖြေပါသည်။ သူတို့နှစ်ဦးစလုံးက "ဒီတစ်နေ့နဲ့ တစ်ညတော့ ကျွန်တော်တို့နဲ့ ပြန်လိုက်ခဲ့ပါဦးဗျာ။ စကားစမြည်လေး ဝအောင်ပြောပါရစေဦး။ တကယ်လို့ နောက်တစ်နေ့မှာ ခင်ဗျား ခရီးထွက်ချင်စိတ် ရှိသေးတယ်ဆိုရင်တော့လည်း ခင်ဗျား သဘောပဲပေါ့" ဟု ဝိုင်းပြောကြပါသည်။

## နာဇရက်သို့ အပြန်ခရီး

သူတို့အားလုံး ခရီးအတွက် အထုပ်အပိုး ပြင်ခဲ့ပြီးပြီ။ ဤခရီးတွင် ကျွန်ုပ်သည် နှုတ်ဆိတ်နေမိသည်။ ကျွန်ုပ်၏ စိတ်သည် ပျံ့လွင့်နေသည်ဖြစ်ရာ ဘယ်ရောက်၍ ဘယ်ပေါက်မှန်းမသိ၊ ကျွန်ုပ်၏ ကလေးများကို 'အထူးအချိန်' အဖြစ် အပျော်ခရီး ခေါ်လေ့ရှိသည့် ပင်လယ်ကမ်းစပ် တစ်နေရာသို့ ရောက်နေမှန်း သိတော့ လွန်စွာ အံ့ဩသွားမိပါသည်။ ကာလီ၏ ဦးလေးက ယာကုပ်၊ မာရိနှင့် ဇေသတို့ကို ခေါ်လာခဲ့သည်။

ကျွန်ုပ်တို့သည် မီးပုံကို ဝိုင်းဖွဲ့၍ ထိုင်နေကြသည်၊ ကောင်းကင်၌ကား ကြယ်များ တလက်လက် တောက်ပနေသည်၊

ယေရှုက သူညီ ယောဟန် ပထမဆုံးအကြိမ် ငါးကလေးတစ်ကောင်ကို ဖမ်းမိသည့် အကြောင်းကို ပြောရင်း ငိုလည်း ငို၊ ရယ်လည်း ရယ်ပါသည်။ ကာလီကလည်း ယောဟန်သည် တစ်ခါက စာကြည့်ခန်းတွင်းမှ ပိုးကော်ဇောကို ယူကာ (ကော်ဇောပျံ အမှတ်ဖြင့်) ခြေနှစ်ဖက် မရှိရှာသော သူဖုန်းစားအား ပေးသည့်အကြောင်း ပြောပါသည်။ ယာကုပ်ကမူ သဘော်ဆိပ်တွင် ရေနစ်သေလုဆဲဆဲ ခွေးကလေး တစ်ကောင်အား ယောဟန် ကယ်ဆယ်ခဲ့ဖူးကြောင်း ပြောပြပါသည်။ မာရိကမူ ကျွန်ုပ် လက်ကိုကိုင်ကာ ကျွန်ုပ်၏ ရင်ထဲတွင် လက်စားချေချင်စိတ်မီး တညီးညီးလောင်နေသည်ကို သူ သိကြောင်း၊ ရိုးရာဓလေ့အရ မိမိဂုဏ်သရေကိုဆယ်သည့် လုပ်ရပ်လည်း မှန်ပါကြောင်း၊ သို့သော် ကျွန်ုပ်တို့ဇနီးမောင်နှံ နှစ်ဦးသည် ဟိုတစ်ချိန်ကလည်း ကိုယ့်ဟာကိုယ်ဆုံးဖြတ်၍ ကိုယ့်လမ်းကိုယ်ထွင်သွားခဲ့ကြသည်ဖြစ်ရာ သည်တစ်ကြိမ်တွင်လည်း ကိုယ့်လမ်းကိုယ်ထွင်သွားကြရခံတော့မည်ဖြစ်ကြောင်း ပြောပါသည်။ "ဟော ဒီမှာ ရှိတဲ့လူတွေအားလုံးဟာ ရှင့်ကို ချစ်ခင်လေးစား ကြည်ညိုတဲ့ လူတွေချည်းပါပဲ။ တကယ်လို့ ရှင်က ထွက်သွားပြီး ရှင့် စိတ်ထဲမှာ ရှိသလို လုပ်ခဲ့ရင် (လက်စားချေခဲ့ရင်) သူတို့ထဲက တစ်ယောက်ယောက်ကရော ရှင့်လိုပဲ လက်စားပြန်ချေချင်စိတ်ပေါ်မှာပဲမဟုတ်လား။ အဲဒီအခါမှာ အဲဒီတစ်ယောက်ယောက်က ရှင့်ကိုဖြစ်စေ၊ ယာကုပ်တို့၊ ယေရှုတို့ကိုဖြစ်စေ သတ်ချင်တဲ့စိတ်နဲ့ လာခဲ့ဦးမှာပဲ" ဟု မာရိက ပြောပါသည်။

ဆရာကာလီကမူ "မိတ်ဆွေကြီး ခင်ဗျား. . . မိတ်ဆွေကြီးသားရဲ့ ဂုဏ်သိက္ခာကို သွေးနဲ့ ဆေးပြီးတော့ ဂုဏ်မပြုချင်ပါနဲ့တော့ဗျာ" ဟု ဆိုပါသည်။

ယေရှုက ကျွန်ုပ်လက်ကို ကိုင်ကာ "အဖေ ကျွန်တော်တို့မှာ အဖေ ရှိဖို့လိုအပ်တယ်။ ဒီ လက်စားချေတဲ့ကိစ္စကိုလည်း သွားလုပ်မနေပါနဲ့တော့။ ဒီလို လုပ်တဲ့အတွက် အဖေ့အဖို့ စိတ်ချမ်းသာ



မှာလည်းမဟုတ်၊ ဂုဏ်သိက္ခာကို အဖတ်ဆယ်ရာလည်းမရောက်၊ လူရိုသေ ရှင်ရိုသေ အလုပ်လည်းမဟုတ်ပါဘူး။ အခု အဖေ့ကို ချစ်တဲ့လူတွေ ပြောနေတဲ့ စကားသံတွေကို နားထောင်ကြည့်ပါ။ 'ကလဲ့စား' ဆိုတဲ့ စကား လုံးဝမပါပါဘူး။ အဖေ ကျွန်တော်ပြောတာ ကြားတယ် မဟုတ်လား" ယေရှုသည် ကျွန်ုပ်၏ နှလုံးသား ရှိရာ ရင်ဘတ်ပေါ်သို့ လက်တင်ကာ "အဖေ. . . အဖဘုရားရဲ့ အသံတော်ကို ကြားတယ် မဟုတ်လား" ဟု မေးပါသည်။

ထိုအချိန်တွင် ယေရှု၏ လက်များသည် မီးကဲ့သို့ ခြစ်ခြစ်တောက် ပူလောင်နေပါသည်။ ယင်းအပူဒဏ်သည် ကျွန်ုပ်၏ ဝတ်ရုံကို ဖြတ်သန်းကာ အရေပြားကို ထိုးဖောက်ပြီး ကျွန်ုပ်၏ နှလုံးသား တည့်တည့်ပေါ်သို့ ရောက်ရှိသွားပါသည်။ ထိုအချိန်တွင် ကျွန်ုပ်၏ နားထဲသို့ ကွယ်လွန်သူ သား ယောဟန်၏ "အဖေ. . . အဖေ့ကို ကျွန်တော် အမြဲတမ်း ချစ်နေမှာပါ။ အဖေနဲ့လည်း အမြဲ အတူရှိနေမှာပါ" ဟု ပြောလိုက်သည့် အသံကို ပြတ်သားထင်ရှားစွာ ကြားလိုက်မိပါသည်။

ကျွန်ုပ်သည် ကွယ်လွန်သွားရှာသူ သားကလေးကို သတိရဝမ်းနည်းကာ မရှက်မကြောက် ငိုကြွေးမိပါသည်။ ထိုညတွင် ဘုရားသခင်၏ တမန်တော်လာ၍ ကျွန်ုပ်အား အမှာစကား ထပ်မံပြောကြားပြန်ပါသည်။

## တတိယမြောက် မဟာအိပ်မက်

ကျွန်တော်က အိမ်နှင့်ဝေးရာ သင်္ဘောတစ်စင်းပေါ်မှာ၊

မာရိနှင့် ကျွန်တော့် မိသားစုဝင်အားလုံး ကျွန်တော်နှင့် အတူရှိကြ။

ပင်လယ်ပြင်တွင် မုန်တိုင်းထန်ဆဲ။

လေပြင်းတဝီဝီ၊ လျှပ်စစ်တဝင်းဝင်း၊ မိုးချုန်းသံ တဝုန်းဝုန်း။

ကျွန်တော့် လက်ထဲသို့ ဓားပြန်ရောက်လာ။

ကျွန်တော် လက်စားချေချင်လှပြီ။

ကျွန်တော့် ဦးလေးကို နေရာအနှံ့ ထပ်တလဲလဲ ရှာဖွေသည်။

သို့သော် မတွေ့ရ။

ကျွန်တော် လမ်းစပျောက်ခဲ့ပြီ။ လက်ထဲမှ ဓားသည် မြွေ ဖြစ်သွားကာ ကျွန်တော့်ကို အကြိမ်ကြိမ် ပေါက်သည်။

ထို့နောက် ကောင်းကင်လင်းရောင်ပေါ် တိမ်များ ကင်းစင်၍ တမန်တော် ပေါ်ထွက်လာသည်။

"ယောသပ် အိမ်ပြန်ပါ၊ နာဇရက်မြို့ကို ပြန်ပါ။

အိမ်ပြန်ပြီး ယေရှုကို လူလားမြောက်အောင် မွေးမြူ စောင့်ရှောက်ပါ။ သင်ဟာ သွေးဆာနေဖို့ မသင့်ပါ။ ဘုရားသခင်က သင့်ကို သားတော်တစ်ပါး ချီးမြှင့်ပြီ။ ဂါလီလဲကို ယခုပဲ ပြန်သွားပါ"

ထို့နောက် တမန်တော် ကောင်းကင်သို့ ပြန်တက်သွားသည်ကို ကျွန်ုပ် မြင်လိုက်သည်။ ထိုအချိန်တွင် ကျွန်ုပ်သည် ယေရှု လက်ကိုကိုင်၍ သင်္ချိုင်းဦးတွင် ရပ်လျက်ရှိသည်။ မာရိလည်း ကျွန်ုပ် ဘေးတွင် ရှိနေသည်။ ဟိုရှေ့ဆီတွင် ကျွန်ုပ်၏ မွေးရပ်မြေကို မြင်နေ ရပေပြီ။

ကျွန်ုပ် နံနက်စောစော ထ၍ ယေရှုနှင့်အတူ ဘုရားဝတ်ပြုမြဲ နေရာတွင် ဝတ်ပြု ဆုတောင်းသည်။

"ကျွန်တော်လည်း ပြန်လိုက်ခဲ့မယ် အဖေ" ဟု သူက ပြော၍ ကျွန်ုပ် လှည့်ကြည့်လိုက်သည်။ "ကျွန်တော်လည်း အဖေနဲ့အတူ မွေးရပ်မြေကိုလိုက်ပြီး ခဏတော့ နေကြည့်ဦးမယ်။ ပြီးတော့မှ ပြန်မယ်။ အခုအချိန်မှာ သူတို့အားလုံးက ကျွန်တော်သေပြီလို့ ယုံကြည်နေကြတာမို့ ကျွန်တော်တို့ ပြန်လို့ ဖြစ်ပါတယ်။ ဟေရုဒ် ဘုရင်ကြီးလည်း ကံတော်ကုန်ခဲ့ပြီပဲ။ အဖေ့ဦးလေးကလည်း အသက်ကြီးလှပါပြီ။ ကျွန်တော် သေပြီလို့ထင်တဲ့အတွက် သူ့ရဲ့



သွေးဆာမှုလည်း ပြေပျောက်သင့်ပါပြီ။ ကျွန်တော် အဖေနဲ့အတူ လိုက်ပြီး ကြီးကျယ် မြင့်မြတ်တဲ့ ယေရှုရှလင်ဘုရားကျောင်းတော် ကြီးမှာ ဝတ်ပြုလိုပါတယ်။ ကျွန်တော့်အတွက်ကြောင့် မိသားစုဝင် ထဲက ဘယ်သူ့ကိုမှ မသေစေချင်တော့ပါဘူး။ ကျွန်တော်အခု အဖေ နဲ့အတူ မွေးရပ်မြေကို ပြန်လိုက်ခဲ့မယ်။ အဲဒီနောက်မှ ကျွန်တော် သင်္ဘောတစ်စင်းနဲ့ ကိုယ့်ကိစ္စကိုယ် ဆက်လုပ်တော့မယ်" ဟု ကျွန် တော့်ကို မွေ့ဖက်ကာ ယေရှုက ပြောပါသည်။ ထိုအချိန်တွင်မှ ကျွန်ုပ် သည် သူ၏ တောင့်တင်း သန်မာသော ပခုံး၊ လက်ရုံးနှင့် ကျောပြင် မှ ကြွက်သားများ၊ လေးနက်တည်ကြည်သောအသံနှင့် သူ့ နှလုံးသားထဲမှ ခွန်အားတို့ကို ထိတွေ့ သိမြင် သဘောပေါက်ကာ ယေရှုသည်ပင် လူလားမြောက်၍ လာပေပြီတကားဟု ခံစားမိပါ တော့သည်။

ယေရှုသည် သူ ငယ်စဉ်ကကဲ့သို့ပင် ကျွန်ုပ် နံဘေးတွင် ထိုင်ကာ ကျွန်ုပ်လက်ကို ဆုပ်ကိုင်ပြီး နေဝင်ချိန်ကို ငေးမောလျက် ရှိပါတော့သည်။

## စာရိတ္တနှင့် စိတ်ဓာတ်ရေးရာဉာဏ်ရည်

ယောသပ်၏ ပုံပြင်တွင် ပါဝင်သော ဉာဏ်ရည်အမျိုးအစား တစ်ခုမှာ ဉာဏ်ကြီးရှင် စာရေးဆရာ ရောဘတ်ကိုလ်း (Robert Coles) က စာရိတ္တဉာဏ်ရည် (Moral Intelligence) ခေါ်၍ ကျွန်တော်က စာရိတ္တနှင့် စိတ်ဓာတ်ရေးရာဉာဏ်ရည် (Moral/ Spiritual Intelligence) ဟု ညွှန်းဆိုလိုသော ဉာဏ်ရည် ဖြစ်ပါ သည်။

ကိုလ်းက ယင်းဉာဏ်ရည်သည် လွယ်ကူစွာ ရယူနိုင်သည့် အရာတစ်ခု မဟုတ်ဟု ဆိုပါသည်။ ထို့နောက် သူက ဤသို့ ဆက် လက် ပြောပါသည်။ "အခြားသူများနှင့် အတူတူ မည်သို့မည်ပုံ

ပြောဆို နေထိုင် ဆက်ဆံရမည်ကို သင်ယူရင်းဖြင့် ကျွန်ုပ်တို့၏ စာရိတ္တလည်း ကြီးထွားဖွံ့ဖြိုးလာပါသည်။ ကျွန်ုပ်တို့၏ အမြင်၊ ကျွန်ုပ်တို့၏ အကြားပေါ်တွင် အခြေခံ၍ အသည်းနှလုံးနှင့် ခံစားပြီး ဤလောကကြီးတွင် အခြားသူများနှင့် မည်သို့မည်ပုံ ဆက်ဆံသင့်သည်ကို သင်ယူခြင်း ဖြစ်ပါသည်။ ကလေးတို့သည် မျက်မြင်သက်သေများဖြစ်ကြသည်။ လူကြီးတို့၏စာရိတ္တကောင်းခြင်း၊ ညံ့ခြင်းတို့ကို အမြဲတစေ ဂရုတစိုက် သက်သေလိုက်နိုင်သူတို့မှာ ကလေးများသာ ဖြစ်ကြသည်။ လူကြီးတစ်ယောက် မည်သည့် အခြေအနေတွင် မည်သို့ ပြုသည် ဆိုသော အရိပ်အကဲတို့ကို ကလေးများက အမြဲတစေ ရှုမှတ်လျက်ရှိသည်။ မိဘ၊ ဆရာသမားနှင့် သူတို့ဝန်းကျင်ရှိ အခြားလူကြီးများ၏ လှုပ်ရှား သွားလာ ပြောဆို ပြုမူပုံ၊ အချင်းချင်း နှုတ်ဆက် ခေါ်ဝေါ်ပုံ၊ ရွေးချယ် လုပ်ဆောင်စရာ ကိစ္စတို့ကို ရွေးချယ်လုပ်ဆောင်သွားပုံတို့မှာ ကလေးများအဖို့ အကဲခတ်အတုယူစရာတွေချည်း ဖြစ်သည်။ ယင်းအပြုအမူတို့၏ အောက်ခြေတွင် ရှိသော လူကြီးတို့၏ အခြေခံယူဆချက်များ၊ ဆန္ဒသဘောထားများနှင့် တန်ဖိုးထားမှုများ အကြောင်းကိုလည်း ကလေးတို့က နားလည် သဘောပေါက်အောင် လေ့လာအကဲခတ်ပြီး ဖြစ်တတ်သည်။ ထို့ကြောင့်လည်း ကလေးတို့သည် လူကြီးများ ထင်ထားသည်ထက်ပို၍ အကင်းပါးနေတတ်ကြပေသည်။

ယောသပ်၏ ပုံပြင်ဇာတ်လမ်း တစ်လျှောက်လုံးတွင် သူ၏ဘဝအပေါ် စိတ်ဓာတ်ရေးရာ၊ သံယောဇဉ် ကြီးမားပုံ၊ ဘုရားသခင်နှင့် သဘာဝဓမ္မတရားအပေါ် ယုံကြည်အားထားမှု ပြင်းပြပုံတို့ကို ကျွန်ုပ်တို့ ထင်ရှားစွာ တွေ့မြင်ခဲ့ပြီး ဖြစ်သည်။ သူသည် ဘုရားဝတ်ပြုခြင်း၊ တရားရှုမှတ်ခြင်းတို့ကိုလည်း ထမင်းစားခြင်း၊ အလုပ်လုပ်ခြင်းတို့ကဲ့သို့ပင် နိစ္စဓူဝ ဝတ္တရားများအဖြစ် သတ်မှတ်၍ မှန်မှန် လုပ်ဆောင်သည်။ ဤသို့ဖြင့် သူ၏ စာရိတ္တနှင့် စိတ်ဓာတ်ရေးရာ



ဘဝသည် သူ့ နေ့စဉ်ဘဝ၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခု ဖြစ်လာပေသည်။

ယောသပ်သည် လုံးဝဥဿုံ ပြည့်စုံပြောင်မြောက်သည့် မွန်မြတ်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါ။ သူသည် သင်တို့၊ ကျွန်ုပ်တို့လို လူသာမန်မျှသာ ဖြစ်ပါသည်။ ယင်းသို့ သာမန်လူသားတစ်ဦးမျှသာ ဖြစ်သည့်အလျောက် အခြားလူသားများကဲ့သို့ပင် သူသည်လည်း ခြောက်ပြစ်ကင်း သဲလဲစင် မဟုတ်ပါ။ သူသည် စိတ်ဓာတ်ရင့်ကျက်မှုမရှိ၊ တစ်ခါတစ်ရံ တဇွတ်ထိုး ပြုတတ်ပြီး သူ့ကိုယ်သူ တော်တည့် ဖြောင့်မတ်သူဟု အခြောက်တိုက်အထင်ကြီးနေသူ ဖြစ်သည်။ သူသည် အစွဲအလမ်းကြီးသူလည်း ဖြစ်သည်။ ထို့အပြင် ချစ်ခင်တတ်ခြင်း၊ အားနည်းခြင်း၊ ဒေါသကြီးခြင်း၊ အားနာတတ်ခြင်း၊ မိုက်မဲ တွေဝေခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝီရိယရှိခြင်း၊ သတ္တိရှိခြင်းစသည့် သာမန်လူသား အရည်အချင်းတို့လည်းသူ့မှာရှိသည်။ သူသည် အဆွေခင်ပွန်းကောင်းတစ်ယောက်၊ အိမ်ထောင်ဦးစီး လူကြီးတစ်ယောက်၊ ချစ်မြတ်နိုးတတ်သော လင်သားတစ်ယောက်၊ ကြင်နာယုယတတ်သော ဖခင်တစ်ယောက် ဖြစ်သည်။ လောကဓံတရား၏ ကြမ်းတမ်းသည့် အလှည့်အပြောင်းတို့နှင့် ကြုံသည့်အခါ သူသည် ဘုရားဝတ်ပြုသည်။ တရားရှုမှတ်သည်။ ဘုရားပေးမည့် အိပ်မက်ကို အားကိုး မျှော်လင့်သည်။ ထိုအခါ သူ၏ စိတ်ဓာတ်တွင်း အခြေအနေသည် အရေးပါလာသည်။ သူသည် အမြင်အာရုံရဖို့ ကြိုးစားသည်။ စိတ်ဓာတ်ရင့်ကျက်အောင် သမာဓိထူထောင်သည်။ သူ့ ဘဝဇာတ်လမ်းတစ်ခုလုံးသည် သူ၏ နှလုံးသားဝိညာဉ်ခရီးတွင် သူ ကြိုးပမ်း လှုပ်ရှားခဲ့ရသည့်အကြောင်းများကို ဖော်ပြထားခြင်း ဖြစ်သည်။ ဤသို့ဖြင့် သူ့စရိုက်သည် ပီပီပြင်ပြင် ဖြစ်လာသည်။ သူ၏ စာရိတ္တနှင့် စိတ်ဓာတ်ရေးရာ ဉာဏ်ရည်သည်လည်း ခိုင်မာစွာ၊ အသိတရားရှိစွာ၊ အဓိပ္ပာယ်ပြည့်ဝစွာ ဖွံ့ဖြိုး၍လာသည်။ ထို့ကြောင့်

သူသည် သူ့ကလေးများအားလည်း ဤလောကတွင် မည်သို့ မည်ပုံ နေထိုင် ပြုမူသင့်သည်တို့ကို ညွှန်ပြကာ သူတို့၏ စာရိတ္တနှင့် စိတ်ဓာတ်ရေးရာ ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် လမ်းညွှန်ပေးလေသည်။

## အတော်အတန်ကောင်းသော ဖခင်

အင်္ဂလိပ်လူမျိုး ကလေးစိတ်စိစစ်မှုပညာရှင်၊ ကလေးရောဂါကု ဆရာဝန် (D.W. Winnicott) ဒေါက်တာဝင်နီကော့တ်က 'အတော်အတန်ကောင်းသောမိခင်' (Good Enough Mother) ဟူသော အယူအဆကို ရှေးဦးစွာ တင်ပြခဲ့သည်။ ထို့ကြောင့် ယင်းအယူအဆကို မှီငြမ်းပြု၍ ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့ အတော်အတန်ကောင်းသော ဖခင်များ ဟုတ် မဟုတ် ဆိုသည်ကို စိစစ်ကြည့်ကြပါစို့။ 'အတော်အတန်ကောင်းခြင်း' ဆိုသည့် ခြင်းရာသတ္တိကို ကျွန်ုပ်တို့၏ ဝင်ငွေဖြင့်လည်းကောင်း၊ ဘဏ်ငွေစာရင်းဖြင့် လည်းကောင်း၊ သားသမီးဦးရေဖြင့်လည်းကောင်း တိုင်းတာ၍မရနိုင်ပါ။ သက်ဆိုင်ရာ ကလေးက သူ နေ့စဉ် ရင်ဆိုင်နေရသော ဘဝအတွေ့အကြုံတို့ အပေါ် အခြေခံ၍ အကဲဖြတ်ပေးလိမ့်မည် ဖြစ်ပါသည်။ ဖခင်တို့သည် ကလေးတို့နှင့် နေ့စဉ် ပြုမူဆက်ဆံရာတွင် လုံလောက်သော ကြင်နာမှု ရှိ မရှိ၊ ကလေးအတွက် အပြည့်အစုံ ထည့်သွင်းစဉ်းစားခြင်း ရှိ မရှိ၊ ကလေး၏ ခံစားမှုများကို ထပ်တူစွဲ ခံစားနိုင်စွမ်း ရှိ မရှိ စသည်တို့သည် အရေးပါသော အတိုင်းအတာများ ဖြစ်ကြပါသည်။ ထို့အတူပင် ကလေးနှင့် နေ့စဉ်ထိတွေ့၍ အေးအတူ ပူအမျှ ခံစားခြင်း၊ အကာအကွယ်ပေးခြင်း၊ ကူညီခြင်း၊ နေ့ရောညပါ အစစအရာရာ နည်းပြ သင်ကြားပေးခြင်းတို့လည်း အကျုံးဝင်ပါသည်။

ရောဘတ်ကိုးလ်စ်က 'နည်းပြသင်ကြားပေးခြင်း' ဟူသည် ရှုပ်ထွေး နက်နဲသော ကိစ္စတစ်ရပ် ဖြစ်သည်ဟု ပြောခဲ့သည်။ ယခုလောက် ဆိုလျှင် ယင်း ရှုပ်ထွေးမှုအကြောင်းကို ယောသပ်ပုံပြင်



ဖတ်ခဲ့သည့် ကျွန်ုပ်တို့တစ်တွေ ကောင်းစွာ နားလည်သင့်ပြီဟု ထင်ပါသည်။ အတော်အတန်ကောင်းသော ဖခင်တစ်ယောက် ဖြစ်ရေးအတွက် ကျွန်ုပ်တို့တစ်တွေသည် တရားမျှတမှုနှင့် သနားကြင်နာမှုတို့ရှိရမည် ဖြစ်သကဲ့သို့ စည်းမျဉ်း စည်းကမ်း တိတိကျကျ သတ်မှတ်ကာ ကလေးတို့အား ကာကွယ် စောင့်ရှောက်ပေးသူများလည်း ဖြစ်ဖို့လိုအပ်ပါသည်။ တစ်ခါတစ်ရံတွင် သူတို့၏ အမုန်းကို ခံ၍လည်း သူတို့ကို ချစ်ပြဖို့ လိုပါသည်။ ကျွန်တော်တို့သည် ကလေးများအဖို့ အကဲစမ်းကြည့်စရာ 'စံ' များ၊ စိန်ခေါ်ချင်စရာ စည်းကမ်းများ၊ စမ်းသပ် ချိုးဖောက်ကြည့်စရာ ဥပဒေများကို ပြုလုပ်သူများ ဖြစ်နေတတ်ပါသည်။ အထူးသဖြင့် ကျွန်တော်တို့သည် အကောင်းဟူသမျှအတွက် စံများကို ချမှတ်ပေးသူ ဖြစ်နေတတ်ပါသည်။ ကျွန်ုပ်တို့သည် အကောင်းကို လမ်းပြသူများ၊ အကောင်းကို မျှော်လင့်သူများ၊ အကောင်း၏ စံကို မြှင့်တင်ပေးသူများ ဖြစ်အောင် ကြိုးပမ်းရင်း ကျွန်ုပ်တို့၏ ကလေးများအတွက် 'အတော်အတန်ကောင်းသော ဖခင်များ' ဖြစ်အောင် လုပ်ဆောင်ကြပါစို့။

## ကလေးသည် လူကြီးအဖို့ ဖခင်ဖြစ်သည်

ယောသပ်သည် သူ၏ ပုံပြင်ဖြင့် ကျွန်ုပ်တို့အား ဖခင်ကောင်းများ ဖြစ်ရန် လမ်းညွှန်ခဲ့ပေပြီ။ သူသည် အကောင်းတကာတို့၏ ထိပ်ခေါင် ဖြစ်သည့် ယေရှုကလေးကို ကြီးပြင်းအောင် မွေးမြူခဲ့သူ ဖြစ်သည်။ ယောသပ်သည် ယေရှု၌ သူကိုယ်တိုင် နားမလည်နိုင်သော မွေးရာပါ သဘာဝပင်ကိုသတ္တိများ ရှိသည်ကို ကောင်းစွာ သိရှိသည့်အတိုင်း ယင်း ခြင်းရာသတ္တိတို့ အပြည့်အဝ ဖွံ့ဖြိုးအောင် ယေရှုအား မြေတောင် မြှောက်ပေးခဲ့ခြင်းသည်ပင် ယောသပ်၏ ဖခင်ကောင်း ပီသသည့် လက္ခဏာကို ညွှန်းဆို ဖော်ပြလျက် ရှိပါသည်။ ရောမစစ်လေ့ကြီးအတွင်း လေ့ထိုးသား ငွေဝယ်ကျွန်များနှင့်

ယေရှုတို့ တွေ့ဆုံခန်းတွင် ယေရှု၏ သဘာဝပင်ကိုသတ္တိများကို ထင်ရှား တွေ့သိနိုင်ပါသည်။ ယောသပ်သည် ယေရှုဘေးမှ မားမား ရပ်ကာ ယေရှု၏ တန်ခိုးသတ္တိများကို တပြောင်ပြောင် ထွန်းပစေသကဲ့သို့ လိုအပ်သည့်အခါတွင် ရှေ့သို့ ထွက်ကာ ဖခင်ကောင်း တစ်ယောက်ပီသကြောင်းကိုလည်း ဖော်ပြတတ်သည်။ ယေရှု ထိခိုက် နာကျင် ခံစားရသည့်အခါများတွင် ဂရုတစိုက် ယုယပြုစု၍ စိတ်လှုပ်ရှားမှု နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူမှာ ယောသပ်ပင် မဟုတ်လော။

ယောသပ်၏ ဖခင်ကောင်းပီသမှုသည် (သင်၏ ဖခင်ကောင်း ပီသမှုသည်) သားကောင်းတစ်ယောက်ကို ပေါ်ထွန်းစေကာ ယင်း သားကောင်းကို လူကြီးလူကောင်းတစ်ယောက်အဖြစ်သို့ မြေတောင် မြှောက်ပေးနိုင်ခဲ့သည်။ အထက်က ကျွန်ုပ်တို့ ဆွေးနွေးတင်ပြခဲ့သော ပုဂ္ဂိုလ်ရေး ဉာဏ်ရည်၊ စာရိတ္တနှင့် စိတ်ခံစားရေးရာ ဉာဏ်ရည်အားလုံးတို့သည် စုစည်းပေါင်းစပ်ကာ ယေရှုဟူသော ပုဂ္ဂိုလ်အဖြစ် ပေါ်ထွက်စေခဲ့သည်။ 'ယေရှု' ဟူသော 'တစ်ခုလုံး' သည် 'ဉာဏ်ရည်များ' ဟူသော အစိတ်အပိုင်းတို့ထက် များစွာ ပိုလွန်သောသဘောရှိ၏။ ယင်းသည်ကား 'မွန်မြတ်သန့်စင်မှု' ပင်တည်း။

ကလေးတိုင်းသည် သူတို့ဖခင်တို့အဖို့ မွန်မြတ် သန့်စင်သည့် မြတ်နိုးဖွယ်ရာတစ်ခု ဖြစ်သကဲ့သို့ ယေရှုသည်လည်း ကျွန်ုပ်တို့ အားလုံးအဖို့ မွန်မြတ်သန့်စင်သည့် ပုဂ္ဂိုလ်ထူး ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ နှလုံးသားဝိညာဉ်လမ်း၌ ခရီးဆက်ရာတွင် ကျွန်ုပ်တို့အဖို့ မွန်မြတ်သန့်စင်သည့်လက်ဆောင်ကောင်းတစ်ခု ဖြစ်ပေသည်။ ယင်းကဲ့သို့ ခရီးဆက်ရာ၌ပင် ကျွန်ုပ်တို့သည် 'ကလေးကား လူကြီးအဖို့ ဖခင်တည်း' ဟူသော စကား၏ အနက်အဓိပ္ပာယ်ကို ထင်လင်းစွာ သိမြင်လိမ့်မည် ဖြစ်ပေသည်။



ယောသပ်၏ ပုံပြင်ကား မဆုံးသေးပါ။ သို့သော် ကျွန်ုပ်တို့ သည် ဤနေရာတွင်ပင် သူ့ပုံပြင်ကို ရပ်နားလိုက်ပါတော့မည်။ ဤတွင် ကျွန်ုပ်တို့အထူး သတိရသင့်သည်မှာ တန်ဖိုးမဖြတ်နိုင်လောက်သည့် မွန်မြတ်သန့်စင်သောအရာတစ်ခုကို ပိုင်ဆိုင် ရရှိထားသူမှာ ယောသပ်ဆိုသည့် ယောကျ်ားတစ်ဦးသာ ဖြစ်သည် ဟူသော အချက်ပင်တည်း။ ယောသပ်သည် နောက်ပိုင်းတွင် ဖခင်ကောင်းတစ်ယောက်ဖြစ်သွားသကဲ့သို့ သင်လည်းတစ်နေ့တွင် ဖခင်ကောင်းတစ်ယောက် ဖြစ်မည်မှာ သေချာပါသည်။ ယောသပ် ပေးသည့် သင်ခန်းစာတို့ကို လေးစားစွာ လိုက်နာကျင့်ကြံပါ။ ဖခင် တစ်ဦးအဖြစ် သင်၏ နှလုံးသားဝိညာဉ် လမ်းခရီးတွင် ယောသပ်က သင့်အား အမြဲတမ်း စောင့်ရှောက်လမ်းပြ၍ နေပါလိမ့်မည်။

ကျွန်ုပ်ကား အိုလေပြီ။ စာရေးရာတွင် ကောင်းစွာ မမြင်ရတော့။ ညသည် မှောင်မိုက်သော်ငြားလည်း ကောင်းကင်မှာကား ကြယ်များ အပြည့်ဖြစ်သည်။ ပင်လယ်လေညင်းက တဖြူးဖြူး။ ကျွန်ုပ် အိပ်ငိုက်လာပြီ။ ဟိုအဝေးဆီမှ မာရိနှင့် ကလေးတို့၏ အသံကို ကြားနေရသည်။ တစ်ခါတစ်ရံ ဤအရာအားလုံးသည် ကျွန်ုပ်၏ မဟာအိပ်မက် အစိတ်အပိုင်းများ ဟုတ်လေသလော၊ မဟုတ်လေသလော ကျွန်ုပ် မပြောတတ်နိုင်။ သို့သော် ဤသည်တို့ကား ပြီးစီးခဲ့ပြီဖြစ်သည့် ကိစ္စရပ်များပင်တည်း။

(ကိုဒိုက်စာစောင် (၁) ဤတွင်ပြီးပြီ။)

**ဘာသာပြန်သူ၏ မှတ်ချက်။** ။ အပြာရောင်ကိုဒိုက် ကျမ်းစာ ဤတွင် ပြီးဆုံးပြီ။

ကျွန်ုပ်တို့ မိသားစု နာဇရက်သို့ ပြန်ရောက်ပုံ၊ ယေရှုဆလင် ဘုရားကျောင်းများသို့ ယေရှုလှည့်လည်ပုံ၊ သူ ပျောက်ကွယ်သွားပုံ၊ သူနယ်တကာအနှံ့သို့ လှည့်လည် သွားလာပုံများကို အနီရောင်ကိုဒိုက်ကျမ်းတွင် ဖော်ပြထားသည်။

**ဘာသာပြန်သူ၏ မှတ်ချက်။** ။ နောက်ဆုံး ဝါကျကို ပထမကိုဒိုက်ကျမ်း ပြီးစီး၍ ကာလအတန်ကြာမှ ယောသပ်က ထပ်ဖြည့်ရေးသားခြင်း ဖြစ်ဟန်တူသည်။ အနီရောင်ကိုဒိုက်ကျမ်းကိုမူ ဘာသာပြန်ဆဲ ဖြစ်ပါသည်။

■

# အပိုင်း (၂)

## ဖခင်ဘဝဇာတ်လမ်းများ

## နိဒါန်း

ဤ အပိုင်း (၂) တွင် ဖခင်များကိုယ်တိုင် ရေးသားချက်များ၊ ဖခင်များအကြောင်း ရေးသားချက်များ ပါဝင်သည်။ ကျွန်ုပ်တို့ အားလုံးသည် မရှိသော ဖခင်များနှင့် မရှိသင့်သော ဖခင်များအကြောင်း ဖတ်ရှုဖူးကြပြီး ဖြစ်သည်။ သို့သော် ယခုဖော်ပြမည့် ဇာတ်လမ်းတို့မှာမူ တစ်နည်းတစ်ဖုံ ခြားနားပါသည်။ ယခု ဖော်ပြမည့် ဖခင်တို့မှာ ကျွန်ုပ်တို့ 'အဖေတော်ချင်သူများ'၊ 'ကျွန်ုပ်တို့ သူလို ဖခင်ဖြစ်ချင်သူများ' အကြောင်း ပါဝင်ပါသည်။

ယခု ဖော်ပြမည့် ဇာတ်လမ်းများမှာ ကလေးတို့၏ ဘဝကို အပြုသဘောဖြစ်အောင် ဖော်ဆောင်ပေးမည့် ပုဂ္ဂိုလ်များ၏ ဇာတ်လမ်းများ ဖြစ်သည်။ ဤဇာတ်လမ်းများတွင် ပါဝင်သော ဖခင်တို့သည် ရှေးဟောင်းသမ္မာကျမ်းလာ ယောသပ်ကဲ့သို့သော ခေတ်သစ်ဖခင်များ ဖြစ်သည်။ သူတို့၏ဘဝကို ကလေးများအတွက် မြှုပ်နှံထားသူများ၊ ကလေးများကို ချစ်မြတ်နိုးစွာ ယုယပိုက်ထွေး ဖွံ့ဖြိုးအောင် မွေးမြူပေးမည့်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဤဇာတ်လမ်းများမှာ ဖခင်ဘဝတည်းဟူသော ခက်ခဲရှုပ်ထွေးသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို သူတို့သိသမျှ၊ မှတ်သမျှ အကောင်းဆုံး ထမ်းဆောင်သွားသူ ပုဂ္ဂိုလ်များ၏ အကြောင်းများပင် ဖြစ်ပါသည်။

## အသည်းနှလုံးသားဝိညာဉ်တို့ ရှင်သန် ဖွံ့ဖြိုးခြင်း

ကျွန်မအဖေ၏ မိဘများသည် ၁၈၉၅ ခုနှစ် ကတည်းက လက်ဘာနွန် (Lebanon) နိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သူများ ဖြစ်ကြပါသည်။ သူတို့သည် ဤဘက်ကမ္ဘာသစ်ဆီသို့ရောက်ပြီး မြောက်ဒါကိုတာ (North Dakota) ပြည်နယ်တွင် လယ်ယာ လုပ်ကိုင်ရင်း တစ်ဦးနှင့် တစ်ဦး တွေ့ဆုံချစ်ကြိုက်ကာ ပထမသား လေးယောက်၊ ထို့နောက် သမီး လေးယောက် စုစုပေါင်းကလေးရှစ်ယောက်ကို ဆက်တိုက်ဆိုသလို မွေးဖွားခဲ့ကြပါသည်။ မိမိတို့ မွေးရပ်ဌာနေ၏ ဓလေ့ထုံးစံအတိုင်း သားကြီး ဩရသကသော မိဘအမွေအဖြစ် လယ်ယာကို ပိုင်ဆိုင်လုပ်ကိုင်ခွင့် ရှိပါသည်။ ထို့ကြောင့် အငယ်ဖြစ်ကြသော ကျွန်မအဖေနှင့် သူ့ညီ ဂျွန် (John) တို့သည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကန်ဒို (Cando) အရပ်၌ ကုန်စုံဆိုင်ကလေးတစ်ဆိုင် ဖွင့်ခဲ့ကြသည်။ ထို့နောက် သူတို့သည် 'အသားပြုပြင်ရောင်းချရေး' (Meat Processing & Sales) ဆိုင်ကလေး တစ်ဆိုင် ဖွင့်လှစ်ခဲ့သည်။ လယ်သမား၊ ယာသမားများသည် နံနက်ပိုင်းတွင် သူတို့၏ အကောင်ပလောင်များကိုထားခဲ့ကာ ညနေပိုင်းတွင် သူတို့စိတ်ကြိုက် လှီးဖြတ်ပြီး စနစ်တကျ ထုပ်ပိုးထားသည့် အသားထုပ်များကို လာယူသွားကြ

ပါသည်။ ဘီလ် (Bill) နှင့် ဂျွန် (John) ညီအစ်ကိုတို့သည် ပထမ အကြိမ် ပိုင်ရှင် စိတ်တိုင်းကျ လှီးဖြတ် ခုတ်ပိုင်းပေးပြီးသည့် နောက်ပိုင်းတွင် ဘယ်မိသားစုက ဘယ်လို ခုတ်ပိုင်း ပြင်ဆင်သည်ကို နှစ်သက်ကြောင်း ကောင်းကောင်းကြီး သိခဲ့ကြပေသည်။

ကျွန်မအဖေသည် အသက် ၄၅ နှစ် အရွယ်ကျမှ သူ့ ဇနီးလောင်းနှင့် စတွေ့ခြင်း ဖြစ်ပါသည်။ ထိုအမျိုးသမီး (ကျွန်မ၏ မိခင်ဖြစ်လာမည့်သူ) မှာ ထိုအချိန်က သူ့အိမ်တွင် ကလေးများကို စာသင်ပေးသည့် ကျောင်းဆရာမတစ်ဦး ဖြစ်ပါသည်။ သူတို့နှစ်ဦး၏ မေတ္တာမှာ ရာသက်ပန် ရိုးမြေကျ မေတ္တာဟု ဆိုရပါမည်။ ထိုမြို့ငယ်ကလေးတွင် ကျွန်မတို့ မောင်နှမတစ်တွေသည် မိဘနှစ်ပါး၏ သွန်သင် ဆုံးမမှုဖြင့် ကြီးပြင်းလာကြပါသည်။ လောကတွင် အရေးကြီးသည့် အရာမှန်သမျှကို ကျွန်မတို့ ညီအစ်မ မောင်နှမများအား မိဘနှစ်ပါးက သင်ကြားပေးခဲ့ပါသည်။ အထူးသဖြင့် ဖခင် ပေးခဲ့သော သင်ခန်းစာများသည် ကျွန်မ၏ အသည်းနှင့် နှလုံးသားဝိညာဉ် အတွက် တန်ဖိုးမဖြတ်နိုင်သည့် အရာများပင်။

ဖခင်က မိသားစုဘဝနှင့် မိမိတို့ အိုးအိမ်ကို တန်ဖိုးထားတတ်ဖို့ သင်ပေးပါသည်။ ကျွန်မတို့သည် အားလပ်သည့်အခါတိုင်း အိမ်ပတ်ဝန်းကျင်တွင် စားပင် သီးပင်၊ ပန်းပင်များကို စိုက်ပျိုးထားကြရာ 'နီကိုလပ်စ်နှင့် ညီများ အသားပြုပြင် ရောင်းချရေးဆိုင်'နှင့် ကပ်နေသည့် ကျွန်မတို့ အိမ်ကလေးမှာ ဥယျာဉ်တွင်းမှ အိမ်ကလေးကဲ့သို့ နေချင့်စဖွယ် ဖြစ်ပါသည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်သည် အိမ်နောက်ဖေး ရေကန်ကလေးထဲတွင် ဝမ်းဘဲရုပ်လှေကလေးစီး၍ ဆော့ကစားလေ့ ရှိပါသည်။ ကျွန်မတို့ အပျော်ဆုံးအချိန်မှာ အဖေ၊ အမေနှင့် ကျွန်မတို့ ညီအစ်မနှစ်ဦး မိသားစုလေးယောက်သား ဆနိုင်ဒါရေကန် (Snyder Lake) သို့ ပျော်ပွဲစား ထွက်သည့် အချိန် ဖြစ်ပါသည်။ ဖခင်ဖြစ်သူက ကျွန်မတို့ အချစ်တော် ခွေးမကြီး



လေဒီ (Lady) ကို တုတ်ပစ်ပေး၍ အကောက်ခိုင်းသည်ကို ထိုင်ကြည့်ကာ ပျော်မဆုံး မော်မဆုံးဖြစ်ကြပါသည်။ ကျွန်မတို့အဖို့ အခြားအပျော်ဆုံးအချိန် တစ်ချိန်မှာ နွားနို့ဆိုင်တန်းသို့ ဖခင် မောင်းသည့်ကားဖြင့်သွားကာ ချောကလက် ရေခဲချောင်း အဝစားရသည့်အချိန်ဖြစ်ပါသည်။ ခရစ်စမတ်ပွဲတော်တွင် အခြားအိမ်များ မီးအလှထွန်းထားသည်ကို လျှောက်ကြည့်ခြင်း၊ လွတ်လပ်ရေးနေ့ (ဇူလိုင်လ လေးရက်) တွင် မီးရှူးမီးပန်း ပစ်လွှတ်သည်ကို ကြည့်ရှုခြင်းသည်လည်း ကျွန်မတို့အဖို့ အပန်းဖြေစရာ အချိန်များ ဖြစ်ပါသည်။

ဖခင်က ကျွန်မတို့အား တိုင်းပြည်ကို ချစ်တတ်ရန်၊ တိုင်းပြည်အတွက် ဂုဏ်ယူတတ်ရန် သင်ကြားပေးပါသည်။ ကျွန်မတို့ အဖေသည် စစ်ပြန်ရဲဘော်ဟောင်းကြီး တစ်ယောက် ဖြစ်ပေရာ အထိမ်းအမှတ်နေ့၊ စစ်ပြန်များနေ့တို့တွင် သူ၏ အဆောင်အယောင်များကို အမြတ်တနိုး ဂုဏ်ယူစွာ ထုတ်ဝတ်တတ်ပါသည်။ ကျွန်မ ကိုယ်တိုင်လည်း အဖေ့ကို အားကျကာ အမေရိကန်လူငယ်များ အပျော်တမ်းအရန်တပ်ဖွဲ့တွင် အဖွဲ့ဝင်တစ်ဦး ဖြစ်နေပါသည်။ ပြည်ထောင်စုအမျိုးသား သီချင်းသံကို ကြားရတိုင်း ကျွန်မ ရင်ထဲတွင် မျိုးချစ်စိတ်တို့ တလိပ်လိပ် တက်လာတတ်ပါသည်။

ဖခင် သင်ကြားပေးသည့် ဘဝတစ်သက်တာ အရေးပါသည့် သင်ခန်းစာ တစ်ခုမှာ ကိုယ့်အောက် နိမ့်ကျသူများကို စာနာကူညီရေးနှင့် လူတိုင်းအပေါ် အကောင်းမြင်ကာ မုဒိတာပွားရေး ဖြစ်ပါသည်။ တကယ်တော့ ကျွန်မတို့မိသားစုသည် ချမ်းသာကြွယ်ဝသူများ မဟုတ်ကြပါ။ သို့သော် ကျွန်မဖခင်သည် ဘယ်သူ့ကို ဘယ်ပုံဘယ်နည်းကူညီသင့်သည်ဆိုတာ နားလည်သဘောပေါက်သူ ဖြစ်ပါသည်။ ငွေရှိမှကူညီနိုင်သည် မဟုတ်ပါ။ အဖေ့မိတ်ဆွေကြီး အဲလ်မာကွတ် (Elmer Cook) ကိုပဲ နမူနာထား ပြောကြပါစို့။ သူသည် စကားပြောရာ၊ လမ်းလျှောက်ရာတို့၌ နှေးကွေး၍

အတန်ငယ် ထုံအသူ ဖြစ်သည်။ ဦးခေါင်းငိုက်စိုက်ချ၍ သွားနေပုံကပင် သူ့တွင် စိတ်ဓာတ်ကျစရာ၊ ပူဆွေးစရာများ ရှိနေကြောင်း ဖော်ပြလျက် ရှိပါသည်။ သို့သော် သူသည် ကျွန်မတို့၏ နစ်ကိုလပ်စ်နှင့် ညီများဆိုင်တွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် အချိုးပြောင်းသွားပါတော့သည်။ သူသည် ကျွန်မတို့ မိသားစုနှင့် တဟားဟား ရယ်မော ပြောဆိုနေတတ်သည်။ ဖခင်သည် အခြားသူများ ပြုလုပ်သကဲ့သို့ အဲလ်မာအား ကျပ်မပြည့်သူတစ်ယောက်အဖြစ် သဘောထားကာ အထက်စီးကပြောဆို ဆက်ဆံခြင်းမျိုး လုံး၀ မပြုလုပ်ပါ။ သာမန်စံကိုက် မိတ်ဆွေတစ်ယောက်ကို ဆက်ဆံသကဲ့သို့ပင် တလေးတစားဆက်ဆံပါသည်။ ကျွန်မဖခင်ရှေ့တွင် အဲလ်မာကို ဘယ်သူမျှစော်ကား မော်ကား ပြောဆိုပြုမူခြင်း မလုပ်ဝံ့ပါ။

ကျွန်မသည် အသားဆိုင်၌သာအနေများပါသည်။ ထို့ကြောင့် ဖခင်နှင့် တပူးတွဲတွဲ ရှိပါသည်။ ထိုရက်များအတွင်း ဖခင်နှင့်အတူ သူငယ်ချင်းကောင်းစိတ်၊ ရဲဘော်ရဲဘက်စိတ်တို့အကြောင်း နားလည် ခံစားခဲ့ရပါသည်။ နံနက် ၁၀ နာရီ ထိုးလျှင် မြို့ပြင်မှ ဖေ့ဖေ့ မိတ်ဆွေ ဈေးသည်များ ကော်ဖီသောက်ရန် ရောက်ရှိလာကြပါသည်။ သူတို့သည် ကော်ဖီသောက်ရင်း ခေါင်း ပန်းလှန်ကြ၊ စုံ မ ဝှက်ကြ၊ ရယ်ရယ်မောမောနှင့် နိုင်ငံရေးအကြောင်း၊ အလုပ်အကိုင် အကြောင်း ပြောကြဆိုကြပါသည်။ ကျွန်မအဖေက အမဲသားစိမ်းကို နုပ်နုပ်စဉ်းပေးရာ သူတို့က ဆားနှင့် ငရုတ်ကောင်းမှုန့် အနည်းငယ် ရော၍ မုန့်ခြောက်ပေါ်သို့ သုတ်စားကြပါသည်။ နေ့လယ်ကျတော့ အခြားသူငယ်ချင်းအုပ်စုတစ်စု လက်ဖက်ရည်သောက်ရန် ရောက်လာပြန်သည်။ သူတို့နှင့်လည်း ဖေဖေသည် ရောရောနှောနှော ပြောပြောဆိုဆို ဆက်ဆံပါသည်။ အထူးသဖြင့် အဖေ၏ တဟားဟား ရယ်မောသံက အလွှမ်းမိုးဆုံး ဖြစ်ပါတော့သည်။



ကျွန်မသည် အဖေ့ကိုကြည့်၍ ကြီးပွားတိုးတက်လိုသူတိုင်း အလုပ်ကို ဖိဖိစီးစီးလုပ်ပြီး ပိုက်ဆံကို ကျစ်ကျစ်ပါအောင် စုရမည် ဖြစ်ကြောင်း သိလာရပါသည်။ ကျွန်မအဖေသည် ဒုတိယကမ္ဘာစစ် အတွင်းက ဂူအမ်ကျွန်း (Guam) တွင် တာ၀န်ကျရာ ထိုစဉ်က သူ့ မိခင် (ကျွန်မတို့အဘွား) ထံ ပေးခဲ့သည့် စာကလေးတစ်စောင်ကို ကျွန်မ သိမ်းထားပါသည်။ ယင်းစာထဲတွင် သူက သူ့ မိသားစု (ကျွန်မမိခင်နှင့် ကျွန်မတို့တစ်တွေ) ကို လွမ်းဆွတ် သတိရသည့် အကြောင်း၊ မိသားစုနောင်ရေးအတွက် ဒေါ်လာ ငါးဆယ်တန် ငွေစု လက်မှတ်တစ်စောင် ၀ယ်ထားသည့်အကြောင်း၊ နောက်တစ်ကြိမ် လခထုတ်သည့်အခါတွင်လည်း ထပ်၀ယ်ဦးမည် ဖြစ်ကြောင်း ဖွဲ့နွဲ့ ရေးသားထားပါသည်။ ကျွန်မ သိတတ်စအရွယ်ကလည်း အဖေ သည် အိမ်နားက ဘဏ်တွင် ကျွန်မအတွက် ငွေစုစာအုပ်လေး တစ်အုပ် လုပ်ပေးဖူးသည်။ ကျွန်မကြီးလာလျှင် ကောလိပ်ကျောင်း တက်ရန်အတွက်ဟုဆိုကာ တစ်လလျှင် ဆယ်ဒေါ်လာတိတိ လစဉ် မှန်မှန် ထည့်သွင်းပေးသည်ကိုလည်း ကျွန်မ စိတ်ထဲမှာ လှိုက်လှိုက် လှဲလှဲသတိရနေမိပါသည်။ ဖခင်ကြီးသည် တစ်နေကုန် ပင်ပင် ပန်းပန်း အလုပ်လုပ်ရသော်လည်း သီချင်းညည်းမပျက်၊ လေချွန် မပျက်ပါ။ အလုပ်ကို ပျော်ပျော်ရွှင်ရွှင်လုပ်သည့် နမူနာကောင်း တစ်ခုပင် ဖြစ်ပါသည်။ သူသည် တစ်နေကုန် ခုတ်ရထစ်ရသဖြင့် မကြာခဏဆိုသလို ထိမိခိုက်မိတတ်ပါသည်။ သူ့လက်ချောင်းများ ပေါ်တွင် တစ်နေရာမဟုတ် တစ်နေရာ ဆေးပလတ်စတာ ကပ်လျက်သား ရှိနေသည်ကို တွေ့နိုင်ပါသည်။ သူသည် လက်သည်း များကို သေသပ်ညီညာစွာ လှီးဖြတ်ထားတတ်သည်။ တစ်နေကုန် အဆီအသားများနှင့် ထိတွေ့ထားရသဖြင့် သူ့ လက်ချောင်းများမှာ လည်း သန်မာချောမွေ့နေပါသည်။ အသားတို့ကို မည်သို့မည်ပုံ လှီးဖြတ်၍ မည်သို့မည်ပုံ ထုပ်ပိုးရမည်ကို ကျွန်မအား သင်ပေးရာ

တွင်လည်း အဖေသည် နူးညံ့ပျော့ပျောင်း စိတ်ရှည်ကြောင်း နမူနာ စံပြ ဖြစ်ပါတော့သည်။

အဖေ အနှစ်သက်ဆုံး ဝါသနာပါလုပ်ငန်းမှာ ပြောင်းရှည် သေနတ်ပစ်ခြင်း ဖြစ်ပါသည်။ အဖေသည် 'ဒါကိုတာလူငယ်များ ပြောင်းရှည်သေနတ်အသင်း' **(Dakota Junior Rifle Club)** ကိုလည်း ဦးဆောင်ဦးရွက်ပြုကာ ကျွန်မနှင့် သူငယ်ချင်းများကို သေနတ်ပစ် လေ့ကျင့်ပေးခဲ့ပါသည်။ အဖေသည် ကျွန်မတို့ သေနတ် ပစ် လေ့ကျင့်နေစဉ်အတွင်း ကိုယ်တိုင်လည်း ပစ်ပြ၊ နှုတ်ကလည်း တဖွဖွ အားပေးနေသည်ဖြစ်ရာ ကျွန်မ သူငယ်ချင်းများက အဖေ့ အား အထူးလေးစား ကြည်ညိုအားကျနေသည်ကို တွေ့ရသဖြင့် ကျွန်မ လွန်စွာအားရဂုဏ်ယူဝင့်ကြွားမိပါသည်။ စနေ၊ တနင်္ဂနွေ နေ့များတွင် ကျွန်မသည် အဖေနှင့် ဦးလေးဂျွန်တို့ကို အဖော်ပြုကာ အနီးတစ်ဝိုက်ရှိ ယာခင်းများကို ဖျက်ဆီးနေသည့် မြေကြွက်ကြီးများ ကို လိုက်လံ ပစ်ခတ်ကြပါသည်။ သူတို့ ယာခင်းတွေကို ဖျက်ဆီး နေသည့် သတ္တဝါများကို သုတ်သင်ပေးသည့်အတွက် ယာခင်းရှင် တို့က ကျေးဇူးတင် ဝမ်းမြောက်ကြသလို လက်တည့်စမ်းရသည့် ကျွန်မတို့အဖို့လည်း ပျော်တပြုံးပြုံး ဖြစ်နေကြပါသည်။ ထိုအချိန်က အဖေသည် သေနတ်ပြောင်းကို တည့်မတ်စွာချိန်ပြီး သေနတ်မောင်း ကို ဖြည်းညင်းပျော့ပျောင်းစွာ ညှစ်၍ပစ်ရပုံကို သေသေချာချာ သင်ပြသည်ဖြစ်ရာ ယင်းအတွေ့အကြုံသည် ယနေ့ထက်တိုင် ကျွန်မ မှတ်ဉာဏ်ထဲတွင် စိမ်းစိုလျက် ရှိနေပါသည်။

ကျွန်မရော၊ ညီမလေးပါ အဖေ့ မျက်စိထဲတွင် နတ်သမီးလေး တွေလို လှနေမည်ဆိုတာ ကျွန်မတို့ ကောင်းစွာ သိပါသည်။ သခင် ယေရှု ရှင်ပြန်ထမြောက်သည့် အီစတာ (Easter) ပွဲတော်ရက်များ တွင် အဖေသည် အမျိုးသမီး ဖက်ရှင်ဆိုင်များသို့ သွားကာ ကျွန်မ တို့ ညီအစ်မအတွက် ဦးထုပ်အသစ်၊ ဂါဝန်အသစ်များ ဝယ်လာတတ်



ပါသည်။ ထို့နောက် ယင်းအဝတ်အစားသစ်များကို ဝတ်ဆင်ခိုင်းပြီး ကျွန်မတို့တစ်တွေ လွန်စွာလှပကြောင်း ချီးကျူး ပြောဆိုပါသည်။ ဖေ့ဖေ့စကား ကြားရသည်မှာ ကျွန်မတို့အဖို့ ပုံပြင်ထဲက နတ်သမီး ကလေးတမျှ ခံစားရပြီး ဘဝင်များပင် မြင့်မိကြပါသေးသည်။

ဖေဖေနှင့် မေမေတို့သည် စစ်မှန်သော ချစ်ခြင်းမေတ္တာ၏ သရုပ်ကိုလည်း လွန်စွာ အားမထုတ်ရဘဲ ကျွန်မတို့ကို ဖော်ကျူး ပြသခဲ့ပါသည်။ တစ်ခါတလေ မေမေသည် သူတို့ ဇာတိရပ်မြေမှာ စားနေကျ နံပြားကို ဖုတ်ကာ နေ့လယ်စာ ပြန်စားမည့် အဖေ့ကို စောင့်ကြိုနေပါသည်။ အဖေ့ အပြန်ကို တံခါးဝက အမေ ကြိုနေကျ ဖြစ်သလို ကျွန်မတို့ ညီအစ်မကလည်း မလှမ်းမကမ်း တစ်နေရာက ချောင်းနေကျ ဖြစ်ပါသည်။ အဖေ ပြန်လာ၍ တံခါးဝတွင် နှုတ်ဆက် အနမ်း ပေးသည့်အခါ တစ်နေရာက ချောင်းနေသော ကျွန်မတို့ ညီအစ်မက တခစ်ခစ် ရယ်မောကြပါသည်။ မိဘနှစ်ပါးကလည်း ကျွန်မတို့ ကလေးတွေ တခစ်ခစ် ဖြစ်နေပုံကို သဘောကျကာ တဟားဟား ရယ်မောကြပါသည်။ စနေနေ့ ညပိုင်းများတွင် အဖေ နှင့် အမေတို့ အပြင်သို့ အတူထွက်တတ်ရာ ထိုအခါများတွင် အမေ သည် အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ဆင်၍ ဆံပင်ကို လှလှ ပပ ထုံးဖွဲ့ကာ ကြော့ကြော့ကလေး ပြင်ဆင်တတ်ပါသည်။ ထိုအချိန် ကမူ အမေသည် အဖေ့ မျက်စိထဲတွင် တစ်လောကလုံး အချောဆုံး အလှဆုံး ဖြစ်နေမည်မှာ သေချာသကဲ့သို့ အဖေသည်လည်း အမေ့ မျက်စိထဲတွင် ရောမသူရဲကောင်းကြီး ဖြစ်နေမည်မှာ ဧကန်အမှန် ဖြစ်ပါတော့သည်။ ကျွန်မတို့ အရပ်ထဲက ပျော်ပွဲစားရုံတွင် လူတိုင်း နှင့် ပါတနာ အလဲအလှယ်လုပ်ကာ တွဲကကြသည်မှာ ထုံးတမ်း စဉ်လာတစ်ခု ဖြစ်နေပါသည်။ ယင်းသို့ ကကြရာတွင် အခြား အမျိုး သမီးတစ်ဦးနှင့်တွဲက၍ ပြီးသွားတိုင်း အဖေ့အဖို့ ဝန်ထုပ်ကြီး တစ်ခု လျော့ကျသွားသလို ခံစားရသည်ဟု အဖေ မကြာခဏ ပြောသည်ကို

ကျွန်မ ကြားဖူးပါသည်။ အထူးသဖြင့် အဖေ ပြောလေ့ရှိသော စကားတစ်ခွန်းမှာ "ဟို ဝတုတ်ကြီးတွေနဲ့ တွဲကပြီးတော့ မင်းတို့အမေနဲ့ တွဲကလိုက်ရတာဟာ လေပေါ်မှာ ပျံဝဲနေရသလို အင်မတန်မှပဲ သိမ်မွေ့ ညက်ညောပြီး စည်းစိမ်ရှိလှပါပေတယ်" ဟူ၍ ဖြစ်ပါသတည်း။

***ကော်နီ နီကိုလက် ကာန်း***
***Connie Nicholas Carnes***

အထက်ပါ ဆောင်းပါးရေးသူ ကော်နီ နီကိုလက် ကာန်းသည် 'အမျိုးသားကလေးများ အကြံပေးဗဟိုဌာန' ကုခန်း ညွှန်ကြားရေးမှူး တစ်ဦးဖြစ်သည်။ သူမသည် အိမ်ထောင်ရှင် မိခင်တစ်ယောက်ဖြစ်သည်။ ကလေးများကို မတော်မတရား ပြုမူမှုနှင့် ပတ်သက်သည့်အကဲဖြတ်မှု၊ အကြံပေးလမ်းညွှန်မှုနှင့် ကုသမှု နယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်သည်။

■

## ကျစ်ဆံမြီးကျစ်ပေးပါ ဖေဖေ

ထိုအချိန်က ကျွန်တော်သည် ဇနီးနှင့် ကွာရှင်းရန် ပြင်ဆင် နေရသဖြင့် စိတ်ညစ် စိတ်တိုလျက်ရှိသည်။ အပြင်ပန်းက ကြည့်လျှင်မူ ဘာမှ မဖြစ်သလို ထင်ရသော်လည်း တစ်နေ့ တစ်နေ့ မည်မျှ စိတ်ဆင်းရဲနေရသည်ကို ကျွန်တော်သာလျှင် သိပါသည်။ ထိုစဉ်က ကျွန်တော့်သမီးငယ်သည် အသက်ခြောက်နှစ်သာ ရှိပါသေးသည်။ အိမ်ထောင်ပျက်ရတော့မည့်အတွက် အထူးသဖြင့် အမိမဲ့ ဖြစ်ရတော့မည့် ဤသမီးလေးအတွက် ပို၍စိတ်ညစ်ရပါသည်။ သမီးလေးကမူ ဘာမျှမသိရှာပါ။ ကလေးတို့မွေတာ ဆော့မြဲ ကစားမြဲသာ ဖြစ်ပါသည်။ သို့သော် သမီးလေးကမူ အဖေနှင့် အမေတို့ပြန်လည်သင့်မြတ်ကြအောင် သူ့နည်းသူ့ဟန်ဖြင့် ကြိုးစားရှာပါသေးသည်။ ကလေးသည် သူ၏ စိတ်လှုပ်ရှားမှု မှန်သမျှကို ကြိုးစားထိန်းချုပ်စုစည်းကာ သည်အဖေနှင့် သည်အမေတို့ ပြေလည်စေရန် ကြိုးပမ်းရှာပါသည်။ အထူးသဖြင့် အဖေ့အိမ်၌ နေရစဉ်အချိန်ကာလအတွင်း သူကလေး ပို၍ကြိုးစားအားထုတ်ရှာပါသည်။

ကျွန်တော့် စိတ်ထဲ၌မူ ကျွန်တော်နှင့် သမီးကြားတွင် အမြဲတမ်း သံယောဇဉ်ကြိုး တင်းခဲ့သည်ဟု ထင်ထားမိသည်။ သို့သော် ကျွန်တော်သည် သမီးအပေါ် တာဝန်ကျေသင့်သလောက်

ကျေခဲ့ပါရဲ့လားဟုလည်း သံသယပွားမိသည်။ ကျွန်တော်သည် သမီးလေးကို ရေချိုးပေးခြင်း၊ အနှီးလဲပေးခြင်း၊ အစာခွံ့ပေးခြင်းနှင့် ကလေးနှင့်အတူကစားခြင်းတို့ ပြုခဲ့ပါသည်။ သို့သော် ကျွန်တော်၏ ယင်း အပြုအမူတို့မှာ ဦးဆောင်သူတစ်ဦး၏ အပြုအမူနှင့် မတူလှဘဲ နောက်လိုက်တစ်ဦး၏ အကူအညီပေးမှုကဲ့သို့သာ ဖြစ်ပါသည်။ ယခုအခါတွင်မူ အခြေအနေတစ်မျိုး ပြောင်းသွားပေပြီ။ ယခုအခါ သမီးနှင့် ကျွန်တော်တို့ နှစ်ဦးတည်းသာ အိမ်မှာ ကျန်တော့သည်။ (ယခင်က သူ့အမေသည် ဦးဆောင်သူ ဖြစ်ခဲ့သည် မှန်သော်လည်း) ယခုအခါတွင်မူ ကလေးကို ကြည့်ရှု စောင့်ရှောက် မွေးမြူထိန်းသိမ်းရေးအတွက် အဓိကဦးဆောင်ရမည့်သူမှာ ကျွန်တော်ကိုယ်တိုင် ဖြစ်နေပေပြီ။ သို့သော် ခက်နေသည်က ကျွန်တော့်ကို အကူအညီပေးမည့် နောက်လိုက်တစ်ဦးမျှ မရှိ။ ကျွန်တော်သည်ပင် ဦးစီးခေါင်းဆောင်၊ ကျွန်တော်သည်ပင် နောက်လိုက်အကူ ဖြစ်နေပါသည်။ ထိုအချိန်က ကြုံတွေ့ရသည့် အခက်အခဲများအကြောင်းကို စာဖွဲ့ရလျှင် ပိုလွန်းသည်ဟု ထင်ကောင်း ထင်ကြမည်။ သို့သော် ခြောက်နှစ်အရွယ်သမီးတစ်ယောက်ကို အဖေဖြစ်သူ တစ်ဦးတည်းက အချိန်ပြည့် ကိစ္စလုံးစုံ တာဝန်ယူရဖို့အလှည့် တကယ် ကြုံလာသောအခါတွင်မူ တကယ်ပင် ခက်ခဲလွန်းလှပါသည်။ မိတ်ဆွေတို့ သဘောပေါက်အောင် တနင်္လာနေ့ တစ်နေ့တည်းတွင် ဆက်တိုက် ဖြစ်ပျက်ခဲ့သမျှ ဖြစ်ရပ်ကလေးတစ်ခုကိုသာ နမူနာတင်ပြပါမည်။

သမီးအဖို့ ကျောင်းသွားရန်အချိန် နီးလာပြီ။ ကျွန်တော်တို့ မနက်စာလည်း စားကြရဦးမည်။ ကျွန်တော်က ရုံးခန်းသို့ တယ်လီဖုန်း ဆက်ချင်သေးသည်။ ကျွန်တော်သည် ချိန်းဆိုထားသော ကိစ္စတစ်ခုဖြင့် လော့စ်အိန်ဂျယ်လီမြို့သို့လည်း သွားရဦးမည်။ သမီးက သူ့ကို အဝတ်လဲပေးဖို့ ပြောသည်။ သမီး ကြည့်ရတာ ပင်ပန်းနေပုံရသည်။ မနေ့က ကျွန်တော်တို့နှစ်ယောက် ပင်လယ်ကမ်းစပ်တွင်



အတန်ကြာ နေပူခံခဲ့သဖြင့် သမီးတစ်ကိုယ်လုံး နေပူဒဏ်ကြောင့် နွမ်းနေပုံရသည်။ ကျွန်တော် ကိုယ်တိုင်လည်း အဝတ်အစား လဲရဦးမည်။ ကျွန်တော်သည် တယ်လီဖုန်း အဖြေစက်ကို ဖွင့်၍ ဘယ်က ဘယ်သူတွေ ဆက်သေးသလဲဆိုတာ စိစစ်ရဦးမည်။ ဤကိစ္စတွေ အားလုံးကို တစ်ခုပြီးတစ်ခု ဇယ်ဆက်သလို လုပ်နိုင်မှ တော်ကာကျမည်။ သို့သော်အချိန်က တတိတိ ကုန်သွားသည်။ ထိုအခိုက်အတန့်တွင် သမီးငယ်သည် ဆံပင်ဖြီးသည့် ဘရပ်ရှ်နှင့် သားရေကွင်းအချို့ကို ယူကာ ကျွန်တော့်ဆီသို့ ပြေးလာပြီး "ဖေဖေ ကျစ်ဆံမြီး ကျစ်ပေးပါ" ဟု ပြောပါလေတော့သည်။

ဒုက္ခ. . . ကျွန်တော် ဘယ်သို့ ပြုရပါ့။ မတတ်နိုင်ပါ။ အမှန်အတိုင်း ဖွင့်ပြောရပါတော့သည်။ "သမီး ကယ်လီ (Kelly) သမီး ဆံပင်ကို ဖေဖေ ကျစ်ဆံမြီး မကျစ်ပေးနိုင်ဘူး။ ဖေဖေမှ ကျစ်ဆံမြီး မကျစ်တတ်တဲ့ဟာကို. . ."

"မရဘူး ဖေဖေ. . . မရဘူး. . .။ ကျစ်ပေးရမှာပဲ။ ကျစ်ဆံမြီး မကျစ်ထားခဲ့ရင် ကျောင်းတက်လို့ မရဘူး" သူမက အတိအကျ ပြန်ပြောပါသည်။

ထိုအချိန်က ကျွန်တော့်စိတ်ထဲ ဖြစ်သွားလိုက်ပုံကို ယခုအခါ စာနှင့်ပင် ရေးဖွဲ့၍ မပြတတ်တော့ပါ။ "အားလုံးတော့ ရှေ့လျှောက် ကမောက်ကမတွေ ဖြစ်ကုန်တော့မှာပဲ" ဟု တွေးကာ စိတ်ထဲက စိုးရိမ်လာမိပါသည်။ ကျွန်တော် လုပ်သမျှအရာတိုင်း အမှားမှား အယွင်းယွင်း ဖြစ်ရတော့မည်မှာ သမီးလေး၏ ဆံပင်ကို ကျစ်ဆံမြီး ကျစ်မပေးတတ်သည့်အဖြစ်ကပင် စတင်သည်ဟု ဆိုရမလို ဖြစ်နေပါပြီ။ ထိုအချိန်၌ ကျွန်တော်နှင့် သမီးကြားတွင် ကြီးမားသော ပဋိပက္ခ စတင်ပြီဟု ထင်မိပါသည်။ သမီးကလည်း ကျစ်ဆံမြီးကျစ်ဖို့ လိုသည်။ အဖေကလည်း မကျစ်တတ်။ ကျစ်ပေးရန် အချိန်လည်း မရှိ၊ ရုံးသို့လည်း အချိန်မီ သွားရဦးမည်။ လော့စ်အိန်ဂျယ်လီတွင်

ချိန်ထားသည့်ကိစ္စ ရှိသေးသည်။ အဲဒီကိုရောက်ဖို့ ကျွန်တော် ကားကို တစ်နာရီခွဲလောက် မောင်းရဦးမည်။ သမီးကလည်း ကျောင်းသို့ အချိန်မီ ရောက်လိုသည်။ နာရီစက်ကလည်း တချက်ချက် မြည်နေသည်။ နောက်ဆုံး မတတ်သာတော့၍ ကျွန်တော် ထပ်ပြောရပြန်သည်။ "ဒါတော့ မဖြစ်ဘူး ကယ်လီ။ ကျစ်ဆံမြီးကို အဖေလည်း မကျစ်တတ်ဘူး။ အချိန်လည်း မရှိဘူး"

ဤတွင် သမီး ရှိုက်ကြီးတငင် ငိုပါလေတော့သည်။

"ကျစ်ကို ကျစ်ပေးရမှာပဲ" ငိုသံ ပိုကျယ်လာသည်။

"ငါမှ မကျစ်တတ်တာကို။ ရုံးကိုလည်း သွားရဦးမယ်"

"အဖေက သမီးကို ဂရုမှ မစိုက်တော့တာကိုး" သမီးသည် တရှိုက်မက်မက်ဖြင့် ကျယ်လောင်စွာ ငိုကြွေးပါလေတော့သည်။

"ငါလည်း မင်းကို တစ်ချိန်လုံး ဂရုစိုက်နေတဲ့ဥစ္စာ" ကျွန်တော်က ပြန်ပြော၏။

"မေမေကဆို ကျစ်ဆံမြီး အမြဲကျစ်ပေးတယ်" ငိုသံပါပါနှင့် ပြောသည်။

"ငါက အမေမှ မဟုတ်တာ။ ငါ့မှာ အလုပ်ကိုလည်း သွားရဦးမယ်"

"အဖေ ကျွန်မကို ဂရုမစိုက်ပါဘူး"

"ငါ ဂရုစိုက်ပါတယ်။ အဲဒါကို မင်းလည်း သိပါတယ်။ ကဲ. . . အခု တို့တစ်တွေ လုပ်စရာရှိတာ လုပ်ကြရအောင်" ဤသို့ ပြောပြီး ကျွန်တော် မတ်တတ်ရပ်လိုက်သည်။ ကျွန်တော်သည် အမှန်အကန် တစ်ခုခုကို ရွေးချယ်မိလိုက်သည်ဟု မှတ်မိနေသည်။ ထိုအချိန်က ကျွန်တော်သည် သမီးကို ပွေ့ချီကာ ကားထဲသွင်း၍ သူ့ကျောင်းသို့ လိုက်ပို့ရန် ဆန္ဒပြင်းပြလျက် ရှိသည်။ ဤသို့ပြုလျှင် ကိစ္စပြတ်ပြီဟုလည်း ထင်သည်။



ကျွန်တော် သမီးကို ငုံ့ကြည့်လိုက်သည်။ သမီးသည် တအီအီ ငိုကြွေးရာမှ နောက်ဆုံးတွင် လိုက်လျောသည့်ပုံစံ ဖြစ်လာသည်။ သို့သော် လိုက်လျောခြင်း မဟုတ်ပါ။ သူမသည် မတတ်သာ၍ လက်လျှော့လိုက်ရရှာခြင်းသာ ဖြစ်ပါသည်။ သူမကို ကျွန်တော် ဂရုစိုက်ရမည်ဆိုသောကိစ္စနှင့် ပတ်သက်၍ သူမ လက်လျှော့လိုက်ခြင်းသာ ဖြစ်ပါသည်။

ပြန်တွေးကြည့်တော့ သမီး မှန်ပါသည်။ ကျွန်တော်သည် သမီးကို တကယ်တမ်း ဂရုစိုက်နေသည်မဟုတ်ပါ။ ကျွန်တော့်ကိစ္စတွေကို ကျွန်တော် ရှေ့တန်းတင်နေခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ကိုယ့်ကိစ္စကိုသာ ဂရုစိုက်နေခြင်း ဖြစ်သည်။ ကျွန်တော့် အလုပ်သည် အရေးကြီး၏။ ကျွန်တော်၏ ချိန်းဆိုထားမှုသည် အရေးကြီး၏။ ကျွန်တော်၏ကိစ္စများ အချိန်မီပြီးစီးရေးသည် အရေးကြီး၏။ သမီးကမူ အဲဒီဟာတွေလောက် အရေးမကြီး။ မှန်ပေ၏။ သမီး ပြောတာ မှန်ပေ၏။

ကျွန်တော်သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။ ကျွန်တော့် စိတ်သည် လိုဘမပြည့်မှုတို့ ပြည့်လျှမ်းကာ လွန်စွာ စိတ်တိုလျက်ရှိသည်။ ကျွန်တော် အော်ငိုလိုက်ချင်သည်။ တွေ့ရာရာကို ကောက်ပေါက် ဖျက်ဆီးလိုက်ချင်သည်။ အလွယ်ကူဆုံးကတော့ သမီးကို အော်ဟစ်ဆူပူကာ အတင်းဆွဲခေါ်ပြီး ကျွန်တော် ခိုင်းသလို ဖြစ်အောင် ဖွတ်လုပ်လိုက်ချင်စိတ် တဖွားဖွား ဖြစ်ပေါ်သည်။

သို့သော် ကျွန်တော် မလုပ်ရက်ပါ။ ထို့ကြောင့် ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်သည်။ ကျွန်တော့် ဆုံးဖြတ်ချက်မှာ သမီးကို ဂရုစိုက်ရန် ဖြစ်ပါသည်။ သမီးကို ပထမဦးစားပေး ဂရုစိုက်ရန် ဖြစ်ပါသည်။ ကျွန်တော်သည် သမီး၏ ဖခင်အဖြစ် အချိန်ပြည့်တာဝန် ထမ်းဆောင်ရန် ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော့်ဘဝ တစ်သက်တာတွင် ကျွန်တော် လုပ်ချင်တာတွေ လုပ်ခဲ့ပြီးပါပြီ။ ယခု ကျွန်တော်

လုပ်စရာ ကျွန်တော့်သည်မှာ 'ဖခင်ကောင်းတစ်ယောက် ဖြစ်ရေး' သာ ဖြစ်ပါတော့သည်။

"သမီးလေးရယ်. . . အဖေ တကယ် ကျစ်ဆံမြီး မကျစ်တတ်လို့ပါကွယ်။ အဲဒီတော့ ဘယ်လို ကျစ်ရတယ်ဆိုတာ သမီးက ပြောပြ။ သမီး ပြောတဲ့အတိုင်း အဖေ လိုက်လုပ်ပေးပါ့မယ်၊ ဟော ဒီမှာ ထိုင်ပြီး ဟောဒီမှန်ကို ကိုင်ထား။ သမီးနဲ့ အဖေတို့ အတူတူ ကျစ်ဆံမြီး ကျစ်ရအောင်" ဟု ကျွန်တော်က ပြောလိုက်ပါသည်။ ထို့နောက် ကျွန်တော်သည် သမီး ဆံပင်များကို ဖြီးသင်ပေးလိုက်သည်။ ထို့နောက် ကျွန်တော်သည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းကာ အားထည့်လိုက်သည်။ တကယ်တော့ ကျွန်တော် လုပ်ပုံကိုင်ပုံမှာ ရယ်စရာပါ။ သမီး၏ ဆံပင်တွေကို သုံးပင်လိမ်ရသည့် အလုပ်မှာလည်း လွန်စွာ လက်ဝင်လှသည်။ ကျွန်တော့် လက်ချောင်းကြီးတွေက ကြီးမား တုတ်ခိုင်ပြီး လွန်စွာ လေးကန်ပုံ ရပါသည်။ လုပ်ရင်းကိုင်ရင်းပင် ကျွန်တော် တစ်ချက်မှားသွား၍ ပြန်ဖျက်ပြီး ထပ်မံ ကျစ်ရပြန်ပါသည်။ ဤကိစ္စသည် ယောကျ်ားတစ်ယောက် အလုပ်တော့ မဟုတ်ပါ။ အို. . . ဒီလိုလည်း မဟုတ်သေးပါ။ အဲ. . . ပြောပြရင် အဖေတစ်ယောက်၏ အလုပ်တော့ ဟုတ်တာ သေချာပါသည်။ ထိုသို့ ကြိုးစားပြီး ကျစ်ဆံမြီးကျစ်နေစဉ် တစ်ချိန်လုံး ကျွန်တော်တို့နှစ်ယောက်၏ မျက်နှာပေါ်တွင် မျက်ရည်တွေရော၊ ချွေးတွေပါ ရွှဲရွှဲစိုနေပါသည်။ သို့သော် မျက်ရည်တွေ ကြားမှပင် သမီးလေး ကယ်လီ၏ အပြုံးသည် တစ်စတစ်စ ပီပြင်လာပါသည်။ ထိုနည်းတူပင် ကျွန်တော်၏ ဖခင်ဘဝ ရုပ်လုံးသည်လည်း ပို၍ ပီပြင်လာပါသည်။

ထိုနေ့ နံနက်ပိုင်းက ကျွန်တော်သည် အကောင်းဆုံး မဟုတ်စေကာမူ ကျေနပ်ဖွယ်အဆင့်တွင်ရှိသော ကျစ်ဆံမြီး ကျစ်နည်းကို တတ်မြောက်ခဲ့ပါသည်။ ကျွန်တော်သည် တယ်လီဖုန်းဆက်၍ ချိန်း



ဆိုထားသော အချိန်ကိုလည်း ညနေပိုင်းသို့ ပြောင်းရွှေ့လိုက်သည်၊ ထိုနေ့က ကယ်လီ ကျောင်းအနည်းငယ် နောက်ကျသဖြင့် ကျွန်တော် ကိုယ်တိုင်လက်တွဲကာ စာသင်ခန်းထဲအထိ လိုက်ပို့ပေးရသည်။ သမီး လက်ကလေးကို ဆွဲကာ သွားခဲ့ပုံကို လည်းကောင်း၊ ကျစ်ဆံမြီးသည် မညီမညာ မသပ်မရပ်နှင့် ပွရောင်းရောင်း နိုင်စေကာမူ နေရောင်ခြည်အောက်ဝယ် တကယ်ပင် ကြည့်ကောင်းအောင် လှပ နေသည်ကိုလည်းကောင်း ကျွန်တော်ကောင်းကောင်းကြီး မှတ်မိနေပါသည်၊ မှန်ပါသည်။ ကျွန်တော်သည် သမီးကယ်လီ၏ ဖခင်ဘဝကို ခံယူနိုင်ရန် က ကြီးမှ စတင်၍ သင်ယူလျက်ရှိနေပြီ ဖြစ်ပါသတည်း။

## ဂျွန် အယ်(လ်) ဟာတ်

ဂျွန်အယ်(လ်)ဟာတ်သည် ဖခင်တစ်ယောက် ဖြစ်သလို ပထွေးတစ်ယောက်လည်း ဖြစ်သည်။ Becoming a Father ဖခင်ဘဝ ဇာတ်လမ်းစုံ စာအုပ်ကို ရေးသူလည်း ဖြစ်သည်။ သူသည် ကုန်သည်ကြီးများ၊ အသက်မွေးဝမ်းကျောင်း ပညာရှင်များနှင့် ခရစ်ယာန်ဘာသာဝင်များ အလယ်တွင် အဟောအပြောကောင်းသူ၊ စေ့ဆော် အားပေးနိုင်စွမ်း ရှိသူအဖြစ် ထင်ရှားသည်။ သူသည် နယူးမက်ဆီကို (New Mexico)၊ ကုန်းမြင့်တက္ကသိုလ် (Highland University) တွင် လူမှုရေးလုပ်ငန်း ဘာသာရပ်ကို သင်ကြားပို့ချပေးနေသော တွဲဖက် ပါမောက္ခတစ်ဦးလည်း ဖြစ်သည်။

■

## မိလီ၏ ဖခင်ဘဝ

ကျွန်တော်သည် မိလီ (Milandra) ကို သူ့အသက် နှစ်နှစ်အရွယ် လောက်က စ တွေ့ဖူးပါသည်။ ထိုအချိန်က ကျွန်တော်သည် လူပျိုဖြစ်ပြီး တစ်ခုလပ်ဖြစ်သူ ဂျေမီ (မိလီ၏ မိခင်) (Jaymie) ကို ပိုးပန်းနေဆဲ ကာလပါ။ ထိုနေ့က ကျွန်တော်နှင့် ဂျေမီတို့ မိလီကို နေ့ကလေးထိန်းဌာနမှ သွားကြိုခြင်း ဖြစ်ပါသည်။ ကျွန်တော် ကောင်းစွာ မှတ်မိနေသည်။ ရွှေရောင်ဆံပင်နှင့် နှစ်နှစ်ရွယ် မိန်းကလေး ဝင့်ကြွားစွာ ဂိတ်တံခါးငယ်ကို တွန်းဖွင့်၍ ဟန်ပါပါနှင့် မော်တော်ကား ရှိရာသို့ လာနေသည်ကို ကျွန်တော် ယခုထက်တိုင် မြင်ယောင်နေဆဲပါ။ ကျွန်တော်က အစွမ်းကုန် ပြုံးပြသည်။ သို့သော် ကားပေါ်တွင် ကျွန်တော့်ကို မြင်သောအခါ ကလေးမ ငိုပါလေတော့ သည်။ ဂျေမီက ချော့မော့ ပြောဆိုသည့် အခါတွင်မှ အငိုတိတ်သွား ပါသည်။ ထို့နောက် ကျွန်တော်တို့သည် ကလေးအား တွန်းလှည်း လေးပေါ်တင်ကာ မြို့ငယ်လေးတွင်း လျှောက်လှည့်ကြည့်ကြသည်။ ဆိုင်ထဲသို့ ဝင်ကာ အရုပ်များနှင့် ကစားသည်။ ကလေးပုံပြင်စာအုပ် များကို မြည်းစမ်းကြည့်ကြသည်။ လိမ္မော်ရည်နှင့်ဆိုဒါ သောက်ကြ သည်။ ည ရှစ်နာရီခွဲ ရောက်သောအခါတွင်မူ တစ်ညတာအဖို့ လမ်းခွဲရတော့မည်။ ကျွန်တော့်ချစ်သူဂျေမီ သူတို့၏ စတေရှင် ဝက်ဂွန် ကားကလေးထဲသို့ ဝင်သွားသည်ကို ကြည့်နေစဉ် မိလီက လက်ဝှေ့ယမ်း၍ 'တာ့တာ' လုပ်သည်။ သူမသည် ကျွန်တော့်ကို ပြုံးရွှင်စွာ ကြည့်နေ၏။ လှပ ဝိုင်းစက်သည့် အညိုနုရောင် မျက်လုံး အစုံသည် မေတ္တာဖြင့် ရွှန်းစို တောက်ပလျက်ရှိသည်။

နောက် လေးနှစ် ကြာပြီးသည့်အခါတွင်ကား မိလီသည် လမ်းပေါ်တွင် အီစတာ (Easter) ပွဲတော် ခြင်းတောင်းများနှင့် အလုပ်ရှုပ်နေသော သူ့အမေကို ကူညီလျက်ရှိသည်။ ထိုအချိန်တွင် မိလီ၌ မောင် နှစ်ယောက်တိုးလျက်ရှိပြီ။ သူတို့မှာ အသက် နှစ်နှစ်ခွဲ ရှိ အိုက်ဇက် (Isaac) နှင့် သုံးလသားအရွယ် ဟိုလ်ဒင် (Holden) တို့ ဖြစ်သည်။ ပြန်စဉ်းစားကြည့်လိုက်သောအခါ ကျွန်တော့်ဘဝတွင် ပထမဆုံးအကြိမ် အဖေတော်ခဲ့ရသည်မှာ ကိုယ့်သွေးကိုယ့်သား အရင်း မဟုတ်သော မိလီကလေး ဖြစ်နေသည်။ ကျွန်တော်၏ သွေးရင်းသားရင်း ဖြစ်ကြသည့် အိုက်ဇက်နှင့် ဟိုလ်ဒင်တို့အပေါ် ထားရှိသည့် မေတ္တာမှာ ခြွင်းချက်မဲ့ ဇာတိစိတ်က လာသော မေတ္တာ ဖြစ်သည်။ သို့သော် မိလီကို အဖေတော်ရစဉ်ကမူ သွေးသားရင်း မဟုတ်သည့်အတွက် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရ သည်။ ယင်း စိန်ခေါ်မှုနှင့် ပြဿနာများကို ဖြေရှင်းရင်း ကျွန်တော် သည် ရိုးသားမှုနှင့် ဖခင်ဘဝအဓိပ္ပာယ်များ ပါဝင်သည့် သင်ခန်းစာ တို့ကို သင်ယူခဲ့ရပေသည်။

မိလီကလေး ပထမဆုံးအကြိမ် ကျွန်တော့်ကို 'အဖေ' ဟု စ ခေါ်လိုက်သည့် ဖြစ်ရပ်ကို ကျွန်တော် ကောင်းစွာ မှတ်မိနေပါသည်။ မိလီသည် ကလေးငယ်မျှပင် ဖြစ်စေကာမူ သူ့မိခင်ဂျေမီနှင့် ကျွန်တော်တို့ တရားဝင်လက်ထပ်ပြီးသည့်အချိန်အထိ စောင့်ပြီးမှ အဖေခေါ်လိုသူ ဖြစ်သည်။ ထိုအချိန်က ကျွန်တော်နှင့် ဂျေမီတို့ သည် အိပ်ခန်းတစ်ခန်းတည်းပါသော အိမ်ငယ်ကလေး တစ်ဆောင် တွင် နှစ်အတန်ကြာ အတူတူနေကြဆဲအချိန်ဖြစ်သည်။ ကလေး

တစ်ယောက်ကို မွေးမြူ ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ကြွယ်ဝသည့် အတွေ့အကြုံကိုလည်းကောင်း၊ မိသားစုဘဝ၏ သာယာချမ်းမြေ့မှု အရသာကိုလည်းကောင်း ထိုအချိန်မှစ၍ ကျွန်တော်တွေ့သိ ခံစားရပါသည်။ အသက်နှစ်နှစ်အရွယ် ကလေးတစ်ဦးကို ဒန်းပေါ်တင်၍ လွှဲပေးရသည့် နှစ်လိုဖွယ်အရသာကိုလည်း ထိုအချိန်ကမှ ကျွန်တော်သိခဲ့ရသည်။ နှစ်နှစ်အရွယ် ကလေးတစ်ယောက်နှင့် အတူနေရသည့် အချိန်တိုင်းသည် ပိတုန်းငှက် တစ်ကောင် ပျံသန်းသွားသည့်နှယ် စီစီညံညံအသံများ၊ ဆူဆူဝေဝေ မှတ်မိစရာကလေးများနှင့် ပြည့်ဝနေသည်ကို လည်းကောင်း၊ လျှပ်စီးတဝင်းဝင်းနှင့် တဝုန်းဝုန်း ရွာသွန်းနေသည့် မိုးကို ဝရန်တာအတွင်းမှ ကြည့်ရင်း ကျွန်တော့်ငယ်စဉ်ကလေးဘဝကို ပြန်လည်တသသတိရမိသည်ကိုလည်းကောင်း ကျွန်တော် ကောင်းစွာ မှတ်မိနေပါသည်။

သို့သော် တစ်ချိန်တည်းမှာပင် ကျွန်တော်သည် အလူးအလဲကြိုးစားနေရပါသည်။ မီလီ၏ ဖခင်အဖြစ် အသိအမှတ်ပြု ခံရရေးအတွက်ကြိုးစားရခြင်းပါ။ ကျွန်တော့်အဖို့မီလီ၏ ဖခင်ဟူသောဘဝသဏ္ဍာန် သရုပ်သည် ထိုအချိန်က ပီပီပြင်ပြင် ပေါ်လွင်မှု မရှိသေးပါ။ ရေခဲမုန့် ကျွေးရန် အပြင်သို့ ခေါ်သွားသည့် ကိစ္စမှာလွယ်ကူသော်လည်း ညအိပ်ရာဝင် သွားမတိုက်သည့်အတွက် ဆူပူကြိမ်းမောင်းရမည့်အလုပ်မှာ မလွယ်ကူလှပါ။ (ပထွေးမို့ ဆူပူသည်ဟု အထင်ခံရနိုင်ပါသည်။) သို့သော် ဖခင်တာဝန် မှန်သမျှကို ကျွန်တော် ယူပါမည်ဟု ဂျေမီကို ပေးထားသည့် ကတိစကားကလည်း ရှိနေသေးသည်။ မည်သို့ပင်ဖြစ်စေ ဆူရပူရ ကြိမ်းမောင်းရမည့်ကိစ္စအတွက်မူ ကျွန်တော့်မှာ စိတ်မသက်မသာ ဖြစ်ရပါသည်။ တစ်ချိန်တည်းမှာပင် ဂျေမီအဖို့လည်း သူတစ်ယောက်တည်း အရိပ်တကြည့်ကြည့်ဖြင့် ပိုးမွေးသလို မွေးခဲ့ရသော သမီးလေးကို သူတစ်ပါး



လက်ထဲအပ်ရမည့်အရေးအတွက် မသိစိတ်က အဘယ်မှာလျှင် ကျေနပ်နိုင်ပါလိမ့်မည်နည်း။

ထို့ကြောင့် ကျွန်တော်သည် မီလီကလေးက ကျေကျေနပ်နပ် စိတ်ပါလက်ပါ အဖေဟု ခေါ်မည့်အချိန်ကို စောင့်စား မျှော်လင့်နေမိပါသည်။ အဖေ ဟူသော အခေါ်အဝေါ်သည် မီလီနှင့် ကျွန်တော်တို့ နှစ်ဦးသားကို ခိုင်မြဲအောင် တုပ်နှောင်ပေးမည့် သံယောဇဉ်ကြိုးပင် ဖြစ်သည်။ ယင်းသို့ ဖြစ်ရန်မှာ ကျွန်တော် ဂျေမီကို လက်ထပ်၍ မီလီကို တရားဝင် မွေးစားလိုက်ဖို့ပင် ဖြစ်သည်။ ဤသို့ ပြုလိုက်လျှင် အရာရာအားလုံး ရှင်းသွားလိမ့်မည်။ ဤသို့ဖြင့် ဂျေမီနှင့် ကျွန်တော် လက်ထပ်ဖြစ်သည်။ မီလီကို တရားဝင် မွေးစားလိုက်သည်။ ယခင်က မီလီသည် ကျွန်တော့်ကို 'ဂေဘရီရယ်' (Gabriel) ဟု ခေါ်ခဲ့ရာ ယခုအခါ 'ဖေဖေ' ဟု ပြောင်းခေါ်သည်။ သို့သော် ကျွန်တော်ဘဝင်မကျပါ။ စိတ်ထဲတွင် တစ်ခုခု လိုနေသလို ခံစားရပါသည်။ သူ ခေါ်နေတာ ကျွန်တော့်ကို မဟုတ်ဟုလည်း ခံစားရပါသည်။

ကျွန်တော်သည် လုပ်သင့်လုပ်ထိုက်တာ မှန်သမျှ လုပ်ခဲ့ပြီးပြီ။ မီလီကို တရားဝင် မွေးစားခဲ့ပြီ။ ကျောင်းပို့ကျောင်းကြို လုပ်ခဲ့ပြီ။ ရေချိုး၊ အဝတ်အစားလဲ လုပ်ပေးခဲ့ပြီ။ ညအိပ်ရာဝင်ချိန်တွင် ပုံပြော၍ သိပ်ပေးခဲ့ပြီ။ ကျွန်တော့် မိသားစုကလည်း မီလီကို ကောင်းစွာလက်ခံရုံမက ချစ်ခြင်းမေတ္တာနှင့် ကရုဏာမိုးတို့လည်း တဖြိုးဖြိုးရွာသွန်းပေးခဲ့ပြီ။ ကဲ ဘာများ လိုပါသေးသနည်း။ ဟုတ်ကဲ့ တစ်ခုခုတော့ လိုနေပါသည်။ ဤဖြစ်ရပ်တွင် မီလီ၏ သွေးရင်းသားရင်း ဖခင် မပါဝင်ခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်သည် မီလီ၏ ဖခင်ရင်း မဟုတ်သလို မီလီသည်လည်း ကျွန်တော့် သွေးသားက ဖြစ်သည့် သမီးရင်း မဟုတ်ပါ။ စိတ်မသက်သာမှု၊ ခံပြင်းမှု စသည့်အနိဋ္ဌာရုံ ခံစားမှုများကို ကျွန်တော် ခံစားနေရပါသည်။

"ဟောဒီမှာ ငါ့ရဲ့ သွေးသားမတော်စပ်သူတစ်ဦးက ငါ့ကို ဖေဖေလို့ ခေါ်နေတယ်။ သူဟာ ငါ့ကလေး မဟုတ်ဘူး" ဟူသော ခံစားမှုက ကျွန်တော်၏ ဖေဖေဟူသော စိတ်ကူးယဉ် ပုံရိပ်ကို ဖျက်ဆီးလျက် ရှိပါသည်။ ကိုယ့်ကိုယ်ကိုယ် သူတော်ကောင်းဟု ထင်နေသူ တစ်ယောက်အဖို့ ထိုအတွေးမျိုး၊ ထိုခံစားမှုမျိုးသည် မောဟ အမိုက်မှောင်တစ်ခုပင် မဟုတ်ပါလား။ ဒီလို မောဟဖုံးသည့် အတွေးမျိုး ဘယ်ကဖြစ်ပေါ်လာတာပါလိမ့်။ ကျွန်တော်တို့ လူသားများ ဆင်းသက်ခဲ့ရာ 'ဆင့်ကဲဖြစ်စဉ်' ၏ လွှမ်းမိုးမှုကြောင့်ပေလား။ ကိုယ့်သွေးကိုယ်သား အရင်းကိုသာ ချစ်ခင်မြတ်နိုးတတ်သည့် ဇာတိစိတ် နှိုးဆွအားများက ကျွန်တော်၏ 'ဖခင်ဘဝပုံရိပ်' အယူအဆကို ဖျက်ဆီးပစ်လိုက်လေရော့သလား။ ကျွန်တော် ပိုးတဝါး တွေးတောနေမိပါတော့သည်။

ဤတွင် အဆိုးတကာ့ ထိပ်ခေါင်မှာ ပရိသတ်တို့၏ အမြင် ဖြစ်ပါသည်။ ကျွန်တော်သည် 'မယားပါသမီး' ဟူသော အသုံးအနှုန်းကို လုံးဝမနှစ်သက်ပါ။ မီလီ၏ နာမည်နောက်တွင် အဖေအဖြစ် ကျွန်တော် ဂေဘရီရယ် အကွီနိုဗစ်၍ (Gabriel Arquilevich) အမည်ပါရှိပြီးဖြစ်သည်။ ထို့ကြောင့် သူမသည် ကျွန်တော့်သမီးသာ ဖြစ်ရပါမည်။ သို့သော် အခြားသူများက မီလီ၏ မွေးသက္ကရာဇ်ကို မေးသည့်အခါ၌ သော်လည်းကောင်း၊ 'မီလီဟာ ဘယ်သူနဲ့ တူပါလိမ့်' ဟု မှတ်ချက်ပြုသောအခါတွင်သော်လည်းကောင်း ကျွန်တော် စိတ်ကသိကအောက် ဖြစ်ရပါသည်။ အဖေအရင်းနှင့် ပတ်သက်၍ မနာလို ဝန်တိုမှုတို့က ကျွန်တော်၏ အိပ်မက်ထဲတွင်ပင် ခြောက်လှန့်လျက်ရှိသည်။ အမြဲလိုလို ကျွန်တော့်အိုဂိုလည်း ထိခိုက်ဒဏ်ရာရလျက် ရှိသည်။ ထိုအချိန်က ကျွန်တော်သည် 'မီလီ၏ဖခင်' ပီပီပြင်ပြင်မဖြစ်သေး။ ကျွန်တော့် စိတ်တွေဝေဝါးရှုပ်ထွေးနေသေးသည်။ ယင်း စိတ်ရှုပ်ထွေးမှုသည် ကျွန်တော်၏ ပထမသား အိုက်ဇက်မွေးသည်အထိ ရှိနေဆဲ ဖြစ်ပါ၏။



အိုက်ဇက်သည် ကျွန်တော်၏ သွေးသားရင်းချာ ဖြစ်သည်။ နှောင်ကြိုးမဲ့ မေတ္တာဖြင့် ပျော်ရွှင်မှု ပြင်းထန်သော ဖခင်ဘဝ အရသာကို ထိုအခါတွင်မှ အတိအကျ ခံစားရသည်။ ဖခင်ဘဝဟူသည် စိတ်ဆန္ဒသက်သက် ရှိရုံမျှဖြင့် ပေါ်ထွန်း ဖြစ်တည်သည် မဟုတ်ဟူသောအချက်ကို ထိုအချိန်က ကျွန်တော် ကောင်းစွာ သဘော ပေါက်ခဲ့ပါသည်။ အိုက်ဇက်သည် ကျွန်တော်နှင့် ဇေ့မိတို့၏ အသွေး အသားဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပေရာ ဖခင်အဖြစ် ဆုံးဖြတ်ခြင်း ခံရမှုသည် အဓိက မဟုတ်တော့ပေ။ အိုက်ဇက်အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာ အတိမ်အနက်ကိုလည်း ခံစားရုံ သက်သက်မျှသာ မဟုတ်တော့ပေ။ 'ဖခင်ဘဝပုံရိပ်' သဘောမျိုး မဟုတ်။ ဖခင်ဘဝ စစ်စစ်သာ ဖြစ်ချေသည်။ ကျွန်တော်သည် အိုက်ဇက်အပေါ် ဘဝလုံးပုံ၍ ချစ်ခဲ့သည်။ သံသယလုံးဝကင်းစင်သော ဖခင်၏ အချစ်စစ်စစ် ဖြစ်သည်။

အိုက်ဇက် မွေးဖွားလာခြင်းသည် ကျွန်တော့်အဖို့ မီလီနှင့် ပတ်သက်သည့် ရှုထောင့်အမြင်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေခဲ့သည်။ မီလီနှင့် ကျွန်တော်တို့ကြားတွင် သွေးသားဆက်သွယ်မှု မြေပုံညွှန်းကို မည်သို့မျှ ရှာဖွေဖော်ထုတ်၍ ရနိုင်လိမ့်မည် မဟုတ်။ ထို့ကြောင့် ကျွန်တော်သည်မီလီကို ဖခင်ကဲ့သို့ ချစ်နိုင်သည် မှန်သော်လည်း ဖခင်အစစ်ကား ဖြစ်နိုင်သည်မဟုတ်။ ဤအမြင်သစ်သည် စောစောက ကျွန်တော့်အပေါ် ဖိစီးထားသော သံသယဝန်ထုပ်ဝန်ပိုးမှ လွတ်မြောက်စေခဲ့သည်။ မီလီသည် ငါ့သမီး၊ ငါသည် မီလီ့အဖေ ဟူသော မဖြစ်နိုင်သည့်အတွေးတို့လည်း ပျောက်ကွယ်သွား၏။ ဤတွင် အရေးကြီးသည်မှာ ဖခင်ပုံရိပ်မဟုတ်။ ချစ်ခြင်းမေတ္တာသာ ဖြစ်ကြောင်း ကျွန်တော် ကောင်းစွာ သဘောပေါက်ခဲ့ပြီ ဖြစ်သည်။

ကျွန်တော်သည် ဆန္ဒရှိရုံမျှဖြင့် မီလီ၏ ဖခင်ဖြစ်သွားလိမ့်မည်မဟုတ်။ ယခု ကျွန်တော် လုပ်နေသည်က ဆန္ဒသက်သက်၏

စေ့ဆော်ချက်ကြောင့်သာ ဖြစ်နေသည်။ မီလီနှင့် ကျွန်တော်တို့၏ ဆက်နွယ်မှုမှာ အိုက်ဇက်နှင့် ကျွန်တော်တို့၏ ဆက်နွယ်မှုနှင့် လုံးဝ ခြားနားသည်။ ထိုနည်းတူပင် မီလီနှင့် ကျွန်တော်တို့၏ ဆက်နွယ်မှု သည် ဂျေမီနှင့် မီလီတို့၏ ဆက်နွယ်မှုနှင့် လုံးဝခြားနားပေသည်။ ကျွန်တော်သည် အိုက်ဇက်၏ အဖေအရင်း၊ ဂျေမီသည် မီလီ၏ အမေအရင်း ဖြစ်သည်။ ထို့ကြောင့် မီလီသည် ကျွန်တော်၏ မယား ပါ သမီး၊ ကျွန်တော်သည် မီလီ၏ မွေးစားဖခင် (ပထွေး) သာ ဖြစ်ပါချေသည်။ အိုက်ဇက်မွေးလာပြီးနောက် မီလီသည်လည်း ထိုသို့သော ခံစားမှုမျိုးကို သဘောပေါက်သွားဟန်တူပါသည်။ ဤကဲ့သို့ အမှန်အတိုင်း သဘောပေါက်သွားခြင်းသည် တစ်နည်း တော့လည်း ကောင်းပါသည်။ ကျွန်တော့်အဖို့ အကောင်းဆုံး မွေးစားဖခင်၊ အမွန်မြတ်ဆုံး မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ရေး ကိုသာ ကြိုးစားရပါတော့မည်။ တစ်နည်းပြောရသော် မီလီနှင့် ကျွန်တော်တို့သည် အခြားသော လူများနည်းတူ သမီးနှင့် ဖခင်တို့၏ ဆက်နွယ်မှုကို ပြုကြရတော့မည် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် သည် ဖခင်၏ ပုံရိပ်သဘောကိုလည်းကောင်း၊ ဖေဖေဟူသော အယူအဆကိုလည်းကောင်း ပြောင်းလဲ၍ လက်ခံခဲ့ပေပြီ။ အဖေ ဟူသည် သွေးသားတော်စပ်မှုရှိမှသာ မဟုတ်။ ချစ်ခြင်းမေတ္တာနှင့် စာနာ ကရုဏာစိတ်တို့ရှိလျှင် ဖခင်ဘဝတာဝန်များကို ထမ်းဆောင် နိုင်သည်ဟူသော အယူအဆသစ်ကို ကျွန်တော်ရခဲ့ပြီ။ ထိုအချိန်မှ စ၍ မီလီကလေးကို လူလားမြောက်အောင် မွေးမြူ စောင့်ရှောက် ရေးနှင့်ပတ်သက်သည့် ကျွန်တော့်စိတ်အခြေအနေတို့သည် ရှင်းလင်းပြေလျော့၍ သွားပေတော့သည်။

ထို့ကြောင့် စပ်စုလိုသူ အများသူငါတို့ မေးလာကြသည့်အခါ ကျွန်တော်သည် မထောင့်မကွယ်၊ မလိမ်မညာ အမှန်အတိုင်းသာ ဖြေဆိုပါတော့သည်။ "မီလီကလေးဟာ သူ့အမေနဲ့ ရုပ်ချင်းတူပါ



တယ်။ ဒါပေမဲ့ သူ့ မျက်လုံးတွေကတော့ သူ့ အဖေအရင်းရဲ့ မျက်လုံး မျိုးပါပဲ" ဟု ကျွန်တော် ရဲရဲဝံ့ဝံ့ ပြန်လည် ဖြေကြားနိုင်ပါတော့သည်။

ယနေ့ည ကျွန်တော်က 'ဘီလူးကြီး၏ ရန်သူ' ဟူသော ပုံပြင် ကို မီလီအား ဖတ်ပြနေပါသည်။ ဂျေမီကမူ အိပ်မောကျနေသည်။ ဟိုလ်ဒင်ကလေးကို ချီထားပြီး အိုက်ဇက်ကို သီချင်းဆို၍ သိပ်နေပါ သည်။ မကြာမီပင် ပုံနားထောင်နေသော မီလီ မျက်တောင်များ စင်းကျလာပြီဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် သမီးလေး မီလီကို အိပ်ရာထဲ သွင်း၍ စောင်ခြုံပေးကာ 'အိပ်မက်လှလှ မက်ပါ စေ' ဟု ဆန္ဒပြုလိုက်သည်။ ထို့နောက် ပါးပြင်နုနုလေးကို ခပ်ဖွဖွ နမ်းရင်း "သမီးကို အဖေ ချစ်ပါတယ်" ဟု ညင်ညင်သာသာ ပြောခဲ့ မိပါသတည်း။

## ဂေဘရီးယဲလ် အကွီလီဗစ်ချ်

ဂေဘရီးယဲလ် အကွီလီဗစ်ချ် (Gabriel Arquilevich) သည် သမီးတစ်ယောက်၏ မွေးစားဖခင် (ပထွေး)၊ သားနှစ်ယောက်၏ ဖခင်အရင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယား ပြည်နယ် အိုဂျိုင်း (Ojai) ဒေသတွင် နေထိုင်သူ စာရေးဆရာ တစ် ယောက်ဖြစ်သည်။ သူသည် လက်သင်စာရေးဆရာတို့ကို စာရေး နည်း သင်ကြားပေးနေသည့် နည်းပြဆရာတစ်ယောက်လည်း ဖြစ်ပေသည်။

■

## ကျွန်တော့် အဖေ

ကျွန်တော် အသက် ၁၀ နှစ်သားအရွယ်က ဖခင်၏ အလုပ်ခွင်ရှိရာသို့ လိုက်သွားခဲ့သည့် အတွေ့အကြုံကို ယနေ့တိုင် အမှတ်ရနေပါသည်။ ဖခင်၏ တောင့်တင်း သန်မာသည့် လက်မောင်းကြီးကို မှီတွယ်ကာ သူ့ ခြေလှမ်းကျဲကြီးကို မီအောင် ခုန်ဆွ ခုန်ဆွနှင့် လိုက်ရသည်မှာ ရင်ခုန်စရာကောင်းလှသည်။ သို့တစေ အဖေ့အတွက် ကျွန်တော်ဂုဏ်ယူမိပါသည်။ အရပ် ခြောက်ပေ နှစ်လက်မမြင့်သော အဖေသည် အရပ်အမောင်းနှင့် လိုက်အောင် တုတ်ခိုင်သန်မာသည် ဖြစ်ရာ ကော်တောင့်နေသော ကာကီယူနီဖောင်းနံပါတ် (၁၃)၊ လည်ရှည်သားရေဖိနပ်တို့ဖြင့် လွန်စွာသားနားလှပါသည်။ အဖေ၏ တူညီဝတ်စုံမှာ ဂျမေကာကျွန်းကလေးတွင် 'အရှူးထောင်' ဟု လူသိများသော 'ကင်းစတန် ဘဲလီဗျူးဆေးရုံ' (Kingston's Bellevue Hospital) မှ စိတ်ကု သူနာပြု အကူဝတ်စုံ ဖြစ်ပါသည်။ အဖေ၏တာဝန်မှာ စိတ်ပိုင်းနှင့် စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာ ပြဿနာ အဖုံဖုံကြောင့် ဆေးရုံသို့ ရောက်လာသည့် လူနာများအား အောက်ခြေသိမ်းပြုစုခြင်း၊ လိုအပ်ပါက အင်အားသုံး၍ ထိန်းချုပ်ခြင်းစသော လုပ်ငန်းများ ပါဝင်ပါသည်။



ပထမအကြိမ် ရောက်ပြီးနောက် ကျွန်တော်သည် အဖေ၏ လုပ်ငန်းကို စိတ်ဝင်စားသည့်အလျောက် နောက်ပိုင်းတွင် မကြာခဏ ရောက်ခဲ့ပါသည်။ ကျွန်တော်သည် 'အဘယ့်ကြောင့် စိတ်ရောဂါ ဖြစ်ရသနည်း။ အဘယ့်ကြောင့် ယခုထက်တိုင် ယင်း စိတ်ရောဂါကို လုံးဝ ပျောက်ကင်းအောင် ကုသနိုင်သည့်ဆေးကို သုတေသီပညာရှင်တို့ မတွေ့ရှိရသေးသနည်း' ဟု တွေးတောနေမိသည်။ ထိုစဉ်က ငါလည်း အဖေ့လိုစိတ်ရောဂါကုဆေးရုံတွင် အလုပ်လုပ်အံ့ဟု တေးထားခဲ့ပါသည်။ ထိုအချိန်ကား ၁၉၄၀ ပြည့်နောက်ပိုင်း၊ ၁၉၅၀ ပြည့်ရှေ့ပိုင်းကာလများပင်ဖြစ်ရာ စိတ်တည်ငြိမ်အောင် ကုသနိုင်သည့် ဆေးများ မပေါ်ထွက်သေးပေ။ စိတ်ရောဂါကိုလည်း လျှို့ဝှက်ဆန်းကြယ်သော သဘာဝလွန်ဖြစ်ရပ်တစ်ခုအနေဖြင့် သတ်မှတ်ကာ ယင်းရောဂါမဖြစ်အောင် နည်းမျိုးစုံဖြင့် ကာကွယ်တားဆီးရမည်ဟု ယူဆနေသည့်အချိန်ဖြစ်၏။ ထို့ကြောင့် စိတ်ဝေဒနာရှင်များအား သံဆူးကြိုးများ ပတ်လည်ဝိုင်းထားသည့် ရောမ ဂိုဒေါင်လို အဆောက်အအုံကြီးအတွင်း သော့ခတ်ပိတ်လှောင်ထားသည်မှာ အံ့သြစရာမဟုတ်တော့ပါ။ ကုသပုံမှာလည်း လွန်စွာပင် ရက်စက်ပြင်းထန်လှပါသည်။ အထူးသဖြင့် လူနာသည်သိလျက်နှင့် တမင်သက်သက် မဖွယ်မရာတစ်ခုခု ပြုလုပ်သည်ဟု ဆေးရုံလုပ်သားတို့က အထင်ရောက်သွားခဲ့လျှင် ထိုလူနာမှာ မရှုမလှ ခံရတော့မည်မှာ သေချာပါသည်။

အကျဉ်းထောင်ကဲ့သို့ ပိတ်လှောင်နေသော ဤဂိုဒေါင်ကြီးကို အဘယ့်အတွက် ဆေးရုံဟုခေါ်ကြောင်း ကလေးမျှသာ ဖြစ်သည့် ကျွန်တော်သည် ထိုအချိန်က လုံးဝနားလည် သိရှိနိုင်စွမ်းမရှိခဲ့ပါ။ အဖေကမူ ဆူပူသောင်းကျန်းနေသော လူနာတို့ကို အင်အားသုံး၍ ထိန်းချုပ် ကိုင်တွယ်ပြီးတိုင်း အနူးအညွတ် တောင်းပန်လေ့ရှိသည်။ ယခုကဲ့သို့ တင်းတင်းကျပ်ကျပ် ပြုလုပ်ရခြင်းမှာ လူနာကောင်းကျိုး

နှင့် လူနာပတ်ဝန်းကျင်မှ အခြားလူများ ကောင်းကျိုးအတွက် ဖြစ်ကြောင်း သေသေချာချာ ရှင်းပြလေ့ရှိပါသည်။ တစ်နေ့သ၌ ကျွန်တော်က “ဒီလူနာတွေကို ဒီထက်ကောင်းတဲ့ နည်းနဲ့ ပြုစုဖို့ ကောင်းတယ် အဖေရာ” ဟု ပြောဆိုမိပါသည်။ ထိုအခါ ဖခင်က “ဒီမှာ ငါ့သား. . . ဒီလူနာတွေဟာ စိတ္တဇရောဂါသည်တွေ ဖြစ်တယ်။ သူတို့ဟာ မင်းတို့၊ ငါတို့လို လူသာမန်တွေ ခံစားသလို၊ နားလည်သလို ခံစားနားလည်နိုင်စွမ်း မရှိရှာကြဘူး။ ဒါ့ကြောင့် သူတို့ကို ဒီနေရာမှာ လှောင်ထားတာဟာ သူတို့ရဲ့အိမ်မှာထားတာထက် အများကြီး ကောင်းမွန်တယ်။ တကယ်လို့သာ သူတို့ကို အိမ်မှာ၊ မြို့ထဲမှာ၊ လမ်းပေါ်မှာထားခဲ့ရင် သူတို့ဟာလုံးဝအသိတရား ကင်းမဲ့ပြီး သူ့ကိုယ်သူရော အခြားသူတွေကိုပါ ဘေးအန္တရာယ်ဖြစ်စေမှာ သေချာတယ်။ လူတွေကလည်းကြောက်ရွံ့ပြီး သူတို့ဘေးကဝေးအောင် ပြေးရှောင်ကြမှာဖြစ်တယ်။ တကယ်လို့ ရင်ဆိုင်တွေ့ရင်လည်း စိတ်ဝေဒနာသည်တွေအဖို့ မသက်သာဘူးသာ မှတ်ပေရော့။ လူကောင်းတွေက သူတို့ကို တောထဲကသားရဲတိရစ္ဆာန်လို သဘောထားပြီး နောက်ဆုံးအသက်ကို ရန်ရှာမှာတောင် စိုးရိမ်ရတဲ့ အခြေအနေပဲ သားရေ. . .” ဟု ရှည်လျားစွာ ရှင်းလင်း ပြောပြပါသည်။

အဖေ့ ပြောစကားကို ကျွန်တော် နားလည်သဘောပေါက်ပါသည်။ သို့သော် ဤကိစ္စတစ်ခုလုံး တရားမျှတမှု ရှိသည်ဟူ၍ကား ကျွန်တော် မယုံကြည်နိုင်ခဲ့ပါ။

ကျွန်တော့်အဖေသည် သူ့အလုပ်တွင် အတော်ဆုံး လူ တစ်ယောက် ဖြစ်ပါသည်။ သူသည် အလုပ်ကို အလေးအနက်ထားသူ တစ်ဦး ဖြစ်ရာ ခွင့်ရက်ရှည် မယူသလောက်ပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း သူ့ကို လုပ်ဖော်ကိုင်ဖက်များကရော၊ အထက်လူကြီးတို့ကပါ လေးစားချစ်ကြည်ကြပါသည်။ ကျွန်တော်တို့ ရပ်ကွက်ထဲတွင်လည်း အဖေသည် ရေပန်းစားသူတစ်ယောက် ဖြစ်ပါသည်။



ရပ်ကွက်ထဲက လူတိုင်းသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တစ်နေ့နေ့ တစ်ခါခါအရေးအရာ ပေါ်လာပါက မစ္စတာဟင်နရီကို အားကိုးရမည်ဟု ယုံကြည်ကြပါသည်။

ကျွန်တော့်အဖေ ဝီလျံ ဟင်နရီ (William Henry) သည် ဗြိတိသျှပိုင် အနောက်အင်ဒီးစ် (West Indies) ဂျမေကာကျွန်း (Jamaica) ကလယ်ရင်ဒန် (Clarendon) ခရိုင်ရှိ ရွာသိမ်ရွာငယ်တစ်ခုတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်ပါသည်။ အသက် ၁၃ နှစ် အရွယ်တွင် ပညာသင်ရန် အခွင့်အလမ်းများသည့် ကင်းစတန် (Kingston) မြို့သို့ တက်၍ ဆွေမျိုးများထံ မှီခိုနေခဲ့သည်။ အသက် ၁၄ နှစ်တွင် အခြေခံပညာအောင်ပြီး အထက်တန်းတွင် ဆက်လက်ပညာသင်ကြားရန် စရိတ်မရှိတော့၍ ကျောင်းထွက်လိုက်ရသည်။ ဂျမေကာသည် အမေရိကနှင့်မတူဘဲ အထက်တန်းပညာသင်စရိတ်မှာ လွန်စွာကြီးလှသဖြင့် လူတိုင်းကျောင်းမနေနိုင်။ ငွေကြေး တတ်နိုင်သူများ၊ သတ်မှတ်ထားသည့် ရပ်ကွက်တွင် နေနိုင်သူများသာ အခွင့်အရေးရကြသည်။ ထို့ကြောင့် ကျွန်တော့်အဖေသည် ကုမ္ပဏီကြီးတစ်ခုတွင် မော်တော်စက်ပညာကို အလုပ်သင်အဖြစ် ဝင်ရောက် လုပ်ကိုင်သင်ယူကာ မကြာမီပင် ကားမောင်းသူ တစ်ယောက် ဖြစ်လာသည်။ သို့သော် ကားမောင်းသည့် အလုပ်မှာ ပုံမှန်မဟုတ်သောကြောင့် ကလေးသုံးယောက်အဖေဖြစ်နေသူတစ်ဦးအဖို့ အခြား အခြေခံခိုင်မြဲသည့် အလုပ်အကိုင်ကို ရှာဖွေရပြန်ပါသည်။ ကံအားလျော်စွာ စိတ်ရောဂါကု ဆေးရုံမှ ‘အသက်ငယ်ရွယ် ကျန်းမာသန်စွမ်း၍ စိတ်နှလုံးသား ကြင်နာတတ်သည့်၊ သင်ယူလိုစိတ်ပြင်းပြသော လူငယ်များအလိုရှိသည်’ ဟူသော ကြော်ငြာကို တွေ့သဖြင့် လျှောက်လွှာတင်လိုက်ရာ ဖခင်သည် အလုပ်ရလိုက်သည်။ လစာမှာ ပြောပလောက်အောင် မဟုတ်သော်လည်း ရေရှည်တက်လမ်း အလားအလာရှိသည့် လုံခြုံစိတ်ချမှုပေးနိုင်သော

ပြည်သူ့ဝန်ထမ်း အဆင့် တစ်ဆင့် ဖြစ်သည်။ ထိုအချိန်က ဖခင်၏ အသက်မှာ ၂၂ နှစ် ရှိပြီ။ ကင်းစတန်မြို့တော် ဘယ်လီဗျူး ဆေးရုံ၌ 'စိတ်ကုဆရာအကူ' အဖြစ် သူ လုပ်ဆောင်ရသည့် တာဝန်မှာ စိတ်ပိုင်းဆိုင်ရာရောဂါ အပြင်းစား၊ အလတ်စား၊ အပျော့စား စသည်ဖြင့် ဝေဒနာ အမျိုးမျိုးခံစားရသူတို့အား လိုအပ်သည့် အကူအညီ ပေးရန် ဖြစ်ပေသည်။ ဖခင်သည် ဤအလုပ်ကို သူ့ တစ်သက်တာတွင် ကြာရှည် စွဲမြဲစွာ လုပ်ကိုင်ခဲ့သည်။ နှစ်ပေါင်း ၃၀ ကြာမျှ တက်တက်ကြွကြွ တာဝန် ထမ်းဆောင်ခဲ့ပြီးနောက် ဖခင်သည်ကား မတော်တဆ ဖြစ်မှုကြောင့် ဒုက္ခိတဖြစ်ကာ အလုပ်မှ အချိန်မစေ့မီ အနားယူခဲ့ရရှာပါသည်။ ဖခင်သည် လုံ့လဝီရိယ ကြီးမားသူ ဖြစ်ကြောင်း အားလုံးက ပြောကြသည်။ အလုပ်တွင် လုံ့လဝီရိယဖြင့် တက်ကြွသကဲ့သို့ အိမ်တွင်လည်း သားသမီးများနှင့် အတူ စီမံကိန်း တစ်ခုပြီး တစ်ခု အကောင်အထည် ဖော်နေတတ်သည်။ ကျွန်တော်တို့ သားသမီးများသည်လည်း ဖခင်၏ စီမံကိန်းတွင် ပါဝင်လိုက်သည်နှင့် တစ်ပြိုင်နက် နောက်ဆုတ်စရာ လမ်းမရှိ။ လုံ့လဝီရိယ စိုက်ထုတ်ကာ မိမိကိစ္စကို ပြီးစီး အောင်မြင်အောင် လုပ်ရမည်ဟူသော အသိစိတ်ဓာတ်ဖြင့် ပြည့်ဝလာကြပါသည်။

ကျွန်တော့် ဖခင်သည် သားသမီး ၁၀ ယောက်ကို လူလားမြောက်အောင် မွေးမြူခဲ့ရာ နှစ်ယောက်မှာ မိခင်၏ ယခင် အိမ်ထောင်မှ ပါလာသူများ ဖြစ်ပြီး ရှစ်ယောက်မှာ ဖခင်၏ သွေးရင်းသားရင်းများ ဖြစ်ကြပါသည်။ ဖခင်နှင့် မိခင်တို့သည် ဤကလေး ၁၀ ယောက်ကို ရှေးရိုးစဉ်လာ နည်းစနစ်အတိုင်း စောင့်ရှောက် မွေးမြူခဲ့ကြပါသည်။ မိခင်က တစ်ချိန်လုံး အိမ်တွင်းမှု ကိစ္စများကိုသာ ဆောင်ရွက်နေသည့် ကြင်နာသနားတတ်သော အိမ်ရှင်မတာဝန်ယူပါသည်။ ဖခင်ကမူ အိမ်ပြင်ထွက်၍ စီးပွားရှာရသူ ဖြစ်ပြီး တင်းကျပ်သည့် သံမဏိ စည်းကမ်းများ ချမှတ်သူ၊ အချိန်ပြည့်



မိသားစု၏ ရှိသေလေးစားမှုကို ခံယူရရှိသူအဖြစ် တာဝန်ယူပါသည်။ 'အချိန်ပြည့်' ဟုဆိုရခြင်းမှာ ဖခင်သည် အိမ်တွင် လူကိုယ်တိုင် မရှိစေကာမူ သူ့အမည်က ဩဇာအရှိန်အဝါ လွှမ်းမိုးနေခြင်းကို ဆိုလိုပါသည်။ မဟုတ်တာလုပ်သည့် ကလေးတစ်ဦးအား "အေး. . . နင့်အဖေ ပြန်လာတဲ့အထိ စောင့်ပေတော့" ဟူသော စကားသည် အသည်းကြားက စိမ့်လောက်အောင် အကျိုးသက်ရောက်ပါသည်။ ကျွန်တော်သည် အဖေ့အကြောင်းကို စဉ်းစားလိုက်တိုင်း အောက်ပါ စကားလုံးများကို သတိရနေမိသည်။ ယင်းတို့မှာ 'ကြံ့ခိုင်သန်မာခြင်း၊ လုံ့လဝီရိယရှိခြင်း၊ စည်းကမ်းတင်းကျပ်ခြင်း၊ သတ္တိရှိခြင်း၊ အားကိုးအားထားပြုနိုင်ခြင်း၊ ကြင်နာသနားတတ်ခြင်း၊ အရာရာတွင် ထောက်ထား စာနာတတ်ခြင်းနှင့် ဘုရားသခင်ကို ရှိသေ လေးစားခြင်းဟူသော စကားလုံးများ ဖြစ်ပါသည်။ ယခု ပြန်စဉ်းစားကြည့်သည့်အခါ အဖေသည် ကျွန်တော့်အတွက် 'စံပြပုဂ္ဂိုလ်' ဖြစ်ပါသည်။ အဖေသည် ကျွန်တော်အတုယူရမည့် သူရဲကောင်းလည်းဖြစ်ပါသည်။

ကျွန်တော်နှင့်တကွ သားသမီးများ အားလုံးကို အဖေပေးခဲ့သောအမွေမှာ ပညာရေးအမွေပင် ဖြစ်ပါသည်။ ဖခင်သည် သူကိုယ်တိုင်က ပညာတတ်ကြီးတစ်ဦး မဟုတ်စေကာမူ ဗြိတိသျှကိုလိုနီဖြစ်သည့် ဤ ဂျမေကာကျွန်းကလေးတွင် လူတစ်လုံး သူတစ်လုံးဖြစ်ဖို့အရေးအတွက် အလိုအပ်ဆုံးအရာမှာ 'အထက်တန်း ပညာရေး' ပင် ဖြစ်သည်ဟု အလေးအနက် ယုံကြည်သူတစ်ဦးဖြစ်ပါ၏။ "ငါ့ သားသမီးတွေ အားလုံး ပညာတတ် ဖြစ်စေရမယ်။ နောက်ဆုံး သူတို့ ပညာရေးအတွက် ငါ့ကိုယ်ပေါ်က အဝတ်ကိုတောင် ချွတ်ပြီး ရောင်းချင် ရောင်းရပါစေကွာ" ဟု ပြောလေ့ရှိပါသည်။ ဗြိတိသျှကိုလိုနီအစိုးရက ဂျမေကာကျွန်းသားတွေ၏ ပညာရေးအတွက် ဦးစားပေး လုပ်ဆောင်လိမ့်မည်မဟုတ်ကြောင်း ကျွန်တော့်အဖေ ကောင်းကောင်းသိပါသည်။ ဂျမေကာကျွန်းသား ဆင်းရဲသား

အတော်များများမှာ အလယ်တန်းပညာရေးအဆင့်သို့ပင် မရောက်ရှာကြပါ။ လွန်စွာ ထူးချွန်သူ ကျောင်းသားအချို့ဟာ အလယ်တန်းပညာရေးသို့ ဆက်တက်ရန်အတွက် ယှဉ်ပြိုင်ခွင့်ကို ရရှိကြပါသည်။ အလယ်တန်းကျောင်းသို့ ဝင်ခွင့်ရသည်နှင့် တစ်ပြိုင်နက် ထိုကျောင်းသားသည် အရိုးကြေကြေ၊ အရေခန်းခန်း ကြိုးစားရတော့မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူ ကျရှုံးသွားပါက သူ့နေရာအတွက် ယှဉ်ပြိုင်မည့်သူတွေ၊ သူ့ နောက်မှာ တစ်ပုံတစ်ပင် တန်းစီ စောင့်ဆိုင်းနေကြသောကြောင့်ဖြစ်ပါသည်။ လူမှုရေး အမြင်ဖြင့် အတန်းတင်ပေးခြင်းဟူ၍ လုံးဝမရှိပါ။

ကျွန်တော့်ဖခင်သည် သူ၏သားသမီးများ အားလုံး အထက်တန်းပညာရေး ဆုံးခန်းတိုင် ရောက်စေရန် နည်းမျိုးစုံ သုံး၍ ကြိုးစားပါသည်။ သူကိုယ်တိုင် အနစ်နာခံသည်။ တောင်းပန် တိုးလျှိုးစရာရှိက သူကိုယ်တိုင် တောင်းပန်တိုးလျှိုးသည်။ ငွေကြေး ချေးငှားဖို့ လိုကလည်း သူပင် ချေးငှားသည်။ သူ့ သားသမီးတွေ၏ ပညာရေးအတွက် ကျွန်တော့်အဖေသည် ဥပဒေနှင့် မဆန့်ကျင်သည့် မည်သည့် အလုပ်မဆို လုပ်ဝံ့သူဖြစ်သည်။ အထက်တန်း အောင်ပြန်တော့ သားသမီးတွေကို ကောလိပ်သို့ ပို့ချင်ပြန်သည်။ ကျွန်တော့်ဖခင်သည် သားသမီးအားလုံး ပညာရေးကို စိတ်ဝင်စားအောင် ဆုပေး ဒဏ်ပေးစနစ်ကို ကျင့်သုံးပါသည်။ ဆုပေးစနစ်မှာ အတန်းထဲတွင် အမှတ်အမြင့်ဆုံး ငါးဦး၊ ဆယ်ဦး စာရင်းတွင် ပါခဲ့လျှင် သုံးချင်ရာ သုံးဖို့ဆိုပြီး မုန့်ဖိုးဆုငွေ ပေးပါသည်။ အိမ်တွင်လည်း အစားအသောက် အကောင်းစားများ ချက်ပြုတ်ကာ ထူးချွန်သူကို ဂုဏ်ပြုပွဲလေး လုပ်ပေးပါသည်။ ဒဏ်ပေးစနစ်မှာမူ လမ်းမကြီးများပေါ်တွင် နေပူကျဲကျဲ၌ ပေါက်ချွန်း၊ ပေါက်ပြား၊ ပေါက်တူးများ ကိုင်ကာ ချွေးတဒီးဒီး ပင်ပန်းကြီးစွာ လုပ်နေရသူများ ဖုန်တထောင်းထောင်းကြားတွင် သံပေါက်ချွန်းဖြင့် ကျောက်ထု ကျောက်ခွဲနေရ



သည့် ရာဇဝတ်သားများကို ခေါ်ပြခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ အဝတ်စုတ်ပြဲ၊ လက်တွန်းလှည်းဖြင့် သူတစ်ပါး ပစ္စည်းကို သယ်ပို့ပေးရသည့် ဆင်းရဲသားလူငယ်များကို ပြလေ့ရှိပါသည်။ ထို့နောက် ဖခင်သည် တည်ငြိမ်လေးနက်စွာဖြင့် "မင်းတို့တစ်တွေ အဲဒီလိုလူမျိုးဖြစ်ချင်ကြသလား။ သူတို့လို ပင်ပန်းဆင်းရဲတဲ့ အလုပ် လုပ်လိုကြသလား။ ဒါဆိုရင်တော့ ပညာမသင်လည်း ရပါတယ်။ ကျောင်းစာကို ဂရုမစိုက် ခပ်ပေါ့ပေါ့ လုပ်နေရင် ကြီးလာတဲ့အခါမှာ အဲဒီလိုလူမျိုးတွေ ဖြစ်မှာ သေချာပါတယ်" ဟု ပြောပါသည်။ အဖေ၏ လေးနက် တည်ငြိမ်သော အပြောနှင့် သူ ပြသည့် ဥဒါဟရုဏ်တို့သည် ကျွန်တော်တို့ နှလုံးသားထဲသို့ ပညာလိုလားစိတ်ကို ဖိနှိပ်သွင်းလိုက်သလို ဖြစ်သွားပါသည်။

ထိုစဉ်ကမူ ကျွန်တော်သည် ဖခင်၏ ဩဇာလွှမ်းမိုးမှု ဘယ်လောက် ကြီးမားသည်ကို သတိမမူခဲ့မိပါ။ ကျွန်တော်သည် အိမ်မှထွက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားနေသည့် အချိန်ကျမှသာ အဖေ၏ ဩဇာလွှမ်းမိုးမှု အရှိန်အဝါကို ခံစားရပါသည်။ ကျွန်တော်သည် အသားအရောင်မတူ၊ ယဉ်ကျေးမှုမတူသူများနှင့် ပေါင်းသင်း ဆက်ဆံရပါသည်။ သူတို့၏ ပညာရေးစနစ်တွင် သူတို့နှင့် ရင်ဆိုင်ယှဉ်ပြိုင် အနိုင်ကြိုးရပါသည်။ ထိုအချိန်တွင် ကျွန်တော့်မိဘများ၊ ကျွန်တော့် ဦးနှောက်ထဲ သွင်းပေးထားသည့် တန်ဖိုးထားမှု စနစ်တို့၏ အကျိုးသက်ရောက်ပုံကို ကျွန်တော်ကောင်းစွာ ခံစားရပါသည်။ ကျွန်တော်သည် အမေရိကန်များနှင့်ရော၊ အခြားနိုင်ငံခြားသား ကျောင်းသားများနှင့်ပါ ယှဉ်ပြိုင်၍ အမှတ်ကောင်းကောင်းရအောင် လုပ်နိုင်ခဲ့ပါသည်။ သူတို့နှင့်တန်းတူ ရည်တူပြောဆို ဆက်ဆံ၍ သူတို့၏ လေးစားချစ်ခင်မှုကို ရရှိခဲ့သည်။ ကျွန်တော်၏ မိမိကိုယ်ကို အလေးအမြတ်ပြုမှုနှင့် မိမိ၏ အရည်အချင်းကို ဂုဏ်ယူမှုတို့သည် ကျွန်တော့်ဖခင်နှင့် ထပ်တူ

ခွဲရာမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ကျွန်တော်သိရသည်။ တစ်နည်းဆိုရသော် ဖခင်၏ အရည်အချင်းများကို မြတ်နိုးလေးစားစွာ အတုခိုးရာမှ ကျွန်တော့်တွင်လည်း အရည်အချင်းကောင်းများ ကိန်းအောင်းလာသည်ဟု သိလာရပါသည်။ ကျွန်တော်သည် သက်တူရွယ်တူများကို အချိန်မရွေး ပခုံးချင်း ယှဉ်ပြိုင်ဖို့ ဝန်မလေးပါ။ မျက်လုံးချင်း ရင်ဆိုင်ကြည့်ဖို့လည်း သတ္တိရှိပါသည်။ လူမျိုးကွဲခြင်း၊ ဆက်ဆံရေး အလွှာမတူခြင်း၊ လိင်ခြားနားခြင်းတို့ကြောင့် ကျွန်တော် နောက်တွန့်သွားလိမ့်မည် မဟုတ်။ သတ္တိရှိစွာ ယှဉ်ပြိုင်မည်သာ ဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော်သည် စီးပွားရေးပညာနှင့် လူမှုရေးပညာ ဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ ရခဲ့ပါသည်။ ယင်းသို့ ဘွဲ့ရပြီးသည့်အခါတွင် ကျွန်တော်သည် 'စိတ်ကုလူမှုဝန်ထမ်းလုပ်သား' (Psychiatric Social Worker) တစ်ယောက် ဖြစ်လိုကြောင်း ရုတ်တရက် သိလိုက်ပါသည်။ ကျွန်တော်သည်လည်း ဖခင်ကဲ့သို့ပင် စိတ်ရောဂါဝေဒနာ ခံစားနေရသူများနှင့် သူတို့မိသားစုကို အကောင်းဆုံးသော ကူညီစောင့်ရှောက်မှု ပေးလိုစိတ်ရှိကြောင်း မိမိဘာသာ သိလိုက်ပါသည်။ ထို့အပြင် ကျွန်တော်သည် စိတ်ကျန်းမာရေး အယူအဆနှင့် ပတ်သက်သည့် လူများစု အမြင်ကိုလည်း ပြုပြင်ရန်နှင့် ပုံသစ်လောင်းရန် စေတနာသန်ကြောင်း ကိုယ့်ဘာသာကိုယ် ခံစားရပါသည်။ ဖြစ်ချင်တော့ ကျွန်တော်သည် 'လူမှုဝန်ထမ်းမဟာဝိဇ္ဇာဘွဲ့' (Master Of Social Work) အတွက် လက်တွေ့လေ့ကျင့် သင်တန်းတက်ရသည့် နေရာမှာ အော်ရီဂွန် (Oregon) ပြည်နယ်၏ ဆေးရုံကြီးတစ်ရုံတွင် ဖြစ်ပါချေ၏။

ကျွန်တော်သည် ယောကျ်ားကြီးတစ်ယောက်၊ ခင်ပွန်းသည်တစ်ဦး၊ သားနှစ်ယောက်၏ ဖခင်၊ စိတ်ကျန်းမာရေး အသက်မွေးဝမ်းကျောင်း ပညာရှင်တစ်ယောက် ဖြစ်လာသည့်အချိန်တွင်ကား ကျွန်တော့်ဖခင် မည်မျှတာဝန်ကြီးခဲ့ပုံကို နားလည်သဘောပေါက်



ပါတော့သည်။ ဖခင်သည် စိတ်ရောဂါကု အကူဘဝဖြင့် ဇနီး တစ်ယောက်နှင့်သားသမီး ၁၀ ယောက်ကို ဝမ်းဝ၍ ခါးလှရုံမက ပညာရေးအဆင့်ကိုပါ မြင့်မားအောင် လုပ်ဆောင်ပေးရသည့် တာဝန်မှာ ကြီးလေးလွန်းလှပါတကားဟု ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်ပါတော့သည်။ လွန်စွာဆင်းရဲမွဲတေလှသည့် ဂျမေကာကျွန်းကလေးပေါ်တွင် ဇနီးနှင့် သားသမီး ၁၀ ယောက်တို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ပညာရေးပိုင်း၊ ဆက်ဆံရေးပိုင်း၊ စာရိတ္တပိုင်းနှင့် နှလုံးသားဝိညာဉ်ပိုင်းဆိုင်ရာ လိုအင်များကို ကျွန်တော့်အဖေ မည်သို့မည်ပုံ ဖြည့်ဆည်းပေးနိုင်ခဲ့သနည်း။ မည်သို့မည်ပုံ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သနည်း။ အတိုင်းမသိ အံ့သြချီးကျူးစရာကောင်းသည့် စွမ်းဆောင်ချက်တစ်ရပ်ဟုပင် ဆိုပါရစေ။ ကျွန်တော်သည် သားနှစ်ယောက်၏ ဖခင်အဖြစ် တစ်စုံတစ်ရာ ပြဿနာတို့နှင့် ရင်ဆိုင်ရတိုင်း အဖေသာ ငါ့နေရာမှာ ဆိုရင် ဘယ်လိုများ ဖြေရှင်းမှာပါလိမ့်ဟု တွေးတောမိပါသည်။ မှန်ပါသည်။ အဖေကား ကျွန်တော့်ဘဝတွင် မီးရှူးတန်ဆောင်ကြီးတစ်ခုသဖွယ် ဖြစ်ပါချေသည်။

သားသမီးတို့ တစ်ယောက်ပြီးတစ်ယောက် တက္ကသိုလ်/ကောလိပ်တစ်ခုခုမှ ဘွဲ့ရသွားတိုင်း အဖေ၏ အိပ်မက်တို့ တစ်ခုပြီးတစ်ခု အကောင်အထည် ပေါ်သွားပါသည်။ အဖေ၏ သားသမီးတို့သည် ဘွဲ့ရပြီးနောက်တွင် ဂျမေကာကျွန်းကလေး၌ သာမက အမေရိကနှင့် ဥရောပသို့ပင် ခြေဆန့်ခဲ့ကြပြီ ဖြစ်သည်။ အဖေနှင့် ကျွန်တော်တို့ ညီတူမျှတူ ဂုဏ်ယူ ဝင့်ကြွားခဲ့ကြသော ဖြစ်ရပ်တစ်ခုမှာ အဖေအငြိမ်းစားယူခဲ့သော ကင်စတန် စိတ်ရောဂါကုဆေးရုံ (Kingston Psychiatric Hospital) မှ ဒါရိုက်တာလူကြီးက ကျွန်တော့်အား 'စိတ်ကျန်းမာရေးဆိုင်ရာ အတိုင်ပင်ခံပညာရှင်' အဖြစ် တာဝန်ပေးအပ်သည့် ဖြစ်ရပ်ပင်တည်း။ အဖေ့အဖို့ သူ့သား တစ်

ယောက်က စိတ်ကုပညာတွင် ပါရဂူဘွဲ့ (Ph. D) ရပြီး သူ့ မွေးရပ်မြေ ကျွန်းကလေးပေါ်ရှိ သူ အောက်ခြေသိမ်း အလုပ် လုပ်ခဲ့ရသော စိတ်ရောဂါ ဆေးရုံတွင် သူ အမြဲ လေးစား ဦးညွှတ်ခဲ့ရသော အကြီးအကဲ ဒါရိုက်တာလူကြီး၏ 'အတိုင်ပင်ခံပညာရှင်' အဆင့်သို့ ရောက်သွားခြင်းကို မဟာအောင်ပွဲကြီးတစ်ရပ်အဖြစ် ယူဆသည်မှာ မဆန်းလှပါ။ သူသည်ဆေးရုံသို့ လိုက်လာပြီး ယခင်က သူ၏ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ အထက်အရာရှိများနှင့် တွေ့ဆုံကာ ယခု လာသည့် အတိုင်ပင်ခံပညာရှင်ဆိုသူမှာ သူ့သားဖြစ်ကြောင်းကို တဖွဖွ ဂုဏ်ယူ ပြောဆိုလျက် ရှိပါသည်။ အဖေ့အဖို့အောင်ပွဲ။ ဟိုစဉ်က သူ ဆေးရုံတွင် အလုပ်လုပ်ခဲ့ရသည့် အောင်ပွဲကလေးများကို စားမြုံ့ပြန်ရသည့်ပွဲပင် ဖြစ်ပါတော့သည်။

၁၉၇၈ ခုနှစ်တွင် မိခင်ကြီး ကွယ်လွန်ခဲ့သည်။ ထို့နောက် နှစ်နှစ်အကြာတွင် ဖခင် အသည်းအသန် ဖြစ်နေသည်ဟု သတင်းကြားရသောအခါတွင် 'ဂျမေကာသို့ ပြန်၍ အဖေ့အနားမှာ နေဖို့ လိုအပ်ပြီ' ဟု ကျွန်တော့်စိတ်ထဲက အလိုလိုသိပါသည်။ ဂျမေကာသို့ ပြန်လျှင် ကျွန်တော့်မိသားစုအဖို့ အတော်လေး ကသီလင်တ ဖြစ်ကြမည် မှန်သော်လည်း မိသားစုဝင်အားလုံးက ဂျမေကာသို့ ပြန်ပြီး အဖေ့အနားတွင် စောင့်ရှောက်ပြုစုရန် တိုက်တွန်းကြပါသည်။ အထူးသဖြင့် သူ့မိသားစုအတွက် တာဝန်ကျေပွန်ခဲ့သော သူ့ ဘဝကို သားသမီးများအတွက် စံပြဖြစ်အောင် နေထိုင်ပြခဲ့သော ဖခင်၏ အခန်းကဏ္ဍကို မြတ်နိုးလေးစားကြောင်း ပြသည့်အနေဖြင့် ဂျမေကာသို့ ပြန်ရန် အားလုံးက ဟိုက်တွန်းကြပါသည်။ တစ်နှစ်ခွဲလောက် အကြာတွင်မူ ဖခင်ကြီး၏ ကျန်းမာရေးမှာ သိသိသာသာကြီး ကောင်းမွန်လာသဖြင့် ကျွန်တော်တို့ မိသားစုလည်း အမေရိကသို့ ပြန်ခဲ့ကြပါသည်။ ကျွန်တော်နှင့် ကျန် ညီအစ်ကို မောင်နှမတစ်စုက ဖခင်ကြီးအား မိမိတို့နှင့်အတူ အင်္ဂလန်တွင်ဖြစ်စေ၊



အမေရိကတွင် ဖြစ်စေနေထိုင်ရန် ပြောဆိုသော်လည်း ဖခင်ကမူ သူသည် အသက်ကြီးပြီဖြစ်၍ ခရီးဝေးဝေး မသွားလိုတော့ကြောင်းနှင့် အထူးသဖြင့် လူက မိုးပေါ်ပျံသည်ကို (လေယာဉ်စီး) သူ မယုံကြည်ကြောင်း ပြောပါသည်။ ကျွန်တော်နှင့် မိသားစုဝင်အားလုံးတို့သည် ဂျမေကာတွင် ဖခင်နှင့်အတူတူနေခဲ့ရသည့် နေ့များအတွက် နောင်တမရကြပါ။ ဖခင်ကြီးကို ပြုစုလိုက်ရသည့်အတွက် ပို၍ပင် အကျိုးအမြတ် ရရှိလိုက်သည်ဟု ယုံကြည်ကြပါသည်။ ဖခင်သည် နောက်ထပ်ငါးနှစ်အထိ အသက်ရှည် ကျန်းမာစွာ နေခဲ့ရပါသည်။ သူ ကွယ်လွန်သွားသောအခါ ကျွန်တော်သည် ဂျမေကာသို့ အသုဘအခမ်းအနား တက်ရောက်ရန် သွားခဲ့ပါသည်။ ကျွန်တော်သည် သားကြီး ဩရသဖြစ်သည့်အလျောက် ကျန်မောင်နှမ ကိုးယောက်နှင့် ဖခင်ကြီး၏ မြေး ၃၀၊ မြစ် ရှစ်ယောက်တို့၏ကိုယ်စား ချီးကျူးထောမနာစကား ပြောကြားရပါသည်။ ဖခင်ကြီးသည် ပျော်ရွှင် ကျေနပ်သော လူသားတစ်ယောက်အဖြစ် ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ သို့သော် သူသည် အသွင်အမျိုးမျိုး၊ နည်းလမ်းအသွယ်သွယ်ဖြင့် ကျွန်တော်၏ နှလုံးသား ဝိညာဉ်ထဲတွင် ရှင်သန် လှုပ်ရှားလျက် ရှိဆဲပါတည်း။

## မဲလ် ဟင်နရီ
## (Mel Henry )

မဲလ်ဘုန်းဟင်နရီ (Melboume Henry) သည် ဂျမေကာတွင် မွေး၍ ဂျမေကာတွင် ကြီးပြင်းခဲ့သူ ဖြစ်သည်။ သူသည် သမီးနှစ်ယောက်၏ ဖခင်ဖြစ်သည်။ တစ်ချိန်က ထင်ရှားသော တက္ကသိုလ်ပါမောက္ခနှင့် အုပ်ချုပ်ရေးမှူးတစ်ဦး ဖြစ်ခဲ့သည်။ သူသည် အလာစကာ (Alaska) စာရိတ္တပြုပြင်ရေးဌာန၏ ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ဆဲ ဖြစ်သည်။

■

## သင်္ဘောကျင်း

ကျွန်တော့် အဖေသည် အသက် ၆၀ အရွယ်တွင် ကွယ်လွန်ခဲ့သည်။ သူသည် အရိုးကင်ဆာဖြင့် မကွယ်လွန်မီ အချိန်အထိ ကျန်းမာသန်စွမ်းစွာ သင်္ဘောကျင်းတွင် အလုပ်လုပ်ခဲ့သူတစ်ဦးဖြစ်သည်။

ကော်တောင့်နေအောင် မီးပူတိုက်ထားသော ရှပ်အင်္ကျီအပြာ၊ ဂျင်းဘောင်းဘီ အနက်၊ အလုပ်သမားစီး ဖိနပ်အညိုနှင့် ခံ့ညားနေသော ဖခင်၏ ရုပ်သွင်ကို ယခုထက်တိုင် ကျွန်တော် သတိရနေဆဲပါ။ သားရေလက်အိတ်တစ်စုံကို သူ၏ ဘောင်းဘီနောက်ဘက်အိတ်ထဲသို့ ပစ်ထည့်ကာ နေ့လယ်စာသံဘူးကိုဆွဲ၍ အဖေ အိမ်ထဲမှ ထွက်လာသည်။ ကျွန်တော်သည် တစ်နေကုန်၍ သူ၏ ထရပ်ကားလေး ပြန်လာမည့်အချိန်ကို ကြိုဆိုရန် မြက်ခင်းပြင်ပေါ်မှာ စောင့်ဆိုင်းနေလေ့ ရှိပါသည်။ သူသည် သူ၏ ဖို့ဒ်ကားအိုလေးထဲမှ ထွက်လာသောအခါတွင်မူ သင်္ဘောကျင်းတွင် တစ်နေကုန် အလုပ်လုပ်ခဲ့ရသဖြင့် စက်ဆီ၊ ချောဆီအနံ့များ၊ သင်္ဘောကြီးတို့မှ ထွက်သည့် သံချေး အနံ့များဖြင့် ထုံမွမ်းလျက် ရှိပါသည်။ ထို့နောက် သူသည် စောင့်ကြိုနေသော ကျွန်တော့်ကို ပွေ့ချီကာ "သားလေး ဂျော်နီ. . . ဒီနေ့ကော ဘာတွေ ကစားသေးလဲ" ဟု မေးပါသည်။ ကျွန်တော်က သူ့ ထမင်းဘူးကို လှမ်းယူပါသည်။ ထို့နောက်



ကျွန်တော်တို့ သားအဖသည် လက်တွဲကာ နောက်ဖေးဆောင်သို့ ထွက်ခဲ့ကြပါသည်။ မကြာခင် ညစာ စားရပေတော့မည်။

ကျွန်တော်သည် ဖခင်၏ လက်မောင်း လက်ရုံးတို့ မည်မျှ သန်မာ ထွားကျိုင်း အားမာန်အပြည့် ရှိသည်ကို ယနေ့ထက်တိုင် သတိရနေမိသည်။ သူသည် လွန်စွာ အလုပ် လုပ်သူတစ်ယောက် ဖြစ်သည်။ တစ်နေ့လျှင် ၁၂ နာရီ၊ ၁၄ နာရီ၊ တစ်ပတ်လျှင် ခြောက်ရက်၊ ခုနစ်ရက် အလုပ် လုပ်သူ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် အသက် ၁၅ နှစ် အရွယ်က အဖေနှင့် ပတ်သက်ခဲ့သည့် အတွေ့အကြုံကလေးတစ်ခုကိုမူ သတိအရဆုံး ဖြစ်သည်ဟု ဆိုပါရစေ။ ထိုအချိန်က ကျွန်တော့်အဖို့ သင်္ဘောကျင်းတွင် ပထမဆုံး အလုပ် လုပ်သည့်နှစ်။ ပထမဆုံး ရက်သတ္တပတ်တွင် ဤအဖြစ်အပျက်ကလေး ဖြစ်ခဲ့ခြင်းပါ။ သင်္ဘောကျင်း အလုပ်မှာ လွန်စွာ ကြမ်းတန်း ခက်ခဲလှပါသည်။ ထို့အတူပင် အလုပ်သမား အများစုကလည်း အပြောအဆိုကြမ်း၊ စရိုက်ကြမ်းကြပါသည်။ ထိုအချိန်က ကျွန်တော်သည် အလုပ်ဝင်စသာ ဖြစ်၍ သင်္ဘောကြီး၏ ရွက်ကြိုး၊ ဆိုင်းကြိုးတို့ကို မည်သို့ ကိုင်တွယ် ချည်နှောင် ထိန်းသိမ်းရမည်ကို စနစ်တကျ မသိသေးပါ။ ကြီးမားလှသော ဆီတင်ယာဉ်၊ ကုန်တင်ယာဉ်ဖြစ်သည့် သင်္ဘောကြီးပေါ်သို့ ကြီးမားလေးလံလှ သည့်ပစ္စည်းတို့ကို တဖြည်းဖြည်းချင်း ချရန်အတွက် ဝန်ချီစက် မောင်းသူအား အချက်ပြရသည့် လုပ်ငန်းကိုလည်း သိပ်မကျွမ်းကျင်သေးပါ။

ယင်းသင်္ဘောကျင်းတွင် ကျွန်တော့်ကို အသားလွတ် မလိုမုန်းတီးနေသည့် ဟားလ် (Hal) ဆိုသူ လူတစ်ယောက် ရှိပါသည်။ ထိုသူသည် ကြီးမားထွားကျိုင်းသူ တစ်ဦးဖြစ်ပြီး မျက်နှာမှာ နီစပ်စပ် ပွရောင်းရောင်း ဖြစ်ကာ အသံပြဲကြီးနှင့် အော်ဟစ် ဆူပူတတ်သူ ဖြစ်ပါသည်။ အထူးသဖြင့် ကျွန်တော်၏ နှေးကွေးပုံ၊ မှားယွင်းပုံ၊

အသုံးမကျပုံတို့ကို သူ့ အသံပြဲကြီးနှင့် အော်ဟစ် ဆူပူရသည်ကို သူ အလွန် ခံတွင်းတွေ့နေပုံ ရပါသည်။

ထိုနေ့ကား သောကြာနေ့၏ ညနေပိုင်း ဖြစ်ပါသည်။ လေတဝုန်းဝုန်း တိုက်နေသော ဒီဇင်ဘာလ၏ ညနေခင်းတွင် လေနှင့်အတူ ရေခဲတမျှ အေးစက်နေသော မိုးစက်တို့လည်း တဖွားဖွား ကျနေပါသည်။ ဟားလ်က သင်္ဘောပေါ်သို့ တက်၍ သံမဏိပြားကြီးများကို အတင်အချပြုရန် ကျွန်တော့်အား ခိုင်းပါသည်။ ယခုကဲ့သို့ လေတဝုန်းဝုန်း တိုက်နေသည့်အချိန်တွင် ဤအလုပ်မျိုးကို ဝါရင့်ကျွမ်းကျင်သူ ဟားလ်ကိုယ်တိုင် လုပ်သင့်ပါသည်။ သို့သော် သူက မလုပ်ပါ။ တကယ်တော့ ဤအတင်အချကိစ္စမျိုးကို လူသစ်မျှသာ ရှိသေးသော ကျွန်တော်လုပ်ဖို့မရှိပါ။ မည်သို့ပင်ဖြစ်စေ သူက အထက်လူကြီးအနေဖြင့် အတင်းအကျပ် စေခိုင်းပါတော့သည်။ ကြိုးကို ဘယ်ပုံချည်၍ ဝန်ချီစက်ဆရာကို ဘယ်လို အချက်ပြရမည် ဆိုတာကို အမိန့်ပေးပြီး နားလည် မလည် မေးပါသည်။ ကျွန်တော်သည် ကြိုးကို ချိတ်တွင် တပ်ဆင်ခြင်း၊ ဝန်ချီစက်ဆရာ မြင်နိုင်သည့် နေရာသို့ ပြေး၍ အချက်ပြရခြင်းစသည့် အလုပ်နှစ်မျိုးစလုံးကို အပြေးအလွှား လုပ်ကိုင်ရပါသည်။ သို့သော် ဟားလ်ကမူ ကျွန်တော် လုပ်ပုံ နှေးကွေး လေးလံသည်ဟုဆိုကာ တစ်ချိန်လုံး ဆူပူဆဲရေးနေပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဝန်ချီစက်၏ ချိတ်ကြိုးတွင် ပစ္စည်းကို ချိတ်၍ စက်ဆရာကို အချက်ပြရသည့်အလုပ်ကို တဖြည်းဖြည်း လုပ်တတ်လာပါသည်။ သို့သော် သိပ်မကြာလှပါ။ တစ်တန်ခန့်လေးမည့် သံမဏိပြားကြီးတစ်ချပ်သည် ယိမ်းထိုးကာ ကျွန်တော့်ဆီသို့ လာနေပါသည်။ ကျွန်တော်သည် အတွေ့အကြုံ မရှိသေးသူဖြစ်၍ ဤအခြေအနေမျိုးတွင် ဘာဆက်လုပ်ရမည်ကို မသိပါ။ ထို့ကြောင့် ယင်း သံမဏိပြားကို ကျွန်တော့်ထံပို့ရန် ဝန်ချီစက်ဆရာကို အချက်ပြ၍ အဆင်သင့် နေရာယူထားပါသည်။ သို့သော် ထို



အချိန်တွင် လေပြင်းပြင်းတစ်ချက် ဝှေ့ယမ်း တိုက်ခတ်လိုက်ရာ သံမဏိပြားကြီးသည် ထောင်၍ ရွက်သဖွယ် ဖြစ်သွားပါတော့သည်။ ပေါင်ချိန် နှစ်ထောင်ခန့်ရှိသော ယင်း သံမဏိပြားကြီးသည် လေပြင်း၏ အဟုန်ကြောင့် ရွက်သဖွယ် လွင့်ပါးကာ ကျွန်တော် ရှိရာသို့ တန်းတန်းမတ်မတ်ကြီး လာနေပါတော့သည်။ ထိုအချိန်တွင် တစ်စုံတစ်ဦးက ကြောက်လန့်တကြား အော်လိုက်သည်ဖြစ်ရာ ဝန်ချီစက်မောင်းသူ၏ မျက်နှာမှာ သွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်သွားပါတော့သည်။

ကျွန်တော်လည်း လန့်ဖျပ် တုန်လှုပ်ကာ သင်္ဘောကုန်းပတ်ပေါ်သို့ ဝပ်ချလိုက်ပါတော့သည်။ သံမဏိပြားကြီးသည်လည်း သင်္ဘောဝမ်းတွင်းသို့ အရှိန်ပြင်းစွာ ကျသွားရာ ဝုန်း ဆိုသော မြည်ဟည်းသံကြီး ပေါ်ထွက်လာပါသည်။ သံမဏိပြားကြီးသည် ကျွန်တော် မှုလရပ်တည်နေရာနှင့် လက်မ အနည်းငယ်မျှသာ တိမ်းပါးကာ အောက်သို့ ကျသွားရာ သင်္ဘောကျင်း တစ်ခုလုံး ဆူညံမြည်ဟည်းသွားပြီး မြေငလျင် လှုပ်သလို သွက်သွက်ခါသွားပါသည်။ ကျွန်တော့်မှာလည်း ကြောက်လွန်း၍ အသက်ရှူပင် ရပ်တန့်သွားသည်ဟု ထင်မိပါသည်။ ဝန်ချီစက်မှလည်း ဝီစီသံ၊ ဥသြဆွဲသံတို့ ပေါ်ထွက်လာပါသည်။ ဝန်ချီစက်ဆရာက ကျွန်တော့်ကို သံမဏိပြား အောက်တွင် ပိပြား၍ သေရှာပြီဟု ထင်မိသောကြောင့် ယင်းကဲ့သို့ အသံစုံဖြင့် အချက်ပြခြင်း ဖြစ်ပါတော့သည်။

ကျွန်တော်သည် အပေါ်သို့ ခုန်တက်ကာ ကုန်းပေါင်ပေါ်မှ ဆင်းခဲ့ပါသည်။ ဟားလ်သည် ဆူညံစွာ အော်ဟစ် ဆဲရေးပြီး ကျွန်တော့် နောက်သို့ ပြေးလိုက်လာပါသည်။ သူက "မင်းကို မှတ်လောက် သားလောက်အောင် ရေထဲကို ပစ်ချရမယ်" ဟုလည်း အော်ပြောပါသည်။ ကျွန်တော်ဟားလ်နောက်သို့ လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်အဖေနှင့် အလုပ်သမားအချို့ ပြေးလာသည်

ကို တွေ့ရသည်။ အဖေ့ မျက်နှာပေါ်တွင် ဒေါသရောင် လွှမ်းနေသည်ကို တွေ့ရသဖြင့် "အင်း ဒီတစ်ခါ ငါတော့ အလုပ်ပြုတ်ပါပြီ" ဟု တွေးကာ ကျွန်တော် စိုးရိမ်ပူပန်မိပါသည်။ အလုပ်ပြုတ်သည်ထက် ပိုဆိုးသော ပြစ်ဒဏ်မျိုးလည်း ပေးလိမ့်ဦးမည်ဟု ထင်မိပါသည်။ ကျွန်တော်သည် ဖေဖေ့ မိတ်ဆွေများ ရှေ့တွင် အရှက်တကွဲ အကျိုးနည်းစေမည့် အလုပ်ကို လုပ်ခဲ့သည်ဖြစ်ရာ ကြိုးတုပ်၍ ကြာပွတ်နှင့် ရိုက်သည့်ဒဏ်ကိုတော့ ခံရပေဦးမည်ဟု တွေးနေမိသည်။ သို့သော် ထိုသို့ ဖြစ်မလာပါ။ အဖေ ဒေါသထွက်နေသည်မှာ ကျွန်တော့်ကို မဟုတ်ပါ။

အဖေသည် ဟားလ်၏ ရှပ်အကျီကို ဆွဲကိုင် လှုပ်ယမ်းကာ "သင်္ဘောပေါ်မှာ ရှိနေရမှာက ဒီကလေးမဟုတ်ဘူး။ မင်းကွ မင်း. . ." ဟု အော်ပြောပါသည်။ အခြားအလုပ်သမားများကလည်း "အေး ဟုတ်တယ်. . . ဟုတ်တယ်. . ." တစ်သံတည်း ထွက်လာကြပါသည်။

"မင်း ဒီမှာ ဆက်အလုပ် လုပ်ချင်သေးတယ်ဆိုရင် ကိုယ့်အလုပ်ကို ကိုယ် လုပ်ပါ။ အခုလောလောဆယ်မှာ မင်း ဒီကလေးကို တောင်းပန်လိုက်ပါ။ ဒီကလေးဟာလည်း အလုပ်သမား တစ်ယောက် ဖြစ်တဲ့အတွက် သူ့ကိုလည်း အခြား အလုပ်သမားတွေကို ဆက်ဆံသလို ဆက်ဆံပါ" ဟု အဖေက ပြောပါသည်။

အရာခပ်သိမ်းသည် ခေတ္တမျှ ဆိတ်ငြိမ်သွားသည်။ ထို့နောက် ဟားလ်သည် သူ၏ လက်ကို ရှေ့ဆန့်ထုတ်ကာ "ဝမ်းနည်းပါတယ်။ ငါ မှားသွားပါတယ်။ ငါ့ကို ခွင့်လွှတ်ပါကွာ" ဟု တောင်းပန်စကား ဆိုပါသည်။

သည်လိုနှင့် ကိစ္စတစ်ရပ် ပြတ်သွားခဲ့သည်။ ကျွန်တော်တို့ သင်္ဘောကျင်းမှ ပြန်လာသောအခါ အဖေသည် ကျွန်တော့် ပခုံးကို ညင်သာစွာ ပွေ့ဖက်၍ လမ်းလျှောက်လာကြပါသည်။ သူ၏ ပါးပြင်



တွင် မျက်ရည်များ စီးကျနေသည်ကို ကျွန်တော်ကောင်းစွာမြင်ရပါသည်။

သူ ကွယ်လွန်မည့်နှစ် နွေရာသီရက်အားတစ်နေ့တွင် ကျွန်တော်တို့ သားအဖ ဘောလုံးပွဲ သွားကြည့်ကြပါသည်။ ရာသီဥတုသည် ပူနွေးလျက်ရှိသည်။ နေမင်းသည် ဝင်စပြုပြီဖြစ်ရာ ကောင်းကင်သည် အနီရောင်၊ အပြာရောင်၊ ခရမ်းသွေးရောင်တို့ဖြင့် တင့်တယ် လှပနေသည်။ လမ်းဖြတ်ကူးသည့်အခါ ဖခင်သည် ကျွန်တော့်လက်ကို အားပြုမှီတွယ်ကာ ပလက်ဖောင်းတစ်ဖက်သို့ တက်ခဲ့ရရှာပါသည်။ (ဟိုအချိန်က သူက လူကြီး၊ ကျွန်တော်က ကလေး ဖြစ်ခဲ့သည်။ ယခုအချိန်တွင်မူ ကျွန်တော်က တက်လူ၊ သူက ကျလူ ဖြစ်၍ ကျွန်တော့်ကိုပင် အားပြုမှီတွယ်နေရရှာပါပြီ။) သူသည် ကျွန်တော့်လက်ကို မဖြုတ်တော့ပါ။ ဘောလုံးကွင်းထဲသို့လည်း ကျွန်တော်တို့ သားအဖ လက်တွဲ ဝင်လာခဲ့သည်။ ထိုင်ခုံရှိရာသို့ ရောက်သည်အထိ သူသည် ကျွန်တော့်လက်ကိုဆွဲကာ လမ်းလျှောက်ခဲ့ပါသည်။ "ကဲ. . . ဒီတစ်ခါတော့ မင်းက ငါ့ကို ဘီယာတိုက်ရမယ့် အလှည့်ပဲ" ဟု သူက ဆိုပါသည်။ သူသည် မြေပဲကိုတစ်စေ့ချင်း ဝါးကာ ကျွန်တော် တိုက်သည့်ဘီယာကို တစ်ကျိုက်ချင်း ဇိမ်ခံ၍ သောက်နေပါသည်။ ကျွန်တော့်အဖေကို ကျွန်တော့်တစ်သက် မမေ့ရက်နိုင်တော့ပါ။

## ဂျွန် အယ်လ် ဟတ်
## (John L. Hart)

စာတမ်းရှင် ဂျွန် အယ်လ် ဟတ် (John L. Hart) သည် ဖခင်တစ်ဦး၊ ပထွေးတစ်ဦးဖြစ်သည်။ နယူးမက်ဆီကို (New Mexico) ရှိ ကုန်းမြင့်တက္ကသိုလ် (Highland University) မှ တွဲဖက် ပါမောက္ခတစ်ဦးလည်း ဖြစ်သည်။ 'ဖခင်ဘဝဇာတ်လမ်းစုံ' စာအုပ်ကို ပြုစုသူဖြစ်သည်။

■

## ချစ်မြတ်နိုးစွာ အလုပ် လုပ်ပါ

ကျွန်တော်သည် နေ့စဉ် ကျောင်းတက်ရာတွင် စီးရသော ဖခင်ဖြစ်သူ၏ ပစ်ကပ်ကားကလေးကို ကောင်းစွာ မှတ်မိနေပါသည်။ ဖခင်၏ ကားရှေ့ခန်း ဒက်ရှ်ဘုတ် (Dash board) ထဲတွင် ဝက်အူများ၊ မူလီများ၊ သံချောင်း၊ တူ၊ ပဲခွပ်၊ ပလာယာ အကြီးအသေးများ ပြည့်နှက်လျက် ရှိပါသည်။ လမ်းပေါ်ရှိ ချိုင့်ထဲသို့ ကားဘီး ကျသွားသည့်အခါနှင့် ဘယ် ညာ တစ်ဖက်ဖက်သို့ ချိုးကွေ့သည့် အခါများတွင် ကားအတွင်း၌ သံစုံမြည်နေသည်မှာ လျှော်ကြောပေါ် ရောက်နေသည့် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်ကဲ့သို့ ပင် ထင်မှတ်ရပါသည်။ နောက်ခန်းတွင်းရှိ ကူရှင်ပေါ်တွင်ကား လွန်ခဲ့သည့်နှစ်များက ဖခင် ဆောက်လုပ်ခဲ့သည့် အိမ်ပုံစံများ၊ အခန်းပုံစံများကို ရေးဆွဲထားသော အဝါရောင်သန်းနေသည့် စက္ကူ လိပ်ကြီးများ ရှိပါသည်။ ထရပ်ကားလေး၏ နောက်ပိုင်းတွင်ကား သံတိုသံစများ၊ လက်သမားကိရိယာ အကြီးအသေးများ၊ သစ်သား ဖြတ်စ အတို အရှည်များ ရောနှော တည်ရှိနေပါသည်။ ဖခင်ကြီး၏ ထိုင်ခုံကျောဘက်တွင်မူ အိမ်ပုံစံအဟောင်းများတွင် ပါဝင်သည့် ပစ္စည်းအတိုအစ၊ အကြွင်းအကျန်များကို တွေ့နိုင်ပါသည်။ ဖခင် သည် ကျွန်တော့်ကို ကျောင်းပို့ပြီး သူ့အလုပ်ရှိရာသို့ ဆက်သွားတတ်



ပါသည်။ လမ်းတစ်လျှောက်လုံးတွင် သူသည် ကားရေဒီယိုကို ဖွင့်ကာ နံနက်ခင်းသတင်းနှင့် မှတ်ချက်ကို နားထောင်ပြီး ရယ်လိုက် မောလိုက်၊ သူ့အမြင်တွေကို ဝင်ပြောလိုက်နှင့် ပျော်ရွှင်စွာ ကား မောင်းလာပါသည်။ တစ်နေ့တွင် ကျွန်တော်သည် ဆယ်ကျော်သက် ရွယ်တို့ ထုံးစံအတိုင်း ဘောက်ဆတ်ဆတ်နှင့် "အဖေ မနက်တိုင်း ဘာလို့ ဒီလောက်တောင် အူမြူးပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေရတာ လဲ" ဟု မေးမိပါသည်။ ထိုအခါ အဖေက "ငါ ပျော်တာပေါ့ကွာ။ နံနက် ခင်းကလည်း သာယာကြည်လင်တယ်။ ငါ့မှာလည်း လုပ်စရာ အလုပ်ရှိတယ်။ လောကကြီးမှာ ဒီထက် ပျော်စရာကောင်းတာ ဘာ ရှိသေးသလဲ" ဟု ပြန်ပြောပါသည်။

နွေရာသီကျောင်းပိတ်ရက်များတွင် ကျွန်တော်သည် အဖေ့ လုပ်ငန်းအချို့တွင် ဝင်ကူ လုပ်ကိုင်ပေးတတ်ပါသည်။ သို့သော် ကျွန်တော့်သဘောဆန္ဒအရ လိုလိုလားလား လုပ်ခြင်းမျိုးကား မဟုတ်ပါ။ ကျွန်တော်သည် တစ်နေကုန် အဖေ့နောက် တကောက် ကောက် လိုက်ကာ လှည်းကျင်း သုတ်သင် ရှင်းလင်း သိမ်းဆည်း ရသည့် အလုပ်မျိုးကို မလုပ်ချင်ပါ။ ပျင်းစရာ ကောင်းလှပါသည်။ အဖေသည် 'တစ်ကိုယ်တော်' အဆောက်အအုံ ကန်ထရိုက်တာ တစ် ယောက် ဖြစ်ပါသည်။ အိမ်ခေါင်မိုးတွင် ဒိုင်းတင်၍ ခေါင်အုပ်ရန် သံရိုက်သည့်ကိစ္စတွင် ကျွန်တော်က သစ်သားလှေကားကို အောက် ခြေမှ ထိန်းပေးထားရတတ်သည်။ သူ ဖြတ်နေသည့် သစ်သား ချောင်းတို့ စရွေးကိုက်ရေးအတွက်လည်း ကျွန်တော်က ကိုင်တွယ် ကူညီပေးရသည်။ ထိုအချိန်များတွင် ကျွန်တော့်စိတ်က သူငယ်ချင်း တွေနှင့်အတူ ပင်လယ်ကမ်းခြေတွင် ရေကူးဆော့မြူးကာ ကောင် မလေးတွေ ငမ်းနေပုံကို စိတ်ကူးယဉ်နေတတ်သည်။ သို့သော် ကျွန် တော် ဘယ်မျှပင် လိုဘမပြည့် ဖြစ်နေစေကာမူ အဖေကတော့ သူ့ အလုပ်ကို ပျော်ပျော်ကြီး လုပ်နေတတ်ပါသည်။ သူသည် အချိန်

ယူ၍ စိတ်ရှည်စွာ ရွှေဘော်ထိုးထားသော သူ၏ လေး နှစ် သစ်သား ချောင်းများ မည်မျှ ချောမွေ့သည်ကို အထပ်ထပ်အခါခါ စစ်ဆေး နေတတ်သည်။ နေ့စဉ်နေ့တိုင်းလိုလို လေးနာရီ ခွဲသည်နှင့် တစ်ပြိုင် နက် ကျွန်တော်က "အဖေ. . . လေးနာရီ ခွဲပြီ။ အိမ်ပြန်ကြစို့လား" ဟု မေးမိသည်။ ယင်းသို့ မေးတိုင်းလည်း အဖေက နေရှိန် ပျော့ သွားပြီ ဖြစ်သော ကောင်းကင်ကို မော့ကြည့်ကာ "မမှောင်သေးပါ ဘူးကွာ။ ခဏတစ်ဖြုတ်တော့ ဆက်လုပ်ကြဦးစို့" ဟု ရယ်ကာ မောကာ ပြန်ပြောစမြဲ ဖြစ်ပါသည်။

ကျွန်တော်တို့ အဖေသည် သူ့သားများနှင့်အတူ အလုပ် လုပ်ရသည်ကို လွန်စွာပျော်ရွှင်ပုံ ရပါသည်။ သူသည် လက်သမား ဆရာကောင်းတို့ တတ်သင့် တတ်အပ်သော ပညာရပ်များကို သူ့ သားများ ဖြစ်သည့် ကျွန်တော်တို့အား မခြွင်းမချန် အသေးစိတ် ရှင်းလင်း သင်ပြတတ်ပါသည်။ ပေကြိုးတိုင်းနည်း၊ သစ်ကို မရွေမီ ရွေ့ နောက် ဝဲ ယာ စစ်ဆေးနည်း စသည်တို့ကို သင်ကြားပေးပါ သည်။ သစ်ကို ပယ်ပယ်နယ်နယ် စစ်ဆေးခြင်းမှာ လက်သမားဆရာ အဖို့ လွန်စွာ အရေးကြီးပါသည်။ အကယ်၍ အမျက်ရှိသည့်နေရာ ကို မပစ်ပယ်မိဘဲ ခွဲစိတ် ဖြတ်တောက်ခဲ့သော် အလွန် လွယ်ကူသည် ဟု မူလက ထင်ရသော အလုပ်သည် ချွေးဒီးဒီး ကျလောက်အောင် ခက်ခဲသည့် ကိစ္စတစ်ရပ် ဖြစ်သွားတတ်ပါသည်။ တစ်ခါတစ်ရံတွင် အဖေသည် ရှင်းလင်း လွယ်ကူသည်ဟု ထင်ရသော အလုပ်ကိစ္စမျိုး ကိုပင် အရေးတယူလုပ်၍ ရှင်းပြတတ်ပါသည်။ ဥပမာ- မည်သည့် အချိန်တွင် လှေကားပေါ်မှ ဆင်း၍ လှေကားကို မည်သို့ သယ်သွား သင့်ပုံ စသည့်ကိစ္စမျိုး ဖြစ်ပါသည်။ လှေကားပေါ်မှ စနစ်တကျ မဆင်းတတ်လျှင် လမ်းခုလတ်၌ ကိုးရိုးကားရား ဖြစ်နေတတ်ပုံကို လည်း ဥပမာတို့ဖြင့် ရှင်းပြလေ့ ရှိပါသည်။ အိမ်ခေါင်မိုးမှ ငေါထွက် နေသည့် သစ်သားစွန်းတို့ကို တိတိကျကျ ဖြတ်တောက်နည်း၊ ထုပ်



လျှောက်ဒိုင်းမြား စသည်တို့ကို ဆက်စပ်ရာတွင် သံရိုက်နည်းစသည် တို့ကိုလည်း လက်တွေ့ပြသ သင်ကြားပေးပါသည်။ ကျွန်တော်တို့နှင့် အတူ အလုပ် လုပ်နေရသည့် အချိန်တွင် သူသည် ပါးစပ်ကလည်း သင်၊ လက်ကလည်း လုပ်ပြ၍ လွန်စွာ ဝမ်းသာပီတိဖြစ်ပြီး သားတွေ အတွက် ဂုဏ်တက်နေပုံ ပေါ်ပါသည်။ ကျွန်တော်တို့ ကျောင်းတက် ရသည့်နေ့များတွင်မူ အဖေသည် သူတစ်ဦးတည်း အလုပ် လုပ်ပါ သည်။ သူ့အဖို့ တပည့်တပန်း မထားနိုင်ရှာပါ။ သူသည် ကန်ထရိုက် တာ ငယ်ဘဝကပင် တပည့်တပန်းထားခြင်းဖြင့် တွက်ခြေမကိုက် ကြောင်း သိခဲ့ပြီး ဖြစ်ပါသည်။ အထူးသဖြင့် ဖခင်သည် သူကိုယ်တိုင် က ဇွဲနပဲဖြင့် အလုပ် လုပ်သလို သူ့ အလုပ်သမားကိုလည်း လုပ်စေ ချင်သည်။ ထို့အပြင် ကမ္ဘာတစ်ခွင်သရောကြီး ခိုင်းသည့်နှစ်များ အတွင်း ကြီးပြင်းခဲ့သူတို့ ရင်ဆိုင်ရသည့် ဆင်းရဲမွဲတေမှု အကြောင်း ကိုလည်း သူ ကောင်းကောင်း သိမီလိုက်သူဖြစ်ရာ သူသည် အပို သက်သက် ငွေကုန်သည့် ကိစ္စကို လုံးဝ ထည့်သွင်း စဉ်းစားလိမ့်မည် မဟုတ်ပေ။ ထို့အပြင် သူသည် အောက်လက်ငယ်သားတို့ကို ဆူပူ အော်ဟစ် ဆဲရေး ခိုင်းစေလိုသူတစ်ယောက် မဟုတ်။ ပို၍ ဆိုးသည် မှာ သူသည် လူတစ်ဖက်သားကို အလုပ်ဖြုတ်ပစ်ရန် လွန်စွာ ဝန်လေးသည့် လူတစ်ယောက် ဖြစ်နေခြင်းပင်တည်း။ ထို့ကြောင့် အကူ အလုပ်သမား မထားဘဲ တစ်ကိုယ်တော် အလုပ် လုပ်ရခြင်း ကို သူ ပို၍ နှစ်သက်သည်။ အောက်လက်ငယ်သားကို စိတ်တိုင်း မကျ၍ အော်ဟစ်ဆူပူ ဆဲရေးစရာမလို။ လုပ်ကိုင်ပုံ မကျေနပ်၍ အလုပ်ဖြုတ်ပစ်စရာလည်း မလိုတော့ပေ။ ဖခင်သည် သူ ငယ်စဉ် ဘဝကပင် လူနှစ်ယောက်စာ အလုပ်ကို သူတစ်ယောက်တည်း လုပ် နိုင်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် တစ်စိမ်းတစ်ရံဆံ တစ်ယောက်ကို အလုပ်သမားအဖြစ် ငှားခြင်းသည် သူ အလုပ်လုပ်သည်ကို ထိုင် ကြည့်နေမည့် လူတစ်ယောက် တိုးလာခြင်း ဖြစ်၍ သူ့အလုပ်ကို

နွေးကွေးစေနိုင်သည်ဟု သူ ယူဆသည်။ ထို့ကြောင့် သူသည် လူပိုမထား။ အလုပ်သမား မငှား။ တစ်ဦးတည်း ဒိုင်ခံလုပ်သည်။ သို့သော် သူ့သားများကိုတော့ သူ ခြွင်းချက်ထားသည်။ သူက 'အလုပ် လုပ်ရခြင်းဟူသည် အခွင့်ထူးတစ်ရပ်ပင် ဖြစ်ကြောင်း' ကို သူ့ သားများအား တဖွဖွ ပြောပြလေ့ရှိသည်။ ထို့နောက် အသက် ရှစ်နှစ်သားလောက်ကပင် သူသည် ကန်ထရိုက်လုပ်ငန်းကို စတင်ခဲ့ကြောင်း ပြောပြသည်။ ထိုစဉ်က သူသည် ကင်းဆပ် (Kansas) ကြက် မွေးမြူရေးခြံမှ ထွက်သည့် ကြက်ဥတို့ကို ကန်ထရိုက် ဆွဲဝယ်ကာ တစ်အိမ်တက်ဆင်း လှည့်လည် ရောင်းချခဲ့ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောပြပါသည်။

မတော်တဆ ဖြစ်သည့်နေ့က ကျွန်တော်သည် အဖေနှင့်အတူ မရှိပါ။ သို့သော် ထိုနေ့ နံနက်က လုပ်ကွက်တစ်ဝိုက်တွင် အုံ့ဩဖွယ် ကောင်းလောက်အောင် လှပ သာယာနေမည်ကို ကျွန်တော် တွေးဆခန့်မှန်းနိုင်ပါသည်။ နံနက်ခင်း၏ မှိန်ဖျော့သော အလင်းရောင်အောက်ဝယ် လေး နှစ် သစ်သားချောင်းများ စစ်သည်တော်များကဲ့သို့ တန်းစီကာ အရိပ်များ ထင်နေပုံ၊ လွှစာတို့ ပျံ့လွင့်နေပုံတို့ကို မှန်းဆကြည့်ဖို့ မခက်လှပါ။ လျှပ်စစ်လွှ၏ စူးရှသော မြည်သံသည်ပင် အလုပ်ကို ချစ်သော လက်သမားဆရာအဖို့ သာယာသော ဂီတသံ ဖြစ်နေမည်မှာ မလွဲပါ။ သစ်သားစိမ်းတို့၏ အပေါ်ယံလွှာကို ရွှေဘော်ထိုးလိုက်သောအခါ ထွက်ပေါ်လာတတ်သည့် သစ်ဆီမွှေး အနံ့ကလည်း လေထဲတွင် သင်းတပျံ့ပျံ့ ဖြစ်နေပေမည်။ ထိုအချိန်တွင် အဖေသည် ခေါက်ကုလားထိုင် ခြေထောက်ပုံလွှစင်ကို နေရာချခြင်း၊ လေ့ကားကို နေရာတကျထားခြင်း၊ သူ ဖြတ်မည့် သစ်သားတို့ကို အရှည် အတို စနစ်တကျ စီခြင်း စသည့် အမှုတို့ကို ပြုနေမည်ကို ကျွန်တော် မြင်ယောင်မိသည်။ ကျွန်တော်သည် အဖေ ထိုသို့ လုပ်နေသည်ကို အသက် ၁၂ နှစ်သား အရွယ်က



စ၍ အကြိမ်ပေါင်း ရာထောင် မြင်တွေ့ခဲ့ဖူးပြီ ဖြစ်သည်။ ထိုအချိန်ကတော့ ယင်းသို့ပင် ကျွန်တော် ထင်ခဲ့မိပါသည်။ ကျွန်တော်သည် အဖေ အလုပ်ခွင် ပျော်လျှင် ပျော်သလို ကျွန်တော်သည်လည်း ရှစ်နာရီလုံးလုံး အလုပ်၏ အကျဉ်းသား ဖြစ်ရပေဦးတော့မည်ဟု အိပ်ချင်မူးတူးဖြင့် တွေးနေမိခဲ့သည်။ ယခုအချိန်တွင် ပြန် တွေးကြည့်တော့ အိပ်မက်ပမာပင်။ သို့သော် ထိုအချိန်ကမူ အဖေ့၏ လုပ်ငန်းခွင်မှာ ကျွန်တော့်အဖို့ မနေချင်ဆုံးသော ဒုတိယနေရာ ဖြစ်ပါသည်။ ကျွန်တော် မနေချင်ဆုံးသော ပထမနေရာမှာ အမေနှင့်အတူ ဘုရားရှိခိုးကျောင်းတွင် တရားနာရသည့် နေရာ ဖြစ်ပါသည်။

အဖေ မတော်တဆ ဖြစ်သည့်နေ့က သားအားလုံး ကျောင်းတက်နေကြသည်ဖြစ်ရာ သူ့အဖို့ ထိုနေ့က အထီးကျန်နိုင်နေမည်ဖြစ်သည်။ ထိုနေ့ နံနက်ကလည်း အလွန်မှ သာယာလှသည် ဖြစ်ရာ အဖေသည် ရှည်လျားသော အရိပ်များ၊ သန့်ရှင်း လတ်ဆတ်သော လေပြည်လေညင်းများကြောင့် စိတ်ကူးလည်း ယဉ်ချင် ယဉ်နေနိုင်သည်။ သစ်သားစကလေးများ ဖြစ်အောင် ရွေရမည့် သစ်သားချောင်းမှာလည်း ညက ကျထားသည့် နှင်းစက်များကြောင့် အတန်ငယ် စိုထိုင်းနေသေးသည်။ ဖခင်သည် တံခါးပေါင်များကို တိုင်နှင့် ကပ်၍ သပ်လျှိုရန်အတွက် သစ်သားတုံးကလေးများ ဖြတ်ရမည် ဖြစ်သည်။ ဤအလုပ်သည် တစ်ဦးတည်း လုပ်ရသော လက်သမားတစ်ယောက်အဖို့ အန္တရာယ်များလှပေသည်။ အလုပ်၏ သဘောမှာ သစ်သားပြားကို ချိန်ဆ၍ လွှသွားရှိရာ သွင်းကာ ဖြတ်ရခြင်းဖြစ်သည်။ ဤ အလုပ်မှာ တစ်ဦးတည်းသာ လုပ်ရပါက ခက်ခဲ၍ လက်ဝင်လှသဖြင့် လွှသွားတင်ခုံကို တည်ငြိမ်အောင် အချို့က သစ်သားသပ်ဖြင့် လျှိုထားတတ်ကြသည်။ ထိုနေ့နံနက်က အဖြစ်မှာ ဤသို့ ဖြစ်ပါသည်။ အလွန်တရာ စေ့စပ် သေချာလှသော အဖေသည် ထိုနေ့ နံနက်ကမူ သစ်သားချောင်း တစ်ချောင်းပေါ်ရှိ

အမျက်ကိုမြင်မိဟန် မတူပါ။ အကယ်၍သာ သူ့သား တစ်ယောက်ယောက် ရှိနေပါက သစ်မျက်ရှိသောဘက်ကို ရှောင်ကွင်းသွားအောင် တစ်ဖက်တစ်လမ်းက ကူညီနိုင်ပါသေးသည်။ ထိုသို့မဟုတ်ကလည်း အခြားမျက်လုံးတစ်စုံက အဖေမမြင်ခဲ့သည့် သစ်မျက်ကို မြင်တွေ့ကောင်း တွေ့နိုင်ပါသည်။ သို့သော် ကံဆိုးချင်တော့ ထိုနေ့က ကူညီမည့်သူတစ်ယောက်မျှ မရှိပါ။ မာကျစ်နေသော သစ်မျက်သည် လွှသွားကို နေရာလွဲချော်စေရုံမက လွှကို ထိန်းထားသည့် ဖခင်၏ လက်ချောင်းများကိုပါ ပြတ်တောက်သွားစေပါတော့သည်။ အကယ်၍သာ သားတစ်ယောက်ယောက် ရှိခဲ့ပါက ပြတ်ကျနေသော လက်ချောင်းများထဲမှ အကောင်း တချို့တလေကို ကောက်ယူကာ နို့လယ်စာဘူးထဲတွင် ရေခဲစိမ်၍ ယူလာနိုင်ပါသေးသည်။ သို့သော် တစ်ကိုယ်တော် ဖြစ်နေသော ဖခင်မှာမူ သူ့လက်ကို စွပ်ကျယ်တစ်ထည်ဖြင့် ပတ်စည်းကာ ကားကို ကိုယ်တိုင်မောင်း၍ အရေးပေါ် ဆေးခန်းသို့ သွားရပါတော့သည်။

ထိုနေ့က ညမိုးချုပ်မှ အဖေ အိမ်ပြန်ရောက်သည်။ သူ့ လက်မှာလည်း လက်ငှေ့အိတ် စွပ်ထားသလို လက်ထိပ်တွင် သွေးရောင်လွှမ်းနေသည့် ပတ်တီးထုံးကြီး ပတ်လျက်သား ရှိနေသည်။ သူ့ မျက်နှာမှာလည်း သွေးဆုတ်၍ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အဖေသည် ဤသတင်းဆိုးကြီးကို အမေ့အား ပြောကြားရန် မီးဖိုချောင်သို့ သွားလေသည်။ လက်က ပတ်တီးထုံးကြီးကို မြင်သည်နှင့် တစ်ပြိုင်နက် အမေလန့်ပြီး အော်ပါလေတော့သည်။ သို့သော် အဖေက ခပ်ပြုံးပြုံးဖြင့် "လက်ကလေး နည်းနည်း ထိသွားတာပါကွာ" ဟု ခပ်ပေါ့ပေါ့ ဆိုလိုက်သောအခါတွင်မူကား အမေ အကြီးအကျယ် ဒေါ်ပွသွားပါတော့သည်။

နံနက်အရုဏ်မလာမီတွင် ကျွန်တော်နိုး၍ ဧည့်ခန်းထဲတွင် မီးလင်းနေသည်ကို တွေ့သောကြောင့် ဝင်ကြည့်ရာ ဆိုဖာပေါ်တွင်



အဖေ့အား ထိုင်လျက်သား စာရေးနေသည်ကို တွေ့ရပါသည်။ ကျွန်တော်က "အဖေ လက်ကအနာ သက်သာရဲ့လား" ဟု မေးသောအခါ အဖေသည် ပြုံးတမဲ့မဲ့ မျက်နှာထားဖြင့် "လက်ကအနာလေးများ သက်သာလို သက်သာငြား ကဗျာတစ်ပုဒ် စပ်ကြည့်နေတာပါကွာ" ဟု ပြန်ဖြေပါသည်။ အဖေ ကဗျာစပ်တတ်လိမ့်မည်ဟု ကျွန်တော် ဘယ်တုန်းကမှ မထင်မိခဲ့ဘူးပါ။ ထို့ကြောင့် ကျွန်တော်က အိပ်ချင်မူးတူး အသံဖြင့် "ကျွန်တော် ကြည့်လို့ရမလား" ဟု မေးမိသည်။ (ကျွန်တော်ကြည့်လိုသည်မှာ 'ကဗျာ' ကိုပါ။ သို့သော် အဖေသည် နားလည်မှုလွဲ၍ 'အနာ' ကို ပြပါသည်။) သူသည် လက်ကို အနည်းငယ်မြှောက်ကာ ပတ်တီးစများကို တစ်လွှာချင်း ဖြေပြီး ရောင်ကိုင်းနေသည့် ငုံးတိတိ ချုပ်ပြီးစ လက်ကို ပြရာ ကျွန်တော့်မှာ အန်ချင်စိတ် ပေါ်လာပါသည်။ အဖေသည် သိလိုစိတ် ပြင်းပြသော ၁၂ နှစ်သားအရွယ် သူ့သားကို အနာပြရသည်မှာ သိပ် မသက်သာလှပါ။ မျက်နှာမှာ ရှုံ့မဲ့လျက် ရှိပါသည်။ အသည်းနှလုံးထဲကို နစ်နစ်နဲနဲ စူးရှ ထိခိုက်သွားစေသည့် ဤလို နားလည်မှု လွဲမှားခြင်းမျိုးကို ကျွန်တော် တစ်သက်တာ မေ့မရနိုင်တော့ပါ။

ယခုအခါ ကျွန်တော့်ဖခင်သည် အသက် ၇၀ တွင်းရောက်ပြီဖြစ်၍ အလုပ်လုပ်စရာမလိုတော့သည်မှာ နှစ်အတန်ကြာခဲ့ပေပြီ။ သို့သော် သူသည် လက်သမားကိရိယာကို နေ့စဉ် ထုတ်ကြည့်သည်။ သံစုံမြည်သော သူ့ ကားအိုလေးကိုလည်း မောင်းမြဲဖြစ်သည်။ သူ့အလုပ်ကို သူ ချစ်မြတ်နိုးလျက်ပင် ရှိသည်။ အားလပ်ရက်များအတွင်း မိသားစုအတူဆုံကာ တောင်ပြော မြောက်ပြောပြောကြသည်။ သြော်. . . ဒါထက် စကားမစပ် ကျွန်တော်သည်လည်း ယခုအခါ အဖေ့လိုပင် လက်သမားဆရာ ကန်ထရိုက်တာတစ်ယောက် ဖြစ်နေပါပြီ။ နှစ်စဉ်လိုလို ခရစ်စမတ်အချိန် ရောက်၍

မိသားစု ဆုံမိကြတိုင်း ကျွန်တော်က "အဖေ လက်ချောင်းတွေ ပြတ်တဲ့နေ့က စပ်ထားတဲ့ ကဗျာ ဘယ်ရောက်သွားသလဲ" ဟု မေးလေ့ရှိပါသည်။ ထိုအခါ အဖေသည် ရှက်ရယ် ရယ်ပြီး "အခု အချိန်မှာ ဆိုရင်တော့ အဲဒီကဗျာဟာ ဆမစ်ဆိုနီယံ (Smithsonian) ပြတိုက်ထဲ ရောက်နေရောပေါ့ကွာ" ဟု ဖြေတတ်ပါသည်။ ကျွန်တော်ကမူ ထိုကဗျာကို မမေ့ရက်နိုင်ပါ။ အဖေ့ ပြောစကားအရ 'နာကျင်တာတွေကို မေ့ပျောက်သွားစေနိုင်တဲ့ကဗျာ' ကို ကျွန်တော် အဘယ်မှာလျှင် မေ့နိုင်ပါအံ့နည်း။ ယခုအခါ ကျွန်တော်သည်လည်း သာယာလှပသော နံနက်ခင်းတွင် လုပ်ငန်းခွင်သို့ ရောက်နေပါပြီ။ နေရောင်ခြည်က နွေးနွေးထွေးထွေး သင်းပျံ့ချိုမွှေး လေချိုသွေးချိန်တွင် ကျွန်တော်သည်လည်း အဖေ့လိုပင် လက်သမားဆရာ ကန်ထရိုက်တာ တစ်ယောက်အဖြစ် လုပ်ကွက်ထဲသို့ ရောက်ခဲ့ပါပြီ။ ထို့အတူ ကျွန်တော်သည် ဖခင်ထံမှ 'ချစ်မြတ်နိုးစွာ အလုပ် လုပ်ပါ' ဆိုသော ကဗျာကိုလည်း သင်ယူခဲ့ပြီး ဖြစ်သည်။ ဖခင်သည် ကဗျာ စပ်ခဲ ရေးခဲသော်လည်း သူ စပ်သည့်ကဗျာအတိုင်း နေ့စဉ် နေထိုင် ကျင့်သုံးသွားခဲ့သည်။ ယင်းကဗျာမှာ 'ချစ်မြတ်နိုးစွာ အလုပ်လုပ်ပါ' ဟူ၍ ဖြစ်ပါသတည်း။

## ဘရုစ် ရှမစ်
## (Bruce Schmidt)

ဘရုစ်ရှမစ်သည် ကလေးနှစ်ယောက်ဖခင်၊ ဆောက်လုပ်ရေး ကန်ထရိုက်တာ တစ်ယောက်ဖြစ်သည်။ ကဗျာဆရာ၊ သီချင်း ရေးဆရာတစ်ဦးလည်း ဖြစ်သည်။

■

# ဘောလုံးကွင်းထဲမှရသော သင်ခန်းစာ

ကျွန်တော့်သား မိုက်ကယ် (Michael) သည် သူ့အသင်းတွင် အကောင်းဆုံး ဘောလုံးသမားတစ်ဦး ဖြစ်ခဲ့သည်။ သူသည် ပွဲစဉ်တိုင်းတွင် တက်ကြွ ရွှင်မြူးသည့် တိုက်စစ်မှူးတစ်ဦး ဖြစ်သည်။ သို့သော် ယခုပွဲတွင်မူ သူ့ကို ကြည့်ရသည်မှာ စိတ်ပါလက်ပါ ရှိပုံမရ။ နေများ မကောင်းလေရော့သလား။ ကစားပုံမှာလည်း ပျော့တိပျော့နွဲ့ နိုင်လှသည်။ ထို့ကြောင့် ကျွန်တော်သည် ဇနီးသည်ဘက်သို့ လှည့်ကာ "ဘယ်လိုဖြစ်တာလဲ၊ မိုက်ကယ် နေမှ ကောင်းရဲ့လား" ဟု မေးမိပါသည်။ ဇနီးသည်ကမူ "မိုက်ကယ် နေမကောင်းဘူးလို့ ပြောတာ မကြားမိပါ" ဟု ပြန်ဖြေပါသည်။

ပထမပိုင်းကစားပြီးသောအခါ မိုက်ကယ်သည် ငိုလုလု မျက်နှာဖြင့် ကွင်းပြင်သို့ ထွက်လာသည်။ ထို့နောက် ကွင်းထဲတွင် ဖြစ်ပျက်ပုံကို ပြောသည့်အခါတွင်ကား မျက်ရည်လည်ရွဲ ဖြစ်လာပါသည်။ မိုက်ကယ်နှင့် ပြိုင်ဘက်အဖြစ် ကစားရမည့် ကလေးသည် ပွဲစကတည်းက မိုက်ကယ်ကို ရန်စကား ပြောလာခဲ့သည်။ "ငါတို့အသင်းက မင်းတို့အသင်းက ကောင်တွေ အားလုံးကို ဖင်ပိတ်ကန်လိမ့်မယ်" ဟု သူက ပြောသည်။ ဤစကားတို့မှာ အပြစ်မရှိဟု ထင်စရာ ကောင်းသော်လည်း ကလေးတို့၏ အသက်မှာ ခုနစ်နှစ်မျှသာ

ရှိကြသည်ကို ထောက်ဆသော် ယင်းစကားလုံးတို့သည် ရင့်သီးလွန်းနေပေသည်။ မိုက်ကယ်ကလည်း လွန်စွာ စိတ်ထိခိုက်လွယ်သူဖြစ်ရာ တစ်ခါတလေ မိခင်ရင်ခွင်ကြား၌ပင် အိပ်လိုသော ကလေးတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် သူ့ကို ရန်စကား ပြောလာသည့်ကလေးအား "မင့်ပါးစပ် ပိတ်ထားစမ်း" ဟုသာ တုံ့ပြန်နိုင်ခဲ့သည်။ သူတို့နှစ်ဦး အခြေအတင် ရန်စကားပြောကြရာ နောက်ဆုံးတွင် တစ်ဖက်အသင်းမှ ကလေးက "မအေ. . ." ဟု ဆဲလေသည်။ ယင်းကဲ့သို့ မျက်နှာထိ မျက်နှာထားနှင့် ညစ်ညမ်းစွာ ဆဲရေးလိုက်သောအခါ မိုက်ကယ်သည် ဖြုန်းခနဲ ထိတ်လန့် တုန်လှုပ်သွားလေတော့သည်။ ဤဖြစ်ရပ်ကို ကြားရသူတိုင်းက ဆဲရေး ရန်စသည့် ကလေးကို အပြစ်တင်ကြသည်။ ယခုပွဲမှာ 'အမေရိကန်လူငယ်များဘောလုံးအသင်း' က ကြီးမှူး ကျင်းပသည့်ပွဲ ဖြစ်ရာ သည်လိုပွဲမျိုးတွင် သန့်ရှင်းစွာကစားမှုနှင့် အားကစားသမားကောင်း ပီသမှုကို အဓိကထား အားပေးသည်။ အနိုင်ကျင့်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ညစ်ပတ်သည့် နည်းတို့ဖြင့် အနိုင်ယူခြင်းတို့ကို လုံးဝခွင့်မပြုပေ။

တတိယပိုင်းတွင် မိုက်ကယ် ကွင်းပြင်သို့ ထွက်ရသည့်အလှည့်ဖြစ်ရာ ထိုအချိန်တွင် ကျွန်တော့်ဆီသို့ လာရန် ကျွန်တော်က မှာထားပါသည်။ သို့သော် မိုက်ကယ်သည် သူ ငိုထားသည်ကို ကျွန်တော် တွေ့သွား၍ ရှက်နေသလော သို့မဟုတ် ကျွန်တော်က ရန်ဖြစ်ရကောင်းလားဟု ဆူပူမည်ကို စိုးရိမ်၍လောမသိ၊ ပထမတွင် မလိုလားသည့်အမူအရာ ပြပါသည်။ နောက်ဆုံးတွင် သူသည် သစ်ပင်ကွယ်တစ်ခုသို့လာ၍ ကျွန်တော်နှင့် စကားပြောပါသည်။ "ကျွန်တော်က ပြိုင်ဘက်အသင်းက ကောင်လေးသည် မိုက်ကယ်ကောင်းကောင်း မကစားနိုင်အောင် သက်သက် လေလုံးဖြင့် ခြောက်လှန့်တာ ဖြစ်ကြောင်း၊ နောက်ပိုင်း ကစားပွဲများတွင်လည်း ဤကလေးမျိုးလို အနိုင်ကျင့်ပြီး ခြိမ်းခြောက်တတ်သော ကောင်ငယ်ကလေးများနှင့် တွေ့ရဦးမည်သာဖြစ်ကြောင်း၊ ထိုအခါမျိုးတွင် သူက ဘယ်လိုပင်ခြောက်ခြောက် ကိုယ်ကကြောက်ရွံ့သည့် အရိပ်အယောင် တစ်စက်ကလေးမျှမပြဘဲ ကိုယ့်အစွမ်းအစရှိသမျှ အကောင်းဆုံး ကစားပြရမည်ဖြစ်ကြောင်း၊ ယခုလို အနိုင်ကျင့်ခြိမ်းခြောက်တတ်သော ကလေးများသည် ကောင်းကောင်းကစားတတ်သူများမဟုတ်ကြောင်း၊ အကယ်၍ မိုက်ကယ်က သူတို့ခြောက်တာကို ကြောက်ပြီး လျှော့ကစားခဲ့လျှင် သူတို့ အနိုင်ရနိုင်လိမ့်မည်ဟု ထိုကလေးမျိုးက ထင်တတ်ကြောင်း" ဟု ပြောပြပါသည်။ နောက်ဆုံး၌ ကျွန်တော်က "ဘောလုံးကိုသာ အာရုံစိုက်၊ အကောင်းဆုံး ပညာစွမ်းပြပြီးကစား၊ ဟို ဖင်ခေါင်းကျယ်တဲ့ ကောင်ကလေးကိုလည်း လုံးဝဂရုမစိုက်နဲ့" ဟု အလေးအနက် ပြောဆိုမှာကြားလိုက်ပါသည်။



ကျွန်တော်ကိုယ်တိုင်လည်း ငယ်ရွယ်စဉ်က ရှက်ရွံ့တတ်သော ကလေးတစ်ဦး ဖြစ်ခဲ့သည်။ ကျွန်တော် ငယ်စဉ်က အခြားကလေးတို့၏ အခြိမ်းအခြောက်ကို ခံရ၍ လူကြီးများကို တိုင်ပြောတိုင်း ကျွန်တော့်အဖေက (ထိုအချိန်က ခေတ်စားနေသည့် ဖခင်တိုင်း သုံးလေ့ရှိသည့် နည်းဖြင့်) ကျွန်တော့်ကိုသာ လှောင်ပြောင်ပြောဆိုပါသည်။ "ဘယ်လိုလဲ. . . မင်းက ကြောက်သလား၊ သတ္တိမရှိဘူးလား" ဟု ပြောတတ်သည်။ "မင်းက မိန်းမလို မိန်းမရ ငိုလားရယ်လား၊ တိုင်လား တောလား လုပ်နေတာလား" ဟုလည်း သရော်တတ်ပါသည်။ 'ဆန်တီနီကြီး' (The Great Santini) ဟူသော ရုပ်ရှင်ကားထဲမှ ဖခင်ကမူ ကျွန်တော့်ဖခင်ထက် ပို၍ ပြင်းထန်သော နည်းကို သုံးကြောင်း တွေ့ရသည်။ သို့သော် ဤ လှောင်ပြောင် ရှုတ်ချသည့် နည်းသည် ကျွန်တော့်အတွက် ထိရောက်သော အကျိုးပြုမှုကို မဖြစ်စေပါ။ အဖေ၏ ပြောဆိုမှုသည်လည်း ခြိမ်းခြောက်ခြင်းတစ်မျိုးပင် ဖြစ်သည်ဟု ကျွန်တော် ခံစားရပါသည်။ ယခု ကျွန်တော်သည်

ဖခင်တစ်ယောက်အဖြစ် သားဖြစ်သူ မိုက်ကယ်အတွက် လုပ်ပေးချင်သည်မှာ သူ့ဘက်က ရပ်တည်၍ သူ လုပ်တာ မှန်ကန်ကြောင်း ထောက်ခံ အားပေးရန်သာ ဖြစ်ပါသည်။ ရှေးဟောင်းနည်းကမူ “သူတို့ ခြောက်တာ မခံနဲ့ (ခံခဲ့ရင်) ငါက မင်းကို ထပ်ခြောက်ဦးမယ်” ဟူသောနည်းမျိုး သို့မဟုတ် “မင်းကို ငါကလည်း ထပ်ပြီး ငိုအောင် လုပ်ရလိမ့်မယ်” ဟူသော နည်းမျိုးသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် ခြိမ်းခြောက်မှုဖြင့် ဖခင်အာဏာ တည်ဆောက်ခြင်းသာ ဖြစ်ပါသည်။ ကလေးကို အကြမ်းပတမ်း ခံနိုင်အောင် (ဝါ) အကြမ်းလောကကြီးအတွက် အမြဲအဆင်သင့် ဖြစ်နေအောင် လေ့ကျင့်ပေးခြင်းသာ ဖြစ်ပါသည်။ ကျွန်တော့်တွင်လည်း ဖခင် တစ်ယောက်အနေနှင့် ထိုသို့သော ရည်ရွယ်ချက်မျိုး ရှိပါသည်။ သို့သော် ယင်း ရည်ရွယ်ချက် ပေါက်မြောက် အောင်မြင်ရေးအတွက် လုပ်နည်း လုပ်ဟန်မှာမူ ခြားနားပါသည်။ ကျွန်တော်က သားဖြစ်သူအား နားလည်မှုပေးရန်နှင့် တစ်ခါတစ်ရံ အကြမ်းပတမ်း နိုင်လှသော လောကကြီးတွင် အခက်အခဲ အတားအဆီး မှန်သမျှကို ဖြတ်ကျော် အနိုင်ယူသွားနိုင်ရန် လေ့ကျင့်ပေးဖို့ ရည်ရွယ်ပါသည်။ သူနှင့် အတူ သူ့ဘက်က ရပ်တည်ဖို့ ဖြစ်ပါသည်။ လူအုပ်စုထဲက အော်ဟစ်နေသည့် မျက်နှာစိမ်းတစ်ဦး အနေဖြင့် မဟုတ်ပါ။

စတုတ္ထပိုင်း အချိန်တွင်မူ မိုက်ကယ်သည် သူ့နေရာမှ ပြန်ကစားပါသည်။ သူ၏ တက်ကြွမှုနှင့်အတူ သူတို့အသင်း၏ ရမှတ်များမှာလည်း (၄-ဝ) အထိ တက်သွားပါသည်။ မိုက်ကယ် ကစားနေပုံမှာ ရှေ့ပိုင်းကနှင့် မတူအောင် ခြားထူး သွက်လက်၍ နေသည် ဖြစ်ရာ ကာတွန်းဇာတ်ကောင် ဆူပါမင်း (**Superman**) ဝင်ကစားနေသလားဟု ထင်မှားရပါသည်။ ဆက်လက်၍ မိုက်ကယ်က နှစ်ဂိုး ထပ်သွင်းနိုင်ခဲ့သည်။ နောက်ထပ်၍လည်း တစ်ဘက်လူများ အသက်ရှူ မှားလောက်အောင် တက်တက်ကြွကြွကစားပြခဲ့သည်။



ထို့ကြောင့် “ခြိမ်းခြောက်သည့်အခြေအနေတွင် ပို၍ခွန်အားရှိကြောင်းပြရမည်” ဟူသောအချက်ကို မိုက်ကယ်သဘောပေါက်သွားပြီဟု ကျွန်တော်ထင်မိပါသည်။ နောက်ပိုင်းတွင်လည်း မိုက်ကယ်သည် ကွင်းထဲမှာရော ကွင်းပြင်ကပါ အနိုင်ကျင့်လိုသူ၊ စော်ကားမော်ကား ပြုလိုသူတို့နှင့် မကြာခဏဆိုသလို ကြုံတွေ့ပုံရသည်။ သို့သော် ယခင်ကလို ငိုမဲ့မဲ့ မျက်နှာဖြင့် ဖခင်ထံ ပြေးလာမည့် မိုက်ကယ်မဟုတ်တော့ပြီ။ ရန်စသူ၊ ရန်လိုကျူးကျော်သူတို့အား ရဲရဲကြီးမျက်နှာချင်းဆိုင်ဝံ့သည့် မိုက်ကယ်ဖြစ်၍နေကြောင်း ကျွန်တော်ဝမ်းသာစွာ သိလိုက်ရပါတော့သတည်း။

## ချာလီဘင်းစလီ
### (Charlie Bensley)

ချာလီဘင်းစလီသည် သားနှစ်ယောက်ဖခင်၊ လုပ်ငန်းရှင်ကြီး တစ်ဦး ဖြစ်သည်။ လော့စ်အိန်ဂျလီ လူငယ်အားကစားလောကတွင် ထင်ရှားသည့် အပျော်တမ်းနည်းပြဆရာ တစ်ဦးလည်း ဖြစ်သည်။

■

## ပင်လယ်ကမ်းခြေမှာ တစ်နေ့တာ

ရုံးပိတ်ရက် မဟုတ်သော တစ်ညနေခင်းတွင် ကျွန်တော်သည် ကျွန်တော့်သား နှစ်ယောက်နှင့် သူတို့၏ သူငယ်ချင်းတစ်ယောက်ကို ခေါ်ကာ ပင်လယ်ကမ်းခြေသို့ ထွက်ခဲ့ကြသည်။ ထိုနေ့က အားလပ်ရက် မဟုတ်သောကြောင့် ပင်လယ်ကမ်းခြေတွင် လူရှင်းနေသည်။ အသက်ကယ်အစောင့် (**Lifeguard**) တစ်ယောက်တလေကိုပင် မတွေ့မြင်ရပေ။ ကျွန်တော်သည် ပက်လက်ကုလား ထိုင်ပေါ်တွင် သတင်းစာဖတ်နေသည်။ လူငယ်သုံးယောက်ကမူ ကမ်းစပ်သဲပြင်တွင် ဘောလုံးတစ်လုံးနှင့် ဆော့ကစားနေကြသည်။ အချိန်အတန်ကြာသောအခါ ကျွန်တော်သည် ရုံးခန်းသို့ ဖုန်းဆက်ရန် သတိရလာပါသည်။ တယ်လီဖုန်းရှိသည့်နေရာမှာ ကမ်းစပ်နှင့် အတော်ကလေး လှမ်းသည့် အဆောက်အအုံထဲတွင် ဖြစ်ပါသည်။ ထို့ကြောင့် ဖုန်းသွားဆက်လျှင် ပင်လယ်ကမ်းခြေကို လှမ်း၍ မမြင်နိုင်။ ထိုအတူ ကလေးသုံးယောက်ကိုလည်း လှမ်း၍မကြည့်နိုင်။ အရေးအကြောင်း ပေါ်ပါကလည်း အတော်ကလေး ဝေးဝေး သွားရမည် ဖြစ်ပါသည်။

ကျွန်တော့်သား အဲရစ် (Eric) သည် စိတ်ကြီး၍ တစ်ခါတစ်ရံ အလွန် ခေါင်းမာသော ကလေးတစ်ဦး ဖြစ်သည်။ ဘာမဆို သူသည် လက်တွေ့လုပ်ကြည့်ပြီးမှ သင်ခန်းစာ ရယူလိုသူဖြစ်သည်။



ဥပမာတစ်စုံတစ်ရာသော အပြုအမူသည် မင်းကို ဆိုးကျိုးဖြစ်စေလိမ့်မည်။ ထို့ကြောင့် ယင်း အပြုအမူမျိုးကို မလုပ်ပါနှင့်ဟု ပြောခဲ့လျှင် သူသည်အနာခံ၍ လုပ်ကြည့်မည့်သူ ဖြစ်သည်။ ရယ်စရာအဖြစ်ပြောရမည်ဆိုလျှင် "ဘတ်စ်ကားရှေ့က ဖြတ်မပြေးဘူးလို့ ငါမျှော်လင့်တယ်" ဟု သူ့ကို ပြောခဲ့ပါက (ဘာဖြစ်လို့ ပြောတာပါလိမ့်ဟု သိချင်သောကြောင့်) ဖြတ်ပြေးကြည့်မည့်ကလေးမျိုးဖြစ်သည်။ သူသည် ထိုမျှခေါင်းမာ၍ ထင်ရာစိုင်းလိုသူတစ်ဦး ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ဖုန်းဆက်ရန်အတွက် သူတို့ကို ပင်လယ်ကမ်းခြေမှာပင် ထားခဲ့ရတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ သို့သော် မသွားမီတွင် ကျွန်တော် ဘယ်ကို သွား၍ ဘာလုပ်မည်ဆိုတာကို သူတို့အား သေသေချာချာ ရှင်းပြသည်။ သိပ်ကြာမည်မဟုတ်သည့်အတွက် ကျွန်တော် ပြန်မလာမချင်း ရေထဲသို့ မဆင်းကြရန်လည်း မှာကြားရသေးသည်။ အထူးသဖြင့် ရေထဲသို့ လုံးဝ (လုံးဝ) မဆင်းကြရန် အလေးအနက်ထား၍ ပြောကြားခဲ့သည်။ ကျွန်တော် မှာကြားသည်တို့ကို နားလည် မလည် သိလို၍ (အထူးသဖြင့် အဲရစ်ကို စိုးရိမ်၍) ပြန်ပြောခိုင်းရာ အားလုံး တညီတညာတည်း ပြန်ပြောနိုင်ကြသည်။ သူတို့အားလုံး ရေထဲသို့ မဆင်းရဟူသောစကားကို ကောင်းစွာ နားလည် လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံစကား ဆိုကြပါသည်။

ကျွန်တော် ဖုန်းသွားဆက်သည်မှာ ၁၅ မိနစ်ခန့်မျှသာ ကြာပါသည်။ ကျွန်တော် ကမ်းစပ်သို့ ပြန်လာသည့် အချိန်တွင်ကား အဲရစ်သည် သဲပြင်ပေါ်၌ လဲလျောင်းကာ အသက်ပြင်းပြင်း ရှူနေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် အကြောင်းစုံကို ရိပ်စားမိသော်လည်း အသေးစိတ်ကို သိလိုသောကြောင့် "ဘာဖြစ်ကြတာလဲ" ဟု မေးပါသည်။ သူတို့ကစားနေသော ဘောလုံးသည် ရေထဲသို့ ကျသွားသောကြောင့် အဲရစ်သည် ဘောလုံးကို ရေထဲ ဆင်းကောက်

သည်။ သို့သော် ဘောလုံးသည် တဖြည်းဖြည်း ဝေး ဝေး သွားသောကြောင့် ဘောလုံးကို လိုက်ဆယ်သူ အဲရစ်လည်း ရေနက်ရာသို့ တဖြည်းဖြည်း ရောက်သွားသည်။ လှိုင်းလုံးတို့၏ သဘာဝမှာ ကမ်းခြေကို ရိုက်ခတ်ပြီးတိုင်း ရေနက်ရာသို့ အရှိန်ပြင်းစွာ ပြန်စီးဆင်းမြဲဖြစ်ရာ အဲရစ်လည်း လှိုင်းလုံးအရှိန်ဖြင့် အတော်ဝေးဝေးသို့ ရောက်သွားပါသည်။ ထို့ကြောင့် ကမ်းစပ်သို့ ပြန်ရောက်ရေးအတွက် အဲရစ်အဖို့ အသေအလဲ ရေကူးရပါတော့သည်။ ယင်းသို့ ကမ်းစပ်သို့ ပြန်ကူးရင်း တစ်နေရာတွင် သူ ကမ်းခြေသို့ အသက်ရှင်လျက် ပြန်ရောက်တော့မည်မဟုတ်ဟု ထင်မိကြောင်းလည်း အဲရစ်က ပြောပါသည်။ သူသည် ထိုအကြောင်းကို ပြန်ပြောရာတွင် ရေတွေ အန်လိုက်၊ လေတွေ ရှူလိုက်ဖြင့် ပင်ပန်းကြီးစွာ ပြောရရှာပါသည်။ ကျွန်တော် ဘာပြန်ပြော၍ ဘာလုပ်ခဲ့သည်ကို ကောင်းစွာ မမှတ်မိတော့ပါ။ ကျွန်တော်သည် စိတ် အလွန် မချမ်းမသာ ဖြစ်သွားကာ "ငါမှာသွားတာ သေသေချာချာ နားလည်ကြရဲ့လား" ဟုသာ ထပ်တလဲလဲ မေးနေမိပါသည်။ လူတိုင်းကလည်း ကောင်းစွာ နားလည်ပါသည်ဟု ကျွန်တော် စိတ်ချရလောက်အောင် ပြောခဲ့ပြီးပါပြီ။ ဤပြဿနာ ဖြစ်ရသည်မှာ ဘောလုံး ရေထဲ ကျသွားခြင်းနှင့် အဲရစ်တစ်ယောက် ပင်လယ်လှိုင်း၏ ရေနက်ရာဆွဲတတ်သည့် သဘာဝကို နားမလည်ခြင်းတို့ကြောင့် ဖြစ်ရသည်ဟုသာ ဆိုရပေတော့မည်။ အဲရစ်ကို ကြည့်ရသည်မှာလည်း လွန်စွာ ထိတ်လန့်ကြောက်ရွံ့ ဝမ်းနည်း၍ နောင်တအကြီးအကျယ် ရနေပုံပေါ်သည်။ ဤအမူအရာသည် အဲရစ်၏ နဂိုစိတ်နေစိတ်ထားကို ကိုယ်စားမပြုပါ။ တစ်မူ ထူးခြားနေခြင်းကပင် သူ ဘယ်လောက် တုန်လှုပ် ချောက်ချားနေကြောင်း ဖော်ပြလျက်ရှိပါသည်။

အဲရစ်၏ ဤအပြုအမူအတွက် ကျွန်တော် ဘာလုပ်ရလျှင်ကောင်းမည်နည်းဟု စဉ်းစားကြည့်သည်။ အထူးသဖြင့် မည်သို့သော



ပြစ်ဒဏ်ချမှတ်လျှင် သင့်လျော်မည်နည်းဟု ကျွန်တော် တွေးနေမိသည်။ သမားရိုးကျ အပြစ်ပေးနည်းများဖြစ်သည့် ခြေချုပ်ထားခြင်း၊ အခန်းထဲတွင်သာ နေစေခြင်း၊ ပျော်ရွှင်စရာ တစ်နေရာသို့ မသွားရဟု ပိတ်ပင်ခြင်း၊ အလုပ်တစ်ခုခုကို လုပ်စေခြင်းစသည့်နည်းများသည် အကျိုးမရှိနိုင်ဟု ကျွန်တော် ထင်မိသည်။ တစ်ခါတစ်ရံတွင် ပြစ်ဒဏ်၏တရားမျှတမှု ရှိ မရှိကို အဓိကထား၍ စဉ်းစား လွန်းသောကြောင့် ပြစ်မှု၏ သဘာဝမေ့မှိန်သွားတတ်ပုံကိုလည်း ကျွန်တော် သတိရလိုက်မိသည်။ ယခုကိစ္စတွင် ထိုသို့ ဖြစ်သွားမည်ကို ကျွန်တော် မလိုလားပါ။ အဲရစ်ကို သူ၏ ကတိချိုးဖောက်မှု မည်၍ မည်မျှကြီးမားသည် (အသက်ပါ ဆုံးရှုံးသွားနိုင်သည်) ကို သိစေချင်လှသည်။ ထို့ကြောင့် ကျွန်တော်က ဖြစ်ပျက်ပုံ အသေးစိတ်ကို ပုံပြင်တစ်ခုသဖွယ် ပြန်ရေးပြရန် အဲရစ်ကိုခိုင်းသည်။ ဤဖြစ်ရပ်က သူ့ဘဝအတွက် မည်သို့သော သင်ခန်းစာပေးပုံ၊ ဤဖြစ်ရပ်မှ သူ မည်သို့သော အသိတရားများ ရပုံတို့ကိုပါအောင် ရေးခိုင်းသည်။

အဲရစ်က သူသည် ကမ်းစပ်သို့ ပြန်မကူးနိုင်အောင် ခြေကုန်လက်ပန်း ကျနေပြီဟု သိလိုက်ရသောအခါ အလွန်အမင်း ထိတ်လန့်သွားမိသည်ဟု ဖော်ပြသည်။ ထို့နောက် ဆက်လက်၍ "တစ်ခါတစ်ရံ အဖေသည် ကျွန်တော့်အဖို့ ဘာ အကောင်းဆုံး ဖြစ်မည်ကို သိပါသည်။ ကျွန်တော်ကမူ ယင်းသို့ လုံးဝမသိတတ်ပါ။ ထို့ကြောင့် ကျွန်တော့်အတွက် အကောင်းဆုံးဖြစ်သည့်ကိစ္စရပ်တို့ကို သိသော အဖေ၏ စကားကို အမြဲတစေ မြေဝယ်မကျ နားထောင်ရမည်ဟု ကျွန်တော် လုံးဝဥဿုံ ယုံကြည်သဘောပေါက်ခဲ့ပါပြီ" ဟု သူက ရေးထားပါသည်။ ဤကား အဲရစ်၏ အရေးတော်ပုံတစ်ခုကို အောင်မြင်သွားပုံပါတည်း။ အဲရစ်ဘဝတွင် အဓိကအကျဆုံးသော အောင်နိုင်ခြင်းတစ်ခုဟုလည်း ဆိုနိုင်ပါသည်။ နောက်အနာဂတ် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အသုံးဝင်ကောင်း ဝင်လိမ့်မည်ဟု

ယူဆ၍ အဲရစ်၏ ကိုယ်တိုင်ရေး ကိုယ်တွေ့ ပုံပြင်ကလေးကို ကျွန်တော် ကောင်းစွာ သိမ်းထားမိပါသည်။

## ချာလီ ဘင်းစ်လီ

## (Charlie Bensley)

ချာလီ ဘင်းစ်လီသည် ကလေးနှစ်ယောက်၏ ဖခင် ဖြစ်သည်။ သူသည် အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလီမြို့မှ လုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်၍ လူငယ်တို့ကို အားကစား အရာတွင် နည်းပြပေးသည့် အလုပ်ကိုလည်း အချိန်ပိုင်းအားဖြင့် တက်ကြွစွာ လုပ်ကိုင်နေသူတစ်ဦး ဖြစ်ပါသည်။

■

## ကျွန်မ၏ အကောင်းဆုံးမိတ်ဆွေ ဖေဖေ

ကျွန်မ၏ အဖေသည် သန်စွမ်းတက်ကြွ၍ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံကာ အရာရာကို အလေးအနက် ထားတတ်သော ထင်ရှား ပေါ်လွင်သည့် ဥပဓိရုပ်ရှိသူ လူချောလူခံ့ကြီး တစ်ဦး ဖြစ်ပါ သည်။ သူ့ကို ချစ်သူ ပေါ်များသလောက် မုန်းသူလည်း မရှားလှပါ။ သူသည် တစ်ချိန်လုံး အငြိမ်နေသည်ဟုမရှိ။ ထရပ်ကား တစ်စင်း၊ ရေတစ်ပုလင်းဖြင့် ဟိုဟို သည်သည် အမြဲ သွားလာနေတတ်သူ ဖြစ်ပါသည်။ သူသည် အက်ဖ် ၁၅၀၊ အက်ဖ် ၂၅၀ စသည့် ဖို့ဒ် အမျိုးအစား ထရပ်ကားကြီး အတော်များများကို ပိုင်ဆိုင်သူ ဖြစ်ပါသည်။ လူကလည်း ထောင်ထောင်မောင်းမောင်း၊ ခံ့ခံ့ချောချော၊ ကားများကလည်း ထည်ထည်ဝါဝါကြီးကြီးမားမားဖြစ်ရာ သူနှင့် ကားကြီးတို့မှာ လွန်စွာ လိုက်ဖက်လှပါသည်။ တစ်ခါတစ်ရံ လူနှင့် ကားမှာ ခွဲခြား၍ မရနိုင်လောက်အောင် သဘာဝချင်း တူနေပုံရသည်။ သူသည် သူ့ ကားကြီးများကို တကယ်ချစ်၍ တကယ် အသုံးချခဲ့သူ ဖြစ်သည်။ သူ သုံးနေကျ ကားထဲကို ကြည့်လိုက်ပါက ဇွန်း၊ ခက်ရင်း၊ ဖန်ခွက်၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ကိုယ်လိမ်းပေါင်ဒါ၊ စာရွက်စာတမ်းများ စသည်တို့နှင့် ရှုပ်ပွနေတတ်သည်။ ဒါကိုကပင် သူသည် ကားကြီးကို သူ့အိမ်သဖွယ် သဘောထားကြောင်း ထင်ရှား

ပေါ်လွင်စေပါသည်။ သူ၏အလုပ်မှာ ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း သယ်ယူပေးခြင်းဖြစ်ရာ သူသည် အသေးဆုံး အပ်ကအစ အကြီးဆုံးပြတင်းပေါက်များ၊ တံခါးမကြီးများ၊ သစ်လုံးများနှင့် ခန်းလုံးပြည့် ကော်ဇောကြီးများအထိ အားလုံးကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးနိုင်သူ ဖြစ်ပါသည်။

ကျွန်မအဖေ၏ စိတ်သည် အမြဲတမ်းလိုလို အတက်အကျ ရှိနေတတ်သည်။ သည်နေ့တွင် တဟားဟား ရယ်မော နောက်ပြောင်ကာ သူငယ်ချင်းများနှင့် သွားလာ လည်ပတ်နေတတ်ပြီး၊ နောက်တစ်နေ့တွင် ဝစီပိတ် ကျင့်သုံးကာ တစ်ကိုယ်တည်း တွေးငေးနေတတ်သူ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့သည် အဖေ့ အရိပ်အခြည်ကို အမြဲတမ်း အကဲခတ်တတ်ဖို့ လေ့ကျင့်ထားရပါသည်။ သို့မှသာ ဘယ်အချိန် ဘယ်အခါတွင် သူ့အနား ကပ်သင့်ပြီး ဘယ်အခါတွင် သူ့အပါးမှ ခွာသင့်သည်ကိုလည်းကောင်း၊ ဘယ်အခါတွင် စကားပြောသင့်၍ ဘယ်အခါတွင်ဆိတ်ဆိတ်နေသင့်သည်ကိုလည်းကောင်း နားလည်လိမ့်မည် ဖြစ်ပါသည်။ အဖေသည် သူ၏ တက်ကြွစိတ် အခြေအနေတွင် ရှိနေသည့်အခါမျိုးတွင် တစ်ချိန်လုံး သူကလေးဘဝအကြောင်း၊ သူ့ အတွေ့အကြုံများအကြောင်းကို နာရီပေါင်းများစွာ မပြီးနိုင်မစီးနိုင် စိတ်ပါဝင်စားစွာ ပြောပြနေတတ်ပါသည်။ သူ ပျိုရွယ်စဉ်က အမြတ်ကြီးစား မှောင်ခိုသမားတို့ထံမှ ဘောလုံးပွဲ လက်မှတ်ဝယ်ကြည့်ပုံ၊ သူ့ မိတ်ဆွေတစ်ယောက် မြင်ကွင်းကောင်းသည့်နေရာကို လိုချင်၍ ခြေ လက် မစွမ်းမသန်သူအဖြစ်ဟန်ဆောင်ကာ ဘီးတပ်ကုလားထိုင်နှင့်လာပြီး မသန်စွမ်းသူများအတွက် သီးသန့်ထားသော ပွဲကြည့်စင်မှ ကြည့်ရှုပုံတို့ကို ပြောပြတတ်သည်။ ထို့အပြင် သူသည် သူ့အပေါ် အသာစီးယူတတ်သူများ အကြောင်းကိုလည်း အချိန်အတော်ကြာ ပြောပြတတ်ပါသည်။ ဘဏ်မှ ငွေထုတ်သည့်အခါ ငွေကို တစ်ရွက်ချင်း ရေတွက်



ကြည့်ဖို့ လိုအပ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဘဏ်ငွေကိုင်စာရေးတို့သည် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ အမှားကျူးလွန်တတ်၍ ဖြစ်ကြောင်း ပြောပြပါသည်။ သို့သော် ကွယ်လွန်သူ ကျွန်မတို့အမေအကြောင်းကို ပြောသည့်အခါတွင်မူ သူ့အသံသည် တိုးတိမ်သွားတတ်ပါသည်။ သူသည် မကြာခဏဆိုသလို အမေ့အား စိတ်အနှောင့်အယှက်ပေးခဲ့ခြင်းကိုလည်း သတိရနေဟန်တူပါသည်။ သူ့ မျက်လုံးများသည် ပူဆွေးမှုကြောင့် မှေးမှိန်ကာ သူ့ အသံမှာလည်း နောင်တရမှုကြောင့် တိုးတိမ်သွားတတ်ပါသည်။ ဖြစ်နိုင်လျှင် သူသည် အတိတ်ကို ပြန်လည် အသက်သွင်းကာ အမေ့ကို တောင်းပန်ဝန်ချလိုပုံရသည်။ ဘဝကို အစကပြန်စ၍ အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်လိုသောဆန္ဒသည် သူ့ မျက်နှာတွင် ပေါ်လွင်နေတတ်သည်။

အခြားသူများနှင့် ပေါင်းသင်း ဆက်ဆံမှုပြုသည့်အခါများတွင် ကျွန်မအဖေ၏ ကျွမ်းကျင်လိမ္မာမှုသည် ထင်ရှား ပေါ်လွင်လှပါသည်။ အခြားသူများအကြောင်းနှင့် ထိုသူတို့၏ စိတ်ညွှတ်ချက်များ အကြောင်းကို ပြောပြရာတွင်မူ ကျွန်မအဖေ၏ စူးရှ ထက်မြက်သည့် ထိုးထွင်းသိမှုမှာ လွန်စွာ အံ့သြလောက်ပါပေသည်။ အဖေသည် လူလိမ်လူကောက်များနှင့် ဟန်ဆောင် ဝါကြွားတတ်သည့် အတုအယောင်များ၏ နှလုံးသားကို ထွင်းဖောက် မြင်နိုင်စွမ်းရှိသူ ဖြစ်ပါသည်။ အထူးသဖြင့် ကုပ်ချောင်းချောင်းနှင့် ကပ်ဖားရပ်ဖား လုပ်တတ်သူများကို လွန်စွာ သတိထားပါသည်။ သူသည် လောဘကြီးသူများကို ရွံရှာစက်ဆုပ်သလောက် တကယ်တမ်း အကူအညီ လိုနေသူတို့ကိုမူ ရက်ရောစွာ အကူအညီပေးတတ်ပါသည်။ ဖခင်သည် အမြဲတမ်း စီမံကိန်းချ၍ လုပ်တတ်သူဖြစ်ရာ သူ၏ အရှည်မျှော်မြင်မှုကို ယင်းစီမံကိန်းတို့က ညွှန်ပြလျက် ရှိပါသည်။ သူသည် စီမံကိန်းတို့ကို ဦးနှောက်နှင့် ရေးဆွဲကာ အချိန်မီ ပြီးစီးအောင်

အကောင်အထည် ဖော်တတ်သူ ဖြစ်ပါသည်။ ဖခင်သည် သူ့ခေါင်းထဲတွင် ကာလရှည်ကြာစွာ စွဲမြဲခဲ့သော စိတ်ကူး အကြံဉာဏ်တို့ကို အကောင်အထည်ဖော်ရာတွင် အခြားသူတို့က နားပါဦး၊ ရပ်ပါဦးဟု ပြောသည်ကိုလည်း ဂရုမထား။ ပြီးမှာ မဟုတ်ပါဘူးဟု ဝေဖန်သည်ကိုလည်း အရေးမစိုက်တတ်ဘဲ ဆက်လက် လုပ်ဆောင်၍သာ အကောင်အထည် ဖော်သွားတတ်ပါသည်။ ကျွန်မ ဖေဖေသည် သူတစ်ပါး၏ ဩဇာလွှမ်းမိုးမှုကို ဘယ်တော့မှ မခံတတ်ပေ။ အကြောင်းမှာ သူသည် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ရှိသည့်ပြင် သူ ဘာလုပ်ချင်သည်ကိုလည်း သူ့ဘာသာ သူ ကောင်းကောင်း သိသူတစ်ယောက် ဖြစ်သောကြောင့်ပင်တည်း။ ဖေဖေသည် သူ့စီမံကိန်းများနှင့် ပတ်သက်၍ မကြာခဏဆိုသလို ကျွန်မ၏ သဘောထားများကို မေးမြန်းတတ်ပါသည်။ ယင်းသို့ မမေးမြန်းမီ ဖေဖေသည် သူ့ စီမံကိန်းများနှင့် ပတ်သက်၍ 'ဘာကို ဘယ့်အတွက် ဘယ်လိုလုပ်သည်' စသည့် 'ဘ' သုံးလုံးကို ကျေလည်စွာ ရှင်းပြပြီးမှ ကျွန်မ၏ သဘောထားကို မေးမြန်းသည်ဖြစ်ရာ ကျွန်မမှာ အမြဲတမ်းလိုလို ထောက်ခံသူအဆင့်တွင်သာ ကျေနပ်နေရပါတော့သည်။ ကျွန်မကမူ အဖေကို ချစ်သည့် သမီးကြီးပီပီ "အဖေ ပျော်မယ် ကျေနပ် ဝမ်းသာမယ် ဆိုရင် ဘာမဆိုလုပ်ပါ" ဟုသာ အမြဲတမ်း အားပေးစကား ဆိုတတ်ပါသည်။ အားပေးသည် ဆိုရာ၌ သူ့ အလုပ်အကိုင်နှင့် စပ်ဆိုင်သည့် စီမံကိန်းတို့ အတွက်သာ မဟုတ်ပါ။ ဖေဖေ၏ ပုဂ္ဂိုလ်ရေး၊ လူမှုရေး ဆက်နွယ်မှုများ အတွက်ပါ ပါဝင်ပေသည်။

အခြားသူတို့၏ စိတ်ကူး၊ အကြံအစည်၊ ပြုမူပုံတို့နှင့် ပတ်သက်၍ ဖေဖေ စိတ်အလိုမကျတိုင်း အော်ဟစ်ဆူပူသည်ကို ကျွန်မ မြင်ခဲ့ဖူးသလို ဒုက္ခရောက်နေသူတို့နှင့် ပတ်သက်၍ ယုယ ကြင်နာ တနာစိတ် ပြင်းပြစွာဖြင့် ထပ်တလဲလဲ အားပေးကူညီသည်ကိုလည်း ကျွန်မ မကြာခဏပင် မြင်ခဲ့ရဖူးပါသည်။ အဖေသည် နာမကျန်း



ဖြစ်နေသူ ဆွေမျိုးမိတ်သင်္ဂဟများထံ သူ တတ်စွမ်းသလောက် ငွေပေးပို့ ကူညီတတ်ပါသည်။ တစ်ခါတစ်ရံ သစ်သီး၊ ဟင်းသီးဟင်းရွက်စသည်တို့ကို ဆိုင်လုံးကျွတ် ဝယ်ယူ၍လည်း အပေါင်းအသင်းများနှင့် မျှဝေ စားသုံးတတ်ပါသေးသည်။

သို့သော် ဖေဖေသည် ကျန်းမာ သန်စွမ်းပါလျက် အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်သူတို့အား သနားစာနာစိတ် လုံးဝ မထားတတ်ပါ။ သူကိုယ်တိုင်က ပင်ပင်ပန်းပန်း လုပ်ရသည်ကို ဂုဏ်ယူသူ ဖြစ်ပါသည်။ ကျွန်မနှင့် ကျွန်မတို့ မောင်နှမ ညီအစ်မတစ်တွေ အားလုံး ငယ်ရွယ်စဉ် ကလေးဘဝက နွေလယ်နွေခေါင်းတွင် အိပ်ခွင့် လုံးဝ မရခဲ့ပါ။ ကျွန်မတို့သည် တစ်နေကုန် လုပ်စရာတွေနှင့် နိုးကြားနေတတ်ပါသည်။ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ အတွင်းခံစသည် အားလုံးကို လျှော်ဖွပ်ပြီး နေလှမ်းသူက လှမ်း၊ ခြောက်သည်တို့ကို ရုပ်သူတို့က ရုပ်၊ မီးပူ တိုက်သူက တိုက် လုပ်ကြရပါသည်။ တစ်အိမ်လုံးရှိ ကြမ်းခင်းတွေကိုလည်း တဖိတ်ဖိတ် တောက်ပြောင်နေအောင် ဖယောင်းဆီဖြင့် တိုက်ကြရပါသည်။ ပြတင်းပေါက်မှန်တွေကိုလည်း ဖုန်တစ်စက်ကလေးမှ မတင်စေရ။ မှန်ချွတ်ဆေးဖြင့် ကြည်လင်နေအောင် တိုက်ကြရပါသည်။ ဧည့်ခန်းတွင်းရှိ ပရိဘောဂတို့ အတွက်မူ ပြောစရာပင် မလိုတော့ပါ။ တောက်ပြောင်၍နေသည်မှာ အသစ်ကျပ်ချွတ်အလားပင် ထင်မှားရပါသည်။ ဖေဖေ၏ အယူအဆမှာ 'အားလပ်နေသော စိတ်နှင့် ကိုယ်ခန္ဓာသည် မကောင်းဆိုးဝါး၏ အလုပ်ရုံဖြစ်သည်' ဟူသော အယူအဆ ဖြစ်ပေရာ ကျွန်မတို့ စိတ်တွေကို မကောင်းဆိုးဝါး ဝင်မပူးစေရေးအတွက် ကိုယ်ရော စိတ်ပါ အနားမရအောင် ဇယ်စက်သလို လုပ်ခိုင်းထားခြင်း ဖြစ်ပါသည်ဟု အဖေက တစ်ခါတစ်ရံ ပြောတတ်ပါသည်။ အလုပ်ကို မနားမနေ လုပ်ခြင်းနှင့် ပတ်သက်၍မူ ကျွန်မတို့အဖို့ ဖေဖေသည်ပင် 'စံပြပုဂ္ဂိုလ်' ဖြစ်ပါသည်။ သူသည် တစ်ချိန်

တည်းမှာပင် အလုပ်နှစ်ခု၊ တစ်ခါတစ်ရံ သုံးခုကို လုပ်နေတတ်သူ ဖြစ်သည်။ အခိုက်အတန့်အားဖြင့် ဘဝတွင် အရှုံးနှင့် ရင်ဆိုင်နေရချိန် သို့မဟုတ် နာဖျားမကျန်း ဖြစ်နေချိန်တို့၌ပင် ဖေဖေသည် စီမံကိန်း ရေးဆွဲမြဲ၊ အလုပ်ဆက်လုပ်မြဲ ဖြစ်ပါသည်။ ဖျားနာ၍ အိပ်ရာထဲတွင် လှဲနေရန် ဆရာဝန်က တိုက်တွန်းသည့် အခါမျိုးတွင်မူ သူသည် အိပ်ရာပေါ်၌ လှဲရင်း ကိန်းဂဏန်းတွေကို တွေးတောတွက်ချက်ကာ သူ့ ခေါင်းထဲမှာပင် စီမံကိန်း ရေးဆွဲနေတတ်ပါသည်။ သူသည် (နေမကောင်းဖြစ်နေစေကာမူ) သူ့ထံ လာ၍ အကူအညီတောင်းသူများကို ဖော်ရွေစွာ ဆက်ဆံကာ ရင်းနှီး ခင်မင်စွာ ပြုံးမူပြောဆိုတတ်ပြီး လိုအပ်သည့် အကူအညီတို့ကို ပေးစမြဲ ဖြစ်ပါသည်။

ကျွန်မ အဖေသည် ကျွန်မ၏ ဘဝအပေါ် နည်းမျိုးစုံဖြင့် များစွာ ဩဇာလွှမ်းမိုးခဲ့ပါသည်။ ယင်းတို့အနက်မှ အထင်ရှားဆုံး အဖြစ်အပျက်တစ်ခုကို တင်ပြပါရစေ။ ကျွန်မအသက်ခုနစ်နှစ်လောက်က အဖေသည် ဆံပင်မှ ခြေမအထိဟု ဆိုရလောက်အောင် တစ်ကိုယ်လုံးနီးပါး မီးလောင်ခဲ့ပါသည်။ ဖြစ်ပုံမှာ ဖခင်သည် တစ်နေရာသို့ပို့ရန် ဓာတ်ဆီတိုင်ကီတစ်လုံးကို သူ့ ထရပ်ကား နောက်ခန်းတွင် တင်ယူလာခဲ့ရာ လမ်းတွင် ယင်း ဓာတ်ဆီတိုင်ကီ ပေါက်ကွဲ၍ ကားတစ်စီးလုံး မီးစွဲလောင်ခြင်း ဖြစ်ပါသည်။ သို့သော် အဖေသည် သတိရှိသူပီပီ လမ်းဘေးရှိ ရေမြောင်းထဲသို့ ခုန်ဆင်း လိုက်သောကြောင့် အတော်အတန် သက်သာရာရသွားပုံ ပေါ်ပါသည်။ ကျွန်မတို့ မောင်နှမတစ်တွေ ဆေးရုံသွားကြည့်ခွင့်ရသည့်အခါ၌ အဖေ့ကိုကြည့်ရသည်မှာ တထိတ်ထိတ် တလန့်လန့် ဖြစ်နေပုံရကြောင်း တွေ့ရပါသည်။ ယခင်က ညိုမှောင်နေသော အဖေ့အသားမှာ ယခုအခါ ပန်းရောင် ဖြစ်နေပါသည်။ ကျွန်မတို့ တစ်တွေသည် သူ့ကို ကြည့်၍ ကြောက်လန့်နေမိပြီး အနားမသွားရဲဘဲ တံခါးပေါက်ဝကသာ ငေးမျှော် ကြည့်နေမိကြပါသည်။ အဖေသည် သူ၏



နာကျင်မှုဒဏ်ကို လပေါင်းများစွာ အံကြိတ်ခံခဲ့ပါသည်။ အနာရွတ်များ ကောင်းကောင်း မခြောက်သေးမီမှာပင် ဆေးရုံက ခွင့်ပြုသည်နှင့် တစ်ပြိုင်နက် ဖေဖေသည် ဆေးရုံမှဆင်းကာ အလုပ်တန်းလုပ်ပါသည်။

မီးလောင်ဒဏ်ရာများကို မညည်းမညူဘဲ သည်းခံနိုင်မှု၊ ဒဏ်ရာအနာများ လုံးဝပျောက်ကင်းသည့်အချိန်အထိ ရှည်ကြာစွာ စောင့်မနေဘဲ တော်ရုံတန်ရုံ သက်သာသည်နှင့် အလုပ်ခွင်တွင် တာဝန်ယူမှုတို့သည် ကျွန်မ၏ အသက် ခုနစ်နှစ်အရွယ် နုနယ်သည့် နှလုံးသားလေးထဲတွင် စွဲမြဲစွာ ပုံရိုက်ပြီး ဖြစ်သွားပါသည်။ အဖေ၏ သတ္တိနှင့် သည်းခံနိုင်စွမ်းတို့ကို နမူနာယူကာ ကျွန်မသည်လည်း ဘဝတွင် တော်ရုံတန်ရုံ အခက်အခဲတို့ကို မညည်းမညူဘဲ ဖွဲ့နပဲနှင့် သည်းခံသွားဖို့ လိုအပ်သည်ဟု စိတ်ထဲမှာ စွဲထားလိုက်ပါသည်။ အခက်အခဲများနှင့် ရင်ဆိုင်ရပြီး ယင်းတို့ကို ပြေလည်အောင် မစွမ်းဆောင်နိုင်သည့်အခါ ကျွန်မ၏ အမြင်ကို ပြောင်းလဲရန်လည်း တတ်စွမ်းလာပါသည်။ ဖခင်၏ စံပြနမူနာကို အတုယူ၍ ကျွန်မသည်လည်း ဘဝ၏မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံလာနိုင်ပါသည်။ ဘဝ၏ စိန်ခေါ်မှုများနှင့်လည်း ရဲရဲဝံ့ဝံ့ ရင်ဆိုင်လာတတ်ပါသည်။ ဘဝတွင် တွေ့ကြုံရသမျှ အရာရာတိုင်းကိုလည်း အပြုသဘောမျိုး ရှုမြင်တတ်လာပါတော့သည်။

ကျွန်မဖေဖေသည် ကျွန်မ၏ အကောင်းဆုံးသော မိတ်ဆွေလည်း ဖြစ်ပါသည်။ အဖေ့ကို ကျွန်မသည် တစ်သက်လုံး အရပ်မြင့်မြင့်၊ တောင့်တောင့်တင်းတင်း၊ ပခုံးကျယ်ကျယ်၊ ရင်အုပ်ကားကား၊ ယုံကြည်စိတ် အပြည့်ထားရှိသော ယောက်ျားကြီးတစ်ယောက်အဖြစ် အမြဲသတိရနေမည် ဖြစ်ပါသည်။ သို့သော် ဖေဖေ၏ နောက်ဆုံးနေ့များမှာကား ကျွန်မအဖို့ မိုန်ပျပျသာရှိသည့် မီးပြတိုက်ကို အဝေးမှ လှမ်းမြင်ရသလိုသာ ခံစားရပါတော့သည်။ အဖေသည်

သူ့တွင် ရှိသမျှ ခွန်အား၊ သူ့တွင် ရှိသမျှ မာနကလေးနှင့် သူ ခံစားနေရသည့် ဝေဒနာကို ဇွဲသန်သန်ဖြင့် တွန်းလှန်နေပုံကို ကျွန်မ မြင်နေရပါသည်။ သူသည် လမ်းလျှောက်ဖို့ ကြိုးစားခဲ့သည် သို့သော် မလျှောက်နိုင်။ သူသည် ရေချိုးဖို့ ကြိုးစားခဲ့သည် မချိုးနိုင်။ သူသည် ကျွန်မတို့ မောင်နှမတစ်တွေကို ပြုံးပြဖို့ ကြိုးစားခဲ့သည်။ မပြုံးနိုင်။ ထမင်းစားဖို့ ကြိုးစားခဲ့သည် မစားနိုင်။ အဖေသည် အခွင့်သာတိုင်း ကျွန်မကို သင်ခန်းစာ တစ်ခုခုပေးဖို့ အမြဲ ကြိုးစားလေ့ရှိသည်။ တစ်ခါတစ်ရံဘဝနှင့် ပတ်သက်သည့် သင်ခန်းစာ၊ တစ်ခါတစ်ရံ အလုပ်နှင့် ပတ်သက်သည့် သင်ခန်းစာတို့ ဖြစ်သည်။

အဖေ အသည်းအသန် ဖြစ်နေသည့် အချိန်က ကျွန်မသည် တစ်ချိန်လုံး အဖေ့အိမ်ကို တောက်ပြောင်နေအောင် သန့်ရှင်းရေး လုပ်ပေးနေမိသည်။ သို့သော် အဖေကမူ "အိမ်သန့်ရှင်းရေး လုပ်တာ တော်ရောပေါ့။ တံမြက်စည်းကို ချထားခဲ့ပါ။ အဖေနဲ့ လာပြီး စကား စမြည် ပြောစမ်းပါ" ဟု မကြာခဏ ခေါ်တတ်ပါသည်။ ထိုအခါမျိုးတွင် ကျွန်မသည် လှည်းကျင်းနေသည့်ကိစ္စကို ခဏရပ်ကာ အဖေ့နား သွား၍ သူ့ ပြောစကား နားထောင်ပါသည်။ သို့သော် ကျွန်မသည် လုပ်စရာကိုင်စရာလေးတစ်ခုခုကို သတိရမိသည့်အခါ ထပြီး လုပ်လိုက်ပါသေးသည်။ ညမိုးချုပ်၍ တစ်အိမ်လုံး တိတ်ဆိတ်သွားသည့် အချိန်တွင်ကား ကျွန်မတို့သားအဖ မကြာ မကြာ စကား စမြည်ပြောလေ့ရှိပါသည်။ အဖေနှင့် ကျွန်မတို့ ပြောစကားများသည် ကျွန်မ၏ စိတ်ထဲတွင် စွဲထင်ကျန်ရစ်လျက်ရှိပါသည်။

အထူးသဖြင့် အဖေ့ဘဝ၏ နောက်ဆုံး နံနက်ခင်း ဖြစ်ရပ်ကလေးကမူ ကျွန်မ အသည်းနှလုံးထဲတွင် သစ်ထွင်းပန်းချီ တစ်ခုလို စွဲကျန်ရစ်ပါသည်။ ထိုနေ့ နံနက်က အဖေသည် ဆာလ်မွန်ငါးကြော်နှင့် ဘီစကွတ် အနည်းငယ် (သူ အနှစ်သက်ဆုံးအစာ) ကို စားပြီး ခုတင်ပေါ်တွင် ထူထူထောင်ထောင် နေပါသည်။ သူ့ ခုတင်နားတွင်



လှုပ်ရှားသွားလာနေကြသော သားသမီးတိုင်း၏ မျက်နှာကို လိုက်ကြည့်နေသည်။ သူ့ သားသမီးတွေကို ကြည့်၍ သူသည် အထီးကျန် မခံစားရတော့။ အဖေ၏ ပျော်ရွှင်ကြည်နူးသည့်အသွင်သည် သူ့ မျက်နှာတွင် ပေါ်လွင်လာသည်။ ထိုအချိန်တွင် ကျွန်မသည် အဖေ့အတွက် အဖေနှင့်အတူရှိနေပါသည်။ အဖေကမူ တစ်သက်တာပတ်လုံး ကျွန်မအတွက် ရှိနေခဲ့သူ မဟုတ်လား။ ကျွန်မသည် သူ့ကို တစ်ချိန်လုံး ချစ်မြတ်နိုးနေမည် ဖြစ်သည်။ သူ ဆိုသည်မှာ ကျွန်မ၏ အကောင်းဆုံးမိတ်ဆွေ၊ ကျွန်မ၏ သူရဲကောင်း၊ ကျွန်မ၏ တစ်သက်တာ ဆရာမွန် ကျွန်မ၏ ဖေဖေ. . .။

## ရှယ်လေဝစ်ကော့ဖ်

ရှယ်လေဝစ်ကော့ဖ် (Shelley Wyckoff) သည် ကောလိပ်ကျောင်းသူ သမီးနှစ်ယောက်၏ မိခင်တစ်ဦး ဖြစ်သည်။ အဲလ်ဘားမား တက္ကသိုလ်၊ လူမှုဝန်ထမ်းဌာန၏ ညွှန်ကြားရေးမှူး တစ်ဦး ဖြစ်သည်။

■

## အချစ်ဦး၏ အချစ်ရှူး ပုံပြင်

ရထားဥဩဆွဲသံ ကြားတိုင်း ကျွန်မသည် အဖေ့ကို သတိမရဘဲ မနေနိုင်ပါ။ အဖေ့၏ အဖေသည်လည်းကောင်း၊ အဖေ့၏ အဘိုးသည် လည်းကောင်း မီးရထားဌာနတွင် အလုပ် လုပ်ခဲ့ကြသူများ ဖြစ်ပါသည်။ ကျွန်မ အဖေသည်လည်း သူ့အဖေ၊ သူ့အဘိုးတို့၏ လမ်းစဉ်အတိုင်း မီးရထားဘက်တွင်သာ အလုပ် လုပ်ခဲ့သည်။ တိတိကျကျ ပြောရသော် အဖေသည် မစ်ဇူရီ ပစိဖိတ် (Missouri Pacific) ရထားလမ်းတွင် ပြေးဆွဲနေသော ကုန်ရထားတစ်စင်း၏ ဂါတ်တွဲဗိုလ်တစ်ဦး ဖြစ်ပါသည်။ အဖေသည် အာကင်ဆော (Arkansas) ပြည်နယ်၊ နော့သ်လစ်တဲလ်ရော့ (North Little Rock) အရပ်တွင် အိမ်သေးသေးလေးတစ်လုံးကို အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့သည်။ တစ်လလျှင် နည်းနည်းချင်း ဆပ်နေသဖြင့် သူ့တစ်သက်တာပတ်လုံး ထိုအိမ်တွင်နေကာ အိမ်ကြွေးကို ဆပ်သွားရသည်ဟုပင် ပြောစမှတ်တွင်ရစ်ပါသည်။ ကျွန်မနှင့် ကျွန်မ ညီမလေးတို့သည် ထိုအိမ်တွင် မွေးဖွားကြီးပြင်းခဲ့ကြပါသည်။ ကျွန်မအမေဆိုလျှင် ထိုအိမ်ကလေး၌ ယနေ့ထက်တိုင် နေထိုင်ဆဲဖြစ်ပါသည်။ ထိုအိမ်ကလေးသည် မေတ္တာရနံ့ ထုံလွှမ်းကာ မှတ်မိစရာ ဖြစ်ရပ်ကလေးများ ပြည့်နှက်နေသည့် အိမ်ကလေးဖြစ်ပါ



သည်။ ကျွန်မ၏ ငယ်နာမည် မေရီနဲ့ယ်လ်(Mary Nell) ဟု အခေါ်ခံရသည်မှာ ထိုအိမ်ကလေးတွင်သာ ဖြစ်ပါသည်။ ကျွန်မအဖို့ အချိန်တန်၍ 'အိမ် ပြန်တော့မည်' ဟု ပြောခဲ့လျှင် ထိုအိမ်ကလေးကိုပင် ရည်ညွှန်းပြောဆိုခြင်းသာ ဖြစ်ပါလိမ့်မည်။

ကျွန်မ အဖေသည် အလွန် စကားနည်းသူ ဖြစ်သည်။ အထူးသဖြင့် သူတစ်ပါး ပြောစကားကိုသာ နားထောင်တတ်သည်ဖြစ်ရာ သူ့လောက် စိတ်ရှည်ရှည်ထားကာ နားထောင်နိုင်သူမျိုးကို ကျွန်မ မတွေ့ဘူးသေးပါ။ သူသည် ကောလိပ်ကျောင်း မနေဘူးသော်လည်း ပညာရှိတစ်ဦး ဖြစ်သည်ဟု ကျွန်မယုံကြည်ပါသည်။ အခြားသော ပညာရှိများနည်းတူ ကျွန်မ အဖေသည်လည်း အံ့ဩစရာတွေ အများကြီး လုပ်ပြနိုင်သူ ဖြစ်ပါသည်။ ကျွန်မ သတိရနေသော အဖြစ်အပျက်ကလေးတစ်ခုအကြောင်း ပြောပြချင်ပါသည်။ ထိုအချိန်က ကျွန်မသည် နယူးယောက်မြို့ (New York) စနီးဒင်းလင်းဒင်း (Sneden's Landing) အရပ်တွင် အိမ်အိုကြီးတစ်ဆောင် ငှားရမ်းနေထိုင်လျက်ရှိပါသည်။ တစ်နေ့ ကျွန်မ အိမ်ပြန်လာသောအခါ အဖေ အလည်အပတ် ရောက်နေသည်ကို တွေ့ရပါသည်။ အဖေသည် မျက်နှာကြက်မှ ထုပ်လျှောက်တို့ကို စူးစိုက်ကြည့်နေပါသည်။ ကျွန်မက "အဖေ ဘာတွေ ကြည့်နေတာလဲ" ဟု မေးလိုက်ပါသည်။ အဖေက "မေရီနဲ့ယ်လ် ဒီအိမ်ကြီးရဲ့ သက်တမ်း ဘယ်လောက်ရှိပြီထင်သလဲ" ဟု ပြန်မေးပါသည်။

အဖေသည် ဘဝတွင် အစစအရာရာကို စိတ်ဝင်စားသူ ဖြစ်သည်။ ကမ္ဘာပေါ်ရှိ အရာဝတ္ထုအားလုံးကို ပဥ္စလက်နည်းဖြင့် ဖွဲ့စည်းထားသည့်အရာများဟု သူ ယူဆသည်။ သူ့အဖို့ အရာရာသည် စူစမ်းလေ့လာစရာ၊ ချီးကျူးအံ့ဩစရာ၊ ဝမ်းသာဂုဏ်ယူစရာတွေချည်း ဖြစ်နေပါသည်။ တစ်စုံတစ်ရာကို မကျေနပ်၍ အဖေ ညည်းညူသည့်အသံကို ကျွန်မတစ်သက်တာ တစ်ခါမျှ မကြားဘူး

ပါ။ (အဖေက ညည်းညူခြင်းကို 'ဝမ်းဗိုက်နာသည်' ဟု သုံးလေ့ရှိပါသည်။) အလုပ် ဘယ်လောက် ပင်ပန်း ပင်ပန်း သူ ဘယ်သူ့ကိုမှ ညည်းညူမပြခဲ့ပါ။ သူများထက် ပို၍ အလုပ် လုပ်ရသည်ဟုလည်း ကန့်ကွက် ပြောဆိုခြင်း မပြုခဲ့ဖူးပါ။ မီးရထားကုန်တွဲ အားလုံး တစ်တွဲစာက်၊ တစ်တွဲဆင်း၍ စစ်ဆေးရခြင်း၊ ညလုံးပေါက် မနားမနေ ရထားခုတ်မောင်းပေးရခြင်း စသည့်ကိစ္စရပ်များကိုလည်း ဘယ်သောအခါမျှ ပင်ပန်းသည်ဟု မပြောခဲ့ပါ။ အထူးသဖြင့် နှလုံးရောဂါ၏ တိုက်ခိုက်မှု ခုနစ်ကြိမ်တိုင်တိုင် ခံရသည့် အချက်ကိုလည်း အမှတ်မထားပါ။ (စပ်မိ၍ ဆိုရသော် သူ၏ လှုပသော နှလုံးသားသည် ထိုတိုက်ခိုက်မှု ခုနစ်ကြိမ်ကို ရဲရဲ့စွာ တွန်းလှန်ကာ ခုန်မြဲတိုင်း ဆက်ခုန်နေခဲ့ပါသည်။) ကုန်ကုန်ပြောရလျှင် နောက်ဆုံးအကြိမ်အဖြစ် သူ့ အသွေးအသားတို့ကို မျိုဝါးကာ သူ့ကို မရဏာနိုင်ငံသို့ ပို့မည့် ကင်ဆာရောဂါကြီးကိုပင် သူက မညည်းမညူ ခံနိုင်စွမ်းရှိခဲ့ပါသည်။ ယင်းကဲ့သို့ လောကဓံကို ကြံ့ကြံ့ခံနိုင်ခြင်းသည်ပင် ဖခင်၏ တစ်မူထူးခြားသည့် အရည်အချင်းတစ်ရပ်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မ သိသလောက်ပြောရလျှင် အဖေသည် တုံ့ကို့ဘာဝေ ဆိတ်ဆိတ်နေ၍ လောကဓံ အထုအထောင်းကို ကြံ့ကြံ့ခံနိုင်ခဲ့သော သူရဲကောင်းတစ်ဦး ဖြစ်ပါသည်။

ကျွန်မအဖေ၏ အလုပ်မှာ ၂၄ နာရီ အမြဲ အဆင်သင့်နေရသည့် အလုပ်မျိုး ဖြစ်ပါသည်။ သူများတကာတွေလို နံနက် ၉ နာရီသွား၊ ညနေ ၄ နာရီ ပြန်ရသည့် အလုပ်မျိုး မဟုတ်ပါ။ နံနက်အရုဏ်တက်ဖြစ်စေ၊ ညဥ့်နက်သန်းခေါင်ဖြစ်စေ ကုန်ရထားထွက်ဖို့ လိုအပ်သည် ဆိုလျှင် အချိန်မရွေး ထလိုက်သွားရသည့် အလုပ်မျိုး ဖြစ်ပါသည်။ ထိုအခါမျိုးတွင် ဖခင်သည် သူ ကိုင်နေကျ လက်ဆွဲအိတ်အနက်ကြီးထဲသို့ အဝတ်အစားနှင့် လိုအပ်သည့် အရာတို့ ထည့်သွင်းကာ လေး ငါး ဆယ်ရက်ကြာမျှ အိမ်မှ ထွက်သွားရတတ်ပါသည်။



သူ့ ကုန်ရထား၏ လမ်းဆုံးဘူတာမှာ မစ်ဇူရီ (Missour) မှ ပေါ့ပလာဘလစ် (Poplar Bluff) အရပ်ပင် ဖြစ်ပါသည်။ ကျွန်မတို့အိမ်တွင် မော်တော်ကား တစ်စီးသာ ရှိပြီး ကျွန်မကလည်း အိမ်တွင် ထားပစ်ခဲ့၍ မရနိုင်သေးသည့် အရွယ်မျှသာဖြစ်ရာ အမေသည် ကျွန်မကိုပါ ခေါ်၍ ချက်ပလက် ကားအိုကလေးကို မောင်းကာ အဖေ့ကို ဘူတာရုံသို့ ပို့ရပါသည်။ ကျွန်မကမူ ကားပေါ်တွင် အိပ်ပျော်လျက် လိုက်ပါလာပါသည်။ နံနက်အရုဏ် ရောင်နီပေါ်ချိန် သုံးနာရီ၊ လေး နာရီလောက်တွင် အာကင်ဆောဘူတာ ကုန်ရထားများရှိရာနေရာသို့ ရောက်ပါသည်။ ထိုနေရာတွင် အဖေ ဆင်းသည့်အခါ ကျွန်မကလည်း အိပ်ချင်မူးတူးဖြင့် ကားပေါ်မှပင် 'တာ့တာ' လုပ်ကာ လက်ပြလိုက်ရပါသည်။ ထို့နောက် အိမ်သို့ ပြန်သည့် လမ်းတစ်လျှောက်လုံး ကျွန်မသည် ကားထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျကာ လိုက်ပါလာပါသည်။ နှစ်ပေါင်း ၂၅ နှစ်မျှ ကြာပြီးသောအခါ ကျွန်မသည် ထိုနေရာလေးသို့ တစ်ခေါက် ပြန်ရောက်လာပြီး 'လမ်းဆုံးဘူတာ' အမည်ဖြင့် ရုပ်ရှင်ကား တစ်ကား လာရိုက်ပါသည်။ ယင်းရုပ်ရှင်ကားမှာ ကျွန်မတို့ ဘဝဇာတ်လမ်း၊ ကျွန်မအဖေ၏ မီးရထားလုပ်သား ဘဝဇာတ်လမ်းပင် ဖြစ်ပါသည်။ ကျွန်မသည် ဘယ်ကားကိုမျှ ဤကားလောက် စေတနာ မေတ္တာနှင့် ရိုသေလေးစားမှု အပြည့်ထားကာ မရိုက်ခဲ့ဖူးပါ။

ကျွန်မ အဖေ၏ မျက်စိထဲတွင်မူ ကျွန်မသည် အကျော်ကြားအထင်ရှားဆုံး၊ အတော်ဆုံးသော သရုပ်ဆောင်တစ်ဦး ဖြစ်နေပါသည်။ ကျွန်မ နယူးယောက်မြို့တွင် တက်သစ်စ မင်းသမီး (အမှန်က တက်သစ်စ၊ စားပွဲထိုးမလေး) မျှသာဖြစ်သောအချိန်တွင် အဖေက ကျွန်မကို 'စူပါ' (Super) ဟု ချစ်စနိုး ခေါ်ပါသည်။ လူကြီးမင်းများ သိတော်မူကြသည့်အတိုင်း 'စူပါ' ဆိုသည်မှာ စူပါစတား (SuperStar) (အလင်းလက်ဆုံးကြယ်ပွင့်) ကို အတိုကောက်

ခေါ်ခြင်း ဖြစ်ပါသည်။ ကျွန်မသည် မထင်မရှား ဆိုက်ပတ်လုပ်ရင်း ထင်ထင်ရှားရှား စားပွဲထိုးလုပ်နေရသည့် ခြောက်နှစ်တာကာလ အတွင်း အဖေက ကျွန်မကို အမြဲတမ်း စူပါဟုသာ ခေါ်ပါသည်။ ကျွန်မသည် ပဥ္စလက်မှော်အတတ်ဖြင့် တစ်နေ့နေ့တွင် ထင်ရှား ကျော်ကြားသည့် သရုပ်ဆောင်မင်းသမီး ဖြစ်သွားလိမ့်မည်ဟု ကျွန်မ ဖခင်က ယုံကြည်မှု အပြည့်ထားကာ ယင်းသို့ ခေါ်ခြင်းဖြစ်ပါသည်။

ထိုအချိန်က ကျွန်မသည် 'သရုပ်ဆောင်သင်တန်းကျောင်း' တက်နေသည်ဖြစ်ရာ ကျွန်မတို့ ကျောင်းနှင့် အဆက်အသွယ်ရှိသော 'အိမ်နီးပါးကဇာတ်ရုံ (Neighbourhood Playhouse)' မှ လက်ကမ်း ကြော်ငြာများတွင် ကျွန်မ၏နာမည် တစ်ခါတစ်ရံ ပါလာတတ်ပါ သည်။ ထိုအခါမျိုးတွင် အဖေသည် သူနှင့် ဘီယာသောက်ဖော် သောက်ဖက်တို့အား ယင်း လက်ကမ်းကြော်ငြာကို ပြ၍ 'ကြွားမဆုံး ပေါင် ကျားသုံးကောင်' ဖြစ်နေတတ်ပါသည်။ "သူငယ်ချင်းတို့. . . မင်းတို့ သိကြရဲ့လား။ အဲဒီ ဇာတ်ရုံမှာ ဘော်ဘီ ဒူဘဲလ် (Bobby Duvall) တို့၊ ဂရေဂရီပက် (Gregory Peck) တို့ ငယ်ငယ်တုန်းက သရုပ်ဆောင်သင်တန်း တက်ခဲ့ကြတာကွ။ အခု ငါ့သမီးလည်း အဲဒီ ဇာတ်ရုံမှာ အတော်လေးကို 'ဟုတ်' နေပြီ" ဟု ပြောတတ်ပါသည်။ သို့သော် အဖေ့သူငယ်ချင်း အတော်များများကမူ "အင်မတန် ကြီးကျယ်စည်ကားပြီး ရှုပ်ထွေးပွေလီလှတဲ့ ဒီလို နယူးယောက်မြို့ ကြီးကို သူ့သမီးရောက်သွားတာကို ဂုဏ်ယူ ပျော်ရွှင်နေပုံထောက် ရင် ငါတို့ကောင်တော့ အတော်လေး ပေါကြောင်ကြောင် ဖြစ်နေလို့ ပဲ" ဟု ထင်မြင် ယူဆပုံ ရပါသည်။ ထိုအချိန်ကမူ ကျွန်မ၏ သရုပ် ဆောင်မင်းသမီး ဖြစ်လိုစိတ်သည် ငယ်ထိပ်သို့ ရောက်နေပါသည်။ ဒါကို ကျွန်မအဖေက ကောင်းစွာ နားလည်သဘောပေါက်ပေးပါ သည်။ ၁၉၇၇ ခုနှစ်က ကျွန်မသည် ဂျက်နစ်ကိုလ်ဆန် (Jack Nicholson) ၏ ပါရာမောင့် စတူဒီယို (Paramount Studio) မှ



တယ်လီဖုန်းဖြင့် အဖေ့ထံ ဆက်ကာ ကျွန်မသည် 'တောင်ဘက်သို့ ခရီးထွက်ခြင်း' (Goin' South) ဇာတ်ကားတွင် နစ်ကိုလ်ဆန် (Nicholson) နှင့် တွဲ၍ ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ် ဆောင်ရမည် ဖြစ်ကြောင်းကို အားရဝမ်းသာ ပြောမိပါသည်။ ကျွန်မကမူ အဖေ သိပ် အံ့အားသင့်သွားလိမ့်မည်ဟု ထင်မိပါသည်။ သို့သော် ထိုကဲ့သို့ မဟုတ်ပါ။ လုံးဝ အံ့သြဟန် မပြပါ။ "ဒါက ဖြစ်ရမယ်လေ၊ ငါ့သမီး ဒီလောက်တော်တာ ဒီလိုပဲ ဖြစ်ရမှာပေါ့" ဟု ရိုးရိုးအေးအေးပင် ပြန်ပြောပါသည်။ ကျွန်မ အဖေသည် ကျွန်မအပေါ် အဲဒီလောက်ထိ မျှော်မှန်း ယုံကြည်ထားသူ ဖြစ်ပါသည်။

ကျွန်မ အဖေသည် ၁၉၈၉ ခုနှစ်တွင် အနိစ္စရောက်ပါသည်။ ထိုအချိန်က ကျွန်မသည် 'မိဘဘဝ' (Parenthood) အမည်ရှိ ရုပ်ရှင် ကားကြီးတစ်ကားတွင် သရုပ်ဆောင်အဖြစ်ပါဝင် ရိုက်ကူးလျက် ရှိပါသည်။ ကျွန်မသည် ရုပ်ရှင်ရိုက်နေရာမှ ခွင့်ပန်ကာ အဖေရှိရာ အာကင်ဆော (Arkansas) သို့ အမြန်သွားခဲ့ပါသည်။ အသည်း အသန် ဖြစ်နေသော အဖေနှင့်အတူရှိနေရန် လိုအပ်သည်ဟု ယူဆ ၍ ကျွန်မသွားခြင်း ဖြစ်ပါသည်။ ထို့နောက်အဖေ အနည်းငယ် သက်သာလာ၍ ကျွန်မသည် ရုပ်ရှင်ရိုက်ကူးသည့်နေရာဖြစ်သော အော်လင်ဒို (Orlando) သို့ ပြန်ခဲ့ပါသည်။ သို့သော် ကျွန်မ စတူ ဒီယိုသို့ ရောက်ရောက်ချင်းပင် အာကင်ဆောသို့ အမြန် ပြန်လာရန် ဖုန်းဝင်လာပါသည်။ ထို့ကြောင့် ကျွန်မသည် အလျင်အမြန် အိမ် ပြန်ရန် လုပ်ရပြန်သည်။ အက်တလန်တာ (Atlanta) လေယာဉ် ကွင်းတွင် လေယာဉ်ပြောင်းစီးရန် စောင့်ဆိုင်းနေခိုက် ကျွန်မသည် အာကင်ဆောသို့ ဖုန်းဆက်၍ အကျိုးအကြောင်း မေးမြန်းပါသည်။ ထိုအခါ ဖုန်းကိုင်သူ ကျွန်မ အစ်မကြီးက ငိုသံပါကြီးနှင့် "မင်း အဖေ့ အသက်ကို မမီတော့ပါဘူးကွယ်။ သူ့ခမျာ အခုလေးတင်ပဲ ဆုံးသွား

ရှာပြီ" ဟု ပြောပါသည်။ ကျွန်မသည် အမျိုးသမီးအိမ်သာ တစ်ခုအတွင်းသို့ အပြေးအလွှားဝင်ကာ အလိပ်လိုက် တက်လာသော မျက်ရည်များကို သွန်ချလိုက်မိပါတော့သည်။ ထိုအချိန်က ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် ဒေါပွ၍ မဆုံးပါ။ အဖေ၏ နောက်ဆုံးအချိန်ကလေးတွင်မှ သူနှင့်အတူတူ မရှိရလေခြင်းဟု ကျွန်မ အလွန်တရာယူကျုံးမရ ဖြစ်မိပါသည်။ ကျွန်မတို့ သားအဖ၏ သံယောဇဉ်နှောင်ဖွဲ့မှုသည်လည်း လငပုပ် ဖမ်းသကဲ့သို့ ဖြုတ်ခနဲ ပျက်ပြယ်သွားခဲ့ပြီ ဖြစ်သည်။ အဖေသည် ကျွန်မကို သမီးတစ်ယောက်အပေါ်ထားသင့် ထားအပ်သည့် မေတ္တာရာနှုန်းပြည့်ကို ပေးအပ်သွားခဲ့ပြီဖြစ်သည်။ အဖေကလည်း သမီးတစ်ယောက် အနေနှင့် ကျွန်မ သူ့အပေါ် ဘယ်လောက်အထိ မေတ္တာထားခဲ့သည်ကို သိသွားပြီးပြီ။ ကျွန်မတို့သားအဖနှစ်ဦးကြားတွင် သည့်ထက်ပို၍ ဘာမျှ တောင်းဆိုစရာ မလိုတော့။ ကျွန်မတို့ သားအဖနှစ်ဦး၏ နှလုံးသားထဲတွင် ကျွန်မတို့၏ ဝိညာဉ်ပုံရိပ်တို့ လမင်းသဖွယ် အေးမြသည့် အလင်းရောင် ဖြာ၍နေမည်ကို ကျွန်မတို့ နှစ်ဦးသား ကောင်းစွာနားလည်သဘောပေါက်ကြပြီး ဖြစ်ပါသည်။

ကျွန်မဖခင်၏ ဘဝဇာတ်လမ်းကို သည်တွင် ရပ်သင့်ပြီဟု ကျွန်မ ထင်ပါသည်။ နောက်ထပ် ကျွန်မ တင်ပြမည့် ဇာတ်လမ်းမှာမူ အနည်းငယ် အူကြောင်ကြောင် ဖြစ်ကောင်း ဖြစ်နေမည်လားမသိပါ။ သို့သော် မတတ်နိုင်ပါ။ အဖေ့အကြောင်း အပြည့်အစုံ ပြောရမည်ဆိုလျှင် သည်ဇာတ်လမ်းလေးကို ချန်ထား၍ မဖြစ်နိုင်ပါ။

အဖေ ဆုံးပြီး နောက်တစ်နေ့တွင်မူ ကျွန်မတို့ အိမ်ကလေးမှာ အသုဘရှုလာသူတွေနှင့် ပြည့်ကျပ်နေပါသည်။ ကျွန်မတို့ ရပ်ရွာဓလေ့ ထုံးတမ်းစဉ်လာအတိုင်း အားပေးစကားဆိုမှု၊ ကူညီဖေးမမှုပြုရန်အတွက် လာကြခြင်း ဖြစ်ပါသည်။ ဤမျှ လူတွေ ဝင်ထွက်သွားလာကာ တရုန်းရုန်းဖြစ်နေသည့်အကြားမှ ကျွန်မကမူ



အထီးကျန် ခံစားနေရပါသည်။ ကျွန်မ၏ အမေနှင့် အစ်မ၊ ညီမများက အသုဘလာမေးသူတွေနှင့် ခင်မင် ရင်းနှီးစွာ ပြောဆိုနေကြပါသည်။ ကျွန်မကိုမူ အဝေးမှာ အနေကြာသည်က တစ်ကြောင်း၊ သီးခြားအိမ်ထောင်ဖြစ်၍တစ်ကြောင်း လူသိမများလှပါ။ ထိုအချိန်က ကျွန်မသည် ကျွန်မဘဝတွင် အရေးပါသည့်ယောကျ်ားတစ်ယောက် (ခင်ပွန်းဖြစ်သူ) နှင့် ကွာရှင်းပြတ်စဲကာ ရှင်ကွဲ ကွဲပြီးစအချိန်ဖြစ်၍ ယခုလို ကျွန်မဘဝ၏ အရေးပါသည့် အခြားယောကျ်ားတစ်ယောက် (ဖခင်ဖြစ်သူ) နှင့် သေကွဲ ကွဲရခြင်းအတွက် ယူကျုံးမရ အပူလုံးကြွ၍ မဆုံးနိုင်တော့ပါ။

ကျွန်မ အဖေသည် အိမ်ထောင် ပျက်ရသည့်အတွက် ကျွန်မဘယ်လောက် စိတ်ပျက် စိတ်ရှုပ် စိတ်ညစ်ခဲ့သည်ကို ကောင်းကောင်း သိပါသည်။ အထူးသဖြင့် ကျွန်မဘက်က ဘာများမှားယွင်းချက်ရှိခဲ့သလဲဟူသောအချက်ကို ကျွန်မ သိလိုစိတ် ပြင်းပြနေကြောင်း ဖေဖေကောင်းစွာ ရိပ်မိပါသည်။ အကယ်၍များနောက်ထပ် အိမ်ထောင်ပြုခဲ့လျှင် ယခုကဲ့သို့သော အမှားမျိုးကိုမကျူးလွန်မိဖို့အရေး ကျွန်မလွန်စွာ စိတ်လေးရပါသည်။ တကယ်ဆိုတော့ ကျွန်မ၏ ခင်ပွန်းမှာ လူကောင်းကြီးတစ်ယောက် ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ထောင်ပျက်ရသည်မှာ မိမိဘက်ကဆိုးလို့ ဖြစ်မှာပါဟု ကျွန်မ တွေးနေမိပါသည်။ (နောင် ဆယ်နှစ်ခန့်ကြာ၍ ကျွန်မအတိတ်ကို ပြန်စဉ်းစားကြည့်သောအခါ ခြားနားသည့် အမြင်တို့ရလာပါသည်။ တကယ်တော့ ကျွန်မဆိုး၍သာမဟုတ်ပါ။ နှစ်ဦးနှစ်ဖက် ညှိယူမှု လွဲမှားသောအခါ အိမ်ထောင်ပျက်မြဲ ဓမ္မတာဖြစ်ကြောင်း ကျွန်မ သိလာရပါသည်။)

ယခု ကျွန်မ၏ 'အချစ်ဦးပုံပြင်' ကို ပြောပြပါမည်။ ကျွန်မမူလတန်းကျောင်းတွင် ပထမတန်း၌ စာသင်နေစဉ်က 'တွမ်မီ ဟီးလ် (Tommy Hill)' ဆိုသူ ကောင်လေးတစ်ယောက်ကို ခင်တွယ်မိပါ

သည်။ သို့သော် တစ်ဖက်သတ်အချစ်သာဖြစ်၍ သူ့ထံမှ ဘာ တုံ့ပြန်မှုမှ မရပါ။ ကျွန်မ ရေရေလည်လည် အသည်းကွဲခဲ့ရပါသည်။ ကျွန်မ သူ့ကို အောက်ပါပုံစံဖြင့် စာပေးခဲ့ပါသည်။

မင်း ငါ့ကို ချစ်သလား. . .

'အင်း' ဆိုလျှင် ---- အမှန် အမှတ်အသား ပြပါ။

'ဟင့်အင်း' ဆိုလျှင် ---- အမှန် အမှတ်အသား ပြပါ။

သူက 'ဟင့်အင်း' --- တွင် အမှန် အမှတ်အသား ပြခဲ့ပါ သည်။

ကျွန်မသည် အဖေ့အား ထိုအကြောင်းကို အကုန်အစင် ပြန် ပြောပြပါသည်။ ထိုအချိန်မှ စ၍ ဖခင်သည် ကျွန်မ၏ ကျောင်းသူ ဘဝ သက်တမ်းတစ်လျှောက်လုံး ဤ အချစ်ဦးကိစ္စနှင့် စပ်လျဉ်း၍ အမြဲလိုလို 'စ' လေ့ ရှိပါသည်။ ကျွန်မရော တွမ်မီပါ အသက် ၁၆ နှစ် ကျော်၍ (Date) အပြင်တွဲထွက်ခွင့်ရှိသည့်အချိန်အထိ ဖခင် က စမြဲ စပါသည်။ တကယ်တော့ တွမ်မီက ကျွန်မကို (Date) အပြင် တွဲထွက်ဖို့ မခေါ်ခဲ့ဘူးပါ။ ဖခင်သည် ကျွန်မ အလှပြင်ဆင်နေ သည်ကို တွေ့တိုင်း 'တွမ်မီ ဟီးလ်. . . တွမ်မီ ဟီးလ်' ဟု အသံနေ အသံထားနှင့် လေးတွဲ တိုးညင်းစွာ သီချင်း ဆိုသလို ဆိုပြီး ကျွန်မ ကို စပါသည်။ အထက်တန်းအဆင့်သို့ ရောက်သောအခါ ကျွန်မ နှင့် တွမ်မီတို့ ကျောင်းချင်းမတူတော့ပါ။ ထို့ကြောင့် အနေဝေးခဲ့ ကြပါသည်။ ကျွန်မသည် ရင်ဒီ ဘေကာ (Randy Baker) ဆိုသူ လူငယ်လေးနှင့် တွဲထွက်တတ်ပါသည်။ ထိုသို့ တွဲထွက်မည် ပြုသည့် အခါတိုင်း ဖခင်သည် 'တွမ်မီ ဟီးလ်. . . တွမ်မီ ဟီးလ်" ဟု သီချင်း ဆိုကာ ကျွန်မကို ရယ်မောလာအောင် စ တတ်ပါသည်။

ဖခင် ဆုံးပြီး နောက်တစ်နေ့တွင် ကျွန်မသည် ဖခင် ထိုင် နေကျ ကုလားထိုင်ပေါ်တွင် ထိုင်နေမိသည်။ ကျွန်မ ဘေးပတ်ဝန်း ကျင်မှာ ဆွေမျိုးမိတ်သင်္ဂဟတွေလည်း ဝိုင်းဝိုင်းလည်ကာ အဖေ့ကို



သတိရကြောင်းတွေ ပြောနေကြသည်။ ထိုအချိန်တွင် ကျွန်မသည် ကျွန်မ၏ အိမ်ထောင်ရေးတွင် ဘာများ မှားခဲ့ပါလိမ့်ဟု တွေးနေမိ ပါသည်။ တိုင်ပင် ပြောဆိုစရာ အဖေ မရှိတော့၍လည်း အထီးကျန် ခံစားမှုဖြင့် စိတ်ထဲတွင် နာကျင်လျက် ရှိပါသည်။ ထိုအချိန်တွင် ကျွန်မ စိတ်ထဲ၌ တစ်မျိုးတစ်ဖုံ ခံစားမှု ဖြစ်ပေါ်လာပါသည်။ ဘေး ပတ်ဝန်းကျင်တွင် လေထု သိပ်သည်းလာပြီး အသံတွေလည်း တိတ် ဆိတ်သွားသည်ဟု ထင်ရပါသည်။ "တစ်ခုခုတော့ ဖြစ်တော့မှာပဲ" ဟုလည်း စိတ်ထဲက ခံစားမိပါသည်။ ရုတ်တရက် ဆိုသလို ကျွန်မ သည် ခေါင်းမော့ကာ ပြတင်းပေါက်မှ အပြင်သို့ လှမ်းမျှော်ကြည့် လိုက်မိသည်။ "အလိုလေး. . . ခြံတံခါးဝ ဆင်ဝင် ရှိရာသို့ လျှောက်လှမ်းလာသူမှာ တွမ်မီဟီးလ်ပါတကား" ကျွန်မသည် ဆင်ဝင်သို့ သွားကြိုကာ သူ့ကို ပြုံးပြလိုက်ပါသည်။ မျက်မှန်တပ်ထား ပြီး ရင့်ကျက်သည့် ဣန္ဒြေကို ဆောင်ထားစေကာမူ ချောမြဲ ချောနေ ဆဲ ဖြစ်သည်။ ကျွန်မ၏ အချစ်ဦး တွမ်မီဟီးလ်ပါတကား။

ကျွန်မက တွမ်မီကို ဧည့်ခန်းသို့ ခေါ်လာပါသည်။ တွမ်မီက "မေရီနဲယ်လ် ကိုယ်လာတာကို မင်း ခွင့်ပြုလိမ့်မယ်လို့ ထင်ပါတယ်။ ငါ ဘာ့ကြောင့် ဦးလေးရဲ့ အသုဘကို လာချင်မှန်း မသိဘူး။ ဒါပေမဲ့ တစ်မနက်လုံး ငါ့ စိတ်ထဲမှာ ဦးလေးရဲ့ အသုဘကို လာဖို့ တစ်စုံတစ်ရာက တိုက်တွန်းနေသလို ခံစားရတယ်" ဟု ပြောပါ သည်။ ကျွန်မကမူ "လာပါ၊ ဝင်ပါ၊ မင်းကို ဒီကိုရောက်အောင် ဘယ်သူ ပို့လိုက်တယ်ဆိုတာ ကိုယ် ကောင်းကောင်း သိပါတယ်" ဟု ပြောလိုက်ပါသည်။

ရှူးတယ်လို့ ဆိုချင် ဆို ဤဖြစ်ရပ်တွင် တွမ်မီကို ကျွန်မရှေ့ အရောက် ပို့လိုက်သူမှာ ဖေဖေသာ ဖြစ်သည်ဟု ကျွန်မ ယုံကြည်ပါ သည်။ လှပသည့် ဝတ်စုံပြာကို ဝတ်ဆင်စေကာ အခြားလူတစ်စုများ ရှေ့တွင် မျက်နှာပူရမည်ကို နည်းနည်းလေးမျှ မစိုးရိမ်ဘဲ နှစ်ပေါင်း

များစွာက ငယ်သူငယ်ချင်းဟောင်းဖြစ်သည့် ကျွန်မ မေရီနဲယ်လ်ထံတော်မှောက်သို့ ကိုရွှေတွမ်မီကို အရောက်ပို့လိုက်သူမှာ ဖေဖေဖြစ်သည်ဟု ကျွန်မ တစ်ထစ်ချ ဆိုလိုက်ချင်ပါသည်။ ထိုနေ့က တွမ်မီသည် တစ်ချိန်လုံး ကျွန်မကို နှစ်သိမ့်စကားတွေ ဆိုခဲ့ပါသည်။ သူသည် ကျွန်မ ရွှင်ပြုံးစေမည့် အကြောင်းရပ်များကိုသာ ရွေးချယ်ပြောဆိုပါသည်။ ဖခင်ဆုံး၍ ပူဆွေးနေသူတစ်ယောက် နားခံသာမည့် အကြောင်းအရာများကိုသာ သူ ရွေးချယ်ပြီး ပြောပါသည်။ သူသည် အလိုအပ်ဆုံးအချိန်တွင် မိတ်ဆွေဟောင်းတစ်ယောက်အဖြစ် ကျွန်မ အရှေ့သို့ ရောက်လာကာ ကျွန်မ စိတ်ချမ်းသာအောင်ပြုမူ ပြောဆိုနေပါပြီ။ သည်အတွက် ကျွန်မ နားလည်မှု ကောင်းကောင်း ရှိပါသည်။ အဖေသည် အောင်သွယ်လုပ်နေခြင်းမဟုတ်ပါ။ ယခုအချိန်တွင် တွမ်မီသည် ကောလိပ်တုန်းက ကျွန်မနှင့် ခင်မင်ခဲ့ဖူးသည့် မိန်းမချောတစ်ယောက်နှင့် ချစ်သူတွေ ဖြစ်နေကြပြီဆိုတာ ကျွန်မကောင်းကောင်း သိပါသည်။ အဖေသည် ကျွန်မ ငယ်ငယ်က အရှုးအမူး အသည်းစွဲ ဖြစ်ခဲ့ရဖူးသည့် အချစ်ဦးကို ယခုကျွန်မ ရင့်ကျက်သည့်အချိန်တွင် သူငယ်ချင်းကောင်းတစ်ယောက်အဖြစ် လက်ခံတတ်ရန် ဖန်တီးပေးခြင်းသာ ဖြစ်ပါသည်။ ယခုအချိန်တွင် ကျွန်မသည် စိတ်ကူးယဉ်ကမ္ဘာလေးထဲက မေရီနဲယ်လ်ဘဝသို့ ပြန်သွားရန် ဖြစ်ပါသည်။ အသက် ခြောက်နှစ်အရွယ်က အတန်းထဲတွင် ပြဇာတ်ကခဲ့သည့် ကလေးမဘဝသို့ ပြန်သွားကာ ငယ်ချစ်ဦး တွမ်မီနှင့် ပျော်ပျော်ကြီး စကားလက်ဆုံကျဖို့သာ ဖြစ်ပါသည်။ ဤမျှဆိုလျှင် လုံလောက်ပါပြီ။

ထိုနေ့၊ ထိုအချိန်တွင် တွမ်မီ ရောက်လာအောင် ကျွန်မ၏ ကွယ်လွန်သူ ဖခင်ကြီးက ဖန်တီးခြင်းဆိုသည်မှာ လုံးဝ မဖြစ်နိုင်ဟု သင်က ပြောကောင်း ပြောလိမ့်မည်။ ကိစ္စမရှိပါ။ သင် ကြိုက်သလိုသာ ပြောပါလေ။ ကျွန်မကတော့ ခေါင်းမာမာနှင့်သာ ဤကိစ္စမှာ



ဖခင်၏ လက်ချက်ပဲဟု ယူဆမည်သာ ဖြစ်ပါသည်။ ဖခင်သည် ငယ်ငယ်ကတည်းက တွမ်မီအပေါ် ထားရှိသော ကျွန်မ၏ အချစ်ဦး၊ အချစ်ရူး၊ အချစ်မူး စိတ်ထားကို ကောင်းစွာ နားလည်သဘောပေါက်သူ ဖြစ်သည်။ ထို့ကြောင့် ထိုနေ့ ထိုအချိန်တွင် ထိုနေရာသို့ ကျွန်မကို နှစ်သိမ့်မှုပေးရန်အတွက် တွမ်မီရောက်လာခြင်းမှာ ကွယ်လွန်သူ ဖခင်ကြီး၏ လက်ချက်မှ တစ်ပါး အခြားမဖြစ်နိုင်တော့ပြီဟု ကျွန်မ ရဲရဲဝံ့ဝံ့ဆိုခြင်း ဖြစ်ပါတော့သည်။

ယနေ့တွင်မူ ကျွန်မသည် လွန်ခဲ့သည့် ငါးနှစ်ခွဲလောက်ကတည်းက လက်ထပ်ခဲ့သည့် ခင်ပွန်းသည်ကို ပြုံးပြကာ ခင်ပွန်းကောင်း ရှာတတ်အောင် လမ်းညွှန်ပြခဲ့သော ဖခင်ကြီးကို ကျေးဇူးတင်နေမိသည်။ ကျွန်မ ခင်ပွန်းသည်အမည်မှာ တက် (Ted) ဖြစ်ပါသည်။ ကျွန်မတို့ လက်ထပ်သည့်နေ့က အမေသည် အဖေကျန်ရစ်သည့်ပစ္စည်းတစ်ခုကို လက်ဖွဲ့ပါသည်။ ယင်းမှာ အဖေဂါတ်တွဲဗိုလ် လုပ်စဉ်က ဘရိတ်ထိန်းနှင့် စက်ခေါင်းမောင်းတို့ကို အချက်ပြသည့် သံမဏိ (ကျားမျက်လုံး) မီးအိမ်လေး တစ်လုံးသာ ဖြစ်ပါသည်။ ယင်းသည် အကောင်းဆုံး၊ အမွန်မြတ်ဆုံးနှင့် ကျွန်မ တန်ဖိုးအထားဆုံး လက်ဆောင်မွန်တစ်ခုပင် ဖြစ်ပါသည်။ အဖေသည် ကွယ်လွန်သွားပြီဖြစ်သည့်တိုင် ကျွန်မကို တမလွန်က လမ်းမှန်ပြဖို့ ဤမီးအိမ်ကလေးကို ချန်ထားရစ်ခဲ့ပေသည်တကား။

ညဥ့်အခါ မီးရထား ဥသြဆွဲသံ ကြားတိုင်း ကျွန်မ ဖေဖေ့ကို သတိရနေမိပါသည်။ ပြင်ပလောကတစ်နေရာတွင် အဖေရှိနေသည်ဟု ကျွန်မယုံကြည်သည်။ ကျွန်မကို လမ်းပြဖို့အတွက် အဖေသည် မိုးကောင်းကင်နှင့်မြေပြင်အနှံ့တွင်ရှိနေမည်ကို ကျွန်မ အဘယ့်ကြောင့် သံသယရှိနေစရာ လိုပါသလဲ။ တကယ်ဆိုတော့ အဖေသည် သော်တာလမင်းကိုပင် ကျွန်မ၏အိမ်ဝမှာ ချိတ်ဆွဲပေးမည့် လူစွမ်းကောင်းတစ်ယောက်ဟု ကျွန်မ ယူဆ ယုံကြည်လျက် ရှိပါသတည်း။

## မေရီ စတီင်းဘာဂျင်
## (Mary Steenburgen)

မေရီစတီင်းဘာဂျင် (Mary Steenburgen) သည် မီးရထား လုပ်သားကြီးတစ်ဦး၏သမီး၊ ကလေး နှစ်ယောက်၏ မိခင် ဖြစ်သည်။ သူမသည် ထင်ရှားကျော်ကြားသည့် အကယ်ဒမီ ရွှေစင်ရုပ်တုရ ရုပ်ရှင်မင်းသမီးကြီးတစ်ဦးလည်းဖြစ်သည်။ သူမသည် လူမှုရေး လုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်လှုပ်ရှားသူ တစ်ယောက် အဖြစ် လူအများ၏ လေးစားခြင်းကိုခံရသူဖြစ်သည်။

■

## နောက်ဆုံးတော့လည်း သူငယ်ချင်းတွေလိုပါပဲလား အဖေရယ်

ကျွန်တော့်အဖေ ကွယ်လွန်ခဲ့သည်မှာ အနှစ် ၂၀ နီးပါး ရှိခဲ့ပြီ။ ကျွန်တော်နှင့် အဖေတို့၏ ပေါင်းသင်း ဆက်ဆံမှုအကြောင်းကို ပြန်စဉ်းစားကြည့်လိုက်သောအခါ အသက်ဆင့်အလိုက် တစ်ဦးနှင့် တစ်ဦးဆက်ဆံပုံ ပြောင်းလဲခဲ့ကြောင်း တွေ့ရပါသည်။ အသက် အဆင့်ကို ပိုင်းခြား၍ ပြောရသော် ကျွန်တော် ကလေးဘဝအဖြစ် အိမ်တွင် နေခဲ့ရသော ၁၅ နှစ်၊ ထို့နောက် ၁၀ နှစ်၊ ထို့နောက် ၁၀ နှစ်ခန့် အဖေ ကွယ်လွန်သည် အထိနှင့် ယခု နောက်ဆုံး အနှစ် ၂၀ ဖြစ်ပါသည်။ ယင်း စုစုပေါင်း ၅၅ နှစ်သည်ပင် ယခုလက်ရှိ ကျွန်တော် ရပ်တည်နေသော ဘဝတစ်သက်တာ ဖြစ်ပါ၏။ ယင်း ကဲ့သို့ ကျွန်တော့် သက်တမ်းတစ်လျှောက်လုံးကို ဆစ်ပိုင်း၍ ဖော်ပြ ရခြင်းမှာ အဖေသည် ကျွန်တော်၏ အသက်အဆင့်တိုင်းတွင် တစ်နည်း မဟုတ် တစ်နည်းဖြင့် အရေးပါစွာ ဩဇာလွှမ်းမိုးခဲ့သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် အသက် အဆင့် တိုင်းတွင် ကျွန်တော့်အပေါ် အကျိုးသက်ရောက်မှုများကို ကျွန်တော့် အဖို့ မမေ့တဲ့နိုင်သည့် တကယ့်အတွေ့အကြုံများအဖြစ် အမြဲ သတိရနေမည် ဖြစ်ပါသည်။

လူတော်တော်များများသည် သူတို့ဖခင်များနှင့် ဆက်ဆံရာတွင် 'လောင်းရိပ်မိခံရသည်' ဟူသော ခံစားချက်မျိုး ရှိတတ်သည်။ ဥပမာ- အဖေ့ ရှေ့မှောက်တွင် သားဖြစ်သူသည် မှေးမှိန် သေးသိမ်ကာ သူ၏ လုပ်ဆောင်ချက်တို့မှာလည်း အရာမထင်၊ အရေးမပါဖြစ်နေတတ်သည် ဟူသော ခံစားချက်မျိုး ဖြစ်ပါသည်။ သို့သော် ပေါလ် အောစ်တာ (Paul Auster) ၏ 'အထီးကျန်မှု၏ ဖန်တီးချက်' (The Invention of Solitude) ဟူသော စာအုပ်တွင် ပါသည့် အဖေကဲ့သို့ ပေါင်းသင်းရ ခက်ခဲ၍ အထီးကျန်ဆန်လွန်းလှသည့် အဖေမျိုးမှာမူ လောကတွင် များများစားစား ရှိလိမ့်မည် မထင်ပါ။ ဖခင်တော်တော်များများသည် သားသမီးတို့နှင့် လူပ်ရှား တက်ကြွစွာ ဆက်ဆံပြုမူ ပြောဆိုတတ်ပြီးသားသမီးတို့ကို ဂရုတစိုက် စောင့်ရှောက်တတ်သူများသာ ဖြစ်တတ်ကြပါသည်။

ကျွန်တော်၏ ပထမသက်တမ်း ၁၅ နှစ်သည် ကလေး ငါးဦးပါဝင်သော မိသားစုတစ်စုအတွင်းမှာ ဖြစ်ပါသည်။ ကျွန်တော်သည် ဒုတိယကလေးဖြစ်၍ သားဦးတစ်ယောက် ဖြစ်ပါသည်။ (အကြီးဆုံးမှာ ကျွန်တော့်အစ်မကြီးဖြစ်ပါ၏။) အမေသည် ပညာတတ်သူနာပြုဆရာမတစ်ဦးဖြစ်၍ အိမ်ရှင်မအဖြစ်လည်း အချိန်ပြည့် တာဝန်ယူထားပါသည်။ ၁၉၅၀ ပြည့်နှစ်ကာလဆီကပင် ကျွန်တော်တို့မိသားစုသည် အိမ်မှုကိစ္စများကို ကူညီလုပ်ကိုင်ရန်အတွက် အိမ်ဖော်တစ်ဦး ထားနိုင်လောက်သည့်အဆင့်တွင် ရှိပါသည်။ အဖေသည် ခမ္မဆရာတစ်ဦးဖြစ်သည်။ သူသည် အသက် ၆၅ နှစ်အရွယ် ရောက်မှသာ ခရစ်ယာန်ဘုန်းကြီးဘဝသို့ ကူးပြောင်း ခံယူပါသည်။ အဖေသည် သူ့ဘဝ၏ နောက်ဆုံး ငါးနှစ်တာကာလကိုမူ ဂိုဏ်းချုပ်အဖြစ် တာဝန်ယူခဲ့သည်။ သို့သော် အဖေ့ဘဝတစ်လျှောက်လုံးတွင် ခရစ်ယာန်ဘုန်းကြီး ပညာရေးတက္ကသိုလ်၏ ညွှန်ကြားရေးမှူးအဖြစ် ကာလရှည်ကြာ တာဝန်ယူခဲ့သည်ဖြစ်ရာ သူ၏ မနောဝိညာဉ်တွင်



အမြင်ကျယ်မှု၊ သုတေသန ဗဟုသုတကြွယ်ဝမှု၊ စီမံခန့်ခွဲတတ်မှု၊ စည်းရုံးဆွဲဆောင်နိုင်မှုနှင့် စွန့်စားတီထွင်မှု စသည့် အရည်အချင်းတို့ ရောပြွမ်း ထုံမွမ်းလျက် ရှိပါသည်။ အဖေသည် သူ့အလုပ် မှန်သမျှတွင် အားထည့်၍ လုပ်ဆောင်တတ်သူ ဖြစ်သည်။ ရှေးဦးစွာ ကျွန်တော်သည် "အဖေကား လောကီဘဝကို ခုံမင် နှစ်သက် မျော်ရွှင်နေသူ ဖြစ်သည်" ဟု ရေးရန် ကြံမိသည်။ သို့သော် ယင်းစကားလုံးတို့သည် အဖေနှင့်မလိုက်ဖက်ကြောင်း နောက်တော့သိလာရသည်။ ကျွန်တော့်အဖေသည် လွန်စွာ မြိုးမြိ ကျင့်သုံးတတ်သည့် စည်းကမ်းသိက္ခာကြီးလွန်းသူတစ်ယောက်ဖြစ်ပေရာ သူ့အဖို့ ခမ္မဆရာ အလုပ်သည်ပင် ဘဝပေးတာဝန်အဖြစ် သတ်မှတ်ခံယူထားသူဖြစ်ပြီး လောကီအာရုံ ကာမဂုဏ်တို့ကို ခုံမင်မှုကင်းသူ တစ်ဦးလည်း ဖြစ်ပါသည်။ ကျွန်တော် ကလေးဘဝကမူ ဤသို့ တွေးမိပါသည်။ "တကယ်လို့ အဖေဟာ အမေနဲ့သာ မတွေ့ခဲ့ရင် ဘုန်းကြီးဖြစ်မှာ သေချာတယ်။ ငါတို့လည်း လူ့ပြည်ကို ရောက်လာမှာ မဟုတ်ဘူး" ဟူ၍ပင်။ သူ့ကို အားလုံးက ရိုသေကြသည်။ ကျွန်တော် ဤသို့ ပြောရခြင်းမှာ သူနှင့် ဆက်ဆံနေရသည့် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေသင်္ဂဟများနှင့် တပည့်တပန်းများသည် သူ့ကို လွန်စွာ လေးစားကြသည်။ 'လေးစားရိုသေ' ကြသည် ဟူသော စကားထက် 'ကြည်ညိုကိုင်းရှိုင်းကြသည်' ဟုပင် ဆိုလိုက်ချင်ပါသည်။ ယင်းသို့ ကြည်ညိုခြင်းကို မြင်ရသည့်အခါ အဖေ့အတွက် ကျွန်တော် ဂုဏ်တက် ဝမ်းသာရသကဲ့သို့ မိမိ၏ သိမ်ငယ်မှုကိုလည်း သတိပြုမိကာ အဖေနှင့် လွန်စွာ အလှမ်းကွာသွားသလို ခံစားရပါသည်။

ကျွန်တော်တို့ ကလေးဘဝကမူ အဖေသည် ကျွန်တော်တို့အတွက် များစွာ အားတက် ဂုဏ်ယူလေ့ရှိသည်ဟု အမေက ပြောပါသည်။ ထိုအချိန်ကမူ ကျွန်တော်တို့ကို ပြုစု ထိန်းကျောင်းရာတွင် အဖေ ပါဝင်ခဲ့သည်ဟု ကျွန်တော် စဉ်းစား၍ပင် မရပါ။ သို့သော်

ထမင်းပွဲသိမ်းပြီးတိုင်း ပန်းကန်တွေကို အဖေကိုယ်တိုင် ဆေးကြောင်းကောင်းကောင်း မှတ်မိနေပါသည်။ အဖေသည် ပန်းကန်ဆေးသည့်အလုပ်ကို ပုံမှန်လုပ်သည့်အပြင် ကျွန်တော်တို့ ကလေးတွေကိုလည်း အိမ်မှုကိစ္စအဝဝတွင် တတ်စွမ်းသမျှကူညီ လုပ်ကိုင်တတ်ရန် သင်ကြားပေးပါသည်။ ကျွန်တော်သည် ထမင်းပွဲ ပြင်ရသည့် အလုပ်ကို ပျော်ရွှင်စွာ လုပ်လိုသော်လည်း ပန်းကန်သိမ်း၊ ပန်းကန်ဆေးအလုပ်ကိုမူမလုပ်လိုပါ။ စက်ဆုပ်ရွံရှာပါသည်။ ထို့အပြင် ပန်းခြံထဲတွင် အမှိုက်ရှင်းရသည့်အလုပ်ကလည်းတစ်မျောင့်။ အဖေကိုယ်တိုင်ပင် ယင်းပန်းခြံ အမှိုက်ရှင်းရသည့် အလုပ်ကို စက်ဆုပ်ပုံရပါသည်။ အဘယ့်ကြောင့်ဆိုသော် ခြံဝင်းထဲ၌ အမှိုက်ရှုပ်သည့်ပြဿနာပေါ်လာတိုင်း ကလေးတွေ၏ တာဝန်ဟု ဆိုကာ ကျွန်တော်တို့ကိုသာ အမှိုက်ကျုံး၊ အမှိုက်ပစ် လုပ်ခိုင်းတတ်ပါသည်။

ကျွန်တော်၏ ငယ်စဉ်ဘဝကို ပြန်စဉ်းစားကြည့်ရာ ကျွန်တော်တို့ အိမ်သို့ မကြာခဏ အလည်လာရောက်ကာ အပြန်တွင် သူ၏ယာတောသို့ ခေါ်သွားတတ်သော ကျွန်တော်တို့၏ အဘိုးကို ကျွန်တော် ကောင်းစွာ မှတ်မိနေပါသည်။ ယာတောတွင် ကျွန်တော် အလွန်ပျော်ပါသည်။ အဘိုးသည် သူ့ ယာတောနှင့် ရွာနီးချုပ်စပ်သို့ လှည့်ပတ်သွားလာတိုင်း ကျွန်တော့်ကို ခေါ်သွားလေ့ရှိပါသည်။ ယာတောသို့ ပြန်ရောက်သည့်အခါတွင်လည်း သူမွေးထားသည့် သိုး၊ နွား၊ မြင်းတို့ကို အစာကျွေးရာ၊ ရေချိုးရာတွင် ကျွန်တော့်အား ကူညီလုပ်ကိုင်ခိုင်းပါသည်။ ကျွန်တော်ကလည်း အထူးသဖြင့် မြင်းများကို ချစ်ခင် နှစ်သက်ပါသည်။

ကျွန်တော်၏ ပထမ ၁၅ နှစ် အကြောင်းကို ပြန်လှန် စဉ်းစားမိသည့်အခါတွင် ဖခင်နှင့် ပတ်သက်၍ အချက်နှစ်ချက်ကို ပြက်ပြက်ထင်ထင် မှတ်မိနေပါသည်။ ပထမအချက်မှာ အဖေပြောသည့် ပုံပြင်များဖြစ်ပါသည်။ နွေတာရှည်သော တနင်္ဂနွေနေ့၏ နံနက်ခင်း



ဝယ် မိဘနှစ်ပါး၏ ခုတင်ကြီးပေါ်၌ ဇိမ်နှင့် လဲလျောင်းရင်း အဖေပြောသည့် ပုံပြင်များကို နားထောင်ရသည်မှာ မငြီးငွေ့နိုင်လောက်အောင်ဖြစ်ပါသည်။ အဖေပြောလေ့ရှိသော ပုံပြင်များမှာ သူ့ရဲ့ကောင်းဆန်သည့် သူ့ကိုယ်ပိုင် ပုံပြင်များ ဖြစ်ပါသည်။ အိမ်ထဲသို့ တိတ်တဆိတ် ဝင်လာသည့် သူခိုးကို မောင်းထုတ်ပုံ၊ ထွက်ပြေးသွားသည့် သူခိုးကို လမ်းတစ်လျှောက် လိုက်ဖမ်းပုံတို့ ဖြစ်ပါသည်။ ထို့အပြင် စစ်ပွဲနှင့် ပတ်သက်သည့် ပုံပြင်အချို့ကိုလည်း ပြောပြတတ်ပါသေးသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးခါနီး နှစ်နှစ်တာမျှ ကာလအတွင်း ဂျာမန်တို့က ကျွန်တော့်အဘိုးအား ထိန်းသိမ်း ထောင်ချထားပါသည်။ ထို့ကြောင့် ကျွန်တော့်မိဘများသည် အဘိုး အဘွားတို့ နေအိမ်သို့ ပြောင်းရွှေ့ နေထိုင်ကြရာ ၁၉၄၃ ခုနှစ်တွင် ထိုအိမ်၌ပင် ကျွန်တော့်ကို မွေးဖွားပါသည်။ ကျွန်တော့်အဖေသည် ဖက်ဆစ်နာဇီတို့ကို ဆန့်ကျင်သည့်တော်လှန်ရေးသမားတစ်ဦးဖြစ်ရာ သူ၏တော်လှန်ရေးအတွေ့အကြုံပုံပြင်များသည် စစ်ပြီးကာလ နှောင်းပိုင်းကျမှ နော်ဝေနိုင်ငံတွင် လူဖြစ် ကြီးပြင်းခဲ့ရသူ ကျွန်တော့်အပေါ်များစွာ ဩဇာလွှမ်းမိုးခဲ့ပါသည်။

အဖေပြောသည့် ပုံပြင်များအနက် နော်ဝေနိုင်ငံ အနောက်ဘက်ကမ်းခြေတွင် အဖေ ငယ်စဉ်ကလေးဘဝ နေထိုင်စဉ်က ဇာတ်ကြောင်းများကို အခြေခံသည့် ပုံပြင်များကို ကျွန်တော် အကြိုက်ဆုံးဖြစ်ပါသည်။ ယင်းတို့အနက် ပုံပြင်တစ်ခုမှာ အဘိုးဖြစ်သူ ပင်လယ်တွင်း ငါးဖမ်းထွက်ရင်း ကျွန်း တစ်ကျွန်းပေါ်မှ ဖမ်းမိလာသည့် စိတ်ဆတ်သော်လည်း စိတ်ကောင်းရှိသော မြင်းကလေးပုံပြင် ဖြစ်ပါသည်။ မြင်းကလေးကို မြက်ခင်းထဲတွင် အစာစားရန် လွှတ်ထားရာ ထိုအချိန်က အသက် ခြောက်နှစ်မျှသာ ရှိသေးသော ကျွန်တော့်အဖေအား သူ့အဖေ (ကျွန်တော့် အဘိုး) က မြင်းကလေးကို သွားခေါ်ခဲ့ရန် ခိုင်းပါသည်။ အဖေသည် လည်ကွင်းကြိုးကို ယူကာ

မြက်ခင်းပြင်ကျယ်ထဲသို့ လာခဲ့သည်။ မြင်းကလေးသည် သူ့အနား သို့ အဖေ ကပ်လာတိုင်း ထွက် ထွက် ပြေးသည်။ သို့သော် အဝေးကြီး သို့လည်း မပြေးပေ။ မြင်းကလေးနား ကပ်လိုက်၊ ထွက်ပြေးလိုက် ဖြစ်နေရပုံကို အဖေသည် ပြဇာတ်ဆန်ဆန် အမူအရာ လုပ်ပြနေပုံ မှာ ကျွန်တော်တို့ ကလေးများအဖို့ သဘောကျစရာ ကောင်းလှ သည်။ နောက်ဆုံးတွင်ကလေးမျှသာဖြစ်သောအဖေသည် မြေကုန် လက်ပန်းကျကာ စိတ်ပျက်လက်ပျက်နှင့် ကျောက်တုံးတစ်ခုကို မှီ၍ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး တရှုပ်ရှုပ် ငိုပါလေတော့သည်။ ခဏအကြာတွင် ရုတ်တရက်ဆိုသလို နူးညံ့အေးစက်သည့် အရာ တစ်ခုက သူ့ ပါးပြင်ကို လာထိသလို အဖေခံစားလိုက်ရသည်။ ထို့ကြောင့် လက်ဝါးဖယ်၍ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါတွင် မြင်းကလေးသည် အဖေ့ပါးကို နမ်းရင်း သူ့လည်ပင်းကို ထိုးပေးကာ လည်ကွင်းကြိုး အချည်ခံရန် အသင့်စောင့်နေကြောင်း တွေ့လိုက် ရသည်။ အဖေ၏ ပုံပြင်တိုင်းသည် သင်ခန်းစာပါသည်ချည်း ဖြစ် သည်။ သို့သော် အဖေသည် ပုံပြင်ဇာတ်လမ်းကိုသာ အဓိကထား၍ စိတ်ပါဝင်စားအောင် ဖွဲ့နွဲ့ ပြောဆိုတတ်သည်။ သင်ခန်းစာကို အဓိကထား၍ ပြောကြားခြင်း မဟုတ်ကြောင်း ကျွန်တော် ကောင်း ကောင်း မှတ်မိနေပါသည်။

အဖေနှင့် ပတ်သက်၍ သတိရနေသည့် အခြားဖြစ်ရပ်တစ်ခု မှာ အားလပ်သည့်အချိန်ရတိုင်း ကျွန်တော်တို့နှင့်အတူတူ ကစား ခြင်း ဖြစ်ပါသည်။ သို့သော် မကြာခဏတော့ မဟုတ်ပါ။ အဖေသည် ကလေးဘဝက နှစ်အတန်ကြာ မပျောက်ကင်းနိုင်သည့် နာတာရှည် ရောဂါတစ်ခုကို ခံစားခဲ့ရသည်ဖြစ်ရာ အားကစားကွင်းနှင့် ကာလ အတန်ကြာ အဆက်ပြတ်ခဲ့ရသည့်ပြင် ကျောင်းကိုလည်း ရက်ရှည် ပျက်ခဲ့ရကြောင်း သိရပါသည်။ ထို့ကြောင့်ပင် သူသည် စာဖတ် ဝါသနာကြီးသူတစ်ယောက် ဖြစ်လာပုံရပါသည်။



ကျွန်တော် ကလေးဘဝက အဖေသည် ကျောင်းဖွင့်သည့် ရက်များတွင် ကျွန်တော်တို့နှင့်အတူမကစားနိုင်သော်လည်း ကျောင်း ရက်ရှည်ပိတ်ရက်များတွင်မူ သူသည် အချိန်ပိုယူကာ အတိုးချ၍ ကျွန်တော်တို့နှင့် စိတ်ပါလက်ပါ ကစားပါသည်။ တစ်ခါက ဆိုလျှင် အဖေသည် တောင်ထိပ်ပေါ်ရှိ ဘိုတဲမှ တောင်ခြေ စမ်းချောင်း ကလေးရှိရာအထိ ကျွန်တော်တို့နှင့် အတူတူ လမ်းလျှောက်ပါသည်။ သူသည် ဂေါ်ပြား၊ တူရွင်း စသည်တို့ကို ယူခဲ့ပြီး စမ်းချောင်းကလေး မှ မြောင်းသွယ်ကာ တမံတုတ်ပြီး ကျွန်တော်တို့ ရေကူး ဆော့ကစား နိုင်သည့် ရေကူးကန် အသေးလေးတစ်ခု ပြုလုပ်ပေးခဲ့ဖူးပါသည်။ ထို့နောက် ကျွန်တော်တို့သည် ရေအားဖြင့် လည်သည့် ဘီးကြီးတစ်ခု ပြုလုပ်ကာ ကလေးကစားစရာ လွှစက်တစ်ခု တည်ဆောက်ခြင်း၊ သစ်လုံးငယ်များကို ရေမြောင်းမှ ဖောင်ဖွဲ့၍ မျှောချ ကစားခြင်းတို့ ပြုလုပ်ကြပါသည်။ ထိုအချိန်က အလွန် ပျော်စရာကောင်းခဲ့ပါသည်။ အထူးသဖြင့် တောင်ပေါ်ဘိုတဲတွင် အပန်းဖြေ အနားယူစဉ်က ကျွန်တော် မှတ်မိနေသည့် အခြားဖြစ်ရပ်တစ်ခုမှာ တူတူပုန်းတမ်း ကစားခြင်း ဖြစ်ပါသည်။ ကလေးတွေရော လူကြီးများပါ အတူတူ ကစားကြပါသည်။ ထိုအချိန်က ကျွန်တော့်အသက်မှာ ၁၀ နှစ် ဝန်းကျင် ဖြစ်သည်။ မှတ်မိသမျှ ပြောရလျှင် ဇူလိုင်လအတွင်း အဖေ့ မွေးနေ့ပွဲတွင်ဖြစ်ရာ ထိုအချိန်က ဆွေမျိုးမိသားစုအချို့လည်း ရောက်နေကြပါသည်။ တူတူပုန်းတမ်းကစားရာတွင် ကျွန်တော်တို့ တီထွင်ထားသည့်အချက်မှာ အမိခံရသူတို့ကို အကျဉ်းသားများ အဖြစ် သတ်မှတ်၍ နောက်ထပ်သူတို့ကို လွှတ်လပ်ခွင့်ပေးနိုင်သည့် အခွင့်အရေးရှိခြင်း ဖြစ်ပါသည်။ ပုန်းနေသူတို့သည် အမိ မခံရ လေအောင် နေရာအနှံ့ ရွှေ့ပြောင်း ပုန်းအောင်းကြရပါသည်။ ထိုသို့ ပုန်းအောင်းနေစဉ်အတွင်းမှာပင် မိမိ လွှတ်စေလိုသော အမိခံ အကျဉ်းသားတို့ကို လွှတ်ပေးရန်လည်း အချက်ပြရသေးသည်။ ယခု

ကျွန်တော် အသက်ကြီးလာသောအခါတွင်လည်း ထိုသို့သော ကစားခြင်းမျိုးကို ကလေးများနှင့်အတူ ပြန်ကစားချင်ပါသေးသည်။ ထိုအချိန်ကမူ ဤစားနည်းသည် ကလေးတို့အဖို့ အုပ်စုစိတ်ဓာတ်၊ တန်းတူရည်တူ စိတ်ဓာတ်တို့ကို ဖွံ့ဖြိုးစေပါသည်။ အကြောင်းမှာ ဤကစားနည်းတွင် လူကြီးနှင့် ကလေးတို့သည် တူညီသော အခွင့်အရေးရှိသောကြောင့် ဖြစ်ပါသည်။ လူကြီးဖြစ်၍ ပိုမစွမ်းပါ။

အဖေသည် ကျွန်တော်တို့ ကစားသည့်အခါတိုင်း ပါဝင်နိုင်သည်မဟုတ်ပါ။ သူသည် ငယ်စဉ်အခါက ရောဂါဖိစီး၍ ချူချာခဲ့သူဖြစ်ပြီး ဆောင်းရာသီ နှင်းမခဲသည့် အနောက်ပိုင်းတွင် ကြီးပြင်းခဲ့သူဖြစ်လင့်ကစား အတော်အတန် ကျွမ်းကျင်သော နှင်းလျှောစီးသမား (Skier) တစ်ဦး ဖြစ်ပါသည်။ တာဝေး နှင်းလျှောစီးပွဲများ ရှိသည့်အခါတို့တွင် ကျွန်တော့်ကို ခေါ်သွားလေ့ ရှိပါသည်။ ကျွန်တော် အသက် ၁၁ နှစ်သားအရွယ်က အဖေနှင့်အတူ လိုက်ခဲ့ရသည့် တာဝေးပြိုင်ပွဲတစ်ခုကို မှတ်မိနေပါသေးသည်။ ထိုအချိန်တွင်မှ ကျွန်တော်သည် အဖေ့ထက် နှင်းလွှာလျှောစီးရာတွင် သာသူဖြစ်ကြောင်း သိလိုက်ရပါသည်။ ထိုအချိန်သည် အဖေ တကယ်ပင် အိုမင်းမစွမ်း ဖြစ်သွားကြောင်း ကျွန်တော် အသိအမှတ်ပြုမိသည့် ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။ ထို့နောက်တွင်ကား ကျွန်တော်သည် ဆယ်ကျော်သက်အရွယ်ကို လွန်ခဲ့သလို အဖေ့ကိုလည်း အိုကြီး အိုမတစ်ဦးအဖြစ် နောက်ပိုင်းတွင် ချန်ထားခဲ့ပြီး ဖြစ်ကြောင်း မိမိဘာသာ သိလာရပါသည်။

ဤသို့ဖြင့် နောက်ထပ် ၁၀ နှစ် ရောက်လာကာ ကျွန်တော်လည်း အိမ်မှ ခွာရန် စတင် ကြိုးပမ်းပါတော့သည်။ ကျွန်တော်တို့သည် အော့စလို (Oslo) မြို့တွင် နေသည်ဖြစ်ရာ အိမ်မှနေ၍ တက္ကသိုလ်ကျောင်းသို့ တက်ရန်အတွက် ကျောင်းစရိတ်များစွာ သက်သာသွားပါသည်။ ကျွန်တော်သည် အမေရိကန်ပြည်ထောင်စုတွင် စာသင်သည့် တစ်နှစ်နှင့် တရွန်ဒိမ်း (Trondheim) တက္ကသိုလ်တွင် စာသင်သည့် ခြောက်လမှ လွဲလျှင် အသက် ၂၅ နှစ် ရောက်သည်အထိ မိဘများအိမ်တွင် နေထိုင်ခဲ့ပါသည်။



မိဘအိမ်က ခွာရမည့်ကိစ္စမှာ သိပ်တွက်ခြေမကိုက်လှဟု ကျွန်တော်ထင်မိသည်။ ထို့ကြောင့် မိဘအိမ်ကို တော်လှန်၍ ကိုယ်ပိုင်လွတ်လပ်ခွင့် ရယူရန်အတွက် ကျွန်တော်အချိန်အတန်ကြာ စဉ်းစားရပါသည်။ သတိလည်းကြီးစွာထားရပါသည်။ ကျွန်တော့် အစ်မသည် အစောကြီးထဲကပင် အိမ်ခွဲဆင်းသွားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် သူမ၏ အကောင်းအဆိုးတို့ကို ဝေဖန်စရာ မလိုတော့။ ကျွန်တော်ကမူ မိဘအိမ်လည်းနေသေး၊ ချစ်သူနှင့် အပြင် (Date) ထွက်၍ ညဥ့်နက်သန်းခေါင်မှလည်း ပြန်လာတတ်သေးရာ မိဘတို့က သိပ်အမြင်မကြည်လင်သည်မှာ မဆန်းလှပါ။ အထူးသဖြင့် ကျွန်တော်သည် မိန်းကလေးသူငယ်ချင်းတစ်ဦးတလေကို ညဥ့်အိပ်ညဥ့်နေ အိမ်ခေါ်လာသည့်အတွက်မူ ရှေးရိုးဆန်သော မိဘနှစ်ပါးက လုံးဝကြည့်မရပါ။ လက်လည်း မခံချင်ကြပါ။ မိဘအိမ်တွင်း ချမှတ်ထားသည့်ဥပဒေများကို ကျွန်တော်စတင်ချိုးဖောက်သည်မှာ အသက် ၂၀ အရွယ်ခန့်ကဟု ထင်ပါသည်။ တကယ်ဆိုတော့ ကျွန်တော့် မိဘနှစ်ပါးသည် မယုံကြည်နိုင်လောက်အောင်ပင် သားသမီးများအပေါ် အထိန်းအအုပ်ကောင်းသူများ ဖြစ်ကြပါသည်။ အမေကဆူလိုက်၊ အော်လိုက် 'ငါ သေပါတော့ဟယ်' ဟု ရင်ထုပြလိုက်၊ 'ငါကိုက ကံဆိုးလှပါတယ်' ဟု မျက်ရည်လေး စမ်းစမ်းလုပ်ပြလိုက်ဖြင့် ကျွန်တော်တို့တစ်တွေ သူ့စကားကို နားထောင်လိုက်နာအောင် ကြိုးပမ်းတတ်သည်။ အဖေကမူ မျက်နှာထားခပ်တည်တည်ဖြင့် ပိုမို တည်ငြိမ်သည့်အသွင်ကိုဆောင်ကာ သူချမှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာအောင် ပြုလုပ်တတ်သည်။ အဖေနှင့် ကျွန်တော်တို့ သဘောကွဲလွဲ၍ အပြင်းအထန်

ငြင်းခုံကြသည့်အခါတိုင်း အဖေသည် အမေ့ကို ရှေ့တန်း စစ်မျက်နှာသို့ တွန်းပို့တတ်သည်။ "မင်း အခန်းထဲက စကားသံတွေကို တတွတ်တွတ် ကြားနေရလို့ မင်းအမေဖြင့် တစ်ညလုံး အိပ်မပျော်ရှာဘူး။ အခုလည်း စိတ်ညစ်ပြီး ခေါင်းတွေ ကိုက်နေတယ်" ဟု အဖေက ဆွပေးတတ်ပါသည်။ ကျွန်တော်၏ မသိစိတ်က အဖေ၏ ယင်းကဲ့သို့သော 'ပဋိပက္ခရှောင်ရှားလိုစိတ်' ကို အမွေဆက်ခံ ရရှိခဲ့ပုံ ပေါ်ပါသည်။ ကျွန်တော် ကိုယ်၌လည်း ပဋိပက္ခကို ရှောင်ရှားလိုစိတ်နှင့် တိတ်တဆိတ် အသာစီးရလိုစိတ်တို့ရှိကြောင်း အသက်ကြီးလာသောအခါ ကိုယ့်ဘာသာကိုယ် ရိပ်စားမိလာပါသည်။

သို့သော် အဖေသည် 'အလုပ်ကမ္ဘာ' သို့ ကျွန်တော့်အား ဆွဲဆောင်ရာတွင်မူ အပြုသဘောထားတို့နှင့်သာ မိတ်ဖွဲ့ပေးခဲ့ပါသည်။ ကျွန်တော့်အား ပညာပိုင်းဆိုင်ရာ လုပ်ငန်းတွင် စိတ်ဝင်စားလာအောင်လည်း သူပင် ဆော်ဩခဲ့ခြင်း ဖြစ်ပါသည်။ အဖေကိုယ်တိုင်လည်း ဥယျာဉ်ခြံမြေတွင် လုပ်ကိုင်ရခြင်းထက် စာအုပ်စာတမ်းများ ကြားတွင် လုပ်ရသော ပညာပိုင်းဆိုင်ရာ အလုပ်မျိုးကိုသာ သဘောကျ နှစ်ခြိုက်သူ ဖြစ်ပါသည်။ တစ်ခါက အဖေသည် ပညာသင်ခွင့် ရက်ရှည်ဖြင့် ဂျာမနီသို့ သွားရောက်ရာ ကျွန်တော်သည်လည်း ဒေသန္တရဗဟုသုတ အလို့ငှာ အဖေနှင့် လိုက်ပါသွားခဲ့သည်။ ထိုအချိန်က ကျွန်တော်သည် အသက် ၁၆ နှစ်ခန့် ရှိပြီး ဂျာမန်စကားလည်း အနည်းငယ် တတ်ကျွမ်းပါသည်။ (အဖေသည် အသက် ၅၀ ကျော်မှ သူ၏ ပါရဂူဘွဲ့ကျမ်းကို ပြုစုတင်ပြကာ ဒေါက်တာဘွဲ့ ရခဲ့ခြင်း ဖြစ်ပါသည်။) အထက်တန်းကျောင်းတွင် ကျွန်တော် နောက်ဆုံးနှစ်သင်တန်း တက်နေသည့် ဆောင်းတွင်းကာလ တစ်ခုကိုမူ ကောင်းစွာ မှတ်မိနေပါသည်။ အမေနှင့် အခြားမိသားစုဝင်တို့ တစ်နေရာသို့ သွားကြသဖြင့် ကျွန်တော်နှင့် အဖေတို့ နှစ်ဦးသား အိမ်တွင် ကျန်ရစ်ပါသည်။ အဖေနှင့် ကျွန်တော်တို့



သည် နံနက်တိုင်း စောစောထကာ တက္ကသိုလ်စာကြည့်တိုက်သို့ သွားပြီး တစ်နေကုန် စာပေလေ့လာကြပါသည်။ အဖေက သူ၏ ပါရဂူဘွဲ့ယူ စာတမ်းပြုစုရေးအတွက် အချက်အလက်များ ရှာဖွေဖတ်ရှုခြင်းဖြစ်ပြီး ကျွန်တော်ကမူ အထက်တန်းကျောင်း နောက်ဆုံးနှစ် အတန်းတင်စာမေးပွဲကြီးအတွက် စာဖတ်ခြင်း ဖြစ်ပါသည်။ ထိုစဉ်ကမူ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် တကယ့်သုတေသီပညာရှင်ကြီးသဖွယ် ဘဝမြင့် သွေးကြီးနေမိပါသေးသည်။ ဤသို့ဖြင့် ကျွန်တော်သည်လည်း ပညာရေးလောကထဲသို့ ရောက်လာရသည်ဟု ထင်မိပါသည်။

ကျွန်တော် အသက် ၂၅ နှစ်အရွယ် ကျွန်တော်၏ ကျောင်းနေဖက် သူငယ်ချင်းမလေးနှင့် ရုံးတက် လက်ထပ်လိုက်သောအခါတွင်ကား ကျွန်တော့်အဖို့ အိမ်ခွဲဆင်းဖို့ အခြေအနေ ဖြစ်ပေါ်လာပါတော့သည်။ ထိုအချိန်တွင် အဖေနှင့် ကျွန်တော်တို့အကြား 'ခပ်စိမ်းစိမ်း ခပ်တန်းတန်း' ဆက်ဆံမှုသာ ရှိပါတော့သည်။ ကျွန်တော်တို့ဇနီးမောင်နှံသည် မြောက်စွန်ဖျားဒေသတွင် အနေများသည်။ ကျွန်တော်၏ နိုင်ငံရေး အယူအဆသည်လည်း မိဘနှစ်ပါး၏ အယူအဆတို့နှင့် များစွာခြားနားခဲ့ပြီ ဖြစ်သည်။ ကျွန်တော် ငယ်စဉ်ကမူ မိဘနှစ်ပါး၏ အရိပ်အာဝါသအောက်ဝယ် ရှေးရိုးဘူဇွာစနစ်အတိုင်း နေထိုင်ခဲ့ရပါသည်။ ယခု ကျွန်တော့် မိသားစုအသစ်၏ ဘဝဟန်မှာမူ အဖေ၊ အမေတို့၏ ရှေးရိုးပုံစံနှင့် လုံးဝ မတူတော့။ နှစ်ပေါင်းများစွာ ကန့်လန့်ကာ ခြားခဲ့ပေပြီ။ သို့သော် ကျွန်တော့် သမီးလေး မွေးလာသည့်အခါ၌မူ အဖေသည် လွန်စွာပျော်ရွှင်သွားပုံရပါသည်။ အဖေသည် သူ့ မြေးမလေးကို လွန်စွာချစ်ပြီး ချီပိုး ယုယ ချော့မြှူကစား ပျော်ရွှင်နေသည်ကို မြင်ရသည့်အခါ ကျွန်တော် အလွန်စိတ်ကြည်နူးမိပါသည်။

ထိုအချိန်က အမှတ်ရစရာ အဖြစ်အပျက်ကလေးတစ်ခု ရှိခဲ့ပါသည်။ အမေသည် ကားမတော်တဆမှုဖြစ်ကာ ဆေးရုံတွင် လေးလကြာမျှ နေလိုက်ရပါသည်။ ထိုလေးလအတွင်း အဖေသည် လွန်စွာ အိုစာသွားကြောင်း တွေ့ရပါသည်။ ထိုသတင်းကို ကြားရ၍ ကျွန်တော်သည် မိဘများရှိရာ တောင်ပိုင်းသို့ လာခဲ့ပါသည်။ အဖေသည် ကျွန်တော့်ကို ဘူတာရုံတွင် လာကြိုပါသည်။ အဖေ့ကို တွေ့ရသည်မှာ စိတ်ထောင်း၍ကိုယ်ကြေ ဖြစ်နေပုံရပါသည်။ အဖေ ဤမျှ စိတ်ဓာတ်ကျနေသည်ကို ကျွန်တော်တစ်ခါမျှ မမြင်ခဲ့ဘူးပါ။ အဖေနှင့်အတူ အိမ်သို့ လိုက်သွားသောအခါတွင်မှ အဖေသည် အမေ မရှိသည့်အခါ ဘာမျှမလုပ်တတ်တော့ကြောင်း တွေ့ရပါသည်။ လွန်စွာ ရှင်သန်တက်ကြွ၍ အများသူငါ၏ ရိုသေလေးစားခြင်းကို ခံရသော ပညာရှင်ကြီးသည် အစစအရာရာ အမေ့အပေါ်တွင်သာ မှီခိုနေရရှာပါတကားဟု ထိုအခါတွင်မှ ကျွန်တော်သဘောပေါက်ပါတော့သည်။ မှီခိုသည်ဆိုရာ၌ ရုပ်ပိုင်းရော၊ စိတ်ပိုင်းတွင်ပါ မှီခိုနေရခြင်း ဖြစ်သည်ဟု ဆိုချင်ပါသည်။

အမေကား မတော်တဆဖြစ်မှုကြောင့် ဆေးရုံတက်ပြီးနောက်တစ်နှစ်အကြာတွင် ကျွန်တော်သည် ဇနီးသည်နှင့် ကွာရှင်းပြတ်စဲကာ မိဘများရှိရာ တောင်ပိုင်းသို့ ဆင်းလာခဲ့ပါသည်။ အိမ်ထောင်ပြိုကွဲမှုနှင့် ပတ်သက်၍ မိဘနှစ်ပါးက လိုလား နှစ်သက်ဟန်မပြပါ။ ကျွန်တော့်အခြေအနေကို သူတို့ကောင်းစွာမသိ၍ ကျွန်တော့်ကိစ္စတွင်လည်း ဝင်ရောက်စွက်ဖက် ပြောဆိုလိုဟန်မတူပါ။ ဘာ့ကြောင့် ကွာရှင်းရသည်။ ကျွန်တော် ဘယ်လို အကူအညီမျိုး လိုနေသည်ကိုမူ သူတို့ စိတ်မဝင်စားကြပါ။ သူတို့ သိချင်သည်မှာ (ကျွန်တော့် အမြင်အရ) ဘာမဟုတ်သည့် အသေးအဖွဲ ကိစ္စလေးတွေကို ပုံကြီးချဲ့သိလိုခြင်းသာဖြစ်ပါသည်။ အမေကား မတော်တဆမှု ဖြစ်ပြီး လေး ငါးနှစ်အကြာတွင် အဖေ ကင်ဆာရောဂါ



ရပါတော့သည်။ အဖေ့ရောဂါ တစ်နေ့တခြား ဆိုးဝါးလာသည်နှင့် အမျှ ကျွန်တော်ရောအမေပါ်တို့ပါ အလွန်တရာ စိတ်ဆင်းရဲ ရပါသည်။ အဖေသည် ဝေဒနာ ပြင်းထန်လွန်း၍ ဘာ အသိ၊ ဘာ ခံစားမှုမှ မရှိရှာတော့။ သေမင်းနှင့်တစ်နေ့တခြား နီးကပ်လာသည်ကိုလည်း အမှုမထားနိုင်ရှာတော့။ ဤသို့ဖြင့် တစ်နှစ်ခွဲခန့်အကြာတွင် ကျွန်တော့်အဖေကြီး ကင်ဆာရောဂါဖြင့် ကွယ်လွန်ပါသည်။

ဖခင် မကွယ်လွန်မီ အချိန်ကလေးက ကျွန်တော်သည် စိတ်ပညာရှင်တစ်ယောက်ထံ ပြနေရပါသည်။ အထူးသဖြင့် အိမ်ထောင်ပြိုကွဲမှု၏ အကျိုးဆက်အဖြစ် ကျွန်တော်မည်ရွေ့မည်မျှ စိတ်ထိခိုက်ခံစားရကြောင်းကို စနစ်တကျသိလို၍တစ်ကြောင်း၊ ကျွန်တော့်ဘဝ၏ မည်သည့် အစိတ်အပိုင်းသည် ကျွန်တော်ကိုယ်ပိုင်ဖြစ်၍ မည်သည့် အစိတ်အပိုင်းသည် ဖခင်၏ အမွေဖြစ်သည်ကို သိလို၍ တစ်ကြောင်းတို့ကြောင့် စိတ်ပညာရှင်ထံ ပြသတိုင်ပင် ဆွေးနွေးရခြင်း ဖြစ်ပါသည်။ ဤအချိန်ကား အဖေနှင့် ကျွန်တော်တို့၏ ဆက်နွှယ်မှု နောက်ဆုံး နှစ် ၂၀ ကာလ အပိုင်းအခြားပါတည်း။

ဤကာလအပိုင်းအခြားတွင် ကျွန်တော့်အဖို့ ဒေါသထွက်ခြင်း၊ ပြန်လည် သင့်မြတ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ကျေးဇူးတင်ဝမ်းမြောက်ခြင်း စသည့်ခံစားမှုတို့နှင့် ပြည့်ဝလျက် ရှိပါသည်။ အဖေ ကွယ်လွန်ခြင်း၏ အကျိုးဆက်ဖြစ်သော ဆုံးရှုံးမှု၊ ဝမ်းနည်း ကြေကွဲမှု၏ ဒဏ်ကို ခံနိုင်ရန် အချိန်အတန်ကြာ ယူရပါသည်။ အထူးသဖြင့် အဖေနှင့် ဆက်စပ်သည့် ကျွန်တော်၏ ဒေါသဖြစ်မှုတို့ကို ခံစားနားလည်နိုင်ရန်အတွက် အချိန်ယူရရုံမက သတ္တိပါ မွေးရပါသေးသည်။ အဖေသည် ကျွန်တော်နှင့် လက်ပွန်းတတီး မနေခဲ့သည့်အတွက် ကျွန်တော့်စိတ်ထဲမှာ သူနှင့် အလှမ်းကွာ အနေဝေးသလို ခံစားရသည်။ ထို့ကြောင့် သူ ကွယ်လွန်သည့်အခါ ဝမ်းနည်းကြေကွဲမှုသည်လည်း ရုတ်ခြည်း ဖြစ်ပေါ်မလာဘဲ တစိမ့်စိမ့် တဖြည်း

ဖြည်းသာ ဖြစ်ပေါ်လာပါသည်။ ဝမ်းနည်းရာမှတစ်ဆင့် အဖေ့ကို တမ်းတသည့်စိတ် ဖြစ်ပေါ်လာပါသည်။ နောက်ဆုံးတွင် မိတ်ဆွေကောင်းတစ်ယောက်၏ အကူအညီဖြင့် အဖေ ကျွန်တော်တို့အပေါ် ဘယ်လို ချစ်ခင်ခဲ့ပုံ၊ အကောင်းမြင်ခဲ့ပုံ၊ ပွဲပြင်ဆုံးမ စံနမူနာပြခဲ့ပုံတို့ကို တရေးရေးပြန်လည် မြင်ယောင်မိပါတော့သည်။ ဤတွင်မှ အဖေ၏ ကောင်းမြတ်သည့် အရည်အချင်းများ အားလုံးကို ခံစားနားလည်မိပါသည်။ ယင်း နားလည်မှုနှင့်အတူ "ငါ့အပေါ် ခပ်စိမ်းစိမ်း၊ ခပ်ခွာခွာ နေရက်လေခြင်း" ဟူသော အာဃာတစိတ်ထားလည်း လွင့်ပါးပျောက်ကွယ်သွားခဲ့ပါသည်။ ယင်း လွင့်ပါး ပျောက်ကွယ်မှု နောက်ပိုင်းတွင် စိတ်၏ ပြေရာပြေကြောင်း ခံစားမှု ဖြစ်ပေါ်လာခဲ့ပါသည်။

ယင်းကဲ့သို့ စိတ်၏ ပြေရာပြေကြောင်း အတွေ့အကြုံရပြီးသည့် အခါတွင်မှ ကျွန်တော်ကိုယ်တိုင် လူလားမြောက်သည့် ခံစားမှုနှင့် ဖခင်ဘဝ ခံစားမှုတို့ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာပါသည်။ ယနေ့အချိန်တွင်မူ ကျွန်တော်သည် ဖခင်အကြောင်းကို စဉ်းစားလိုက်တိုင်း 'ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်တစ်ဦး' အဖြစ် စဉ်းစားတတ်လာပြီး အဖေနှင့်ကျွန်တော်တို့အကြား ခြားနားကွာဟမှုကိုလည်း အရှိအတိုင်း မြင်တတ်လာပါပြီ။ ယင်းသို့ စိတ်ဓာတ်ခံချင်းမတူညီသည့်အတွက် ခပ်စိမ်းစိမ်းအနေအထားတွင် ရှိခဲ့ရသည်ကိုလည်း နားလည်သဘောပေါက်ခဲ့ပါပြီ။ အဖေနှင့် ကျွန်တော်တို့အကြား ကွာဟမှု၊ ခြားနားမှု၊ သဘောထား မကိုက်ညီမှုတို့ကိုလည်း ယောနိသောမနသိကာရဖြင့် အသင့်အတင့်နှလုံးသွင်းတတ်လာပါပြီ။

မကြာခဏဆိုသလို ကျွန်တော်သည် ဖခင် အလုပ် လုပ်ခဲ့သည့် တက္ကသိုလ်သို့ အစည်းအဝေးတက်ရန် သွားခဲ့သည်။ ကျွန်တော်တို့ အစည်းအဝေးလုပ်သည့် ခန်းမထဲရှိ နံရံတစ်ဖက်ပေါ်တွင် ပါရဂူဘွဲ့ ဝတ်စုံဖြင့် ခံ့ညားနေသော ကျွန်တော့် ဖခင်၏ ဆီဆေး



ပုံတူပန်းချီကား တစ်ချပ်ကို ချိတ်ဆွဲထားသည်။ ပန်းချီကားထဲမှ အဖေ့သွင်ပြင်သည် ကြင်နာသနားတတ်သလောက် ဘာသိ ဘာသာ နေတတ်သည့်အသွင်ကို ဆောင်နေပါသည်။ ဤသည်ပင် ဖခင်ကြီး၏ စရိုက်အမှန် ဖြစ်ပါသည်။ မကြာခဏ ဆိုသလို အဖေသည် ကျွန်တော့်ကို ငုံ့ကြည့်နေသည်ဟု ခံစားရသည်။ သို့သော် ယခုအချိန်တွင် အဖေသည် ကျွန်တော့်ကို လွတ်လပ်စွာ (ကြိုက်သလို) လုပ်စေတော့ဟုသဘောထားသည့်ပုံ ပေါ်နေပါသည်။ ရုတ်တရက် ဆိုသလို သူ့ကို ကျွန်တော် ပြန်မော့ကြည့်လိုက်သည်။ ကျွန်တော့် မျက်နှာပေါ်တွင် ရှိမြဲဖြစ်သည့် မထီတရီ မာနဟန်ကလေး ပေါ်နေမည်ထင်သည်။ တစ်ချိန်တည်းမှာပင် အရွယ်ရင့်ကျက်ပြီဖြစ်သော သားက အဖေ့အပေါ်ထားရှိသည့် တန်းတူရည်တူ ခံစားစိတ်မျိုးလည်း ပေါ်ကောင်း ပေါ်နေမည်ထင်သည်။ ထို့ကြောင့် ကျွန်တော်သည် ကွယ်လွန်သူ ဖခင်ကြီး၏ ပုံတူပန်းချီကားကို မော့ကြည့်ကာ "နောက်ဆုံးတော့လည်း သူငယ်ချင်းတွေလိုပါပဲလားအဖေရယ်" ဟု စိတ်ထဲက တိုးတိုးကလေး ရေရွတ်နေမိပါသတည်း။

## ဘာဂါး ဂျေ ဟာရိုက်ဒ်

**Berger J. Hareide**

ဘာဂါ ဂျေ ဟာရိုက်ဒ် (Berger J. Hareide) သည် ကောလိပ်ကျောင်းသူအရွယ်သမီးရင်းတစ်ယောက်၏ ဖခင်ဖြစ်သလို အခြားသမီးတစ်ဦး၏ ပထွေးလည်းဖြစ်သည်။ နော်ဝေနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုအိမ်ထောင်ရေးနှင့် မိသားစုလေ့လာရေးဗဟိုဌာန၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည်။ သူသည်ပညာရှင်တစ်ဦး၊ စာရေးဆရာတစ်ဦး၊ ကိုယ်ကျင့်တရားပညာရှင်တစ်ဦးဖြစ်သည့်အပြင်ခရစ်ယာန်ဘာသာလှုပ်ရှားမှုခေါင်းဆောင်တစ်ယောက်အဖြစ် နိုင်ငံတကာ အသိအမှတ်ပြုခြင်းခံရသူတစ်ဦး ဖြစ်သည်။

■

## ကျွန်မတို့ဖေဖေ. . . ပါပါ

ကျွန်မသည် ကျောက်မီးသွေးတွင်း လုပ်သားကြီးတစ်ဦး၏ သားသမီး ၁၀ ယောက်အနက်တစ်ဦး ဖြစ်ပါသည်။ ကျွန်မ၏ အမေသည် အချိန်ပြည့် အိမ်ထောင်ရှင်မတစ်ဦး ဖြစ်ပါသည်။ အဖေရော အမေပါ ကျွန်းမာသန်စွမ်းသူများ ဖြစ်ကြသည်။ အဖေသည် စကားနည်းသူ တစ်ယောက်ဖြစ်သည်။ အဖေက ကျွန်မတို့ကို ပွင့်ပွင့်လင်းလင်း ပြောတတ်ရန်နှင့် စိတ်အေးအေး ထားတတ်ရန် သင်ကြားပေးပါသည်။ "ပျော်ပျော်ပါးပါး လမ်းလျှောက်ပါ။ ဒါပေမဲ့ အန္တရာယ်ကို ကာကွယ်ဖို့အတွက်တော့ တုတ်ကြီးကြီးတစ်ချောင်း ဆောင်ထားပါ" ဆိုသည့်သဘောမျိုး အဖေက သင်ပေးတတ်ပါသည်။ အဖေသည် ကျွန်မတို့ မောင်နှမတစ်တွေအား အမြဲတမ်း ပြုံးရွှင်စွာ နေရန်နှင့် အပြုသဘောထားမျိုး ရှိတတ်ရန်လည်း သင်ကြားပေးပါသည်။ အဆိုးဝါးဆုံးသော အခြေအနေတို့ကိုပင် အပြုံးနှင့် ရင်ဆိုင်တတ်ရန်နှင့် အယုတ် အလတ် အမြတ်မရွေး အားလုံးအပေါ် မေတ္တာ ထားတတ်ရန်လည်း အဖေက သင်ကြားပေးပါသည်။

ကျွန်မတို့ မိသားစုတွင် သား သုံးယောက် ပါဝင်ရာ ယင်းတို့အနက် နှစ်ယောက်မှာ မယားပါသားများဖြစ်သည်ကိုမူ အရင်းနှီးဆုံးသော ဆွေမျိုးရင်းချာ အချို့သာ သိကြပါသည်။ အဘယ့်ကြောင့်



ပါနည်း။ ထို သား သုံးဦးလုံးကို ဖခင်ကြီးက သူ့ သားအရင်းများအဖြစ် သတ်မှတ်ကာ ချစ်ခင်ပြုမူ လက်ခံသောကြောင့် ဖြစ်ပါသည်။ ကျွန်မ အစ်ကိုတစ်ယောက်၏ သား ဆိုလျှင် ယင်းကိစ္စကို ကျွန်မတို့ ဖခင်ကြီး ကွယ်လွန်သည့် ၁၉၉၄ ခုနှစ်ကမှ ရိပ်မိသွားပါသည်။ ထိုပုဂ္ဂိုလ်သည် ကျွန်မတို့ အဖေ၏ မြေးဖြစ်ရာ ရုပ်ရည်သွင်ပြင်ရော ဟန်ပန်လေသံတို့မှာ အဖေနှင့် လွန်စွာ တူပါသည်။ အဖေကလည်း ထိုမြေးကို ချစ်ရှာပါသည်။ ထိုကလေးသည် အနောက်ပိုင်းတွင် လက်ထပ်ပွဲကျင်းပရာ ဖခင်ကြီးသည် ပထမဦးဆုံးအကြိမ် လေယာဉ်ပျံစီး၍ ယင်းလက်ထပ်ပွဲသို့ တက်ရောက် ချီးမြှင့် အားပေးခဲ့ပါသည်။ ကျွန်မတို့ အဖေသည် သား သုံးယောက်လုံးကို ညီတူ ညီမျှ ချစ်ပါသည်။ ထို သား သုံးယောက်လုံးကို သူ့သားရင်းများပမာ သဘောထား၍ ရယ်ရယ်မောမော ပြောပြောဆိုဆို ချစ်ချစ်ခင်ခင် နေထိုင်ကာ ဆူစရာ ပူစရာ၊ သင်ခန်းစာပေးစရာ ရှိလျှင်လည်း သာတူညီမျှပင် ပေးတတ်ပါသည်။ ကျွန်မတို့၏ အိမ်နီးပါးချင်း ကစားဖော်ကလေးများကလည်း "မင်းတို့အဖေဟာ သိပ် သဘောကောင်းတာပဲ။ သူဟာ တို့တစ်တွေ အားလုံးကို သူ့ သားသမီး အရင်းတွေလိုပဲ ချစ်တယ်" ဟု ပြောဖူးပါသည်။ ကျွန်မတို့ အိမ်သည် အိမ်နီးပါးချင်းမှ ကလေးတွေ တရုန်းရုန်းနှင့် အမြဲလိုလို စည်ကားနေတတ်ပါသည်။ ကျွန်မတို့ အဖေကလည်း တပြုံးပြုံးနှင့် "ဒါ ကျွန်တော့် ကလေးတွေလေ" ဟု ဂုဏ်ယူ ပြောကြားတတ်ပါသည်။

ကျွန်မ အဖေကို ကျွန်မက 'ပါပါ' ဟု ခေါ်ပါသည်။ ပါပါ့မျက်နှာသည် အမြဲတမ်း ပြုံးရွှင်နေတတ်ပါသည်။ အခန်း တစ်ခန်းထဲသို့ သူ ဝင်သွားလျှင် ထိုအခန်းသည် သူ့ အပြုံးဖြင့် ဝင်းလက်ကာ သူ့ ရယ်မောသံဖြင့် စိုစိုပြည်ပြည် ဖြစ်သွားတတ်ပါသည်။ သူ့အဖို့ အထူးအထွေ ဘာဘာညာညာ ပြောစရာ မလိုပါ။ တစ်ခါတစ်ရံ ကျွန်မတို့တစ်တွေ ကျောင်းတွင် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သော

ကြောင့် ကျောင်းအုပ်ကြီး ရုံးခန်းသို့ ပါပါ လိုက်လာရတတ်သည်။ ထိုအခါမျိုးတွင်ပင် ပါပါ အပြုံးမပျက်ပါ။ သို့သော် သူ့ စိတ်ထဲတွင် ထိုဖြစ်မှုကို အရေးတကြီး ကိစ္စတစ်ရပ်အဖြစ် အလေးအနက် ခံယူထားတတ်ပါသည်။ အဖေသည် အမြဲတစေ ပြုံးနေတတ်သောကြောင့် အခြားလူကြီးများက အဖေ့ စိတ်ကို ခန့်မှန်းရ ခက်ကောင်းခက်ပါလိမ့်မည်။ ကျွန်မတို့အဖို့မူ အဖေ့အပြုံး၏ နောက်ကွယ်၌ အဖေ ဘယ်ပုံ ခံစားနေရသည်ကို နောကျေအောင် သိပါသည်။ အချို့ပုဂ္ဂိုလ်များသည် မျက်နှာသေများ ရှိကြသည်။ ကျွန်မတို့ ပါပါကမူ မျက်နှာရှင်၊ မျက်နှာရွှင်ဟု ပြောရလောက်အောင်ပင် အပြုံးဖြင့် လင်းလက်နေတတ်သူ ဖြစ်ပါသည်။ ကျွန်မတို့တစ်တွေ အမှန်တရားကို မြတ်နိုးတတ်အောင် သူကိုယ်တိုင်က အပြုအမူဖြင့် ပြသသွန်သင် တတ်ပါသည်။ ကျွန်မတို့ အစ်ကိုကြီးတစ်ယောက် တပ်မှခွင့်ယူကာ အိမ်တွင် ခေတ္တအလည်ရောက်နေသောအချိန်က ဖြစ်ရပ်ကလေးတစ်ခုကို မှတ်မိနေပါသေးသည်။ အချိန်အားဖြင့် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း၊ ၁၉၆၀ ပြည့်အစပိုင်းကာလလောက်တွင် ဖြစ်မည် ထင်ပါသည်။ အစ်ကိုကြီးသည် အစိုးရ အရက်ဆိုင်မှ အရက်တစ်ပုလင်း သွားဝယ်ရာ အရောင်းစာရေးက ကျသင့်ငွေထက် ပိုယူလိုက်သဖြင့် အစ်ကိုကြီးနှင့် စကားများကြပါသည်။ ရန်ပွဲသည် အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်လာရာ ဖခင်ကြီး၏ မိတ်ဆွေတစ်ဦးက ပါပါ့ကို လာခေါ်ပါသည်။ အဖေသည် ကျောက်မီးသွေးတွင်း အလုပ်သမားဝတ်စုံဖြင့်ပင် အရက်ဆိုင်သို့ လိုက်သွားပါသည်။ ထို့နောက် အစ်ကိုကြီးအား စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်ပြီး အရောင်းစာရေးကို "မင်း ပိုယူထားတဲ့ ပိုက်ဆံ သူ့ကို ပြန်ပေးလိုက်" ဟု တစ်ခွန်းတည်း ပြောပါသည်။ အရောင်းစာရေးသည် ကျိုးနွံစွာ သူ ပိုယူထားသောငွေကို ပြန်ပေးပါသည်။ ထိုအခါ အဖေက "ကဲ. . ငါ့သား ပြန်ကြစို့" ဟု တစ်ခွန်းတည်း



ပြောကာ သားအဖနှစ်ယောက် အိမ်သို့ ပြန်လာကြပါသည်။ ယင်းဖြစ်ရပ်တွင် ကျွန်မအဖေသည် အပြုံးတစ်ချက် မပျက်ခဲ့၊ သူ့ လက်နှစ်ဖက်ကိုလည်း အေးဆေးစွာ ဘောင်းဘီအိတ်ထဲ နှိုက်ထားကာ တည်တည်ငြိမ်ငြိမ် ပြောဆိုခဲ့ခြင်းဖြစ်သည်ဟု နောက်ပိုင်းတွင် ကျွန်မ သတင်းပြန်ကြားရပါသည်။ အဖေသည် လေးစားထိုက်သူများကို အလွန်လေးစားတတ်သူဖြစ်ရာ သူ့ အမူအရာ၊ ဟန်ပန်လေသံကိုလည်း လူအတော်များများက လေးစားကြပါသည်။ "အရိုအသေဆိုတာ ထိုက်တန်တဲ့ လူမှသာရတတ်ပါတယ်၊ အလွယ်တကူရတာ မဟုတ်ပါဘူး" ဟု အမြဲတစေ ကျွန်မတို့ မောင်နှမတစ်တွေကို သွန်သင်ဆုံးမတတ်ပါသည်။ ကျွန်မတို့ အဖေ၏ အပြုအမူ အားလုံးသည် မေတ္တာတရားကို အခြေခံသည့် စိတ်ဓာတ်ကြောင့် ဖြစ်ပေါ်ကြောင်း သိသာပေါ်လွင်လှပါသည်။ ဤကိစ္စအားလုံးသည် အသားအရောင် ခွဲခြားတတ်ပြီး စိတ်လှုပ်ရှားမှုပြင်းထန်သော အမေရိကန်ပြည်ထောင်စု တောင်ပိုင်းတွင်ဖြစ်ခဲ့ရာ အတိမ်အနက်ကို လူကြီးမင်းတို့ ခန့်မှန်းနိုင်ပါလိမ့်မည်။

အဖေက ကျွန်မတို့တစ်တွေကို ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေတတ်ရန်နှင့် နေရာတကာ ရေးကြီးခွင်ကျယ် မလုပ်ရန် သင်ကြားပေးပါသည်။ အဖေ ကိုယ်တိုင်လည်း သူ ရင်ဆိုင်ရသည့် ပြဿနာတို့ကို ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်ဖြင့်သာ ရှင်းခဲ့သူ ဖြစ်ပါသည်။ ဥပမာပြရသော် ကျောက်မီးသွေးတွင်း အလုပ်သမားတို့ သပိတ်မှောက်မည်ပြုသောအခါမျိုးနှင့် အလုပ်သမားအချို့ အလုပ်ဖြုတ်ခံရသည့်အခါမျိုးတွင် အဖေသည် စိတ်တွင်းက လွန်စွာ စိုးရိမ်ပူပန်မိသော်လည်း ပြင်ပ သွင်ပြင်ဟန်ပန်နှင့် အပြုအမူကမူ တည်တည်ငြိမ်ငြိမ်ပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံ အလုပ်ဖြုတ်ခံရမည့် အလုပ်သမားထဲတွင် သူ ပါဝင်နေသည်ကို သိရသည့်တိုင် မျက်ကလဲဆန်ပြာ မဖြစ်ဘဲ မိသားစုကို ထောက်ပံ့နိုင်ရန် အခြားအလုပ်တစ်ခု

ကို ကြိုတင် ရှာဖွေထားတတ်သူ ဖြစ်ပါသည်။ အဖေက ကျွန်မတို့ မောင်နှမတစ်တွေအား ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်လုပ်ခြင်းသည် ဘဝတွင် အောင်မြင်ခြင်း၏ အကြောင်းတရား ဖြစ်ကြောင်း အမြဲသွန်သင် ဆုံးမပါသည်။ အဖေ၏ သားသမီးများ အားလုံးသည် ရိုးသားဖြူစင်သည့် သမာအာဇီဝ အလုပ်များကို အားကြိုးမာန်တက် လုပ်လိုစိတ် အပြည့်ရှိသူများ ဖြစ်လာကြပါသည်။ ယင်း စိတ်သဘောထားကပင် သူတို့ အရွယ်ရောက်လာသောအခါ အသက်မွေးဝမ်းကျောင်းပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာအောင် ဖန်တီးပေးသည်ဟု ကျွန်မ ယုံကြည်မိပါသည်။

ကျွန်မ ပါပါသည် ကွယ်လွန်သည့် နောက်ဆုံးအချိန်အထိ လူတိုင်း၏ဖေဖေ၊ ပါပါအဖြစ် ခံယူရသူ ဖြစ်ပါသည်။ ကျွန်မတို့ အိမ်နီးပါးချင်း မိသားစုဝင်ဖြစ်သည့် ကလေးငယ်များ အားလုံးက ဖေဖေ့ကို 'ဘိုးဘိုးကြီး' ဟု ချစ်ကြည်ရင်းနှီးစွာ ခေါ်ဝေါ်ကြပါသည်။ အဖေသည် နံနက်ပိုင်းတွင် ကျောင်းတက်သွားမည့်ကလေးများကို သူ၏ ကြင်နာတတ်သောမျက်လုံးများဖြင့် ကြည့်ရှုကာ ကားအန္တရာယ်၊ ခွေးအန္တရာယ် စသည်တို့မှ အကာအကွယ် ပေးတတ်ပါသည်။ ညနေ ကျောင်းဆင်း၍ ကလေးများ အိမ်ပြန်လာသောအခါ တွင်လည်းလမ်းတွင် အချင်းချင်း ဆဲရေးဆူညံ ရန်ဖြစ်ခြင်း မရှိစေရန်နှင့် သူတို့ အိမ်သို့ ချောချောမောမော ရောက်ရှိသွားရန် ဖေးမကူညီတတ်ပါသည်။ ဟုတ်ကဲ့၊ ကျွန်မဖေဖေ၊ ကျွန်မ အခေါ် 'ပါပါ' သည် သူ၏ နောက်ဆုံးထွက်သက် ပျောက်သွားသည့် အချိန်အထိ အပြုံးပန်းတဝေဝေနှင့် လူတွေအပေါ် မေတ္တာထားတတ်ခဲ့သူ ဖြစ်ပါသတည်း။



## ဂျိုအင်း မက်ကလင်း

## JoAnne McLinn

ဂျိုအင်း မက်ကလင်း (JoAnne McLinn) သည် အယ်လ်ဘားမား တက္ကသိုလ် (Alabama A & M University) ဘွဲ့လွန် လူမှုဝန်ထမ်း သင်တန်းအစီအစဉ်မှ ပညာရေး ကွင်းဆင်းလေ့လာမှု၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည်။ တူ၊ တူမများ၏ ချစ်ခင်လေးစားခြင်းကိုခံရသော အဒေါ်အပျိုကြီးတစ်ဦးဖြစ်သည်။

■